ငုံဂုဏ်ရည်စာပေတိုက်

# မုဒ္ဒစာဥယျာဉ်

မောင်ဆန္ဒ (လယ်ဝေး)



စာပေဝတ္ထု၊ ရတုကဗျာ
လင်္ကာပန်းမိုး၊ ရွာသွန်းဖြိုးလျက်
အမျိုးဂုဏ်၊ ဇာတိဂုဏ်
စာပေဂုဏ်ကိုမြှင့်တင်မည်။
နိုင်ငံ့ဂုဏ်ရည်စွမ်းဆောင်တည်။

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

# ဗုဒ္ဓစာဥယျာဉ်

---

## မောင်ဆန္ဒ(လယ်ဝေး)

နိုင်ငံ့ဂုဏ်ရည်စာစဉ်(၁)

၂၄၀၁၇


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၄၇၄/၂၀၀၁(၇) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၁၆/၂၀၀၁ (၉) |
| ပထမအကြိမ် | ဒီဇင်ဘာလ ၂၀၀၁ ခုနှစ် |
| အုပ်ရေ | ၂၀၀၀ |
| တန်ဖိုး | |
| မျက်နှာဖုံးပန်းချီ | ကျော်ဖြူစံ |
| မျက်နှာဖုံးကာလာခွဲ | **ALPHA** |
| အတွင်းသရုပ်ဖော် | နီပိုဦး၊ ညီညီ |
| မျက်နှာဖုံးပုံနှိပ် | ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ပြန်ကြားရေးဝန်ကြီးဌာန။ |
| အတွင်းပုံနှိပ် | သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန။ |
| ထုတ်ဝေသူ | ဦးအုန်းမောင်(၅၃၁) စာတည်းမှူးချုပ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် |

### ဖြန့်ချိရေး

**နိုင်ငံ့ဂုဏ်ရည်စာပေတိုက်**
**၅၂၉-၅၃၁၊ ကုန်သည်လမ်း**
**စာပေဗိမာန်အဆောက်အအုံ**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၇၅၃၇၂၊ ၇၂၅၅၇၀**

# မာတိကာ


| | | |
|---|---|---|
| ၁။ | တုနှိုင်းမရတဲ့ မြတ်ဗုဒ္ဓ | ၉ |
| ၂။ | တစ်သာသနာမှာ | ၁၉ |
| ၃။ | ဗုဒ္ဓကယ်ပါ့ဘုရား | ၂၇ |
| ၄။ | ပန်ဆု | ၃၇ |
| ၅။ | တုစ္ဆပေါဋ္ဌိလ | ၄၇ |
| ၆။ | အရိပ် | ၅၉ |
| ၇။ | စိတ်ကောင်းလေးတစ်ခု | ၇၃ |
| ၈။ | တဏှာ့ကျွန် | ၈၅ |
| ၉။ | ဆွမ်းတစ်နပ် | ၉၅ |
| ၁၀။ | ချွေးမအလိမ္မာ | ၁၀၅ |
| ၁၁။ | သဒ္ဓါစံပြဟတ္ထက | ၁၁၇ |
| ၁၂။ | ဧကသာဋက | ၁၂၇ |
| ၁၃။ | ကုဋေလေးဆယ်တန်ဖွဲ့တစ်ဆုပ် | ၁၃၉ |
| ၁၄။ | ကျောင်းကြီးရှင်မ | ၁၅၃ |
| ၁၅။ | အရှုံးမရှိနိုင်သောအမြတ် | ၁၆၁ |
| ၁၆။ | သန္တိသုခ | ၁၆၉ |
| ၁၇။ | သံယောဇဉ် | ၁၇၉ |
| ၁၈။ | နိဂဏ္ဌတို့ကျဆုံးခန်း | ၁၉၃ |
| ၁၉။ | သောကကင်းငြိမ်း ရန်မီးသိမ်းချိန် | ၂၀၅ |
| ၂၀။ | အနန္တတန်ခိုးရှင် | ၂၁၇ |
| ၂၁။ | သာသနာ့အားမာန် | ၂၂၉ |
| ၂၂။ | ဝဋ္ဋိတိုင်းသားတဲ့ဟော့ | ၂၄၃ |

# နိုင်ငံ့ဂုဏ်ရည်၏ မင်္ဂလာစကား

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ"

"သတ္တဝါတို့၏ အကျိုးစီးပွား အလို့ငှာ သဗ္ဗညုတ ဘုရားရှင် ပေါ်ထွန်းလာပေသည်"

ဓမ္မပဒ၊ ပုဏ္ဏသာတိဝတ္ထုတွင် ဤသို့ အဆိုရှိပါ၏။ မှန်လှပါပေသည်။ ဂေါတမဘုရားအလောင်းတော်သည် သံသရာတွင် မျောပါကျင်လည်နေကြကုန်သော သတ္တဝါတို့ကို ကယ်တင်လို၍ သုမေဓာ ရှင်ရသေ့ဘဝက ဘုရားဆုပန်ခဲ့သည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သည်။ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့ညဉ့်တွင် သဗ္ဗညုတ ရွှေဉာဏ်တော်ရခဲ့သည်။ သဟမ္ပတိပြဟ္မာကြီးက ပန်ကြားလျှောက်ထားသဖြင့် ဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီငါးဦးအား အဦးဆုံးတရားဖြစ်သော ဓမ္မစကြာကိုဟောတော်မူခဲ့သည်။

ဘုရားရှင်သည် ဘုရားဖြစ်တော်မူချိန်မှ ပရိနိဗ္ဗာန်စံတော်မူချိန်အထိ ၄၅ ဝါကာလပတ်လုံး မဂဓတိုင်း၊ ကောသလတိုင်း၊ ဝဇ္ဇီတိုင်းစသည်ဖြင့် မဇ္ဈိမဒေသရှိ တိုင်းကြီး(၁၆)တိုင်းကို ဒေသစာရီကြွချီတော်မူခဲ့သည်။

ဝါတွင်းကာလတွင် ဇေတဝန်ကျောင်းတော်၊ ဝေဠုဝန်ကျောင်းတော်၊ နိဂြောဓာရုံကျောင်းတော်၊ ပုဗ္ဗာရုံကျောင်းတော် စသည်တို့တွင် အလျဉ်းသင့်သလို သီတင်းသုံးလျက် ဓမ္မရတနာ မြတ်ချမ်းသာကို ဟောကြားညွှန်ပြ ဆုံးမတော်မူခဲ့သည်။ ဤတရားတို့သည်ကား ပိဋကသုံးပုံဟူသည့် သုတ်သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော တရားတော်တို့ကို ယနေ့ထက်တိုင် တည်တံ့ ခိုင်မြဲနေရအောင် သံဃာတော်များကအဆင့်ဆင့် ထိန်းသိမ်း စောင့်ရှောက်ခဲ့သည်။ ရှေးအခါက နှုတ်ဖြင့် အာဂုံရွတ်ဆိုပူဇော်ခဲ့သည်။ ကာလရှင့်ညောင်း လာသောအခါ သာသနာတော် မတိမ်ကော၊ မပပျောက်စိမ့်သောငှာ ပေထက်အက္ခရာ၊ ကျောက်ထက်အက္ခရာတင်၍ ထိန်းသိမ်းခဲ့ကြသည်။ နောက်ပိုင်းတွင်မူကား ကျမ်းစာအုပ်များအဖြစ် ပေါ်ထွက်ခဲ့ပေသည်။

သာသနာတော်သမိုင်းတွင် အထင်ကရရှိသော ကျမ်းစာ အမြောက်အမြားတွင် ဓမ္မပဒသည်လည်း အပါအဝင် ဖြစ်ပါသည်။

**ဓမ္မ-တရား၊ ပဒ-အခြေခံ၊ ဓမ္မပဒ-အခြေခံတရားလမ်းကြောင်းအစု**ဟု အဓိပ္ပာယ်ရသော ဤကျမ်းကို အရှင်ဗုဒ္ဓဃောသမထေရ်မြတ်က ပါဠိဘာသာသို့ ပြန်ဆိုခဲ့ကြောင်း မှတ်သားဖူးပါသည်။ ဘုရားရှင်ကိုယ်တော်တိုင် ၄၅ ဝါကာလပတ်လုံး ကြုံတွေ့တော်မူခဲ့ရပြီး ကိုယ်တော်တိုင် ချေချွတ်ဆုံးမ နိဗ္ဗာန်လမ်းပြခဲ့သော ဖြစ်ရပ်သာဓကများသည် ဓမ္မပဒတွင် ထင်ဟပ်ပါသည်။

ဓမ္မပဒတွင်ပါရှိသော ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ကိသာဂေါတမီ၊ ပဋာစာရီ၊ ခေမာမိဖုရား အစရှိသူတို့သည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က မဇ္ဈိမဒေသတွင် အမှန်ပင်အသက် ထင်ရှားရှိခဲ့သူများ ဖြစ်ကြသည်။ မြတ်ဗုဒ္ဓ၏အဆုံးအမတော်ကို နာယူ၍ အမှန်ပင်ကျွတ်တန်းဝင်ခဲ့ကြသည်။ ဤအကြောင်းအရာတို့ကို စာပေဟန်၊ စာပေပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့ကြပေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က ဆရာကြီးငွေဥဒေါင်း ရေးသားပြုစုသည့် ဗုဒ္ဓစာပန်းချီသည် ဓမ္မပဒ၊ ဗုဒ္ဓဝံသ၊ နိကာယ၊ ဝိနယစသော ထိုထိုကျမ်းဂန်တို့မှ ဖြစ်ရပ်မှန်များကို မူတည်ကာ ဝတ္ထုဇာတ်ကြောင်းသဖွယ် ရေးဖွဲ့ထားခြင်းဖြစ်ကြောင်း ဆရာကြီးကိုယ်တိုင်ရှင်းလင်းရေးသားခဲ့သည်ကို ဖတ်ရှုခဲ့ရဖူးပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က အဖြစ်အပျက်ကို မျက်စိထဲ ကွင်းကွင်းကွက်ကွက် ထင်လာ၊ မြင်လာအောင် သရုပ်ဖော်ကာ စာပန်းချီခြယ်သထားခြင်း

ဖြစ်ပါသည်။နှစ်လိုကြည်ညိုဖွယ်ရှိ၍ ဗုဒ္ဓစာပန်းချီဟု ခေါ်ထိုက်ပါပေသည်။ ဓမ္မ၏အလှ၊ ဓမ္မ၏ရသကို စာပန်းချီခြယ်သထားသည်ဖြစ်၍ ဖတ်ရှု၍ အလွန်ကောင်းပါသည်။ စာကိုဖတ်ရင်း ဓမ္မရသ မြင်လာ၊ ထင်လာကာ သံဝေဂရလာပါသည်။

ဆရာကြီးငွေဥဒေါင်းကွယ်လွန်ပြီးနောက် ဗုဒ္ဓစာပန်းချီဝတ္ထုများကို အသစ်ထပ်မံ မဖတ်ရှုရတော့ပါ။

ဤတွင် ဗုဒ္ဓစာပေကို အစဉ်ရှင်သန်ပြန့်ပွားစေလိုသော **"နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း"**သည်ဗုဒ္ဓစာပန်းချီနှင့် နီးစပ်ဆက်စပ်သော **"ဗုဒ္ဓစာဥယျာဉ်"**ဟူသည့် ကဏ္ဍတစ်ရပ်ကိုဖွင့်လှစ်ခဲ့ပါသည်။

**ဗုဒ္ဓစာဥယျာဉ်ဟူသည်-**

**ဗုဒ္ဓ-ဘုရား၊ စာ-တရားဓမ္မနှင့်ဆိုင်သောအက္ခရာမှတ်တမ်း၊ ဥယျာဉ်-သစ်သီးပန်းမန်တို့ ဝေဝေဆာဆာ ပေါက်ရောက်နေသည့် အခင်းအကျင်းဟူ၍ အဓိပ္ပာယ်ဆောင်ယူခဲ့ပါသည်။**

ဥယျာဉ်ထဲတွင် ရောင်စုံပန်းတို့ ဖူးပွင့်နေကြသည်။ အလှမျိုးစုံ တင့်ဆန်းနေကြသည်။ ပန်းရနံ့တို့ သင်းပျံ့မွှေးကြိုင်နေကြသည်။ စံပယ်၊ နှင်းဆီ၊ ခတ္တာ၊သော်က၊ ယင်းမာစသော မွှေးပျံ့သင်းကြိုင်သည့် ပန်းမျိုး စုံတို့ကြောင့် ဥယျာဉ်၏အလှ၊ ပသာဒ ရှုမောစဖွယ် တင့်တယ်လှပေသည်။ ထိုနည်းတူစွာ မြတ်ဘုရား၏ သာသနာတည်းဟူသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတို့ကို ကိုယ်စားပြုသည့် ဓမ္မနိမိတ်ပုံ ဇာတ်လမ်းစုံတို့သည် ဤစာဥယျာဉ်ဝယ် အစဉ်ပွင့်လန်းနေစေရသော် ကောင်းလေစွဟု ရည်ရွယ်မျှော်မှန်းခဲ့ပါသည်။

များစွာသောလူအပေါင်းတို့သည် လှပစိုပြည်သောဥယျာဉ်အတွင်းဝယ် ခိုလှုံလျက် သစ်သီးပန်းမန်များကို ခူးဆွတ်သုံးဆောင်နိုင်သကဲ့သို့ ဤဗုဒ္ဓစာဥယျာဉ်ဝယ် ပွင့်လန်းလျက်ရှိသော ဓမ္မရသစာအလှတို့ကို ဖတ်ရှုခံစား အကျိုးများစေရန် ရည်ရွယ်မျှော်မှန်းခဲ့ပါသည်။

ဗုဒ္ဓစာပေများ ဆက်လက်ထွန်းကားပြန့်ပွားစေလိုသည်မှာ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်နှင့်နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၏ စစ်မှန်သော စေတနာဆန္ဒပင် ဖြစ်ပါသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းထွက်ရှိပြီး မကြာမီ မောင်ဆန္ဒ(လယ်ဝေး)က မြတ်ဗုဒ္ဓဟောကြားသည့် ဇာတက၊ နိပါတ်၊ သုတ္တန်တို့ကို ဖတ်ချင့်စဖွယ် ဖြစ်အောင် ဝတ္ထုဇာတ်လမ်းဆင်၍ ကိုယ်ပိုင်ဟန်ဖြင့် ရေးသားတင်ပြလာပါသည်။ ခိုင်မာသည့် ကျောရိုးရှိသော ဇာတ်လမ်းများဖြစ်၍ ဇာတ်လမ်းတည်ဆောက်မှု အထူးအားထုတ်စရာ မလိုသော်လည်း အများသူငါ နားယဉ်နေသော ဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားတတ်ဖို့လိုပါသည်။ မောင်ဆန္ဒ(လယ်ဝေး)က ရေးသားတင်ပြသည့် ဓမ္မဝတ္ထုအစုစုကို အယ်ဒီတာအဖွဲ့က ကျေနပ်နှစ်သက်သဖြင့် လစဉ်ဖော်ပြခဲ့ရာ ယခုအခါ စာတစ်အုပ်အဖြစ် ထုတ်ဝေနိုင်သည်အထိ ခရီးရောက်ခဲ့ပြီဖြစ်ပါ၏။ နောင်တွင်လည်း ဆက်လက်ထုတ်ဝေရန် ရည်ရွယ်ချက်ထားရှိပါသည်။

စာရေးသူ၏ သာသနာပြုလိုစိတ်၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၏ အမျိုးဘာသာ သာသနာပြန့်ပွားစေလိုသော ဦးတည်ရည်ရွယ်ချက်တို့ဖြင့် ဤ ဗုဒ္ဓစာဥယျာဉ်ကို စာဖတ်သူလက်ဝယ်သို့ ရောက်အောင် ပို့ဆောင်လိုက်ရပါကြောင်း မင်္ဂလာစကား လက်ဆောင်ပါးအပ်ပါသည်။

**စာဖတ်သူများအားလုံး နှလုံးစိတ်ဝမ်းချမ်းမြေ့ကြပါစေ. . .**

**မြင်းမူမောင်နိုင်မိုး**
**စာတည်းမှူးချုပ်**
**နိုင်ငံ့ဂုဏ်ရည်စာပေတိုက်**
၂၇-၉-၂၀၀၁

# တုနှိုင်းမရတဲ့
# မြတ်ဗုဒ္ဓ



# တုနှိုင်းမရတဲ့ မြတ်ဗုဒ္ဓ

ကျွန်ုပ် ဝေရဉ္စဟာ ဂေါတမဗုဒ္ဓကို တွေ့ချင်၊ မြင်ချင်နေသည်မှာ ကြာပြီ။ အံ့ဩချီးကျူးလိုစိတ်နဲ့ မြင်ချင်တယ်။ ဟုတ်တယ်လေ. . . မင်းဧကရာဇ်ဆိုတာ လောကီစည်းစိမ်အပြည့်ရှိသူ မဟုတ်လား။ ငယ်ရွယ်နုနယ်သူအဖို့ ဒီစည်းစိမ်ကို တရှိုက်မက်မက် ခံစားနေရသင့်တယ်။ ဒီစည်းစိမ်ကို မစင်လို ရွံ့ရှာပြီး လွတ်မြောက်ရေးလမ်းရှာတယ်ဆိုတော့. . .။

နောက်တစ်ချက် ရှိသေးတယ်။

ကျုပ်တို့ ဇမ္ဗူဒီပါကျွန်းမှာ ဘုရားရယ်လို့ ကိုယ့်ကိုယ်ကို သမုတ်ပြီး ဆရာလုပ်နေသူတွေ ရှိတယ်။ ပူရာဏကဿပ၊ မက္ခလိဂေါသာလ၊ နာဋပုတ္တစတဲ့ဘုရားတွေ တပည့်လက်သားလည်း ပေါပ့်၊ ဝါဒတွေလည်း ဆန်းပ့်၊ ဟိတ်ဟန်တွေလည်း ကြီးပ့်။ ဘုရားအမျိုးမျိုး ဝါဒအမျိုးမျိုး ဖြစ်နေပေမယ့် အနှစ်ချုပ်တော့ အတ္တဝါဒီတွေပါ။ အဲ. . . အတ္တဝါဒီတွေကြားမှာ အနတ္တတရားဟောသူဆိုလို့ ဂေါတမဗုဒ္ဓတစ်ပါးပဲ ရှိတယ်။ ထူးထူးခြားခြား ဒီတရားကြားရတော့ ဇမ္ဗူဒိပ်ကျွန်းတစ်ခုလုံး တုန်လှုပ်သွားတယ်။

ဟုတ်တယ်လေ. . . ထာဝရ မြဲတဲ့ ဗြဟ္မာကြီးကို ကိုးကွယ်နေတဲ့ ကျွန်ုပ်တို့၊ ဗြဟ္မာ့ဘုံရောက်ဖို့ ကြိုးစားနေတဲ့ ကျွန်ုပ်တို့ရဲ့ အယူကို ဆွဲပုတ်ခါထုတ် လွှင့်ပစ်လိုက်တာပဲ။ “ဘယ်လိုလဲဟ” လို့ အထိတ်တလန့် အော်မိမတတ် တုန်လှုပ်သွားတယ်။ ကိုယ့်ဝါဒကိုလည်း ပြန်လည်ဆန်းစစ်ကြတယ်။ ဗြဟ္မာကြီးကိုပင် သံသယစိတ်ဝင်လာအောင် ဖြစ်ရတော့ ဂေါတမကို တွေ့ချင်သွားတာပေ့ါ။

အဲ. . . နောက်တစ်ချက်ရှိသေးတယ်။

ဂေါတမဗုဒ္ဓကို တွေ့ဖူးမြင်ဖူး သူတွေက ပြောကြတယ်။ ပုရိသယောကျ်ားလက္ခဏာနဲ့ ပြည့်စုံသူတဲ့။

ကြည်ညိုဖွယ် ရုပ်ဆင်းရှိသူတဲ့။ သာယာနာပျော်ဖွယ် စကားဆိုတတ်သူတဲ့။ အို. . . ပြောလိုက်တဲ့ စကားတွေက မကောင်းတာ တစ်ချက်မှမရှိဘူး။ ဒီလူတွေ ပြောတဲ့စကားနဲ့ ညီမညီ၊ အချက်အလက်တွေ ကိုက်မကိုက် ကြည့်လိုက်ချင်တယ်။

အင်း. . . ဂေါတမဗုဒ္ဓကို ကျုပ်မြင်ချင်၊ တွေ့ချင်နေတဲ့ အချက်တွေထဲမှာ စောစောကပြောတာတွေက သာမညပဲ။ အဓိက အချက်က ဆုံးမချင်လို့၊ သွန်သင်ချင်လို့၊ ပညာပေးချင်လို့။

ဟုတ်တယ်လေ. . . ကျုပ်ကြားထားတဲ့ စကားအရဆိုရင် ဗုဒ္ဓဟာ ယဉ်ကျေးမှု မသိတတ်သူပဲ။ နားလည်မှုလွဲသူပဲ။ ကျုပ် ဒီစကားကို အလွတ်မဲ့ပြောတာ မဟုတ်ဘူး။ ပြောသင့်တဲ့ အကြောင်းရှိတယ်။ ဒီလိုဗျာ. . . ဂေါတမဗုဒ္ဓဟာ ကိုယ့်ထက် အသက်အရွယ်ကြီးသူကို ရှိမခိုးဘူး။ အရိုအသေမပေးဘူးတဲ့၊ နေရာထိုင်ခင်းမပေး ဘူးတဲ့။ ခရီးဦးကြို ဖိတ်မှုမပြုဘူးတဲ့။ ကဲ. . . ဒါယဉ်ကျေးတဲ့ အပြု အမူလား. . . ။ ဘာပဲဖြစ်ဖြစ် ဒီအသိတရားတော့ ရှိသင့်၊ သိသင့်တယ်။ ကလေးပေါက်စလေးတောင်လူကြီးရိုသေရမှန်း၊ ဂုဏ်ရှိတဲ့ လူကို အလေးထားရမှန်း သိတာပဲ။ ရှင်ကြီးဂေါတမက ဒါမသိဘူးလား. . . ။ ဘုရားဆိုပြီး မာနတံခွန် ထူထားတာလား။ ဒီလိုတော့ မဖြစ်သင့်ဘူးထင်တယ်။ သူ့အရင်ပွင့်ခဲ့တဲ့ ဘုရားကြီးတွေကတောင် ဒီဂရုဂါရဝတရား ရှိသေးတာပဲ။ သူလည်း ရှိသင့်တာပေါ့။

အဲဒီလို မယဉ်ကျေးတဲ့ အပြုအမူရှိတဲ့ ရှင်ကြီးဂေါတမကို ဆုံးမချင်တယ်။ သွန်သင်ပညာပေးချင်တယ်။ ဒါကြောင့် ရှင်ကြီးဂေါတမနဲ့တွေ့ဖို့ ကျုပ်ကြံစားတာပဲ။

အင်း. . . အခန့်သင်ချင်တော့ ရှင်ကြီးဂေါတမဟာ ကျုပ် ရှိတဲ့ ဝေရဉ္စပြည်ကို ရောက်လာသဗျ။ နောက်ပါ ရဟန်းတွေ ခြံရံပြီး ဝေရဉ္စပြည်ရဲ့ အထင်ကရကျုံတောကို ရောက်လာပြီး သီတင်းသုံးနေသတဲ့။

အဟင်း. . . ဝေရဉ္စတို့ ဒါမျိုးစောင့်နေတာကြာပြီ။ နဂါးမှန်းသိအောင် အမောက်ထောင်ပြဖို့ အခွင့်ကြုံတာပဲပလေ. . . ။

* * *

"ဟင်း. . . "

ကျုပ်စိတ်ထဲ တင်းခနဲဖြစ်သွားပြီး ဒေါသသံပင် ထွက်သွားလေသလားမသိ။

ကျုပ်ကြားတဲ့သတင်းနဲ့ ကြုံရတာ ကွက်တိပဲ။ ဘယ့်နှယ်ဗျာ. . . ရှင်ကြီး ဂေါတမအသက်က ဘာရှိဦးမှာလဲ။ ဘုရားဖြစ်တာ ဆယ့်တစ်ဝါဆိုတော့ ငါးဆယ်တောင် မပြည့်သေးဘူး။ ကျုပ်လို ခုနှစ်ဆယ်ကျော် ရှစ်ဆယ်တန်းရောက်နေတဲ့ အဘိုးကြီးကို မလေးစားသင့်ဘူးလား။ ခရီးဦးကြို မပြုသင့်ဘူးလား။ နေရာမပေးသင့်ဘူးလား. . . ။ ထား. . . . အသက်ကို မလေးစားရင် အမျိုးဂုဏ်ကိုတော့ လေးစားရမယ်။

ကျုပ်က မြင့်မြတ်တဲ့ ပုဏ္ဏားမျိုးလေ. . . .။ ဆရာတင်ထိုက်အောင် ပညာရှိသူပါ။

ဟုတ်ပါတယ်။ ရှင်ကြီးဂေါတမဟာ ယဉ်ကျေးမှုနားမလည်သူပါ။ ကဲ. . . ကြည့်စမ်း။ သူက တမာပင်ရင်းမြင့်တဲ့၊ မြတ်တဲ့နေရာမှာထိုင်လို့။ သူ့အောက်ဘေးဝဲယာမှာ ထိုင်နေတဲ့ ရဟန်းတွေကြည့်စမ်း။ သူ့ထက် အသက်ကြီးသူတွေ တစ်ပုံကြီး။ ဒီပုဂ္ဂိုလ်တွေက သူ့ကို အရိုအသေပေး ရှိခိုးနေပြန်တယ်။ ဒါတော်မလားဗျာ. . . အမြင်မတော် ဆင်တော်နဲ့ခလောက်။

"အို. . . ရှင်ကြီးဂေါတမ၊ သင်ဟာ ကျွန်ုပ်ကြားထားတဲ့ စကားနဲ့ညီညွတ်ပါပေ့. . . "

ကျုပ်ရဲ့ ရန်လိုစကားကြားရတော့ ရှင်ကြီးဂေါတမက ကရုဏာသက်လေတဲ့ မျက်လုံးနဲ့ တစ်ချက်ကြည့်ပြီး စက္ခုက္ကန္ဒြေချနေလိုက်သဗျ။

"ဒီမှာ ရှင်ကြီးဂေါတမ. . . သင်ဟာ အမျိုးဂုဏ်မြင့်မြတ်တဲ့ ပုဏ္ဏားတွေကို ရှိမခိုး၊ နေရာမပေး၊ ခရီးဦးကြိုမပြုလို့ ကျုပ်ကြားဖူးတယ်။ ခုလက်တွေ့ကြုံတာပဲ။ ကျုပ်မေးစမ်းပါရစေ. . . သင်ဟာ ယဉ်ကျေးတဲ့တရားတော့ နားလည်မှာပေါ့နော်. . . "

"အို. . . အသိဉာဏ်နည်းပါး၊ လွဲမှားတဲ့ အယူရှိသော ပုဏ္ဏားကြီး၊ သဗ္ဗညုတဉာဏ်ဟာ အရာခပ်သိမ်းကို ထိုးဖောက်မြင်နိုင်စွမ်းရှိတယ်"

"ပြောပါဦး. . "

"အဲဒီဉာဏ်ဟာ ငါဘုရားမှာ ရှိလေတော့ လောကအားလုံး ကြည့်တဲ့အခါ လူ၌လည်းကောင်း၊ နတ်၌လည်းကောင်း၊ ဗြဟ္မာ၌ လည်းကောင်း၊ ငါရှိခိုးထိုက်သူ မရှိပေ"

"ဟင်. . . "

ကျွန်ုပ်ဟာ ရှင်ကြီးဂေါတမ စကားကြားလိုက်တော့ နှုတ်က ယောင်ယမ်းရေရွတ်မိတယ်။ ကြည့်စမ်းဗျာ. . . ဒီလောကမှာ သူရှိခိုးရမယ့်သူ မရှိဘူးတဲ့။ သူမို့ ဒီစကားပြောဝံ့တယ်။

"အို. . . ပုဏ္ဏား၊ မွေးစက ငါဟာ မြောက်အရပ်ကို မျက်နှာမူလျက် ဖဝါးခုနစ်လှမ်း လှမ်းသွားပြီး လောကတစ်ခုလုံးကို ကြည့်ခဲ့တယ်။ ငါရှိခိုးထိုက်သူ မတွေ့ခဲ့။ ကမ္ဘာပေါင်း တစ်သောင်းခြောက်ထောင် အသက်ရှည်တဲ့ ဗြဟ္မာကြီးကပင် သင်ဟာလောကမှာ အထွတ်အထိပ်၊ အကြီးဆုံး၊ ကျေးဇူးဖြင့် ချီးကျူး အအပ်ဆုံးလို့ဆိုပြီး ငါ့ကို ပူဇော်တယ်။ ဒီစကားကြားရတော့ ငါဟာ အဂ္ဂေါဟမသ္မိလော ကဿလို့ မြွက်ကြားခဲ့တယ်။ အဲဒီမွေးကင်းစ ကလေးအရွယ်ကပင် ငါရှိခိုးထိုက်သူ မရှိခဲ့ရာ အခုလို သဗ္ဗညုတ ဘုရားရှင်ဖြစ်မှ အဘယ်သူ့ကို ရှိခိုးရဦးမှာလဲ ပုဏ္ဏား။

"ဘာပဲဖြစ်ဖြစ် ကိုယ့်ထက် အသက်ကြီးရင် လေးစားသင့်တာပေါ့"

"အို ဝေရဉ္ဇပုဏ္ဏား. . . သင်ဟာ ငါ့ရဲ့ အရိုအသေပြုမှုကို မလိုလား မတောင့်တနဲ့ ဒါသင့်အတွက် ဖြစ်တယ်။ တကယ်လို့ ငါ သင့်ကို ရှိခိုးလိုက်ရင် သင့်ဦးခေါင်းဟာ အပင်ကပြုတ်ကျတဲ့ သရက်သီးမှည့်နှယ်

ကွဲအက်ပျက်စီးသွားလိမ့်မယ်"

"အဟား. . . . ဟား. . . ဟား။ ရယ်စရာကောင်းလိုက်တာ ရှင်ကြီးဂေါတမရယ်။ တကယ်ပဲ ပေါက်ပေါက်ရှာရှာ ပြောတတ်ပါပေရဲ့. . . "

* * *

ကျွန်ုပ် ဝေရဉ္စပုဏ္ဏားဟာရှင်ကြီးဂေါတမရဲ့ သတင်းတွေကြားထားတော့ ထိတ်လန့်တွေဝေသွားတာတော့ အမှန်ပါ။ မွေးဖွားစက ခြေခုနစ်လှမ်းလှမ်းပြီး ကြုံးဝါးတယ်ဆိုတာ သိထားတယ်။ လသား အရွယ် ဖခင် လယ်ထွန်ရာ ပါသွားစဉ်က အံ့ဖွယ်သရဲအဖြစ် မြင်ရတယ်ဆိုတာလည်း ကြားဖူးတယ်။ ဘုရားဖြစ်စက တန်ခိုးပြာဋိဟာ ပြထားတယ်ဆိုတာလည်း ကြားထားတယ်။ ကိုယ်ကြားထားတွေ စုစည်းသုံးသပ်ကြည့်ရင် ဘုန်းတန်ခိုးရှိတာတော့အမှန်ပဲ။ ဒီပုဂ္ဂိုလ် မျိုးဟာ ရှိခိုးရင် ပြောသလို ဖြစ်မလား. . . မဖြစ်ဘူးလား ဘယ်သူ အတတ်ပြောနိုင်မလဲ။

ဒါပေမယ့် မရဲသော်လည်း ပြေးခဲစေဆိုတဲ့မာန်နဲ့ ဟန်လုပ်လိုက်တယ်။ ကိုယ့်လာရင်းကိစ္စ ပျောက်မသွားအောင် ဗုဒ္ဓကို စတင်တိုက်ခိုက်ဖို့ စဉ်းစားလိုက်တယ်။

"အို. . . ရှင်ကြီးဂေါတမ လောကမှာ ရှိခိုးထိုက်သူကို ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီ အရိုအသေပေးခြင်းစတဲ့အမှုဟာ သာမဂ္ဂီရသခေါ်တယ်။ ပေါင်းသင်းဆက်ဆံမှုရဲ့ အရာပေါ့။ သင်ဟာ ဒီဝတ်ကို မပြုတော့ သာမဂ္ဂီရသ ဆိတ်သုဉ်းနေသူ မဟုတ်ဘူးလား"

ကျုပ်ဟာ ရှင်ကြီးဂေါတမကို လက်ညှိုးငေါက်ငေါက်ထိုးပြီး အပြင်းထန်ဆုံးစကားရပ်နဲ့ ထိုးနှက်လိုက်တယ်။ ကျုပ်စကားဟာ ဘယ်အတိုင်းအတာ ထိရောက်မယ်ဆိုတာ ခန့်မှန်းကြည့်ရင် သိနိုင်ပါတယ်။ ဒီစကားတစ်လုံးနဲ့ သူ့ပရိသတ်ရဲ့ ကြည်ညိုမှုကို ကင်းမဲ့သွားစေနိုင်ပါတယ်။

"အို. . . ဝေရဉ္စပုဏ္ဏား၊ ငါဟာ အရသာရူပ သာယာသူ မဟုတ်လို့ သမုတ်သူတွေဟာ ငါးပါးအာရုံ ကာမဂုဏ်ဖြစ်တဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ ဖောဋ္ဌဗ္ဗာရုံကို သာယာကြတယ်။ ပုထုဇဉ်မှန်ရင် ဒီအရသာ ကို သာယာတာအမှန်ပဲ။ ငါဟာ ဒီအရသာအားလုံးကို ပယ်ဖြတ်ပြီး ဖြစ်တယ်။ နောက်ထပ်တစ်ဖန် မရှင် သန်အောင် အမြစ်ကမကျန် ဖြတ်ထုတ်ပြီးလည်း ဖြစ်တယ်။ ဒါကြောင့် အ ရသ ရူပဟူသော သဘောမျိုးနဲ့ ငါကို ဆိုထိုက်ပေတယ်"

ကျုပ်ရဲ့ စွပ်စွဲမှုကို လိမ္မာပါးနပ်စွာ ပယ်ချလိုက်တဲ့ ဗုဒ္ဓစကားကို စိတ်ထဲက ချီးကျူးလိုက်မိတယ်။ စကားတတ်ပါပေ့ . . . ပြောတတ်ပါပေ့လို့ စိတ်ထဲက ချီးကျူးမိပေမယ့် ကျုပ်လက်မလျှော့ဘူး။

"ဒီမယ် ရှင်ကြီး ဂေါတမ၊ သင်ဟာ လောကအရသာကို မခံစားတတ်သူပါ။ သက်ကြီးဝါကြီး ရှိခိုးခြင်းဟာ သာမဂ္ဂီပရိဘောဂ အညီအညွတ်ခံစားတယ်လို့ ခေါ်တယ်။ သင့်မှာ ဒီလိုမရှိရင် နိဗ္ဘောဂ

ဖြစ်မနေဘူးလား. . . "

"အို. . . ပုဏ္ဏား၊ သင်က နိဗ္ဗာဂလို့ဆိုရင် မှန်တယ်လို့ ပြောရမှာပါ။ ဒါပေမယ့် သင်ယူတဲ့ အဓိပ္ပာယ်တော့ မဟုတ်ပေဘူး။ သတ္တဝါတွေဟာ ရှုပါရုံစတဲ့ အာရုံငါးပါးခံစားလိုစိတ် ရှိတယ်။ ငါ့မှာမရှိ။ ဒါကို မရှိလို့ လောကီရသခံစားတတ်သူ မဟုတ်ဆိုရင် သင့်စကား မှန်ပါပေတယ်'

ကျွန်ုပ်၏ စွပ်စွဲချက်ကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက် ပါးပါးနပ်နပ်ဖြေလိုက်ပုံကြောင့် အံ့ဩသွားရပြန်ပါတယ်။ ဘာရ မလဲဗျာ. . . ဝေရဉ္စဆိုတဲ့ ကျုပ်က လွယ်လွယ်နဲ့ လက်လျှော့တဲ့ သူမှ မဟုတ်ဘဲ။

"ဒီမယ်. . . အရှင်ဂေါတမ၊ ကြီးသူကို ငယ်သူက ရှိခိုးခြင်း၊ အရိုအသေပြုခြင်းဆိုတာ လူတို့ရဲ့ ရိုးရာယဉ်ကျေးမှုပဲ။ ဒီယဉ်ကျေးမှုကို သင်ကမလိုက်နာဘူး။ မရှိဘူးဆိုရင် သင်ဟာ အကိရိယဝါဒသမား ပေါ့"

"အင်း. . . သင်စွပ်စွဲထိုက်ပါတယ်။ ငါဟာ ကိုယ်နှုတ်စိတ်သုံးပါးနဲ့ မကောင်းမှု ဒုစရိုက် မပြုအပ်လို့ဆိုတယ်။ ပညတ်တယ်။ ဒုစရိုက်ကိုပယ်ပြီး သုစရိုက်အမှုခင်တွယ်ဖို့ငါဆုံးမတယ်။ ဒီဝါဒကို အမြဲလက်ကိုင်ထားတယ်။ သင်ယူဆထားတဲ့ အကိရိယ ဝါဒသမားမျိုးတော့ မဟုတ်ပါဘူး. . . ဝေရဉ္စ. . . "

ရော်. . . . ။

ကျုပ်စိတ်ထဲမှာ ရေရွတ်လိုက်မိတယ်။ ပိုင်ပိုင်နိုင်နိုင်အသုံး ချုပ်ကိုင်နိုင်ပြီဆိုတဲ့ အတွေးနဲ့ မလှုပ်နိုင်အောင် တုပ်နှောင်ပြောလိုက်တာပါ။ ဒါပေမယ့် ဖြေရှင်းပုံ ပညာပါလွန်းတယ်။ကျုပ်လက် မလျှော့ဘူး။

"ရှင်ကြီးဂေါတမ။ ရှေးဟောင်း အစဉ်အလာယဉ်ကျေးမှုဖြစ်တဲ့ ကြီးသူကို ရိုသေခြင်းဆိုတာ အဆက်ဆက်က ဆင်းသက်လာတဲ့ သဘောပါ။ ဒီအစဉ်အလာကို သင်က ပျက်စီးသွားအောင် ဖျက်ဆီးပစ်တယ်။ သင်ဟာ ဥစ္ဆေဒဝါဒီပါလား ဂေါတမ"

"မှန်ပေတယ် ဝေရဉ္စာ။ ငါဟာ ရှေးဟောင်း အစဉ်အလာကိုဖျက်သူပါ။ ရာဂနဲ့ ဒေါသစီးဆင်းမှုကို အနာဂါမိမဂ်နဲ့ ဖျက်ဆီးတယ်။ ဒီအစဉ်အလာကို ငါလက်မခံဘူး။ မောဟကို အရဟတ္တမဂ်နဲ့ဖြတ်တယ်။ ရှေးအစဉ်အလာဆိုပြီး ရာဂ၊ ဒေါသ၊ မောဟတရားတွေ ဆက်မစီးစေဘူး။ ဒါကြောင့်ငါသာ ဥစ္ဆေဒဝါဒီဆိုရင် သင့်စကားမှန်ပါတယ်"

"ဒီမယ်. . . ဒီမယ် ရှင်ကြီးဂေါတမ။ သင်ဟာ စကားတတ်တိုင်း လိုးလွှဲမပြောနဲ့။ သင်ဟာ အမျိုးမြတ်သူ၊ အဆင်းလှသူ၊ ပညာရှိသူဆိုတဲ့ အစွဲနဲ့ မာန်တက်နေသူ။ ဒီမာန်နဲ့ တစ်ပါးသူကို အရိုအသေမပြုဘဲ ရိုးရာယဉ်ကျေးမှုကို ပယ်တယ်။ စက်ဆုပ်တယ်။ ဒီတော့ သင်ဟာဇေဂုစ္ဆိဝါဒသမား သက်သက်ပဲ"

"အင်း. . . သင်ပြောတဲ့ စက်ဆုပ်သူဆိုတဲ့ စကားကို ငါမငြင်းပယ်ဘူး ဝေရဉ္စ၊ ငါဟာ မကောင်းမှု

ဒုစရိုက်မှန်သမျှ မစင်ပုံကဲ့သို့ စက်ဆုပ်တာအမှန်ပါပဲ"

ကျုပ်ဟာ ဂေါတမရဲ့ ဒီစကားကြားတော့ မာန်တင်းထားသမျှ လျော့ကျသွားသလို ဖြစ်ပြီး ခန္ဓာကိုယ်ပင် ယိမ်းယိုင်သွားတယ်။ ကျောက်တောင်ကြီးကို လှဲဖြိုဖို့ ကြိုးစားတဲ့ ဆင်ဆိုးကြီးနှယ် အကြိမ်ကြိမ်ဝှေ့ပေမယ့် ကျောက်တောင်က ရွေ့ပင်မရွေ့တော့ အားပျက်သွားသလို ဖင်ထိုင်ကျသွားတယ်။

ဒါပေမယ့် ကျုပ်မလျော့ဘူး။

"အို ရဟန်းတို့. . . သင်တို့ တလေးတစား ရှိနေတဲ့ ရှင်ကြီးဂေါတမဟာ စေနယိကပုဂ္ဂိုလ်ပဲ။ အပြစ်ဒဏ် ခတ်ထိုက်သူပါ။ သင်တို့အားလုံး ဝိုင်းစဉ်စားကြပါ။ ကြီးစဉ်ငယ်လိုက် ရှိသေလေးစားခြင်းဆိုတာ အစဉ်အလာကောင်းတစ်ရပ်ပါ။ ဒီအစဉ်အလာကို ဖျက်ဆီးသူကို အပြစ်ဒဏ် မခတ်သင့်ဘူးလား. . ."

ကျုပ်ဟာ ဂေါတမဗုဒ္ဓကို လှဲဖြိုဖို့ ကြိုးစားရာ။ ကိုယ့်က သာလဲဖို့မြင်နေတော့ ကျားကန်ဖေးကူမယ့်သူ လိုက်ရှာတယ်။ ဂေါတမဗုဒ္ဓရဲ့ အနားမှာဝန်းရံနေတဲ့ ရဟန်းပရိသတ်ကို အားပြုရင် အမှန်ဆုံးဖြစ်မယ်လို့ ရတ်ခြည်းတွေးမိလို့ ပရိယာယ် သုံးလိုက်ပါတယ်။

"ပုဏ္ဏားကြီး သင်က ငါ့မှာအပြစ်ရှိတယ်။ အပြစ်ဒဏ်ခံသင့်တယ်လို့ စွဲချက်တင်လာပြန်ပြီကော။ သင်ပုဏ္ဏား ငါဟာ လောကယဉ်ကျေးမှုတရားကို မဖျက်ဆီးပါ။ ငါဖျက်ဆီးရတာက ရာဂ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာအုပ်စုဖြစ်တယ်"

"အရှင်ဂေါတမ ရိုသေထိုက်သူကို ရိုသေခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းဟာ အပူဇော်ခံသူတို့ နှစ်သက်စေပါတယ်။ ဒီလိုမပြုရင် သက်ကြီးဝါကြီးသူတွေ စိတ်ဆင်းရဲ ပူပန်ပါတယ်။ သင်ဟာ လူကြီးသူမတွေ နှလုံးပူပန်အောင်လုပ်သူ၊ အပူပေးသူ တပဿီ ပုဂ္ဂိုလ်ပဲ"

"အို. . . ပုဏ္ဏားအို၊ လောကကို ပူပင်စေတဲ့ အကုသိုလ် အုပ်စုကို တပလို့ခေါ်တယ်။ ငါဟာ ဒီအုပ်စုကို ပျက်စီးအောင် ဖျက်ဆီးနေသူပါ။ ဒါကြောင့် သင်ပေးတဲ့ တပဿီဆိုတဲ့ အမည်ဟာ ငါနဲ့ သင့်လျော်ပါပေတယ်"

အရှင်ဂေါတမ သင်ဟာ စကားတတ်သလို ပညာတတ်သူမှန်း ကျုပ်ရိပ်စားမိပါတယ်။ ဒါပေမယ့် အကျိုးကျေးဇူးမသိတတ်သူပါ။ ဒီစကားဘာလို့ပြောလဲဆိုတော့ ရှိခိုးခြင်း၊ အရိုအသေပြုခြင်းဆိုတာ လူ့ကျင့်ဝတ်၊ လူ့ယဉ်ကျေးမှု၊ ဒီကျင့်ဝတ်ဟာ အတိုင်းမသိ ကျေးဇူးရှိတယ်။ နတ်ဘုံနတ်နန်းရောက်နိုင်တယ်။ သင့်မှာ ဒီကျေးဇူးတရားမသိတော့ အပဂဗ္ဘခေါ်တဲ့ နတ်ဘုံမှ ပဋိသန္ဓေနေဖို့ဝေးပြီ ဂေါတမ . . . ဝေးပြီ"

"အို. . . ပုဏ္ဏား၊ ငါ့ကို အပဂဗ္ဘပုဂ္ဂိုလ်လို့ ပြောလိုက်တာ မှန်တဲ့စကားပါ။ ငါဟာ နတ်ပဋိသန္ဓေနေခြင်းသာ မဟုတ်ဘူး ပဋိသန္ဓေနေခြင်းအားလုံး ကင်းသွားပြီ။ အမိဝမ်းမှာ ပဋိသန္ဓေနေခြင်း၊ သံသေဒဇယောနိအညှီ၌ စွဲခြင်း၊ ဥ၌ဖြစ်ခြင်း။ ကိုယ်ထင်ဖြစ်ခြင်းစတဲ့ အဖြစ်မျိုးတွေ အားလုံးကို ငါပယ်ပြီးပြီ။ ငါဟာ ဘဝသစ်တစ်ဖန် ပြန်မဖြစ်တော့တာမို့ အပဂဗ္ဘဆိုရင် သင့်စကား မှန်ပေတယ်"

ကျွန်ုပ် ဝေရဥ္စပုဏ္ဏားဟာ ဘုရားရှင်ရှေ့မှောက် ရောက်ကတည်းက အကြောသဝတ္ထုရှစ်မျိုးနဲ့ ယိုးစွပ်ခဲ့တယ်။ အမနာပ စကားပြောခဲ့တယ်။ ကျွန်ုပ်စကားကို တော်ရုံတန်ရုံ ပုဂ္ဂိုလ်မျိုးဆို ခံနိုင်မှာ မဟုတ်ဘူး။ အကြောင်းမဲ့ရန်လိုတဲ့ ကျွန်ုပ်ကို တွန်းထိုးလွှတ်မှာ သေချာတယ်။ ဒါပေမယ့် သည်းခံတဲ့နေရာမှာ မြေသားပမာတူတဲ့ ဗုဒ္ဓကတော့ တွန်းထိုးပုတ်ခတ်ဖို့ နေနေသာသာ၊ အမျက်ဒေါသရိပ်တောင် တစိုးတစိ မဖြစ်ဘူး။

ကျွန်ုပ်အနေနဲ့ အသက်ကြီးသူကို အရိုအသေမပြုခြင်းအပေါ် မကျေနပ်မှုကြောင့် ပုတ်ခတ်ပြောဆိုပေမယ့် ဒီပုတ်ခတ် ပြောဆိုမှုကို လက်မခံတော့ ကျွန်ုပ်သာ ရိုင်းစိုင်းသူ ဖြစ်နေပါပကော။

"အို. . . ပုဏ္ဏား၊ ဝပ်ကျင်းဝပ်သော ကြက်ကို ကြီးသောကြက်၊ နောက်မှ ပေါက်သောကြက်ကို ငယ်သောကြက်လို့ မခေါ်ပေဘူးလား. . . "

"အမှန်ပေါ့"

"ကောင်းပြီ။ ဒီသဘောလက်ခံရင် သင်စဉ်းစားလော့။ သတ္တဝါတွေဟာ အဝိဇ္ဇာဟူသော ဥခွံက ဖုံးထားလို့ အပြင်မထွက် နိုင်ဘဲ အဝိဇ္ဇာလှောင်အိမ်အတွင်းမှာ နစ်မွန်းနေကျတယ်။ ဒီဆင်းရဲ ကျဉ်းကျပ်တဲ့ ဘဝ၊ အဝိဇ္ဇာမှောင်တွင်းက ဥခွံကို အရဟတ္တမဂ္ဂ ဉာဏ်ဟူတဲ့ နှုတ်သီးနဲ့ဖောက်၊ ဦးစွာထွက်လာသူဟာ ငါဖြစ်တယ်။ ဒီလောကမှာ ငါဟာ ထွက်နိုင်သူမို့ အကြီးဆုံး မဖြစ်ပေဘူးလား "

"ဟင်. . . "

"အို. . . ပုဏ္ဏား၊ ဝိဇ္ဇာသုံးပါးတရား၊ ဝိဇ္ဇာရှစ်ပါးတရား လက်ကိုင်ထားသော ငါဟာ ဂုဏ်အားဖြင့်ရော မကြီးပေဘူးလား. . . "

ကျွန်ုပ်ဝေရဥ္စဟာ အချက်ကျကျ မိန့်မြွက်လိုက်တဲ့ ဗုဒ္ဓရဲ့ စကားတစ်ခွန်းနဲ့ပဲ အုန်းပင်ဇက်ကြိုးကျ သည့်နှယ် ငိုက်ကျသွားပါတယ်။ အမိဝမ်းက အရင်ဖွားခဲ့လို့ အသက်ကြီးတယ်ထင်တဲ့ ကျွန်ုပ်ဟာ တစ်ဖန်အမိဝမ်းတွင်း ပြန်ဝင်ရဦးမှာ မတွေးမိဘူး။ သံသရာမှာ ကျင်လည်ရဦးမှာ မတွက်မိဘူး။ ဒီဘဝက သေလွန်ပြီး အခြားဘဝ တစ်ခုကူးပြောင်းခဲ့ရင် ကျုပ်ဟာ ဗုဒ္ဓထက်ငယ်မှာ အမှန်ပဲ။ ဘဝတစ်ဖန်ပြန်မဖြစ်ဘဲ ဇာတိချုပ်ငြိမ်းပြီး သံသရာက လွတ်မြောက်သွားတဲ့ ဗုဒ္ဓထက် ကျုပ်က ဘယ်မှာကြီးနိုင်တော့မလဲ။

ဒီအသိ၊ ဒီအတွေးကို ဖျတ်ခနဲ ပေါ်လာတာနဲ့ ကျုပ်ခြေထောက်ဟာ ညွတ်ကွေးသွားတယ်။ ဒူးနှစ်ချောင်းက မြေမှာထောက်ပြီး လက်အုပ်အလိုလိုချီမိသွားတယ်။

အဘိက္ကန္တံဘော ဂေါတမ. . . အဘိက္ကန္တံဘော ဂေါတမ။

ကျွန်ုပ်ဝေရဥ္စဟာ ရင်ထဲက ပေါ်လာတဲ့ စိတ်ရင်းအမှန်နဲ့ ရေရွတ်ရင်း ဘုရားရှင်ကို ရိုသေညွတ်တွားစွာ ရှိခိုးလိုက်တယ်။ အဲဒီလို ရှိခိုးနေချိန်မှာပဲ ကျွန်ုပ်စိတ်ထဲမှာ ဘုရား၊ တရား၊ သံဃာကို ယုံကြည်အားထားစရာအဖြစ် ပြတ်ပြတ်ထင်ထင် မြင်လိုက်ပါတော့ တယ်။ ။

ကျမ်းကိုး။

ဒဂုန်ဦးစန်းငွေ၏ "ဗုဒ္ဓ၏ကိုယ်တိုင်ဖြေကြားခဲ့သော ပြဿနာများပေါင်းချုပ်"

# တင်္စသာသနာဝှာ



# တစ်သာသနာမှာ

နောင်တော်ဘုရားရဲ့ သာသနာတော်မှာ ရဟန္တာ၊ ရဟန္တာ အမြောက်အမြား ပေါ်ထွန်းလာခဲ့ပါတယ်။ ဒီအထဲမှာ ဧတဒဂ်ပုဂ္ဂိုလ်ကျော်တွေလည်း ရှိခဲ့ပါရဲ့။ ဩော် . . . ဧတဒဂ်ဘွဲ့ဆိုတာ ဘုရားရှင်ကလွဲလို့ အမြတ်ဆုံးဆိုတဲ့ ဂုဏ်ထူးဆောင်တံဆိပ်ရတာ ကိုပြောတာပါ။ ပညာအရာမှာ ရှင်သာရိပုတ္တရာ၊ တန်ခိုးအရာမှာ ရှင်မောဂ္ဂလာန်၊ နတ်တို့ချစ်တဲ့ အရာမှာ ပိလိန္ဒဝစ္ဆ၊ အသိဉာဏ်စိတ်နဲ့ ရုပ်ကိုဖန်ဆင်းတဲ့နေရာမှာ စူဠပန္ထက၊ ကိလေသာကင်းကွာပြီး ချမ်းသာစွာနေတဲ့အရာမှာ သုဘူတိ၊ အင်း . . . အများသားပေါ့။

ရဟန္တာပုဂ္ဂိုလ်တွေသာမကဘူး၊ ရဟန္တာမထေကလည်း ဂုဏ်ထူးဆောင်ဘွဲ့ရကြပါတယ်။ ပညာအရာမှာ ခေမာဘိက္ခုနီမ၊ ပုဗ္ဗေ နိဝါသဉာဏ်အရာမှာ ဘဒ္ဒကစ္စာနာ၊ ဓမ္မကထိကအရာမှာ ဓမ္မဒိန္နာ၊ တန်ခိုးအရာမှာ ဥပ္ပလဝဏ်၊ ရေတွက်ပြရရင် ဆုံးမယ်မထင်ပါဘူးလေ . . . ထားတော့။ တစ်ခေတ်၊ တစ်ကမ္ဘာ၊ တစ်သာသနာထဲပေါ်ခဲ့တဲ့ ပုဂ္ဂိုလ်ထဲမှာ အထူးခြားဆုံးလို့ ကျွန်ုပ်ထင်တာကတော့ နာဠက မထေရ်ပါ။ အရှင်နာဠကကို ကျွန်ုပ်မမီပါဘူး။ နောင်တော်ဘုရားဖြစ်ပြီး ဓမ္မစကြာတရားဦးဟောလို့ သီတင်းတစ်ပတ်အကြာမှာ ဘုရားရှင်ကို လာဖူးတယ်။ ဘုရားရှင်ထံက မောနေယျပဋိပတ်အကျင့် လာတောင်းခံတယ်။ ပြင်းထန်ရဲရင့်တဲ့ အကျင့်မြတ်နဲ့ ကြိုးပမ်းလို့ ခုနစ်လသာ ခန္ဓာဝန်ဆောင်ပြီး ပရိနိဗ္ဗာန်ပြုသွားတာကြောင့် ကျွန်ုပ် မမီလိုက်ပါဘူး။ အဲဒီအချိန်တုန်းက ကျွန်ုပ်တို့ဘုရားရှင် သာသနာ ထဲမရောက်သေးဘူး။ လောကီစည်းစိမ် ခံစားကောင်းတုန်း၊ သကျသာကီမင်းသားတွေပီပီ ရာဇမာန်တွေ တက်တုန်း၊ ကိလေသာ အမှောင်အိုးထဲ ဇောက်ထိုးကျလျက် ကူးခပ်ကောင်းတုန်းပေါ့။

အရှင်နာဠကကို မမီလိုက်ပေမယ့် ဘုရားရှင်ပြန်မိန့်ကြားလို့ အရှင်နာဠကအကြောင်းသိရတယ်။

မောနေယျပဋိပတ်ကို သဘောပေါက်ခဲ့တယ်။ တော်ရုံတန်ရုံပုဂ္ဂိုလ်တွေ မကျင့်နိုင်တဲ့ ပဋိပတ်ပါ။ ရှေးဆိုတောင်း ပါရမီရှိသူသာ ကျင့်နိုင်တဲ့ အကျင့်မျိုးမို့ တစ်သာသနာမှာ တစ်ပါးတည်းပေါ်တတ်တဲ့ ပုဂ္ဂိုလ်ပါ။ ဒါကြောင့် အရှင်နာဋကကို ထူးခြားတယ်လို့ ပြောတာပေါ့။

အရှင်နာဋကကို ကျွန်ုပ်လို မမိသူတွေ ကြည်ညိုသဒ္ဓါပွားနိုင်အောင် အားကျနိုင်အောင် ပြန်လည်ဖောက်သည်ချပါဦးမယ်။ ဒီလို. . . ဒီလို. . . ။

မောနေယျပဋိပတ်ကျင့်သူဟာ မိမိအပေါ်မုန်းသူ၊ ချစ်သူ ရှိလင့်ကစား မုန်းစိတ်ချစ်စိတ်မထားဘဲ တူမျှစိတ်နဲ့ ဆက်ဆံရပါမယ်။ ဆိုလိုတာက ရန်သူပင်ဖြစ်ပါစေ မေတ္တာထားရမယ်တဲ့။ ကဲ . . . ဒီစိတ်ထားမျိုး ထားနိုင်ပါ့မလား။ ထားဖို့လွယ်မလား။ ကိုယ့် ကိုယ်ကို ပြန်မေးကြည့်နော်. . . ။ အင်း. . . ကျွန်ုပ်လိုဘုရားရှင်အပါးမှာနေ၊ တရားတော်ကို နေ့တိုင်းနာနေရတဲ့ သောတာပန် ပုဂ္ဂိုလ်တောင် ဒီစိတ်မမွေးနိုင်ဘူး။ အဲ. . . သောတာပန်ဆိုတာလည်း သောကပရိဒေဝမငြိမ်းသေးဘူးလေ. . ။ ပြောရရင် ကိုယ့်အပေါ်မုန်းသူမဆိုထားနဲ့ နောင်တော်ဘုရားကို အမျိုးမျိုးဒုက္ခပေးတဲ့ ဒေဝဒတ်ကို ကျွန်ုပ်စက်ဆုပ်မိတယ်။ မဟုတ်တရား ပုတ်ခတ်စွပ်စွဲတဲ့ စိဉ္စမာနကို ခွင့်မလွှတ်နိုင်ဘူး။ နှလုံးနာမိတယ်။ နောင်တော်ဘုရားနဲ့တော့ ကွာမှကွာပါပဲ။

နောက်အကျင့်က မီးလျှံနဲ့တူတဲ့ အာရုံငါးပါးဟာ သတ္တဝါကို ပျက်စီးစေတတ်တယ်။ ဒါကြောင့် အာရုံငါးပါးကိုလုံအောင် ထိန်းဖို့လိုတယ်။ မိန်းမသားတွေဟာ ရဟန်းကိုဖျက်ဆီးတတ်တယ်။ ဒါကြောင့် မိန်းမသားတွေရဲ့ လှည့်ဖြားမှုကို မခံရအောင် နေရမယ်။ ထိန်းရမယ်တဲ့။ မိန်းမသားရဲ့ လှည့်ဖြားမှုကို ရှောင်နိုင်ပေမယ့် အာရုံငါးပါးနှောင့်ယှက်မှု မခံရအောင် ထိန်းဖို့တော့ မလွယ်လှဘူး။

နောက်တစ်ချက်က ပုထုဇဉ်မှန်ရင် မရသေးတာ လိုချင်တဲ့ ဣစ္ဆာ၊ ရပြီးသားကို မရောင့်ရဲနိုင်တဲ့ လောဘစိတ်ရှိတတ်တယ်။ ဖြစ်တတ်တယ်။ ဒီမိစ္ဆာဇီဝကြောင့် ဖြစ်တဲ့ ပစ္စယာတဏှာကို စွန့်ရပါမယ်။ ဆိုလိုတာက အလိုနည်းမှု၊ ကိလေသာစိတ်ကြောင့် ပူပန်စိတ် ထားမှု ကင်းရပါမယ်။

အဲ. . . မောနေယျ ပဋိပတ်ကျင့်သူဟာ လူ့ရပ်လူ့ရွာမှာ မနေရပါဘူး။ လူသူကင်းရှင်းတဲ့ တောတောင်ထဲမှာပဲ တစ်ကိုယ်တည်း လောကုတ္တရာစျာန်နဲ့မွေ့လျော်နေရပါမယ်။ ရိုးရိုးသားသား ဝန်ခံရရင် ဒီအကျင့်ကို ကျွန်ုပ်မစွမ်းဆောင်နိုင်တာ အမှန်ပါ။ ပြောရရင် ကျွန်ုပ်ရဲ့ ပင်ကိုစိတ်ထား ပျော့ညံ့မှုကြောင့်ပါပဲ။ ဆိုလိုချင်တာက ဝေနေယျသတ္တဝါတွေအပေါ် ကျွန်ုပ်စာနာတယ်။ ဘုရားရှင် သက်ရှိထင်ရှား ရှိချိန်ဖူးတွေ့ချင်သူ။ တရားဓမ္မနာကြားချင်သူတွေကို ကျွန်ုပ်ကူညီချင်တယ်။ တရားစစ် တရားမှန်နာပြီး ကျွတ်တမ်းဝင်စေချင်တယ်။ ဒီစေတနာကြောင့် လောကဝတ်ဆောင်ပေးလေတော့ ဒါယကာ၊ ဒါယကာမတွေရဲ့ ချစ်ခင်ကျွမ်းဝင်မှု ခံရတယ်။ ကျွန်ုပ်အပါး ဝင်လာမစဲ တသဲသဲရှိတဲ့ ဒါယကာတွေကို သံယောဇဉ်မဖြတ်နိုင်ဘူး။ ဒါ့ကြောင့်လည်း မူတင်အကျင့်မြတ်ရှိတဲ့ အရှင်မဟာကဿပ ကိုယ်တော်ကြီးက အတိုင်းအရှည်

မသိတဲ့ သူငယ်လေးလို့ပင် အပြစ်တင် ခံရပါတယ်။ မောနေယျအကျင့်ထဲက ဒီအကျင့်ကို ဆောင်ဖို့ ကျွန်ုပ် ခက်ခဲတာ အမှန်ပါ။

ပိုဆိုးတာက မောနေယျအကျင့်ကျင့်သူဟာ လူသူပရိသတ်နဲ့ မရောနှောရဘူး။ မဟောပြောရဘူး။ တောအရပ်မှီးပြီး သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်ရိပ်မှာ မလျောင်းမစက် တစ်ဝက်ထိုင်တဲ့အကျင့်နဲ့ ထာဝရနေရမယ်။ တောထဲတောင်ထဲ နေဖို့ဆိုတာက ကြိုးစားရင် ဖြစ်နိုင်ပေမယ့် မလျောင်းမစက်နေဖို့ဆိုတာ မလွယ်တဲ့ကိစ္စပါ။

နောက်ရှိသေးတယ်။ မောနေယျအကျင့်ကျင့်သူဟာ ရွာ ကိုဝင်ရင်လည်း ကမ္ဘာ့ဒွန်းတရား၌သာ အာရုံပြုထားရမယ်။ ဆွမ်းစားပင့်ရင်လည်း လက်မခံရဘူး။ ကိုယ့်အတွက် ရည်ရွယ်ဆောင် ကြဉ်းလာတဲ့ ဆွမ်းကိုလည်း လက်မခံရဘူး။ ပြီးတော့ နိမိတ်ပြပြီး အစားအစာနဲ့ အဝတ်တန်ဆာရှာဖွေခြင်း မပြုရဘူး၊ ဒီသဘောဆောင်တဲ့ စကားကိုပင် မဆိုရပါဘူး။

မောနေယျအကျင့်ရှိသူ ပုဂ္ဂိုလ်ဟာ သပိတ်ပိုက်ပြီးသွားရင် အနည်းငယ်လှူလို့လည်း မရှုတ်ချရဘူး၊ ဘယ်ပုံစံနဲ့လှူလှူ လှူသူ ကို မထေမဲ့မြင် မပြုရဘူး။ လှူတဲ့ပစ္စည်းပေါ်မှာလည်း ဒါလေးရတာ ကောင်းတယ်၊ ဒါကတော့ မကောင်းဘူး၊ ဆိုလိုတာက ရ၊ မရဖြစ်ခြင်းအပေါ်မှာ ဖောက်ပြန်တဲ့ စိတ်မရှိရပါဘူး။

အင်း. . . မောနေယျအကျင့်နဲ့ပတ်သက်လို့ပြောရရင် မကုန်နိုင်ပါဘူး။ အင်မတန် စိတ်ကျဉ်းကျပ်ဖို့ ကောင်းတယ်။ သာမဏာဟာ သာမဏေစိတ်အပြည့်အဝရှိပြီး လောကုတ္တရာ ဈာန်ချမ်းသာ အပြည့်အဝခံစားရအောင် ပညတ်ထားတာပါ။ သာမန် စိတ်ထား၊ သာမန်ယုံကြည်ချက်၊ သာမန်လုံ့လနဲ့ ကျင့်ဖို့မလွယ်တဲ့ ကိစ္စပါ။ ဒီအကျင့်ကို အရှင်နာဋကမထေရ် ကျင့်နိုင်ခဲ့တယ်။

အရှင်နာဋကဟာ ဘုရားရှင်ထံက ဒီအကျင့်ကိုတောင်းပြီး အပြင်းအထန်ကျင့်တယ်။ တစိုးတစိ ချိုးဖောက်ဖို့တောင် စိတ်မကူးဘူး။ ရွာတစ်ရွာဝင်ရင် နှစ်ရက်မနေဘူး။ တစ်တောမှာ တစ်ရက်သာ သီတင်းသုံးတယ်။ သစ်ပင်ကို မှီပြီးလျောင်းခြင်း၊ စက်ခြင်းမပြုဘဲ အမြတ်ဆုံးအကျင့်နဲ့ နေသွားလို့ ခုနစ်လသာအသက်ရှည်ပြီး တစ်ခုသော တောင်နံရံကိုမှီ၊ ဘုရားရှိရာမှန်း လက်အုပ်ချီရင်း ပရိနိဗ္ဗာန်ပြုသွားတယ်။ အဲ. . . မန္တျအကျင့်သာ ကျင့်မယ်ဆိုရင် ခုနစ်နှစ်နေရမယ်။ မုဒခေါ်တဲ့ လျော့သောအကျင့်ကျင့်ရင် ဆယ့်လေး နှစ်နေရမယ်။ အရှင်နာဋကဟာ မြတ်သောအကျင့် ကျင့်ဆောင်လို့ ခုနစ်လသာ ကြာခဲ့တယ်။ အင်း. . . ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေအနေနဲ့ ခန္ဓာဝန်ဆောင်ရတဲ့ ဒုက္ခကိုသိတော့ ခန္ဓာဇာတ်သိမ်းဖို့သာ လိုရင်းအဓိကမဟုတ်လား။

* * *

နာဠကမထေရ်က သာမန်ပုဂ္ဂိုလ်မဟုတ်ပါဘူး။ ကျွန်ုပ် ချီးကျူးတာ အဲဒီအချက်ကြောင့်လည်း ဖြစ်တယ်။

ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန ကျွန်ုပ် ဦးရီးတော် ကိုးကွယ်တဲ့ ကာဠဒေဝိလရသေ့ဆိုတာ ရှိတယ်။ သမာပတ်ရှစ်ပါးနဲ့ အဘိညာဉ်ငါးပါးရတဲ့ ပုဂ္ဂိုလ်ထူးပါ။ ရှေ့ကမ္ဘာလေးဆယ်မြင်နိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်၊ နောက်ဘဝလေးဆယ်ထိသိတဲ့ အနာဂတံသဉာဏ်ရခဲ့သူပါ။ ဘုန်းတန်ခိုးပြည့်စုံလို့ မင်းအိမ်ဆွမ်းခံကြွ၊ တစ်ခါတစ်ရံတော့ ဟိမဝန္တာကိုသွား၊ မကြာခဏလည်း စတုမဟာရာဇ် တာဝတိံသာနတ်ပြည်ကြွကာ နေသန့်တော်မူတယ်။ အဲ့ဒီကာဠဒေဝိလရသေ့ဟာ နာဠကရဲ့ ဦးရီးတော်ပါ။

မျိုးရိုးအရည်အသွေး ပိုပေါ်လွင်အောင် ပြောရရင် ကာဠ ဒေဝိလဟာ ဘိုးတော်သီဟနုမင်းရဲ့ ပရောဟိတ်ကြီးရဲ့သား။ အမည်က အသိတ။ အသိတဟာ ဦးရီးတော်သုဒ္ဓေါဒနငယ်စဉ်က အတတ်ပညာသင်ပေးရတဲ့ ဆရာပဲ။ ဦးရီးတော်မင်းဖြစ်တော့ ဆရာအသိတကို ကာဠဒေဝိလဆိုတဲ့ အမည်နဲ့ ပဏ္ဍိတ်ခန့်ခဲ့တယ်။

ဒီနေရာမှာ ကြားဖြတ်ပြောရဦးမယ်။ ဒီလိုဖြတ်ပြောရတာက စကားလိပ်ပတ်လည်စေချင်လို့ပါ။ ဒီလို. . . ဒီလို။ ကျွန်ုပ်တို့ သကျသာကီဝင် မင်းမျိုးတို့ရဲ့ သဘောက ဘိသိက်ခံတဲ့ အချိန်ကစပြီး မိဘနှစ်ပါးကလွဲလို့ ဦးညွတ်ရှိမခိုးရဘူး။ အမျိုးမာန်၊ ဇာတိမာန် လို့ပြောရမှာပေါ့။ အဲဒါက ကာဠဒေဝိပရသေ့ဖြစ်စေတဲ့အချက်ပဲ။

ဦးရီးတော် သုဒ္ဓေါဒနမင်းဖြစ်တော့ ဆရာရင်းကာဠဒေဝိလကို ပစ္စည်းပရိက္ခာအရ ထောက်ပံ့ပေးမယ့် ရှေးကလို ရှိမခိုးတော့ဘူး။ သင်းကမင်းဆိုတဲ့မာန်နဲ့ ငါ့ကို ရှိမခိုးတော့ဘူး။ ဆရာဆိုတဲ့ ဂုဏ်ကိုတောင် မရှိသေတော့ဘူး။ အေး. . . နေဦး။ ဒီမင်း ရှိခိုးလာစေရမယ်။ ရှိခိုးရအောင် ငါရဟန်းပြုမယ် ဆိုတဲ့အကြံနဲ့ မင်းကြီးကို ခွင့်ပန်ခဲ့တယ်။

ဆရာသခင် ခွင့်တောင်းတာကို မလိုက်လျောချင်ပေမယ့် ကောင်းတဲ့အလုပ်ဆိုတော့ မတားသာဘူးပဲ့လေ. . . ဒါနဲ့ခွင့်ပြုပြီး "အရှင်ရဟန်းပြုချင်စိတ်ရှိရင် ပြုပါ၊ ဒါပေမယ့် မင်းဥယျာဉ်မှာပဲ သီတင်းသုံးပါ" လို့ တောင်းဆိုခဲ့တယ်။ ဒါကို ကာဠဒေဝိလကလည်း လက်ခံခဲ့တယ်။

ရဟန်းဝတ်တဲ့ ရည်ရွယ်ချက် နည်းမမှန်ပေမယ့် တကယ်တမ်းရဟန်းပြုတော့ သမိထ၊ ဝိပဿနာ အလုပ်ကို ကြိုးကြိုးကုတ်ကုတ် အားထုတ်ခဲ့တယ်။ ဒါကြောင့် တန်ခိုးအဘိညာဉ်ရတဲ့ ရဟန်းဖြစ်ခဲ့တယ် ဆိုပါတော့။

အဲ. . . ကျွန်ုပ်တို့ရဲ့ နောင်တော်ဘုရားဖွားမြင်ချိန်မှာ ကာဠဒေဝိလ တာဝတိံသာ နတ်ပြည် ရောက်နေတယ်။ ဒီအချိန်မှာ နတ်ဒေဝါတာတွေက အုတ်အောင်သောင်းနင်းပြောနေသံကြားရတယ်။

"လူ့လောကမှာ ဘုရားပွင့်ပြီ။ ငါတို့တစ်တွေ ဘုရားရှင်ကို ဖူးတွေ့ရတော့မယ်. . . တရားစစ်၊

တရားမှန်ရတော့မယ်။ ဘုရားရှင်က သာကီဝင်သုဒ္ဓေါဒနမင်းရဲ့ ကြင်ရာတော် မာယာဒေဝီက ဖွား
ပြီ. . . . ”

အဲသလို တစ်ယောက်တစ်ခွန်း ဝမ်းပန်းတသာပြောနေတာ ကြားတော့ အကျိုးအကြောင်း စုံစမ်းတယ်။ ဘုရားအလောင်းဖွားပြီဆိုတဲ့ သတင်းကြားလိုက်ရတော့ ရင်ထဲပြောမပြတတ်အောင် ဝမ်းသာသွားတယ်။ ဒါနဲ့နတ်ပြည်က ပြန်ဆင်းပြီး သုဒ္ဓေါဒနဘုရင်ရဲ့ နန်းတော်ထဲ ချက်ချင်းဝင်ခဲ့တယ်။

ဆရာရသေ့ ကြွလာတာမြင်တော့ ဦးရီးတော်သုဒ္ဓေါဒနေ သိပ်ဝမ်းသာသွားတယ်။ ထီးမွေနန်းလျာ မင်းသားမွေးဖွားလို့ ဂုဏ်ယူချင်တာလည်း ပါရဲ့။ ဒီလူသားကို လူလားမြောက်အောင်မွေး၊ ယောကျ်ားတို့တပ်အပ်တဲ့ အဋ္ဌာရသဆယ့်ရှစ်ရပ်လည်း သင်ဖို့ ဆရာရင်း ကာဠဒေဝိလကိုပဲ အားကိုးချင်တယ်။ လူစွမ်းလူစ ရှိတဲ့ မင်းသားဖြစ်အောင် လေးကျွန်းသနင်းပြည့်ရှင်မင်းဖြစ်အောင် သွန်သင်ဖို့ သူ့ဆရာကိုပဲ ပုံအပ်ချင်တဲ့ စိတ်ရှိနေတယ်။ မျှော်တုန်းရောက်လာလို့ တကယ့်ကို ပီတိဖြစ်နေတယ်။ ဝမ်းသာသွားတယ်။

ဒါနဲ့ ခရီးဦးကြို နေရာထိုင်ခင်းပေး၊ ပဋိသန္ထာရ စကားပြောရင်း ဆရာ့အရိပ်အကဲ စောင့်နေတယ်။ ကာဠဒေဝိလလည်း တာဝတိံသာက ကြားခဲ့တဲ့ သတင်းမှန်မမှန် သိချင်နေတော့ “အရှင်မင်းကြီး သားရတနာဖွားတယ်ဆိုတာ ဟုတ်လား” လို့မေးရော။ ဆရာတပည့်နှစ်ယောက်က ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် ကြည်နူးနေတော့ ပြချင်သူနဲ့ ကြည့်ချင်သူ အလိုက်သင့်ဖြစ်သွားတာပေါ့။

ဒါနဲ့ ဘုရင်သုဒ္ဓေါဒနေက သားတော်ကိုချီယူ၊ ရင်ခွင်ထက် မှာထားပြီး ဆရာကိုပြတယ်။ ရက်သားသာရှိသေးတဲ့ သားရဲ့ လိမ္မာယဉ်ကျေးမှု၊ သိတတ်မှုကို ပြချင်လို့ လက်နှစ်ဖက်ဆွဲယူပြီး ဦးတင်လေဟန်ပြုတယ်။

အမှားအမှန်ကိုမသိ၊ ဝေဖန်တတ်မှု မရှိသေးတဲ့ ဦးရီးတော်ရဲ့ အပြုအမူဟာ တကယ့်မဟာအမှား ကျူးလွန်လိုက်တာပဲ။ ဘာပြုလို့လဲဆိုတော့ နောင်တော်ဖွားချိန်မှာ အဂ္ဂေါဟမသ္မိလောကဿ. . . ဇေဋ္ဌော ဟမသ္မိလောကဿ. . . သေဋ္ဌောဟမသ္မိလောကဿလို့ သုံးခွန်းသောစကားကြုံးဝါးခဲ့တယ်လေ။ လောကမှာ အမြတ်ဆုံး၊ အမြင့်ဆုံး၊ အကြီးအကျယ်ဆုံး ပုဂ္ဂိုလ်ဟာ သာမန်ပုဂ္ဂိုလ်ကို ဦးညွှတ်ရမလား. . .။ ရက်သားသာရှိသေးတဲ့ နောင်တော်ဘုရားရဲ့ ခြေအစုံဟာ စက်ရဟတ်နှယ်ပျံတက်ပြီး ရသေ့ရဲ့ ဦးခင်းထက်မှာ ရပ်ပြတော့တာပဲ။

ဖခင်ဘုရင်သုဒ္ဓေါဒန ဦးခိုက်နေတဲ့ ဆရာရသေ့ခေါင်းထက် ခြေစုံရပ်ပြတဲ့ သားကိုမြင်တော့ အံ့ဩဘနန်းဖြစ်ရော။ ရသေ့ဟာ ကာဠဒေဝိလလည်း မနေသာတော့ဘူး။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဆိုတဲ့ အသိဝင်လာတာနဲ့ လက်ဆယ်ဖြာမိုး ရှိခိုးတော့တာပဲ။ ဆရာရသေ့ ရှိခိုးတာမြင်တော ဦးရီးတော်လည်း ဘယ်နေသာတော့မလဲ။ ရှိခိုးရတာပေါ့။ အဲဒါသား ဘုရားအလောင်းကို ဖခင်ဘုရင်ကြီးဦးဆုံးရှိခိုး တာပါပဲ။

ဒါနဲ့ ကာဠဒေဝိလဟာ နောင်တော်ရဲ့ လက္ခဏာကြီးငယ် ကို သေသေချာချာ လေ့လာလိုက်တယ်။

တစ်ရာ့ရှစ်ပါးသော စက်လက္ခဏာနဲ့ ထူးခြားတဲ့အသွင်ကို မြင်တာနဲ့ ဧကန်ဘုရားဖြစ်မယ် ဆိုတာ သိလိုက်တော့ "ငါ သိပ်ကံထူးတာပါလား. . . ကြံုတောင့်ကြံုခဲ၊ ဖူးရခဲတဲ့ ဘုရားရှင်ကို ဖူးရတော့မှာပါလား"ဆိုပြီး ဝမ်းပန်းတသာ ရယ်စဉ်မှာပဲ "ငါအသက်ကြီးလှပြီ. . . မီးစာကုန် ဆီခန်း တဲ့အချိန်ရောက်နေပြီ။ ဘုရားအလောင်းက ခုမှဖွားမြင်စ ကလေးသာရှိသေးတော့ ဖူးခွင့်ရပါဦးမလား"လို့ တွေးမိတယ်။ နောင်ဖြစ်မယ့် အနေအထားကို ကြိုမြင်တဲ့တန်ခိုးရှင်ဆိုတော့ ဆင်ခြင်လိုက်တဲ့အခါ သူ့ရဲ့အာယုပရိစ္ဆေဒဟာ ဘုရားမဖြစ်ခင် ကုန်လွန်ပြီး အရူပဘုံမှာ ဖြစ်ရမှာ သွားတွေ့တယ်။ ဒီတော့ ကိုယ်စိတ်ကို မထိန်းနိုင်ဘဲ ငိုချလိုက်ပြန်ရော. . .။

ကာဠဒေဝိလရဲ့ အပြုအမူမြင်တဲ့ ဦးရီးတော်ဟာ စိုးရိမ်သွားတယ်။ သူ့ဆရာရဲ့စွမ်းရည်သိနေတော့ သားအတွက်ကြောင့် ကြတာပေါ့လေ. . .။ အကျိုးအကြောင်း မေးတဲ့အခါ ဆရာရသေ့ အဖြစ်ကိုသိပြီး စိတ်မကောင်းခြင်း ဖြစ်ရတယ်။

ကဲ. . . ဒါတွေ ထားပါတော့။ လိုရင်းပြောရရင် ကာဠဒေဝိလဟာ သူမဖူးရပေမယ့် ဖူးခွင့်ရထိုက်၊ ကြုံခွင့် ကျွတ်ခွင့်ရထိုက်သူ ရပါစေတော့ဆိုပြီး သူ့တူနာဠကဆီကို သွားတယ်။ နှမဖြစ်သူ မာတန္တီ ပုဏ္ဏေးမနဲ့တူကိုခေါ်ပြီး သေသေချာချာမှာတယ်။

"ဒီမယ် ငါ့တူ၊ ဟောဒီဇမ္ဗူဒိပ်မှာ ဘုရားပွင့်ဖို့သေချာပြီ။ ဘုရင်သုဒ္ဓေါဒနရဲ့ သားသိဒ္ဓတ္ထမင်းသားဟာ နောင် ၃၅ နှစ်မှာ ဘုရားဧကန်ဖြစ်မယ်။ အဲဒီတော့ ငါ့တူဘာမှ ကြောင့်ကြမနေနဲ့။ ခုချက်ချင်းပဲ ရဟန်းဝတ်။ ဘုရားရှင်ထံက တရားထူး တရားမြတ်နာယူ၊ ချမ်းသာရာ အထွတ်အထိပ်ဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကြိုးစားတော့"

ဒီစကားကြားရတာနဲ့ ရှေးဆုတောင်းရှိပြီး ပါရမီအခံရှိတဲ့ နာဠကဟာ ဘုရားရှင်ကို ရည်မှန်းရဟန်းပြုတော့တာပဲ။ နာဠကဟာ သာမန်စည်းစိမ်ရှင်မဟုတ်ဘူးနော်။ ရှစ်ဆယ့်လေးကုဋေရှိတဲ့ ပစ္စည်းပိုင်ဆိုင်သူ သူဌေး။ ဒီစည်းစိမ်နဲ့ ဇနီးမယားကို စွန့်ခဲ့တယ်။ လောကီအာရုံ ကာမဂုဏ်ထက် နိဗ္ဗာန်ချမ်းသာကိုသာ စွန့်လွှတ်ခြင်းဟာ သာမန်စွန့်လွှတ်မှု မဟုတ်ဘူး။ ဒီလိုချမ်းသာတဲ့ ပုဂ္ဂိုလ်ဟာ ခက်ခဲဆင်းရဲတဲ့ မောနေယျ ပဋိပတ်အကျင့် ကျင့်နိုင်တာလည်း တကယ့်ကို ချီးကျူးဖို့ကောင်းတယ်။ တော်ရုံ၊ တန်ရုံပုဂ္ဂိုလ်ကျင့်ဖို့ လွယ်မလား။

အဲလေ. . . တစ်သာသနာမှာ တစ်ပါးတည်းပေါ်နိုင်တဲ့ မောနေယျပုဂ္ဂိုလ်ဟာ ရှာမှရှားတဲ့ ပုဂ္ဂိုလ်ထူးပါ။ နောင်တော်ဘုရား လက်ထက် ပေါ်ထွက်လာသူက နာဠကပါပဲလေ။ ။

**ကျမ်းကိုး**

**-ကျိုးသဲလေးထပ်ဆရာတော်၏ ဇိနတ္ထပကာသနီကျမ်း (ပ-တွဲ)**

# ဝုဒ္ဓထယ်ဝါ့ဘုရား



# ဗုဒ္ဓကယ်ပါဘုရား

မီးတကာ့မီးတွင် သောကပရိဒေဝကြောင့် တောက်လောင်တဲ့မီးလောက် အဘယ်မီးမျှ ပူပြင်းလိမ့်မည်မထင်။ ရင်တစ်ခုလုံး မီးဟုန်းဟုန်းတောက်နေပြီ။ ဝမ်းထဲက ကလီစာတွေအားလုံး အကောင်းပကတိ မရှိနိုင်တော့ပြီ။ လောင်မြိုက်မှုဒဏ်ကြောင့် အသည်းနှလုံး၊ ကျောက်ကပ်၊ အဆုတ်တွေဟာ မီးသွေးတုံးဖြစ်ရုံမက၊ ပြာမှုန့်ဘဝရောက်ပြီး လွင့်ပျောက်သွားလေပြီလားမသိ။ ရင်တစ်ခုလုံး ဟင်းလင်းပြင်ကြီးဖြစ်နေပြီ။

"အလိုလေးလေး ပူလောင်လှချည့်ရဲ့။ ခံရခက်ပါဘိ။ အရှင်လတ်လတ် ငရဲခံနေရတာလား ရှင်တို့ရယ်. . . "

အံ့ကြိတ်ကာ စိတ်ထဲကရေရွတ်ရင်း နီးရာရေခွက်ကောက်ယူပြီး ခေါင်းမှ ဖိလောင်းချမိတယ်။ ကျုပ်ရဲ့ အပြုအမူကြောင့် ဟယ်ခနဲ အံ့အားတသင့် ရေရွတ်သံကြားလိုက်ရတယ်။ ကျုပ်ဘာကိုမှ အမှုမထားနိုင်တော့ဘူး ကိုယ့်အပူမှ မသိတာကိုး။ ခံစားနေရတဲ့ အပူဒဏ်ကို မှန်းဆသာကြည့်။ ရေခွက်ကောက်လောင်းလိုက်တဲ့ ကျုပ်ကိုယ်ကမီးကို ရေနဲ့ဖြန်းလိုက်တဲ့အခါ အသံမြည်သလို ရှဲခနဲမြည်လာတယ်။ အဲသလောက်ကိုး. . .။

"ဟဲ့ . . . ကြည့်မနေကြပါနဲ့. . . ငါ့ကို ရေနဲ့သာ လောင်းပေးကြပါ။ တစ်ကိုယ်လုံး ရွှဲနစ်အောင် လောင်းကြစမ်းပါ။ ငါ မခံနိုင်တော့ဘူး။ ပူလွန်းလို့ သေရတော့မယ်။ ကယ်ကြပါ. . . . "

ကျုပ်ဒီစကားကို နှုတ်ကမပြောနိုင်ဘူး။ လက်ဟန်ခြေဟန်နဲ့ အချက်ပြမိတယ်။ အကင်းပါးတဲ့ အလုပ်အကျွေးတွေက နီးရာရေအိုးတွေ ပြေးမပြီး ခေါင်းကဖြိုလောင်းပေးတယ်။ တစ်အိုး၊ နှစ်အိုး၊ သုံးအိုး။ အိုးဘယ်လောက် လောင်းပေးမှန်းမသိ။ ခံစားရတဲ့ ဝေဒနာက သက်သာတယ်မရှိ။ ,

“အို. . . မြတ်သောအရှင်တို့။ ဘုရားတပည့်တော်မဒုက္ခ ကို ဒီအတိုင်းပဲ ကြည့်နေတော့မှာလား ဘုရာ့။ တပည့်တော်မဝိသာခါဟာ ကိုယ်တော်တို့ကို အမြဲအလုပ်အကျွေးပြုနေတဲ့ ပုဗ္ဗာရုံကျောင်းအစ်မ ကြီးပါ။ ဒီကျေးဇူးကို ထောက်ထားတဲ့အနေနဲ့ တပည့် တော်မဒုက္ခကို ဖယ်ရှားပေးကြပါ အရှင်တို့”

ကျုပ်ဟာ အသုဘကမ္မဋ္ဌာန်းတရားပေးပြီး ပြန်ကြွတော့ မည့်ဟန်ပြင်နေတဲ့ ကိုယ်တော်တွေရှေ့မှာ လှဲချလိုက်တယ်။ ကိုယ်တော်တို့ရဲ့ ခြေအစုံကို ခေါင်းနဲ့ အထပ်ထပ်တိုက်ပြီး တောင်းပန်တိုးလျှိုးမိတယ်။ ကျုပ်ကန္နေ့ပျက်လောက်အောင် တောင်းပန်ပေမယ့် ကိုယ်တော်တို့နှုတ်က တစ်ခွန်းတည်းသော စကားသာ တုံ့ပြန်လာပါတယ်။

“သည်းခံတော့ ဒါယိကာမကြီး”

* * *

သည်းခံတဲ့လားဘုရား. . . မိန့်ရက်ပါပေ့ကိုယ်တော်တို့ရယ်. . . .။ ဘုရားတပည့်တော် ဘယ်လိုလုပ်သည်းခံနိုင်မလဲ ဘုရား။ အရှင်တို့ စဉ်းစားကြည့်စမ်းပါ။ ဒီမြေးလေးဟာ တပည့်တော်ရဲ့ အချစ်ဆုံးမြေးလေးပါ။ မြေးအလိမ္မာလေးပါ ဘုရာ့။

အရှင်ဘုရားတို့ သိမှာပါ။ အခုကွယ်လွန်သွားတဲ့ မြေးလေးဟာ တပည့်တော်မ ဘုရားကျောင်းလာ တိုင်းပါလေ့ရှိတယ် ကလေးမလေးလေ။ တပည့်တော်မှာ သားဆယ်ယောက်၊ သမီးဆယ်ယောက် ရှိပါတယ်။ အဲဒီသားသမီးတွေက သားသမီးနှစ်ဆယ်စီ မွေးဖွားကြတယ်လေ. . .။ မှန်တာလျှောက်ရရင် မြေးလေးရာရဲ့ ဘွားအေကြီးပါ။ ဒီလောက်များတဲ့ မြေးတွေထဲမှာ တပည့်တော်နဲ့ သဘောသဘာဝအတူ ဆုံး၊ ဘာသာတရား ကိုင်းရှိုင်းမှုမှာ အထူးခြားဆုံး မြေးလေးမို့ တပည့်တော်မ အချစ်ဆုံးလေးပါဘုရာ့။

အရှင်ဘုရားတို့လည်း တွေ့နေပါတယ်။ တပည့်တော်မ မြေးလေးဟာ ဘွားအေနဲ့ ဖဝါးခြေထပ် ကပ်ပါနေသူလေးပါ။ နံနက် အရုဏ်ထလာမလား. . . သင်းလေးက ဆွမ်းအုပ်ရွက်၊ ဖွားအေလက်ဆွဲပြီး ရှေ့ကခေါ်တယ်။ နေ့လယ်ဆွမ်းပို့တော့လည်း သင်းလေးပါတာပဲ။ ညနေပိုင်းမှာ အဖျော်ယမကာ ဆက်ကပ်ဖို့ ဖြစ်ဖြစ်၊ ပန်းဆီမီးပူဇော်ဖို့ ဖြစ်ဖြစ် လာပြီဆိုရင် သူလိုက်တာပဲ။ ကျောင်းတော်ကို တစ်နေ့ သုံးခါလောက်လာလာ ဘယ်နှခေါက်လာလာ နောက်မှ အမြဲကပ်ပါနေသူပါ။ ကိုယ်တော်တို့ တွေ့ပါတယ်။

တစ်ခြားမြေးတွေ အလှည့်ကျ လိုက်ချင်လိုက်မယ် သူကတော့ အမြဲပါနေလို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး နဲ့တောင် မျက်မှန်းတန်းမိနေတာလေ. . . ။

အခု ဒီမြေးက ဘွားအေကြီးကို စွန့်ခွာသွားပြီ ဘုရား. . . ။ တပည့်တော်မ ကျောင်းသွားကာနီးရင် ယောဂီလုံချည် ယူပေးတာ သူဘုရား။ ပိုးအင်္ကျီ ပိုးလုံချည်ကို လဲခိုင်းပြီး "အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ဖို့ မတော်ဘူး ဘွားဘွားရဲ့ အဖိုးတန်ပစ္စည်းတွေ ဆင်ယင်သွားဖို့ မသင့်ဘူး ဘွားဘွားရဲ့။ ဘုရားရှင်က ပကာသန၊ အဆောင်အယောင်ကို ပစ်ပယ်တာလဲ သိသားနဲ့ အဲဒါတွေကိုလဲလိုက်နော်. . . " လို့ လူကြီးတစ်ယောက်လို ပြောတတ်သူလေးပါ။ တစ်ခါတစ်ခါ အိမ်မှုကိစ္စတွေနဲ့ လုံးချာလည်ပြီး ကျောင်းသွားဖို့ မေ့နေရင်လည်း သတိပေးတတ်တာ ဒီမြေးလေးပါ။ ဘုရားရှင် ကို ကြည်ညိုစိတ်ရှိတာ တပည့်တော်မနဲ့ ထပ်တူပါပဲ။ သဒ္ဓါတရား လွန်ကဲပုံကလည်း ဘွားအေကြီးနဲ့ တစ်ထပ်တည်းပါ။

အို. . . အရှင်တို့။ အဲဒီကလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်သွားပြီလေ. . . ။ ဒီလို လိမ္မာတဲ့ မြေးလေးကို တပည့်တော်မ ဘယ်မေ့ရက်မလဲ။ ဘယ်ပုံ သံယောဇဉ်ဖြက်ရမလဲ။ ရှင်သေမင်းက ဘယ်အငြိုး နဲ့ စောစောစီးစီး ခေါ်သွားရလဲ။ တပည့်တော်မလို သက်ကျားအိုကြီးကို ခေါ်ဖို့တော့ သတိမရဘဲ အရွယ် မရောက်သေးတဲ့ ဒီကလေးကိုမှ ရွေးခေါ်ရတယ်လို့။ ရက်စက်လိုက်တာ သေမင်းရယ်. . . ။

အို. . . အရှင်တို့။ တပည့်တော်မကို တရားပြပေမယ့် ရင်ကွဲမတတ် ခံစားနေရတဲ့ ဝေဒနာကြောင့် တရားကို မမြင်နိုင်တော့ပါ။ မဆင်ခြင်နိုင်တော့ပါဘူး ဘုရား။

မှန်ပါအရှင်တို့။ ဘုရားရှင်ဟောတဲ့ မမြဲတဲ့တရားကိုလည်း သိနေပါတယ်။ ဆင်းရဲခြင်းတရား ကိုလည်း နားလည်ပါတယ်။ ဒီခန္ဓာကိုယ်ဟာ ငါ့ဟာမဟုတ်။ ငါအစိုးမရဆိုတာလဲ တွေးမိပါတယ်။ ဒါပေမယ့် ဒါကို အလိုလို မေ့ပစ်ခဲ့ပြီ ဘုရား။ ခုအချိန် မှာတော့ တပည့်တော်မ တစ်ကိုယ်လုံး မီးတွေလောင်မြိုက်နေလို့ ဘာဆိုဘာမှ မဆင်ခြင်နိုင်တော့ပါဘူး။

* * *

"မယ်မင်း. . . သတိလဲထားဦးမှာပေါ့. . . မယ်မင်းလို ဘုရားရှင်ရဲ့ တကာမအရင်းတစ်ယောက် က ဒီလောက်သတိလက်လွတ် မဖြစ်သင့်ဘူးလေ"

ကျုပ်ခင်ပွန်း ပုဏ္ဏဝဒ္ဓနက သိုင်းပွေ့ထားရင်း တိုးတိုးညင်းညင်း သတိပေးတော့ ခင်ပွန်းသည်

မျက်နှာကို တစ်ချက်စိမ်းစိမ်းလေး ကြည့်လိုက်တယ်။ ဟင်. . . သင်းက ဘာမှမဖြစ်သလိုပဲ။ မြေးတစ်ယောက် ဆုံးရှုံးတာ ပိုးနဲ့သာကောင် ခြေတစ်ဖက် ပြုတ်သလောက်ပဲ တွေးလားမသိ။ ခံစားမှုမရှိ ပူပင်ရမှန်းမသိတဲ့ သင်း ရဲ့ရင်အုံကို စုံထုပစ်လိုက်ချင်တယ်။

"ဖြစ်သမျှ ပျက်ရတယ်။ မွေးလာရင် သေရမယ်။ မဖြစ်မနေသွားရမယ့် ဒီလမ်းကို မသွားစေလိုတဲ့ သဘောနှင့် တားမရဘူး။ တားဖို့ကြိုးစားရင် အဲဒီလို အာသဝအားပြင်းရင် ပြင်းသလောက် ခံစားရတယ်လို့ ဘုရားရှင်ဟောထားတယ်မို့လား ရှင်မရယ်. . . "

အမယ်. . . သင်းက လူတတ်ကြီးလုပ်ပြီး တရားပြနေပြန်ပြီ။ မနေ့တစ်နေ့ကမှ ဗုဒ္ဓနဲ့တွေ့၊ စည်းရုံးဆွဲဆောင်နိုင်လွန်းလို့ ပါလာရတဲ့လူက မိကျောင်းမင်း ရေကင်းပြနေရသေးရဲ့။ ဒါတွေက မသိဘဲနေမလား. . .။ ခုနစ်နှစ်သမီး ကတည်းက ဒီတရားနာလာရတာ နောကျေနေပြီ။ အဲ. . . နောကျေတာက နောကျေတာပဲ။ သောကပရိဒေဝမီး တောက်လောင်တာက လောင်တာပဲ။ တခြားစီ။ ဘာမှမဆိုင်ဘူး။

"မယ်မင်းလဲ စဉ်းစားလေ. . . တကယ်တော့ကိုယ်ရော၊ မယ်မင်းရော၊ ဟောဒီ သားသမီးတွေရော၊ မင်းချစ်တဲ့မြေးတွေရောဟာ သံသရာခရီးသွားတွေပဲကွ။ သွားရင်းလာရင်း မမျှော်လင့်ဘဲ ဆုံစည်းကြတယ်။ ခရီးသွားတွေ နားခိုတဲ့ဇရပ်မှာ ဝင်နားသူတွေပဲ မဟုတ်လား. . . အချိန်တန်ရင် ကိုယ့်လမ်းကိုယ် ပြန်ကြမယ်။ မပြန်ပါနဲ့လို့ တားမရဘူးလေ. . . တို့မြေးလေးက နောက်မှ ဝင်လာနားပေမယ့် စောစော ပြန်သွားရမယ့် အကြောင်းရှိနေလို့ ပြန်သွားတာပဲ ဆိုတာ မင်းမေ့နေပြီလား. . . "

ကျုပ်သိတယ်. . .။

ဒေါသဖြစ်ဖြစ်နဲ့ အဲဒီလို အော်ပစ်ချင်တယ်။ ဟုတ်တယ်လေ အလိုအာသဝကြောင့် ဒုက္ခဆင်းရဲရတာ မသိဘဲ နေမလား။ ဒါကြောင့်လည်း အလိုအာသဝမစွက်ဖက်တဲ့ သုခအတွက် လှူခဲ့တာတွေ နည်းလို့လား. . . ပုဗ္ဗာရုံကျောင်းအစ်မလို့ နာမည်တစ်လုံးနဲ့ ထင်ရှားသူပါ။ သဒ္ဓါစွမ်းအားအရာမှာ ဧတဒဂ်ရသူပါ။ ပြီးတော့ ရတနာသုံးပါးကို မမှိတ်မသုန် ယုံကြည်ထားသူပါ။ မှန်ရာကို ဝန်ခံရရင် ဘုရားတရားတော်နာပြီးကတည်းက သက္ကာရဒိဋ္ဌိနဲ့ ဝိစိကိစ္ဆ ကင်းကွာနေသူလို့ပင်ပြောနိုင်ပါတယ်။ ဒါပေမယ့် လှူရေးတန်းရေးသာအားစိုက်ပြီး ဘာဝနာအမှု လျစ်လျူရှုထားလို့ အထက်လမ်းကို မတက်နိုင်သေးတာ တော့ ထပ်ဆင့်ဝန်ခံရမယ်။ ဒါကြောင့်လည်း မြေးအတွက် ပူပင်တဲ့ သောကပရိဒေဝမီးက မငြိမ်းနိုင်သေးတာပေါ့။

ခင်ပွန်းလုပ်သူက ရင်ထဲက အပူငြိမ်းအောင် တရားပြပေမယ့် တရားမရနိုင်ပါ။ သည်အပူဒဏ် သက်သာအောင် ရေနှင့်လောင်းပေးပေမယ့် အပူဒဏ်ကမလျော့ပါ။ မျက်စိအောက်က ဖျတ်ခနဲပျောက်သွားတဲ့ မြေးလေးမျက်နှာကိုသာမြင်လျက် သုဿာန်က မခွာနိုင်အောင် ဖြစ်နေတယ်။

မြေးငယ် အသုဘလိုက်ပို့သူတွေ တစ်ယောက်ပြီးတစ်ယောက် ပြန်ကုန်သည်အထိ ကျုပ်နဲ့

ကျုပ်ကို ငဲ့ကွက်နေသူတို့က သုသာန်က မခွဲနိုင်ကြ။ မြေးငယ်ရဲ့ မြေပုံဘေးက မရွှေ့နိုင်သေး။

"ကဲ. . . ရှင်မ။ တို့ပြန်သင့်ပြီကွယ်. . ."

ခင်ပွန်းသည်က ပြောလိုက်ချိန်မှာ ကျုပ်ခေါင်းထဲ ဖျတ်ခနဲ အလင်းတန်းတစ်ခု ပြေးဝင်လာတယ်။ ရွှင်လန်းအားတက်တဲ့ အနေနဲ့ ဆတ်ခနဲ ထရပ်လိုက်တော့ ကျုပ်ခင်ပွန်းက စဉ်းငယ်ပြုံးပြီး ခေါင်းညိတ်တယ်။ နှစ်သိမ့်အားပေးတဲ့ အပြုံးပါ။

ကျုပ်ရဲ့ အပူမီးငြိမ်းနိုင်မယ့် ပုဂ္ဂိုလ်ကိုတွေ့လိုက်တော့ အားတက်လာသလိုပဲ။ ဟုတ်တယ်. . . ဒီလောကမှာ ဘုရားရှင်ကလွဲပြီး ကျုပ်အပူကိုငြိမ်းနိုင်မယ့် ပုဂ္ဂိုလ်မမြင်ဘူး။ ဒီတော့အိမ်အပြန်လမ်း ကိုစွန့်ပြီး ကျောင်းတော်ဆီဦးတည်လိုက်ပါတော့တယ်။

*　　　*　　　*

ကျုပ်စိတ်ထဲက သတိနောက်ကျလေခြင်းကို အပြစ်တင် မိတယ်။ ဟုတ်တယ်လေ. . . စောစောက ဒီအတွေးမှန် ဘယ်မှာ ငုပ်နေလဲမသိဘူး။ ငြိမ်းချမ်းရေးလမ်းညွှန်ပြနေတဲ့ဗုဒ္ဓသာ ငြိမ်းချမ်းမှုပေးနိုင်မှာပေါ့။

ဒီအချိန်မှာတော့ ဣန္ဒြေကို မဆယ်နိုင်တော့ဘူး။ ဣန္ဒြေရှင်ဝိသာခါဆိုတဲ့ နာမည်ကိုပင် မငဲ့နိုင်တော့ဘူး။ မြန်နိုင်သမျှ မြန်အောင် ခြေလှမ်းသွက်သွက်လှမ်းနေတာတောင် သတိမထားနိုင်တော့ဘူး။

"ဘယ်လိုဖြစ်တာလဲ ကျောင်းအစ်မကြီးရဲ့"

ပုဗ္ဗာရုံကျောင်း ပုရိဂုဏ်ထိပ်မှာ အရှင်အာနန္ဒာကိုယ်တော်နဲ့ ပက်ပင်းတိုးတယ်။ ကျုပ်လာမှာသိလို့ ကြိုတင်စောင့်နေတာလား. . . ဗုဒ္ဓကိစ္စ၊ ကျောင်းကိစ္စအတွက် စီစဉ်နေလို့ မရည်ရွယ်ဘဲ ဆုံမိလေသလား မသိ။ နှုတ်ခမ်းနှစ်လွှာက ပြုံးမပြ၊ မျက်လုံးအကြည့်က ကရုဏာအပြုံးနှင့် ကြိုနေမှန်းသိတယ်။

"ဘုရားရှင်ရော. . . အရှင်"

"ဂန္ဓကုဋီထဲမှာပါ ကျောင်းအစ်မကြီး၊ ကျောင်းအစ်မကြီး တွေ့ချင်ရင် တရားဆောင်က စောင့်နေပါ။ အခုပဲ သွားလျှောက်ပေးပါ့မယ်. . ."

"ကျေး. . . ကျေးဇူးပါအရှင်၊ အလျင်အမြန်တွေ့ချင်နေပါတယ်"

ကျုပ်ဟာ အရှင့်ကို ကျောခိုင်းပြီး တရားဆောင်ဆီ သုတ်ခြေတင်ခဲ့တယ်။ ကျောင်းဆောင်တစ်ခုကို ကွေ့ပတ်အထွက်မှာ အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးနဲ့ ဘွားခနဲတိုးပြန်ရော။

"ကျောင်းအစ်မကြီးမြင်ရတာ သောကတယ်ကြီးပါလား"

"မှန်ပါ. . . မှန်ပါတယ် ဘုရား"

တန်ခိုးအရာ ဧတဒဂ်ရတဲ့ အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးက ကျုပ်သောကကို တစ်အပ်သေချာ သိနေမှာပါ။ ဘုရားရှင်ကလွဲရင် တန်ခိုးအကြီးဆုံးဖြစ်တဲ့ အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးကို အပူကပ်ရင်

ကောင်လေးမလားလို့ တွေးမိသေးတယ်။ ဟုတ်တယ်လေ. . . အရှင်လည်း ကူညီနိုင်မှာသေချာတယ်။ ဒါပေမယ့် စိတ်ကူးကို ချက်ချင်းဖျက်ပစ်လိုက်တယ်။ ဘာပဲဖြစ်ဖြစ် ဘုရားရှင်ကိုသာ အပူကပ်တော့မယ်။

ရှေးအခါကတော့ ဒီလိုမသပ်မရပ်၊ ညစ်ပတ်ပေရေနေတယ်ဆိုရင် တရားဆောင်ပေါ် တက်ဖြစ်မှာ မဟုတ်ဘူး။ မြင့်မြတ် တဲ့အရှင်တွေ တရားထိုင်တဲ့ ဒီအဆောင်ကို မညစ်ပတ်စေချင်လို့ပါ။ ဒါပေမယ့် ဒီတစ်ကြိမ်တော့ အဲဒါတွေ မတွေးနိုင်တော့ဘူး။ ခန်းမဆောင်ထဲ အပြေးတစ်ပိုင်းနှင့် ပြေးဝင်သွားမိတယ်။

အရှင်အာနန္ဒာကိုယ်တော် ဘယ်အချိန်လျှောက်လို့ ဘုရားရှင် ဘယ်ပုံကြွလာတယ်မသိ။ တရားဟောပလ္လင်ထက်မှာ ရင့်ကျက်တဲ့ကြွေးနဲ့ စံပယ်နေတဲ့ မြတ်ဘုရားကို ဖူးလိုက်ရတယ်။

"အို. . . မြတ်သောဗုဒ္ဓ၊ တန်ခိုးအရာနှိုင်းစရာမရှိတဲ့ အရှင်မြတ်ဘုရား။ တပည့်တော်မကို ကယ်တော်မူပါ"

"ချစ်သမီး ဝိသာခါ၊ တစ်ကိုယ်လုံးရေစိုစွတ်ပြီး မသပ်မရပ်အနေအထားနဲ့ ဘာကြောင့်ရောက်လာတာလဲ"

ဘုရားရှင်က မေးပင်မေးသော်လည်း အကျိုးအကြောင်း သိပြီးဖြစ်မှာပါ။ သိပင်သိလျက် မေးတာကတော့ ကျုပ်လျှောက်တင်ရ မခက်လေအောင်လို့ စကားလမ်းခင်းပေးတာပါပဲ။

"မှန်လှပါ မြတ်ဘုရား၊ ဘုရားတပည့်တော်မရဲ့ အချစ်ဆုံးမြေးလေး ဆုံးပါးလို့ ဒီနေ့ပဲ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပါတယ်။ ဒီမြေးလေးဟာ အလိမ္မာပိုတဲ့အပြင် တပည့်တော်မနဲ့ စရိုက်ချင်းတူလို့ ချစ် အားပိုရသူပါ။ ကံဆိုးတဲ့ ဒီမြေးကလေးက လူ့ပြည်မှာ ကြာကြာမနေရတာ ဘုရားတပည့်တော်မ စိတ်မကောင်းဖြစ်မိပါတယ်။ ဒီအတွက် တောက်လောင်နေတဲ့မီးက ရင်တစ်ခုလုံး ကျွမ်းမတတ်ဖြစ်နေပါပြီ ဘုရား. . ."

ကျုပ်က ဘုရားရှင် သနားစိတ်ဝင်အောင် အတတ်နိုင်ဆုံး စီကာပတ်ကုံး လျှောက်တင်လိုက်တယ်။ ဘာပဲဖြစ်ဖြစ် ဘုရားရှင်က မဟာကရုဏာထားရင် ဒီမြေးလေး အသက်ပြန်ရှင်နိုင်တာပဲ။ မြေးလေးသာ အသက်ရှင်မယ်ဆိုရင် ရှိတဲ့စည်းစိမ်စွန့်ဖို့ ဝန်မလေးဘူး။ ကုန်ကုန်ပြောရရင် သူ့အဖို့ ကျုပ်လင်သားနဲ့ အစားထိုးလဲဝံ့ပါတယ်လေ။

"ချစ်သမီး ဝိသာခါ၊ သင့်မှာ သားသမီး ဘယ်နှယောက်ရှိလဲ"

"မှန်ပါ. . . နှစ်ကျိပ်ပါဘုရား"

"မြေးကရော. . ."

"မြေးက လေးရာပါ ဘုရာ့"

ကျုပ်ဖြေသာ ဖြေနေရတယ် သိပ်ဘဝင်မကျဘူး။ ဘုရားရှင်က သိနေတဲ့အကြောင်းကို ဘာလို့အဆန်းတကြယ်လုပ် မေးနေပြန်လဲ။ ဒါတွေ ဘာလုပ်မှာလဲ။ ခုကိစ္စက မြေးလေးရာထဲက မြေးမလေးကိစ္စမဟုတ်လား. . .။ ဒီမြေးလေး ဆုံးပါးသွားလို့ ခံစားရတဲ့ သောကမီး ငြိမ်းချင်လို့ ကယ်တင်ခိုင်းနေတာ

မဟုတ်လား။

ကောင်းပြီ ဝိသာခါ၊ သင့်မြေးအသက်ရှင်စေသတည်းဆိုရင် ပြီးနေတာ ဘာများ စကားတွေခဲ့လည်း မသိ။

"ချစ်သမီး ဝိသာခါ။ သင့်မှာ မြေးအမြောက်အမြားရှိနေတယ်နော်. . .။ ဒါထက်မက သာဝတ္ထိမြို့အားလုံးမှာရှိတဲ့ လူနဲ့အမျှ သားမြေးတွေရရင် မလိုချင်ဘူးလား"

"ဒီလိုသားမြေးတွေရရင် ယူချင်တာပေါ့ ဘုရား။ သားသမီးရတနာကို မက်မက်မောမော တောင့်တတတ်တဲ့ ဝိသာခါမှန်းသိရက်နဲ့ဘုရား'

ဒီအမေးကို ဘာရည်ရွယ်ချက်နဲ့ မေးခဲ့မှန်း ထိုစဉ်က မသိခဲ့ပါ။ ဒါပေမယ့် ကြောင်းကျိုးမဲ့တဲ့ စကားမိန့်လေ့မရှိတဲ့ ဗုဒ္ဓရဲ့ အလေ့အထသိထားလို့ ချင့်ချင့်ချိန်ချိန် ဖြေလိုက်ပါတယ်။ ဒီတစ်ခါ ကျုပ်ရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး တိုးတိုးညင်းညင်းချင်း မေးပြန်တယ်။

"သာဝတ္ထိမြို့မှာ တစ်ရက်လူ ဘယ်လောက်သေသလဲ ဝိသာခါ"

"အင်း . . . ဘုရားတပည့်တော် မှန်းဆရရင် တစ်နေ့ လေးငါးဆယ်ယောက်တော့ ဆုံးပါးမှာပါ။ ဒီထက်လဲ နည်းချင်း နည်းမှာပေါ့ဘုရား။ အဲ. . . လူမသေတဲ့ရက်တော့ ရှိမယ်မထင်ဘူး"

"ကောင်းပြီ ချစ်သမီး ဝိသာခါ။ သင့်စကားအရဆိုရင် အခုမေးမယ့် မေးခွန်းကို စဉ်းစဉ်းစားစား ဖြေပေတော့။ သာဝတ္ထိမြို့သားနဲ့အမျှ သားမြေးတွေလိုချင်တဲ့ သင်ဟာ ခေါင်းရေမစိုတဲ့ရက်၊ အဝတ်ရေမရွဲတဲ့ရက် ရှိပါ့မလား. . . "

"ဘုရား. . . . တင်ပါ့ဘုရား၊ အို. . . မြတ်သောဗုဒ္ဓဘုရား၊ တပည့်တော်မ ပြတ်ပြတ်ထင်ထင် မြင်ပါပြီ။ ကွဲကွဲပြားပြားသိပါပြီ"

ဒီစကားကို စိတ်လိုလက်ရဖြေလိုက်မိတယ်။ တစ်ခဏချင်းမှာပဲ ရင်ထဲက အပူလုံးကြီးပြိုကွဲပျက်စီးပြီး နှင်းရေနဲ့ဖျန်းပတ်ခံရသလို ရင်ထဲအေးမြသွားပါတယ်။ တစ်ချိန်လုံး ပူလောင်နေတဲ့ သောကမီးဟာ ဒီစကားလေးတစ်ခွန်းနဲ့ပဲ ငြိမ်းအေးသွားပါတယ်။

ကျုပ်နားလည်လိုက်ပါပြီ။ ရောဂါစွဲကပ်နေသူကို သင့်ရာဆေးတိုက်ကျွေးတဲ့ နေရာမှာ နှိုင်းဆမရအောင် ထူးချွန်တဲ့ဗုဒ္ဓကို ဆေးပါရဂူတစ်ဆူလို့တောင် ပြောလိုက်ချင်တယ်။ တကယ်ပါပဲလေ . . . ခံစားနေရတဲ့ ဝေဒနာအရင်းအမြစ်ကိုသိပြီး လူနာနဲ့ဆေးသင့်အောင် ကျွေးလိုက်ပုံကတော့ အံ့မခန်းပါပဲ။

"ရုပ်ခန္ဓာဟာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဓာတ် လေးပါးနဲ့ ဖွဲ့ထားတယ်။ ဒီလေးပါးဟာ ခန္ဓာကိုယ်ထဲမှ တစ်ကောင်နဲ့တစ်ကောင်မတည့်တဲ့ မြွေတွေလို တိုက်နေတယ်။ ဒီဓာတ်လေးပါးက ခန္ဓာကိုယ်ကို အမြဲတမ်း ညည်းဆဲနေတယ်။ အချမ်းခံရရင် အပူကိုလိုလားတယ်။ အပူကနှိပ်စက်တော့ အချမ်းကို တောင့်တတယ်။ ဆာလောင်ရင် အစာကိုတမ်းတတယ်။ ဒါဓာတ်လေးပါးရဲ့ ဖောက်ပြန်မှု။

ဒီတော့ လူ့ရဲ့ခွန်အားဆိုတာ ဘယ်မှာတည်မြဲမလဲ။ ဇရာတရားက လူရုပ်ကိုဖျက်တယ်။ လုံ့လနဲ့ဇွဲကို သတ်တယ်။ ရောဂါ အမျိုးမျိုးနှိပ်စက်တဲ့ ကိုယ်ခန္ဓာဟာ ဘယ်သူ့အလိုမှ မလိုက်ဘဲ ဖြစ်ပျက်ချုပ်ငြိမ်းတဲ့ သဘောရှိတာ နားလည်ကြ”

ဘုရားရှင်က သမားရိုးကျ ဆုံးမလမ်းပြရင် ဒီအမြင်ရချင်မှရမှာပါ။ လာပြန်ပြီ တစ်နေ့လာ လည်းရုပ်၊ နာမ်ဓမ္မသင်္ခါရနေတာပဲလို့တောင် တွေးဖြစ်ရင် တွေးဖြစ်မှာပါ။ အထိရောက်ဆုံး ဥပမာနဲ့ ရိုးရိုးလေးရှင်လိုက်တော့မှ ရင်ထဲမှာလည်း လင်းသွားတယ်။ သောကမှန်သမျှ ငြိမ်းသွားတော့တယ်။

“မှန်ပါ ဘုရားရှင်. . . ဒီလောက်များတဲ့ သားသမီးတွေ မလိုချင်တော့ပါဘူး။ ချစ်ရခင်ရသူ များသလောက် ဒုက္ခများတာ မြင်ပါပြီ။ ချစ်ခင်တွယ်တာမှုမရှိမှ ငြိမ်းအေးပြီး ဆင်းရဲပူဆွေးမှု မရောက်ရ၊ ငိုကြွေးမှု မဖြစ်ရမှာကို သိပါပြီဘုရား”

ကျုပ်ကျောင်းအစ်မကြီး ဝိသာခါဟာ ဘုရားရှင်ကယ်တင် ခဲ့လို့ သောကမှန်သမျှ ငြိမ်းအေးရပြီမို့ အနှိုင်းမဲ့မြတ်ဗုဒ္ဓကို ရှင်ရှင်လန်းလန်း ရှိခိုးဦးတင်လိုက်မိပါတော့တယ်။ ။

**ကျမ်းကိုး**

**ဝဏ္ဏသီရိ၏ ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း မှီးပါသည်၊**



# ပန်ဆူ

"အို. . ချစ်သား ရဟန်းတို့ ငါဘုရားကား သက်တော်ကြီးရင့်ပေပြီ။ ဒါကြောင့်ငါ့ကို အမြဲပြုစုလုပ်ကျွေးမည့်သူရှိမှ သင့်တော်ပေတော့မည်။ ငါ့မှာခြွေရံပရိသတ်များပါလျက် သက်န်း၊ သပိတ် ပရိက္ခရာကို ငါကိုယ်တိုင်လွယ်နေရရင် သင်တို့ကို သူတော်ကောင်းတို့ ကဲ့ရဲ့စရာဖြစ်ပေလိမ့်မည်။ ငါ့ကိုအမြဲလုပ်ကျွေးမည့် သံဃာတော်တစ်ပါး ငါလိုလားတော်မူတယ်"

နောင်တော်ဘုရားဟာ ဒေသစာရီကြွချီရာက ဇေတဝန်ကျောင်းပြန်ရောက်ချိန်မှာ သံဃာ့အစည်းအဝေး ချက်ချင်းခေါ်လိုက်တယ်။ ပဉ္စာသမဏာအဖြစ်လိုက်ပါသွားတဲ့ မေဃိယမထေရ် ပါမလာဘဲ ကိုယ်တော်တစ်ပါးတည်း ပြန်ကြွလာကတည်းက အကြောင်းတစ်ခုပေါ်ပြီဆိုတာ တွေးနေမိတယ်။

နောင်တော်ဘုရား မိန့်ကြားတဲ့စကားကြားတော့ ရင်ထဲဆို့နင့်သွားတယ်။ တုန်လှုပ်ချောက်ချားတဲ့ အမူအရာနဲ့ ဘုရားရှင်ကို မော့ဖူးမိတယ်။ ပြီးတော့ သံဃာပရိသတ်ရှေ့မှောက်မှာချထားတဲ့ ဘုရားရှင်ရဲ့ သပိတ်နဲ့ပရိက္ခရာကိုကြည့်ပြီး ကိုယ့်ကိုယ်ကို အပြစ်တင်မိတယ်။ ငါအလိုက်မသိလို့ မြတ်စွာဘုရား ပင်ပန်းဆင်းရဲရတာပါလားလို့ တွေးပြီး ဓမ္မသံဝေဂ ဖြစ်မိပြန်တယ်။

တကယ်ကို စိတ်မကောင်းစရာပါ။ သံဃာတော်မှာ အမြင့်မြတ်ဆုံးပုဂ္ဂိုလ်၊ အရိုသေထိုက်ဆုံးပုဂ္ဂိုလ်၊ အဆည်းကပ်ထိုက်ဆုံးပုဂ္ဂိုလ်ပင် သည်သို့ မထိမဲ့မြင်ပြုရက်ကြလား။ သာသနာ့ဥသျှောင်ကြီးကို သည်ပုံသည်နည်း ဆက်ဆံကြလေသလားလို့ တွေးမိပြီး ကြက်သီးမွေးညင်းထမိသည်။

သည်ကိစ္စ အခုတစ်ကြိမ် ဖြစ်တာမဟုတ်ဘူး။ မေဃိယမထေရ်နှယ် နာဂသမာလရဟန်းကလည်း ပြုမူခဲ့ဖူးတယ်။ ဘုရားရှင်နဲ့ နာဂသမာလတို့ ခရီးသွားကြရာ လမ်းဆုံတစ်ခုရောက်တော့ သဘောကွဲလွဲ

ကြတယ်။ မြတ်ဘုရားက လက်ယာလမ်းကကြွလိုတယ်။ နာဂသမာလက လက်ဝဲလမ်းကို သွားလိုတယ်။ နာဂသမာလရွေးတဲ့လမ်းဟာ သွားဖို့မသင့်တဲ့လမ်းမို့ မသင့်လျော်ကြောင်း ဘုရားရှင်က တားမြစ်ခဲ့တယ်။ တကယ်ဆို တပည့်ကောင်းမှန်ရင် ဆရာ့စကားနာခံရမှာပေါ့။ ဆရာ့ဦးဆောင်မှုခံယူရမှာပေါ့။ နာဂသမာလ သပိတ်ချပြီး ထွက်သွားဖို့လုပ်တော့ ကိုယ့်သပိတ်ကိုယ် ပြန်လွယ်ခဲ့ရတယ်။ ကြားလို့မှ မသင့်တော်တဲ့ အပြုအမူပေါ့။ ဒါပေမယ့် အကောင်းအဆိုး လောကဓံတရားကို ခံနိုင်စွမ်းရှိပြီးသား မြတ်စွာဘုရားက တုန်လှုပ်ခြင်းမရှိ၊ အပြစ်တင်ခြင်းမပြု၊ သည်းခံစိတ်မွေးခဲ့တယ်။

ဟော . . . မေဃိယနဲ့ ပြဿနာပေါ်ပြန်ပြီ။ ဆရာတပည့်နှစ်ပါးဟာ ဇန္တုရွာမှာ ဆွမ်းခံပြီး ခရီးဆက်တော့ တစ်ခုသော သရက်တောရောက်ကြတယ်။ ဒီတောအုပ်ကလေးက နေချင်စဖွယ် အခင်းအကျင်းရှိတယ်။ တရားမွေ့လျော်သူတို့ အမှီပြုဖို့ကောင်းတယ်။ ဒါကိုတွေ့တော့ မေဃိယ စိတ်ကူးပြောင်းသွားတယ်။

"အရှင်ဘုရား. . . သပိတ်ကိုယူသွားပါတော့။ တပည့်တော် ဒီသရက်တောမှာ တရားအားထုတ်ဖို့ နေရစ်ပါ့မယ်. . . " လို့ လျှောက်တယ်။ လောကမှာ လွန်မြောက်ရာတရားကို ရှာကြံဖို့၊ အားထုတ်ဖို့ အစဉ်တိုက်တွန်းနေတဲ့ ဘုရားရှင်အနေနဲ့ မတားမြစ်သာဘူး။ အားပေးသင့်တယ်။ ဒါပေမယ့် အချိန်အခါမဟုတ်တော့ သည်းခံဦးမေဃိယလို့ တားတယ်။ ဒါပေမယ့် မေဃိယလည်း ဇွတ်တရွတ်ပဲ။ သပိတ်၊ သင်္ကန်းကို ဘုရားရှင်လက်အပ်ပြီး သရက်တောထဲ ဝင်နေခဲ့တယ်။

ကြားရတဲ့သတင်းက တကယ့်ကို ရင်နာစရာပါ။ ဘုရားရှင်ဆိုတာ ဒီသာသနာတော်မှာ အထွတ်အထိပ်ပါ။ ကျွန်ုပ်တို့ရဲ့ မိဘဆိုလည်း မမှားဘူး။ သံသရာက လွတ်မြောက်ရာလမ်းပြနေလို့ အနန္တကျေးဇူးရှင်လို့လည်း ပြောနိုင်တယ်။ ဒီလို ဂုဏ်ဒြပ်တွေနဲ့ပြည့်နေတဲ့ ဘုရားရှင်ကိုတောင် မငဲ့ကွက်ပြုရက်ကြတာ စိတ်မကောင်းစရာပါ။

ဒီလို အဖြစ်မျိုး ကြုံတာတောင် ဘုရားရှင်က မေတ္တာမပျက်ဘူး။ သူ့အတွက် အလေးဂရုမစိုက်ဘဲ တခြားဘာသာဝင်တွေက လက်ညှိုးထိုးမှာ။ သူတော်ကောင်းတို့က ကဲ့ရဲ့မှာ စိုးရိမ်တယ်။

ဟုတ်တယ်. . . မဇ္ဈိမှာ ဘုရားရှင်ရယ်လို့ အမည်ခံထားတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ သူ့အသိုက်အဝန်းနဲ့သူ စည်ကားတယ်။ ဒီပုဂ္ဂိုလ်တွေဟာ ဟိတ်နဲ့ဟန်နဲ့ တစ်ဦးကိုတစ်ဦး မြှောက်ပင့် ချီးမွမ်းနေတာလည်း အကြားအမြင်။ ကိုင်း. . . ဒီပြဿနာမျိုးမြင်ရင် သူတို့ဘာပြောမလဲ။ ကြည့်စမ်း။ အနတ္တဝါဒီ ပုဂ္ဂိုလ်ကြီးဟာ ဘယ်လို ဖြစ်နေလဲ။ ဟောလိုက်၊ ပြောလိုက်၊ ဆုံးမလိုက်တာ သူနဲ့တူသူမရှိ ဘူး။ ဘေးကို ဟောပြောနေပေမယ့် ကိုယ့်လက်ရင်းတပည့်တွေတောင် မစည်းရုံး၊ မသိမ်းသွင်းနိုင်ဘူး။ ဒီပုဂ္ဂိုလ်က . . . " ဒီလို ပြောကြမှာပေါ့။ မပြောဘဲနေမလား။

ဘုရားရှင်က သံယာပရိသတ်ရှေ့မှာ ဝမ်းနည်းစရာအဖြစ် မိန့်လိုက်တော့ ကျွန်ုပ်တို့အားလုံး

ငြိမ်ကျသွားတယ်။ ဘာကို ဘယ်လိုလျှောက်ရမှန်း မသိတော့ဘူး။ ကိုယ့်ကိုယ်ကို ရှက်စိတ်ကြောင့် ခေါင်း မဖော်ဝံ့အောင် ဖြစ်နေပါတော့တယ်။

အားလုံး တိတ်ဆိတ်နေချိန်မှာ ကျုပ်နဲ့ မလှမ်းမကမ်းက တစ်စုံတစ်ယောက်က ထလိုက်တာ သတိပြုမိတယ်။ ဦးတင်ရှိခိုးနေတဲ့ လက်ကိုကွယ်ပြီး မသိမသာ ငဲ့စောင်းကြည့်လိုက်တယ်။

အို. . . အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးပါလား။ တပည့်သာဝကအပေါင်းမှာ အမြင့်မြတ်ဆုံး တပည့်ကြီးက ဘာများလျှောက်မှာပါလိမ့်။

အရှင်သာရိပုတ္တရာဟာ ဝတ်ရုံထားတဲ့ သင်္ကန်းကို သေသပ်အောင်ပြင်၊ ရိုကျိုးတဲ့အမူအရာနဲ့ ဦးညွှတ်ရှိခိုးလိုက်တယ်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . ဘုရားတပည့်တော်ဟာ ကမ္ဘာတစ်သိန်း တစ်သင်္ချေ ကာလပတ်လုံး ပါရမီဖြည့်ခဲ့တာဟာ မနုတ္တရပုဂ္ဂိုလ်လို အလုပ်အကျွေး ပြုလိုတာကြောင့်ပါ ဘုရား. . . အရှင်မြတ်သာသနာမှာ အကျွန်ုပ်လို တပည့်ရှိနေရက်နဲ့ ဒီကိစ္စ မချွတ်ယွင်းစေသင့်ပါ။ သာရိပုတ္တရာ အလုပ်အကျွေး ပြုပါရစေ"

မြတ်စွာဘုရား. . . ။

ကျွန်ုပ်ရင်ထဲမှာ ယောင်မှားရေရွတ်မိတယ်။ တကယ့်ကို ထိတ်လန့်လောက်တဲ့ လျှောက်ထားချက်ပါ။ အင်မတန်ပညာဉာဏ်ကြီးတဲ့ တောင်းဆိုမှုပါ။ ဒီလိုပုဂ္ဂိုလ်ကြီးကတောင် ဒီအခွင့်အရေး တောင်းတော့ ကိုယ့်အားနည်းချက် ပိုမြင်လာတယ်။

အံ့အားတသင့်ဖြစ်နေချိန်မှာ ဘုရားရှင်ရဲ့ တုံ့ပြန်စကား ကြားရတော့ ပိုတုန်လှုပ်သွားပြန်တယ်။

"ချစ်သား သာရိပုတ္တရာ။ သင်မလုပ်ကျွေးသင့်။ သင်ရှိတဲ့ အရပ်ဟာ တရားသံဆိတ်သည်မရှိ။ သင့်အဆုံးအမဟာ ငါဘုရားရဲ့ အဆုံးအမသာဖြစ်ပေတယ်။ ဒါကြောင့် အဂ္ဂသာဝကက ငါ့ကို လုပ်ကျွေးဖို့ ကိစ္စမရှိ"

ကြည့်စမ်း။ နောင်တော်ဘုရားမိန့်ပုံ ဘယ်လောက် သင်ခန်းစာယူဖို့ ကောင်းလဲ။ ပုဂ္ဂိုလ်ရေးရာထက် သာသနတော်အရေးကြည့်တာ ဘယ်လောက်ထင်ပေါ်သလဲ။ တကယ်လို့ အရှင် သာရိပုတ္တရာလို ပုဂ္ဂိုလ်ကြီးသာ အလုပ်အကျွေးပြုရင် တခြားသာသနာက ပုဂ္ဂိုလ်တွေ အံ့သြကြမှာပါ။ ကြည့်စမ်း လက်ယာရံကိုယ်တော်ကြီးကတောင် သူတို့ဆရာကို ကျိုးကျိုးနွံနွံ လုပ်ကျွေးတယ်။ ဘယ်လောက် စံနမူနာ ယူသင့်လဲ။ အဲလို. . . ပြောကြမှာပါ"

ဘုရားရှင်က ပယ်တော့ အရှင်သာရိပုတ္တရာကိုယ်တော်ကြီးက ရိုရိုကျိုးကျိုး ဦးခိုက်ပြီး ပြန်ထိုင်တယ်။ အဲဒီအချိန်မှာပဲ အရှင်မောဂ္ဂလ္လာန်က လျှောက်ထားတောင်းဆိုပြန်တယ်။

"မောဂ်ဂလ္လာန် သင်လိုတန်းခိုးကြွနိပါဒ်နဲ့ပြည့်စုံတဲ့ သာဝကကြီးကလဲမသင့်'

အရှင်မောဂ္ဂလ္လာန်ပြန်ထိုင်တော့ အရှင်အနုရုဒ္ဓါ၊ အရှင်ဥပါလိ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာကဿပစတဲ့ သာဝကကြီးတွေ ထလျှောက်တယ်။ အားလုံးက အပယ်ခံရတာချည်းပဲ။ ကျွန်ုပ်ထက်ကြီးတဲ့ ပုဂ္ဂိုလ်တွေ တစ်ပါးပြီးတစ်ပါး လျှောက်လိုက်တာ ကုန်သလောက်ပဲ။ ဒါပေမယ့် ကျွန်ုပ်ထဖို့ မစဉ်းစားသေးဘူး။ သာဝကကြီးတွေက "အာနန္ဒာခွင့်တောင်းလေ. . . လျှောက်ထားလေ" ဆိုတဲ့ အမူအရာနဲ့ လှည့်ကြည့်တယ်။

မြတ်စွာဘုရားဟာ သဗ္ဗညုတရွှေညဏ်တော်ရတည်းက သာသနာ့အကျိုးကို နေ့မနား ညမအား ဆောင်ခဲ့တာ ခုချိန်ထိပဲ။ အဲဒီလိုဆောင်ရာမှာ ဝါတော်နှစ်ဆယ်၊ သက်တော်ငါးဆယ်ရှိတဲ့ အထိ ရေပူရေချမ်းကမ်းဖို့ အလုပ်အကျွေးထားတော်မမူပါ။ ဘုရားရှင်အပေါ် သဒ္ဓါတရားကြီးသူတွေက အလျှဉ်းသင့်သလို လုပ်ကျွေးကြတယ်။

ဒီဝါနှစ်ဆယ်မှာ နာဂသမာလရဟန်း၊ ဥပဝါဏရဟန်း၊ စုန္ဒ သာဂတရဟန်း၊ မေဃိယရဟန်းတို့ တာဝန်ယူကြတယ်။ ဒီရဟန်းတွေ တစ်ခုခုကြောင့်လစ်လပ်သွားရင် ဒိုင်ခံလုပ်ကျွေးနေသူက ကျွန်ုပ်ပါပဲ။ အခု မေဃိယပြဿနာပေါ်တော့ တာဝန်ယူသင့်တာ ကျွန်ုပ်ပါ။ အခုလိုသတ်သတ်မှတ်မှတ် မတောင်းဆိုလည်း ကျွန်ုပ် ဝင်လုပ်မှာပါ။ ဒါပေမယ့် ကျွန်ုပ်မတောင်းဆိုဘူး။

ကျွန်ုပ်နဲ့နောင်တော်ဘုရားဟာ ဖွားဖက်တော် ညီတော်နောင်တော်တွေပါ။ ဒါပေမယ့် နောင်တော်ရဲ့ ရင့်ကျက်တဲ့ စိတ်ထားနဲ့ တည်ငြိမ်တဲ့ဣန္ဒြေကြောင့် လေးလေးစားစားဆက်ဆံခဲ့တာ အမှန်ပါ၊ နောင်တော့်တာဝန်ကို ဦးလည်မသုန်ထမ်းဖို့လည်း အာသီသရှိပါတယ်။ ဒါပေမယ့် ကျွန်ုပ် မတောင်းဆိုလိုဘူး။

"ငါ့ရှင် အာနန္ဒာ. . . ရဟန်းအပေါင်းက အလုပ်အကျွေး တာဝန်တောင်းနေကြတယ်။ မတောင်းခံသူဆိုလို့ သင်တစ်ပါးပဲ ကျန်တော့တယ်။ ဒီတာဝန်ကို သင်ယူသင့်တယ်လို့ မထင်ဘူးလား"

ကျွန်ုပ်အနားမှာရှိတဲ့ အနုရုဒ္ဓါမထေရ်က တီးတိုးအကြံပြုတယ်။ အရှင့်သဘောက အာနန္ဒာသင်တောင်းလို့ တိုက်တွန်းတာပါ။' အရှင်ရဲ့ စိတ်ရင်းသဘောထားကို ကျွန်ုပ်ကောင်းကောင်းသိပါတယ်။ မြတ်စွာဘုရားရဲ့ တာဝန်ကို ကျွန်ုပ် ထမ်းဆောင်စေချင်ပုံပါ။

"အရှင်. . . တောင်းမှရတဲ့ အလုပ်အကျွေးတာဝန်က ဘယ်မှာတန်ဖိုးရှိမလဲ။ အရှင်စဉ်းစားကြည့်ပါ။ မြတ်စွာဘုရားက တပည့်တော်ကို မမြင်ဘဲ နေပါ့မလား။ တာဝန်ကို ပေးချင်ရိုးမှန်ရင် အာနန္ဒာ. . ငါ့ကို လုပ်ကျွေးလော့လို့ မိန့်မှာပေါ့ အရှင်"

ကျွန်ုပ် ဒီလိုလျှောက်တာ အကြောင်းရှိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကိစ္စ ကျွန်ုပ်အမျှော်မှန်းဆုံးဆုပါ။ အရေးကြီးဆုံး ကိစ္စလည်းဖြစ်တယ်။ ဒါကြောင့် ပေါ့ပေါ့တန်တန် မရယူချင်ဘူး။ ကျွန်ုပ်တို့ အပြန်အလှန်ပြောနေချိန်မှာပဲ ဘုရားရှင်အသံပေါ်လာတယ်။

"အို. . . ရဟန်းတို့၊ အာနန္ဒာကို တိုက်တွန်းစရာမလိုဘူး။ သူအသိနဲ့သူ ငါဘုရားကို အလုပ်အကျွေးပြုပါလိမ့်မယ်"

ဇနောင်တော်ဘုရားက မိန့်ကြားတော့ ကျွန်ုပ်တစ်ကိုယ်လုံး တောင့်တင်းသွားလုနီး တုန်လှုပ်သွားတယ်။ တစ်သက်နဲ့တစ်ကိုယ် ဒီလောက် ဝမ်းသာတာ မကြုံဖူးဘူး။ ဟုတ်တယ်လေ။ ဒါဟာ ကျွန်ုပ်ပန်ခဲ့တဲ့ ဆုမဟုတ်လား။ ကျွန်ုပ်ဟာ သံဃာပရိသတ်ကြားမှထပြီး ဘုရားရှင်ရဲ့ ခြေတော်ရင်းကို ရိုရိုသေသေချဉ်းကပ်သွားတယ်။ လေးမြတ်ကြည်ညိုစွာ လက်အုပ်ချီ၍ "အရှင်ဘုရား. . . တပည့်တော်အားပန်ဆုလေးသွယ်. . . ပယ်ဆုလေးပါး ခွင့်သနားရင် အလုပ်အကျွေးပြုပါ့မယ်" လို့ လျှောက်လိုက်တယ်။ ကျွန်ုပ် လျှောက်တင်တာကြားတော့ သံဃာ့ပရိသတ်တွေရဲ့ ဘီးတိုးစကားသံကြားရတယ်။ အခွင့်အရေးတောင်းမှာလည်း စကားမရှုပ်အောင်လုပ်တယ်လို့ တွေးကြ ပြောကြတာ ဖြစ်မှာပါ။

"သင်လိုလားတာပြောလော့ အာနန္ဒာ"

"မှန်ပါ မြတ်ဘုရား. . . ဘုရားရှင်က မိမိရတဲ့ အဖိုးထိုက် သင်္ကန်းမပေးဘူးလို့ မိန့်တော်မူပါ"

"အကြောင်းက ဘာလဲ အာနန္ဒာ"

"မှန်ပါ ဘုရားရှင်. . . အကယ်၍ ဒီလိုပေးခဲ့ရင်၊ လုပ်ချင်မှာပေါ့ ဘုရားရှင်ကို လျှို့တဲ့ပစ္စည်းသူရနေတာကိုးလို့ မနာလို သူတို့ပြောကြမယ်"

"အင်း. . . လျှောက်ဦး အာနန္ဒာ"

"အကယ်၍ ဘုရားရှင် ဘုဉ်းပေးတဲ့ ဆွမ်းခဲဖွယ်မပေးရင် . . . ဘုရားရှင်ကျိန်းစက်ရာ ကျောင်းမှာအတူနေခွင့်မပြုရင်. . . ဘုရားရှင်ကို ရည်စူးပင့်ဖိတ်တဲ့ လှူဒါန်းမှုကို အာနန္ဒရော ပင့်ပါတယ်လို့မလျှောက်ထားရင် တပည့်တော်ကို မခေါ်ပါဘူးလို့ မိန့်တော်မူပါ။ ဒါကို ပယ်စေချင်တဲ့ အကြောင်းကအခွင့်ထူး၊ လာဘ်ထူးရလို့ ပြုစုနေတာပါ။ မရရင် ဘာလုပ်ရမှာလဲလို့ ပြောကြလိမ့်မယ်။ တပည့်တော်ရဲ့သဒ္ဓါစိတ်ကို ဘာမဟုတ်တဲ့ အကြောင်းကြောင့် အပြောမခံချင်ပါဘူး မြတ်ဘုရား. . . "

"ကောင်းစွ. . . ကောင်းစွ. . . အာနန္ဒာ။ ဒီဆုလေးပါး ယူပေတော့" လို့ မိန့်တော်မူပါတယ်။

ပယ်ဆုလေးပါး ခွင့်ပြုသနားလိုက်တော့ ကျွန်ုပ်ရင်ထဲ ကြည်နူးသွားတယ်။ သန့်စင်တဲ့ သဒ္ဓါစိတ်ကို ဖော်ထုတ်ခွင့်ရလို့ ဝမ်းသာမိတာ အမှန်ပါ။

"ပေးတဲ့ဆုရလို့ ဝမ်းမြောက်လှပါဘုရား ပန်ဆုလေးမျိုးကို ဆက်လျှောက်ပါရစေ. . . အကယ်၍တပည့်တော်လက်ခံထားတဲ့ ဖိတ်ကြားမှုကို ဘုရားရှင်က လက်ခံစေချင်ပါတယ်"

"ဘာကိုရည်ရွယ်လို့ ဒီဆုတောင်းလဲ အာနန္ဒာ'

"မှန်ပါဘုရား. . . သဒ္ဓါတရားထက် သူတို့က ဘုရားရှင်နဲ့ တွေ့ခွင့်မရလို့ နောက်တစ်နေ့မှာသူ့အိမ်ဆွမ်းဘုဉ်းပေးဖို့ ပင့်တတ်ပါတယ်။ အကြောင်းကြောင်း ကြည့်ပြီး တပည့်တော့်က လက်ခံလိုက်လို့

ဘုရားရှင်က မလိုက်ပါရင် အာနန္ဒာဟာ ဘာအားကိုးရလဲ. . . သူပြုစုနေတဲ့ အကျိုးကဘာလဲ. . . ဘုရားရှင်နောက်က ဒီလောက်တောင် မချီးမြှောက်ဘူးလား။ အဲဒီလို အပြစ်တင်ပါလိမ့်မယ်။ ဒါကြောင့် ဒီဆုကို တောင်းရခြင်းဖြစ်ပါတယ်"

"သင့်မြတ်ပါဘိ အာနန္ဒာ. . . ကျန် ပန်ဆုသုံးပါးလျှောက်ထားပါဦး"

"မှန်ပါ မြတ်ဘုရား. . . ခရီးဝေးကလာဖူးတဲ့ ပရိသတ်ကို ဘုရားရှင်ထံလာခွင့်ပြုရင်. . . ယုံမှား သံသယတစ်စုံတစ်ရာရှိတိုင်း ဘုရားရှင်အပါး ချဉ်းကပ်ခွင့်ရမယ်ဆိုရင် တပည့်တော်မျက်ကွယ်မှာ ဟောခဲ့တဲ့ တရားကို ကျောင်းပြန်ရောက်ချိန်မှာ ထပ်မံဟောကြားပေးမယ်ဆိုရင် ဘုရားရှင်ကို အလုပ်အကျွေး ပြုစုပါ့မယ် ဘုရား"

"ဒီအကြောင်းက ဘာကို ရည်မျှော်တာလဲ အာနန္ဒာ"

"မှန်ပါမြတ်ဘုရား. . . ယုံမှားသံသယစိတ်ရှိလို့ ချဉ်းကပ် လျှောက်ထားခွင့်မရရင် ပြဿနာတို့ကို တပည့်တော်သွန်သင်နိုင်မည် မဟုတ်ပါ။ ဒီအတွက် ကဲ့ရဲ့ခံရပါလိမ့်မည်။ ဟောကြားခဲ့တဲ့ ဒေသနာနဲ့ ပတ်သက်လို့ မျက်ကွယ်မှာမေးလာခဲ့ရင် ဟောနိုင်ဖြေနိုင်ချင်ပါတယ်။ တကယ်လို့ မဟောနိုင်ရင် အာနန္ဒာ ရယ်. . . ဘုရားရှင်နောက်က ထက်ကြပ်မကွာ အရိပ်ပမာလိုက်နေပြီး ဒီလောက်တောင် မသိလေရော့ သလားလို့ အပြစ်တင်ခံနေရလိမ့်မယ်။ ဒီလို အပြစ်အနာအဆာတွေ ကင်းစေချင်လို့ ပန်းဆုလေးပါး ခွင့်သနားဖို့ တောင်းခြင်းဖြစ်ပါတယ် ဘုရား"

"ကောင်းစွ ကောင်းလေစွ အာနန္ဒာ. . . ဒီလေးပါးကိုလဲ အပြည့်အဝ ယူပေတော့"

ကျွန်ုပ်တောင်းဆိုသမျှကို လိုက်လျောခွင့်ပြုလိုက်လို့ ဝမ်းသာအားရ ဦးအကြိမ်ကြိမ်ချလိုက်တယ်။ ကျွန်ုပ်ပန်ခဲ့တဲ့ဆု၊ ဖြည့်ဆည်းခဲ့ရတဲ့ ပါရမီပြည့်ဝသွားလို့ ရင်ထဲကြည်နူးခဲ့တာ မပြောပါနဲ့တော့။ စောစောက တီးတိုးဝေဖန်နေသူတွေထံက ဩဘာသံ လှိုက်လှိုက်လှဲလှဲ ကြားရတယ်။ အမှန်ကန်ဆုံး တောင်းဆိုနိုင်မှုကြောင့် ချီးမွမ်းထောမနာပြုကြတာပါ။

"သင်လိုတဲ့ ဆုပေးအံ့" လို့ ဘုရားရှင်မိန့်တာနဲ့ ကျွန်ုပ်ဟာ ဥပဋ္ဌာကအရာ ရသွားတာပဲ။ ဒီအလုပ်ဟာ မလွယ်မှန်းသိတယ်။ နေ့စဉ်တာဝန်ထမ်းဆောင်ရမယ့် အလုပ်တွေလည်း ခေါင်းထဲမှာ အစီအရီ ပေါ်လာပါတယ်။

ဘုရားရှင် စက်ရာကမထမီ ကိုယ်က အရင်ထရမယ်။ ဒန်ပူ၊ ရေအေးစတာတွေ စီစဉ်ထားရမယ်။ ဘုရားရှင် စကြံကြွနေချိန် မှာ ယာဂုစိမံပြီး ကပ်ရမယ်။ ဆွမ်းခံကြွမယ်ဆိုရင် လိုအပ်တာတွေ ပြင်ပေးရမယ်။ ဆွမ်းခံကပြန်လာရင် သပိတ်၊ သင်္ကန်းယူရမယ်။ အမောပြေအောင် ယပ်ခတ်ပေးရမယ်။ ဆွမ်းစားပြီးလို့ ခေတ္တလျောင်းစက်အနားယူရင်လည်း လှဲနိုင်အောင် ညောင်စောင်း ပြင်ဆင်ထားရမယ်။ စက်ရာကထရင် ရေပူ၊ ရေချမ်းပြင်ပေးပြီး တရားဟောပလ္လင်ပြင်ရမယ်။ ဒီအချိန်မှာ သံဃာပရိသတ်ကို ဆိုဆုံးမ

နေကျမဟုတ်လား. . . ။

ညနေချမ်းမှာလည်း ကိုယ်လက်သုတ်သင်ဖို့ ရေပူရေချမ်း ပြင်ဆင်ပေးရမယ်။ ရေသနုပ် သက်နီးယူပေးတာ၊ ချေးညှော်တွန်းပေးတာတို့ ပြုစုရမယ်။ ညဥ့်မိုက်တဲ့အခါ ဆီမီးထွန်းပေးခြင်း၊ လျှောင်းစက်တော်မူရင် ခြေဆုပ်လက်နယ်ပြုပေးခြင်း၊ ယပ်ခတ်ပေး ခြင်းစသည်တို့ ပြုရမယ်။ သာသနာ တော်ကို ကြည်ညိုတဲ့ ဒါယကာ၊ ဒါယိကာမတို့လာရင်လည်း ကိုယ်က လိုက်လျောညီထွေ ဆက်ဆံရ မယ်။ ဘုရားရှင်နဲ့ တွေ့ပေးသင့်သူတွေ့ပေး။ ကိုယ်နဲ့ပြီးတန်ပြီး။ အဲဒီလို အစစအရာရာ ပြင်ဆင်ရမှာ ကျွန်ုပ် ဥပဋ္ဌာကရဲ့ အလုပ်ပဲလေ။

ကျွန်ုပ်ဟာ နောင်တော်ဘုရားရှင်ကို ဒီလိုပြုစုချင်လို့ စောင့်ဆိုင်းခဲ့တာ ကြာပါပြီ။ တခြားတစ်ပါး သူတွေကို ဦးစားပေးနေလို့ ဒီအခွင့်အရေး လက်လွတ်နေတာပါ။ အခုတော့ ဒီဆုရပြီး။ တစ်သက်တာ အမျှော်မှန်းဆုံးဆု၊ သံသရာခရီးမှာ ပန်တဲ့ဆု ပြည့်ပြီမို့ ကျွန်ုပ်ဝမ်းမြောက်ဝမ်းသာ ဖြစ်မိတယ်လို့ပြောရင် လွန်မယ်မထင်ဘူးလေ။ ။

ကျမ်းကိုး

ဦးဝဏ္ဏသီရိ၏ ညီတော်အာနန္ဒာတစ်သက်တာ မှတ်တမ်း

## တဓ္ဆေဝါဋ္ဌလ



# တုဿပေါင္ဓိလ

ကျွန်ုပ်ပေါင္ဓိလဟာ သာသနာထွန်းကားတဲ့ ဟောဒီသာဝတ္ထိမြို့ကြီးမှာ ဆရာတစ်ဆူပေါ့။ အဟင်း ကျွန်ုပ်လိုပုဂ္ဂိုလ်မှ ဆရာလို့မခေါ်ရင် ဘယ်သူ့ခေါ်မလဲ။ ကကုသန်ဘုရားရှင်၊ ဝိပဿီဘုရားရှင်၊ သိခိဘုရားရှင်၊ ဝေဿဘူဘုရားရှင်၊ ကောကရုံဘုရားရှင်၊ ကဿပဘုရားရှင်နဲ့ ဒီနေ့ဂေါတမဘုရားရှင်လက်ထက် စာပေပို့ချပေးခဲ့သူလေ. . .။ ဂဏဝါစကတစ်ဦး. . .။

ဪ. . . ကျုပ်ဒီလို ကြွားလုံးထုတ်လိုက်တော့ ဘယ်လိုလဲ တုဿပေါင္ဓိလရဲ့ ဘုရားခုနစ်ဆူတိုင် စာပေပို့ချတယ်ဆိုတော့ ခင်ဗျားအသက်က ရှည်လှချည့်လားလို့ ပြောစရာရှိတယ်။ ဒီလိုပါ ဘုရား တစ်ဆူနဲ့ တစ်ဆူကြား ကပ်ကမ္ဘာရှည်တာ ခင်ဗျားတို့သိပါတယ်။ တချို့ဘုရားရှင်တွေဆို သက်တမ်းနှစ်သောင်းထိ ရှည်ကြတယ်။ လူ့သက်တမ်း ဘာရှိမှာလဲ။ ဒီကပ်ကမ္ဘာရှည်တဲ့ကာလမှာ ဘဝများစွာဖြစ်တာပေါ့။ သေလိုက်၊ ဖြစ်လိုက်၊ ပျက်လိုက် ဖြစ်လိုက်ရှိမယ်။ လူဖြစ်ရင် ဖြစ်မယ်။ နတ်ဖြစ်ရင် ဖြစ်မယ်။ ကံဆိုးရင် တိရစ္ဆာန် ဘဝကျချင်ကျမယ်။ အဲ. . . ဒါပေမယ့် ပွင့်တဲ့ဘုရားရှင်တွေ လက်ထက်မှာ ကျုပ်က စာချပုဂ္ဂိုလ်ဖြစ်ခဲ့တယ်။ အဲဒါ ပြောတာပါ။

ဒီမယ်. . . အဋ္ဌကထာနဲ့ ပိဋကတ်သုံးပုံကိုနှုတ်ငုံရတဲ့ သူမျိုးရှာကြည့်စမ်း။ အဲ. . . နှိုင်းဆစရာ မဟုတ်တဲ့ ဗုဒ္ဓကိုယ်တော်မြတ်ကြီးကို အပထားပေါ့လေ. . . . ဗုဒ္ဓက တရားရှင်ပဲ။ ဪ . . ရှိသေးတယ် ပညာအရာမှာ ဧတဒဂ်ဘွဲ့ရတဲ့ အရှင်သာရိပုတ္တ ရာကိုယ်တော်ကြီးလည်း ဖယ်ထားပေါ့။ ဒီလိုဆိုတော့ ဝိနည်းအရာမှာ ဧတဒဂ်ရတဲ့ ဥပါလိထေရ်ရော. . . အရှင်အာနန္ဒာရော၊ ဒီလို မေးစရာရှိတယ်။ အရှင် အာနန္ဒာဆိုတာ မယှဉ်အပ်တဲ့ ပါရမီရှင်ပဲ။ ပန်ဆုလေးသွယ်၊ ပယ်ဆုလေးပါးရထားတဲ့ မထေရ်မြတ်နဲ့လည်း နှိုင်းစရာတော့ မဟုတ်ဘူးပဲ့။

ဪ. . . ဆက်စပ်လာလို့ပြောရဦးမယ်။ ပန်ဆုလေး သွယ်၊ ပယ်ဆုလေးပါးတော့ သိကြမှာပါ။ ဒီလို. . . ဒီလို။

ဘုရားရှင်ဟာ ဝါတော်နှစ်ဆယ်ထိ အလုပ်အကျွေးအတည်တကျ မထားဘူး။ နီးရာသင့်ရာ ရဟန်းရဲ့ အလုပ်အကျွေးနဲ့ပဲ ဆင်းရဲပင်ပန်းစွာ သာသနာပြုခဲ့တယ်။ တချို့ရဟန်းတွေက အလုပ်အကျွေးပြုရာက လမ်းခွဲသွားဟယ်။ တချို့ကြတော့လည်း ခရီးတစ်ဝက်မှာ သပိတ်၊ သင်္ကန်းထားပြီး စွန့်ခွာသွားတတ်ကြတယ်။ မလိမ္မာတဲ့တပည့်တွေကြောင့် ဘုရားရှင်ဒုက္ခရောက်ရတာ အကြိမ်ကြိမ်ပဲ။ အဲ. . . သက်တော်ကြီးရင့်လာတော့ အလုပ်အကျွေးကောင်းရှိဖို့ လိုတယ်လို့ မြင်မိတယ်။

ဒီတော့ သံဃာ့ပရိသတ်အလယ်မှာ အလုပ်အကျွေးရဟန်းရွေးဖို့ မိန့်တော်မူတာပေါ့လေ။ ဘုရားရှင်ကို အလုပ်အကျွေးပြုခွင့် ရဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာ။ ဒီအခွင့်အရေးကို ရှင်သာရိပုတ္တရာကိုယ်တော်ကြီးက ဦးဆုံးတောင်းတယ်။ ဒီလိုခွင့်တောင်းတော့ ဘုရားရှင်က ဘာမိန့်တယ်ထင်လဲ။

"သင်. . . မလုပ်ကျွေးနဲ့တဲ့။ သင်ရှိတဲ့နေရာမှာ တရားသံမဆိတ်ဘူးတဲ့။ သင့်အဆုံးအမဟာ ငါဘုရားရဲ့ အဆုံးအမဖြစ်တယ်" တဲ့. . . မှန်တာပေါ့။ မဟာသာဝကကြီးတစ်ပါးက ဒီတာဝန်မယူသင့်တာ အမှန်ပဲ။ စေတနာ၊ သဒ္ဓါတရားနဲ့ ဒီအခွင့်အရေးကို တောင်းဆိုပေမယ့် အကျိုးရှိမှု အပေါ့အလေးဆင်ခြင်မိမှာပေါ့။ အရှင်သာရိ ပုတ္တရာကိုယ်တော်ကြီး အခွင့်မသာတော့ အရှင်မဟာမောဂ္ဂလ္လာန်တို့၊ အရှင်ကောဏ္ဍညတို့၊ အရှင်ဥပါလိတို့က ခွင့်တောင်းကြတယ်။ တစ်ပါးပြီးတစ်ပါး ခွင့်တောင်းတာ ပယ်တာချည်းပဲ။ အဲ. . . အခွင့် မတောင်းဘဲနေတာ ဘယ်သူထင်သလဲ။ အရှင်အာနန္ဒာမထေရ်ပေါ့။

ဒါပေမယ့် ဘုရားရှင်က အာနန္ဒာမထေရ်ကိုပဲ အလုပ်အကျွေးပြုဖို့ တာဝန်ပေးတယ်။ ဒီလိုတာဝန်ပေးတဲ့အချိန်မှာ အရှင်အာနန္ဒာက ဘာအခွင့်အရေးတောင်းတယ် ထင်သလဲ။ ပန်ဆုလေး သွယ် ပယ်ဆုလေးပါး ခွင့်သနားရင် လုပ်ပါ့မယ်တဲ့. . . ။

အဲဒါ ဘာလဲဆိုတော့ ဘုရားရှင်က မိမိရတဲ့ သင်္ကန်းမပေး ဘူးဆိုရင်. . . မိမိရသောဆွမ်းမပေးဘူးဆိုရင် ကျိန်းစက်ရာမှာ အတူတကွ နေခွင့်မပေးဘူးဆိုရင်. . . အရှင်ဘုရားကို ပင့်ဖိတ်ကပ်လှူရာမှာ တပည့် တော်ကိုမခေါ်ဘူးဆိုရင် လက်ခံပါမယ်တဲ့။ အဲဒါ ပယ်ဆုလေးပါးပေါ့။ ဒီလေးပါးကို ဘာဖြစ်လို့ တောင်းသလဲဆိုတော့ အများပြောစရာဖြစ်မှာ စိုးလို့တဲ့။ မှန်တယ်လေ. . . ဘုရားရှင်ကို အလုပ်အကျွေးပြုချင် ပြုမှာပေါ့။ အခွင့်ထူး လာဘ်ထူးတွေ ရနေတာကိုး။ ဒီလိုခံစားရမှာဆို တို့များလုပ်ချင်ပါဘိလို့ ပြောလာကြမယ်။ အင်မတန်အမြော်အမြင်ကြီးတဲ့ တောင်းဆိုမှုပါ။

ကဲ. . . ထားဦး။ ပန်ဆုပြောရဦးမယ်။ ဒါတွေက ဘာတွေလဲဆိုရင် အဝေးကရောက်လာတဲ့ ပရိသတ်ကို ဘုရားရှင်ထံ ပို့ခွင့်ရရင်. . တပည့်တော်မှာ ယုံမှားသံသယစိတ်ရှိလို့ မေးချင်းတဲ့အခါ ချဉ်းကပ်ခွင့်ရရင်. . မျက်ကွယ်မှာ ဟောကြားခဲ့တာ တစ်ဖန်ပြန်ဟောကြားမယ်ဆိုရင် တပည့်တော် လက်ခံထားတဲ့

ဖိတ်ကြားရာကို လိုက်ပါမယ်ဆိုရင် ဒီတာဝန်ကို ယူပါ့မယ်တဲ့။ ကိုင်း. . . ဒီကိစ္စနဲ့ ပတ်သတ်လို့ အကြောင်း ပြပုံကလည်း သဘာဝကျပါတယ်။ ဘုရားရှင်ကို အလုပ်အကျွေးပြုနေသူဖြစ်ပြီး ဒီလောက်မှ မစီစဉ်နိုင်ရင် လည်း ကဲ့ရဲ့စရာ ဖြစ်မှာပေါ့။

ဒီပန်ဆုလေးမျိုးထဲက အင်မတန်အကျိုးများတဲ့ တောင်းဆိုချက်ကတော့ ဘယ်မှာပဲ ဟောခဲ့၊ ဟောခဲ့၊ ဟောလေတဲ့တရား ပြန်နာပါရစေဆိုတဲ့အချက်ပဲ။ ဒီအချက်ဟာ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးနဲ့ ချီးကျူး ခံရအောင် ကြွယ်ဝစေတာပါပဲ။

အဲသလိုပြည့်စုံတဲ့ ပုဂ္ဂိုလ်ထူးပါရမီရှင်တွေတော့ ကျွန်ုပ် ပေါ်ဋ္ဌိလ မနိုင်းသာဘူးပေါ့။ အဲ. . . သာမန် ပုထုဇဉ်ရဟန်းတွေ အနေနဲ့တော့ ကျွန်ုပ်ကို ဘယ်လိုယှဉ်လို့ရမလဲ။ ဂန္ထဝါ စကပဏ္ဍိတပဲလေ။

*　　　*　　　*

ကိုင်း. . . အဲသလို ဆရာတစ်ဆူအဖြစ် မင်းမူနေတဲ့ ကျွန်ုပ် ကို ဘုရားရှင်က မိန့်တော်မူတာများ ကြည့်စမ်း။ အဲဒီနေ့က ဇေတဝန်ကျောင်းတော်မှာ ရဟန်းပရိသတ်၊ လူပရိသတ်များတယ်။ ကျွန်ုပ်လည်း ဘုရားရှင်ရဲ့ အဆုံးအမနာယူဖို့ သွားမိတာပါ။

ဇဟိတုစ္ဆပေါဋ္ဌိလတဲ့။ အဲဒါကို ဘယ်လိုပြောတယ် ထင်လဲ။ အချည်းနှီးပေါဋ္ဌိလ၊ အသုံးမကျသော ပေါဋ္ဌိလ၊ အလကားပေါဋ္ဌိလ၊ အနှစ်မရှိတဲ့ ပေါဋ္ဌိလ၊ လာပေတော့တဲ့။

ကျွန်ုပ်ဟာ လောကသုံးပါးမှာ အထွတ်အမြတ်ဖြစ်တဲ့ ဘုရားရှင်ကို ကြည်ညိုလွန်းလို့ ရှိခိုး ပူဇော်ချင်လွန်းလို့ သွားမိတာနဲ့ ဒီလိုအခေါ် ခံရတာ လှမ်းလက်စခြေတောင်တွန့်သွားတယ်။ ရင်ဝ ဆီးကန် ခံရသလိုပါပဲ။

အို. . . ဘုရားရှင်က ဘာလို့များ တုစ္ဆသဒ္ဒါသုံးပြီး ခေါ်ပါလိမ့်။ ငါဘာမှားပါလိမ့်။ ငါဟာ တကယ် ပဲ အချည်းနှီး ပုဂ္ဂိုလ်ဖြစ်နေပြီလား။ ငါလို ပရိယတ္တိစာပေပို့ချနေတဲ့ ဆရာတစ်ဆူက တကယ်ပဲ အသုံး မကျလေရော့သလားလို့ တွေးမိသွားတယ်။

အဲဒီလို တွေးနေတုန်းမှာပဲ ဘုရားရှင်ကထပ်ပြီး မိန့်ပြန်တယ်။ နိသီဒ တုစ္ဆပေါဋ္ဌိလတဲ့. . . ။

သွားပါပြီ. . . အရှက်ရစရာ ဖြစ်ပါပြီ။ အသုံးမကျတဲ့ ပေါ ဋ္ဌိလ ထိုင်ပေတော့တဲ့။ အမှန်ပြောရင် ဘုရားရှင်ဟာ ဒီအသုံးအနှုန်းမျိုး သုံးခဲ့တယ်။ သာသနာတော်အဝန်းအဝိုင်းက ပယ်ထားတဲ့ ရှင်ဒေဝဒတ်လို ပုဂ္ဂိုလ်မျိုးတောင် တုစ္ဆဒေဝဒတ်လို့ မသုံးဖူးဘူး။

ကျွန်ုပ်တို့မှ တုစ္ဆပေါဋ္ဌိလလို့ ထပ်တလဲလဲ မိန့်မြွက်နေတာ အကြောင်းရှိမှာပဲလို့ တွေးမိတယ်။ ဒါကြောင့်လည်း အားမလျော့ပါ။ ဒေါမနဿစိတ်မပွားဘဲ ဘုရားရှင်ကိုရှိခိုးပြီး သင့်ရာမှာထိုင်နေလိုက်တယ်။

ကျွန်ုပ်ဟာ ဘုရားရှင်ကို ကြည်ညိုလွန်းလို့ ဆည်းကပ်ကိုးကွယ်သူပါ။ ဘုရားရှင်ရဲ့ ဓမ္မကို ယုံကြည်လို့ အာဂုံဆောင်ထားသူပါ။ ဒီမျှမကဘူး သာသနာတော်ကြီး ဆထက်ထမ်းပိုး တိုးတက် စည်ပင်ပါစေ၊ ထွန်းကားပါစေဆိုတဲ့ စိတ်ဓာတ်နဲ့ ပြန့်ပွားအောင် ကြိုးစားနေသူပါ။

ဝိနည်းက ဘယ်လို၊ သုတ္တန်က ဘယ်ပုံ၊ အဘိဓမ္မာက ဘယ်နည်း အဲသလို ဘုရားရှင်ညွှန်သမျှ ဟောသမျှ ပုဒ်ပါဒမလွဲအောင် မှတ်သားသွန်သင်နေသူပါ။ ဒီပုဂ္ဂိုလ်ကို တုစ္ဆပေါဋ္ဌိလလို့ မိန့်လိုက်တာ စဉ်းစားစရာဖြစ်သွားတယ်။

တကယ်တော့ ဘုရားရှင်တို့မည်သည် အကြောင်းမရှိဘ မမိန့်ဘူး။ ပြဿနာမရှိဘဲ မရှင်းဘူး။ မလိုအပ်ဘဲ မမြွက်ဘူး။ ဒါ. . ကျွန်ုပ်အပါအဝင် သံဃာပရိသတ်အားလုံး သိထားတယ်။ အကြောင်းတစ်ခုခု ရှိလို့သာ မိန့်တာပဲ။ ငါ ဘာမှားနေလဲ။ ဒီအမှားကို သိလို့ဆုံးမတာပဲ။ ဘုရားရှင်ဆုံးမမှုကို ဆင်ခြင်ပြီး အမှန်ရောက်အောင် ပြင်မယ်။ အဖြေရအောင် ငါကြံဆမယ်ဆိုပြီး ထိုင်ရာက ထလိုက်တယ်။

ယာဟိတုစ္ဆပေါဋ္ဌိလ. . . တဲ့။

ဟယ်. . . အနှစ်မရှိတဲ့ ပေါဋ္ဌိလ သွားပေတော့ ဆိုပါလား. . . . . ။

* * *

ကျွန်ုပ်ဟာ ဘုရားကျောင်းတော်ကအပြန် လမ်းမှာခေါင်း ငိုက်စိုက်ချပြီး စဉ်းစားလာမိတယ်။ စိတ်ထဲ ကသိကအောက်ဖြစ် လိုက်တာလွန်ရော။

စာသင်တိုက် ဆယ့်ရှစ်တိုက်ရဲ့ အကြီးအမှူးဖြစ်တဲ့ ကျွန်ုပ်ဟာ တကယ်တော့ ဘာမျှအသုံးမဝင်တဲ့ လူ့ထင်းတုံး၊ ထင်းတုံးတောင်အနှစ်မရှိတဲ့ ကြက်ဆူတုံးလို ချိုးပြီး မီးဆိုက်ဖို့ မကောင်းဘူးတဲ့လား။

သံဃာပရိသတ်အလယ်မှာ ဒီလိုမိန့်တော်မူတာ ရှက်စရာကောင်းလိုက်တာ၊ ကိုယ့်ခေါင်းကို ရိုက်ခွဲပစ်ချင်စိတ်တောင် ဖြစ်သွားတယ်။ တကယ်ပါ။ မျက်နှာ ဘယ်လိုထားရမှန်းတောင် မသိဘူး။ ဓားသာရှိရင် ဒီမျက်နှာကို ငါးဖွယ်မွှန်းသလို မွှန်းပစ်ချင်တယ်။

ဟယ်. . . ဟုတ်ပြီ. . . သိပြီ။ တုစ္ဆပေါဋ္ဌိလလို့ ဘုရားရှင်ခေါ်တာ ဒါပဲဖြစ်ရမယ်။ ငါက စာသင်နေတာကလွဲပြီး တခြားဘာရှိလဲ။ ပဏ္ဍိတ. . . ပဏ္ဍိတလို့ တပည့်တွေ ချီးကျူးထောပနာပြုတာကလွဲပြီး တခြားဘာရှိလဲ။ ငါ့မှာ ဈာန်တရားရှိလားကြည့်စမ်း။ ဈာန်ဝင်စားရာမှာ ဧတဒဂ်ဘွဲ့ရ အရှင်ရေဝတရဲ့ ခြေဖျားတောင်မမီဘူး။ ဒိဗ္ဗစက္ခုအဘိညာဉ်ရတဲ့ အရှင်အနုရုဒ္ဓါကိုရောမီသလား ဝေးသေး။

ဓုတင်အရာမှာ စံထားရတဲ့ အရှင်မဟာကဿပနဲ့တော့ ယှဉ်ကိုမယှဉ်အပ်တာပါ။ ကဲ. . . ကြည့်စမ်း။ ဒီကိုယ်တော်ကြီးတွေဆို ဘဝငြိမ်းပြီး သံသရာမှာကျင်လည်ဖို့ အကြောင်းမရှိတော့ဘူး။ ဥပါဒ်ထိ

ဘင်ဆိုတဲ့ တရားတွေ ချုပ်ငြိမ်းသွားပြီ။ ဆင်းရဲဒုက္ခခံစားဖို့ အကြောင်းမမြင်တော့ဘူး။

ကဲ. . . ငါရော။ ငါ. . . ဘယ်သွားမလဲ။ ဘယ်လမ်းလျှောက်မယ်ဆိုတာ ငါမသိဘူး။ ဘယ်ဘဝ ရောက်ဦးမယ်ဆိုတာ ငါမတွေးတတ်ဘူး။ ငါဟာ ဘုရားခုနှစ်ဆူတိုင် ဂန္ဓဝါစကပဏ္ဍိတ ဖြစ်ခဲ့ပေမယ့် ကြားကာလတွေ ဘာဖြစ်ခဲ့လဲ။ လူဆင်းရဲလား. . . နတ်ဆင်းရဲလား၊ ပြိတ္တာဆင်းရဲလား၊ ဘယ်လို ဆင်းရဲခဲ့သလဲ၊ ဘယ်ဘဝမှာ ဘာဒုက္ခတွေ ဘယ်လိုခံရလဲ။ ဒါတွေ ငါမသိဘူး။ အတိတ်ဘဝမှာ ဘာဖြစ်ခဲ့ တာမသိသလို နောင်ဘဝ ဘာဖြစ်မှာရော ငါသိနိုင်မလား။ ဘာမှ မသိနိုင်ဘူး။ ဒုက္ခခံစားရမလား. . . သုခပဲ စံစားရမလား၊ ခွဲခြားမသိတဲ့ ငါဟာ အလကားပေါ်ဌေလပဲပေါ့။ ဟုတ်တယ် ဘုရားရှင် က ဒီအကြောင်းမြင်လို့ တုစ္ဆပေါ်ဌေလလို့ နင့်နင့်သီးသီး သုံးလိုက်တာပဲ။

ဘုရား. . . ဘုရား။ တော်ပါသေးရဲ့. . . ဘုရားရှင် သတိပေးလို့သာ အဖြစ်မှန်ကို သိတာပါလား. . .။ ကျေးဇူးကြီးပါဘိ ရှင်တော်ဘုရား. . .။

*　　　*　　　*

ကျွန်ုပ်ပေါဋ္ဌိလဟာ ဘဝမှန်ကို သိလိုက်တာနဲ့ ထိတ်လန့်ခြင်း အလွန်ဖြစ်သွားတယ်။ ပရိယတ္တိ စာပေသင်ကြားနေဖို့ လွန်စွာ ဝန်လေးသွားတယ်။

ဟုတ်ပေသားပေါ့။ ရခဲတဲ့ ဒုလ္လဘတရားအတိုင်း ငါလူဖြစ်လာရပြီ။ လူဖြစ်ရုံမက မြင့်မြတ်တဲ့ရဟန်းဘဝလည်း ရခဲ့ပြီ။ ထူးခြားကောင်းမွန်တဲ့ သာသနာတော်ကြီးနဲ့ ဆုံစည်းရုံမက ဘုရားရှင်နဲ့ ကိုယ်တွေ့ကြုံရပြီ။ ဒီလိုအခွင့်အရေးတွေရနေလျက် သံသရာက ရုန်းထွက်အောင် မကြိုးစားနိုင်ရင် ငါဟာ အနှစ်မရှိတဲ့လူပဲ။

မဖြစ်ဘူး. . . နေလို့မဖြစ်တော့ဘူး။ လုံးဝဆက်နေလို့ မဖြစ်တော့ဘူး။ ဒီတပည့်တွေလည်း ခင်တွယ်နေလို့ မဖြစ်တော့ဘူး။ ဝေးရာကို သွားမှဖြစ်မယ်။

အင်း. . . သွားတာကို သိရင်တားကြမှာပဲ။ ဆရာမသွားပါနဲ့. . . ကျွန်တော်တို့ကို ဒီလိုပစ်ထား တော့မှာလား၊ သွန်သင်မှု မပေးတော့ဘူးလားဆိုပြီး သက်န်းဆွဲထားကြမှာ သေချာတယ်။ သင်းတို့ မသိအောင် ဝေးဝေးပြေးမှဖြစ်မယ်။

ကျွန်ုပ်ဟာ ဒီအတွေးရတာနဲ့ သပိတ်တစ်လုံးသက်န်းသုံးထည် အသင့်ပြင်ထားတယ်။ ဒီနံနက် တော့ ဟန်မပျက် စာသင်ပေးလိုက်မယ်။ သင်တန်းဖြုတ်တော့မှ မထင်မရှားနဲ့ ထွက်သွားမယ်။ ဒါမှ မရိပ်မိမှာ. . .။

ကျွန်ုပ်ဟာ ကိုယ့်အကြံနဲ့ကိုယ် ကျိတ်စီစဉ်ပြီး အဲဒီနေ့ညမှာ သာဝတ္ထိမြို့နဲ့ဝေးရာကို ထွက်ခဲ့တော့တယ်။

*　　　*　　　*

ထွက်ပြီဆိုကတည်းက နောက်ပြန်မကြည့်ဘဲ မနေမနား ခရီးကြမ်းနှင်ခဲ့တယ်။

ကျွန်ုပ် ဘယ်လောက်ပင်ပန်းမလဲဆိုတာ မှန်းဆသာကြည့်တော့။ ကျွန်ုပ်ဘဝတစ်လျှောက်လုံးမှာ အပူဇော်ခံ အရှိုးခံဘဝနဲ့ ဇိမ်ကျနေခဲ့တာပဲ။ ဆွမ်းဘောဇဉ်ဆိုလည်း ကောင်းပေ့ဆိုတဲ့ အဆီအအိမ့်ဆိဦးထောပတ်တွေ အလျှံပယ်ဘုဉ်းပေးရတယ်။ တပည့်တွေရဲ့ ပြုစုမှုကြောင့် အပူအပင်မရှိနေရသူက ဖြစ်သလို ရောင့်ရဲပြီး မြေကိုသင်ဖြူး၊ ဆူးကိုမွေ့ရာ၊ သစ်မြစ်ခေါင်းအုံး၊ ဝါးရုံကျောင်းအမှတ်ပြုဖို့ ထွက်လာတယ်ဆိုတော့ စဉ်းစားကြည့်တော့။

ဘာပဲဖြစ်ဖြစ် နောက်ပြန်လှည့်ဖို့ မစဉ်းစားဘူး။ ကျွန်ုပ်စဉ်းစားတာ တစ်ခုပဲရှိတယ်။ ဘုရားရှင်နှုတ်က တုစ္ဆပေါဋ္ဌိလလို့ နောက်တစ်ကြိမ် အခေါ်ခံရလွတ်အောင် ကြိုးစားဖို့ပဲ။

ကျွန်ုပ်ဟာ ခရီးကြမ်းကိုဆက်ရင်း ကမ္မဋ္ဌာန်းတရားနည်းခံဖို့ ဆရာရှာခဲ့တယ်။ တစ်တောဝင် တစ်တောင်တက် ခရီးဆက်လိုက်တာ ယူဇနာတစ်ရာ့နှစ်ဆယ်အကွာရောက်တော့ တစ်ခုသော တောအုပ်တွေ့တယ်။ နေချင့်စဖွယ် တောအုပ်လေးပါ။ သစ်ရိပ်ဝါးရိပ်တို့ကလည်း သိပ်သာယာပြီး နေဒဏ်မိုးဒဏ် အကာအကွယ်ရ မယ့်ပုံပဲ။ တောအတွင်းဖြတ်စီးနေတဲ့ ချောင်းရေလေးတွေကလည်း ကြည်လင်အေးမြနေတယ်။ ကျေးငှက်သာရကာအသံတို့ကလည်း ဆိတ်ငြိမ်နေလိုက်တာ စိုးစဉ်းမျှ မကြားရဘူး။ တရားဓမ္မနဲ့ မွေ့လျော်သူတွေအတွက် ပဋိရူပအရပ်လို့ ပြောရမှာပဲ။

အမှန်ပဲ။ တကယ့် ပဋိရူပအရပ် ကျွန်ုပ် ဘာလို့ ဒီစကား ပြောရတာလဲဆိုတော့ ဒီမှာ မဂ်တရား ဖိုလ်တရားနဲ့ ချမ်းသာစွာ သီတင်းသုံးနေတဲ့ ရဟန္တာပုဂ္ဂိုလ်တွေသာ နေကြတယ်လေ. . . အရှင်တို့ကို ဆည်းကပ်ရင် ဘုရားရှင် ဖြစ်စေချင်တဲ့ အသုံးကျလူဖြစ်ပြီပေါ့။

*　　　*　　　*

"အရှင်ဘုရား. . . အရှင်ဟာ တပည့်တော်ရဲ့အားထားရာ၊ မှီခိုရာ၊ ဆည်းကပ်ရာ ဖြစ်တော်မူပါ"

ကျွန်ုပ်ဟာ ရဟန္တာပုဂ္ဂိုလ်သုံးဆယ်ထဲက ဝါအကြီးဆုံးပုဂ္ဂိုလ်ထံ ချဉ်းကပ်ပန်ကြားလိုက်တယ်။ ကျွန်ုပ်ရဲ့ ပျပ်ဝပ်ကျိုးနွံတဲ့အမူအရာနဲ့ နှိမ်ချတဲ့အသံ ကြားလိုက်တာနဲ့ ရဟန္တာပုဂ္ဂိုလ်ကြီးက မျက်လွှာအသာ

ဖွင့်ပြီး စေ့စေ့ကြည့်တယ်။

"အရှင်ဘုရား. . သင်ဟာ စာတတ်ပေတတ် ပုဂ္ဂိုလ်တစ်ယောက်ပဲ. . . "

"မှန်ပါ. . . စာတော့တတ်ပါတယ်. . . ဘုရား"

"ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်တဲ့ အရှင့်လိုပုဂ္ဂိုလ် ဘာကြောင့် တပည့်တော်ကို မှီခိုရမှာလဲ။ တကယ်ဆို တပည့်တော်တို့ကသာ သိလိုတတ်လိုတာ သင်ယူရမှာပါ။ ဘုရားရှင်ဟောခဲ့တဲ့ တရားဓမ္မထဲက မရှင်းတာရှိရင် တပည့်တော်တို့ကသာ အရှင်ဘုရားကို မေးရမှာပါ"

"အို. . . မဟုတ်သေးပါဘူးဘုရား. . . အဲသလို မမိန့်ပါနဲ့ဘုရား။ တပည့်တော်သိတာ အမှန်သိ မဟုတ်ပါ။ သညာသိပါ။ ပညာရှိသူ မဖြစ်ပါဘူး။ မှန်ပါ့ဘုရား. . . အဲဒီလို ပစ်ပယ်တော်မူပါနဲ့"

"မဟုတ်သေးဘူး ကိုယ်တော်. . . သင့်လို ပညာတတ် ပဏ္ဍိတကြီးက မှီခိုစရာမလိုအပ်ပါဘူး"

"မှန်ပါဘုရား. . . တပည့်တော်ပေါဋ္ဌိလဟာ အသုံးမကျတဲ့သူပါ။ အလကားပေါဋ္ဌိလလို့ ဘုရားရှင်ကိုယ်တိုင် မြွက်ဟခဲ့သူပါ။ အရှင်ဘုရားကသာ မထောက်မရင် ဘယ်အရာမှာမှ အသုံးမဝင်တဲ့ သူ ဖြစ်ရပါတော့မယ်။ ကယ်တော်မူပါ. . . "

"ခက်ပါလား ပေါဋ္ဌိလရယ်. . . သင့်လို ပုဂ္ဂိုလ်ကို ဘယ်လိုဆုံးမပဲ့ပြင်ရမလဲ။ ကဲ. . . ကဲ . . . တခြားကြွပေဦးတော့"

ကျွန်ုပ်ဟာ အသက်ကြီးအရွယ်ကျ အားအင်ဆုတ်ယုတ်နေလို့ လယ်ထွန်ခိုင်းဖို့လည်း အသုံးမဝင်၊ ဝန်ရုန်းခိုင်းဖို့လည်း အသုံးမတည့်လို့ သွားလိုရာသွားတော့လို့ ဘေးမဲ့ပေးခံရတဲ့ နွားအိုကြီးတစ်ကောင်လို ယောင်ချာချာဖြစ်နေပါတယ်။ တောနက်နက်ထဲ ပြေးဝင်ရမလား၊ ချည်တိုင်က မခွာဘဲ ကုတ်ကတ်နေရမလား ဝေခွဲမရသလိုပါ။ နောက်တော့ အခြားရဟန်းတစ်ပါးဆီ ပြေးသွားမိတယ်။

"မှန်ပါ့ဘုရား. . . တပည့်တော် တုစ္ဆပေါဋ္ဌိလပါဘုရား. . . အနှစ်မရှိတဲ့ ပေါဋ္ဌိလပါဘုရား. . . အသုံးဝင်တဲ့ ပေါဋ္ဌိလဖြစ်အောင် သွန်သင်တော်မူပါ။ ဆုံးမတော်မူပါ"

ကျွန်ုပ် ချဉ်းကပ်တောင်းပန်တဲ့ မထေရ်ကလည်း ရှေးနည်းကိုင်း ပစ်ပယ်စကားဆိုလိုက်တော့ ကျောက်တုံးနဲ့အထုခံရသလို နာကျင်တုန်ခါသွားတယ်။ ငါ့ဘဝတော့ ရေစုန်မျောပါပြီလို့လည်း တွေးမိတယ်။ ဒီလိုသာခါထုတ်နေရင် ဘယ်မှာ မဂ်ဖိုလ်တရားရနိုင်တော့မလဲ။ အေးငြိမ်းတဲ့ဘဝ ရတော့မလဲ။

တကယ်တော့ ကျွန်ုပ်ဟာ အများရဲ့ မှီခိုခံခဲ့ရသူပါ။ အရှင်ဘုရားတပည့်တော်ကို သွန်သင်ပါ၊ ဆုံးမပါ၊ မသိသေးတာ ပြင်ပေးပါလို့ အားလုံးက တရိုတသေ အပြောခံရသူပါ။ သံဃာတိုင်းက ကျွန်ုပ်ကို ရှိခိုးဦးတင်ပြီး ပိဋကတ်သုံးပုံ သင်ပေးဖို့ တောင်းဆိုခံရသူပါ။ ဒီလိုပုဂ္ဂိုလ်ကြီးက ခုတော့ သူများရှေ့ ဒူးထောက်နေရပြီ။ ရဟန်းတရားသိဖို့ တပည့်ခံနေရပြီ။

ကိုယ်မသိသေးတဲ့အတတ်ကို တပည့်ခံဖို့ ကျွန်ုပ်ဝန်မလေးပါဘူး။ အောက်ကျို့ဖို့ တာဝန်မကြီး

ပါဘူး။ ဒီအတွက် ဘာလုပ်ရမလဲ။ ခြေဆုပ်လက်နယ် ပြုရမလား. . . ပြုမှာပါ။ ဝတ်ကြီးဝတ်ငယ် ပြုရမလား. . . ပြုမှာပါ။ ယုတ်စွအဆုံး သက်နိုးလျှော်ဆိုလည်း လျှော်မယ်။ မစင်အိုးသွန်ဆိုလည်း သွန်မယ်။ ဘာမဆိုလုပ်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်။

အဟင်း. . . ဘာရမလဲ။ ပေါဋ္ဌိလက ဒါမျိုးနဲ့ငွဲလျှော့မယ်ထင်လို့လား. . . တစ်ပါးမရ နောက်တစ်ပါးပေါ့။ ပေါဋ္ဌိလကို တပည့်လို့ အသိအမှတ်မပြုသရွေ့ နောက်ကြောင်းပြန်မယ် မထင်နဲ့။ ရဟန္တာသုံးဆယ်ထဲက ပေါဋ္ဌိလကို သနားတဲ့ပုဂ္ဂိုလ် တွေ့ရမှာပေါ့. . . .။

* * *

ကျွန်ုပ်ဟာ ရဟန္တာသုံးဆယ်ရဲ့ရှေ့မှောက် ဒူးထောက်တောင်းပန်ပေမယ့် အချည်းနှီးပါပဲ။

ဘုရားရှင်က တုစ္ဆပေါဋ္ဌိလလို့ မိန့်ခဲ့တာ မှန်လိုက်တာလို့ ခုမှပဲ ဆင်ခြင်မိတော့တယ်။ ကျွန်ုပ်ဟာ ကိုယ့်ကိုယ်ကို ပညာတတ် ဆရာတစ်ဆူလို့ထင်ပြီး သွေးနားထင်ရောက် ဘဝင်မြောက်ခဲ့တာ တကယ်တော့ တပည့်ကောင်းတစ်ယောက်တော့ မဖြစ်နိုင်သေးတာ ခုမှသိရတော့တယ်။

ဝမ်းနည်းစိတ်နဲ့ ဆောက်တည်ရာမရ ပြေးလွှားရင်း သက်နိုးချုပ်နေတဲ့ သာမဏေတစ်ပါးကို လှမ်းမြင်လိုက်တယ်။ အသက်ငယ်ရွယ်သော်လည်း ဣန္ဒြေသိက္ခာအပြည့်ရှိတဲ့ သာမဏေလေးမြင်တော့ အားကိုးရာမြက်ပင်တွေ့ပြီဟေ့လို့ ရင်ထဲပျော်သွားတယ်။ အမိအရဖမ်းဆုပ်ဖို့ ကသောကမျော ပြေးသွားမိတယ်။

"အရှင်ဘုရား. . . တပည့်တော် တုစ္ဆပေါဋ္ဌိလပါဘုရား။ အရှင်ဘုရားတပည့်တော်ရဲ့မှီခိုအားထားရာ ဖြစ်တော်မူစမ်းပါ"

"အို. . . မဟုတ်တာဘုရား. . အရှင်ဟာ မထေရ်ကြီး ဝါကြီးပုဂ္ဂိုလ်ပါ။ ဗဟုသုတ အကြားအမြင်များသူပါ"

"မ. . . မလုပ်ပါနဲ့ဘုရား. . . ဒီအကြားအမြင်များတယ်ဆိုတဲ့ စကားသုံးပြီး မပယ်လိုက်ပါနဲ့။ အသုံးမကျတဲ့ ပေါဋ္ဌိလကို အရှင်သာပစ်ပယ်ရင် ဘဝဆုံးပါပြီ"

"မဟုတ်သေးပါဘူး တပည့်တော်တို့ မသိရင်သာ ကိုယ်တော့်ကို မေးရ အားကိုးရမှာပါ။ ဘယ့်နှယ် တပည့်တော်ကို မှီခိုရမှာလဲ"

"မလုပ်ပါနဲ့ သူတော်ကောင်းလေးရယ်။ အဲသလို မဆုံးမပါနဲ့။ တပည့်တော်ရဲ့ အားထားရာဖြစ်စမ်းပါ။ အရှင်ဘုရားဆုံးမတာ နာယူပါရစေ။ တိတိကျကျ လိုက်နာပါရစေ။ ဒီလို တပည့်တော်ကို ဆုံးမမယ်ဆိုရင် ဝမ်းသာလှပါပြီ"

ကျွန်ုပ်ရဲ့ ပျပ်ဝပ်ကျိုးနွံတဲ့ အမူအရာနဲ့ တောင်းပန်လိုက်တော့ သာမဏေငယ်လေးက သနား စရာသတ္တဝါနှယ် စူးစူးစိုက်စိုက်ကြည့်တယ်။ အဲဒီကြည့်နေတဲ့ အခိုက်အတန့်ဟာ ကျွန်ုပ်အတွက် တစ်ကမ္ဘာ ကြာတယ်လို့ ထင်မိတယ်။ ဘယ်လိုစကားများ မိန့်လိုက်မလဲလို့ စောင့်စားရတဲ့အဖြစ်ဟာ ကြီးစွာသော ဆင်းရဲမှုကို ခံစားနေရပါတယ်။

"အရှင်ဘုရား. . . တပည့်တော်စကား တကယ်နားထောင်မှာလား. . . "

"အို. . . နားထောင်ရမှာပါ။ တကယ့်ကို နားခံမယ့် တပည့်ပါ။ အရှင်သွန်သင်ပါ၊ ဆုံးမပါ၊ နိုင်းပါဘုရား"

"ဒါဖြင့် ကောင်းပြီ။ ဟောဟိုမှာ ရေအိုင်တွေ့လား။ အဲဒီ ရေအိုင်ထဲဆင်း။ အရှင့်ရဲ့ အဖိုးတန် သက်န်းတွေ မချွတ်နဲ့၊ ဒီအတိုင်းသာဆင်းစမ်း"

"မှန်ပါ၊ ဆင်းပါမယ် ဘုရား။ တပည့်အဖြစ် အသိအမှတ်ပြုရင် မီးပုံထဲ ဆင်းခိုင်းတောင် ဆင်းမှာ ပါ။ ကုန်ကုန်ပြောရရင် သေလမ်းပို့ရင်တောင် ကြည်ကြည်ဖြူဖြူသွားမှာပါ အရှင်"

ကျွန်ုပ်ပေါ်ဋ္ဌိလဟာ တပည့်အဖြစ် အသိအမှတ်ပြုတော့မယ်လို့ကြားတော့ ဝမ်းသာသွားတာ ပြောမပြတတ်အောင်ပဲ။ ကိုယ့်ထက်ငယ်တဲ့ သာမဏေလေးလို့ မတွေးတော့ဘူး။ မဆီလျော်တဲ့ ခိုင်းစေမှုလို့ လည်း မမြင်တော့ဘူး။ ဆရာ့စကားမြေဝယ်မကျနားထောင်တဲ့ တပည့်တစ်ယောက်ပီသဖို့သာ အာရုံပြုထား တော့ ရေအိုင်ထဲ ပြေးဆင်းလိုက်တယ်။

ဒီရေကန် ဘယ်လောက်နက်သလဲ၊ ဘာအန္တရာယ်ဖြစ်မလဲဆိုဘာ မတွေးဘူး။ တကယ့်ကို ရေနစ် သေသွားတောင် ကျွန်ုပ် နောင်တရမှာ မဟုတ်ဘူး။ ဘာပြုလို့လဲသိလား. . . မဂ်တရား လမ်းပြမယ့်ဆရာ တွေ့လို့ပဲ။

ကျွန်ုပ်သက်န်းရေစိုရဲ့ ရှိသေးတယ် ဆရာကပြန်ခေါ်တာနဲ့ နောက်ကြောင်းပြန်လှည့်ခဲ့တယ်။ ပြီးတာနဲ့ ဆရာ့ရှေ့မှာ ပျပ်ဝပ်ရိုကျိုးတဲ့ အမူအရာနဲ့ ထိုင်လိုက်တယ်။

"အင်း. . . အရှင်ပေါ်ဋ္ဌိလဟာ တကယ်နာခံမည့် တပည့်ကောင်းဆိုတာ ယုံသွားပြီ"

"အမှန်ပဲလား အရှင်ဘုရား. . . ဒါဆိုတပည့်အဖြစ် အသိအမှတ်ပြုပြီပေါ့. . . "

"အရှင်ဘုရားရဲ့ ပျပ်ဝပ်တဲ့ အမူအရာမြင်တော့ တပည့်အဖြစ် လက်ခံရမှာပေါ့"

"အို. . . ဝမ်းမြောက်လိုက်တာ ပညာရှိလေးရယ်. . . ကျေးဇူးတင်လိုက်တာ ကိုယ်တော်ရယ်"

ကျွန်ုပ်တစ္ဆပေါ်ဋ္ဌိလဟာ ကိုယ့်ထက်ငယ်ရွယ်သူ ဖြစ်ပေမယ့် ဦးခိုက်ရှိခိုးချင်စိတ်ဖြစ်မိတာ အမှန်ပါ။ ဒါပေမယ့် သာမဏေငယ်က ကျွန်ုပ်ရဲ့ ရှိခိုးမှုကိုလက်မခံဘဲ တရားဓမ္မသွန်သင်မှု ပြုပါတယ်။

"အရှင်ဘုရားစိတ်ထဲမှာ တောင်ပို့တစ်ခုသာ မှန်းကြည့်လိုက်ပါ။ အဲဒီတောင်ပို့မှာ အပေါက် ခြောက်ပေါက်ရှိတယ်။ အဲဒီ အပေါက်ခြောက်ပေါက်ရှိတဲ့တောင်ပို့ထဲက ဖွတ်တစ်ကောင် ဝင်သွားတယ်ဆို

ပါတော့. . . ဒီဖွတ်ကို ဖမ်းချင်ရင် အပေါက်ငါးပေါက်ကို အရင်ပိတ်၊ ကျန်နေတဲ့ အပေါက်ကနေဖမ်းမှ ဖွတ်ကိုရမယ်။ ပိတ်မထားရင် ဖွတ်ဘယ်ပေါက်က ထွက်ပြေးမယ်ဆိုတာ သိနိုင်မလား ဘုရား"

"မှန်ပါ. . . အမှန်ပါပဲ ဘုရား"

"ထို့အတူပဲပေါ့ အရှင်ပေါဋ္ဌိလ၊ ဒီခန္ဓာထဲမှာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားတွေ ဝင်လာနိုင်တဲ့ အပေါက်ခြောက်ပေါက် ရှိတယ်။ အဲဒါတွေက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနော ဆိုတဲ့ အပေါက်တွေပဲ။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနော တွေပေါ့။ အဲ. . . ဒီအထဲက မနောပေါက်ကို လှပ်ထားပြီး ကျန်အပေါက်တွေက ပိတ်လိုက်ရင် ဖွတ်နဲ့တူတဲ့ ဒုက္ခပေးမယ့်သတ္တဝါ တွေကို ဖမ်းမိပြီ ပေါ့အရှင်"

'အို. . . ကျေးဇူးကြီးလှပါဘိ အရှင်။ ကျွန်ုပ် ပြတ်ပြတ်ထင်ထင် မြင်ပါပြီ။ မနောဒွါရ ကမ္မဋ္ဌာန်း စီးဖြန်းရင် လိုရာခရီးရောက်နိုင်တာ သိရပါပြီ။ အရှင့်ကျေးဇူးကြောင့် အလင်းရောင်ကို မြင်ရပါပြီ"

ကျွန်ုပ် ပေါဋ္ဌိလဟာ ပညာဂုဏ်ကိုပူဇော်တဲ့အနေနဲ့ ရှိသေစွာ လက်အုပ်ချီရင်း နောက်ဆုတ်ကာ ဆုတ်ကာ လှမ်းခဲ့တယ်။ ကျွန်ုပ်သိထားသော အရာများဖြစ်ပေမယ့် စာသာသိတဲ့ ကျွန်ုပ်အဖို့ ခုမှာပဲ ပညာအသိရပါတော့တယ်။

ကျွန်ုပ်ဟာ မနောဒွါရကမ္မဋ္ဌာန်းစီးဖြန်းဖို့ အရိပ်ကောင်းတဲ့ သစ်ပင်တစ်ပင်အောက်မှာ နေရာယူပြီး စတင် အလုပ်လုပ်ပါတယ်။ အဲဒီလို ကမ္မဋ္ဌာန်းတရားကျင့်နေစဉ်မှာပဲ ကျွန်ုပ်ရဲ့ အမြင်အာရုံမှာ ခြောက်သွယ်သောရောင်ခြည်ကို ဖူးလိုက်ရတယ်။ ဘုရားရှင်ရဲ့ အသံတော်ကိုလည်း ကြားနေရတယ်။

ဒီတစ်ခါ ကြားရတာကတော့ တုစ္ဆပေါဋ္ဌိလဆိုတဲ့ ရှုတ်ချသံ မဟုတ်ဘူး။

***"ချစ်သားပေါဋ္ဌိလ. . . ဘာဝနာအားထုတ်ခြင်းကြောင့် မြေကြီးပမာ ကျယ်ပြန့်တဲ့ ပညာဖြစ်၏၊ အားမထုတ်ခြင်းကြောင့် ပညာကုန်ခန်း ပျက်စီးရ၏၊ တိုးပွားခြင်း၊ မတိုးပွားခြင်း လမ်းသွယ် သိ၍ကျင့်လျှင် ဤသို့ပညာကုန်ခမ်း ပျက်စီးရ၏၊ တိုးပွားခြင်း၊ မတိုးပွားခြင်း လမ်းနှစ်သွယ်သိ၍ ဤသိုကျင့်လျှင် ပညာတိုး၏"*** တဲ့။

မှန်ပါ မြတ်ဗုဒ္ဓ. . . တပည့်တော်ပေါဋ္ဌိလဟာ အခုအချိန်မှာ ပြက်ပြက်ထင်ထင် မြင်ပြီး မဂ်စည်းစိမ်၊ ဖိုလ်စည်းစိမ် အပြည့်ရခဲ့ပါပြီ အရှင်ဘုရား. . . . ။

**ကျမ်းကိုး**

**၁။ဓမ္မပဒမဂ္ဂဝဂ်၊ ပေါဋ္ဌိလမထေရ်ဝတ္ထု**

**၂။ကျေးဇူးရှင် ကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏ အလုပ်ပေးတရားတော်**

# အရိဝ်



# အခရိုပ်

မယ်တော်ဝါသဘာခတ္တိယရဲ့ မွေးရပ်မြေဆိုတဲ့အသိကြောင့် ရင်ထဲမှာ ကြည်နူးသွားစေပါတယ်။

နေ့ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေခဲ့တဲ့ ရောက်ဖူးချင်စိတ်ပြည့်သွားပြီပေါ့။ အင်. . . ကပိလဝတ်ဟာ မယ်တော်ချိုးကျူးလောက်ပါပေရဲ့။

"ဟိမဝန္တာတောင်စောင်းရဲ့ တစ်နေရာမှာ ကပိလဂေါတမအမည်ရှိတဲ့ ရသေ့သူတော်စင် သီတင်းသုံးတဲ့ကျောင်း ရှိသကွဲ့။ အဲဒီကျောင်းရဲ့ ဝန်းကျင်မှာ အရောင်မျိုးစုံနဲ့ လှပတဲ့သစ်ပင်၊ နွယ်ပင်။ ပန်းပင်တွေရှိတယ် သားတော်ရဲ့။ နူးညံ့ပျော့ပျောင်းပြီး စိမ်းစိုတဲ့ မြက်ပင်တွေကလည်း ကတ္တီပါကော်ဇောကြီးဖြန့်ခင်းထားသလိုပေါ့။ ပြီးတော့ ကြည်လင်သန့်ရှင်းတဲ့ ရေတွေပြည့်လျှံနေတဲ့ ရေကန်လည်းရှိတယ်။ ဒီရေကန်မှာ ကြာမျိုးငါးပါးကလည်း ဝေဝေဆာဆာ ဖူးပွင့်နေကြတယ်။ ပြောရရင် ဒီလိုသာယာငြိမ်းချမ်းတဲ့နေရာဟာ သူတော်စင်တို့အတွက် ပဋိရူပအကျဆုံးနေရာလို့ ပြောရမှာပေါ့ သားတော်"

ကျွန်ုပ်က ထပ်တလဲလဲ ပူဆာလွန်းတော့ မယ်တော်မွေးမြေ ကပိလဝတ်အကြောင်းကို လွမ်းမောစရာလေးနဲ့ အစချီတယ်။ မမြင်ဖူး၊ မတွေ့ဖူးတဲ့ ရှုခင်းဖြစ်ပေမယ့် မယ်တော့်စကားကို ပုံဖမ်းကြည့် လိုက်တော့ ကပိလဝတ်ရဲ့ ပုံရိပ်ဟာ နှလုံးသားမှာ ထင်မြင်လာပါတယ်။

"တစ်ခါမှာတော့ အဲဒီကျောင်းသခ်မ်းကို တောကစားထွက်လာတဲ့ ဘုရင့်သားတော်တွေ ရောက်လာတယ်ဆိုပဲ။ သာယာတဲ့ ရှုခင်းမြင်တော့ နေပြည်တော်ကိုမေ့ပြီး နေလိုစိတ်ဖြစ်ကြသတဲ့။ ဒါနဲ့ ရသေ့ထံ ခွင့်ပန်လျှောက်တော့ သင့်တင့်ရာမှာ တဲနန်းထိုးနေကြလို့ ခွင့်ပေးသတဲ့။ မင်းသားတွေ တဲနန်းထိုးနေကြတဲ့ နေရာဟာ ဟင်းသီးဟင်းရွက်ပင်တွေ ယှက်သိုင်းဖြာမိုးနေတယ်ဆိုပဲ။ အဲဒါတွေကိုစွဲပြီး သကျသာကီမင်းသား

တွေလို့ ခေါ်သတဲ့။ ဪ. . . ဒီလိုလေ သားတော်ရဲ့ . . . ဟင်းသီးဟင်းရွက်တွေကို သကလို့ခေါ်တယ် မဟုတ်လား။ သကကနေ သကျဖြစ်လာတာပေါ့။ လိုရင်းပြောရရင် အနေနီးတော့ အကျွမ်းတဝင်ရှိလာ တယ်။ ကျွမ်းဝင်ရာက ခင်မင်၊ ခင်မင်တော့ သံယောဇဉ်ဖြစ်၊ သံယောဇဉ်ရှိတော့ မင်းသားတွေရဲ့ နောင်ရေး တွေးလာသတဲ့။ ဒါနဲ့ ဂေါတမရသေ့ဟာ တစ်နေ့တော့ မင်းသားတွေကို ပြောသတဲ့"

"ချစ်သားတို့ . . . ငါကောင်းကင်ထက်က ပျံသွားမယ်။ ဟောဒီ ကရားကရေစက်တွေ ချပေးမယ်။ အသင်တို့က ရေစက် ကျရာမှန်းပြီး ငါ့နောက်လိုက်ပေတော့လို့ မိန့်သတဲ့"

မယ်တော့်စကားဟာ စိတ်ဝင်စားစရာပါ။ ကပိလဂေါတမရသေ့က ဘာရည်ရွယ်ချက်နဲ့ ဒီလို လုပ်တာလဲ။ မင်းသားတွေကရော ဘယ်လိုလုပ်မှာလဲ။ အဲဒီအဖြစ်အပျက်နဲ့ ကပိလဝတ်ဟာ ဘယ်ပုံ ဆက်စပ်နေတာလဲလို့ သိချင်စိတ် ပြင်းပြလာတယ်။

"မင်းသားတွေဟာ မြင်းရထားတွေပေါ်တက်ပြီး ရေစက်ကျ ရာနောက်ယောင်ခံလိုက်တာပေါ့။ အရှေ့ကမြောက်၊ မြောက်က အနောက်၊ အနောက်ကတောင် ဒီလိုအရပ်လေးမျက်နှာလှည့်လိုက်တာ လေးထောင့်ကျကျ နေရာဖြစ်လာသကွဲ့။ ဒီအခါ ဂေါတမရသေ့က အသင်တို့ လှည်းဘီးထင်ရာ ဤအရပ်ကိုမှတ်ထား၊ ငါမရှိတဲ့ အချိန်၊ ဒီနေရာမှာမြို့တည်၊ အသင်တို့ ဒီနေရာမှာ စံမြန်းကြလို့ မိန့်သတဲ့။ ဆိုပါတော့ သားတော်။ ကပိလရသေ့ ကွယ်လွန်ချိန်မှာ မင်းသားတွေ ဦးတည်ရာမဲ့ လျှောက်သွားရင်း ရတနာအိုးတွေ့လိုက် ရလို့ ဆရာရသေ့ညွှန်တဲ့အတိုင်း မြို့တည်စံမြန်းတယ်။ဆရာရသေ့ ညွှန်တဲ့အရပ်မို့ ကပိလဝတ္ထုလို့ တွင်ခဲ့တယ်လို့ ရှေးစကားမှတ်သားဖူးတယ် သားတော်. . . "

မယ်တော်မိန့်ကြားတဲ့ စကားဟာ သဘာဝယုတ္တိ ကျမကျ မတွေးမိပေမယ့် ကပိလဝတ်မြို့ကြီးဖြစ် ပေါ်လာပုံကတော့ လွမ်းမောစရာ ခံစားရတာတော့ အမှန်ပဲလေ. . . ။

အင်း. . . မြင်တွေ့နေရတဲ့ ရှုခင်းကလည်း လွမ်းမောစရာပါ။

ကြည့်ပါဦး၊ မြို့ပတ်လည်မှာ ကျယ်ပြောတဲ့ ကျုံးနဲ့ဝန်းရံ ထားသလို မြို့တွင်းမှာရှိတဲ့ မင်းလမ်း တွေကလည်း ဖြောင့်ဖြူးပ့ါ၊ အကွက်ကျပ့ါ။ လမ်းဘေးဝဲယာမှာ အရိပ်ရသစ်ပင်တွေကလည်း အစီအရီ။ ပန်းမျိုးစုံကလည်း ရောင်စုံဖူးလို့ ပွင့်လို့။ ကိုင်း. . . ကြည့်စမ်း။ မြို့ရိုးတံတိုင်းကလည်း ခိုင်ခံ့ပါဘိ။ မြို့ကို တောင်မြင့်ကြီးတွေ ဝိုင်းပတ်ထားသလိုပဲ။ တော်ရုံတန်ရုံ အင်အားနဲ့တော့ ဖြိုဖျက်ဖို့ လွယ်မယ်မထင် ဘူး။ အလို. . . မြို့တွင်းမှာရှိတဲ့ ပြာသာဒ်၊ ဗိမာန်၊ အဆောက်အအုံတွေကလည်း တင့်တယ်ပ့ါ။ စနစ်တကျရှိ ပ့ါ။ နေရာအကွက်အကွင်းကျပ့ါ။ ဟော. . . ဟိုမှာကြည့်စမ်း မြို့သူမြို့သားတွေ အပန်းဖြေဖို့လုပ်ထားတဲ့ ဥယျာဉ်တွေက ဘယ်လောက်လှလဲ။ တာဝတိံသာနတ်ပြည်က နန္ဒဝန်ဥယျာဉ်ထက်တောင် သာလေမလား မသိဘူး။

အင်း. . . ကပိလဝတ်ဟာ မင်းဧကရာဇ်အုပ်ချုပ်တဲ့ နိုင်ငံပီပီ ငြိမ်ဝပ်ပိပြားမှုလည်း ရှိပါလား။

မင်းဇေကရာဇ်ကလည်း ပြည်သူကို ရင်ဝယ်သားနှယ် မေတ္တာထားတယ်။ မင်းကျင့်တရားဆယ်ပါး၊ အပယာနိရတရားခုနစ်ပါး၊ သင်္ဂဟတရားလေးပါးနဲ့အညီ အုပ်ချုပ်လို့ထင်ပေါ် ငြိမ်းချမ်းပါဘိတော့။

ဪ. . . ဒီနေရာဟာ ငါ့ရဲ့ဘေးတော် သုဒ္ဓေါဒနမင်းကြီး စံမြန်းခဲ့တဲ့ နေရာပါလား၊ ဒီအတွေးလေးတစ်ချက်ဝင်လာတော့ မယ်တော်မိန့်ကြားဖူးတဲ့ စကားလေးတချို့ကို ပြန်အမှတ်မိလာတယ်။

"သားတော်ရဲ့ ဘေးကြီး သုဒ္ဓေါဒနဟာ ခွန်အားလဲရှိတယ်။ ပညာလဲကြီးတယ်။ လုံ့လဝီရိယနဲ့လဲ ပြည့်စုံတယ်။ အုပ်ချုပ်ရေးရာမှာလဲ ကျွမ်းကျင်တယ်။ တော်တည့် မှန်ကန်မှုရှိတယ်။ ကာမဂုဏ်အာရုံကို ခင်တွယ်မက်မောမှုကင်းတယ်။ စည်းစိမ်ကြွယ်ဝပေမယ့် မာန်မာနကျတော့ကင်းတယ်။ ဘုန်းတန်ခိုးလက်ရုံး အာဏာ ပြည့်စုံလို့ အမင်းမင်းတို့က လေးစားပြီး တစ်ပါးသူရဲ့ စော်ကားမှုမခံရဘူး . . . သားတော်"

ဒီစကားကြားရတော့ ဘေးတော် သုဒ္ဓေါဒနကို ကြည်ညို အားကျလိုက်တာ အလွန်ပါပဲ။ ကျွန်ုပ်ဟာ ဘေးတော်ကို တွေ့ခွင့်မကြုံရပေမယ့် ဦးရီးတော်ဗုဒ္ဓရဲ့ ရုပ်သွင်ကို မှန်းဆကြည့်ရုံနဲ့ သိနိုင်ပါတယ်။ ဘေးတော်ရဲ့ရုပ်သွင်ဟာ ကြည်ညိုစဖွယ်ရှိမှာ အမှန်ပါ။ အနွယ်တော်တွေ ဖြစ်တဲ့ အရှင်နန္ဒ၊ အရှင်အာနန္ဒာ၊ အရှင်အနုရုဒ္ဓါတို့ကိုပဲ ကြည့်လေ. . . ယောကျ်ားကောင်း ယောကျ်ားမြတ်တို့ လက္ခဏာ ပြည့်စုံသူတွေပဲ မဟုတ်လား. . . ။

အင်း. . . ငါ့ဘိုးတော် မဟာနာမ်မင်းကြီး ရုပ်သွင်ဟာ တင့်တယ်မှာ သေချာတယ်။ သုဒ္ဓေါဒနရဲ့ သားတော်၊ တူတော်တွေဆိုတော့ ရွှေအဆင်းလို ဝင်းဝါနေမှာ အမှန်ပေါ့။

ဘိုးတော်ရုပ်သွင်ကို မှန်းဆကြည့်ချင်ရင် မယ်တော့်အသွင် ကြည့်ရုံနဲ့ သိမှာပါ။ ဖအေတူသမီး မို့လို့ ရွှေအဆင်းလို ဝင်းဝါနေတာ ဖြစ်မှာပဲ။ မယ်တော့်အဆင်းရူပါကို စွဲမက်လွန်းလို့ ပသေနဒီ ကောသလ မင်းကြီးက သိမ်းပိုက်မြှောက်စားခဲ့တယ်။ ဒါကြောင့်လည်း ငါဟာ ကာသိတိုင်းနဲ့ ကောသလတိုင်းရဲ့ အရှင်သခင် ဘုရင်ကောသလရဲ့ ရင်သွေးဖြစ်လာတာ မဟုတ်လား. . . ။ တစ်နေ့ကျ ရင် ဒီတိုင်းကြီးတွေရဲ့ အရှင်သခင်ဖြစ်လာမယ့် ကျွန်ုပ်အနေနဲ့ ကြောင့်ကြစရာ အလျဉ်းမရှိပါဘူးလေ. . . ။

ကိုယ့်ရဲ့ အနာဂတ်ဖြောင့်ဖြူးသာယာပုံကို တွေးကြည့်မိတော့ ကြည်နူးမိပါတယ်။ ဒါပေမယ့် စိတ်ထဲမှာ အလိုအာသီသ တစ်ခုတော့ ရှိနေတယ်။ ပြည့်စုံတယ်ဆိုတဲ့ ဒီဘဝမှာ တစ်ခုခု လစ်ဟာနေ သလိုပါပဲ။ အဲဒီ လိုအပ်ချက်ကို တောင့်တနေမိတာလည်း ကြာပါပြီ။

ငါ့ဆွေ၊ ငါ့မျိုးဆိုတဲ့ အသိက လှုံ့ဆော်နေတော့ ဘိုးတော် မဟာနာမ်မင်းကြီးကို ဖူးမြင်ချင်တယ်။ မယ်တော်မွေးမြေ ကပိလဝတ်ကို ရောက်ဖူး၊ မြင်ဖူးချင်တယ်။

ဟော. . . ခုတော့ ဒီဆန္ဒကပြည့်ပြီ။ ကပိလဝတ်ပြည်ကို ရောက်ခဲ့ရပြီပေါ့။

ကျွန်ုပ်ကပိလဝတ်ကို လာခဲ့တာ အကြောင်းတစ်ခုတည်း ကြောင့်မဟုတ်ဘူး။ သံသယဖြစ်စရာ အကြောင်းအမျိုးမျိုးက စေ့ဆော်လာတဲ့ စိတ်ကြောင့်ပါပဲ။

ပြောရရင် ကျွန်ုပ်သိတတ်၊ တွေးတတ်တဲ့အချိန်ကစပြီး သံသယဖြစ်လာတယ်။ တွေးတောဆင်ခြင်မိတာ ကျွန်ုပ်အမည်က စတာပါပဲ။

တွေးစရာပါ။ အဘိုးမဟာကောသလမင်းကြီးကဖွားတဲ့ ကျွန်ုပ်ခမည်းတော်အမည်ဟာ ပသေနဒီကောသလတဲ့။ ကောသလ သားဟာ မျိုးရိုးအရ ကောသလပဲ ဖြစ်ရမယ်။ ခုတော့ ကျွန်ုပ်အမည်က ဝိဍူဍဘ။

"မယ်မယ်. . . သားတော်အမည်ကို ဘယ်သူပေးတာလဲ"

ဒီစကားမေးလိုက်တော့ မယ်တော်က မျက်မှောင်လေးကြုတ်ပြီး ဘာဖြစ်လို့လဲ သားတော်လို့ ပြန်မေးတယ်။ ကျွန်ုပ်စိတ်ထဲ ဖြစ်ပေါ်လာတဲ့ စူးစမ်းမှုကို ဖွင့်ပြောလိုက်တယ်။ ကျွန်ုပ်စကားကြား တော့ မယ်တော့်မျက်နှာ မှုပျက်သွားတာ တွေ့လိုက်တယ်။ ဒါပေမယ့် ချက်ချင်းကြွေ့ဆည်ပြီး ဟန်လုပ်ပြုံးလိုက်တယ်။

"ဒီလို. . . သားတော်. . . သားတော်ကို ဖွားပြီး အမည်ပေး ကင်ပွန်းတပ် မင်္ဂလာဆင်ယင်ဖို့ မောင့်ဖခင်စီစဉ်တယ်။ မောင့်ကို ချစ်မြတ်နိုးလွန်းတဲ့ မောင့်ခမည်းတော်က သူကိုယ်တိုင် နာမည် ပေးတာထက် မောင့်အဘိုး မဟာနာမ်မင်းကြီးပေးတာ ယူချင်တယ်။ ဒါနဲ့ အမတ်တစ်ယောက်ကို ကပိလဝတ်လွှတ်ပြီး နာမည်တောင်းတယ်"

"ဩော်. . . "

"မောင့်ခမည်းတော်က တလေးတစား လျှောက်တင်တာကို ဘိုးတော်မဟာနာမ်မင်းကြီးက သိပ်အလေးထားပုံမရဘူးကွဲ့။ အဲ . . . တခြားအကြောင်းလဲ ရှိလို့လဲ ဖြစ်ချင်ဖြစ်မှာပေါ့။ ဝမရှိဘဲ ဝိမလုပ်နဲ့လို့ ပြောလိုက်လေသလား မသိပါဘူး။ သားတော်. . . ဒါကို နားလေးတဲ့အမတ်က ဝိဍူဍဘလို့ ကြားလာပြီး ဒီနာမည်ပြန်လျှောက်တာကို အမြတ်တနိုးမှည့်တာပါ။ နေဦး. . . သားတော် ဒါအတွက် ဘာများဖြစ်လို့လဲ. . . "

"ဘာဖြစ်ရမှာလဲ မယ်တော်။ ခမည်းတော်ရော မယ်တော်နဲ့ပါ မပတ်သက်တဲ့ ဒီနာမည်ရတာ လူရယ်စရာ၊ ကဲ့ရဲ့စရာ ဖြစ်မနေဘူးလား. . . "လို့ ပြန်လျှောက်ချင်ပေမယ့် ကလေးအတွေးနဲ့ မေ့မေ့ပျောက်ပျောက် နေလိုက်ပါတယ်။

ငယ်ရွယ်စဉ်က မေ့သင့်တာကို မေ့လို့ရပေမယ့် တဖြည်းဖြည်း အသက်ရလာတော့ ကိုယ့်အတွက် ချို့တဲ့ချက်တွေမြင်လာ တယ်။ အားမလိုအားမရဖြစ်လာတယ်။

ကျွန်ုပ်နဲ့ သက်တူရွယ်တူ မင်းသားတွေ၊ ကျွန်ုပ်ထက်ငယ်တဲ့ မင်းသားတွေထံ သူတို့ဘိုးဘွားတွေ၊

ဦးကြီးတွေ၊ ဆွေတော်မျိုးတော်တွေဆီက လက်ဆောင်တွေရောက်ကြတယ်။ စိန်ရွှေရတနာ၊ ပိုးဖဲကတ္တီပါ၊ ဆင်ကောင်းမြင်းကောင်းတွေ ရောက်ကြပါတယ်။ ဒီပစ္စည်းမျိုးကို ကျွန်ုပ်တောင့်တစရာ မလိုပါဘူး။ ကောသလဘုရင်ရဲ့သားတော်. . . နန်းရံမင်းသားတစ်ယောက်အနေနဲ့ ဒီပစ္စည်းတွေ ဟာ အသေးအမွှားပါ။ ဒါပေမယ့် ချစ်ခင်တဲ့သဘောနဲ့ ပေးဆက်တဲ့ လက်ဆောင်ဟာ တန်ဖိုးမရှိပေမယ့် တောင့်တမိတယ်။ ကျွန်ုပ် အဘိုးတွေရဲ့ အသိအမှတ်ပြုမှုကို ခံချင်တယ်။ ဆင်ကောင်း၊ မြင်းကောင်း မဟုတ်ရင်တောင် မြင်းကျိုးလေးတစ်ကောင် ဖြစ်ဖြစ်ရရင် ကျေနပ်ပါတယ်။

ခုတော့. . . ။

ကျွန်ုပ် ဒီအကြောင်းနဲ့ ပတ်သက်ပြီး မေးတော့ မယ်တော်က ခပ်ဖော့ဖော့ရယ်ရင်း နှစ်သိမ့်တယ်။ မောင့်ဘိုးတော် စံမြန်းတဲ့ ကပိလဝတ်က ဝေးတယ်လေ။ ဆန္ဒရှိပေမယ့် ခရီးထောက်လို့ မပို့ ဖြစ်တာ နေမှာပါ သားတော်ရယ်တဲ့။

ငယ်ရွယ်စဉ်က မယ်တော်နှစ်သိမ့်မှုနဲ့ ကျေနပ်ခဲ့ပေမယ့် လူလားမြောက်တော့ ကျွန်ုပ်ဆန္ဒကို မျိုသိပ်ထားလို့ မရတော့ဘူး။ ဘိုးတော်မဟာနာမ်မင်းကြီးကို ဖူးချင်တယ်၊ ဆွေတော်မျိုးတော်တွေကို မြင်ဖူးချင်တယ်. . . မယ်တော်မွေးရပ်မြေကို ရောက်ဖူးချင်တယ်။ သွားပါရစေလို့ ခွင့်ပန်မိတယ်။ ပထမတော့ မယ်တော်က တားပါ သေးတယ်။ ကျွန်ုပ်စိတ်ထား နားလည်တဲ့ မယ်တော်အနေနဲ့ တစ်ခါ ကနှစ်ခါ မတားသာဘူးပေါ့လေ။

ဟော. . . ခုတော့ ကျွန်ုပ်ဆန္ဒပြည့်ပြီ။

ကပိလဝတ်ပြည်ကို ခြေချနိုင်မိပြီလေ. . . ။

* * *

ဘာ. . . ကျွန်မ သားတဲ့ ဟုတ်လား. . . ငါထိုင်ခဲ့တဲ့နေရာ ကို နွားနို့နဲ့ ဆေးချတယ် ဟုတ်စ။ ကျွန်မသားထိုင်တဲ့နေရာ မသဒီစရာကောင်းလိုက်တာတဲ့ ဟုတ်တယ်နော်. . . ။

ကျွန်ုပ်ရဲ့ ကိုယ်ရံတော်ရဲမက် လျှောက်တင်စကားကြား လိုက်တော့ ကျွန်ုပ်ရဲ့ခန္ဓာကိုယ်ဟာ မိုးကြိုးပစ်ခံရသလို တုန်လှုပ်သွားတယ်။ ရှက်ဒေါသစိတ်ကြောင့် အသားဆတ်ဆတ်တုန်နေတယ်။ မျက်ရည်က အလိုလိုကျလာတယ်။ ကျွန်ုပ်ဟာ ကပိလဝတ်ပြည်ကို ခပ်စိမ်းစိမ်း ပြန်ကြည့်ရင်း အံကြိတ် လိုက်မိတယ်။ ကျွန်ုပ်ရဲ့ လက်ကလည်း ဆောင်ဓားပေါ် ရောက်သွားပြီး တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်မိတယ်။

ကျွန်ုပ်ရဲ့ သံသယစိတ်တွေက အခုတော့ အဖြေမှန်တွေ့လိုက်ပြီ။ မယ်တော်ရဲ့ နှစ်သိမ့်စကားတွေ

ကို အခုတော့ နားလည်လိုက်ပြီ။

ကျွန်ုပ်ကပိလဝတ်ပြည်ကို ရောက်ချိန်၊ ဘိုးတော် မဟာနာမ်မင်းကြီး ဖူးရချိန်၊ ဆွေတော်မျိုးတော်တွေ တွေ့ရချိန်အထိ ကျွန်ုပ်ရဲ့ သဘောဟာ ဖြူစင်နေဆဲပါ။ တစ်ဖက်က ဆက်ဆံမှုတွေ စိမ်းပေမယ့် ဖြေသိမ့်နိုင်ဆဲပါ။

ဦးရီးတော် ဗုဒ္ဓ၊ ဦးရီးတော် နန္ဒ၊ ဦးရီးတော် အနုရုဒ္ဓါတို့နဲ့ ရှေးရှေးကတည်းက ဆက်ဆံဖူးပါတယ်။ ကိုယ်က သွေးသားဆိုတဲ့အသိနဲ့ သံယောဇဉ်အရိပ်ပြပေမယ့် အာသဝေါတရားကုန်ခန်းနေတဲ့ ဦးရီးတော်တို့ရဲ့ တုံ့ပြန်မှုက အေးစက်နေပါတယ်။ ပုထုဇဉ်လို ချစ်ရိပ်၊ ခင်ရိပ်မပြတာကြောင့် အပြစ်မတင်သာဘူးပေါ့။ ဒီအတွေ့ အကြုံရှိထားတော့ ဘိုးတော်မဟာနာမ်မင်းကြီးရဲ့ အေးတိအေးစက် တုံ့ပြန်မှုအပေါ်လည်း သံသယမဝင်ခဲ့ဘူး။

ြသြော် . . . သကျသာကီဝင်မျိုးတွေဟာ ဒီပုံစံပဲ ဆက်ဆံကြတယ် ထင်ပါရဲ့လို့ ခပ်ဖော့ဖော့ပဲ တွေးခဲ့တယ်။

ဘိုးတော် မဟာနာမ်မင်းကြီးက မင်းဧကရာဇ်မို့ ရာဇဣန္ဒြေထိန်း ဆက်ဆံတယ်ထား။ ဆွေတော်မျိုးတော်တွေက စိမ်းစိမ်းကားကား မဆက်ဆံသင့်ဘူး။ ကျွန်ုပ်ဟာ သူတို့တူ၊ သူတို့သား ဆိုပေမယ့် ကောသလတိုင်းရဲ့ ဥပရာဇာတစ်ပါး။ ကောသလနဲ့ ကပိလဆိုတာ ဘယ်လိုမှ မယှဉ်သာဘူး။ ဆင်နဲ့ဆိတ်လို အင်အားချင်းကွာတယ်။ မြင်းမိုရ်တောင်နဲ့ ဆီးစေ့လို ပမာဏချင်းကွာတယ်။ အားကောင်းမောင်းသန် ယောက်ျားကြီးတစ်ယောက်နဲ့ နို့စို့အရွယ်ကလေးငယ် မယှဉ်သာသလို မယှဉ်နိုင်ဘူး။ ဒါတွေ သကျသာကီဝင် မင်းမျိုးတွေ မသိဘဲ နေမလား။ ဝိဋူဍူဘဆိုတာ ဘယ်လို လူစားလဲ ဆိုတာ နားမလည်ဘဲ နေမလား။ နားလည်လျက်နဲ့ ဆက်ဆံလိုက် ပုံကြောင့် ရင်နာမိတယ်။

ကျွန်ုပ်ဟာ အဖူးမြော်ခဲ့ ဘိုးတော်မဟာနာမ်မင်းကြီးနဲ့တွေ့ပြီး ဆွေတော်မျိုးတော်တွေကို တွေ့တယ်။ တွေ့တိုင်း ကိုယ်က ဂါရဝထားရသူချည့်ပဲ။ ကိုယ့်ကို အရိုအသေပေးမယ့် ညီငယ်၊ ညီမငယ် မတွေ့ခဲ့ဘူး။ အကန်တော့ခံချင်လို့ မဟုတ်ပေမယ့် ကပိလဝတ်က ဦးမချဘဲ ကိုယ်ကသာ ဦးချခဲ့ရတာ တွေးစရာဖြစ်လာတယ်။

ဆွေတော် မျိုးတော်တွေဆိုပြီး နွေးထွေးတဲ့ ကြိုဆိုမှုခံချင် လို့လာခဲ့ပေမယ့် နွေးထွေးမှုမရခဲ့ဘူး။ နှစ်လိုမှု ကင်းမဲ့တဲ့အပြုံး၊ အေးစက်တဲ့ကြိုဆိုမှု၊ စိမ်းကားတဲ့ အကြည့်တွေနဲ့သာ ကြုံရတော့ ရင်ထဲ ခံစားရသလိုပဲ။

စိတ်လက်မအီမသာနဲ့ ပြန်လာရာမှာ ကိုယ်ရံတော်ရဲမက်ရဲ့ လျှောက်တင်စကားကြားလိုက်ရတော့ ယမ်းပုံမီးကျ ဒေါသထွက် သွားရော။

“ဩော်. . . ငါ့မယ်တော် ဝါသဘခတ္တိယဟာ ကျွန်မတဲ့လား. . . ငါထိုင်တဲ့နေရာ သန့်စင်သွား

အောင် နွားနို့နဲ့တောင် ဆေးရသလား။ အဟင်း. . . ဟင်း. . . မှတ်ထားကြစမ်း သကျသာကီမျိုးတွေ ဒီလောက်မာနကြီးတဲ့ ဒင်းတို့ကို တစ်နေ့ကျရင် ငါ့အကြောင်းပြမယ်။ ဒင်းတို့ရဲ့ နန်းရင်ပြင်ကို ဒင်းတို့လည် ချောင်းသွေးနဲ့ ဆေးပြီး သန့်စင်ပြလိုက်မယ်။ နေကြဦးပေါ့ သာကီဝင်တွေရာ . . . ”

*　　　　*　　　　*

သံယောဇဉ်တရားက ကျွန်ုပ်တို့ သားအမိကို နှိပ်စက်နေသလားမသိ။ ဆွေတော်မျိုးတော်တွေဆီ သွားခဲ့တာ ကျွန်ုပ်အတွက် ကံဆိုးတာပါပဲ။

မယ်တော်ဝါသဘခတ္တိယဟာ သကျသာကီဝင်သွေး မဟုတ်မှန်းသိသွားတဲ့ ခမည်းတော်ဟာ ရှက်ဒေါသဖြစ်သွားပုံပါပဲ။ ဘိုးတော်မဟာနာမ်မင်းကြီးကို သတ်ချင်စိတ်၊ ကပိလဝတ်ကို ချေမှုန်းချင်စိတ် ဖြစ်ပုံပါ။ ဒါပေမယ့် ဘုရားရှင်ရဲ့မျက်နှာတော် ရှိနေတော့ ဒေါသအမျက် သိမ်းဆည်းလိုက်ပုံရပါတယ်။

သကျသာကီမျိုးကိုဖြစ်တဲ့ ဒေါသဒဏ်က ကျွန်ုပ်တို့သားအမိအပေါ်ပုံကျတာပဲ။ သကျသွေး မဟုတ်ဘဲ အယောင်ဆောင်ရမလားဆိုပြီး အရာချတယ်။ အဆောင်အယောင်သိမ်းတယ်။ မယ်တော် အနိမ့်ကျတော့ မယ်တော့်ရင်သွေး ကျွန်ုပ်လည်း မျက်နှာငယ်ရတာပေါ့။

ဘယ်သူ့ကို ဘယ်ပုံအပြစ်တင်ရမှန်း မသိတော့။ အပြစ်ပေးတဲ့ ခမည်းတော်ကိုလည်း အပြစ်မတင်ဘာဘူးပေါ့လေ. . . ။

အဆိုးထဲကအကောင်း တစ်ကွက်ပေါ်လာတယ် ဆိုရမလားပဲ။ ခမည်းတော်က ဘုရားရှင်ကို ဆွမ်းပင့်ကျွေးပြီး အဖြစ်သနစ်ကို လျှောက်ထားတော့ ဘုရားရှင်က တရားပြတယ်။

“အသင်မင်းကြီး ဒီအမှုမျိုး သာကီဝင်မင်းမျိုးတွေ မပြုသင့်တာ အမှန်ပဲ။ ထို့အတူ မင်းကြီးကလည်း ဝါသဘခတ္တိယနဲ့ ဝိဍူဍဘတို့ အရာက မနုတ်ပယ်သင့်ဘူး။ သင့်ကြင်ရာတော် ဝါသဘခတ္တိယဟာ ခတ္တိယစင်စစ်ဖြစ်တဲ့ သင်နဲ့အတူ အဘိသိက်သွန်းခံတဲ့ မိဖုရားဖြစ်တယ်။ ဒီတော့ သင်တို့ရဲ့ ရင်နှစ် ဝိဍူဍဘဟာ မင်းမျိုး စင်စစ်ဖြစ်ပေတယ် မင်းကြီး”

သည်သို့ တရားပြဆုံးမပြီး ဗာရာဏသီပြည်က ရဋ္ဌဝါဟနမင်းရဲ့ အကြောင်းကို သာဓကပြဆုံးမတယ်။ တရားအဆုံးမှာ အမျက်ပြေတရားရသွားတဲ့ ခမည်းတော်က ကျွန်ုပ်တို့ သားအမိကို မူလအရာမှာ ပြန်ထားခဲ့တယ်။

ဒါဟာ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကြောင့်ပါပဲ။

အရှက်နဲ့လူလုပ်တယ်ဆိုတဲ့ စကားကို ရှေးကကျွန်ုပ် သဘောမပေါက်ခဲ့ဘူး။ ရှက်စိတ်တစ်ခုတည်းနဲ့ အသက်အသေခံ လုပ်ဝံ့တယ်ဆိုတာ မယုံကြည်မိဘူး။ ခုလို ကိုယ်တွေ့ခံစားရတော့ နားလည်လာတယ်။

နဂိုရှိရင်းစွဲ အနာပေါ် တုတ်ကျတော့ အသည်းခိုက်အောင်ခံစားရတာ ကြုံဖူးကြမှာပါ။ ကျွန်ုပ်ရဲ့ခံစားချက်ဟာ အပြန်တစ်ရာ သာပါလိမ့်မယ်။ ဘိုးတော်မဟာနာမ်မင်းကြီးရဲ့ သကျသာကီဝင်မင်းမျိုးတွေ အရှက်ခွဲလို့ နာကြည်းဒေါသဖြစ်နေချိန် ခမည်းတော်က ဒဏ်ခတ်တော့ တုတ်ကျခံရတာထက် ဆိုးပါရော။

ကျွန်ုပ်ရဲ့ နူးညံ့ပျော့ပျောင်းတဲ့ နှလုံးသားကို မာကျောခက်ထန်လာအောင် လုပ်သူတွေဟာ ဆွေတော်မျိုးတော်တွေ။

စေ့စေ့တွေး၊ ရေးရေးပေါ်ဆိုခြင်းထက် ထင်းထင်းပေါ်လို့ ဆိုရမယ်။ တွေးလေ. . . သူတို့မျက်နှာတွေ ပေါ်လာလေ. . .။ အဲ ဒီလိုပေါ်လာတိုင်း ကျွန်ုပ်စိတ်ဟာ ဘီလူးသဘက်စီးခံရသလို စိတ်ရိုင်းတွေ ဝင်လာတယ်။ သာကီဝင်တွေရဲ့ ဦးသျှောင်ကိုဆွဲ၊ မျက်နှာကိုလှန်၊ ထင်းထင်းကြီးပေါ်လာတဲ့ သင်းတို့လည်ချောင်းကို လှီးပစ်ချင်စိတ်က ဖြစ်နေတယ်။

နေ့စဉ်နှင့်အမျှ သည်အတွေးက ရှိနေတော့ လက်စားချေရမည့်နေ့ကို အစဉ်စောင့်နေမိတယ်။ ဟော. . . အခွင့်အလမ်းက ကျွန်ုပ်လက်ထဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါပကော။

ဒီအခွင့်အရေးသယ်လာသူက စစ်သူကြီး ဒီဃကာရာယနပါ။ ခမည်းတော်ရဲ့ စစ်သူကြီး။ စစ်သူကြီး ဒီဃကာရာယနဟာ ခမည်းတော်ရဲ့မင်းမြောက်တန်ဆာ ငါးပါးယူလာပြီး ကျွန်ုပ်ရှေ့မှာ ဒူးတုပ်လျက် လက်ဝယ်အပ်တယ်။ ဒါဟာ ကောသလတိုင်းရဲ့ မင်းဧကရာဇ်အာဏာ ကျွန်ုပ်ဆီ ရွေ့လျောဆင်းသက်လာပြီ ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

စစ်သူကြီး ဒီဃကာရာယနက ခမည်းတော်အပေါ် သစ္စာဖောက်တာ အကြောင်းမဲ့မဟုတ်ဘူး။ ခမည်းတော် မစုံမစမ်းဘဲ သတ်ပစ်တဲ့ စစ်သူကြီးမဟာဗန္ဓုလဟာ သူ့ဦးလေး။ ဗန္ဓုလရဲ့ သားတွေက ဒီဃကာရာယနနဲ့ ညီအစ်ကိုတော်တွေ။ ဒီပုဂ္ဂိုလ်တွေ အသတ်ခံရတာကို ဒီဃကာရာယနက ကျေနပ်မလား. . .။ အငြိုးထားမှာပေါ့။

အငြိုးကြီးတဲ့ ဒီဃကာရာယနဟာ ခမည်းတော်အင်အား ကျဆင်းချိန်မှာ ပြဿနာစတော့တာပေါ့။

အဲဒီအချိန်က မြတ်ဘုရားဟာ ကပိလဝတ်ပြည် မေဒါဠုပဗ္ဗာကို ရောက်နေတယ်။ ဘုရားရှင်ရဲ့ ဥပသကာကြီးဖြစ်တဲ့ ခမည်းတော်ဟာ ဘုရားရှင်ရဲ့ ဒဿုံးအမနဲ့ ကင်းကွာမနေနိုင်လို့ ဘုရားဖူးလိုက်တယ်။ ခမည်းတော်ရဲ့ လုံခြုံရေးအတွက် ကျွန်ုပ်နဲ့စစ်သူကြီး ဒီဃကာရာယနလိုက်လာတာပါ။

ခမည်းတော်ဟာ ဘုရားရှင် သီတင်းသုံးတဲ့ ကျောင်းပေါက်ဝရောက်တာနဲ့ သတိထား ဆင်ခြင် ပုံရတယ်။ မင်းမြောက်တန်ဆာ တွေနဲ့ ဝင်ဖူးရင် ဘုရားရှင်ကို မလေးမစား၊ မကြည်ညိုရာကျမှာမို့ ချွတ်ပြီး စစ်သူကြီးလက် အပ်လိုက်တယ်။

ဒါဟာ ကြီးမားတဲ့ အမှားတစ်ရပ် ကျူးလွန်လိုက်မှန်း နောင်တစ်ချိန်ကျမှ သိပါလိမ့်မယ်။

ဟုတ်တယ်လေ . . . မင်းမြှောက်တန်ဆာဆိုတာ မင်းအာဏာပဲ မဟုတ်လား။

လတ်တလောအချိန်မှာတော့ ကျွန်ုပ်ဟာ ကာသိတိုင်းနဲ့ ကောသလတိုင်းရဲ့ အရှင်သခင်ဖြစ်သွားပါပြီ။ အချုပ်အခြာအာဏာရောက်လာပြီဆိုတာနဲ့ ကျွန်ုပ်ဦးဆုံးစဉ်းစားမိတာက ဘာဖြစ်မယ်ထင်လဲ။ လက်စားချေမှုန်းရေးပဲလေ. . . အဟင်း. . . . ဟင်း. . . ဟင်း. . . ။

* * *

ကပိလဝတ်လိုပြည်ငယ်လေး ချေမှုန်းပစ်ဖို့က ခက်ခဲတဲ့ အလုပ်မဟုတ်ပါဘူး။ ဓား၊ လှံ၊ လေးမြား လက်နက်မသုံးဘဲ လူအင်အားနဲ့ နင်းသတ်ရင်တောင် သကျသာကီဝင်မျိုးတွေ ပျက်စီးနိုင်ပါတယ်။ အလွယ်တကူပျက်စီးနိုင်တဲ့ အခွင့်အရေးတစ်ရပ်က ရှိသေးတယ်။ သကျသာကီဝင်တွေဟာ ဘုရားရှင်ရဲ့ တရားရင်ငွေ့ ခိုလှုံပြီးကတည်းက ကံငါးပါးကို မကျိုးပေါက်အောင် စောင့်ထိန်းကြတယ်။ ပါဏာတိပါတကံကို အထူးစောင့်ထိန်းကြတယ်။ ဒီပုဂ္ဂိုလ်တွေဟာ ကြက်ကလေး ငှက်ကလေးတွေတောင် သတ်ဖို့ ဝန်လေးနေတော့ ကျွန်ုပ်တို့အသက် ရန်ပြုဖို့ဆိုတာ ဝန်မလေးဘဲ နေပါ့မလား။ ဒီလိုလူမျိုးတွေ ဖျက်ဆီးဖို့ဆိုတာ လွယ်သလားမမေးနဲ့. . . ။

ကျွန်ုပ်ရဲ့ လက်စတုံး ချေမှုန်းရေးအစီအစဉ်ဟာ အခက်အခဲမရှိမှန်း သိလေတော့. . . ။

"စစ်သူကြီး ဒီဃကာရာယန. . . '

"အမိန့်ရှိပါ အရှင်မင်းကြီး"

"စစ်အင်္ဂါလေးပါးခင်း၊ ကပိလဝတ်ကို ချေမှုန်းဖို့ပြင်"

"ကျိုးနွံစွာ လျှောက်တင်ပါရစေအရှင်. . . မယ်တော် ဘုရားရဲ့ တားမြစ်ချက်ကို ပစ်ပယ်တော့မှာလား ဘုရား. . . "

"တော်စမ်းပါ ဒီဃကာရာယန၊ ငါ့ကို တစ်သက်လုံး အရှက်ကွဲအောင် စော်ကားမော်ကားလုပ်တဲ့ ဒီသကျသာကီဝင်တွေကို ဘာအကြောင်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး။ ဒါဟာ ငါ့ရဲ့တစ်ခုတည်းသော ဆုံးဖြတ်ချက်ပဲ။ ဒီမယ် ဒီဃကာရာယန၊ ငါ့အမိန့်ကို သေချာနာခံ။ အစီအစဉ်ချို့ယွင်းရင် နင့်ကိုလဲ အရှင်မထားဘူး။ ဟောဒီ ကောသလတိုင်းက စစ်သားတွေကို ကပိလဝတ်ပြည်ပျက်အောင် ဖျက်ခိုင်း။ သကျသာကီဝင်မှန်ရင် ပုခက်ထဲက ကလေးတောင်အရှင်မထားနဲ့။ သင်းတို့သွေးနဲ့ ကပိလဝတ် နန်းရင်ပြင်ကို စင်အောင် ဆေး။ သင်းတို့အမှီပြုနေတဲ့ အဲဒီမြေကို တူးဆွလှန်ထုတ်ပစ်။ အိုး . . . ကုန်ကုန်မိန့်မယ်။ ဒီဇမ္ဗူဒိပ်ကျွန်းမှာ ကပိလဝတ်ပြည်ဆိုတာ နာမည်တောင် မကျန်ရစ်စေနဲ့။ အဆောက်အအုံတွေ မီးရှို့၊ ရေတွင်း ရေကန်တွေဖို့ပစ်၊ မြစ်ချောင်းတွေလွှဲပစ်၊ သစ်ပင်တွေခုတ်ပစ်။ ဟော့ . . . ဒီဃကာရာယန ကပိလဝတ်မှာ ဘာမှ

မမြင်ချင်ဘူး . . . ဒါ ငါ့အမိန့် . . . ”

“အမိန့်တော်မြတ်အတိုင်းပါ အရှင်”

“အိန်း . . . ဒီပွဲကို ငါကိုယ်တော်တိုင် ကွပ်ကဲမယ်။ အမှုတော် ကျေပွန်သူကို ချီးမြှောက်မယ်။ စိတ်မကျေနပ်သူတွေ့ရင် ငါ့ ဓားစာသာ မိပြီမှတ်တော့”

ကျွန်ုပ် အငြိုးကြီးကြီးနှင့် ချေမှုန်းရေးအစီအစဉ်ကို စောင့်ကြည့်နေတဲ့ မယ်တော်ဟာ ညှိုးငယ်တဲ့ မျက်နှာနဲ့ ရင်ဖိနေတယ်။ မှားသူမှားခဲ့ပေမယ့် အာဃာတမထားပါနဲ့ သားတော်ရယ် . . . ဆွေသားမျိုးရင်း ဆိုတဲ့ အသိစိတ်နဲ့ ထိန်းသိမ်းစမ်းပါ ကလေးရယ် . . . . လို့ အတန်တန်တားနေတာကို ဥပေက္ခာပြုလို့ ကြေကွဲနေပုံပါ။ မယ်တော်အနေနဲ့ လူကြီးတစ်ယောက်မို့ ဆင်ခြင်တုံတရား ထားနိုင်ပေမယ့် ကျွန်ုပ်ကတော့ ဘယ်မှာထားနိုင်မလဲ။ စောင့်စားလာတဲ့ဒီရက်ကို ဘယ်မှာလက်လွှတ်ခံနိုင်မလဲ။

* * *

“ဟင်း. . . ”

ကောသလတိုင်းက အပြင်းချီလာတဲ့ကျွန်ုပ်ဟာ နယ်စပ်ကို ခြေချလိုက်မိတာနဲ့ မထင်မိတဲ့ မြင်ကွင်းကြောင့် ယောင်ယမ်း ရေရွတ်လိုက်မိတယ်။

မြတ်ဘုရားပါလား. . . ။

ကျွန်ုပ်တပ်ကြီး ချီလာမယ့် လမ်းနံဘေးရှိ ရိုးတံပြိုင်းပြိုင်း၊ အရွက်ကျဲကျဲ သစ်ပင်အောက်မှာ တစ်ပါးတည်း သီတင်းသုံးနေတဲ့ ဘုရားရှင်ကို တွေ့လိုက်ရတယ်။

ကျွန်ုပ်စစ်ချီလာစဉ်က ဘုရားရှင်ဟာ ဇေတဝန်ကျောင်းတော်မှာပါ။ ကပိလဝတ်ကိုချီမယ့် အကြောင်းလည်း မလျှောက်မိဘူး။ ကိုယ်က မလျှောက်ပေမယ့် အနန္တတန်ခိုးရှင်ဘုရားသခင်က သိနေပုံပါပဲ။ ဘယ်က ဘယ်လိုကြွချီလာလို့ အလျင်ရောက်နေသလဲ မသိဘူး။

ကြည့်စမ်းပါဦး။ နေရှိန် ဒီလောက်ပြင်းထန်တဲ့ အချိန်မှာ အရိပ်နည်းတဲ့ သစ်ပင်အောက်မှာ သီတင်းသုံးနေပါလား. . . ။ တကယ်ဆိုရင် ငါ့ပိုင်နက်နယ်မြေထဲမှာ ဟောဟိုသစ်ပင်အောက်မှာ သီတင်းသုံးရင်တော်သေး။ အရိပ်အာဝါသ ဘယ်လောက်ကောင်းလဲ။ နေပြောက်မထိုးနိုင်အောင် အရွက်အလက်တွေ ဝေစည်နေတာ မြတ်ဘုရားမမြင်လို့လား. . . အင်း. . . မမြင်ဘဲ နေမှာတော့ မဟုတ်ပါဘူး။

ကျွန်ုပ်ဟာ ဘုရားရှင်ကို ကြည်ညိုတဲ့ ဥပါသကာကြီးရဲ့ သားပါ။ သာသနာရောင်ဝါထွန်းတဲ့ သာဝတ္ထိပြည်ကြီးရဲ့ အရှင်သခင်ပါ။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါး အမြဲကြည်ညိုဆည်းကပ်တဲ့ သာဝတ္ထိပြည်သားတစ်ယောက်ပါ။

ဘုရားရှင်ကို ဖူးတွေ့လိုက်ရတော့ ရှိသေကိုင်ရှိုင်းရမယ့် စိတ်က အလိုလိုပေါ်လာတယ်။ ဒါကြောင့် တပ်မတော်ကြီးကို ရပ်တန့်ဖို့ အမိန့်ပေးလိုက်တယ်။ ကိုယ်တိုင်လည်း စီးတော်ဆင်ပေါ်က ဆင်းပြီး ဆောင်ဓားကို ကိုယ်ရံတော်ရဲမက်လက် အပ်လိုက်တယ်။

လက်ဆယ်ချောင်းကို ပူးကပ်လျက် လက်အုပ်ချီ ရှိခိုးလိုက်တယ်။ ပြီးတော့ခါးကို ညွတ်ကိုင်းလျက် ဘုရားရှင်ရှိရာ ခပ်ဖြည်းဖြည်း ချဉ်းကပ်လိုက်တယ်။

"အို. . . အနန္တဂိုဏ်းဝင် ဘုရားသခင်၊ အင်မတန် ပူပြင်းလှတဲ့ ဒီအချိန်မှာ ဘာကြောင့်များ အရိပ်နည်းတဲ့ ဒီသစ်ပင်အောက်မှာ သီတင်းသုံးနေရပါသလဲ။ ဟောဟိုမှာ သစ်ပင်ကြီးက အရိပ်ကောင်းပါဘိ။ အေးချမ်းဆိတ်ငြိမ်လွန်းပါဘိ။ ဒီသစ်ပင်ရိပ်ထက်စာရင် တပည့်တော်ပိုင်နက်ထဲက ဟိုသစ်ပင်အောက် သီတင်းသုံးဖို့ ကောင်းပါတယ်ဘုရား. . . . "

"အသင်မင်းကြီး ဆွေရိပ်မျိုးရိပ်က အေးချမ်းလွန်းပါတယ်"

ကျွန်ုပ်က တတ်သမျှ မှတ်သမျှနဲ့ စီကာပတ်ကုံး လျှောက်တင်တာကို ဘုရားရှင်က ခပ်တိုတိုပဲ ပြန်မိန့်ပြီး မျက်လွှာချသွားပါတယ်။ ကျွန်ုပ် ငိုင်သွားရပါပြီ။ ဘုရားရှင်မိန့်မြွက်ချက် တိုတောင်းပေမယ့် အဓိပ္ပာယ်က တွေးယူရင်တွေးသလောက်ရတာကို သတိပြုလိုက်မိတယ်။

ဆွေရိပ်မျိုးရိပ်က အေးချမ်းလှပါတယ်တဲ့။

ဟုတ်တာပေါ့. . . ကပိလဝတ်ဆိုတာ ဘုရားရှင်ရဲ့ မွေးမြေ။ အဲဒီမှာ နေသူတွေက ဘုရားရှင်ရဲ့ အနွယ်တော်တွေ။ ဘိုးတော်မဟာနာမ်မင်းကြီးဆိုတာ ဘုရားရှင်ရဲ့နောင်တော်။ ကောသလတိုင်း၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေပေမယ့် ဆွေရင်းမျိုးရင်း မရှိဘူး။ ကြည်ညိုတဲ့ဥပါသကာ၊ ဥပါသကီတွေ အမှီပြုနေတာ။ တကယ်တမ်း အားကိုးကျစတမ်းဆိုရင် ကပိလဝတ် ပြည်က သကျသာကီဝင်တွေဟာ အားကိုးစရာပဲ။ ဒီနယ်မြေမှာ သီတင်းသုံးနေရင် အန္တရာယ်ရှိဖို့ အကြောင်းမရှိဘူး။

ဒါဟာ ကျွန်ုပ်ရဲ့ ကလေးအတွေးပါ။ အမှန်က ဘုရားရှင်ဟာ သံယောဇဉ် ပြတ်ပြီးပြီမို့ အမိအဖ ရယ်၊ ညီအစ်ကိုမောင်နှမရယ်. . . ဆွေမျိုးသားချင်းရယ်လို့ ဘယ်မှာသံယောဇဉ်ရှိမလဲ၊ မြင်နေသမျှ သတ္တဝါတွေဟာ ဘုရားရှင်ကယ်တင်ရမယ့်ပုဂ္ဂိုလ်တွေ၊ ရင် ဝယ်သားပမာ ချစ်ခင်ရမယ့်သူတွေ။

အစွဲအလမ်းမရှိတဲ့ ဘုရားရှင်က ဒီစကားမိန့်ကြားတာဟာ ကျွန်ုပ်ကို ရည်ညွှန်းဆုံးမလိုက်တာပဲ။

ဟုတ်တယ် မယ်ကော်ဝါသဘခတ္တိယဟာ ကပိလဝတ်ပြည်သူ။ မဟာနာမ်မင်းကြီးဟာ ဖခင် မဟုတ်ပေမယ့် မယ်တော့်ဖခင် မိခင်တွေ ကပိလဝတ်မှာ ရှိမယ်။ မောင်ဖွားရှိမယ်။ ဦးကြီးဒေါ်ကြီး ရှိမယ်။ ဆွေမျိုးသားချင်းတွေရှိမယ်။ မယ်တော့် ဆွေမျိုးသားချင်းဆိုရင် ကျွန်ုပ်ဝိဍူဍဘရဲ့ သားချင်းတွေပဲ မဟုတ်လား. . . ။

ဒီဆွေမျိုးသားချင်းတွေ အမြစ်ပြတ်သုတ်သင်ဖို့ ချီလာတဲ့ ကျွန်ုပ်စိတ်ထားကို ဘုရားရှင်

သိနေပုံရတယ်။ အမှားကျူးလွန်တော့မှာကို ရိပ်စားမိပုံရတယ်။ ဒါကြောင့် သစ်ရိပ်ဝါးရိပ်ထက် ဆွေမျိုးရိပ်က အေးချမ်းတယ်လို့ တရားပြလိုက်တာပဲ။

ကျိုးကြောင်းဆီလျော်တဲ့ ဘုရားရှင်ရဲ့ အဆုံးအမကြောင့် ရှေ့ဆက်ဖို့ ဝန်လေးသွားတယ်။ ခမည်းတော်တလေးတစား ကိုးကွယ်တဲ့ ဘုရားရှင်စကားကို ပစ်ပယ်ဖို့ ခက်သွားတယ်။ မယ်တော်ဝါသဘခတ္တိယစကားပယ်ပြီး ချီလာပေမယ့် ခုတော့ ဆင်ခြင်ရပြီပေါ့။

ကျွန်ုပ်ဟာ ဘုရားရှင်ကို တုံ့ပြန်မလျှောက်ထားပေမယ့် ဝတ်ပြုပြီး ခပ်ဖြည်းဖြည်း ပြန်ထလိုက်တယ်။ ဘုရားရှင်ကို လက်အုပ်ချီရှိခိုးရင်း ခပ်ယို့ယို့နောက်ဆုတ်ခဲ့တယ်။ အလှမ်းအတော်ကွာ ရောက်မှ ကိုယ်ကိုမတ်လိုက်ပြီး စောင့်စားနေတဲ့ စစ်သူကြီးကို အပါး ခေါ်လိုက်တယ်။

"စစ်သူကြီးဒီဃကာရာယန ငါ့တပ်ကို သာဝတ္ထိပြန်လှည့်ဖို့ အမိန့်ပေးလိုက်"

"ကောင်းလှပါပြီ အရှင်မင်းကြီး. . . "

ကျွန်ုပ် အမိန့်ဆုံးသည်နှင့် ဒီဃကာရာယနဟာ စိတ်လက် ပေါ့ပါးသွားစွာနဲ့ တပ်တော်ကြီးကို အမိန့်ပေးလိုက်တယ်။

ကျွန်ုပ် ဝိဋူဍဘဟာ မှိုင်းပျပျလှမ်းမြင်နေရတဲ့ ကပိလဝတ်ပြည်ကို ခပ်စိမ်းစိမ်းကြည့်ရင်း မသိမသာ သက်ပြင်းခိုးချလိုက်မိပါတော့တယ်။ ။

ကျမ်းကိုး

**ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဇိနတ္ထပကာသနီကို မှီးပါသည်**

# စိတ်ကောင်းလေးတစ်ခု



# စိတ်ကောင်းလေးတစ်ခု

ကျုပ်ကို သာဝတ္ထိပြည်သားတွေက အဒိန္နပုဗ္ဗကလို့ခေါ်ကြသဗျ။ ဒါက အမိပေးတဲ့ အမည်မဟုတ်ပါဘူး။ ပစ္စည်းတစ်ခု ငွေတစ်ကျပ်တောင် ပေးလှူဖူးခြင်းမရှိလို့ဆိုပြီး လှောင်တဲ့၊ ထေ့တဲ့ သဘောနဲ့ခေါ်ကြတာပါ။

ခေါ်လေ. . . ခေါ်ပေါ့။ ကျုပ်စေးနှဲတာသာမြင်တယ်။ ဒီလိုချမ်းသာကြွယ်ဝအောင် ကျုပ်ဘယ်လိုအလုပ်လုပ်ခဲ့ရတယ်။ ဘယ်လို ပုံစံစုဆောင်းခဲ့ရတယ် ဆိုတာမှမသိဘဲ။ စားချင်တိုင်းစား၊ ဝတ်ချင်တိုင်းဝတ်၊ နေချင်သလိုမနေဘဲ ကျားကုတ်ကျားခဲ စုဆောင်းလာလို့ ဒီစည်းစိမ်ရခဲ့တာပါ။

ဟင်း. . . လက်ကြောတင်းအောင် မလုပ်ဘဲ၊ စားချင်းဝတ်ချင်မှ လက်ဖြန့်တောင်းတဲ့သူမျိုးကို ကျုပ်ကပေးရမလား. . .။ စားချင်ဝတ်ချင်ရင် ကျုပ်လိုလုပ်။ အဲ. . . အလုပ်လုပ်ဖို့တော့ မတွန့်နဲ့။ ငွေရမယ်ဆိုရင် မြေပေါက်ရမလား. . . ပေါက်၊ အမှိုက်ရှင်းရမလား . . . ရှင်း။ ကုန်ကုန်ပြောရရင် မစင်တွင်းတူးဖို့တောင် မရွံ့နဲ့။ အဲဒီလိုသာလုပ်ရင် စားဖို့ဝတ်ဖို့ရမှာပဲ။ လက်ဖြန့်တောင်းနေစရာ မလိုပါဘူး။

ခုတော့ လူတွေက ဒီလိုမဟုတ်ဘူး။ အပျင်းကြောရှည် မလား. . ရှည်ရဲ့။ အသက်သာခိုမလား. . ခိုရဲ့။ ဟင်း. . . အလုပ် လုပ်ဖို့တော့ တွန့်သလားမပြောနဲ့။ တီကိုဆားနဲ့ပက်တာကမှ အတွန့်နည်းလိမ့်ဦးမယ်။ ဒါတွန့်စရာမဟုတ်ဘူး။ တွန့်ရမှာက ဘာလဲသိလား. . . သုံးစွဲတဲ့နေရာမှာဗျ။ အဲဒီလူတွေက တလွဲဆံပင်ကောင်းနေဘ်. . . ပျော်ဖို့ပါးဖို့၊ မော်ဖို့ကြွားဖို့များတော့ နှမြောရမှန်း မသိဘူး။ စိတ်အလိုတယ်လိုက်ကြတာ. . . မျက်စိအရသာ၊ နားအရသာ၊ ပါးစပ်အရသာ တယ်ခံချင်ကြတာ။ ဆင်ခြင်ရမှန်းကို မသိဘူး။

ပြောလို့ပြောတာမဟုတ်ဘူး။ တစ်ကျပ်ဝင်လို့ တစ်ကျပ်သုံးပစ် ဘာကျန်မလဲ။ တစ်နေ့လုပ် တစ်နေ့စား နောင်ရေးထည့် မစဉ်းစားဘူး။ အဲဒါ ခက်တာပေါ့။ နေ့ဖို့ညစာ မစဉ်းစားဘူး။ တစ်ကျပ်ဝင်လို့ တစ်ကျပ်သုံးပစ် ဘာကျန်မလဲ။

နေ့ဖို့ညစာ မစဉ်းစားဘူး။ အိုစာမင်းစာ မတွေးဘူး။ အလုပ်လုပ်နိုင်တဲ့နေ့ တစ်ကျပ်ဝင်ပေမယ့် မလုပ်နိုင်တဲ့နေ့ကျတော့ ဝင်မလား. . . မဝင်ရင် ဘာနဲ့စားမလဲ။

ကျုပ်ကတော့ စဉ်းစားတယ်။ တစ်ကျပ်ဝင်ပေမယ့် တစ်ပြားသုံးဖို့ တော်တော်စဉ်းစားတာ. . .။ တကယ်ပြောတာ. . .။ ဒီတစ်ပြားသုံးလို့ ငါ့အတွက် ဘာအကျိုးရှိမှာလဲ၊ ဘာပိုထူးမှာလဲ။ မသုံးရင်ရော ဘာဖြစ်မလဲ။ ကောင်းမှာနဲ့ဆိုးမှာ ချိန်တယ်။ အဲဒါ ကျုပ်အကျင့်။

* * *

ကျုပ်တို့ သာဝတ္ထိပြည်မှာ ချမ်းသာကြွယ်ဝသူတွေ တော်တော်များပါတယ်။ မိဘမျိုးရိုးအရ ကြွယ်ဝသူတွေရှိသလို ကိုယ်စွမ်းဉာဏ်စွမ်းရှိလို့ ချမ်းသာလာရသူတွေလည်း အနမတဂ္ဂ။ အထင် ရှားဆုံးကတော့ အနာထပိဏ်တို့၊ ဝိသာခါတို့ပေါ့ဗျာ. . .။

သူတို့ကိုတော့ ကျုပ်အားမကျဘူး။ အဲ. . . အားမကျဘူး ဆိုတာက သူတို့လို ကျိကျိတက် မချမ်း သာချင်ဘူးလို့ပြောတာ မဟုတ်ဘူးနော်. .။ သူတို့လုပ်ပုံကိုင်ပုံကို အားမကျတာ. . .။

ဘယ့်နှယ်ဗျာ. . . ဘယ်လို စိတ်ရှူးပေါက်တဲ့ လူတွေမှန်းမသိဘူး။ ပေးလိုက်ကမ်းလိုက် စွန့်ကြဲ လိုက်တာ နှမြောတွန့်တိုရမှန်း မသိတဲ့လူတွေ။

ဆင်းရဲသူတွေ ကြောင့်ကြမဲ့ကင်းအောင် လှူဒါန်းလို့ သုဒတ္တိတဲ့အမည်တောင်ပျောက်ပြီး အနာထပိဏ်ဖြစ်ရော. . .။ ဟိုဝိသာခါလည်း ကြည့်ဦး။ အပျင်းပြေလှူနေသလားတောင် အောက် မေ့ရတယ်။ ဂေါတမဘုရားရှင်သီတင်းသုံးဖို့ဆိုပြီးလှူတဲ့ ပုဗ္ဗာရုံကျောင်းကြီးအတွက် ကုန်ကျတာဆိုရင် နည်းသလား။ ဒါတင် မကသေးဘူး။ နေ့စဉ်အိမ်ကို သံဃာတွေပင့်၊ ဆွမ်းတွေကပ်၊ လှူလိုက် တန်းလိုက်တာ ကြောက်ခမန်းလိလိ။ သူတို့အစား ကျုပ်တော့ နှမြောမိတာ လွန်ရော. . .။

အဲဒီလို လှူလိုက်လို့ကတော့ သာဝတ္ထိပြည်သားတွေက ဩဘာပေးမှာပေါ့။ အနာထပိဏ်. . . အနာထပိဏ်နဲ့ ချီးမွမ်းကြမှာပေါ့။ ဝိသာခါ. . . ဝိသာခါနဲ့ တဝိတည်းဝိ တစ်ခါတည်းခါ နေမှာပေါ့။ သူတို့ရှိနေသမျှ ငတ်စရာမှအကြောင်းမရှိဘဲ။ မစားရမှာမှ ပူပင်စရာမလိုဘဲ။

ကျုပ်တော့ အားမကျပါဘူး။ ကိုယ်တိုင်သုံးဖို့တောင် ခေါင်းခြောက်အောင် စဉ်းစားတဲ့ကျုပ်က လက်ဖြန့်ခံတိုင်း ပေးဖို့ကတော့ လုံးဝမစဉ်းစားဘူး။ ဒီလို တွန့်တိုလို့ အဒိန္နပုဗ္ဗကလို့ ခေါ်ကြရင်လည်း

ခေါ်။ လှောင်ချင်ရင်လည်း လှောင်။ ကျုပ်ကတော့ မျက်နှာခပ်ပြောင်ပြောင်ပဲ။

* * *

ကျုပ်တွန့်တိုတယ်ဆိုတာ စည်းနဲ့ကမ်းနဲ့ပါ။ အသုံးနဲ့အဖြုန်း ခွဲခြားထားတတ်တာပါ။ သုံးသင့်တာတော့ စဉ်းစဉ်းစားစား သုံးတယ်။ ဖြုန်းဖို့ကတော့ ဘယ်အခါမှ မစဉ်းစားဘူး။ ဒါကျုပ် အကျင့်။

အဲ. . . ဒီအကျင့်နဲ့ ပတ်သက်ပြီး စံနမူနာယူဖို့ပြောရဦးမယ်။

ဒီလိုဗျ။ ကျုပ်မှာ သားလေးတစ်ယောက်ရှိတယ်။ တကယ့် တစ်ယောက်ဆို တစ်ယောက်တည်းသောသား။ ဒီသားလေးကို ကျုပ်ဘယ်လောက်ချစ်မယ်ဆိုတာ ပြောစရာတောင်မလိုဘူး။ ရှားရှားပါးပါးပေါ်ထွန်းတဲ့ ဒီသားဟာ ကျုပ်အသက်၊ ကျုပ်အသည်း၊ ကျုပ်ရဲ့ နှလုံးသည်းပွတ်ဆိုရင် မမှားဘူး။

ဒီသားကို အများနည်းတူ ဆင်ချင်တယ်။ လူငယ်ဆိုတော့ လှချင်ပချင်မှာပေါ့။ သူဌေးသားတွေနည်းတူ ဝတ်ချင်မှာပေါ့လေ။ အဲ. . . ကျုပ်သဘောသိတော့ မပူဆာရဲဘူး။ ဖအေကို တိုက်ရိုက် မပူဆာပေမယ့် သူ့အမေရင်ခွင် ခေါင်းတိုးဝင်ပြီး ပူဆာမယ်ထင်တယ်။

ဟုတ်ပါတယ်။ သင်းပူဆာလို့သာ အမယ်ကြီးက နှစ်ကိုယ်ကြား၊ နှစ်နားကပ် ပြောလာတာပေါ့။

"ဒီမယ် အဘိုးကြီး. . . တော် မဝတ်ရက်မစားရက်ပေမယ့် ကိုယ့်သားကိုတော့ ပစ်ထားဖို့ မတော်ဘူး"

"ဘယ်လိုဗျ. . . မယ်မင်း ဘယ်လိုပြောလိုက်တယ်"

"ကျွန်မပြောတာ ရှင်တကယ်နားမလည်လို့လား၊ မလည်ချင်ယောင်ဆောင်တာလား ကိုရင်။ ရှင်မျက်စိမမှောက်ဘူးဆိုရင် ကိုယ့်သားလေးမှာ ဘာလိုနေတယ်၊ ဘာလုပ်ပေးသင့်တယ်ဆိုတာ မြင်မှာပေါ့"

"အလိုဗျာ. . . ရှင်မက အခြောက်တိုက် ရန်ရှာနေပါ့လား။ ကျုပ်သား မစားရတာ ရှိလား. . . မဝတ်ရတာ ရှိလား။ တင့်တင့် တယ်တယ် မနေရဘူးလား။ တခြားသူဌေးသားတွေ ပိုးပုဆိုးထည်လဲ ဝတ်နေလို့ ထည်လဲဝတ်ဖို့တော့ မတောင့်တနဲ့လေ။ အထိုက်အလျောက်တော့ ဝတ်ရမှာပေါ့ဗျာ"

"ဒါပြောတာ မဟုတ်ဘူးရှင်ရေ. . . ကိုယ့်သား ဘယ် အရွယ်ရှိပြီလဲ။ လေးငါးဆယ်နှစ်ဆိုတာ သိတတ်ပြီရှင့်။ လှချင်ပချင်ပြီ ကိုယ့်ကလေးအရွယ်ကို သိတတ်၊ ကြည့်တတ်ရမယ်။ ရှင်ကြည့်စမ်း၊ တော့်သားရဲ့ နားမှာ ဘာတစ်ခုရှိလဲ"

"ဩော်. . . အင်း၊ အဟက်. . . ဟက် . . မယ်မင်းဆိုလို တာက ကျုပ်သား နားဟောင်းလောင်း ဖြစ်နေလို့ နားတောင်းဆင်ပေးသင့်တယ်လို့ ပြောချင်တာလား. . "

အဘွားကြီးရန်တွေ့မှ ကျုပ်လျစ်လျူရှုမိတာကို သတိရသွားတယ်။ ဟုတ်ပေသားပေါ့။

သူဌေးသားတစ်ယောက်လုပ်ပြီး နားဟောင်းလောင်းနဲ့ဆို မသင့်တာ အမှန်ပဲ။ အများနည်းတူ နားတောင်း တစ်ရန် လုပ်ပေးဦးမှ စွန့်စွန့်စားစား ဆုံးဖြတ်လိုက်တယ်။

ကျုပ်သားအတွက် နားတောင်းလုပ်ပေးဖို့ စဉ်းစားပြီး ဘဏ္ဍာတိုက်ထဲက ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားတွေ ထုတ်လိုက်တယ်။ တန်ဖိုးကြီးတဲ့ စိန်တွေ၊ မြတွေ၊ ပတ္တမြားတွေ ဆင်မယ်ဆို ဆင်နိုင်ပါတယ်။ ဘာလုပ်မလဲ၊ ဒီလိုအဖိုးတန်ပစ္စည်းတွေ သုံးဖို့ မသင့်ဘူး။ ကလေးဆိုတော့ တော်ရုံသင့်ရုံဆင်ရင် ပြီးတာပဲ။ ဒီအတွေးနဲ့ ကျန်တာတွေ ပြန်ထုတ်သိမ်းပြီး ရွှေစအနည်းငယ်ထုတ်လိုက်တယ်။ ဒါကို နားတောင်းလုပ်မယ် ပေါ့လေ။

နားတောင်းလုပ်ဖို့ စဉ်းစားတော့ ပန်းထိမ်သည်တွေမျက်နှာပြေးမြင်တယ်။ အတော်ဆုံး ပန်းထိမ် ပညာရှင် မနိကုဏ္ဍလမျက်နှာပေါ်လာတော့ ပေးရမယ့် လက်ခတွက်လိုက်မိရော. . . ။ ဒီပုဂ္ဂိုလ် လက်အပ် ရင် အကောင်းဆုံးလက်ရာရမှာတော့ အမှန်ပဲ။ စိတ်ကြိုက် ပုံစံလုပ်ခိုင်းရင် သူကလည်း ကြိုက်ဈေးတောင်း မှာ သေချာတယ်။ နားတောင်းတစ်ရန်ဝတ်ဖို့အရေး ပေးရမယ့်လက်ခအတွက် နှမြောနေမိပြန်တယ်။

ကျုပ်ပိုနှမြောတာက အလျှော့တွက်ကိစ္စပဲ။ တစ်ပဲသား နားတောင်းတစ်ရန်ရချင်ရင် ရွှေတစ်ပဲပေး လို့ရတာ မဟုတ်ဘူး။ သူတို့တံစဉ်နဲ့တိုက်ချပစ်လိုက်မယ့် ရွှေစရွှေနအတွက် ဒီကပေးရမှာ ဘယ်လောက် နှမြောဖို့ကောင်းလဲ။

ကျုပ်ဆုံးဖြတ်လိုက်တယ်။ ဟုတ်တယ်လေ. . ဒီလိုအကျိုးမဲ့ ဆုံးရှုံးတာတော့ မခံနိုင်ဘူး။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုသလို လေလွင့်မှာဆိုလည်း ကျုပ်လက်ထဲမှာပဲ လေလွင့်ခံမယ်ဆိုပြီး ကျုပ်ကိုယ်တိုင်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ပန်းထိမ်ပညာတတ်လို့ လုပ်တာတော့ မဟုတ်ဘူး။ လက်ခနဲ့ ရွှေအလျှော့တွက် သူများမပေး ချင်လို့ ကိုယ်တိုင်လုပ်တာဆိုတော့ နားတောင်းလုပ်ပေမယ့် နားတောင်းဖြစ်မလာဘူး။ ဘာဖြစ် လာတယ်ဆို တာတောင် ပြောရခက်ခက်။ အေးလေး. . . ဝတ်လို့ရ ပြီးရောပေါ့။ နားမှာပန်ရင် နားတောင်း ခေါ်လို့ရတာပဲ။ ဘယ်သူ က လက်စွပ်လို့ပြောမှာလဲ။

အင်း. . . ကျုပ်ကပ်စေးနဲ့လို့ ကျုပ်သားလေး အလှောင်အပြောင်ခံရတာလားတော့ မသိဘူး။ ကျုပ်ရဲ့ မသပ်မရပ်လက်ရာနဲ့ ပန်ဆင်တဲ့ ဒီသားကို သာဝတ္ထိပြည်သားတွေက ကဲ့ရဲ့ပြန်သဗျာ။ မဋ္ဌကုဏ္ဍလီ တဲ့။ မသပ်မရပ် နားတောင်းပိုင်ရှင်လို့ ဆိုလိုတာပါပဲ။ ဆိုဆိုဗျာ. . . သားလည်း နားတောင်းပန်ရတယ်။ ကျုပ်လည်း လက်ခသက်သာတယ်။ ဒါ ကယ်စေးနဲ့တာ မဟုတ်ဘူး။ သုံးတတ် စွဲတတ်တာ။ ကျုပ်ကတော့ ဒီလိုပဲမြင်တယ်။ ဟုတ်ဖူးလား. . . ။

* * *

ဒီနေ့ လောကမှာရှိနေတဲ့လူတွေ နှမ်းပါးချို့တဲ့တာ ဘာဖြစ်လို့လဲလို့ ကျုပ်တွေးတယ်။ စောစောက ပြောသလို အလုပ်မကြိုး စားတာလည်းပါတယ်။ စည်းစနစ်မကျတာလည်း ပါတယ်။ နောက်တစ်ချက်က နှမြောတွန့်တိုမှုမရှိ လှူတာ။ ဟုတ်တယ်လေ. . . လှူတယ်ဆိုတာ တခြားလူကိုပေး စ်၊ ကျွေးပစ်တာပဲ။ ပေးတဲ့နောက်တော့ ကုန်ပြီပေါ့။ ပြန်ရဖို့မရဖို့ ဘယ်သေချာမလဲ။ ဒီဘဝရဲ့ ကုသိုလ်အကျိုးဆက်က နောင်ဘဝမှာ ခံစားရမယ်တော့ ပြောကြ ဟောကြတာပဲ။ နောင်ဘဝဆိုတာ သိပ်သေချာတာမှ မဟုတ်ဘဲ။ လက်ငင်းထက် အကြွေးက ဘယ်စိတ်ချရမှာလဲ။

ကျုပ်ပြောနေတာ အကြောင်းမဲ့မဟုတ်ဘူးနော်. . . ကျုပ်မျက်စိရှေ့မှာပဲ လှူလို့ မွဲသွားတဲ့လူရှိတယ်။ အဲဒါ ဘယ်သူမှတ်သလဲ။ အနာထပိဏ်ဗျာ. . . မယုံမရှိနဲ့၊ နှမြောတွန့်တိုမရှိဘဲ လှူလိုက်တဲ့ အနာထပိဏ်သူဌေး မွဲသွားတာ ကျုပ်ကိုယ်တွေ့။ ဒါလည်း နောင်တရတယ် ထင်သလား. . . ဆန်ကြမ်း ယာဂုသောက်ရတဲ့ အချိန်တောင် လှူတုန်း။ အဲ. . . နောက်တော့ ကံကောင်းထောက်မပြီး ရွှေအိုးငွေအိုးတွေ ပြန်ရပြီး ချမ်းသာတာ တစ်ကဏ္ဍထားပေါ့။

ကျုပ်ကတော့ ဒါတွေမြင်ရ ကြားရပြီး သင်ခန်းစာယူတယ်။ လှူဖို့မပြောနဲ့ ဖြုန်းဖို့ကို မစဉ်းစားဘူး။ အဲ. . . သုံးတာတောင် စောစောကပြောသလို စဉ်းစားတယ်။

အင်း. . . ကျုပ်ဒီလို စဉ်းစားလွန်းလို့ ကျုပ်သား မဋ္ဌကုဏ္ဍလီသေရသလားတော့ မသိဘူး။ ဒီအတွက် ကျုပ်ရင်ကွဲ ရတာတော့ အမှန်ပါ။

* * *

ခင်ဗျားတို့ စဉ်းစားကြည့်။ ဒီသားတစ်ယောက်တည်းရှိတာ ကျုပ်မချစ်ဘဲနေမလား။ ချစ်တာပေါ့ဗျာ. . .။

အဲ. . . ချစ်တာနဲ့ နှမြောတာက တခြားစီပါ။

နှမြောတွန့်တိုစိတ်က ချစ်ခြင်းမေတ္တာကို အနိုင်ယူသွားသလားတော့ မသိဘူး။ ဒီလို. . . ဒီလို။

ကျုပ်သားလေး လူပျိုပေါက်ဖြစ်စ၊ ဆယ်ခြောက်နှစ်သား အရွယ်မှာ အပြင်းဖျားပါရော. . .။ ဖျားတာမှ ရက်ရက်စက်စက်ပဲ။ ဝေဒနာကြောင့် လူးလိမ့်နေသလို၊ ညည်းညူလိုက်၊ အော်လိုက်တာလဲ အရမ်းပဲ။ ကျုပ်အဘွားကြီးဆို မအိပ်နိုင် မစားနိုင်ဘူး။ သားသောကနဲ့ ကျုပ်ကိုတောင် ရန်တွေ့တော့တာပါဘဲ။

"ဒီမယ် အဘိုးကြီး. . . ရှင် ကလေးကို ဒီအတိုင်းပဲ ပစ်ထားတော့မှာလား. . . "

"အလိုဗျာ. . . ကျုပ်ဘယ်မှာ ပစ်ထားလို့လဲ။ တတ်သမျှ မှတ်သမျှ ကုနေတာပဲ"

ဟုတ်တယ်လေ. . . သားဖျားကတည်းက ဆေးထောင်း တိုက်တာကျုပ်။ ဓာတ်စာကျွေးတာကျုပ်။ ဟိုအိမ် ဒီအိမ် ကောင်းနိုးရာရာ ဆေးတွေ တောင်းတိုက်တာကျုပ်။ ဒီထက် ဘာလုပ်ရဦးမလဲ။

"ရှင်ကုနေတာ ကျုပ်မတွေ့ဘဲ နေပါ့မလား။ ဒါပေမယ့် ရှင်က ဘာလုပ်တတ်လို့ ဒီလိုကုနေတာလဲ၊ တကယ်ဆို သမားတော်ခေါ်ပေါ့။ ဘုရင့်သမားတော် ဆရာဇီဝက မခေါ်နိုင်တောင်မှ အသင့် အတင့်သမားတော်တစ်ယောက်လောက် မခေါ်သင့်ဘူးလား"

အမယ်ကြီးစကားကြောင့် ကျုပ်ကိုယ်လုံး ဆတ်ခနဲတွန့် သွားတယ်။ ငွေကုန်ဖို့စဉ်းစားတဲ့ ဒီအဘွားကြီးကို နားရင်းတီးပစ် လိုက်ချင်တာ လွန်ရော။ ဆရာခေါ်တယ်ဆိုတာ လွယ်တယ်မှတ်လို့။ ခေါ်ပြီဆိုတာနဲ့ ခြေကြွခပေးရတော့မယ်။ ကြည့်ခ၊ ကုခပေးရတော့မယ်။ ဒီငွေဘယ်ကရမလဲ။ ကျုပ်အိတ်ထဲက ထုတ်ရမှာမို့လား။ ဟင်း. . . သင်းတို့မိန်းမတွေ ကိုယ်မရှာရတိုင်း အနှမြောမရှိဘူး။ မရှိတော့ ပူရမှာကကျုပ်။ ကုန်တော့ ရှာရမှာက ကျုပ်။ ဘာလုပ်ဖို့ အကုန်ခံမလဲ။

ကျုပ်ဟာ အဘွားကြီးနဲ့ ဆက်ပြောနေရင် ကုန်ဖို့အရေးသာမြင်နေတော့ အိမ်ပေါ်ကဆင်းခဲ့တယ်။ ဗျစ်တောက်ဗျစ်တောက် ပြောသံ မကြားချင်လို့ ထွက်ခဲ့ပေမယ့် သားအတွက် စိတ်ပူနေတာ အမှန်ပါ။ သားနေကောင်းအောင် ဘယ်လိုကုရမလဲ။ ငွေမကုန်ဘဲ ရောဂါပျောက်အောင် ဘယ်လိုလုပ်ရမလဲ တွေးနေပါတယ်။

အိမ်ပေါ်က ဆင်းလာပြီး ဦးတည်ရာမဲ့ လျှောက်လာစဉ်မှာပဲ ကျုပ်ခေါင်းထဲ အသိတစ်ခုဝင်လာတယ်။ ဒီအသိဝင်လာတော့ ကျုပ်သိပ်ပျော်သွားတယ်။ အဟုတ်ပဲ. . . ငွေမကုန်ဘဲ ဆေးကုနိုင်တဲ့နည်း ကျုပ်ရသွားပြီ။

ကျုပ်တို့ဆိုင်းမနေဘူး။ သမားတော်အိမ်ကို အပြေးတစ်ပိုင်းသွားတယ်။

"ဒီမယ်ဆရာ. . . ကျုပ်ဗဟုသုတနည်းလို့ သိချင်တာလေး မေးစမ်းပါရစေ။ ဆရာကတော့ နာမည်ကျော် သမားတော်ဆိုတော့ မသိတာရှိမယ်မထင်ပါဘူး။ အပူသိပ်ကြီးပြီး ကယောင်ကတမ်းဖြစ်နေရင် ဘယ်လိုဆေးတိုက်သင့်သလဲ ဆရာ"

ကျုပ်အမေးကို ချက်ချင်းမဖြေဘဲ ခပ်ထွေထွေ စဉ်းစားနေတယ်။ သမားဂုဏ်ပြနေတာလား မသိဘူး။ အထာကိုင်တာလား မသိဘူး။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ငွေမကုန်ဘဲ ဆေးနည်းရဖို့က လိုရင်းပဲ။

"နေဦး အဒိန္နပုဗ္ဗကရဲ့၊ ဆေးကုတယ်ဆိုတာ အရမ်းကုလို့မရဘူး။ ရာသီရယ်၊ လူနာရဲ့ ရုပ်လက္ခဏာရယ်၊ ဒီလိုကြည့်ပြီး ရောဂါကို ဆုံးဖြတ်ရတယ်။ မှန်းဆကုရင် အနာတခြား၊ ဆေးကတခြား ဖြစ်မှာပေါ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ကျုပ်ကလည်း သဘောမေးတာပါ။ ဒါမျိုးဖြစ်ရင် ဘယ်လိုကုရတယ်။ ဘာဆေးပေးရင်ပျောက်တယ်သိတော့ ဖြစ်တဲ့လူကို ကူညီနိုင်တာပေါ့။ ဇီဝိတဒါန သဘောပေါ့လေ. . . "

ကိုယ့်အပူကို လူသိမခံဘဲ ဖုံးကွယ်ဆိုလိုက်ပေမယ့် အကြောင်းသိနေဟန်တူတဲ့ သမားတော်က စိတ်မပါ့တပါနဲ့ ဆေးနည်းပေးလိုက်တယ်။ အဖိုးအခမပေးဘဲ ဆေးနည်းရတာနဲ့ ကျုပ်ဝမ်းသာသွားတယ်။ သမားတော်ကို နှုတ်မဆက်တော့ဘဲ အိမ်ကိုကမန်းကတန်းပြန်လာ၊ အိမ်နီးချင်းတွေထံက တောင်းတန်တောင်း၊ ကိုယ်တိုင်ရှာတန်ရှာပြီး သားကိုကုပါတယ်။

ဒါပေမယ့် ကျုပ်သားလေး ကံဆိုးသဗျာ။ ကြိုးစားပမ်းစားကုတဲ့ကြားက ဆုံးပါးသွားရှာတယ်။ ဒီအတွက် ယူကျုံးမရဖြစ်တာတော့ အမှန်ပါပဲ။

ဒီလောကမှာ ကျုပ်လောက်မိုက်မဲသူ မရှိတော့ဘူးလို့ ယူဆမိတယ်။ ဒီအတွက်လည်း နောင်တရမိတာ အမှန်ပါ။

မဖြစ်လောက်တဲ့ ငွေအသပြာကို နှမြောတွန့်တိုမိတာကြောင့် ကျုပ်သားလေး မဆုံးသင့်ဘဲ ဆုံးရတယ်။ ကျုပ်သာ တတ်ကျွမ်းတဲ့သမားတော်ခေါ်ပြရင် ဒီလိုဖြစ်မှာ မဟုတ်ဘူးဆိုတဲ့ အသိကြောင့် ရင်ကွဲမတတ်ခံစားရပါတယ်။

"အို. . . သားလေးရယ်. . . အဖေမိုက်ကြောင့် ငါ့သားလေး ရေတိမ်နစ်တာပါ။ အဖေမလိမ္မာတာပါသားရယ်. . . မင်းအမေပြောတုန်းကသာ သမားတော်ခေါ်မိရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး။ ခုတော့ လွန်ပြီ. . . ဆုံးရှုံးပြီ'

ကျုပ်ဟာသားကို မြှုပ်နှံထားတဲ့မြေပုံကို သားအမှတ်နဲ့ ဖက်ကာဖက်ကာ ငိုပစ်လိုက်တယ်။ တကယ်ပဲ နောင်တရမိတာ အမှန်ပါ။ ကျုပ်သားသာ ပြန်အသက်ရှင်မယ်ဆိုရင် ကျုပ်မှာရှိတဲ့ စည်းစိမ်တွေ ကုန်ချင်ကုန်ပါစေ။ ပုံပေးချင် ပေးရပါစေ။ တကယ့်ကို ပေးမှာပါ။

ကျုပ်ဟာ သားတည်းဟူသော ချစ်ခြင်းကြောင့် သောကမီးတောက်လောင်ငိုကြွေးနေစဉ် ကျုပ်နားထဲ ငိုရှိုက်သံ ကြားလိုက်ရတယ်။ ဘယ်သူများ ငါ့လို သောကပရိဒေဝမီးတောက်လောင်နေပါလိမ့်လို့ လှည့်ကြည့်မိတယ်။

အလို. . . ။

ကျုပ်နှုတ်က အံ့အားတသင့် ရေရွတ်ရင်း ငါမြင်ရတာ ဟုတ်ရဲ့လား. . . အိပ်မက်မက်နေတာလားဆိုတဲ့ အတွေးနဲ့ မျက်လုံး ပွတ်ကြည့်မိတယ်။ အိပ်မက်မဟုတ်ဘူး။ ကျုပ်မျက်လုံးမမှားဘူး။ ဒါကြောင့် အံ့သြစိတ်နဲ့ မြေစာသစ်တွေနဲ့ ဖုံးဖိထားတဲ့ မြေပုံကို ငုံ့ ကြည့်လိုက်မိတယ်။

မဋ္ဌကုဏ္ဍလီ။

ကျုပ်စိတ်ထဲက ခေါ်လိုက်မိတယ်။ ဟုတ်တယ်။ ကျုပ်မြင်နေရတာ ကျုပ်သား မဋ္ဌကုဏ္ဍလီပါ။ လွန်ခဲ့တဲ့ သုံးလေးရက်က ဆုံးသွားလို့ ဒီနေမြေမြှုပ်သင်္ဂြိုဟ်ခဲ့တဲ့ မဋ္ဌကုဏ္ဍလီဟာ ကျုပ်ရှေ့မှာ ငိုရှိုက်နေတာ မြင်ရတယ်။ ကျုပ်အံ့အားလည်းသင့်၊ ဝမ်းလည်းသာပြီး ထိုင်ရာက ထရပ်လိုက်တယ်။

"ဒီမှာ လူကလေးမင္ဂကဏ္ဍလီ. . . အဲ. . . ဟုတ်ပါဘူး လေ. . . ဟိုဒင်း. . . ဩော်. . . အေး . . . ထားတော့။ ဒီမှာကလေးရဲ့ မင်းဘာပြုလို့ ငိုနေတာလဲ။ တစ်ယောက်ယောက်က အနိုင်ကျင့်လို့လား. . . ဒါမှမဟုတ်"

ကျုပ်က သေပြီဖြစ်တဲ့ သားအမှတ်နဲ့ခေါ်မိတယ်။ ခေါ်သာခေါ်ပေမယ့် ကျုပ်သား မဟုတ်မှန်းလည်းသိတယ်။ သားနဲ့ ချွတ်စွပ်တူတဲ့ ဒီကလေးကို တစ်ခဏချင်းသံယောဇဉ်ဖြစ်သွားမိတယ်။ ဆုံးသွားတဲ့ သားလေး အစားပြန်ရလိုက်သလို ခံစားရတော့ သားနှယ် သံယောဇဉ်ဖြစ်ပြီး မေးမိတယ်။ ဒီအချိန်မှာ ကျုပ်ဟာ နှမြောတွန့်တို စိတ်ကင်းသွားတာ အမှန်ပဲ။ ကျုပ်သားအစား သင်းကလေးသာရမယ်ဆိုရင် ကျုပ်စည်းစိမ် ပုံပေးရ၊ ပုံပေးရ ပေးမှာပါ။ သားကို ဆုံးရှုံးလိုက်ရတော့မှ စည်းစိမ်ဥစ္စာ ရွှေ၊ ငွေ၊ ရတနာတွေဟာ သားလောက် အဖိုးမတန်မှန်း နားလည်လိုက်ပါတယ်။

"အိုဖခင်. . . ကျွန်ုပ်ငိုတာ အခြားမဟုတ်။ ကျွန်ုပ်မှာ အလွန်လှတဲ့ ရထားတစ်စီးရှိပါတယ်။ ဒီရထားနဲ့လိုက်တဲ့ ဘီးရှာမရလို့ ငိုတာပါ"

"ဘယ်လို. . . ရထားဘီးဟုတ်စ။ ဒီအတွက် ငိုတယ်။ ဟုတ်ပ. . . ဒီမယ်သားလေး မင်းရထားအတွက်ဆိုရင် ငိုမနေနဲ့တော့။ အဖေ ဖြည့်ပေးမယ်။ ကျုပ်ဟာ သာဝတ္ထိက အဒိန္နပုဗ္ဗက သူဌေးပဲ။ ကျုပ်မှာ ငွေအမြောက်အမြားရှိတယ်။ မင်းရထားအတွက် ပတ္တမြားစီတဲ့ ဘီးလိုလား. . . ရွှေနဲ့လုပ်တဲ့ ဘီးလိုလား၊ လိုတာပြော။ မင်းကို သားအရင်းနှယ်မှတ်ပြီး ကျုပ်ဖြည့်ဆည်းပေးပါ့မယ်"

"တကယ်လား အဖေ"

"ကျုပ်ကတိပေးတယ်။ ဆုံးရှုံးသွားတဲ့ သားအတွက် နောင်တရနေတဲ့ ကျုပ်ဟာ မောင့်ကို အလိုရှိသမျှ ပြည့်စေရမယ်"

"ကောင်းပါပြီ ဖခင်၊ ဒါဆို ကျွန်တော့်ရထားနဲ့လိုက်ဖက်တဲ့ဘီးဟာ ကောင်းကင်မှာ ရှိနေတဲ့ နေနဲ့လပါပဲ။ နေတစ်ဖက် လတစ်ဖက်စီလုပ်ပြီး ရထားမှာတပ်မှ ကျွန်တော့်ရထား တင့်တယ်ပါမယ်။ အဲဒါယူပေးပါတော့"

"ဟေ. . . ဘယ်လို မင်းနောက်နေတာလား။ မရနိုင်၊ မဖြစ်နိုင်တဲ့ နေနဲ့လကို ရထားဘီးလုပ်ချင်လို့ တောင့်တတယ်ဆိုတာ အရူးတွေ၊ အရူးစကားပဲ ဖြစ်မှာပေါ့ကွဲ့"

ကျုပ်ဟာ သားလေးနဲ့တူတဲ့ လူငယ်ကို ဒေါသနဲ့ ပြောပစ်လိုက်တယ်။ အဟုတ်ပဲ မဖြစ်နိုင်တာ တောင့်တတဲ့သူကို အလိုလိုဒေါသဖြစ်သွားမိတယ်။ ကျုပ်က ဒေါသနဲ့ပြောမှ သင်းက မခိုး မခန့်ရယ်လိုက်ပြန်တယ်။

"အို. . . ဖခင်. . . နေနဲ့လကို ရထားဘီးလုပ်ဖို့ မဖြစ်နိုင်ဘူးလား. . . "

"ဘယ်မှာ ဖြစ်မလဲကွ။ မင်းမို့ စိတ်ကူးနဲ့ရရ။ အေး. . ဒါမရလို့ ငိုတယ်ဆိုရင် မင်းပဲသေသွားမယ်။

ရလာမှာ မဟုတ်ဘူး"

"အဟင်း. . . မိုက်မဲတယ်ဆိုတဲ့ စကားက ကျွန်တော်နဲ့ မထိုက်ပါ။ ဒီစကားက ဖခင်အတွက်ပဲ ဖြစ်လိမ့်မယ်"

"ဘယ်လိုကွဲ့. . . "

ကျွန်တော်တမ်းတနေတဲ့ နေနဲ့လဟာ ယူဖို့ခက်ခဲပေမယ့် ကြည့်ရင်မြင်ရတဲ့ အနေအထားရှိပါသေးတယ်။ သားသေလို့ ပူဆွေး ငိုကြွေးနေတဲ့ သင့်အနေနဲ့ သင့်သားမျက်နှာမြင်ရလို့လား. . . ဘယ်ဘုံဘဝရောက်နေမှန်းမသိတဲ့ သူ့အတွက် ပူပင်သောက ရောက်နေတဲ့ သင်က ပိုလို့ မမိုက်မဲပေဘူးလား. . .။ ပိုမရူးသွပ်ဘူးလား. . .။ ငိုလို့ သေမယ်ဆို ပိုမသေနိုင်ပေဘူးလား ဖခင်"

မထင်မှတ်တဲ့ စကားကြားလိုက်ရတဲ့ကျပ်ဟာ တဒင်္ဂမျှ ကြက်သေသေသွားတယ်။ ငသောကပရိဒေဝမီးကြောင့် အမှောင်ကျတာ ဘာမျှမမြင်၊ မဆင်ခြင်နိုင်တဲ့ ကျပ်ဟာ ဖျတ်ခနဲ အလင်းတွေ့လိုက်ရတယ်။ ဆင်ခြင်နိုင်စွမ်းဖြစ်သွားတယ်။

"နေ. . . နေဦးသူငယ်။ သင်ငြိမ်းသတ်လိုက်လို့ ကျပ်ရင် ထဲကမီးတွေ ငြိမ်းသွားရတာအမှန်ပါ။ ဒီဆင်ခြင်တုံတရားရအောင် သွန်သင်နိုင်သူဟာ သာမန်လူသားဖြစ်မယ်တော့ မဟုတ်ဘူးထင်ပါရဲ့"

"မှန်ပေတယ် ဖခင်. . . ကျွန်ုပ်ဟာ အတိတ်ဘဝက သင့်ရင်သွေး မဋ္ဌကုဏ္ဍလီ ဖြစ်ခဲ့ပါတယ်။ တစ်ခုသောကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်မှာ နတ်သားအဖြစ်စံနေရပါပြီ။ အို ဖခင် သင့်ရင်မှာ ဖုံးနေတဲ့ အမိုက်တရားတွေ ပယ်ခွာနိုင်အောင် အသိပေးဖို့ လာခဲ့ခြင်း ဖြစ်တယ်. . . "

ကျပ်ဟာ မဋ္ဌကုဏ္ဍလီနတ်သားပြောစကားကို မယုံနိုင်ဖြစ် သွားရပါတယ်။ အဟုတ်ပါ. . .။ ကျပ်သားဟာ တစ်ခုသော ကောင်းမှုကြောင့် နတ်သားဖြစ်ရသတဲ့။ ဒါဘယ်လို့မှ မဖြစ်နိုင်တဲ့ စကားပါ။ ကျပ်ဟာ နှမြောတွန့်တိုစိတ်ကြောင့် ဘယ်သူ့ကိုမှ တစ် ပြားတစ်ချပ်မျှ မပေးလှူခဲ့ဖူးဘူး။ ကျပ်မလှူသလို၊ ကျပ်အဘွားကြီး လည်း ဘယ်မှာလှူဖြစ်လို့လဲ။ မိဘကတောင် မလှူဖြစ်ရင် သား လုပ်သူက ဘယ်လိုလှူလို့ ကုသိုလ်ရမလဲ။ ဒါတော့ ကျပ်မယုံတာ အမှန်ပါ။ မဖြစ်နိုင်တာလို့ ရုတ်တရက်ပြောလိုက်မိတယ်။

"အို. . . ဖခင်သူဌေး။ ကျွန်တော်ဟာ တစ်ခုသောကုသိုလ်ရခဲ့တာ အမှန်ပါ။ ကျွန်တော်ဝေဒနာ အလူးအလိမ့်ခံစားရပြီး သေလုမြောပါးဖြစ်နေချိန်မှာ မြတ်ဘုရားဆွမ်းခံကြွလာတယ်။ သပိတ်တော်ပိုက်ပြီး ဆွမ်းရပ်နေတဲ့ ဘုရားရှင်ကို ဖူးလိုက်ရတဲ့ တစ်ခဏမှာ ကျွန်တော့်စိတ်က အထူးကြည်ညိုသွားပါတယ်။ အဲဒီကြည်ညိုချက် တစ်ချက်၊ ကုသိုလ်အကျိုးဆက်ကနတ်စည်းစိမ် ခံစားရတော့တာ ပါပဲ"

ကျပ်သားတော်ဖူးတဲ့ မဋ္ဌကုဏ္ဍလီနတ်သားဟာ စကား ပြောပြီးပျောက်ကွယ်သွားပါတော့တယ်။ ကျပ်ဟာ သင်္ချိုင်းမြေမှာ တစ်ယောက်တည်းရပ်လျက် ငိုင်တွေနေမိတယ်။ကျပ်ရင်ထဲ ပီတိသောမနဿစိတ်နဲ့အတူ သဒ္ဓါတရားတွေ တဖွားဖွားဖြစ်ပြီး ဘုရားရှင်ကို လွန်စွာကြည်ညိုသွားမိပါ

လေရော. . .။

ဘုရားရှင်ကို စိတ်နဲ့ကြည်ညိုမိရုံနဲ့ တာဝတိံသာမှ နတ်စည်းစိမ်ခံစားရတယ်ဆိုရင် သဒ္ဓါစိတ်နဲ့ လှူနေတဲ့ အနာထပိဏ်နဲ့ ဝိသာခါလို ပုဂ္ဂိုလ်တွေ ဘယ်လိုစည်းစိမ်တွေရလေမလဲလို့တွေးပြီး သာဓု အကြိမ်ကြိမ်ခေါ်မိပါတော့တယ်။ ။

ကျမ်းကိုး

ဓမ္မပဒ၊ ယမကဝဂ်မှ မဋ္ဌကုဏ္ဍလီဝတ္ထု

# တကျါ့ကျွၚ်



# တကောင့်ကျွန်

“အို. . . အချင်းတို့၊ ကျွန်ုပ် တမန်တော်လာပါတယ်”

ကျယ်ကျယ်လောင်လောင် အော်လိုက်တဲ့ ကျွန်ုပ်အသံကြောင့် ကြိတ်ကြိတ်တိုးဝိုင်းအုံနေတဲ့ ပရိသတ်ကြီးက လည်ပြန်လှည့်ကြည့်လိုက်တယ်။

ဟ. . . ဘယ်လိုပါလိမ့်။

အလို. . . ရဲတင်းလိုက်တာ. . . ။

ဟယ်. . . သေတော့မှာပဲ။

ကျွန်ုပ်ကို မြင်လိုက်တာနဲ့ ကျွန်ုပ်အကြောင်း အူသိမ်အူမကအစ သိတဲ့ လူတွေရဲ့ မှတ်ချက်သံတွေ ထွက်လာတယ်။ အင်း. . သင်းတို့ရဲ့ တီးတိုးပြစ်တင် မောင်းမဲတာကို ကျွန်ုပ်စိတ်မကွက်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်ုပ်က တကယ့်တမန်တော်အစစ်မှ မဟုတ်ဘဲကိုး။ ဒါပေမယ့် ကျွန်ုပ် ဂရုမစိုက်ဘူး။ ဒုတိယအကြိမ် ကျယ်ကျယ်လောင်လောင် ထပ်အော်လိုက်ပြန်တယ်။

“တမန်တော်ကြီး ကြွလာတယ်. . . ”

ကျွန်ုပ်အသံကြားလိုက်တော့ လူအုပ်ကြီးဟာ ကြောင်တောင်တောင်ဖြစ်သွားပြီး ဓားနဲ့ခွဲလိုက်တဲ့ ဖရဲသီးနှယ် ထက်ခြမ်းကွဲသွားတယ်။ ရိုသေသင့်သူကို အရိုအသေပြုရမယ်ဆိုတဲ့အသိနဲ့ နောက်ကို အတန်ငယ်ဆုတ်လိုက်တော့ လမ်းအူကြောင်းလေးတစ်ခု ပေါ်လာသဗျ။

စောစောက ရှေ့ကပိတ်ဆို့နေလို့ တရားဇာသီပြည့်ရှင် ဘုရာဘောဇနသုဒ္ဓိကကို မမြင်နိုင်ပေမယ့် ခုတော့ ရှင်းရှင်းလင်းလင်း တွေ့နေရပြီ။ ဘုရင်ဘောဇနသုဒ္ဓိဟာ ကျွန်ုပ်ကို စူးစမ်းတဲ့ အမူအရာနဲ့ ရှုစားနေပါတယ်။

ကျွန်ုပ်ရဲ့ ရင်အစုံဟာ တဆတ်ဆတ်ခုန် တုန်လှုပ်သွားသဗျ။

ဘုရင်ဘောဇနသုဒ္ဓိကရဲ့ အကြည့်ဟာ ကျွန်ုပ်ရဲ့ ဒေါင်းယောင်ဆောင်တဲ့ ကျီးတစ်ကောင်အဖြစ်ကို သိနေတဲ့ အဓိပ္ပာယ်မှန်းသိလိုက်လို့ တုန်လှုပ်သွားတာပါ။

ဟုတ်တယ်။ ဘုရင်မင်းမြတ် သိသွားပုံပဲ။ အေးလေ. . . အသိပညာနဲ့ ဆင်ခြင်တုံတရားရှိတဲ့ ဘုရင်ဘောဇနသုဒ္ဓိက မသိဘဲနေမလား။ ကျွန်ုပ်အသွင်အပြင်က သံတမန်အသွင်မှ မရှိဘဲကိုး။

သံတမန်ဆိုတာ ပညာကြီးရမယ်။ စကားအရာ ကျွမ်းကျင်လိမ္မာရမယ်။ ထိုးထွင်းဉာဏ်လည်း ရှိရမယ်။ အကဲခတ်တတ်တဲ့ ပညာလည်းရှိရမယ်။ နောက်ပြီးတော့ သမာဓိခိုင်မာမှုနဲ့ ဖြောင့်မတ်ရိုးသား မှန်ကန်တဲ့ စကားဆိုတတ်ရမယ်။ ဒါတွေဟာ ကျမ်းဂန်လာ သံတမန်အင်္ဂါရပ်တွေပဲ။

ဒီအင်္ဂါရပ်တွေ ကျွန်ုပ်မှာမရှိပါဘူး။ တစ်ချက်တစ်လေ ရှိကောင်း ရှိပေမယ့် အင်္ဂါရပ်မပြည့်စုံတာ တော့ သေချာတယ်။ ဒီတော့ မပြည့်တဲ့အိုး ဘောင်ဘင်ခတ်ဆိုစကားအတိုင်း ကျွန်ုပ်အမူအရာက ဘောင်ဘင်ခတ်နေမှာပေါ့။

တမန်တော် မဟုတ်ပါဘဲလျက် တမန်တော်လို့ အယောင်ဆောင်လိုက်တဲ့အတွက် ကျွန်ုပ်ဘယ်လို ပြစ်ဒဏ်ခံရနိုင်တယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ရှေ့ကပိတ်ဆို့နေသူ ဖယ်ရှားသွားအောင် ဘုရင် မင်းမြတ်ဆီ အပိတ်အဆို့ အတားအဆီးမရှိ ရောက်သွားအောင် အကောင်းဆုံးနည်းက ဒါပဲရှိတယ်။ ကြည့် လေ. . . ကျွန်ုပ် အသံကြောင့် လူတွေ တိမ်းဖယ်ပေးကြပြီ။

* * *

ကျွန်ုပ်ဟာ အသာငမ်းငမ်းတောင့်တနေတဲ့ တဏှာရမ္မက်ကြောင့် ဘေးဥပဒ်ကို ကြောက်ရ၊ လန့်ရမှန်းမသိတော့ဘူး။ ကျွန်ုပ် မျက်လုံးထဲမှာ တစ်သိန်းတန်ရွှေခွက်ပဲ မြင်နေတယ်။ ကျွန်ုပ်ရဲ့ အတွေးမှာလည်း တစ်သိန်းတန်ထမင်းစားချင်စိတ်သာ ရှိနေတယ်။ တစ်သက်မှာ ဒါမျိုးတစ်ခါစားဖူးရင် သေပျော်ပါပြီလို့ ရူးရူးမိုက်မိုက် တောင့်တမိတယ်။

တစ်သိန်းတန်ထမင်းကို စားဖူးဖို့နေနေသာသာ အိပ်မက်တောင် မမက်ဖူးတဲ့ဘဝပဲ။ အေးလေ . . . ထမင်းတစ်နပ်တစ်ကျပ် ဆိုရင်တောင် အတော်အဆင့်မြင့်လှပြီဆိုတော့ အိပ်မက်မမက်တာ အဆန်းမဟုတ်ပါဘူး။

မှန်တာပြောရမယ်။ မရှက်မကြောက် ဝန်ခံရမယ်ဆိုရင် အစားကောင်း၊ အသောက်ကောင်းနဲ့ ကင်းဝေးနေတာ ကြာပါပြီ။ ဗာရာဏသီပြည်မှာ ငြိမ့်ငြိမ့်ညံပြီး အလှူအတန်းတွေရှိနေတုန်းက ကျွန်ုပ်လို ဆင်းရဲသားတွေ အဆင်ပြေပါတယ်။ ဝက်သား၊ ကြက်သား၊ အမဲသား စားပိုးနင့်အောင် စားရပါတယ်။

အဲ. . . ကိုယ့်ခွန်ကိုယ့်အား ကိုယ်စွမ်းကိုယ်စနဲ့တော့ ဟင်းကောင်းဟင်းမွန် ဘယ်စားနိုင်မလဲ။ ဝမ်းဝရင်ပြီးရောဆိုတဲ့ သဘောနဲ့ဖြစ်သလို၊ ကြုံသလို ဝမ်းမီးငြိမ်းကြရတယ်။ အချဉ်ဟင်း၊ ငါးပိထောင်းနဲ့ ပြီးတဲ့အခါပြီး။ ပဲဟင်းရည်ဆမ်းပြီး ငရုတ်သီးအစိမ်းတောင့် ကိုက်စားရတဲ့အခါစား။ အသားဟင်းလျာဆိုတာ အရုပ်ရေးကြည့်ရတဲ့ဘဝ။ ဒီဘဝမျိုးက တစ်သိန်းတန်ထမင်း ဘယ်မှာမှန်းဝံ့မလဲ။

ဟော. . . ခုတော့ စိတ်ကူးယဉ်စရာဖြစ်လာပြီဗျ။

ဘုရင်ဘောဇနသုဒ္ဓိက နန်းတော်ရှေ့တံခါးဝမှာ မဏ္ဍပ်ကြီးထိုးပြီး ပွဲတော်တည်သတဲ့၊ ဒီသတင်းကြားစက၊ ရော. . ခက်ခက်ရသေးလို့ တွေးမိသဗျ။ ဟုတ်တယ်လေ. . . ဘုရင်ဧကရာဇ်ဆိုတာ အရာရာသတိထား ဆင်ခြင်ရမယ်။ စားသတိ၊ သွားသတိ၊ နေသတိ၊ ထိုင်သတိ၊ အဲလို တစ်ရံမပြတ် သတိချပ်ရမယ်။ ကိုယ်တိုင်သတိထား ရုံမကဘူး။ အလွယ်တကူ ရန်မမူနိုင်အောင် အစောင့်အကြပ်တွေ အစဉ်ချထားရမယ်။ ဒီလိုဖြစ်သင့်တာကို မြို့ပြင်ထွက်၊ မဏ္ဍပ်ထိုးပြီး တစ်သိန်းတန်ထမင်းနဲ့ ပွဲတော်တည်ပြသတဲ့။

အစကတော့ ဘုရင်မင်းမြတ် ဘာကိုရည်ရွယ်ပြီး ဒီအမှုပြုတယ်ဆိုတာ မခန့်မှန်းတတ်ဘူး။ ဟိုကပြော ဒီကပြောနဲ့ သိလာတော့မှ "ဩော်. . . ဒါကိုး" လို့ နားလည်သွားရတယ်။ ဒီလို. . . ဒီလို၊ လူတို့သနင်းပြည့်ရှင်မင်း ဖြစ်ရတယ်ဆိုတာ ရှေးဘုန်းရှေးကံကြောင့် ဖြစ်လာတာ. . .။ အတိတ်ဘဝ ကုသိုလ်ကောင်းမှုကြောင့် ပစ္စုပ္ပန်ဘဝ ချမ်းသာသုခရှိတာ လူတွေသိစေချင်တယ်။ ရှေးဘဝ က ဒါနအားကောင်းလို့ ဒီဘဝမှာ နတ်စည်းစိမ်တမျှ ခံစားရတာ နားလည်စေချင်တယ်။ အင်း. . . ကုသိုလ်ကောင်းမှုပြုကြ၊ စေတနာ သဒ္ဓါတရားထက်ထက်သန်သန် လှူကြ၊ ဒီလို လှူဒါန်းမှ နောင်ဘဝ ချမ်းသာသုခ ခံစားရမယ်လို့ ပြောချင်တာကြောင့် ဒီအခမ်းအနားကို စီစဉ်သတဲ့။

အင်း. . . ဘုရင်မင်းမြတ်က ဉာဏ်အမြော်အမြင်ကြီးပါပေတယ်။ မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟတရားလေးပါး၊ အပရိဟာနိယတရားခုနှစ်ပါး၊ နာယကဂုဏ်ခြောက်ပါးနဲ့အညီ တိုင်းပြည်အုပ်ချုပ်တဲ့အပြင်၊ တိုင်းသူပြည်သားတွေကို ရင်ဝယ်သားပမာ ချစ်ခင်သနားတဲ့မင်းကြီးဆိုတော့ အားလုံးကို ချမ်းသာစေချင်တာ မင်းကြီးရဲ့ စေတနာဖြစ်မှာပေါ့လေ. . .။

တကယ့်တောင့်တအပ်တဲ့ စည်းစိမ်ပါ။

ကျွန်ုပ်တို့ဟာ ကုသိုလ်ကောင်းမှုပြုတိုင်း လူမင်းချမ်းသာ၊ နတ်မင်းချမ်းသာ ခံစားရပါလို၏။ လူ့စည်းစိမ်၊ နတ်စည်းစိမ်ခံစား ရပါလို၏လို့ ဆုတောင်းကြတယ်။ တောင်းမယ့်သာ တောင်းတာပါ။ နတ်တွေ ဘယ်လိုစည်းစိမ်ခံစားရတယ်။ မင်းဧကရာဇ်တွေ ဘယ်ပုံသုခရှိတယ်ဆိုတာ မသိဘူး။ မျက်ကန်းအတွေးနဲ့ ရမ်းရော် တောင့်တတာပဲရှိတယ်။ ဟော. . . ခုတော့ လူမင်းစည်းစိမ် ဘယ်ပုံရှိတယ်ဆိုတာမြင်ရပြီ။

ကြည့်လေ. . .။ မဏ္ဍပ်လည်း တစ်သိန်းတန်မဏ္ဍပ်တဲ့။ ကျွန်ုပ်တို့ သာမန်လူတွေ ထာဝရနေဖို့

ဆောက်ထားတဲ့ အိမ်ဂေဟာတောင် ဒီမဏ္ဍပ်ရဲ့ ခြေဖျားမမီဘူး။ ရွှေရောင်ငွေရောင်တွေက တဖျတ်ဖျတ်တောက်ပပြီး တံခွန်၊ ကုက္ကား၊ မလေးပွားတွေ ဆင်ယင်၊ ပန်းမျိုး စုံဖြန့်ကြက် ကတ္တီပါကော်ဇောတွေ ခင်းကျင်းထားတာ တကယ့် နတ်ဗိမာန်တမျှပါပဲ။ အဲဒီ ဗိမာန်ရဲ့အလယ်မှာ စိန်စီ၊ မြရံ၊ ပုလဲ၊ သန္တာ၊ နီလာ၊ ပတ္တမြားတွေ စီခြယ်ထားတဲ့ ရွှေပလ္လင်ကြီးချထားပါတယ်။ အဲဒီထက်မှာ ဘုရင်မင်းမြတ်က ပွဲတော်တည်မတဲ့။

ကြည့်ပါဦး. . .။ ဘုရင်းမင်းမြတ်တွေ ပွဲတော်တည်ပုံက ခမ်းနားထည်ဝါတာ လွန်ရော. . . ဘုရင့်အပါးမှာ မိဖုရားခေါင်ကြီးက နံ့သာယပ်တောင်လေးနဲ့ ခတ်ပေးနေတယ်။ ပလ္လင်တော်အနီး မဝေးလွန်း၊ မနီးလွန်းအရပ်မှာတော့ အဆောင်ရ မိဖုရားတွေ ဝန်းရံခစားနေတယ်။ အဲဒီ မိဖုရားတွေ နောက်ပါးမှာတော့ မောင်းမမိဿံတွေ ဝန်းရံနေပြီး ရွှေယပ်တောင်တွေနဲ့ လေပြည်လေညင်းဆက်သွင်းနေပါတယ်။ ရွှေမဏ္ဍပ်ကြီးရဲ့ တစ်နေရာမှာတော့ နန်းတွင်း ဂီတစာဆိုအကျော်အမော်တွေက ငြိမ့်ညောင်းသာယာတဲ့ တေးဂီတတွေနဲ့ ဖျော်ဖြေနေပါတယ်။

အဟ. . . . ဟန်ကျလိုက်ပုံက လွန်ရော. . .။ ထမင်းတစ်နပ်စားရတာ ဒီလောက် ဇိမ်ကျကျစားရတာ ဘယ်တုန်းကမှ မတွေ့ဖူးဘူး။ အေးလေ. . . ဆင်းရဲသားကတော့ ဝမ်းဝရင် ပြီးရော။ ထိုင်လျက်စားရစားရ၊ ရပ်လျက်စားရ စားရ၊ အရေးကြီးတာက ဗိုက်ပြည့်ဖို့ လိုရင်းပဲမို့လား. . . လျှာအရင်းမြက်ဖို့ ဘာဟင်းချက်သတုန်း ရှင်မရေ. . . လို့ မေးနေချိန်လည်း မရဘူး။ ထမင်းပန်းကန် ထဲဟင်းပုံပေးပြီး. . . ရော့. . အင့်. . . စား ဆိုပြီး အိမ်ရှင်မရဲ့ ပျူငှာဖော်ရွေမှု မရှိတဲ့ ဆက်ဆံပုံကိုပင် ဂြုစိုက်မနေနိုင်တော့ဘူး။ ဘုရင်သုဘောဇနသုဒ္ဓိကရဲ့ ပွဲတော်တည်ပုံ မြင်ရ၊ ကြားရတော့ ဒီတဒင်္ဂရ သာတဏှာကို စုံမက်သွားတယ်။ တစ်ကြိမ်သာ ဒီလိုမျိုးစားရရင် ကျေနပ်ပါပြီလို့ တွေးလိုက်တယ်။ ဒီအတွေးနဲ့ မိုက်မိုက်မဲမဲ ကြံစည်ဖို့ ကလိမ့်စေ့ငြမ်းဆင် ဖန်တီးလိုက်တယ်။

တမန်တော်ကြီး လာပါပြီ။

*　　　　*　　　　*

အကြင်သူသည် လောဘကြီး၏။ ရောင့်ရဲမှုကင်း၏။ မစောင့်စည်းအပ်သောစိတ်၊ မနှိပ်ကွပ်သော၊ ဣန္ဒြေရှိသော ထိုသူထံ ဘေးရန်တို့သည် ကပ်ရောက်ကုန်၏။

ဒါဟာ ရှေးပညာရှိ လူကြီးသူမတို့ ပြောဆိုဆုံးမတဲ့ စကားပါ။ ရှေးစကား မှန်တာကို လက်တွေ့မျက်တွေ့ ကြုံရတော့ မှန်လိုက်လေ. . . ကျွန်ုပ်ဟာ တဏှာလောဘ မသတ်နိုင်လို့ ဒီကိုရောက်လာတယ်။ မစားဖူးတဲ့ မင်းဧကရာဇ်ရဲ့ ပွဲတော်ကျကို စားကြည့်ချင်လို့ အများနည်းတူ ရောက်လာတာပဲ။

ဘုရင်မင်းမြတ်ဟာ ပွဲတော်တည်ပြီးရင် ဆင်းရဲသား ကျေးတော် ကျွန်တော်မျိုးတွေကို စွန့်ကြတယ်။ ဒီလို စွန့်တာကလည်း ဘုရင့်ပွဲတော်ဟာ ဘယ်လိုအနံ့၊ အရသာ၊ ဩဇာ၊ ဂုဏ်ထူးဝိသေသ ရှိတယ်ဆိုတာ သိစေချင်လို့တဲ့။ ဒီလိုသိမှ တောင့်တမယ်။ ဒါမှ ကုသိုလ်ကောင်းမှုလုပ်မယ်။ အဲဒီ ရည်ရွယ်ချက်နဲ့ ပရိသတ်အလယ်မှာ ပွဲတော်တည်ပြီး အဲဒီပွဲတော်ကျကို စွန့်လေ့ရှိတယ်။

တစ်နေ့ရှိုး၊ တစ်နေ့ရှိုးနဲ့ စောင့်စားနေရတဲ့ ကျွန့်ပ်ဟာ အချိန်ကြာလာတာနဲ့အမျှ တောင့်တမှုက ပိုကြီးထွားလာတယ်။ မရလေလေ. . . လိုချင်လေလေဆိုတဲ့ လူ့သဘာဝအတိုင်း ရချင်စိတ်က လွန်ကဲလာတယ်။

တကယ်တော့ ဒီဘဝ၊ ဒီအဖြစ်မျိုးဟာ မတောင့်တကောင်းဘူး။ ကိုယ့်အကျိုးပေးနဲ့ ကိုယ်ဖြစ်လာတာဆိုတော့ ဖြစ်ရာဘဝပျော်၊ ရရာနဲ့ရောင့်ရဲသင့်တယ်။ မရောင့်ရဲနိုင်တဲ့စိတ်ကြောင့် စောင့်စည်းအပ်တဲ့ တရားတွေ မစောင့်စည်းတော့ဘူး။

ကြည့်လေ. . . ကျွန့်ပ်ဟာ တမန်တော်မဟုတ်ဘဲ တမန်တော်လို့ အော်လိုက်တယ်။ ဒီလိုအော်လိုက်လို့ လူအုပ်ကြီးက ဘေးချဲ့သွားတယ်။ ဘုရင့်ရှေ့မှောက်ရောက်ဖို့ လမ်းစပွင့်သွားပြီ။

ရလာတဲ့ အခွင့်အရေးကို ခပ်မြန်မြန်အသုံးချလိုက်တယ်။

တမန်တော်. . . လို့ အော်လိုက်တဲ့ ကျွန့်ပ်အသံကြောင့် ဝိုင်းအုံနေတဲ့ ပရိသတ်က ဘေးချဲ့သွားတယ်။ ဒါနဲ့ ကျွန့်ပ်ဟာ အသွက်လက်၊ အမြန်ဆုံးနှုန်းထားနဲ့ ဘုရင့်အပါးကို ချဉ်းကပ်သွားတယ်။ ကျွန့်ပ်ဟာ ကိုယ်လိုချင်တဲ့ အကွာအဝေးရောက်တာနဲ့ လျှပ်တစ်ပြက်လှုပ်ရှားလိုက်တယ်။

ဟယ်. . . . . ။

ဟော့. . . ငမိုက်သား. . . ။

နင်. . . သေပေတော့။

မြန်ဆန်လှတဲ့ ကျွန့်ပ်လှုပ်ရှားပုံကြောင့် ပရိသတ်ကြီးရဲ့ အာမေဍိတ်သံ ဦးဆုံးထွက်လာတယ်။ ပရိသတ်တင်မကဘူး အပါးမှာဝန်းရံနေတဲ့ မောင်းမမိသံတွေလည်း ကြောင်တောင်တောင်နဲ့ ပါးစပ်အဟောင်းသား ဖြစ်ကုန်တယ်။ ဘုရင်မင်းမြတ်နဲ့ အနီးဆုံး ရှိနေတဲ့ မိဖုရားကြီးက "အို. . . " လို့ အသံပြုပြီး နံ့သာယပ်တောင် နဲ့ ခတ်ပေးနေမှုပင် တန့်သွားတယ်။ ဘုရင်မင်းမြတ်က ကျွန့်ပ်ကို တစ်ချက်ကြည့်ပြီး နှုတ်ခမ်းလေး တွန့်ရုံပြုံးလိုက်တာ တွေ့ပါတယ်။

ပရိသတ် အံ့အားသင့်မယ်ဆို သင့်စရာပါ။ ကျွန့်ပ်ရဲ့ အပြုအမူက မထင်မှတ်လောက်အောင် ရိုင်းစိုင်းသွားတာကိုး။ သည်လိုမျိုးလုပ်ဖို့ ဘယ်သူမှ တွေးဝံ့မယ် မထင်ဘူး။

ဒီလိုလေ. . . ကျွန့်ပ်ပြောခဲ့တယ်မို့လား။ ဘုရင့်ပွဲတော် တစ်ခါစားရင် သေပျော်ပါပြီ ဆိုတာလေ. . . ။ အလှည့်ကျစွန့်ကြတာကို စောင့်ရင် ဒီတစ်သက်စားရဖို့ မမြင်တော့ ဉာဏ်နီဉာဏ်နက်ထုတ်ပြီး

အပါးချွန်းကပ်နိုင်အောင်ကြိုးစားတယ်။ အပါးကပ်မိတော့ ပွဲတော်တည်ဖို့ပြင်နေတဲ့ ဘုရင်မင်းရဲ့အရင် ထမင်းလုတ်ကို ကောက်ယူပြီး ပါးစပ်ထဲ ထိုးတည့်လိုက်တယ်။

ကျွန်ုပ်ရဲ့ ရိုင်းပျတဲ့အမူအရာကိုမြင်တဲ့ အပါးတော်မြဲတွေဟာ ချက်ချင်းပြေးလာပြီး ကျွန်ုပ်လည်ကုပ် ဖမ်းဆုပ်ပြီးနောက် နောက်ကိုဆွဲယမ်းလိုက်တယ်။ ယက်ကန်ယက်ကန်နဲ့ မင်းချင်းတို့လက်ထဲ ပါသွားတဲ့ ကျွန်ုပ်ဟာ ထမင်းအရသာကိုသိအောင် ကမန်းကတန်း ဝါးမျိုပစ်လိုက်တယ်။

တိရစ္ဆာန်တစ်ကောင်နဲ့မခြား ရိုင်းစိုင်းတဲ့ကျွန်ုပ်ကို တစ်ချက်တည်း ဇီဝိန်ဖြတ်ဖို့ ဓားကိုင်မြှောက် လိုက်တော့တာ တွေ့လိုက်ပါတယ်။ ခုတ်ရင်လည်းခုတ်၊ ထမင်းတစ်လုတ်ရဲ့ အရသာသိသွားပြီဟော့လို့ ရင်ထဲက ကြုံးဝါးပြီး လည်စင်းပေးလိုက်တယ်။

"မဖြတ်နဲ့. . . "

လည်ကုတ်ပေါ် ဓားမကျခင် ဘုရင်မင်းမြတ်ရဲ့ အမိန့်သံ ထွက်လာပါတယ်။

ဘုရင်မင်းမြတ်ကသာ ဒီလို ခပ်မြန်မြန်အမိန့်မပေးလိုက်ရင် ကျွန်ုပ်ခေါင်းဟာ ဒုန်းခနဲ မြေပြင်ပေါ် ပစ်ကျသွားမှာ သေချာတယ်။ လက်မရွံ့ အပါးတော်မြဲတွေရဲ့ လက်ချက်နဲ့ သေရမှာအမှန်ပဲ။

ကျွန်ုပ်ဟာ ထမင်းလုပ်ကို ကမန်းကမတန်းဝါးမျိုရင်း ဘုရင်မင်းမြတ်ကို ကျေးဇူးကြီးလှပါဘိ ဘုရားလို့ ရင်ထဲက ရေရွတ်လက်အုပ်ချီလိုက်တယ်။

"သူဆင်းရဲယောက်ျား။ သင်. . . ဘာကိုမှ မကြောက်နဲ့၊ ငါကိုယ်တော်မြတ်ရဲ့ ထမင်းပွဲကို သင့်အား စွန့်ကြဲလိုက်တယ် စားလော့. . . "

ဘုရင်မင်းမြတ် မိန့်ကြားချက်ကြားမှ ကျွန်ုပ်လည်း သက်ပြင်းချနိုင်ပြီး ဒန့်ပေါင်းလပေါင်းများစွာ တောင့်တနေတဲ့ ပွဲတော်ကို စားခွင့် ရလိုက်ပါတော့တယ်။

* * *

"အို. . . သူဆင်းရဲယောက်ျား။ သင်ဟာ တမန်တော် မဟုတ်ပါဘဲလျက် ဘယ့်အတွက် တမန်တော်လို့ ဆိုဘိသနည်း"

"မှန်လှပါအရှင်. . . ကျွန်ုပ်ဟာ တမန်အစစ်ဖြစ်ပါတယ်"

"ဘာကြောင့် ဒီစကားကို ဆိုလဲ"

"အရှင်မင်းမြတ်. . . ကျွန်ုပ်ဟာ တဏှာရဲ့တမန်အစစ်မို့ တမန်လို့ဆိုပါတယ်။ တဏှာကစေလို့ ကျွန်ုပ် ဒီရောက်လာပါတယ်။ မင်းအဲဒီကိုသွား. . . အဲဒီလိုပြော. . . အဲဒီလိုလုပ်လို့ တဏှာကစေတော ကြောင့် ဒီအမှုပြုရပါတယ် ဘုရား. . . "

"အိန်း. . . မှန်ပေတယ်"

"မြတ်သောမင်းကြီး. . . ကျွန်ုပ်ရဲ့ ဝမ်းသမုဒ္ဒရာ အူဂင်္ဂါက အရှင်မင်းမြတ်ရဲ့ ပွဲတော်ကို နေ့စဉ်နဲ့အမျှ တောင့်တနေပါတယ်။ ဒီဝမ်းအကျိုးအတွက် ကျွန်ုပ်ဟာ ဘေးဘယာကိုလဲ မကြောက်နိုင်၊ ရန်အပေါင်းကိုလဲ ဂရုမစိုက်နိုင်၊ ကျွန်ုပ်ရဲ့ အရှင်သခင်ဖြစ်တဲ့ ဒီဝမ်းအကျိုးကို ဆောင်ကြဉ်းရပါကယ်။ ဒါကြောင့် ကျွန်ုပ်ဟာ တမန်အစစ်ဖြစ်လို့ အရှင်မင်းကြီး အမျက်မထွက်သင့်ပါ. . . "

ထူးဆန်းသောစကားကို ကြားရတဲ့ ပရိသတ်အားလုံး တဒင်္ဂမျှ မှင်တက်မိသလို ငြိမ်သက်သွားကြတယ်။ ဘုရင်ဘောဇနသုဒ္ဓိကလည်း ကျွန်ုပ်စကားကို စဉ်းစားဟန်နဲ့ ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ ခဏအကြာမှာတော့ ရွှင်ကြည်ဝင်းပတဲ့ အပြုံးနဲ့ ကျွန်ုပ်ကို ကြည့်လိုက်တယ်။

"အို. . . သူဆင်းရဲယောကျ်ား. . . သင့်စကားမှန်ပေတယ်။ သတ္တဝါမှန်သမျှ ဝမ်းရဲ့တမန်ဖြစ်ပေတယ်။ တဏှာရဲ့ အစွမ်းသတ္တိ၊ စေခိုင်းမှုကြောင့် သတ္တဝါတွေဟာ နေ့စဉ်လှုပ်ရှား ရုန်းကန်ရတယ်။ နေ့နေ့ညည သွားလာရှာဖွေရတယ်။ တောင့်တမဆုံးတဲ့ ဒီဝမ်းရဲ့စေခိုင်းမှုကြောင့် ချွေးတပြိုက်ပြိုက်ကျအောင် လုပ်ရတယ်။ မောဟိုက်ပင်ပန်းနေလဲ နားခွင့်မပေးရင် မနားနိုင်တာ ဒီဝမ်းကြောင့်ပဲ။ တဏှာသည် သတ္တဝါတို့ရဲ့ဘဝကို စီရင်ဖန်တီးလေတော့ သင့်စကား နှစ်သက်ဖွယ်ကောင်းပါဘိ။

ကျွန်ုပ်ဟာ ဘုရင်မင်းမြတ်ရဲ့ ဆင်ခြင်တိုင်းဆနိုင်မှုကြောင့် အသက်ချမ်းသာရခဲ့တဲ့အပြင် ပွဲတော်အုပ်စွန့်ခြင်းလည်းခံရတယ်။ ကျွန်ုပ်ရဲ့ လျှောက်တင်ချက် နှစ်သက်သဘောကျသွားလို့ နွားလားဥသဘတစ်ထောင် ချီးမြှင့်ခံလိုက်ရပါတယ်။

အင်း. . . တဏှာကို မဖြတ်နိုင်သေးသမျှ သတ္တဝါအားလုံးဟာ ဝမ်းရဲ့တမန်အဖြစ် အမှုထမ်းနေရဦးမယ်။ တဏှာရဲ့စေခိုင်းမှုဒဏ်ကို အလူးအလဲခံကြဦးမှာပလေ။ ။

ကျမ်းကိုး

ညောင်ကန်ဆရာတော်ဘုရားကြီး၏ ငါးရာ့ငါးဆယ်(၁၅၀)

# ဆွမ်းတစ်နပ်



# ဆွမ်းတစ်နပ်

မနေ့ကမြက်ထမ်းသမား၊ ယနေ့ မင်းကေရာဇ်အသိအမှတ်ပြုတဲ့ ဘွဲ့ခံသူဌေးဖြစ်တယ်ဆိုရင် ယုံကြမလား. . .။ အဟက်. . . မယုံမရှိနဲ့ ကိုယ်တွေ့လေ. . .။ အနုဘာရကိုယ်တွေ့ပဲဗျို့။

ဒီမယ်. . . ဒီမယ်။ ဗာရာဏသီပြည်မှာ သုမနသူဌေးကြီးဆိုတာ ရှိတယ်။ သူဌေးဆိုတာ ပစ္စည်းဥစ္စာချမ်းသာတာပေါ့ဗျာ။ အဲ. . . မဗ္ဗိမကသူဌေးတွေက ငါသူဌေးပဲဆိုပြီး စည်းစိမ်ယစ်မူး မနေဘူးဗျ။ ရှိတဲ့စည်းစိမ် တိုးသထက်တိုးအောင် အမြဲအလုပ်လုပ်နေတယ်။ ကုန်သွယ်ရောင်းဝယ်ချင်ဝယ်၊ လယ်ယာလုပ်ရင်လုပ်၊ တစ်ခုခုတော့ လုပ်နေတာပဲ။ အဲ . . . သုမနသူဌေးကြီးမှာ လယ်အ မြောက်အမြားရှိတယ်။ စပါး၊ ပဲ၊ ပြောင်းစိုက်သဗျ။ ဟော့. . ဘယ်သူကထွန်ကောက်၊ ဘယ်သူက နွားဆွဲ၊ လယ်ကိုဘယ်ပုံထွန်၊ ရှစ်စပ်လည်အောင်ထွန်ဟော့၊ တမန်းညက်ပါစေကွ၊ မြက်မကျန်စေနဲ့၊ အဲသလို လက်ညှိုးထိုးခိုင်းတာပ။ ဘယ်ဗျာ. . သူဌေးက ခါးတောင်းပြောင်အောင် ကျိုက်ပြီး ထွန်စီးနေမလားဗျ။ အင်း. . . ထားပါတော့ လယ်အမြောက်အမြားရှိတော့ ထွန်ယက်ဖို့ နွားတွေ မွေးထားတာပေါ့။ ခိုင်းနွားတွေ၊ နို့စားနွားမတွေ ဘယ်နယ်းမလဲ။ သူဌေးကြီးပိုင်တဲ့ နွားကောင်ရေ ဘယ်လောက်ရှိတယ်ဆိုတာ ကျုပ်မရေတွက်နိုင်ဘူး။ ရေနေချိန်လည်း မရှိဘူး။ အဲဒီ နွားတွေစားဖို့ မြက်ရိတ်ရတာနဲ့ ခေါင်းမော်ကြည့်ချိန်ကို မရဘူး။

ဟုတ်တယ်။ ကျုပ်က သူဌေးကြီးအိမ်က မြက်ရိတ်သမားပဲ။ အခကြေးငွေ ပေးခိုင်းထားတာ. . .။ မှန်တာပြောရင် သူဌေးကျွန်ပါပဲလေ. . .။ ကျုပ်လို မြက်ရိတ်သမားလည်း ဘယ်နည်းမလဲ။ မရှိဘူးဆို တစ်ကျိပ်ကိုးယောက်လောက်တော့ အသာလေး။ ထားပါ လေ. . . ကျုပ်အနုဘာရက အဲဒီမြက်ရိတ်သမားတွေထဲက တစ်ယောက်ပေါ့။

ကျုပ်တို့တစ်တွေ သူဌေးအိမ်မှာလုပ်ရတာ ကံကောင်းပါတယ်။ သူဌေးကြီးသုမနက နှမြော တွန့်တိုခြင်းနည်းပြီး ပေးကမ်းစွန့်ကြဲတဲ့နေရာ အင်မတန်ရက်ရောတယ်။ ကျုပ်တို့ဆိုလည်း ထိုက်သင့်တာ ထက် ပိုပေးတဲ့အပြင် ပုဆိုးနွမ်းတာမြင်ရင်. . . ရော့. . . . အင့် . . . ဆိုပြီး အသစ်ပေးတယ်။ အင်္ကျီ စုတ်ပြဲနေတာမြင်လည်း ဖာချိန်တောင်မရဘူးလား. . . ကဲပါလေ။ ဖာဝတ်မနေပါနဲ့။ ရော့ . . . အသစ် သာဝတ်စမ်းပါ ငါ့လူတို့ရာဆိုပြီး ရက်ရက်ရောရောပေးသဗျ။

သူ့အလုပ်လုပ်ပေးလို့ ပေးတာမဟုတ်ဘူးနော် . . . . သူဌေးကြီး စိတ်သဘောကကို ပေးကမ်း ချင်၊ လှူဒါန်းချင်နေတာ။ တကယ်ပါ။ သူ့အိမ်မှာ အလှူရေစက် ပြတ်တယ်မရှိဘူး။ စည်သံပြောသံ ဆိတ် သုဉ်းတယ်ကိုမရှိဘူး။ နေ့စဉ်လိုလို အလှူခံတွေ လှူနေတာတောင် အားမရဘူး။ တစ်လတစ်ကြိမ် အလှူကြီး ပေးရမှ ကျေနပ်တယ်။ အဟဲ. . . သူဌေးအလှူပေးတယ်ဆိုတော့ ဗိုက်ခွေးနမ်းရောပေါ့ဗျာ. . ။

ထားပါတော့လေ. . . ဒါက စကားအနေနဲ့ ပြောတာပါ။ ကျုပ်ပြောချင်တာက သူတော်ကောင်း နားနေတော့ သူတော်ကောင်းစရိုက်ဝင်တဲ့ အကြောင်းပါ။ အလှူပေးတဲ့ သူဌေးအပါးနေတော့ ကိုယ် လည်းအားကျလာတယ်။ လှူချင်တန်းချင်စိတ် ဖြစ်မိတယ်။ လှူတဲ့အကျိုး ဒီဘဝမှာ မခံစားရရင်လည်း နောင်ဘဝမှာ ချမ်းချမ်းသာသာနေနိုင်အောင် ကုသိုလ်အထုပ်သယ်သွားချင်တယ်။ အဲ. . ဒါ ကျုပ်စိတ်ထဲ မှာ ကိန်းအောင်းလာတဲ့ သဒ္ဓါတရားပေါ့။

* * *

လုံထမ်းလာတာ မြင်ရပေမယ့် ကံထမ်းလာတာ မမြင်ရဘူး. . . တဲ့။ ရှေးစကားပါ။ ကျုပ်ဘဝနဲ့ ဟပ်ပြောရရင် အန္တဘာရမြက်ထုံးလာတာ ဗာရာဏသီပြည်သားတွေ မြင်နိုင်ပေမယ့် ကျုပ် ကံထမ်းလာ တာ ဘယ်သူမှမမြင်ဘူး။

ဟုတ်တယ်လေ. . . ကြည့်။

အဲဒီနေ့က ကျုပ်ခပ်စောစောပဲ မြက်ရိတ်ထွက်ခဲ့တယ်။ ကျုပ်တို့ထဲက တစ်ယောက်လက်ကို တံစဉ်ရှသွားလို့ အလုပ်မလုပ်နိုင်ဘူး။ သူ့အတွက် ကျုပ်တို့အလုပ်ပိုလုပ်ရမယ်။ အရင်က နှစ်ခေါက် ထမ်းရုံနဲ့ လုံလောက်ပေမယ့်၊ ဒီနေ့တစ်ခေါက်ပိုထမ်းရမယ်ဆိုတော့ နေပူမခံရအောင် ခပ်စောစောပဲ ထွက်ခဲ့တယ်။

အလုပ်လုပ်တဲ့နေရာမှာ မာန်လေသွင်းထားတော့ အရင်နေ့တွေထက် လက်ကလည်း သွက်နေ တယ်။ မြက်ဖုတ်ကို လက်နဲ့ကိုင်၊ တံစဉ်ကို လက်အောက်အသာကပ်သွင်း၊ မြက်ကိုင်ထားတဲ့ လက်က ရှေ့ကိုတွန်းပို့၊ တံစဉ်ကို အားထည့်ပြီးဆွဲထည့်လိုက်တာနဲ့ မြက်တစ်ဆုပ်ရပြီးသား။ ကဲ. . . တစ်ဆုပ်၊

ကိုင်းတစ်ဆုပ်နဲ့ ရင်ထဲက ညာသံပေးပြီး ရိတ်လိုက်ကြတာ ဘာကြာလဲ။ မြက်တစ်ထမ်းရရော. . .။

တစ်ထမ်းစာရတဲ့ မြက်ကို ကိုင်းရိုင်းနဲ့ စုစည်းထုံးနှောင်၊ ထမ်းပိုးနဲ့လျှိုထမ်းပြီး ကန်သင်းရိုးအတိုင်း လေတချွန်ချွန်နဲ့ ပြန်လာခဲ့တယ်။

"ဟော. . . အရှင်"

စိုက်စိုက် စိုက်စိုက်နဲ့ ကန်သင်းရိုးအတိုင်း လျှောက်လာတာ ဖြုန်းခနဲ မထေရ်တစ်ပါးတွေ့လိုက်တော့ နှုတ်ကအလိုလို ထွက်သွားတယ်။ စက္ခုက္ကန္ဒြေချပြီး ရှေ့တည့်တည့်ကရပ်နေတဲ့ မထေရ်ကို စူးစူးစိုက်စိုက်ကြည့်မိတယ်။ အင်မတန်ကြည်ညိုစရာကောင်းတဲ့ ဥပဓိရုပ်နဲ့ ကိုယ်တော်ပါ။ ကြည့်ရင်း ကြည့်ရင်း ကြည်ညိုသဒ္ဓါစိတ် ပေါ်လာလို့ မြက်ထုံးကို ဘုန်းခနဲ ပစ်ချလိုက်တယ်။

"ဦးတင်ပါတယ် ဘုရား. . . "

ကျုပ်ဟာ နှုတ်ကလည်းပြော၊ လူကလည်း လှုပ်ရှားလိုက်တယ်။ ကျုပ်ရဲ့ စိတ်ရောကိုယ်ပါ ပြုမူတာကို ကြည့်ပြီး မထေရ်က သာဓုခေါ်သဗျ။ တကယ်ပါဗျာ. . . သူတော်စင်တို့ နှုတ်ကထွက်လာတဲ့ အသံများ ချိုသလားမမေးနဲ့။ သာဓုလို့ တစ်ခွန်းခေါ်လိုက်တိုင်း ကျုပ်ရင်ထဲ ဝမ်းသာလုံးတွေ လှိုက်လှိုက် တက်လာတယ်။

"အရှင်ဘုရား. . . ဆွမ်းခံကြွလတာလား ဘုရား. . . "

"မှန်ပါပေတယ် . . . ဒကာ"

"အခန့်သင့်လိုက်တာ ဘုရား. . . ခေတ္တသည်းခံနိုင်ရင် ဒီမှာရပ်တန့်တော်မူပါ။ ဘုရားတပည့်တော် အိမ်ကိုပြေးလိုက်ပါရစေ. . .။ အိမ်ကမဝေးပါဘူး ကိုယ်တော်. . . ဟောဟိုမှာ မြင်နေရတဲ့ သူဌေးကြီး သုမနအိမ်ပါပဲ။ တပည့်တော် အဲဒီမှာနေပါတယ်။

ကျုပ်ရဲ့ လျှောက်တင်စကားကို နှုတ်တုံ့မပြန်ဘဲ ငြိမ်နေတာ တွေ့လိုက်တယ်။ ကျုပ်ဝမ်းသာလိုက်တာဗျာ. . . ဟုတ်တယ်လေ။ သူတော်စင်တွေ ဒီလိုငြိမ်နေရင် ကျုပ်စကားကို လက်ခံတာပဲ မဟုတ်လား. . .။

"မှန်လှပါ အရှင်မြတ်ဘုရား။ တပည့်တော် ဒီမနက် စောစောထွက်လာတော့ ထမင်းမစားခဲ့ပါဘူး။ ဒီကပြန်မှစားမယ်။ ပြီးမှ နောက်တစ်ခေါက် ပြန်ထမ်းမလို့ စိတ်ကူးထားပါတယ်။ တပည့်တော်ရဲ့ စားဦးစားဖျား အလှူခံတော်မူပါ။ ဒါနကို ဖြည့်ဆည်းတော်မူပါ"

ကျုပ်ဟာ ကိုယ်လျှောက်ချင်တာကို ကတိုက်ကရိုက်လျှောက်၊ ပြီးတော့ အရှင်မြတ်ကို ရှောင်ကွင်းပြီး အိမ်ဆီကို ကသောကမျောပြေးခဲ့တယ်။ စိတ်ထဲမှာလည်း ဒီနေ့တော့ လျှူခွင့်ကြုံပြီကွ၊ ငါ့လိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လားလို့ ကြုံးအော်မိတယ်။ တကယ်ပဲ ဝမ်းသာမိတာအမှန်ပါ။

ကျုပ်ဟာ အမြန်ဆုံးနှုန်းနဲ့ ထမင်းကိုယူလာပြီး မထေရ်မြတ်ရဲ့ သပိတ်တော်ထဲ လောင်းထည့်လိုက်

တယ်။ ဒီလိုဆွမ်းလှူပြီးတော့ မထေရ်ရဲ့ရှေ့မှာထိုင်ချလိုက်ပြီး ထပ်ရှိခိုးလိုက်တယ်။

"အရှင်ဘုရား. . တပည့်တော် ဤဆွမ်းလှူရတဲ့ အကျိုးကြောင့် မြက်ထမ်းသမားဘဝက အမြန်ဆုံး လွတ်မြောက်ရပါလို၏။ ဘဝဆက်တိုင်း မရှိဟူသောစကား မကြားရပါလို၏ . . . ဘုရား"

ကျုပ်ဟာ ရည်ရွယ်ထားခြင်းမရှိဘဲ မြက်ထမ်းသမားဘဝက လွတ်လိုကြောင်း၊ သူဌေးကြီးသုမနလို ချမ်းသာလိုကြောင်း ဆုတောင်းမိတယ်။ အင်း. . . ဟုတ်တာပဲလေ. . . ။ ပုထုဇဉ်ဆိုတော့ ချမ်းသာမှုကို မြတ်နိုးတာပဲ။ စိတ်ထဲက အမြဲတောင့်တနေမိတော့ မရည်ရွယ်လည်း ဆုတောင်းမိသွားတာပေါ့။

အဲ. . . ကျုပ် အဲဒီလိုဆုတောင်းတဲ့အခါ မထေရ်မြတ်က ဘာမိန့်သလဲ သိလား. . . ။

"ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု" . . . တဲ့။ တောင်းတဲ့ဆုနဲ့ ပြည့်စေတဲ့ဗျာ. . . ။

* * *

မှန်တာပြော သစ္စာပါ။ ရလို ဖြစ်လိုမှုနဲ့ ဆုတောင်းခဲ့ပေမယ့် ချက်ချင်းကြီး လိုအင်ဆန္ဒပြည့်ဝလိမ့် မယ်လို့ ကျုပ် မှန်းမဆပါဘူး။ တကယ်ပါပဲ ခင်ဗျာ. . . မထင်မှတ်တာတွေ ဖြစ်လာတယ်။

ဒီလို. . . ဒီလို။ ကျုပ်လည်း ဆွမ်းလှူပြီး ကြည်နူးဝမ်းသာစွာနဲ့ မြက်ထုံးထမ်းပြီးပြန်လာတော့ အိမ်ပေါက်ဝက သူဌေးကြီးသုမနထွက်ကြိုနေတယ်။ နှစ်လိုဖွယ်အပြုံးနဲ့ ကြိုနေတာမြင်တော့ စိတ်ထဲ ပိုပျော်သွားသလိုပဲ။

"ဝမ်းသာစရာပဲ သူဌေးမင်းရေ"

"အေး. . . မင်းအစား ဝမ်းသာလို့ ငါထွက်စောင့်နေတာပဲ"

"ဗျာ. . . "

"ကံထူးတဲ့ မင်းအတွက် ငါတကယ့်ကိုဝမ်းသာတယ်။ ဒီမယ် အန္နဘာရ၊ ငါလှူနေတာ အကြိမ် ပေါင်းမနည်းတော့ဘူး။ လှူ တိုင်း လှူတိုင်းလဲ ငွေအမြောက်အမြားအကုန်ခံတာ မင်းအမြင်ပါ။ ဒါပေမယ့် မင်းလို ပစ္စေကဗုဒ္ဓါကို လှူခွင့်မကြုံခဲ့ဘူး"

"ဗျာ. . . ကျုပ်ဆွမ်းလှူတာ သူဌေးကြီးသိနေတယ်။ အဲ. . . နေ. . . နေပါဦး။ ကျုပ်လှူတဲ့ ပုဂ္ဂိုလ်က ပစ္စေကဗုဒ္ဓါ"

"အေးလေ. . . "

တကယ့်ကို အံ့ဩစရာပါ။ သူဌေးကြီးအိမ်နဲ့ အလှမ်းဝေးတဲ့ လယ်ကွင်းထဲမှာ ဆွမ်းလှူခဲ့တာ အိမ်မှာနေတဲ့ သူဌေးက သိနေတယ်။ ကျုပ်ပြောဖို့ စကားတောင် နောက်ကျနေပြီ။ ပိုထူးဆန်းတာ က ကျုပ်ရဲ့အလှူခံပုဂ္ဂိုလ်က ပစ္စေကဗုဒ္ဓါတဲ့။ ဘုရားဆိုပါလား. . . ။

"နေစမ်းပါဦး သူဌေးရယ်. . . ကျုပ်လှူတာ ဘုရား. . . ဘုရား ဟုတ်တယ်နော်. . . အဲဒါသူဌေး ဘယ်လိုသိလဲ"

ကျုပ်က ပျာပျာသလဲနဲ့မေးတော့ သူဌေးကြီးက မိန့်မိန့်ကြီး ပြုံးလိုက်တယ်။ ကျုပ်ရဲ့ပခုံးကို ညင်ညင်သာသာပုတ်ပြီး နှစ်လိုဖွယ်အပြုံးနဲ့ အချိန်အတော်ကြာကြာ ကြည့်နေပြီးမှ အကျိုးအကြောင်း ရှင်းပြတယ်။ ကျုပ်ပေးလှူတဲ့ အလှူကို သူဌေးကြီးအိမ်မှာရှိတဲ့ ထီးချက်စောင့်နတ်သမီးက သာဓုခေါ်သတဲ့။ ဒီတော့ ငါလှူတာကြာပြီ။ ခုမှခေါ်သလားလို့မေးတော့ သင့်အလှူအတွက် မဟုတ်ဘူး။ မြက်ထမ်းသမား အန္နဘာရအတွက် ခေါ်တာလို့ ပြောသတဲ့။ လိပ်ပတ်လည်အောင် ရှင်းပြမှ ကျုပ်သူဌေးကြီး ကြိုသိနေတဲ့ အကြောင်း နားလည်တော့တယ်။

စဉ်းစားကြည့်ဗျာ. . . ကျုပ်ရင်ထဲ ဘယ်လိုရှိမယ်ဆိုတာ စဉ်းစားကြည့်တော့။ ဘာမှမဟုတ်တဲ့ ဆွမ်းအလှူကို သဒ္ဓါစိတ် အပြည့်နဲ့ ပေးလှူခဲ့တဲ့ အကျိုးက နတ်၊ လူ၊ သတ္တဝါတွေတောင် သာဓုခေါ်တယ်။ ငါလှူရကျိုးနပ်ပဟဲ့လို့ လက်ရုံးဆန့်တန်းပြီး အော်ပစ်လိုက်ချင်တာ အရမ်းပဲ။ ဝမ်းသာလိုက်တာ ပြောမနေနဲ့တော့။

* * *

"အချင်း အန္နဘာရ၊ ငါဟာနှစ်ရှည်လများ ပေးလှူပါလျက် နတ်သာဓုခေါ်မခံခဲ့ရ။ သင်ကတော့ ပစ္စေကဗုဒ္ဓါကို လှူခွင့်ကြုံလို့ နတ်သာဓုအခေါ်ခံရတယ် မှန်တာပြောရရင် အားကျသကွာ. . . ဒီတော့"

သူဌေးကြီးက တစ်စုံတစ်ခုပြောဖို့ ကြံပြီး ပြောရန်သင့်မသင့် စဉ်းစားလေဟန်နဲ့ မျက်လုံးပုတ်ခတ် ပုတ်ခတ်လုပ်ကာ ငြိမ်နေတယ်။ ကျုပ်အပေါ်မှာ ကျေးဇူးရှိဖူးတဲ့ ပုဂ္ဂိုလ်ဆိုတော့ သူ့အလို ဖြည့်ဆည်း ရမယ်ဆိုတာ တွေးမိတယ်။

"ဘာများ စဉ်းစားနေတာလဲ သူဌေး။ ကျုပ်ကို ခိုင်းစရာရှိလား. . . ဒါမှမဟုတ် ပြောစရာ စကားများရှိနေလား. . . ခိုင်းစရာရှိရင်လဲခိုင်းပါ"

"အင်း. . . သင့်မသင့်တွေးနေတာပါ။ ဒီလို အန္နဘာရရယ်. . . ခုနပြောသလို နတ်သာဓုအခေါ် ခံချင်တယ်။ ဒီတော့ မင်း အလှူကို ငါ့ရောင်းပါ"

"ဗျာ. . . "

"စောစောကလှူတဲ့အလှူဟာ ငါ့အလှူလို့ သတ်မှတ်ရင် ငွေတစ်သပြာပေးမကွာ. . . "

သူဌေးကြီးသုမနဟာ လတ်တလောဖြစ်နေတဲ့ အာသီသကြောင့် ကျုပ်အလှူကို ငွေပေးဝယ်နေ တယ်။ တကယ်တော့ ငွေတစ်သပြာဆိုလည်း မနည်းပါဘူး။ ကျုပ်စားတဲ့ ထမင်းတန်ဖိုးက ဘာရှိမှာလဲ။

ကြွယ်ဝချမ်းသာသူတွေလို ဆီဦးထောပတ်စားနိုင်တာလည်း မဟုတ်ဘူး။ သားငါးဟင်းလျာစားနိုင်တာလည်း မဟုတ်ဘူး။ ဗိုက်ပြည့်ပြီးရောသဘောနဲ့ ဖြစ်သလိုချက်ပြုတ်ထားတဲ့ ဒီထမင်းဟင်းက ဘာတန်မှာလဲ။ ဒီအဖိုးမထိုက်တန်တဲ့ ထမင်းကို ဆွမ်းအလို့ငှာ လောင်းလှူတဲ့အတွက် ကျုပ်ဘဝထူးမဆင်းရဲပါဘူး။ မသကာ ထမင်းတစနပ်လှပ်လိုက်ရုံပေါ့။ သဒ္ဓါစိတ်နဲ့ လှူတာလည်း ပြီးသွားပြီ။ ဒီအလှူအတွက် သာဓုအနု အမောဒနာလည်း အပြုခံရပြီးပြီ။ ဒါကို ငွေပေးဝယ်နေသတဲ့။

"အင်း. . . သူဌေးဆန္ဒကတော့ ဟုတ်ပါတယ်။ ဒါပေမယ့်ဗျာ. . . ကျုပ်ဘဝမှာ ဆင်းရဲလို့ မလှူနိုင်ခဲ့ဘူး။ ဒီတစ်ကြိမ်လှူမိတာကိုတော့ ရောင်းမစားတော့ပါဘူး"

"နည်းလို့လား. . . အန္တဘာရ။ ဒီလိုဆို နှစ်သပြာပေးမကွာ. . . "

"ဩော်. . . သူဌေးရယ်. . . သူဌေးငွေကြေးတတ်နိုင်တာ ကျုပ်သိပါတယ်။ နှစ်သပြာမက နှစ်ဆယ်၊ နှစ်ရာပေးနိုင်တာ မသိဘဲ နေမလား။ ဒါပေမယ့် ကျုပ်မရောင်းပါရစေနဲ့"

ကျုပ်က ငြင်းလိုက်တဲ့အတွက် သူဌေးကြီး အံ့ဩသွားပုံရတယ်။ ဟုတ်တယ်လေ. . . သူပေးတဲ့ငွေက ကျုပ်မက်မောလောက် တဲ့ ငွေပမာဏပါ။ ဒါကို မမက်မောဘဲ ခေါင်းတခါခါ ငြင်းပယ် နေတော့ ထူးဆန်းနေမှာပါ။

"ကဲ. . . အန္တဘာရ၊ မင်းအလှူကို ငါ့ကိုမရောင်းနိုင်ဘူး ဆိုရင် မင်းကုသိုလ်ကို ငါ့ကိုဝေမျှစမ်းပါ"

"ဗျာ. . . ကုသိုလ်ဝေမျှပေးပါ. . . ဟုတ်လား. . . အဲဒါ"

ကျုပ်စိတ်ထဲ မရှင်းနိုင်အောင်ဖြစ်သွားတယ်။ လူတစ်ယောက် ကုသိုလ်ပြုတာ အခြားလူကို ဝေမျှလို့ရလား၊ မရလား ကျုပ်မသိဘူး။ ဟုတ်တယ်လေ. . . ကုသိုလ်ဆိုတာ အစိုင်အခဲ မဟုတ်ဘူး။ ရုပ်ဒြပ်မရှိဘူး။ ပုဆိုး၊ အင်္ကျီ၊ ငွေကြေး၊ ထမင်းဟင်းလျာဆိုရင်လည်း ထားတော့၊ ရှိတာဝေငှပေးလို့ ဖြစ်သေးတယ်။ အကောင်အထည်ဖမ်းဆုပ်လို့မရတဲ့ကုသိုလ်ကို ဘယ်လိုဝေမလဲ။ မပြုဘူးတဲ့ ကျေးဇူးရှိတော့ တုံ့ပြန်ပေးဆပ်ချင်တာလည်း အမှန်ပါ။

"ကဲ. . . သူဌေး။ ကျုပ်အနေနဲ့ ပေးလိုက်လို့ရရင် ပေးလိုက်ချင်ပါတယ်။ ပေးရ မရသိအောင် အရှင်ပစ္စေကဗုဒ္ဓါကို မေးပါဦးမယ်"

ကျုပ်ဟာ ပြောပြောဆိုဆိုနဲ့ သူဌေးအပါးက ပြေးထွက်ခဲ့တယ်။ ကျုပ်မရှင်းတဲ့ကိစ္စ အရှင့်ကိုမေး ကြည့်မယ်ဆိုတဲ့အတွေးနဲ့ ပြေးလိုက်လာတာ မီပါရော. . . ။

"အရှင်ဘုရား. . . ခေတ္တသည်းခံပါ။ တပည့်တော် မရှင်းလင်းတာ လျှောက်တင်ပါရစေ"

ကျုပ်ဟာ အရှင်ပစ္စေကဗုဒ္ဓါကို ရှိခိုးပြီး သူဌေးကြီးသုမနနဲ့ ပြောခဲ့တဲ့စကားတွေ လုံးစေ့ပတ်စေ့ လျှောက်တင်လိုက်တယ်။

"ဒါယကာ အန္တဘာရ၊ သင့်အိမ်မှာ ဆီမီးထွန်းထားတော့ အိမ်နီးပါးချင်းက မီးတတို့လောက်ဆိုပြီး

အကူအညီတောင်းဖူးလား"

"မှန်ပါ ဒါမျိုး ရှိပါတယ်ဘုရား"

"အဲဒီလို အကူအညီတောင်းတဲ့အခါကျတော့ သင်ခွင့်ပြုတဲ့အခါ မီးကူးညှိလိမ့်မယ်။ ဒီလိုမီးကူးတဲ့အခါ ဟိုမှာ မီးတောက်ပါသွားရင် အိမ်မှာ မီးရောင်လျော့သွားလား. . . "

"မလျော့ပါဘူး ဘုရား. . . တစ်ယောက်ယူယူ၊ ဆယ်ယောက်ယူယူ ယူသူ့ထံ မီးရသွားသလို တပည့်တော်မှာလဲ နဂိုမပျက် ရှိနေပါတယ်"

"မှန်ပေတယ် ဒါယကာ။ ကုသိုလ်ကလဲ မီးနဲ့အလားတူတယ်။ သင့်ကုသိုလ် ပေးဝေရင်လဲ ကုန်ခန်းသွားတယ် မရှိဘူး။ သင်ဆွမ်းတစ်သပိတ်လှူတဲ့ ကုသိုလ်ကို လူတစ်ကျိပ်ဝေငှစေရင် ဆယ်သပိတ်လှူရာရောက်တယ်။ သူသူငါငါ လူတကာကိုပေးစေတော့"

ကျုပ်ဟာ အရှင်ပစ္စေကဗုဒ္ဓါကို ဝမ်းမြောက်ဝမ်းသာရှိခိုးပြီး သူဌေးကြီးထံ အပြေးပြန်ခဲ့တယ်။ ကျုပ်ကိုစောင့်နေတဲ့သူဌေးကို လည်းတွေ့ရော "အရှင်သူဌေး ခင်ဗျာ. . . ကျုပ်ရဲ့ ကုသိုလ် ကောင်းမှုကို အမျှပေးဝေပါတယ်။ သင်ကုသိုလ်ယူပါတော့" လို့ အော်ပြောလိုက်တယ်။ ကျုပ်စကားလည်းဆုံးရော သူဌေးကြီးက သာဓု. . . သာဓု. . . သာဓုလို့ သုံးကြိမ်ခေါ်ပါတယ်။

"အင်း. . . ကျေးဇူးတင်ပါပေ့အမောင်ရာ. . . မင်းကျေးဇူးကို ပေးဆပ်တဲ့အနေနဲ့ အသပြာတစ်ထောင် ပူဇော်ပါ့မယ်။ ငါနဲ့သာလိုက်ခဲ့"

"ဟာ. . . မဟုတ်တာ သူဌေးရာ။ ကျုပ်အမျှဝေတာ ငွေလိုချင်လို့ မဟုတ်ပါဘူး။ လှူဒါန်းရတဲ့အတွက် ပီတိဖြစ်နေတာတင် ကျေနပ်လှပါပြီ။ ဒီကြားထဲ သူဌေးကိုအမျှဝေနိုင်လို့ ပိုကျေနပ်နေပါတယ်။ ငွေပေးစရာ မလိုပါဘူး"

"မဟုတ်ဘူး အန္နဘာရ။ သင်က သဒ္ဓါစိတ်နဲ့ ပေးဝေလို့ ငါကလဲ သဒ္ဓါတရားနဲ့ တုံ့ပြန်တာပါ။ ကဲ. . . ငြင်းမနေနဲ့။ ရော့အသပြာတစ်ထောင်. . . ဒီနေ့ကစပြီး သင်လဲ ပင်ပင်ပန်းပန်း လုပ်မနေနဲ့ ကောင်းမှုကုသိုလ်သာ နေ့စဉ်ပြုတော့. . . "

ကျုပ်စိတ်ထဲ အံ့ဩစရာတွေ တစ်ခုပြီးတစ်ခုဖြစ်လာတယ်။ တန်ဖိုးမရှိတဲ့ ဆွမ်းတစ်နပ်လှူဒါန်းတဲ့အကျိုးက နေ့မခြားဘဲ အကျိုး ခံစားရတော့ မအံ့ဩဘဲ ဘယ်နေမလဲ။ အဲ. . . ပိုအံ့ဩစရာတွေ ထပ်ဖြစ်လာတာ ပြောဦးမယ်. . . . ။

အဲဒီနေ့ ညချမ်းမှာ သုမနသူဌေးဟာ ဇာရာဏသီမင်းထံ အခစားဝင်တယ်။ အရင့်အရင်နေ့တွေက အလုပ်အကျွေးတစ်ယောက်ကို အဖော်ခေါ်သွားပေမယ့် ဒီနေ့တော့ ထူးထူးခြားခြား ကျုပ်ကိုခေါ်သွားတယ်။ ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲလို့ တစ်လမ်းလုံး စဉ်းစားလာတာ ညီလာခံရောက်မှ အကြောင်းစုံသိလိုက်ရတယ်။ ကျုပ်ရဲ့ ထူးမြတ်တဲ့ အလှူအကြောင်း၊ ကျုပ်ပေးဝေလို့ ကုသိုလ်ရကြောင်း၊

ဒါ့ကြောင့် ဒေအေသပြာတစ်ထောင် ပူဇော်ခဲ့ကြောင်း လျှောက်တင်တာကိုး။ ခံစားရတဲ့ ပီတိကို အစ မသတ်နိုင်လို့ ဖွင့်အံလိုက်တာပါ။ ကျုပ်ကံကောင်းဖို့ အကြောင်းဖြစ်လာပြန်တယ်။

"အသင် အနန္တဘာရ။ သင့်အလှူကို သင့်သူဌေးကသာ ပူဇော်သည်မဟုတ်။ ငါကလဲ ပူဇော်သင့်တယ်။ ဒီတော့ ဟောဒီ ဗာရာဏသီရဲ့ သင့်ရာမှာမြေကွက်ကြည့်။ ဒွန်းစဏ္ဍားတွေခေါ်ပြီး မြေညှိ။ အဲဒီမြေကွက်မှာ အိမ်သစ်ဆောက်၊ ကုန်ကျသမျှ ငါပေးသနားမယ်။ ဒီမျှမက သင့်ဆရာသုမနလို သူဌေးအရာ ငါမြှောက်စားလိုက်တယ်"

တကယ်ပါပဲ။ ကိုယ့်နားတောင် ကိုယ်မယုံဘူး။ တစ်ပဲနိတောင်မတန်တဲ့ ဆွမ်းအလှူအကျိုးက နေ့ချင်းကြီးပွားတာ ဒိဋ္ဌဓမ္မ ပဲ။ အကျိုးပေးထူးချင်တော့ အိမ်ဆောက်ဖို့ မြေညှိတဲ့အခါမှလည်း ရွှေအိုးတွေ အမြောက်အမြားပေါ်လာလို့ ကျိကျိတက်ချမ်းသာတဲ့ သူဌေးကြီးဖြစ်ခဲ့တယ်။ ကဲ. . . မြက်ထမ်းသမား ချမ်းသာတယ်ဆိုတာ ယုံပြီလား. . . ။ သဒ္ဓါတရားနဲ့လှူလိုက်ရင် ကုသိုလ်ရတယ်။ ကံကောင်းတယ်ဆိုတာ မယုံမရှိနဲ့။ ကိုယ်တွေ့လို့ ပြောလိုက်ချင်တယ်ဗျာ. . . . ။ ။

**ကျမ်းကိုး**

**၁။ဓမ္မပဒ ဘိက္ခုဝဂ်ဆယ့်နှစ်ပုဒ်မြောက် သုမနဝတ္ထု။**

**၂။ကျီးသဲလေးထပ်ဆရာတော်ဘုရား၏ ဇိနတ္ထပကာသနီ(တ)။**

**(မှတ်ချက်။** ။ဇိနတ္ထပကာသနီတွင် ထမင်းအိုးထမ်းယောကျ်ားသားဖြစ်၍ အနန္တဘာရဟု အမည်တွင် **ကြောင်း အဆိုရှိ၏)**


ဒွေးမ
ဝ
အလိမ္မာ
ညီညီ

# ချွေးမအလိမ္မာ

ကျုပ်အကြောင်း ကြားသူတိုင်းက လှောင်သံ၊ ထေ့သံနှင့်ရယ်ကြတယ်။ တချို့က ရယ်ရုံတင်မက ဘူး။ "ကြား. . . ကြားဖူးပေါင်ဗျာ. . . အံ့. . . အံ့ပါရဲ့ဗျာ. . ."လို့ပင် ပြောလိုက်သေး။ အဲဒီလို ရိကဲ့တိပြောသူမျိုးတော့ "အခုကြားဖူးပြီမို့လား. . . ချွေးမရဲ့ သားမြတ်ကိုင်ပြီး အိုအမိ. . . အိုအမိလို့ အားပါးတရခေါ်တာမျိုး ကြားဖူးပြီလားဟေ့"လို့ အော်ဟစ်လိုက်တယ်။ ဟုတ်ပ. . .။ ဒါအံ့ဩ စရာလား. . .။

ကျုပ်စိတ်ထဲမှာ ချွေးမကို ချွေးမလို့ မမြင်ဘူး။ ကျုပ်ကို မှန်ကန်တဲ့ အသိရှိအောင် သွန်သင်တဲ့ မိခင်လို့မြင်ထားတာကိုးဗျ။

ကျုပ်ချွေးမဝိသာခါအပေါ် ဒီလိုထင်မှတ်ရတာ အကြောင်းမဲ့ မဟုတ်ဘူး။ ခိုင်လုံတဲ့ အကြောင်း ပြချက်ရှိတယ်လေ။

*　　　*　　　*

ကျုပ်ဟာ မိဂါရသူဌေးလို့ နာမည်တစ်လုံးနဲ့ နေသူပါ။

သာဝတ္ထိမှာ ထင်ရှားတဲ့သူဌေးတွေရှိပါတယ်။ အနာထပိဏ်လို နာမည်တစ်လုံးနဲ့ ကျော်ကြားသူ လည်းပါတယ်။ ဒီပုဂ္ဂိုလ်ရဲ့ နာမည်ရင်းက သုဒတ္တတဲ့။

သုဒတ္တကို ကျုပ်အမြင်ပြောရရင် သူရူးပဲ။ ကိုယ့်ရှိတဲ့ စည်းစိမ်ကို မကုန်ကုန်အောင် လှူပစ်၊ ပေးပစ်နေသူ။ ဘယ့်နှယ်ဗျာ တောင်းသူရှိတိုင်း ပေးရ၊ ကျွေးရ၊ လှူရရင်၊ ဘယ်လွယ်မလဲ။ သူတောင်းစားဆို

သူကတောင်းရမှန်းသိရင် လက်ဖြန့်ခံတောင်းနေမှာပဲ။ ဇမ္ဗူဒိပ်ကျွန်းရှိတဲ့ လူတွေမှန်သမျှ ပေးနေရင် ရှိတဲ့စည်းစိမ်ပြုတ်ကရောပေါ့။ အဲလို မရှိဆင်းရဲသူတွေ ကြောင့်ကြကင်းမဲ့အောင် လှူဒါန်းလို့ အနာထပိဏ် လို့ ကျော်ကြားနေတယ်။ အမည်ရင်း သုဒတ္တတောင် သိသူခပ်ရှားရှား။

မွေးရာပါဗီဇက လှူချင်တန်းချင်စိတ်ရှိသူဟာ ရှင်ကြီးဂေါတမနဲ့တွေ့တော့ သွားရောပေါ့။ ဒါနဥစ္စ လှူဒါန်းပေးကမ်းခြင်းသည် မင်္ဂလာတစ်ပါးလို့ ဟောလိုက်ပြောလိုက်တော့ ရှိသမျှ သိုလှောင်ရုံတွေ ဖွင့်လှူတာအမြင်ပဲ။ တကယ်ရူးတဲ့လူဗျာ။

ကျုပ်တော့ ဒီလိုမလုပ်နိုင်ဘူး။ ဟုတ်တယ်လေ လှူတာ ကြည့်လှူရမှာပေါ့။ ချင့်ချိန်ရမှာပေါ့။ ကိုယ်လှူတဲ့လူဟာ ဘယ်လိုလူမျိုးလဲ။ အကျိုးပြုနိုင်မယ့် အလားအလာရှိလား။ ဒါမှမဟုတ် အကျင့်စရဏ အားကောင်းလား။ ဒါ ကြည့်ရမယ်။ ကြိုက်မှလှူမှာပေါ့။ ဟုတ်ဘူးလား. . . ။

ကျုပ်လည်း လှူပါတယ်။ ကျုပ်ကိုးကွယ်တဲ့ အာဇီဝကတက္ကတွန်းတွေဆိုရင် မြင့်မြတ်တဲ့ပုဂ္ဂိုလ် တွေ။ အစေလကတက္ကတွန်းတွေဆိုရင် တကယ်ကြည်ညိုဖို့ကောင်းတယ်။ တွယ်တာမက်မောမှုကင်းတဲ့ နေရာမှာ အဝတ်အစားတောင်ဝတ်မထားဘူး။ သူတို့လို တစ်နေ့တစ်မနက်နေဖို့ မပြောနဲ့၊ တစ်နာရီတောင် မနေနိုင်ဘူး။ ဒီလို ပုဂ္ဂိုလ်မျိုးတော့ လှူပြီးသား။ ဒါကြောင့်လည်း အစေလကရဟန်း တွေဆို ကျုပ်အိမ်မှာ စည်ကားနေတာပေါ့။

မိဂါရသူဌေးရယ်လို့ နာမည်တစ်လုံးနဲ့နေတဲ့ ကျုပ်ဟာ ရပ်ပေါ်ရွာကျော်ဖြစ်ရတာက ချွေးမ ကောင်းရလို့ပဲဗျ။

သားသမီးကြောင့် ဂုဏ်ပျက်တဲ့မိဘရှိသလို၊ ဂုဏ်တက်တဲ့ မိဘလည်းရှိပါတယ်။ အတိဇာတသား မျိုးမွေးတဲ့ မိဘကျတော့ ဒီသားကြောင့် ဂုဏ်တက်ရော။

ကျုပ်သား ပုဏ္ဏဝဍ္ဎနက ဘယ်လိုသားလို့ ပြောရမလဲမသိဘူး။ ကျုပ်သားက လူတော်လူကောင်း တစ်ယောက်တော့ မှန်တယ်။ ဒါပေမယ့် လူအေး၊ သူဌေးသားဆိုတဲ့ အရှိန်အဝါကလွှဲပြီး သိပ်မထင်ရှားဘူး။ သူ့ကြောင့် ဂုဏ်မတက်ရပေမယ့် ချွေးမကြောင့် မျက်နှာပန်းပွင့်ခဲ့ရတယ်။ အဲ. . . ချွေးမဆိုတာ သားနဲ့ နှီးနွှယ်ပြီး တော်ရပြန်တော့ ဒီသားကြောင့်ပဲလို့ ပြောရင်တော့ ရမှာပေါ့နော့။

အဟဲ. . . ချွေးမရလာအောင်လည်း ကျုပ်ပဲတိုက်တွန်းခဲ့ရတာ။ ခပ်အေးအေးနေချင်သူဆိုတော့ သင်းကအပူအပင် မရှာချင်ဘူး။ အရွယ်ရောက်ပြီမှန်းသိတော့ မိဘဝတ္တရားနဲ့အညီ ကြည့် မနေနိုင်တော့ဘူး။

“ကဲဟေ့. . . သားလဲ အရွယ်ရောက်ပြီ။ အိမ်ထောင်ချထားပေးတော့မယ်။ ကြင်ဖက်ရွေးကွာ။ ခမ်းခမ်းနားနား ထိမ်းမြားပေးမဟေ့” လို့ ကျုပ်ပြောတော့ ဘာပြောတယ်ထင်လဲ။ အပူအပင် မရှာချင်ပါဘူး။ လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်းပဲ နေပါ့မယ်တဲ့။

ဒီစကားကြားရတော့ ကျုပ်တုန်လှုပ်သွားတယ်။ အဟုတ်ဗျာ. . . ။ မိဂါရမျိုးဆက်ပျက်အောင်

တွေးတဲ့လူစား။ ဖြစ်မလားဗျ။ ဒါနဲ့ "ဟော့ကောင်. . . မောင်ပုဏ္ဏ၊ မင်းရဲ့ ဒီအတွေးကို ခေါင်းထဲက အမြန်ထုတ်ပစ်စမ်း။ အဲဒါ ငါ့ဘဝသတ်တာနဲ့ အတူတူပဲ။ မဖြစ်ဘူး. . . ဘယ်လိုနည်းနဲ့မှ မဖြစ်ဘူး။ မင်း. . မိန်းမကို ယူကိုယူရမယ်" လို့ အတင်းတိုက်တွန်းရတယ်။

အဟဲ. . . ဒီတော့ မောင်မင်းကြီးသားက ဘာပြောတယ်ထင်လဲ။ ဒါဆို ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့ မိန်းမရှာပေး။ ဒါမျိုးရမှ ယူမယ်တဲ့။ လာလာချေသေး။ မိန်းမပဲဗျာ။ ကောင်းခြင်းငါးဖြာ ခြောက်ဖြာတွေ ရွေးနေစရာမလိုပါဘူး။ သူ့အမေ၊ ကျုပ်မယားလည်း ဒါမျိုး ရှိမရှိ မသိပါဘူး။

ဒါနဲ့ကျုပ်က မေးရတယ်။ လုပ်စမ်းပါဦး မင်းငါးဖြာက ဘာတွေလဲ ပြောစမ်းပါဦး ဆိုလိုက်တယ်။ အဟက်. . ဟက် လူကအလာကြီးနော်။ ဖအေတူသားလို့ မပြောရဘူး။ ဇီဇာကြောင်တာ တော့ ပထမတန်းပဲ။ သူယူချင်တဲ့ မိန်းမဟာ ဆံပင်ကောင်းခြင်း၊ အသားကောင်းခြင်း၊ အရေကောင်းခြင်း၊ အရိုးကောင်းခြင်း၊ အရွယ်ကောင်းခြင်း ဒီငါးဖြာမျိုးရှိရမယ်တဲ့။ တော်တော် ကတ်သီးကတ်သတ်နိုင်တဲ့လူဗျာ။ ဒါမျိုးရှာလို့ လွယ်မလားဗျ။

အဟင်း. . . ဘာရမလဲဗျာ. . . မိဂါရတဲ့။ သင်းပြောတဲ့ မိန်းကလေးမျိုး မတွေ့တွေ့အောင် ရှာမှာပေါ့။ ငွေရှိရင် ရှာလို့ရတယ်။ သာဝတ္ထိတစ်နယ်လုံးရှာမယ်။ မရရင် သာကေတ၊ အဲဒီမှာ မရရင် ရာဇဂြိုဟ်။ ကုန်ကုန်ပြောမယ်ဗျာ။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး အနှံ့ရှာရပါစေ။ တွေ့အောင်ရှာပြီးကို ပေးစားမယ် သိလား။

* * *

ခွေးမလောင်းရှာပုံတော်ဖွင့်ဖို့ ပုဏ္ဏားရှစ်ယောက်ကို ရွှေပန်းခိုင်၊ ငွေပန်းခိုင်တွေနဲ့ ကောသလတိုင်း လှည့်လည်ခိုင်းတယ်။ သူပြောတဲ့ မိန်းကလေးမျိုးတွေ့အောင် ရှာပေးစမ်းပါ။ တွေ့ရင် စကားကမ်းလှမ်း တဲ့အနေနဲ့ ဒီပန်းခိုင်တွေပေးပါ။ ကုန်ချင်သလောက် ကုန်ပါစေ။ ထိုက်ထိုက်တန်တန် ချီးမြှင့်မယ်လို့ မှာလိုက်တယ်။

အဟား. . . တွေ့တာပေါ့ဗျာ။ ဘယ်မှာမတွေ့ဘဲရှိမလဲ။ အဲ . . . တွေမယ့်တွေတော့ ထိတ်ထိတ် ကြဲ. . . တကယ့်ကို ချမ်းသာတဲ့ အထဲက မိန်းကလေး။ ဓနဉ္စယသူဌေးသမီးတဲ့။

ဓနဉ္စယသူဌေးကို လူမမြင်ဖူးပေမယ့် သတင်းကြားနေတာတော့ ကြာပါပြီ။ ဟုတ်တယ်လေ။ ကောသလတိုင်းတစ်ခုလုံး ကျော်ကြားတဲ့ သူဌေးပဲ။ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ ဘွဲ့ခံသူဌေး အဖြစ်ချီးမြှင့်မြှောက်စားချင်လို့ တောင်းလာတဲ့ ပုဂ္ဂိုလ်ပဲ။ ခေါ်လာတုန်းကတော့ သာဝတ္ထိမှာထားဖို့၊ ဒါပေမယ့် သူ့အသိုက်အဝန်း၊ သူ့ပစ္စည်းဥစ္စာ ဆင်မြင်းကျွဲနွားတွေ နေရာချထားမယ်ဆိုရင် သာဝတ္ထိမြို့လေး ကျပ်သိပ်သွားမှာမို့ ခွင့်တောင်းပြီး မြို့တည်နေတဲ့ပုဂ္ဂိုလ်။

အဟဟ. . . အတိုင်းအထက်အလွန်၊ တခွန်ထက် ကုဋ္ဌား ဆိုရမှာပဲ။ ဥစ္စာပေါ့. . . ရုပ်ချော မိန်းကလေးရတယ်ဆိုတော့ သားလည်းကံကောင်း၊ ဖအေဖြစ်တဲ့ကျုပ်လည်း ပူပင်စရာ မလိုတော့ဘူး။

ဟုတ်တယ်၊ မင်္ဂလာပွဲတောင် ခနဥယက အကုန်အကျခံသဗျ။ သည်ပွဲကို ကောသလမင်းကြီး ကိုယ်တိုင်ကြွရောက်ချီးမြှင့်လို့ မင်းပွဲသဘင်ကိုဖြစ်ရော။ ပြောရင်ယုံမယ်တောင် မထင်ဘူး။ မင်္ဂလာပွဲ အတွက်ပြင်တာ လေးလကြာတယ်။ ကြာမှပေါ့ . . . သတို့သမီးဝတ်ဖို့ မဟာလတာတန်ဆာချုပ် နေတာကိုး။ ကိုးကုဋေတစ်သိန်းထိုက်တဲ့ အဲဒီဝတ်စုံချုပ်နေတဲ့ ကာလအတွင်း ကောသလမင်းကြီးနဲ့ မင်းပရိသတ်တွေ သာကေတမှာ ယာယီစံရတယ်။ အဲဒီပရိသတ်ကို မညှိုးမငယ်၊ လိုလေသေးမရှိအောင် ဧည့်ခံတာတင် ကုန်ကျစရိတ်မနည်းဘူး။ မွဲလောက်တယ်. . . မွဲလောက်တယ်။

သူအကုန်အကျခံလို့ ဝမ်းသာပေမယ့် သူ့သမီးခေါ်သွားခါနီး မှာလိုက်တဲ့စကားကတော့ ဘဝင် မကျလှဘူး။ အမိပ္ပာယ်ဝှက်နဲ့မှာတာဆိုတော့ အနက်မထင်ဘူးဗျ။ ကျုပ်အတွေးကတော့ သပ်လျှိုတယ် ထင်တာပဲ။ စဉ်းစားကြည့်လေ။ အတွင်းမီး အပြင်မထုတ်နဲ့။ အပြင်မီး အတွင်းမယူနဲ့၊ ပေးသူသာပေး၊ မပေးသူကို မပေးနဲ့၊ ပေးပေး မပေးပေး ပေးပါ၊ ချမ်းသာစွာနေပါ။ မီးကို အလုပ်အကျွေးပြု၊ အိမ်တွင်းနတ်ကို ရှိခိုးတဲ့။ ကဲ. . . ဘာစကားလဲ။

ထားပါ။ စကားက ပြောစရာမဟုတ်ဘူး။ ဟုတ်တာက အယူဝါဒ မတူတာဘဲ။ ဘယ့်နှယ်ဗျာ။ အစေလကတက္ကတွန်းတွေ ကိုးကွယ်နေတဲ့ ကျုပ်အိမ်ကို ဂေါတမကြည်ညိုသူ ရောက်လာတယ်ဆိုတော့ ခက်ကရောပေါ့။ သူ့ဌေးမျက်နှာကြောင့် အောင့်အည်းသည်းခံနေရပေမယ့် သည်းမခံနိုင်စရာ။

ဟုတ်တယ်. . . သင်းရောက်လာတာနဲ့ ဂေါတမရဲ့ တပည့်ရဟန်းတွေ အိမ်ဝင်လာရော။ သည် ရဟန်းတွေကို ကျုပ်ဘယ်လိုမှ ကြည့်မရဘူး။ ဘယ့်နှယ်ဗျာ။ မတုန်မလှုပ်။ မျက်နှာအောက်စိုက်ပြီး မသွား ချင်သလို၊ သွားချင်သလို။ သံပတ်ကုန်ကာနီး စက်ရုပ်တွေလို ရွေ့လျားနေတာ စိတ်ပျက်စရာပါ။ ကျုပ်ပုဂ္ဂိုလ် တွေနဲ့တော့ ကွာမှကွာ။ အစေလကတွေ လူကိုတွေ့တာနဲ့ “ဒကာကြီး နေကောင်းလား. . . ရောင်းရေးဝယ် ရာ အဆင်ပြေလား. . . စီးပွားဥစ္စာတက်ရဲ့လား. . . တလောက ကွန်ငါးယောက်ဝယ်တဲ့ သတင်းရတာ အမှန်ပဲလား. . . ဟဲ . . . ဟဲ အကျိုးပေးမှာပါ။ ကျုပ်တို့ကို ကိုးကွယ်လို့ကတော့ အကျိုးမယုတ်စေရဘူး။ ဒကာကြီးတို့လာဘ်ရွှင်အောင် ဆုတောင်းပေးတယ်။ ဂါထာသီကျူးပေးတယ်။ ဘာဘာညာညာနဲ့ ပြောလိုက် တာ ရွှန်းရွှန်းကိုဝေနေတာပဲ။ ဘယ်ကလောက် နှစ်သက်ဖို့ကောင်းလဲ။

အဲ. . . မကြည်ညိုဖူးဆိုမှ သင်းကရောက်လာတယ်။

ကျုပ်ချွေးမ ပင့်ထားတဲ့ ရဟန်းဖြစ်မှာပေါ့။ ဖြစ်ချင်တော့ ကျုပ်နို့ဂဏာသောက်နေချိန် ရောက်လာတယ်။ သဒ္ဒါစိတ်မရှိဘူး။ မလှူချင်ပါဘူးဆိုမှ ထိပ်တိုက်ကြုံရတယ်။ အရေးထဲ ချွေးမလုပ်တဲ့ သူက ဘယ်ရောက်နေလဲ မသိဘူး။ ကန်တော့ပါသေးရဲ့လို့ ပြောဖို့လည်းမသင့်။ လှူချင်စိတ်ကလည်း

မရှိတော့ ခပ်တည်တည်ပဲ မျက်နှာလွှဲနေပစ်လိုက်တယ်။

ဟော. . . ဟော လာပါပြီ။ မယ်မင်းကြီးမ သုတ်သီးသုတ်ပျာ ဝင်လာတယ်။ သူ့ရဟန်းတွေလှူဖို့ ဆွမ်းပြင်နေတာကိုး။ ထွက်လာလာခြင်း မလှုပ်မယှက်ရပ်နေတဲ့ ရဟန်းနဲ့ကျုပ်ကိုကြည့်ပြီး အံ့သြတဲ့အမူအရာနဲ့ကြည့်နေတယ်။ ပြီးတော့ ပျာပျာသလဲ နေရာထိုင်ခင်း စီစဉ်ပေးပြီး "သည်းခံတော်မူပါ ဘုရား . . . တပည့်တော်မ ဆွမ်းကိစ္စစီစဉ်နေလို့ လစ်ဟာသွားပါတယ်။ တပည့်တော်မယောက္ခမဖြစ်သူဟာ အဟောင်းသာစားတတ်သူမို့ သည်းခံတော်မူပါ" လို့ လျှောက်လိုက်တယ်။

ကြည့်စမ်း. . . သက်သက်မယ့် ကျုပ်ကို စော်ကားလိုက်တာ။ အဟောင်းစားသူတဲ့. . . နို့ဂဏှာထမင်းကို ရွှေခွက်နဲ့ ထည့်စားနေတာ သင်းမြင်ရက်နဲ့ ဒီစကားပြောတယ်။ ဒီလောက်ရိုင်းစိုင်းတဲ့ ချွေးမ။

"ဟဲ့. . . လာကြစမ်း. . . ဟောဒီ မိန်းမယုတ်ကို အိမ်ထဲက ဆွဲထုတ်ပြီး နှင်လိုက်စမ်း။ သင်းလို မိန်းကလေးမျိုး ငါ့အိမ်နဲ့မတန်ဘူး။ မောင်းထုတ်ပစ်စမ်း"

ကျုပ်က စိတ်ဆိုးဆိုးနဲ့ ကုန်းအော်ပစ်ပေမယ့် အစေခံတွေ တစ်ယောက်မှ ရောက်မလာဘူး။ တစ်ယောက်မှ မရှိလို့လား၊ မကြားလို့လားဆိုပြီး ထကြည့်ပြီး အော်ပြန်တယ်။ မလာဘူးဗျ. . . ကြော် . . . ဒင်းတို့က ချွေးမလူ ဖြစ်နေတာကိုး။

"အို. . . ဖခင်၊ ကျွန်မဟာ ရေအိမ်ကလာတဲ့ မိန်းကလေး မဟုတ်ပါဘူး။ သက်ရှိထင်ရှား ဂုဏ်သရေရှိ မိဘနှစ်ပါးရှိတယ်။ ကျွန်မကို ခေါ်လာတုန်းက သူကြွယ်ရှစ်ယောက်ထံ အပ်နှံခဲ့ပါတယ်။ အပြစ်ရှိရင် သေသေချာချာ မေးမြန်းစစ်ဆေးပါ။ အပြစ်အလျောက်စီရင်ပါလို့ မှာလိုက်တာမို့ ဒီပုဂ္ဂိုလ်တွေက အပြစ်ရှိတယ်ဆိုရင် သွားပါ့မယ်"

ကြည့်စမ်း။ သင်းက လာလာသေး။ သူကြွယ်ရှစ်ယောက်က စစ်မေးပါစေတဲ့။ ဟုတ်လား. . . အဟား. . . ဟား. . . ရတယ်လေ. . . ကြည့်ကြသေးတာပေါ့။

* * *

ကျုပ်အခေါ်လွတ်ကတည်းက ပြဿနာက ကြီးကြီးမားမားဖြစ်ပြီဆိုတာ တွက်ကြမှာပါ။ ဒါကြောင့်လည်း ရောက်မဆိုက် အကျိုးအကြောင်းမေးကြတယ်။

"ဒီမယ် သူကြွယ်တို့၊ မိဘကို စော်ကားမော်ကားလုပ်တဲ့ ချွေးမမျိုး အိမ်မှာဆက်ထားသင့်သလား။ စဉ်းစားကြပါ။ ကျုပ်ဟာ ရေမရောတဲ့ နို့ဂဏှာစားနေတယ်ဗျာ။ အဲဒီအချိန်မှာ သူ့ရဟန်း ဆွမ်းခံကြွတယ်။ ကျုပ်က မလှူမိတာနဲ့ အဟောင်းသာစားသူလို့ ပုတ်ခတ်တယ်။ ကိုင်းဗျာ. . . မိဘကို မစင်စားသူလို့ ပြောတာ မမိုက်ရိုင်းဘူးလား. . . ခွေးနဲ့ နှိုင်းတာဗျ။ ခွေးနဲ့နှိုင်းတာ"

ကျုပ်က ချွေးမယုတ်ကို နှင်ထုတ်ချင်တဲ့ဇောနဲ့ ပြင်းပြင်းထန်ထန် စွဲချက်တင်လိုက်တော့ သူကြွယ်တွေက အံ့အားသင့်တဲ့အမူအရာနဲ့ ကျုပ်ချွေးမကိုလှမ်းကြည့်တယ်။ ဟုတ်သလား. . . ။ ဒီလိုမျိုးပြောမိလားဆိုတဲ့ အမူအရာပေါ့လေ. . . ။ ချွေးမလုပ်သူက အပြစ်ကင်းတဲ့ဟန်ပန်နဲ့ ပြုံးနေသေး။

အဟဲ. . . ဝန်ခံရတာပဲ။ ဟုတ်ပါတယ်။ ပြောမိပါတယ်တဲ့။ ဒါပေမယ့် သူပြောတာ ဒီအဓိပ္ပာယ်နဲ့ မဟုတ်ပါဘူးတဲ့။ လာလာချေသေး။ ဒီသဘောမဟုတ်ရင် ဘာသဘောလဲဟေ့လို့ ထမေးတော့ "အဟောင်းစားတယ်ဆိုတာ ရှေးကုသိုလ်ကံကြောင့် ချမ်းသာတဲ့စည်းစိမ်သာ ခံစားတတ်ပြီး နောက်ဘဝချမ်းသာဖို့ ဒါနမျိုးစေ့ မချဘူး"လို့ ပြောတာပါတဲ့။

လည်မှ လည်ဗျာ. . . ပြောလည်းပြောတတ်တယ်။ သင်းစကားကြားရတော့ ကျုပ်အံ့သြသွားမိတယ်။ အပြစ်ဖြစ်ကရောလို့ ထင်ထားတာ ဒီစကားနဲ့တင်ပျက်ရော။

ဟင်း. . . ဘာရမလဲ။ ဒီလို မိန်းကလေးမျိုး ကျုပ်အိမ်မှာမထားနိုင်ဘူး။ သင်းကြောင့် ကျုပ်ဆရာအစေလကတွေလည်း ပြောလှပြီ။ သူဌေးမိသားစု ပျက်ပါပြီ။ ရဟန်းဂေါတမလူတွေ လျှုနေတာ လက်ပိုက်ကြည့်နေရင် တစ်နေ့မွဲပြာကျမှာ သေချာတယ်။ ဘာမှ အကျိုးဖြစ်လာမှာ မဟုတ်ဘူးတဲ့။ ဒီတော့ ဆရာတွေကျေနပ်အောင် သင်းမရှိမှ ဖြစ်မယ်။

"ဒါဆို ထားတော့ မင်းဟာ တစ်ညသန်းခေါင်ယံမှာ ကျွန်မိန်းမ၊ ကျွန်ယောကျ်ားတွေနဲ့ နောက်ဖေးဆင်းသွားတယ်။ ဒါဘာသဘောလဲ။ ဖောက်ပြန်ချင်လို့မို့လား။ ဒီလို မိန်းကလေးမျိုး ငါ့အိမ်မှာ ထားလို့ ရမလားကွ"

ကျုပ်စွဲချက်က သူ့ကို ဆံပင်ဆွဲပြီး အိမ်ပေါ်က နှင်ထုတ်လို့ရတဲ့ အနေအထား။ ခံနိုင်သေးလား။ ချေပဦးလေလို့ စိတ်ထဲက ပြောလိုက်တယ်။

တကယ်ပဲဗျာ. . . လည်မှလည်။ သူသွားတာ အာဇာနည်မြင်းကို ကိုယ်ဝန်ဆောင်ထားတဲ့ မြင်းမမီးဖွားမှာမို့ စောင့်ရှောက်ဖို့သွားတာပါတဲ့။ ကိုင်းဗျာ. . . ကျုပ်စကားသွားရော. . . . ။ အိမ်ရဲ့စီးပွားရေးကို သိတတ်တဲ့ချွေးမကို ဘယ်လိုနှင်ချလို့ရမလဲ။

ကျုပ်တွက်တာ မဟန်ပြန်ဘူး။ ဒီတော့ စွဲချက်အသစ်တင်ဖို့ အမြန်ဆုံးစဉ်းစားလိုက်တယ်။ ဒီလိုနေရာမျိုးမှာ ကျုပ်ဦးနှောက်ကလည်း ဉာဏ်ပြေးသဗျနော့. . . ။

"ဒီမယ် သူကြွယ်တို့ ဟောဒီချွေးမကို အိမ်ခေါ်လာမယ်လုပ်တော့ သူ့ဖခင်က လျှို့ဝှက်စကားမှာတာ သင်တို့လဲ နားနဲ့ဆတ်ဆတ်ကြားပါတယ်။ ဒီစကားအနက်ကို ကျုပ်တွေးနေတာ ကြာပြီ။ သံသယမကင်းဘူး။ အဆွေတို့ စဉ်းစားလေ. . . ။ အတွင်းမီး အပြင်မပို့နဲ့တဲ့။ ဒါဘာသဘောလဲ။ ကျုပ်က ဆွေနဲ့မျိုးနဲ့ အသိုက်အဝန်းနဲ့ နေတာဗျ။ တစ်အိမ်နဲ့တစ်အိမ်ဆိုတာ ကူညီရမှာပဲ။ ရိုင်းပင်းရမှာပဲ။ သူက မီးလိုလို့ တောင်းရင် မပေးလို့ ကောင်းမလား။ ဒါကို ပိတ်ပင်လွှတ်တော့ ကျုပ်နဲ့အရပ် မသင့်မြတ်အောင် ရန်တိုက်

ပေးတာနဲ့ မတူဘူးလား. . . ။

ကျုပ်က မနေ့ညယပြောတဲ့ စကားဆယ်ခွန်းကို တစ်ခုချင်း ပြန်ပြောပြီး စွဲချက်တင်လိုက်တယ်။ ဒါသာပြေလည်အောင် မရှင်းနိုင်ရင် သင်းကို အိမ်ကနှင်ထုတ်လို့ ရပြီပေါ့ဗျာ. . . ။

"အို. . . သူကြွယ်တို့ ကျွန်မဖခင်မှာသောစကားမှာ ဒီအဓိပ္ပာယ်မဆောင်ပါဘူး။ အတွင်းမီးအပြင် မထုတ်နဲ့ ဆိုတာက အိမ်ကယောက္ခမနဲ့ လင်သားတို့ကို ကျေးဇူးမဲ့စကားမပြောပါနဲ့။ ကိုယ့်ကျေးဇူးရှင်တွေ အကျိုးယုတ်စေတာမျိုး မဖြစ်ပါစေနဲ့လို့ မှာတာပါ"တဲ့။

ချွေးမစကား ကြားလိုက်တော့ ကျုပ်ကြက်သေ သေသွားတယ်။ အံ့သြချီးကျူးလိုက်တာပါ။ ဒီအဓိပ္ပာယ် ဒီစကားကို ကျုပ်မတွေးမိတာ အမှန်ပါ။

"အို. . . သူကြွယ်တို့. . . ဖခင်မှာတဲ့ အပြင်မီးအတွင်း မီးမယူနဲ့ဆိုတာ မိသားစု စိတ်ညစ်ညူး နိုင်တဲ့ အပြင်ကိစ္စတွေ အတွင်းမသယ်ပါနဲ့လို့ ဆုံးမတာပါ။ နောက်ပေးသူသာပေးဆိုတာ ပစ္စည်းငှားပြီး ပြန်ပေးသူသာ နောက်တစ်ကြိမ်ပေးပါ၊ ငှားပါ။ မပေးသူကို မပေးနဲ့ဆိုတာက ချေးငှားပြီး ပြန်မပေးတတ် သူကို ဘယ်တော့မှ မပေးပါနဲ့။ ပေးပေး မပေးပေး ပေးပါဆိုတာက ဆွေမျိုး သားချင်း ထောက်ပံ့ချီးမြှင့်ဖို့ လမ်းညွှန်ခြင်းဖြစ်ပါတယ်။ ချမ်းသာစွာစားပါ ဆိုတာက ကျွန်မယောက္ခမထင်သလို စည်းစိမ်ပြုတ်အောင် ကောင်းပေ့ ညွှန့်ပေ့ဆိုတာကြီးစားဖို့ မှာတာမဟုတ်ပါ။ ဘာပဲစားစား ယောက္ခမလင်သား အရင်မစားနဲ့။ အိမ်ရှိလူကုန်စားပြီး လောက်ငဖူလုံပြီဆိုမှ ကိုယ်ကစားလို့ မှာခြင်းဖြစ်ပါတယ်။ ချမ်းသာစွာ အိပ်စက်ပါ ဆိုတာကလဲ ယောက္ခမ၊ လင်သားမအိပ်ခင် မအိပ်ပါနဲ့။ ပြုဖွယ်ကိစ္စ ကုန်စင်အောင်လုပ်၊ ခြေဆုပ်လက်နယ် ပြု။ သူတို့အိပ်ပျော်မှ ကိုယ့်ကဝင်အိပ်ပါလို့ မှာခြင်းဖြစ်ပါတယ်။ မီးကို လုပ်ကျွေးပါဆိုတာကလဲ ပကတိမီးကို မရည်ညွှန်းပါ။ ယောက္ခမ၊ လင်သားကို မီးအလားထင်မှတ်ပြီး မီးကိုရိုသေသည့်နှယ် ရိုသေဖို့ဖြစ်ပါတယ်။ အိမ်ဦးနတ်ကိုရှိခိုးပါဆိုတာ မမြင်ရတဲ့ နတ်ဒေဝါမဟုတ်ပါဘူး။ မိမိရဲ့ အိမ်ဦးနတ်ဟာ လင်သားဖြစ်ပါတယ်။ လင်သားစကားနားထောင်၊ သြဝါဒခံဖို့ ဆိုလိုပါတယ်။ ကျွန်မဟာ ဖခင်မှာတဲ့အတိုင်း တသွေမတိမ်း လိုက်နာတာ ယောက္ခမအသိဖြစ်ပါတယ်။ ဒါကို အပြစ်လို့ ဆိုမလား. . . . "

ကဲဗျာ. . . ကျုပ် ချွေးမစကားတတ်ပုံကတော့ ယှဉ်နိုင်စဖွယ်တောင် မရှိပါဘူး။ ကျုပ်က မလှုပ်သာအောင် တုပ်နှောင်ရစ်ပတ်လိုက်ပေမယ့် သင်းကတော့ လွယ်လွယ်ကူကူပဲ ဖြေထုတ်လိုက်ပါ တယ်။ အားလုံးက ကျုပ်အမှားချည်းပဲ ဖြစ်နေပါပေါ့လား။

* * *

ကျုပ်ရဲ့ စွပ်စွဲချက်တွေ တစ်ခုမှ အရာမရောက်ဖြစ်သွား တော့ စိတ်ပျက်လက်ပျက် အမူအရာနဲ့ "ဒါဆိုလဲ ပြီးရောပေါ့" လို့ ပြောပြီး မကြည်မသာနဲ့ အိမ်ထဲ ပြန်ဝင်မလို့ လုပ်လိုက်တယ်။

"အို. . . ဖခင်၊ ခေတ္တဆိုင်းပါ။ ကျွန်မဟာ သူကြွယ်တွေဆုံးဖြတ်လို့ အပြစ်မရှိဘူးဆိုပေမယ့် ဒီအိမ်ကထွက်သွားပါ့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်တဲ့ ကျွန်မအနေနဲ့ ဟီရိဩတ္တပ္ပ တရားကင်းမဲ့တဲ့ အစေလကရဟန်းတွေကိုးကွယ်တဲ့ ဖခင်တို့မိသားစုနဲ့နေလို့ မသင့်ပါဘူး ဒါကြောင့် သွားခွင့်ပြုပါ"

ဒီတောင်းဆိုချက်ကြားလိုက်တော့ ပဒုကောင်အတုပ်ခံ လိုက်ရသလို တုန်လှုပ်သွားတယ်။ ကျုပ် စိတ်ထဲနှင်ချင်ပေမယ့် အပြစ် မရှိသူကို ပြဿနာရှာပြီး နှင်တယ်ဆိုရင် အရပ်က ကဲ့ရဲ့ကြမှာပေါ့။ အရပ်က အကြောင်းမဟုတ်ပေမယ့် သူ့ဖခင်ဓနဥ္စယသူဌေးက ဘာပြောမလဲ။ ကောသလမင်းကြီးကရော ဘယ်လို အပြစ်တင်မလဲ။

"အေး အဖေအပြစ်တင်တာ လောသွားတယ်။ တကယ်တော့ သမီးလုပ်တာမှန်တယ်လေ. . . ဒီအတွက် အဖေ တောင်းပန်ပါတယ်"

"အမှားကို သိလို့တောင်းပန်တယ်ဆိုရင်လဲ ကျွန်မလိုလားချက်ခွင့်ပြုမှ ဆက်နေပါ့မယ်"

ကျုပ်ချွေးမ သိပ်လည်တယ်ဗျာ. . .။ ဂေါတမရဟန်းတွေကို ကိုးကွယ်နေတာ ကျုပ်မကြည်ဖြူမှန်း သိတော့ သူ့ရဟန်းတွေကို လွတ်လွတ်လပ်လပ်ကိုးကွယ်ခွင့်ပြုရင် ဆက်နေပါ့မယ်တဲ့။ ကျုပ် ဘာတတ်နိုင် တော့မှာလဲ။

ကျုပ်ဆီက ပဋိညာဉ်ရတာနဲ့ သင်းကဲတော့တာပဲ။ နောက်တစ်နေ့ကစပြီး ဘုရားရှင်နဲ့ ရဟန်းငါးရာ ပင့်ပြီး ဆွမ်းကျွေးတော့တာပဲဗျို့။

သည်သတင်းကြားတဲ့ အစေလကတွေ ပြူးတူးပျာတာနဲ့ ရောက်လာတယ်။

"သူဌေး ဘယ်လိုဆုံးဖြတ်လိုက်တာလဲ။ ခင်ဗျားအိမ်ကတော့ ပျက်စီးပါပြီ။ ရဟန်းငါးရာ နေ့တိုင်း ဆွမ်းပင့်ကျွေးတယ်ဆိုတာ လွယ်တာမှတ်လား. . . တစ်နေ့ကုန်ကျစရိတ်ဘယ်လောက်လဲတွက်။ တစ်လ၊ တစ်နှစ်တွက်ကြည့်စမ်း။ ခင်ဗျားချွေးမပါလာတဲ့ပစ္စည်း ဘယ်လောက်ကြာကြာခံမလဲ။ သူ့ပစ္စည်းကုန်ရင် ခင်ဗျားပစ္စည်းလာထိမှာ သေချာတယ်။ အင်း. . . သူဌေးကတော့ ကုန်းကောက်စရာမရှိအောင် မွဲတော့ မှာပဲ. . ."

အစေလကတွေ ဒီလိုပြောတော့ စိုးရိမ်မိတာအမှန်ပဲ။ ဒါ ပေမယ့် ဘာတတ်နိုင်မှာလဲဗျာ. . .။

နောက်နေ့ကျတော့ ဘုရားရှင်ကြွလာတယ်။ အစေလကရဟန်းတွေ အိမ်နောက်ဖေးက ဝင်လာပြီး အခြေအနေစောင့်ကြည့်တယ်။ ဂေါတမနောက် ကျုပ်ပါသွားမှာ စိုးရိမ်နေပုံပါ။

ဆွမ်းကပ်တော့ ချွေးမလုပ်သူက သူပြုဘဲ့ဒါနနဲ့အတူ အမျှကုသိုလ်လာယူပါတဲ့။ ကျုပ်သွားဖို့ပြင် တော့ အစေလကတွေ ခါးဖက်ထားတယ်။ မသွားနဲ့. . . အားမပေးနဲ့တဲ့။ ဟုတ်တာပေါ့။ ကျုပ် သွားရင် အားပေးရာရောက်မှာ။ ဒါနဲ့ကျုပ်အိမ်ထဲကမထွက်ဘဲ နေလိုက်တယ်။

လာပြန်ပြီ။ ဆွမ်းအနုမောဒနာ နာယူဖို့ ကြွပါ။

အစေလကတွေ ကျုပ်ကို ဝိုင်းတားပြန်ရော့. . . မသွားနဲ့။ ရှင်ကြီးဂေါတမက ညို့ယူဖမ်းစားတဲ့ အတတ်မှာတော့ ကဝေတစ်ဆူ၊ သင်သူ့တရား သွားနာရင် သူ့နောက်ပါသွားမှာ ကျိန်းသေဆိုပြီး ဝိုင်းဖက်ထားသဗျ။

ကျုပ်တရားသွားမနာပေမယ့် တစ်ဖက်ခန်းကဟောတဲ့ တရားကို အတိုင်းသားကြားနေရတယ်။ ပီသကြည်မြတဲ့ ဘုရားရှင်ရဲ့ အသံတော်ဟာ ကျုပ်နားမှာ ချိုမြိန်နေပါတယ်။

ဂါထာတစ်ထောင်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားဟာ အစေလကတွေဟောတဲ့တရားနဲ့ တခြားစီပဲ။ လောဘမပါဘူး။ ဒေါသမပါဘူး။ မောဟမပါဘူး။ ဒီတရားတွေ ကင်းရှင်းဖို့ လောကကြီးမှာ ဘာမှမမြဲဘူး။ ပျက်စီးချိန်တန် ပျက်စီးရမှာပဲ။ ဥစ္စာ ရွှေ ငွေ၊ ရတနာဆိုတာ မမြဲတဲ့ပစ္စည်း။ ဒီဘဝ ကိုယ်ပိုင်ဆိုင်ရတယ်ဆိုပေမယ့် သေလွန်တဲ့အခါ ယူသွားလို့မရဘူး။ ကိုယ့်ရဲ့ထာဝရ ပစ္စည်းဟာ ကုသိုလ်ကောင်းမှုပဲ။ အနာဂတ်ဘဝအတွက် ဒီပစ္စည်းထုပ်ပိုးသွားရမယ်။ သယ်သွားရမယ်တဲ့။

ကျုပ်စိတ်ထဲ သံသယရှင်းစတော့ပြုလာတယ်။ ကျုပ်ချွေးမ ဝိသာခါ ဒီလို ရက်ရက်ရောရော လှူနေတာ ဘာကြောင့်လဲ၊ ဘယ်သူအတွက်လဲ၊ ဘယ်လို အကျိုးရှိတယ်ဆိုတာ မြင်လာတယ်။ ကျုပ်သဘောအကျဆုံးက ဒီလိုလှူတာ ဘယ်သူဘယ်ဝါကိုလို့ မဥပါဒ်ဘူး။ ငါ့ဘုရားကိုသာလှူ ကျန်သူတွေမလှူရဘူးလို့ မပိတ်ပင်ဘူး။ ဒီမှာ ပြတ်ပြတ်ထင်ထင်မြင်လာတယ်။ ကျုပ်ကို ဆွဲထားတဲ့ အစေလကတွေကို တွန်းဖယ်ရုန်းထွက်ပြီး အိမ်ရှေ့ခန်းထဲထွက်ခဲ့တယ်။ ဘုရားရှင်ရှေ့ ပျပ်ပျပ်ဝပ်ဝပ် ရှိခိုးပြီး "တပည့်တော် မိဂါရ အမြင်မှန်ရပါပြီ။ ဥပါသကာအဖြစ် အသိအမှတ်ပြုပါ ဘုရား" လို့ လျှောက် ထားလိုက်တယ်။

ပြီးတော့ ကျုပ်ချွေးမကို လှည့်ကြည့်ပြီး "အိုမိခင် သင်ဟာ ကျုပ်ကို မှန်ကန်တဲ့ အသိရှိအောင် သွန်သင်သူပါ။ ကျုပ်ဘဝကို အလင်းပေးသူပါ" လို့ နှစ်ထောင်းအားရပြောပြီး သူ့သားမြတ်ကို ငုံ့စို့မိပါတယ်။ အဲဒီအချိန်မှာ ချွေးမဝိသာခါဟာ ကျုပ်ရဲ့ မိခင်အလားပါပဲ။

ကဲ. . . ဒါရှုတ်ချစရာလား. . . ရယ်စရာလား. . . ။

ကျမ်းကိုး

**ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဇိနတ္ထပကာသနီကျမ်း ကိုမှီးပါသည်။**




# သဒ္ဒါစံပြ ဟတ္တက

# သဒ္ဓါစံပြဟတ္ထက

"ရဟန်းတို့ သဒ္ဓါတရားနှင့်ပြည့်စုံသောဒါယကာသည် ဆုတောင်းကောင်းကောင်း တောင်းလိုသော် စိတ္တသူကြွယ်၊ အာဠဝီတိုင်းက ဟတ္ထကမင်းသားတို့ကဲ့သို့ ဖြစ်ရပါလို၏ဟု ဆုတောင်းရာ၏။ ငါဘုရား၏ တပည့်ဒါယကာတို့တွင် စိတ္တသူကြွယ်၊ အာဠဝီတိုင်းက ဟတ္ထကမင်းသားတို့သည် စံပြဒါယကာများဖြစ်ကြကုန်၏"

သုံးလောကထွတ်ထား မြတ်စွာဘုရား၏ နှုတ်တော်မှ ချီး မွမ်းခံခဲ့ရသဖြင့် ဟတ္ထကမင်းသားရင်ထဲ မည်သို့ရှိမည်မသိ။ နောက်တော်ပါးက ခစားလိုက်ရသည့် ကျွန်ုပ်တို့အဖို့မူ ကိုယ့်အရှင်သခင်အတွက် ဝမ်းမြောက်မဆုံး၊ ကြည်နူးမဆုံး။

"ကိုယ်တော်ဘုရား. . . ဗုဒ္ဓရှင်တော်မြတ်က သဒ္ဓါအရာမှာ ဧတဒဂ်ချီးမြှင့်တော်မူတယ်။ ကြားပါရဲ့လား ကိုယ်တော်ဘုရား"

"အိန်း. . . ကြားပါတယ် မောင်မင်းရဲ့"

ချီးကျူးစကားကို ဝမ်းသာရိပ်ပင်မပြဘဲ ပကတိငြိမ်ဆိတ်နေသော အရှင့်အမူအရာကြောင့် အားမလို အားမရဖြစ်ကာ လျှောက်မိသည်။ ကိုယ်တော်က ခပ်အေးအေးပင်။

မင်းသားကို ဘုရားရှင်ချီးမွမ်းသည်မှာ သည်တစ်ကြိမ်တည်းမဟုတ်။ အင်္ဂုတ္တိုရ်ပါဠိတော်နှင့် သီတင်းသုံးစဉ်လည်း ချီးကျူးစကားဆိုဖူးပေ၏။

"ရဟန်းတို့. . . ဟတ္ထကမင်းသားသည် သဒ္ဓါတရားရှိ၏။ ကိုယ်ကျင့်သီလရှိ၏။ မကောင်းမှုကို ရှက်တတ်၏။ မကောင်းမှုကို ကြောက်တတ်၏။ အကြားအမြင်များ၏။ ပေးကမ်းစွန့်ကြဲသော အလေ့ရှိ၏။

လောကီ လောကုတ္တရာဉာဏ်ပညာပြည့်ဝ၏။ ဤသို့အားဖြင့် ဟတ္ထကမင်းသားသည် အံ့ဩဖွယ်ဖြစ်ကုန်သော မဖြစ်ဖူးမြဲ ထူးကဲကုန်သော ဤဂုဏ်အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသည်ဟု မှတ်ယူကြကုန်လော့. . . ”

ဤသို့ ထုတ်ဖော်ချီးကျူးသည်ကို မင်းသားရော ကျွန်ုပ်တို့ပါ မကြားခဲ့ရိုးအမှန်ပင်။ မျက်ကွယ်တွင် ချီးကျူးသည်ကို ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးကတစ်ဆင့်ဖောက်သည်ချ၍ ကြားရခြင်းဖြစ်သည်။ ကိုယ်တော့်ကိုယ်စား ဂုဏ်ယူဝမ်းသာမိသည်။ သို့သော် မင်းသားကမူ ဝမ်းသာရိပ်မပြဘဲ သတင်းပေးသော ရဟန်းကိုပင် ပြန်မေးသည်။

“အရှင်ဘုရား. . . သည်သို့မိန့်မြွက်စဉ် အခြားသော ဒါယကာ၊ ဒါယိကာမတစ်ယောက်တလေ များ ရှိနေပါသလား ကိုယ်တော်”

“မရှိပါဘူးမင်းသား. . . ရဟန်းတွေချည်းပဲ”

“ကောင်းပါတယ်. . . ဒီလိုမရှိတာ ကောင်းပါရဲ့အရှင်”

မင်းသားသည် ဤသို့မိန့်သော သဘောကို နားမလည်မိ။ ဘုရားရှင်အပါး ဝန်းရံနေသော ရဟန်းဖြစ်စေ၊ ရဟန်းမဖြစ်စေ၊ ဥပါသကာ၊ ဥပါသကာမဖြစ်စေ ရွှေနှုတ်တော်က ချီးကျူးစကားကြားလိုကြသည်။ လောကထွတ်ထားမြတ်ဘုရားက တော်ပါပေရဲ့ဟု တစ်ခွန်းချီးကျူးခံရခြင်းမှာ ပြည်တန်ပတ္တမြားတစ်တင်း ပိုင်ဆိုင်ခြင်းထက်ပင် စုံမက်ကြသည်။ သို့သော် မင်းသားမူ ဝမ်းမြောက်ဟန်ပင်မပြ။ စေ့စေ့တွေးမှ ရေးရေးပေါ်ဆို စကားအတိုင်း တွေးကြည့်မှ မင်းသားစိတ်ထား မချီးကျူးဘဲ မနေနိုင်တော့။ **မင်းသား**စိတ်ထားကပင် ထင်ပေါ်ကျော်ကြားမှုကို မလိုလား၊ ပကာသနကို မစုံမက်။ သဒ္ဓါ တရားသက်သက် **ချောင်းရှက်ခြင်းဖြစ်ကြောင်း** နားလည်လိုက်ပေသည်။

ဤသို့ သဒ္ဓါစိတ်ဖြစ်ခြင်းမှာ မြတ်ဘုရားအပေါ် ကြည်ညိုစိတ်၊ မြတ်ဘုရား၏ တရားအပေါ် ယုံကြည်စိတ်၊ မြတ်ဘုရား၏ အကျင့်ကို လက်ခံစိတ်ကြောင့်ပင်ဖြစ်သည်။

ဟတ္ထကမင်းသား ဘုရားရှင်အပေါ် ကြည်ညိုခြင်းမှာ အကြောင်းမဲ့မဟုတ်။ ခိုင်လုံသောအကြောင်း ရှိပေသည်။

* * *

မင်းသား ဘုရားရှင်နှင့် ဆက်စပ်နှီးနွယ်လာရပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှ၏။ ရှေးလူကြီးတွေ ပြောစကား ပြန်ပြောင်းပြောမှသာ ဇာတ်ရည်လည်ပေလိမ့်မည်။

မဇ္ဈိမဒေသ၏ အရှေ့မြောက်ဘက် ဟိမဝန္တာတောင်တန်းကြီးအနီးတွင်ရှိသော ကျွန်ုပ်တို့၏

အာဠဝီပြည်သည် သကျသာကီမင်းတို့ စိုးစံရာပြည်ကြီးဖြစ်သည်။ ပြည့်ရှင်သခင်ကို အာဠဝီမင်းဟု ပင်ခေါ်ကြ၏။

မင်းနေပြည်တော်နှင့် ခရီးတစ်ဂါဝုတ်အကွာတွင် ထူးခြားသောညောင်ပင်ကြီးတစ်ပင်ရှိသည်။ အရွက်အလက်စိမ်းစိုလျက် ခိုနားဖွယ်ကောင်းသော နေရာဖြစ်သည်။ ထိုညောင်ပင်ကြီးကို အာဠဝကဘီလူးက အပိုင်စားရထားသည်။ စတုမဟာရာဇ်နတ်မင်းကြီးများထံ ကျိုးနွံစွာခစားခြင်းကြောင့် ဆုလာဘ်အနေဖြင့် မွန်းတည့်ချိန်တွင် ညောင်ပင်ရိပ်ကို ခိုဝင်လာသူမှန်သမျှ စားခွင့်ရထားပေသည်။

တစ်နေ့တွင် အာဠဝီပြည့်ရှင်သည် နောက်လိုက်ငယ်ကျွန်များနှင့်အတူ တောကစားထွက်သည်။ တောသို့မဝင်မီ ကိုယ့်ဝန်၊ ကိုယ့်တာခွဲလျက် လုံအောင်ထိန်းရန် ကတိကဝတ်ပြုခဲ့သည်။ ကံအားလျော်စွာ မင်းကြီးတာက ရွှေသမင်လွတ်ထွက်လေ၏။ မင်းကြီးလည်း ကတိအတိုင်း လွတ်သွားသောသမင်ကို အရအမိလိုက်ရတော့၏။ သမင်ကိုမိချိန်တွင် နေကလည်းပြင်း၊ ပင်ပန်းမှုကလည်းမခံသာ ဘာဘာညာညာ မတွေးဘဲ အရိပ်ကောင်းရာ ညောင်ပင်ရိပ်ခိုဝင်မိတော့သည်။

ဤတွင် အာဠဝကဘီလူး ထွက်လာပြီး "အသင်မင်းကြီး ငါ့အစာဖြစ်ပြီ ဘယ်ကိုမှ မသွားနဲ့တော့" ဟုဆိုသည်။ ဘီလူး၏ ဖမ်းဆီးခြင်းခံရသောမင်းကြီးသည် သေရမည့်ဘေးကြောက်မိ၏။ ဘီလူးကို တောင်းပန်သည်။

"အသင်ဘီလူး. . . ငါ့ကိုလွှတ်ပါ။ ဒီသမင်အသားကို စားပါ"

"သင်ရော သမင်ရော မွန်းတည့်ချိန်၌ ငါ့အရိပ်ကိုဝင်၍ လွတ်ဖို့အကြောင်းမရှိ" .

"သည်းခံပါ ဘီလူး။ တစ်နေ့လျှင် လူတစ်ယောက်နဲ့ ထမင်းတစ်အုပ်ပေးပို့မယ်။ မပို့သောအခါ ငါ့ကို စားပါတော့"

"ကောင်းပြီ ကတိတည်ပါစေ"

ဘီလူးကို ကတိကဝတ်ပြုခဲ့ရသော မင်းကြီးသည် နေပြည်တော်ရောက်ချိန်တွင် မြို့ဝန်ကို အကျိုးအကြောင်းပြောသည်။ မြို့ဝန်က ရက်အပိုင်းအခြားထားခြင်း ရှိမရှိ လျှောက်မေးရာ ကြောက်စိတ် စိုးမိုးနေ၍ မေးခြင်းမရှိခဲ့ကြောင်း မိန့်သည်။ မြို့ဝန်လည်း မင်းကြီးအသက်အတွက် စားဖို့ နှောင်အိမ်အတွင်းမှ တစ်နေ့တစ်ယောက်ကျ ထမင်းအုပ်ပို့စေသည်။ နှောင်အိမ်အတွင်းမှ လူကုန်သွားသော ဥစ္စာထုပ်ကို သင့်ရာမှာချပြီး ကောက်ယူသူကို နှောင်အိမ်သွင်းလျက် ရှေးနည်းအတိုင်း စီရင်သည်။

ကာလကြာသော် ပရိယာယ်ဆင်ကွက်ကို အာဠဝီပြည်သားတို့ သိကုန်သဖြင့် ကောက်ယူသူ မရှိပြန်။ ဤတွင် မွေးကင်းစ ပုခက်တွင်းမှ ကလေးများကို ပို့စေပြန်သည်။ ဤနည်းဖြင့် တစ်ဆယ့်နှစ်နှစ်တိုင်တိုင် ဘီလူးစာကျွေးရသည်မှာ လူပေါင်း ၄၃၂၀ ပင် ပျက် ပြုန်းခဲ့လေသည်။

**နောက်ဆုံး၌** အာဠဝီပြည်သားတစ်ယောက်မှ ရှာမရချိန် **တွင် နောက်ဆုံးတစ်ဦးသာ ကျန်နေသော**

ကံဆိုးသူမင်းကြီး၏ ရင်သွေး အာဠဝကကုမာရ အလှည့်ရောက်လေသည်။ မိမိအသက် မဆုံးလိုသော မင်းကြီးက ရင်သွေးကို ဘီလူးစာကျွေးရန် အမိန့်ပေးလေတော့သည်။

မင်းသား၏ ကံကြမ္မာက ထူးဆန်းလှပေစွ။

ထိုနေ့နံနက်တွင် ဘုရားသခင်သည် မဟာကရုဏာ သမာပတ်ဝင်စားတော်မူပြီး သဗ္ဗညုတဉာဏ်ဖြင့် လောကကိုကြည့်ရှုသော် ဟတ္တကမင်းသား အနာဂါမ်ဖိုလ်ဆိုက်မည့်အရေး၊ အာဠဝကဘီလူး သောတပတ္တိဖိုလ်ရောက်မည့်အရေး၊ ရှစ်သောင်းသောသတ္တဝါတို့ တရားရမည့် အရေးမြင်၍ ထိုနေ့ညချမ်းပင် သာဝတ္ထိမှ ယူဇနာသုံးဆယ်ဝေးသော အာဠဝီပြည်သို့ တစ်ပါးတည်းကြွခဲ့သည်။ အာဠဝကဘီလူး၏ နန်းပလ္လင်ထက် သီတင်းသုံးနေခဲ့သည်။

ခက်ထန်ကြမ်းကြုတ်သောဘီလူးက ဘုရားရှင်ကို အစွမ်းကုန် တိုက်ခိုက်သည်။ သတ္တဝါတိုင်းအပေါ် မေတ္တာထား ချစ်ခင်သနားသော ဘုရားရှင်က အာဠဝကဘီလူးကို မေတ္တာနှင့်ပင် အောင်ပွဲဆင်ခဲ့သည်။ တန်ခိုးချင်းပြိုင်၍မနိုင်သော ဘီလူးက အမိအဖများကိုယ်တိုင် ကဿပဘုရားရှင်ထံ အမေးအဖြေပြုခဲ့သော ပြဿနာများကို မေးခဲ့သည်။ အကယ်၍ သဗ္ဗညုတရွှေဉာဏ်တော် ရှင် ဘုရားစင်စစ်ဖြစ်ခဲ့မူ အမေးကိုကောင်းစွာ ဖြေနိုင်အံ့ဟု တွေး၍ စူးစမ်းခြင်းဖြစ်သည်။ ဘီလူးမေးလေသမျှ အကုန်အစင်ဖြေနိုင်သည်ကို မျက်ဝါးထင်ထင်တွေ့ရသော် ပါရမီသမ္ဘာရရှိသူဖြစ်၍ သောတာပတ္တိဖိုလ် တည်လေသည်။

**ထိုသို့ တရားဟော၍ အဆုံးတွင် နေအရှက်လည်း တက်လေသည်။**

**မိုးသောက်တွင် အာဠဝီပြည်သား မင်းချင်းတို့က မင်းသားကို ဘီလူးစာအဖြစ် ပို့ဆက်လာ၏။ သောတာပန်ဖြစ်နေသော ဘီလူးက လက်နှစ်ဖက်ဖြင့်ယူ၍ ဘုရားရှင်အားဆက်၏။**

**"အရှင်ဘုရား. . . ဤသူငယ်ကို အလိုရှိရာပြုတော်မူပါ။ အကျွန်ုပ် ကပ်လှူပါ၏"**

**ဘီလူးဆက်သသော မင်းသားကို ဘုရားရှင်က လက်ခံယူပြီး မင်းချင်းတို့လက်ထံ ပြန်ပေးလျက် "သူငယ်ကို ကောင်းစွာစောင့်ရှောက်၊ အရွယ်ရောက်လျှင် ငါဘုရားထံ ယူလာခဲ့လော့" ဟု မိန့် လေ၏။**

**မင်းချင်းလက်မှ ဘီလူး၊ ယင်းမှ ဘုရားရှင်၊ ယင်းမှာ မင်းချင်းလက် ပြန်ရောက်သည်ကို အကြောင်း** ပြုလျက် မင်းသားကို "ဟတ္ထင္ဝက" ဟု ခေါ်တွင်လေသည်။

သည်အကြောင်းကို ငယ်ရွယ်သူ မင်းသားမသိရိုးအမှန်ပင်။ အရွယ်ရောက်သော် ခမည်းတော်၊ မယ်တော်က ပြန်လည်ပြောပြ၍ ဘုရားရှင်၏ ကျေးဇူးကိုသိရသည်။ ဟတ္တင္ဝကမင်းသားက အာဠဝီပြည့်ရှင်က မွေးသည်ဆိုသော်လည်း ဘုရားပေးသော အသက်သာရှိသည်။ ဘုရားရှင်ကို ဘီလူးမှ ပေးကတည်းက မင်းသားသည် ဘုရားရှင်၏ မွေးစားသားဖြစ်ခဲ့လေသည်။

* *

ဟတ္ထကမင်းသားသည် လူမှန်းသိတတ်သည့် အရွယ်ကတည်းက ဘုရားရှင်ထံ ဆည်းကပ်ခဲ့သည်။ ကျေးဇူးရှင်ဟူသောအသိနှင့် အားကိုးလိုစိတ် ဖြစ်သည်။ နီးနီးကပ်ကပ် ဆက်ဆံသောအခါ ဘုရားသခင်၏ မေတ္တာတော်ကြီးမားမှုကိုလည်း မြင်လာလေသည်။ သားတော်ရင်းရာဟုလာနှင့်မခြား ကရုဏာတော် ထားသည်ကိုလည်း သိသည်။ မေတ္တာရိပ် ခိုလှုံခြင်းလည်းဖြစ်သည်။

ဘုရားရှင်ထံသာမက သီတင်းသုံးဖော် ရဟန်းတော်များထံလည်း ချဉ်းကပ်သည်။ ဘုရားသားတော်များသည် ဘုရားရှင်နှင့်မခြား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားရှိသည်ကို နားလည်ထား၍ ယုံကြည်ကိုးစားမှုလည်းရှိသည်။ မင်းသားသည် ငယ်ရွယ်စဉ်ကပင် ရတနာနှစ်ပါးနှင့် ရင်းနှီးစွာ ဆည်းကပ်ခွင့် ရခဲ့ပေသည်။

ကျွန်ုပ်တို့၏ အရှင်သခင် ဟတ္ထကမင်းသားသည် ရတနာနှစ်ပါးနှင့် ရင်းရင်းနှီးနှီး ရှိခဲ့သော်လည်း တရားရတနာနှင့်မူ ခပ်စိမ်းစိမ်းသာရှိသည်။ ဤသည်လည်း အဆိုးမဆိုသာ။ အာဠဝီမင်း၏ ရင်သွေးတော် သကျမင်းတစ်ယောက်အဖို့ ခံစားခွင့်ရသော လောကီစည်းစိမ်များက တွယ်မက်စရာပင်။ ရွှေနန်းစည်းစိမ်ကလည်း စွန့်ပစ်ရခက်ချေမည်။ မင်းပျိုမင်းလွင်တို့အဖို့ ကာမဂုဏ်၊ ရမက်ဇောကို တွယ်တာမက်မောနေပေလိမ့်မည်။ တောင့်တကြောင့်ကြဖွယ် အလျဉ်းမရှိသော လောကီအရသာကို တရှိုက်ရှိုက်မက်မက် ခံစားချင်ပေလိမ့်မည်။

သို့သော် လောကီအာရုံ ကာမဂုဏ်ဇောတွင် နစ်မျောနေသော ဟတ္ထကမင်းသား တွယ်တာနေသော စည်းစိမ်များသည် အမှန်စင်စစ် မက်မောဖွယ်မဟုတ်။ ကိလေသာအမှောင်သည် ခန္ဓာရုပ်ကို သံသရာမှ နစ်မြုပ်စေသော အကြောင်းတရားဖြစ်ကြောင်း နားလည်သွားခဲ့သည်။

ဤသည်မှာ ဘုရားရှင်၏ တရားပြမှုကြောင့်သာဖြစ်သည်။

* * *

ထိုစဉ်က ဘုရားရှင်သည် ယင်းတိုက်တောတွင် သီတင်း သုံးနေစဉ်၌ ဖြစ်၏။

တပို့တွဲ၊ တပေါင်းကာလရာသီရှူး အချိန်အခါသမယတွင် ဘုရားရှင်သည် ဤတောတွင် လာရောက်သီတင်းသုံးခဲ့သည်။ နှင်းတွေကလည်း ထူထူကျနေသည်။ ရိုးတံကျဲကျဲ ယင်းတိုက်ပင်တို့သည် လုံလောက်သော အရိပ်အာဝါသမဖြစ်။ သဘာဝအန္တရာယ်ကို ကာကွယ်မပေးနိုင်။ တစ်ဖန် မိုးကာလပေါ်ပေါက်ခဲ့သော နွားခွာရာများသည် ယခုအချိန်တွင် ခြေချလို့မရအောင် ကြမ်းတမ်းခက်ထန်နေသည်။

ထိုသို့သော မြေသလင်းပြင်တွင် မြက်အခင်းကို ပလ္လင်သဖွယ်ပြုလုပ်၍ ဘုရားသခင် သီတင်းသုံး

သည်။ ဝတ်ရုံထားသော သင်္ကန်းကလည်းပါးလွှာလှသည်။ သာမန်ပုဂ္ဂိုလ်သာဆိုလျှင် အရပ်လေးမျက်နှာက တိုက်ခတ်ပုတ်ခတ်နှိပ်စက်သော လေစိမ်းဒဏ်ကိုပင် ခံနိုင်ဖွယ်မရှိ။ ထိုနေရာမျိုးတွင် တစ်ညဥ့်ပတ်လုံး တရားကို နှလုံးသွင်းနေနိုင်သော ဘုရားရှင်ကို ဟတ္ထက အံ့ဩသွားသည်။

"အရှင်မြတ်ဘုရား. . . ညတုန်းက ချမ်းသာစွာအိပ်စက်ပါ ရပါ၏လော. . . "

ဟတ္ထကမင်းသားက စာနာစိတ်ဖြင့် မေးလျှောက်သည်။ မေးရင်းအကြောင်းကိုသိသော ဘုရားရှင်က အလိုက်သင့်ဖြေလိုက်၏။

"မင်းသား. . . ချမ်းသာစွာ ကျိန်းရပါသည်။ ဤကမ္ဘာလောက၌ ချမ်းသာစွာအိပ်ရသော ပုဂ္ဂိုလ်များတွင် ငါဘုရားအပါအဝင်ဖြစ်ပေသည်"

အံ့ဩစိတ်ဖြင့် မေးမြန်းလေရာ အဖြေတော်ကိုကြားရမှ ပိုအံ့ဩသွားရပြန်သည်။ မှန်သောစကားကို ဆိုလေ့၊ ဆုံးမလေ့ရှိသော မြတ်ဘုရားက လီဆယ်လုပ်ကြံပြောသည် မဟုတ်မှန်းသိပါသည်။ သို့သော် ယုံရခက်သော အနေအထားဖြစ်သည်။

"မှန်ပါ. . . အရှင်ဘုရား။ ရာသီဥတုကလဲ အေးလွန်းလှပါဘိ။ အရှင်ဘုရား အမှီပြုနေသော သစ်ပင်တို့အရိပ်ကလည်း ကျဲလွန်းလှပါ၏။ ထို့ပြင်တစ်ဝ လွှမ်းခြုံထားသော သင်္ကန်းမှာလည်း ပါးလွန်းလှပါ၏။ ဤအနေအထားနှင့် ချမ်းသာစွာ ကျိန်းစက်ရကြောင်း မိန့်တော်မူစကားမှာ အသိရခက်ပါသည် ဘုရား"

စည်းစိမ်ခံစားမှုမဖက်၊ ငြိမ်းအေးမှုသက်သက် ချမ်းသာခြင်းကို နားမလည်သေးသော မင်းသားက ပကတိရိုးသားစွာ ဝန်ခံလျှောက်ထားလိုက်သည်။ မှန်ရာကို ဝန်ခံရလျှင် ဘုရားရှင်စကားကို မင်းသားသာမက ကျွန်ုပ်တို့လည်း နားမလည်ပါချေ။

"ကောင်းပြီ. . . မင်းသား။ အသိရခက်လျှင် သင့်ကို ပြန်မေးပါဦးမည်။ ဤအမေးကို သင်ကြိုက်သလိုသာ ဖြေပါ"

"မှန်ပါ့ ဘုရား. . .

"ဤလောက၌ သူဌေးသူကြွယ်တို့သည် နေစရာအိမ်ရှိသည်။ ခုလိုဆောင်းတွင်းမှာ လေစိမ်းမဝင်နိုင်အောင် တံခါးတွေ လုံခြုံစွာပိတ်ထားသည်။ ထိုအိမ်ထဲ၌ ထည်ဝါခမ်းနားသော ခုတင်၊ အိစက်ညက်ညောသော ကော်ဇောမွေ့ရာ၊ စောင်၊ ခြင်ထောင်နှင့်တကွ ခေါင်းအုံးများ ပြင်ဆင်ထားသည်။ ထို့ပြင်မှမက အခန်းတစ်ခု လုံးနွေးထွေးစေရန် ဆီမီးတိုင်များ ထွန်းညှိထားသည်။ ထိုအခန်းထဲရှိ ခုတင်ထက်တွင် မယားလေးယောက်က စိတ်တိုင်းကျ ပြုစုလုပ်ကျွေး၏။ ထိုစည်းစိမ်ရှင်သည် ချမ်းသာစွာ အိပ်ရသလား၊ မအိပ်ရဘူးလား အသင်မင်းသား. . . "

"အရှင်ဘုရား. . . ထိုစည်းစိမ်ရှင်ဟာ ချမ်းသာစွာအိပ်ရပါမည်။ လောက၌ ချမ်းသာစွာ

အိပ်ရသူထဲ သူလဲ အပါအဝင်ဖြစ်ပါလိမ့်မည်"

ဘုရားရှင်က မေးလေသော မေးခွန်းသည် မင်းသားဘဝကို ထင်ဟပ်မေးလိုက်သည့်နှယ်ပင်။ အကျွမ်းတဝင်ရှိသော အကြောင်းအရာဖြစ်၍ တုံ့ဆိုင်းမနေဘဲ ခပ်သွက်သွက် ဖြေလိုက်သည်။

"ကောင်းပြီ. . . မင်းသား ထိုစည်းစိမ်ရှင်ဟာ ရာဂကြောင့် ဒါမှမဟုတ် ဒေါသ၊ မောဟတရားကြောင့် ကိုယ်ရောစိတ်ပါ အပူမီးတွေ တောက်လောင်နေပြီးအဲ့။ အဆိုပါ ပုဂ္ဂိုလ်ဟာ ချမ်းသာမှု ရှိပါ့မလား"

သည်အမေးကို မင်းသား မျှော်လင့်မထား။ တွေးလည်းမကြည့်မိ။ ရံဖန်ရံခါ ဒေါသဖြစ်ချိန်တွင် ဆောက်တည်ရာမရ ဖြစ်ဖူးသည်။ ရာဂစိတ်မွှန်လျှင် အနေရခက်၊ အထိုင်ရခက်ဖူးသည်။ ထို ကာလတွင် ချမ်းသာခြင်းတရားက ဘယ်ရောက်သွားသည်မသိ။ ဆင်းရဲမှုဝေဒနာဆိုးတွေ အခံရခက်အောင် ထိုးနှက်ခံစားရဖူးသည်။ ရာဂ၊ ဒေါသ၊ မောဟမီးသာ လောင်မြိုက်မခံရလျှင် စည်းစိမ်အရသာတို့သည် ပျောက်ကွယ်တတ်စမြဲပင်။

"မှန်ပါ ဘုရား။ ထိုသူမျိုးဟာ ချမ်းသာစွာအိပ်ရမည် မဟုတ်ပါ"

"မင်းသား. . ရာဂ၊ ဒေါသ၊ မောဟစသော ကိလေသာတရားကို ငါဘုရား၏ စိတ်သန္တာန်က အပြီးတိုင် ဖယ်ထားပြီး ဖြစ်တယ်။ အရင်းအမြစ်က ဖြတ်တောက်ထားပြီးလဲ ဖြစ်တယ်။ အစအနတောင် ကြွင်းကျန်မနေတော့သော ငါဘုရားအဖို့ အနှောင့် အယှက်ရှိစရာ ဘာမှမရှိ။ ဒါကြောင့် ညက ချမ်းသာစွာ ကျိန်းစက် ရပေတယ်"

ဟတ္ထကမင်းသားသည် ဘုရားရှင်၏ တရားတော်ကို အဖန်တလဲလဲ ဆင်ခြင်သုံးသပ်နေဟန်ဖြင့် ဆိတ်ငြိမ်နေသည်။ လောကီစည်းစိမ်ထက် အဆမြောက်မြားစွာသာသော လောကုတ္တရာစည်းစိမ်ကြီး ညွှန်ပြသည်ကို ဆင်ခြင်ကြည့်သည်။

လောကီချမ်းသာဟု မှတ်ယူထားသမျှသည် ခံစားမှုအခြေ အနေအရ သုခ၊ ဒုက္ခ၊ ဥပေက္ခာဟု သုံးမျိုးရှိသည်။ ဒုက္ခဝေဒနာကို ခံစားနေရစဉ်ကပင် ဆင်းရဲကြောင်း ထင်ရှား၏။ သိ၏။ သုခဝေဒနာကိုချမ်းသာမှုဟု နားလည်ကြသည်။ သို့သော် ထိုချမ်းသာခြင်းက သူ့ချည်းသက်သက်လာသည်မဟုတ်။ ခံစားနေရစဉ် ထိုဝေဒနာလေး ချုပ်ပျောက်သွားမှာ စိုးရိမ်သော ဒုက္ခဝေဒနာ တွဲ၍လိုက်ပါလာသည်။ ထိုဥပေက္ခာဝေဒနာမှာမူ သိနိုင်ခဲ၏။ သိနိုင်စွမ်းရှိသူတို့သည် ထိုဝေဒနာသည်ပင် ဒုက္ခဟုနားလည်ကြသည်။

မင်းသားသည် လောကီသား မင်းပျိုမင်းလွင်ပီပီ ထိုစည်း စိမ်ကို မက်မောခဲ့သည်။ အားကျခဲ့သည်။ သို့သော် ဘုရားရှင်၏ ဒေသနာကို ကြားနာအပြီးတွင် စိတ်ဓာတ်များက အပြောင်းလဲကြီး ပြောင်းလဲသွားတော့သည်။ ပူလောင်မှု မကင်းသော လောကီစည်းစိမ်အပေါ် တွယ်တာမှုမရှိတော့။ လောကုတ္တရာစည်းစိမ်ဖြစ်သော သုံးမဂ်၊ သုံးဖိုလ်သို့ ချဉ်းကပ်သွားသည်။ မိမိကိုယ်ကို ဘုရင်မွေးသည့် မင်းသွေးဟု

သဘောမထား။ ဘုရားသားတော်ဉပသကာအဖြစ် လုံးလုံးခံယူလိုက်၏။ လောကီစည်းစိမ်မှန်သမျှ တယ်တာမှု မရှိ။ ပေးကမ်းစွန့်ကြဲခြင်းဖြင့် ကောင်းမှုကုသိုလ်ပြုလေတော့သည်။

"ငါဘုရား၏ တပည့်ဒါယကာတို့တွင် စိတ္တသူကြွယ်၊ အာဠဝီတိုင်းက ဟတ္ထကမင်းသားတို့သည် စံပြဒါယကာများဖြစ်ကြကုန်သည်" ဟူသော ထုတ်ဖော်စကားချီးမွမ်းလျက် သဒ္ဓါအရာ ဧတဒဂ်ပေးသည်မှာ လွန်အံ့မထင်။ ကိုယ့်အရှင် ကိုယ့်သခင်မို့ ချီးမွမ်း ဂုဏ် ဖော်လိုသည်မဟုတ်။ "သဒ္ဓါစံပြ ဟတ္ထက" ဟုသာ ဆိုလိုချင်ပါသည်။ ။

**ကျမ်းကိုး**

**ဝဏ္ဏသီရိ၏ ညီတော်အာနန္ဒ၏ တစ်သက်တာမှတ်တမ်းကို မှီးပါသည်။**


ကေသငှက

# ကောသာဠုက

ကျုပ်တို့ မဇ္ဈိမဒေသသားတွေဟာ နာမည်ပေး သိပ်တော်သဗျ။ လူတစ်ယောက်ယောက်ကိုများ နာမည်ရွေးပေးလိုက်ရင် အဲဒီလူနဲ့ လိုက်ဖက်ပဲ့။ အဲဒီလူရဲ့ ရုပ်နဲ့အကျင့်ကို ဖွင့်မေးစရာမလိုဘူး။ ဒက်ခနဲ သိသာတယ်။

ကြည့်လေ. . . ။

ပသေနဒီမင်းကြီးရဲ့ ပုရောဟိတ် ဘဂ္ဂဝနဲ့ မန္တာဏီပုဏ္ဏေးမကြီးရဲ့သား အဟိံသက။ သူ့မွေးတော့ မြို့တော်တစ်ခုလုံးရှိ လက်နက်တိုက်ထဲမှ ဓား၊ လှံ၊ လက်နက်တွေ အရောင်တလက်လက်ထသတဲ့။ လူတွေက မထိမတို့ရဘူးနော်. . . ။ သူ့အလိုလို ခုန်ပျံနေဆိုပဲ။ ပိုထူးခြားတာက မင်းကြီးရဲ့သံလျက်က အရောင်တလက်လက်ထွက်သတဲ့။ ထူးခြားတဲ့နိမိတ်နဲ့ မွေးလာတဲ့ ကလေးကို ဖခင် ပုရောဟိတ်ကြီး ကိုယ်တိုင်တွက်ချက်ကြည့်တော့ ကြီးရင် သူခိုးဓားပြဖြစ်မှာ မြင်တယ်။ နောင်မှ အမှန်လည်းဖြစ်သဗျာ. . . ။ ကိုင်း နာမည်ပေးတာကြည့်. . . ။ အဟိံသက၊ ကြီးတော့ ဓားပြဖြစ်၊ လူတွေသတ်၊ လက်ချောင်းတွေယူ လည်မှာပန်းကုံးတွေလို သီဆွဲထားတယ်။ ဟော. . . မဇ္ဈိမသားတွေ ထက်မြက်ပုံကြည့်။ အဟိံသက ဖျောက်ပြီး အင်္ဂုလိမာလလို့ အမည်တပ်လိုက်ပြန်ရော. . . ။ တော်သဗျာ။

ကဲ. . . ကြည့်ဦး. . . ။

သူဌေးကြီး အနာထပိဏ်ကို သူ့နာမည်ရင်းက သုဒတ္တတဲ့။ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် ချမ်းသာတဲ့သဌေးမျိုး၊ ဘုရားရှင်ကို ကြည်ညိုလွန်းလို့ ၅၄ ကုဋေတန် ဇေတဝန်ကျောင်းကြီး ဆောက် လုပ်လှူသူ။ သဒ္ဓါတရားထက်သန်မှုမှာ နာမည်ကျော်။ ဘယ်လောက်ထိ သဒ္ဓါစိတ်ရှိသလဲဆိုရင်

ဇော်မွတ်ဆင်းရဲသူ ဖုန်းတောင်ယာစကာတွေကို ထမင်းမပြတ် မညိုးငယ်ရအောင် စွန့်ကြဲပေးကမ်းလေ့ရှိတယ်။ သူဌေးနဲ့တွေ့လို့ အလှူခံတာဆိုရင် မရဆိုတာ မရှိစေရဘူး။ ကိုင်း. . . သုဒတ္တကို အနာထပိဏ်လို့ ခေါ်တာ မသင့်လား။

ရှိသေးသဗျ. . . ။

ရာဇဂြိုဟ်အနီး သက္ကာရနိဂုံးက ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးကြီးကောသိယ၊ ဒီပုဂ္ဂိုလ်က ချမ်းတော့ချမ်းသာတယ်။ သို့ပေမယ့် လှူချင်တန်းချင်စိတ်လည်း မရှိဘူး။ အိုဗျာ. . . သားမယား ထားတော့ ကိုယ့်ဝမ်းတောင် ကိုယ်မသဒ္ဓါတဲ့လူဗျ။ နှမြောတွန့်တိုတဲ့သူကို မစ္ဆရိယတဲ့။ အဟဲ. . . ဟဲ . . . နာမည်ပေးတာ တော်သဗျနော့။

မဇ္ဈိမဒေသသားတွေ နာမည်ပေးတာကတော့ ကျုပ်တောင် မချန်ဘူး။ သူတို့ပေးတဲ့ နာမည်က ကျုပ်ဘဝနဲ့ စပ်ဟပ်နေတော့ မချိသွားဖြဲ တဟဲဟဲရယ်ရင်း ငြိမ်နေရတယ်လေ။

မှန်တယ်လေ. . . ကျုပ်တို့လင်မယားကလည်း ဆင်းရဲသကိုး။ သာဝတ္ထိလို အလှူအတန်းပေါတဲ့ အရပ်မှာ ထမင်းတစ်လုတ်မတော်ပေမယ့် အဝတ်အစားတော့ အခက်အခဲရှိသဗျ။ အနာ ထပိဏ်သူဌေးဆီမှာ လက်ဖြန့်တောင်းရင်တော့ရမှာပါ။ ဒါပေမယ့် မတော်ဘူးလေ။ ဇော်မသေအောင် အာဟာရဖြည့်ဆည်းပေးနေတာပဲ ဟုတ်လှပြီ။ ပုဆိုးအကျႌကလေး မစပါဦးလို့ပြောရင် သဒ္ဓါလွန်း ဆွမ်းတော်တော်ရပ်ဆိုသလို ဖြစ်မှာပေါ့။ ဒီတော့ ကိုယ့်ရှိတာနဲ့ဖြစ်သလို နေလိုက်တယ်. . . ။

ပြောရမှာ မရှက်ပါဘူး။ လူတစ်ယောက် အရှက်လုံရုံ ပုဆိုးတစ်ထည်တော့ ရှိပါရဲ့။ ကျုပ်အဘွားကြီးမှာလည်း လုံချည်ကွင်းတစ်ထည်ပဲရှိတယ်။ အင်း. . . ဒါလေးရှိလို့ တော်သေးသပ။ နို့မို့ဆိုရင်. . . အဟီး. . . ။

အင်း. . . ပုဆိုးရှိတော့ အကျႌကတော့ သူရောကျုပ်ရော ဗလာနတ္ထိ။ ဘာမှ မရှိဘူးဗျ။ ယောက်ျားသားကတော့ ဘာအရေးလဲ။ ကျောပြောင် ပမ်းပက်လက်နေလည်း ခပ်တည်တည်ပေါ့။ အဘွားကြီးအတွက် သိုသိပ်ထားတဲ့ အပေါ်ရုံတစ်ထည် တင်ပေးထားရတယ်။ ကြွားတာတော့ မဟုတ်ဘူးနော်. . . ။ လင်ကိုယ်မယား ဒီတစ်ထည်တည်းရှိတာ။ တစ်ထည်တည်းရှိတဲ့ ဒီခြုံလွှာက သူနဲ့ကျုပ် ဘုံပိုင်တယ်။ ဒါကို သိတဲ့ မဇ္ဈိမသားတွေက ကျုပ်ကိုခေါ်တာ ဘာတဲ့ **ဧကသာဋက. . . ဟုတ်တယ်. . . ဧကသာဋက။**

ကျုပ်နာမည် **ဧကသာဋက**တဲ့ဗျ. . . နော်။

* * *

"ဒီမယ်. . ရှင်မ။ ခင်ဗျားနဲ့ ကျုပ်နဲ့ တစ်ခုလောက်ညှိရအောင်"

တစ်နေ့သော နံနက်ခင်းမှာ ခြုံလွှာကလေးကို ပေါက်ဆပ်ပြာနဲ့ လျှော်ဖွပ်နေတဲ့ ပုဏ္ဏေးမကြီးကို

ကျုပ်စကားစလိုက်တယ်။ ကိုယ်ကအတွေးရှိသူဖြစ်ပေမယ့် အကြောင်းမသိတဲ့ ပုဏ္ဏေးမကြီးက ဘာများလဲ. . . ဆိုတဲ့အကြည့်နဲ့ ပြန်လှည့်ကြည့်လာတယ်။

"ဇေတဝန်ကျောင်းတော်မှာ ဘုရားရှင် တရားချီးမြှင့်နေတာ ရှင်မ သိသနော်. . ."

"အင်း. . . သိသားပဲ"

"ကျုပ်တို့ သာဝတ္ထိပြည်သားတွေ နေ့စဉ်တရားသွားနာနေတာလဲ ရှင်မ မြင်တယ်မဟုတ်လား"

"ဘာလဲ ကျုပ်အိုလို့ မျက်လုံးတွေ မွဲတယ်ထင်လို့လား . . . အပ်ပေါက်ကို ချည်ထိုးနိုင်သေးတယ်။ တော့်လူတွေ တရုန်းရုန်းသွားနေတာ မမြင်ဘဲရှိပ့ါမလား"

"အဟဲ. . . ဟဲ. . . အင်းပါကွာ။ မင်းမျက်လုံးစွမ်းအားကောင်းတာ ကျုပ်သိပါတယ်။ သတိမထားမိဘူးလားလို့ မေးတာပါ။ သတိမမူတော့ ဂူတောင်မမြင်နိုင်ဘူးလေ"

"အပြောကောင်း. . ."

ကျုပ်ပြောတာက သူမမြင်ဘူးထင်လို့ မဟုတ်ပါဘူး။ ကျုပ် ပြောမယ့်စကားကို အလေးအနက်ထားစေချင်လို့ မေးတာ။ ဒါကို တစ်မျိုးအတွေးပေါက်တဲ့ အဘွားကြီးက ဘုတွန်းရော။ အဟင်း. . . အဘွားကြီးက ငယ်စိတ်မကုန်သေးဘူးဗျ။ ဆတ်ဆတ်ကြဲမှ တကယ့်ဆတ်ဆတ်ကြဲ။

ဆယ်ပြာတိုက်ထားတဲ့ ခြံလွှာကို ဆတ်ဆတ်. . . ဆတ်ဆတ်နဲ့ လျှော်ရာကရပ်ပြီး ကျုပ်ကို ပြန်ကြည့်တယ်။

"ဘာလဲ. . . ဘုရားကျောင်းသွားချင်တယ် ဆိုပါတော့"

"အင်း. . . အဲ. . . ဒါပေမယ့်"

"ဘာ. . . ဒါပေမယ့်လဲ. . . ကျောင်းသွားဖို့အခက်အခဲကို စဉ်းစားတာလား. . ."

"ဟုတ်တယ်. . . ဟုတ်တယ်"

"တော်. . . . တွေးတာက ခြံလွှာတစ်ထည်တည်း ရှိလို့မို့လား"

"အေး. . . ဟုတ်တယ်ကွ" လို့ပြောလိုက်ဖို့ ကျုပ်နှုတ်တွန့်နေမိတယ်။ ကျုပ်မပြောပေမယ့် ကျုပ်မျက်လုံးက ဒီအဓိပ္ပာယ်တွေရှိနေတာ အဘွားကြီး ရိပ်မိနေပုံပါပဲ။

"တရားနာသွားချင်တာ. . . သွားပေါ့တော်။ အရင်တုန်းက တော်အပြင်သွားရင် ကျုပ်နေခဲ့ရတယ်။ ခုလဲ တော်သွားရင် ကျုပ်နေခဲ့မှာပေါ့"

အဘွားကြီးရဲ့ အလိုက်သိစကားကြောင့် ကျုပ်ရင်ထဲ နင့်ခနဲ ခံစားသွားရတယ်။

"ဘယ်ဟုတ်ပ့ါမလဲကွာ။ ကျုပ်တရားနာချင်သလို ရှင်မလဲ နာချင်မှာပေါ့။ ကျုပ်က အခွင့်ထူးယူ။ တစ်ကိုယ်ကောင်းစိတ်မွေး အပိုင်စီးလို့ ဖြစ်မလား"

"ဘယ်တတ်နိုင်မလဲတော်။ ခြံလွှာက ဒီတစ်ထည်တည်း ရှိတာကိုး။ လူကြားထဲသွားရင် ဒါလေး

ခြုံသွားမှ တင့်တယ်မပေါ့။ အင်း. . . ကံရှိလို့ ခြုံလွှာနှစ်ထည်ရှိရင်တော့ ကျုပ်ရော တော်ရော အတူတူ သွားကြတာပေါ့. . . ”

ပုဏ္ဏားမကြီးရဲ့ မချိတင်ကဲ ပြောစကားကြောင့် ကျုပ်ခံစားသွားရပြန်တယ်။ မရှိအတူ၊ ရှိအတူ ပူပင်သောကကို ဝေမျှခံစားလာကြတဲ့ဘဝမို့ တရားနာရင်လည်း အတူတူနာချင်မိတယ်။ မဖြစ်မနေ သွားရင်တော့ရပါတယ်။ ခြုံလွှာကို အဘွားကြီးပေးခြုံ။ ကျုပ်က ကိုယ်လုံးတီး။ ဒီလိုလာရင်လည်း ဘုရားရှင်ကတော့ ပိတ်ပင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ရာသီဥတုကို ကြည့်ရသေးတယ်။ ညကျရင် အအေးဓာတ်က နှိပ်စက်နေလေတော့ တရားနာရင်း ငုတ်တုတ်သေသွားနိုင်တယ်။

အကြံထုတ်စဉ်းစားလိုက်မှ ခေါင်းထဲ အသိဉာဏ်တစ်ခုပြေးဝင်လာသည်။

“ဟုတ်ပြီဟေ့. . . ဒီလိုလုပ်ရအောင် ရှင်မ”

“ဘယ်လိုလဲ. . . ”

‘တရားပွဲက နေ့ရောညရော ရှိတယ်မဟုတ်လား”

“ဟုတ်တယ်လေ”

“အဲဒါ တို့အတွက်ဟန်ကျတာပဲ။ အတူတူနာခွင့် မရပေမယ့် အရေးကြီးတာက တရားနာဖို့ပဲ မဟုတ်လား”

“အင်းလေ. . . ”

“အဲဒီတော့ ရှင်မနဲ့ ကျုပ်ဇယားချမယ်။ တစ်ယောက်က နေ့သွားရင် တစ်ယောက်ကညသွား။ သွားတဲ့လူက ခြုံလွှာယူ။ မကောင်းဘူးလား. . . ”

“ဒါလဲ ကောင်းတာပဲ”

“ကောင်းတယ်ဆိုရင် မင်းက နေ့သွားမလား၊ ညသွားမလား”

အဘွားကြီးက ကျုပ်အမေးကို ချက်ချင်းအဖြေမပေးသေးဘဲ ခြုံလွှာကို ရေညှစ်လွှမ်းနေတယ်။

သူတွေးနေပုံပါ။ ဘာပဲဖြစ်ဖြစ်လေ ဒီနေရာမှာ အဘွားကြီးကို ဦးစားပေးရမယ်လို့ ကျုပ်စဉ်းစား ထားပါတယ်။

“အဲဒီလိုဆိုရင် ကျုပ်နေ့ခင်းဘက်သွားမယ်။ မိန်းမသားအနေနဲ့ ညရေးညတာသွားလို့ မကောင်း ဘူးလေ. . . ”

“ဒါဆို ကျုပ်က ညပိုင်းပေါ့”

“အင်းပေါ့. . . ”

“စိန်လိုက် ခင်ဗျားလျှော်ဖွပ်ထားတဲ့ခြုံလွှာကို ယူပြီး ဒီနေ့ညကစ တရားနာသွားမယ်ဗျို့”

* * *

ဘာပဲဖြစ်ဖြစ် ကျုပ်အဖို့ ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခုပဲ။

စဉ်းစားလေ။ ဒုလ္လဘတရားငါးပါးရှိတယ်။ လူ့အဖြစ်ကို ရခဲတယ်။ ရလာပြန်တော့ သာသနာတွင်းနဲ့ ကြုံရခဲတယ်။ ကြုံရပြန်တော့ စစ်မှန်တဲ့ တရားနာရခဲတယ်။ နာရပေမယ့် အမြင်မှန် အသိမှန် ရနိုင်ခဲတယ်။ ဟုတ်တယ်နော်. . . အင်း အခက်ခဲဆုံးက ဘုရားစစ်စစ်နဲ့ ဆုံတွေ့ဖို့ပဲ။

ဟော. . . ကျုပ်က ဒီအခွင့်အရေးတွေကြုံလာပြီ။ လူဖြစ်လာပြီနော်. . . ။ ဖြစ်လာရတာကလည်း မဇ္ဈိမဒေသမှာ. . . ။ ဗုဒ္ဓရှင်တော်မြတ်နဲ့လည်း ကြုံနေရပြီ။ လူတွေတရားနာရပြီး တစ်ဆင့်ပြန်ဟောလို့ ဓမ္မကိုနာရတယ်။ ဒီလိုနာရကတည်းက စစ်မှန်တဲ့ဓမ္မဆိုတာ ကျုပ်ရင်ထဲမှာ သိနေသလိုပဲ။ တကယ်သိနေတာတော့ မဟုတ်ဘူးဗျ။

တိတိပပသိနိုင်အောင် ဘုရားရှင်ရဲ့တရားနာဖို့ ကြိုးစားခဲ့တာ ခုတော့ အဟောဝတ ပြည့်စုံပြီဗျနော်။

ကျုပ်ဝမ်းသာလွန်းလို့ ရင်ထဲမှာ လှုပ်လှုပ်. . . လှုပ်လှုပ်ကို ဖြစ်နေတယ်။

ခြုံလွှာကလေး ပခုံးထက် အကျအနတင်ပြီး ကျောင်းတော်ဆီ လှမ်းခဲ့တယ်။

တရားပွဲရောက်တော့ ဘုရားရှင်တောင် တရားပလ္လင်ပေါ် ရောက်နေပြီ။ ကျုပ်လည်း သင့်ရာမှာ ဝင်ထိုင်ပြီး ဦးချကန်တော့ လိုက်ပါတယ်။

တရားခွင်ကို ရောက်နေတဲ့ကျုပ်ဟာ ဘုရားရှင်ရဲ့တရားကို တစ်လုံးမကျန် မှတ်မိနေတယ်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာ အကြောင်းကို အသေးစိတ်ရှင်းပြတာကို ဉာဏ်မီသလောက် မှတ်ပါတယ်။ ဇာတိကြောင့်ဖြစ်လာတဲ့ ရုပ်နာမ်ခန္ဓာဟာ ဇရာ၊ ဗျာဓိ၊ မရဏာတရားကို မလွဲမသွေ ရင်ဆိုင်ရမယ်။ ဒီဘေးတွေက လွတ်နိုင်စရာအရပ် မရှိဘူး။ ဒီခန္ဓာရှိလာရင် ဒုက္ခနောက်က ကပ်ပါလာတယ်။ ကာယိကဒုက္ခနဲ့ မာနသိကဒုက္ခ ဖိစီးနေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုငြိမ်း ချမ်းတဲ့ အရပ်နေနေ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ မရှိနိုင်ဘူးတဲ့။

ဘုရားရှင်ရဲ့ အဆုံးအမကို ကျုပ်သေချာပြန်စဉ်းစားတယ်။ မှန်လိုက်တဲ့ တရားတော်ဗျာ. . . ။

ဇာတိရှိရင် ဇရာဖြစ်မယ်တဲ့ အမှန်ပဲ။ ကျုပ်လက်တွေပဲလေ . . . တရွေ့ရွေ့ကြီးလာလိုက်တာ ခုဆို အိုနေပြီ။ ရွတ်တွနေပြီ။ ခါးကိုင်းနားထိုင်း မဖြစ်သေးတာကလွဲရင် သိသိသာသာ ပြောင်းလဲနေပြီပေါ့။

ဒါဆို နောက်ဆက်လာမယ့် ဗျာဓိတို့ မရဏာတို့ကော မကြုံနိုင်ဘူးလား။ ကြုံရမှာပေါ့။ ကျုပ်နဲ့ ရွယ်တူတန်းတူတွေဆို သေကုန်ပြီ။ တချို့ ငယ်ငယ်ရွယ်ရွယ်နဲ့သေတယ်။ ကျုပ်မျက်စိအောက်မှာ သေကုန်တဲ့လူတွေနည်းသလား. . . ။ တစ်နေ့တစ်ယောက် သေတယ်ထား။ တစ်လသုံးဆယ်။ တစ်နှစ်သုံးရာ့ခြောက်ဆယ်။ ကျုပ်အသက်နဲ့တွက်ရင်. . . အလိုလေးလေး . . . သေတဲ့သူတွေ များလှပြီပဲ။

ဟော. . . ဘုရားရှင်ကဟောပြန်တယ်။ ဒီနေ့လူတွေ ဖြစ်လာဖို့ အကြောင်းဟာ တဏှာကြောင့်တဲ့။ ဒုက္ခချုပ်ငြိမ်းချင်ရင် တဏှာကိုဖြတ်တဲ့အကြောင်းရင်း ပျက်ရင်အကျိုးလည်း ပျက်စီးမယ်တဲ့။ ဒါလည်း မှန်မှာပဲ။ ဒီတရားသဘောအထိတော့ ကျုပ် ဉာဏ်က လိုက်မမီဘူး။ လိုက်မမီပေမယ့် ဘုရားရှင်မိန့်မြွက်တာ မှန်တယ်လို့ ကျုပ်အကြွင်းမဲ့ယုံတယ်။

ဟောသမျှထဲမှာ ကျုပ်မှတ်မိနေတဲ့ တရားစုရှိတယ်။

"ငြိမ်းချမ်းမှုအမှန် နိဗ္ဗာန်ရဲ့အခြေခံဟာ ရာဂကင်းကွာမှု၊ ရာဂကင်းကွာမှုရဲ့ အခြေခံဟာ ကောင်းတဲ့အသိဉာဏ်၊ ကောင်းတဲ့ အသိဉာဏ်ရဲ့ အခြေခံဟာ သမာဓိ၊ သမာဓိရဲ့ အခြေခံဟာ ကာယိကသုခနဲ့ မာနသိကသုခ၊ အဲဒါရဲ့ အခြေခံဟာ ပီတိ၊ ပီတိရဲ့အခြေခံ ဟာ စိတ်ရွှင်လန်းမှု၊ စိတ်ရွှင်လန်းမှုရဲ့ အခြေခံဟာ မကောင်းမှုကြောင့်ဖြစ်တဲ့ စိတ်ညစ်ညူးမှု၊ အဲဒါရဲ့ အခြေခံဟာ စင်ကြယ်တဲ့ အကျင့်သီလ၊ ဒါကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ သီလကိုအားထားကြ". . . တဲ့။

ကျုပ်ဟာ ဒီတရားစဉ်ကို ရှင်းရှင်းလင်းလင်း နားလည်လိုက်တယ်။ ဒါကြောင့် သဒ္ဓါစိတ်လျှံတက်လာပြီး ကျုပ်တို့ဇနီးမောင်နှံပိုင်ဆိုင်တဲ့ တစ်ထည်တည်းသောခြုံလွှာကို ကိုယ်က ဆွဲယူလိုက်မိပါတော့တယ်။

*　　　　*　　　　*

ကျုပ်စိတ်ထဲ လှူချင်စိတ်ဖြစ်မိတာ အမှန်ပါ။ ဒါကြောင့် လင်ကိုရော မယားနှစ်ယောက်မှ တစ်ထည်တည်းပိုင်တဲ့ ခြုံလွှာကို ဘုရားရှင်လှူဖို့ ကြံမိပါတယ်။

သို့ပေမယ့် ခြုံလွှာလေးကို ဒုက္ခခံလျှော်နေတဲ့ အဘွားကြီး ရုပ်သွင်ကို မြင်လာတယ်။

နေ့လယ်က ခြုံလွှာလေးကို ဒုက္ခခံလျှော်နေတာက အဘွားကြီး။ ကျုပ်က ဒီခြုံလွှာလေးလွှမ်းကာ သွားမယ်ဗျို့လို့ နှုတ်ဆက်လိုက်တော့ ပြုံးနေတဲ့ သူ့မျက်နှာ။

"သွားပါတော့. . . နောက်နေ့မနက်ကျရင် ကျုပ်အလှည့်ဆိုတာ မမေ့ပါနဲ့" ဟူသော သူ့စကား။ အားလုံးက တရိပ်ရိပ်ပေါ် လာတယ်။

"အင်း. . . ငါဟာ တော်တော် မတရားတာပဲ။ တရားနာဖို့ကျတော့လဲ ဦးစွာယူတယ်။ နှစ်ဦးပိုင်ပစ္စည်းကို လှူဖို့လဲ စိတ်ကူးတယ်။ ဒါလှူရင် အဘွားကြီးနောက်နေ့ ဘာနဲ့သွားမလဲ။ ငါကျတော့ တရားနာပြီး သူကျတော့ပျက်ရမယ်။ ငါဘယ်တရားမလဲ"

ကျုပ်ရဲ့ သဒ္ဓါစိတ်ဟာ မစ္ဆေရိယစိတ်ရဲ့ ထိုးနှက်ချက် ကြောင့် ဘုန်းဘုန်းလဲ ပြိုကျသွားခဲ့တယ်။ ဒါနဲ့ ခြုံလွှာလေးကို ပခုံးထက်ပြန်တင်ပြီး တရားဆက်နာလိုက်တယ်။

ဘုရားရှင်ဟာ မိုးသီးမိုးပေါက်တွေ အဆက်မပြတ်ရွာသွန်းသကဲ့သို့ တရားမေဃတွေ သွန်ချနေပါ

တယ်။

"ငါ. . . ငါလို့ စွဲနေတာတွေဖျောက်။ ငါ့ဟာ၊ ငါ့ပစ္စည်း လို့ စွဲနေတာကိုပယ်။ ရောဂါဘယဘေး အမျိုးမျိုးနှိပ်စက်တတ်တဲ့ ဒီခန္ဓာကိုယ်ကြီးဟာ သူ့အလိုအတိုင်း ဘာမှမဖြစ်ဘူး။ ကာမဂုဏ် အာရုံခံစားမှုဟာ တင်းတိမ်ရောင့်ရဲမှု ဘယ်ခါမှမဖြစ်ပေဘူး"

အင်း. . . မှန်တာပဲ။ ကာမဂုဏ်အာရုံခံစားမှုဟာ ဘယ်မှာ တင်းတိမ်ရောင့်ရဲမလဲ။ စည်းစိမ်ရှိတဲ့ သူတွေမပြောနဲ့ ခြုလွှာလေးတစ်ထည် တစ်ညတာပိုင်ဆိုင်မိတဲ့ ငါတောင်မှပဲ ငါ့ဟာလို့ စွဲမိသေးတယ်။ သေရင် ဒီပစ္စည်းကငါ့နောက်ပါပါ့မလား. . .။ ဘယ်မှာပါမလဲ။ မပါမယ့်ပစ္စည်းကို ငါက ဘာကြောင့် တွယ်မက်နေသလဲ။ အဘွားကြီးကြောင့်လို့ ဆင်ခြေပေးရမလား။ အဘွားကြီးလည်း ဒီတရားသာနာရရင် သူလည်း ဒီအစွဲမပျောက်နိုင်ဘူးလား. . . ပျောက်ရင် လှူချင်စိတ်ဖြစ်မလာဘူးလား. . . လှူမှာပဲ။ ဟုတ်တယ် လှူမယ်။

သည်အတွေးဝင်လာတာနဲ့ ကျုပ်ဟာခြုလွှာဆီ လက်ရောက်သွားတယ်။

တရားနာနေတဲ့ တစ်ချိန်လုံး ကျုပ်ဟာခြုလွှာကို ဆွဲတင်လိုက်၊ ဆွဲချလိုက်နဲ့ ချီတုံချတုံဖြစ်နေတယ်။ သဒ္ဓါစိတ်နဲ့ မစ္ဆရိယစိတ်တို့ အပြန်အလှန် ထိုးနှက်တိုက်ခိုက်နေမှုဟာ ပြင်းထန်လွန်းလို့ ကျုပ်တစ်ကိုယ်လုံး ယိမ်းထိုးနေတယ်။

ကျုပ်ရဲ့ တရားသိကို ဦးနှောက်နဲ့ ပြန်ဆင်ခြင်လိုက်တယ်။ သည်လို ဆင်ခြင်မိတာနဲ့ တစ်ခဏတွင် ကျုပ်အောင်ပွဲကြီးတစ်ခု ရလိုက်ပါတယ်။

"ဇိတံမေ. . . ငါအောင်ပြီ"

"ဇိတံမေ. . . ငါအောင်ပြီ"

"ဇိတံမေ. . . ငါအောင်ပြီ"

* * *

တရားပွဲရဲ့အလယ်က ရုတ်တရက်ထပြီး အော်လိုက်တဲ့ ကျွန်ုပ်အသံကြောင့် တရားနာပရိသတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်တယ်။ ဘုရားရှင်ကတော့ ကျွန်ုပ်ကို ကျေနပ်တဲ့ဟန်နဲ့ ကြည့်နေလေရဲ့။

ကျွန်ုပ်ရဲ့ အောင်ပွဲကို သဘောမပေါက်တဲ့ သူတွေကတော့ တရားပွဲအနှောင့်အယှက်ပေး ရမလားဆိုတဲ့ အပြစ်တင်အကြည့်နဲ့ ကြည့်တယ်။ ဒါကို ကျုပ်တောင်းပန်ရမှာပေါ့။ အောင်ပြီ. . . အောင်ပြီလို့ ကျုပ်ဟစ်ကြွေးသံကို အထူးမကျေနပ်သူကတော့ တရားနာပရိသတ်ရှေ့ဖျားကရှိနေတဲ့ ပသေနဒီ ကောသလမင်းကြီးပါ။ မင်း ကြီးက သူ့မင်းချင်းတွေကို ကျုပ်ဆီ ချက်ချင်းလွှတ်လိုက်ပါတယ်။

"ဟေ့လူ. . . ခင်ဗျား ဘာထအော်တာလဲ"

"ဟော. . . ဘာလို့အော်သလဲ ဟုတ်လား။ အောင်ပွဲဆင်လို့ အောင်ပြီလို့ အော်မိတာပါ ဗိုလ်မင်းတို့ရာ. . . "

"ဘာပြောတယ်. . . အောင်ပွဲဆင်လို့ဟုတ်လား. . . ဘာကိုအောင်ပွဲဆင်တာလဲ။ ခင်ဗျားရဲ့ရှေ့မှာ ဘယ်သူတွေ ရှိနေတယ်ဆိုတာသိလား"

"မသိပေါင်"

"ဘာမသိတာလဲ. . . ဟောဟိုမှာ ဘုရင်မင်းတရားကြီး။ အောင်ပြီဆိုတဲ့ ခင်ဗျားစကားက ဘယ်လိုပြဿနာဖြစ်နိုင်တယ်ဆိုတာ နားလည်လား. . . "

ကျုပ်ခေါင်းခါပြလိုက်မိတယ်။ ဟုတ်တယ် ကျုပ်ရဲ့ ဟစ်ကြွေးသံကြောင့် မင်းကြီး ဘာဖြစ်သွားမယ်ဆိုတာ ကျုပ်မသိဘူး။ မတွေးမိဘူး။ ဒါပေမယ့် မင်းချင်းတွေ လာပြောတော့မှ ကျုပ်တဖြည်းဖြည်း တွေးမိလာတယ်။

"ဩော်. . . အဟော်ဟော် ကျုပ်ကို ဗိုလ်မင်းတို့လာမေးတာက မင်းကြီး စိုးရိမ်ကြောင့်ကြဖြစ်လို့ဆိုပါတော့။ ဒီအတွက်ဆိုရင် စိတ်အေးအေးထားပါ။ ကျုပ်အောင်မြင်တာက မင်းကြီးနဲ့ ဘာမှ မပတ်သက်ပါဘူး။ ဒီလိုပါ ဗိုလ်မင်းတို့ရာ. . . ကျုပ်အောင်မြင်တာက သဒ္ဓါစိတ်ကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ မစ္ဆေရိယစိတ်မိုက်ကို အောင်မြင်လို့ ဝမ်းသာအားရအော်မိတာပါ"

ကျုပ်ဟာ အဖြစ်အပျက်အလုံးစုံကို အစအဆုံး ပြန်ပြောလိုက်မှ မင်းချင်းတို့ စိတ်အေးဟန်ဖြင့် ပြန်သွားကြပါတယ်။ ဒါပေမယ့် စကားတစ်ခွန်းတော့ ပြောဖြစ်အောင် ပြောလိုက်ပါသေးတယ်။

"ဒီမယ် ဗိုလ်မင်းတို့ ဗိုလ်မင်းတို့က ဆင်မြင်းတွေသုံးပြီး စစ်ချီ၊ စစ်တက်၊ စစ်ထိုးလုပ်လေ့ရှိတယ် မဟုတ်လား။ ဒီလိုလုပ်လို့ အောင်မြင်တာက တစ်ပါးသူကို အောင်မြင်တာပါ။ ကျုပ်က ကိုယ့်ကိုယ်ကို တိုက်ပွဲဆင်ပြီး ကိုယ့်ကိုယ်ကို အောင်ပွဲဆင်လိုက်တာပါ။ ဒီအောင်ပွဲဟာ ကျုပ်အတွက်တော့ မဟာ့မဟာ အောင်ပွဲပဲ။ ဒီလိုဗျာ. . . ဒီလို။ ကျုပ်က ဒီတရားပွဲလာတော့ ခြုံလွှာမရှိတဲ့ ကျုပ်ဇနီး က အိမ်မှာနေခဲ့ရတယ်။ နောက်နေ့ နံနက်ကျရင် ဒီခြုံလွှာကိုခြုံပြီး ကျုပ်ဇနီးလာလိမ့်မယ်။ အလှည့်နဲ့ ပိုင်ဆိုင်တဲ့ ဒီခြုံလွှာကို တရားပူဇော်တဲ့အနေနဲ့ လှူချင်တာ ညဦးယံကတည်းကပါ။ ဒါပေမယ့် လှူလိုစိတ်ကို ဖျက်ဆီးတဲ့ စိတ်ပေါ်လာလို့ ပျက်သွားတယ်။ ထပ်ပေါ်လာ ထပ်ပျက်၊ ပေါ်လာလိုက် ပျက်လိုက်ဖြစ်နေတာ တစ်ညလုံးပဲ။ ဟောခုတော့ ကျုပ်ရဲ့ သဒ္ဓါစိတ်ကို ဘယ်သူ၊ ဘယ်ရန်ကမှ ဖျက်လို့မရတော့ဘူး။ ဒီခြုံလွှာကို ဘုရားရှင်လှူတော့မယ်ဗျို့. . . "

ကျုပ်ဟာ ဂုဏ်ယူဝင့်ကြွားသည့် လေသံနှင့်ပြောပြီး ပခုံးထက်က ခြုံလွှာကို ဆွဲယူလိုက်တယ်။ အကျအနခေါက်ပြီး ဘုရားရှင်ထံ ချဉ်းကပ်သွားတယ်။ ပြီးတော့ ထိခြင်းငါးပါးနဲ့အညီ ရှိခိုးလျက် ခြုံလွှာကို ဘုရားရှင်အား ဆက်ကပ်ပူဇော်လိုက်ပါတော့တယ်။

ကိုင်း. . . . ဧကသာဋကလို့ နာမည်ပေးတဲ့ မဉ္ဈိမသားတွေ ကျုပ်ကို ဘယ်လိုနာမည်ပေးမလဲ။ ရှိတဲ့တစ်ထည် လှူလိုက်တော့ ဘာမှမရှိတဲ့ ကျုပ်ကို "နတ္ထိသာဋက"လို့ ခေါ်ကြမလား. . . ။။ အဟား. . . ဟား. . . ခေါ်ကြ. . . ခေါ်ကြလေ။ ကျုပ်ကတော့ ပျော်နေတာပဲ၊ ကြည်နူးနေတာပဲ။

*　　　*　　　*

အင်း. . . ဘာမှမရှိလို့ နတ္ထိသာဋကလို့ ခေါ်ရင်တော့ မှားမှာပေါ့ဗျာ. . . ။ တကယ်မှားပြီ။

ကျုပ်အကြောင်းသိသွားတဲ့ ပသေနဒီကောသလမင်းကြီးက သဒ္ဓါအားကြီးတဲ့ ကျုပ်ကို ဂုဏ်ပြုတဲ့ အနေနဲ့ ခြုံလွှာနှစ်ထည် လာစွန့်သဗျ. . . ။

ကြည့်စမ်း တစ်ထည်လှူတာ နှစ်ထည်ဖြစ်သတဲ့။ ဘာရမလဲ. . . မရှိလို့မလှူ၊ မလှူလို့မရှိတဲ့ဘဝ နောင်များမှာ ခံစားမဟော့ဆိုပြီး အဲဒီနှစ်ထည်လှူပစ်လိုက်ပြန်တယ်။

ဒီအကြောင်းကြားတော့ မင်းကြီးက လေးထည်တောင်ပေးပြန်သဗျ။

ကျုပ်လှူပစ်လိုက်တာပဲ။

ဟော . . . ရှစ်ထည်လာပေးပြန်ပြီ။

လှူလိုက်ပြန်တယ်။

ကျုပ်လှူတိုင်း နှစ်ဆတိုးတိုး လှူဒါန်းတဲ့မင်းကြီးရဲ့ ချီးမြှောက်မှုကြောင့် ကျုပ်ဟာ တကယ့်အလှူပွဲကြီးပေးနေသလိုပဲ။ ဒါပေမယ့် ခြောက်ဆယ့်လေးထည်မြောက်မှာတော့ ကျုပ်တို့အတွက် တစ်ထည်စီချန်ပြီး ကျန်တာကို ဘုရားရှင်အား လှူဒါန်းလိုက်ပါတယ်။

အင်း. . . ကျုပ်နားလည်လိုက်ပါပြီလေ. . . ။

တစ်ချိန်ကလှူလိုက်ရင် ကိုယ့်ရဲ့စည်းစိမ်တော့ လျော့ပါးသွားမှာပဲလို့ တွေးမိတယ်။ လှူလေ. . . . အကျိုးစီးပွားနှစ်ဆတိုးလေဆိုတာ ခုမှနားလည်သွားပါတော့တယ်။ ဒါနအမှုကို တစ်သက်လုံး အားထုတ်သွားမယ်လို့ ကျုပ်သန္နိဋ္ဌာန်ချလိုက်တယ်ဗျို့။

**ကျမ်းကိုး**

**ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဓိနတ္ထပကာသနီကို မှီးပါသည်၊**



ကုဋေလေးဆယ်တန်

# ဖွဲတစ်ဆုပ်

ညိုညို

# ကုဋေလေးဆယ်တန်ဖွဲ့တစ်ဆုပ်

ကျေးဇူးရှိမှ ကျေးစွပ်တယ်ဆိုတဲ့စကား ဘယ်ခေတ်ကသုံး နှုန်းလာမှန်းမသိပါဘူး။ ကိုယ်တိုင် ကျေးဇူးကန်းဖူးမှ ကျုပ်နဲ့တိုက်ရိုက်သက်ဆိုင်တဲ့ စကားဖြစ်ကြောင်းသတိပြုမိတယ်။ အေးလေ. . . ကိုယ်က ကျေးဇူးကန်းမိပြီကိုး။ ဒီတော့အများရဲ့ မေးငေါ့စရာ ဖြစ်လာတာပေါ့။

မှန်တာပြောရရင် အစက ဒီရည်ရွယ်ချက်လည်း မရှိရိုးအမှန်ပါ။

ကျုပ်အပေါ်ကောင်းရှာတဲ့သခ်ကို ကျေးဇူးကန်းလိုစိတ် မရှိပါဘူး။ အဲ. . . မရှိဘူးဆိုတာက ဟိုတုန်းကပေါ့လေ. . . ။ မရှိစဉ်တုန်းက တနုံ့နုံ့ကျေးဇူးတင်နေပေမယ့် စည်းစိမ်ဥစ္စာရှိလာတော့ ဒီစိတ် ကောင်းစေတနာ ဘယ်ရောက်သွားလဲမသိဘူး။ ကျုပ်နှလုံးသားထဲ အလိုလိုပျောက်သွားတယ်။ ပြန်တွေး ကြည့်တော့ တရားခံက လောဘ။ ဟုတ်တယ်. . . လောဘကြီးလာတာပါလေ. . . ။

တကယ်တော့ သခ်နဲ့ကျုပ်က အင်မတန်ကို ရင်းနှီးတဲ့ သူငယ်ချင်းတွေပါ။ ရောင်းဝယ်ဖောက်ကား ရင်း မိတ်ဖြစ်လာကြတာ နှစ်ပေါင်းကြာပြီပေါ့။ စီးပွားဖက်လို့ ပြောရင်ရပါတယ်။

ရာဇဂြိုဟ်နှင့် ဗာရာဏသီဟာ အလှမ်းဝေးပေမယ့် သွေးနီးတော့ ခရီးမဝေးဘူးလေ. . . ။ သူက အကြောင်းရှိရင် အသံပြုသလို၊ ကျုပ်အကြောင်းရှိရင် သူထံသတင်းပေးခဲ့တယ်။ ပြောရရင် သူနဲ့ကျုပ်ဟာ ကြွယ်ဝသူတွေပီပီ ကူးလူးဆက်သွယ်မှု မပြတ်ခဲ့ဘူး။

အင်း. . . ကံတရားဆိုတာ ဆန်းပြားသား။ လှံထမ်းလာတာ မြင်နိုင်ပေမယ့် ကံထမ်းလာတာ မမြင်နိုင်ဘူးဆိုတဲ့ စကားအတိုင်း ကံကြမ္မာ ခပ်ရိုင်းရိုင်း ဝင်မွှေလာမှာကို ကျုပ်ဘယ်အခါမှ မမျှော်လင့်

ရောင်းဝယ်ရေးနဲ့ ချမ်းသာခဲ့တဲ့ ကျုပ်ဟာ ဒီရောင်းဝယ်ရေးနဲ့ပဲ ဆင်းရဲမွဲတေရတယ်ဆိုရင် ပြောလို့ ယုံမယ်မထင်ဘူး။

ကမောက်ကမဖြစ်ပြီဆိုတော့ ပဲ့လှုပ်ဦးထောင်၊ ဦးလှုပ်ပဲ့ထောင်ဆိုသလို ထိန်းမရသိမ်းမရ ဖြစ်ခဲ့တာပဲ။ ဝယ်တော့ တစ်ကျပ်၊ ရောင်းတော့ တစ်မတ်ဆိုတဲ့ ကုန်သည်မျိုးဖြစ်နေပြီ။ ဈေးကြီးပေးဝယ်တဲ့ ပစ္စည်းက ကိုယ်ရောင်းချိန် ဈေးထိုးကျတော့ ရှုံးပြီပေါ့။

လှေမျော လှေနဲ့လိုက်၊ ငွေမျော ငွေနဲ့လိုက်ဆိုပေမယ့် မျောတဲ့ငွေ ပြန်ဆယ်ရင်းဆယ်ရင်းနဲ့ ကျုပ်ရှိသမျှ စည်းစိမ်ပြုတ်ပြုတ်ပြုန်းတော့တာပါပဲ။

စည်းစိမ်ဥစ္စာဆိုတာ မီးတောက်မီးလျှံမှန်း ကျုပ်မသိဘူး။ မရှိလည်းပူရတာ စည်းစိမ်ဥစ္စာ၊ ရှိပြန်တော့ ကြောင့်ကြရတာလည်း ဒါပဲ။ ရှိတဲ့စည်းစိမ်လေး ပြုတ်သွားတော့ မျောက်မီးခဲကိုင်မိသလို ခုန်ဆွခုန်ဆွ ဖြစ်ရရော. . . ။

ယောကျ်ားသားက္ကန္ဒြေပျက်တော့ အိမ်သူသက်ထားက ဘယ်မှာတည်နေနိုင်တော့မှာလဲ။ မွဲပါပြီ ဆိုပြီး ဝမ်းပန်းတနည်း ငိုလိုက်တာဗျာ. . . ချော့လို့မရ၊ အားပေးလို့မရ။

"ဒီမယ်ရှင်မ. . . မင်း ဘာကို ပူပန်ပြီး ဒီလောက်ငိုရတာလဲပြောစမ်း"

ကျုပ်ယောကျ်ားဆိုတဲ့မာနနဲ့ဟန်လုပ်ပြောလိုက်တော့ ဇနီးသည်က မျက်ရည်လည်ရွဲနဲ့မော့ ကြည့်တယ်။ ကျုပ်နားလည်ပါတယ်လေ. . . အားငယ်စိုးရိမ်တဲ့ အနေအထားကို သူ့မျက်နှာမှာ အထင်း သားပေါ်နေပါတယ်။

"မောင်ကြီးပိဋကယရယ်၊ ကျုပ်တို့မကြာခင် ငတ်ရတော့မယ်"

"ဟယ်. . . မဟုတ်တာ။ ဒီမယ်ရှင်မ၊ ကျုပ်ဘယ်သူလဲသိလား. . . ပိဋကယတဲ့ဗျ. . . ပိဋကယ။ ဗာရာဏသီသူဌေးပိဋကယဆိုတာ မှတ်မိရဲ့လား. . . "

"အဲဒီ. . . ဗာရာဏသီသူဌေးက ဆင်းရဲသားဖြစ်ပြီလေ"

"ဟ. . . ဒီမိန်းမ ဒုံးဝေလိုက်တာ။ ကျုပ်ဆင်းရဲပေမယ့် ကျုပ်အပေါင်းအသင်းတွေ မဆင်းရဲ သေးပါဘူးဗျ"

"သူမဆင်းရဲသေးတာ ရှင်နဲ့ဘာဆိုင်လဲ"

"ဟ. . သူငယ်ချင်း. . . မဆင်းရဲသေးသမျှ အကူအညီရနိုင်တာပေါ့။ ကိုင်းမျက်ရည်သုတ်စမ်း။ ငိုငိုယိုယိုနဲ့ လုပ်မနေစမ်းပါနဲ့ မယ်မင်းရာ။ လာဘ်တိတ်ပါတယ်။ ဒီမယ်. . . ရှင်မ ဒီကနေ့ ပဲ ကျုပ်တို့ ရာဇဂြိုဟ်ကိုသွားမယ်။ ဟိုရောက်ရင် ကျုပ်သူငယ်ချင်းကို အကျိုးအကြောင်းပြောပြ အကူအညီတောင်းရင် အနည်းဆုံးတော့ စားရေးသောက်ရေး အဆင်ပြေမှာပဲ။ ကဲ. . . လုပ်. . . လုပ် ရှိတဲ့အဝတ်အစားလေး လဲပြီး ခရီးထွက်ဖို့သာပြင်"

ကျုပ်က နောက်ဆုံးအားကိုးရာ ကောက်ရိုးမျှင်ကို ဖမ်းဆွဲအားပြုဖို့ အကြံနဲ့ လောဆော်လိုက်ပေမယ့် ဇနီးသည်က မတုန်မလှုပ်၊ ကျုပ်တက်ကြွပေမယ့် သူ့အားရှိပုံ မရဘူး။ အမှန်တော့ ကျုပ်လည်း အားမရှိတာအမှန်ပါ။ သူငယ်ချင်းကို အားကိုးတကြီး ပြောပေမယ့် မျှော်လင့်ချက်တော့ သိပ်မထားရဲဘူး။ သူ့ပစ္စည်းက သူပေးမှ ရမှာမို့လား. . .။

* * *

ဟာရာဏာသီက ရာဇဗြိုဟ်ကို ဦးတည်လှမ်းတဲ့ ကျုပ်တို့မောင်နှံ ခြေလှမ်းတွေဟာ ပြောသလောက် မသွက်ဘူး။ ခြေလှမ်းတိုင်းက အတွေးရဲ့တုပ်နှောင်ထားမှုကြောင့် တုံ့ဆိုင်းနေတယ်။ ထူးခတ်ခံထားရတဲ့ ဆင်နှယ် လှမ်းတိုင်းမပေါက်ဘူး။

အင်း. . . အခြေအနေက ပြောင်းလဲတော့ ကိုယ့်ကိုယ်ကို အားငယ်စိုးရွံ့နေတာလည်း ပါတာပေါ့လေ. . .။

ရှေးကခရီးဆိုရင် မြင်းယဉ်ကြော့နဲ့ မော့မော့မော့မော့ပေါ့။ မြင်းနှစ်ကောင်ကတဲ့ လှည်းယဉ်ပေါ်မှာ လင်မယားနှစ်ယောက် မိန့်မိန့်ကြီးထိုင်လိုက်ပြီး ထွေရာလေးပါးစကားတွေ ပြောလို့၊ အခြွေအရံ အသင်းအပင်းတွေက ရေပူရေချမ်း ကမ်းသူကမ်း၊ နံ့သာယပ်နဲ့ ခတ်သူခတ်။ ချိုမွှေးတဲ့သစ်သီးဝလံတွေကျွေးလို့ ကျွေး၊ ဘာမှလိုလေသေးမရှိဘူး။

ခုတော့ ခြွေရံသင်းပင်းတွေလည်းကင်းကုန်ပြီ။ စီးစရာယာဉ်လည်း မရှိတော့ဘူး။ ကိုယ့်ခြေထောက်ကိုသာ အားကိုးပြီး တစ်ဦးကိုတစ်ဦး အဖော်ပြုဖေးမလှမ်းရတော့ အားငယ်တာ အမှန်ပေါ့။

စိတ်ထဲကသာ ကျိတ်ဆုတောင်းနေတယ်။ ဟိုရောက်ရင် သူငယ်ချင်းလင်မယားနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်ဆုံပါစေ. .။ ဖက်လဲတကင်း ကြိုဆိုပါစေ. . . ပျူငှာဖော်ရွေစွာ ဧည့်ခံပါစေ. . . တောင်းတဲ့အကူအညီ ချောချောချူချူ ပေးပါစေလို့ ဆုတောင်းရတာ ရင်ကိုပူနေတယ်။

* * *

"ဟယ်. . . သူငယ်ချင်း. . ကြည့်စမ်း အကြောင်းမကြား ဘာမကြား ဖြုန်းစားကြီး ရောက်လာပါလား. . .။ ဒါနဲ့ မင်းတို့ဘာနဲ့လာကြသလဲ ရထားလဲမတွေ့ပါလား. . . ကျေးကျွန်တွေလဲ မမြင်ပါလား. . . အလိုလေး ပိဋ္ဌိယရာ မင်းရုပ်ကကျသွားလိုက်တာ . . . အသားအရေတွေလဲ ရေတတ်ပန်းနှယ် ညှိုးခြောက်နေသလိုပဲ။ ဒါနဲ့ငါ မေးစမ်းပါရစေ. . . မင်းတို့ ဘာဖြစ်လာတာလဲ။

သူငယ်ချင်းသခ်အိမ်ကို ခပ်ယို့ယို့လေးဝင်လိုက်တာနဲ့ သခ်ပြေးထွက်လာပြီး ဝမ်းသာအားရကြို တယ်။ ကျုပ်ကိုပွေ့ဖက်ရင်း ပြောလိုက်တာတွေလည်း စုံနေတာပဲ။ သူ့ရဲ့အပြုအမူကြောင့် ကျုပ်ဇနီးသည်ပါ အားတက်ဝမ်းသာပြီး ဘာပြန်ပြောရမှန်း မသိတော့ဘူး။ မစားရဝခမန်းဆိုရမလား မသိဘူး။ လှိုက်လှဲ ဖော်ရွေတဲ့ သူ့ကြိုဆိုမှုကြောင့် စိတ်ဆင်းရဲလာသမျှ ပြေပျောက်ကုန်တယ်။

"သူငယ်ချင်းသခ်၊ ငါမင်းဆီလာတာ. . . "

"အေးလေ. . . ဟုတ်ပါပြီ၊ လာလို့ပဲ အိမ်ရောက်ပြီပေါ့။ ကဲ . . . အထဲဝင်ကြ။ ဘာပစ္စည်းတွေ ပါသေးလဲ။ ဘာတွေသယ်ရဦးမလဲ"

သူက ကျုပ်ကိုကျော်ပြီး သယ်ဖို့ပစ္စည်းတွေရှိမရှိ လှမ်းကြည့်တယ်။ ကျုပ်မသက်မသာခေါင်းယမ်း ပြလိုက်တယ်. . . ။

"တို့မှာ. . . ဘာမှမပါပါဘူး။ လူလုံးချည်း သူငယ်ချင်း။ တို့ပိုင်ပစ္စည်းဆိုလို့ ကိုယ်ပေါ်က အဝတ်ပဲရှိတော့တယ်"

"ဟေ. . . ဟုတ်လား။ ဘယ်လိုဖြစ်ရသတုန်း သူငယ်ချင်းရာ. . . ငါ့ကိုရှင်းအောင် ပြောပြစမ်းပါ"

သူက အကြင်နာမျက်လုံးနဲ့ကြည့်ရင်း စိတ်မကောင်းတဲ့ အသံနဲ့မေးတယ်။ ကျုပ်ကဖြစ်ကြောင်းကုန် စင်ကို အတော်ပင် အားယူပြောရတယ်။ သူတို့မောင်နှံက စုတ်တသပ်သပ်နဲ့ ပေါ့လေ. . . ။

"အဲဒါပဲ သူငယ်ချင်း. . . ကံအကြောင်းမလှတော့ ရှိသမျှ စည်းစိမ်ပြုတ်သွားလို့ သူငယ်ချင်းဆီ အကူအညီတောင်းတာ"

"အေး. . . . "

အေးဆိုတဲ့ တစ်ခွန်းတည်းသော စကားအဓိပ္ပာယ်ဟာ ဘယ်လိုပဲဆိုတာ ကျုပ်အဖြေထုတ်ကြည့် တယ်။ တစ်ပြိုင်နက်မှာပင် သူ့အနေအထားကို အကဲခတ်နေရတာ ရင်တထိတ်ထိတ်နဲ့ ပေါ့လေ. . . ။

"မင်းအကြောင်းကြားရတာ ငါစိတ်မကောင်းဘူး။ အေးပေါ့ကွာ. . . ဒါမျိုးက ဖြစ်တတ်ပါတယ်။ လောကဓံတရားပေါ့။ ဒါပေမယ့် မပူပါနဲ့ သခ်ဟာ ရာဇဂြိုဟ်သူဌေးဆိုတာ မင်းသိရဲ့မို့လား"

"အင်း. . . " ဟုပြောလိုက်ပေမယ့် အသံကထွက်မလာဘဲ လည်ချောင်းထဲမှာပင် ပျောက်သွား တယ်။

"ရာဇဂြိုဟ်သူဌေးသခ်ဟာ ကုဋေရှစ်ဆယ်ကြွယ်ဝသူပါကွ၊ ပိဋိယရဲ့. . . ။ မင်းဘာမှ အားမငယ်နဲ့။ ငါ့စည်းစိမ် တစ်ဝက်ခွဲပေးမယ်"

"ဘယ်လို. . . သူငယ်ချင်း"

"ဘာလဲ မင်းမယုံလို့လား. . . ဟော့. . ရှင်မ။ ငါ့သူငယ်ချင်းက ကုဋေလေးဆယ်ပေးမယ်ဆိုတာ ယုံဟန်မတူဘူး။ ကဲကွာ . . . အစေအပါးတွေခေါ်ပြီး ကုဋေလေးဆယ်ထုတ်ခဲ့စမ်း"

ကျုပ်ကိုပြောရာက လှည့်အမိန့်ပေးလိုက်တော့ သူ့ဇနီးသည်ကလည်း ခပ်သွက်သွက်ပဲထွက်သွားတယ်။ ကျုပ်ဟာ အားငယ်နေတဲ့ ဇနီးသည်ကို ဝမ်းသာတဲ့အမူအရာနဲ့ လှည့်ကြည့်လိုက်တယ်။ သူလည်း အံ့ဩဝမ်းသာတဲ့ အမူအရာနဲ့ သခ်ကို ကြည့်နေလေရဲ့။

မှန်တာပြောရရင် ကျုပ် ဒီမျှမမျှော်လင့်ဘူး။ ကျုပ်ကို ကြည့်တဲ့အနေနဲ့ ငွေအနည်းအကျဉ်းမစရင် လာရကျိုးနပ်ပြီလို့ တွက်ထားခဲ့တယ်။

မကြာခင်မှာပဲ သခ်ဇနီးဦးဆောင်ပြီး အစေခံနှစ်ယောက်က ငွေသေတ္တာကြီး ထမ်းထွက်လာတယ်။ ကျုပ်ဟာ မထင်မှတ်တာ ကြုံရတော့ မှင်တက်မိသလို ကြောင်နေတယ်။ ဘာစကားမှလည်း မပြောဖြစ်ဘူး။

"ကဲ. . . ဟောဒီမှာ ကုဋေလေးဆယ်။ မင်း. . . အဲဒါကို အရင်းအနှီးလုပ်။ ငါ မင်းအရည်အချင်းကို ယုံတယ်။အကြောင်းမသင့်လို့ ဆင်းရဲပေမယ့် လုပ်ရည်ကိုင်ရည်မညံ့မှန်း သိပြီးသားပါ။ ဘာပဲဖြစ်ဖြစ် မင်းဒီကုန်သည်အလုပ်ပဲ ဆက်လုပ်။ မင်းအားကိုးရမယ့် အလုပ်သမားကောင်းတွေလဲ ထည့်ပေးလိုက်မယ်။ သူတို့ဟာ ငါ့ရဲ့အားကိုးရတဲ့ လူယုံတွေ. . . စိတ်ချလက်ချခိုင်း. . . ။ မင်းမကြာခင် ချမ်းသာလာမှာပါ သူငယ်ချင်းရာ. . . ။

သူငယ်ချင်းသခ် ကျုပ်ကို လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့ရုံမကဘူး။ မထင်မှတ်တဲ့ ကူညီမှုပေးလို့ ကျေးဇူးတင်လိုက်တာ။ မပြောနဲ့တော့. . . ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရယ်လို့ ဘယ် နှခွန်းပြောမိမှန်းတောင် မသိဘူး။ ကျုပ်လေ. . . ရှိုက်ကြီးမိရုံ တွဲ့ပြန်မိတယ်။ အမှန်ပါ။

* * *

လူဆိုတာ လူပဲဗျာနော့။ ဟုတ်တယ်လေ. . . အရိယာသူတော်စင်မှ မဟုတ်သမျှ လူစိတ်ပဲ ရှိမှာပေါ့။ လာဘော အလော ဘော၊ ယသောအယသောဆိုတဲ့ လောကဓံတရား ခံနိုင်စွမ်းမရှိသေးတာလူပဲ။

လာဘ်လာဘပေါ်များလို့ တုန်လှုပ်တာ၊ လာဘ်မရလို့ ဝမ်းနည်းတာ ပုထုဇဉ်သဘောပဲဗျ။ ဟုတ်တယ်လေ. . . ကျုပ်ဆင်းရဲ တုန်းက စိတ်သောကရောက်လိုက်တာလွန်ပါရော. . . ။ ငါ့ဘဝ တော့ ပျက်စီးပါပြီဆိုပြီး တိတ်တခိုးမျက်ရည်ကျမိတယ်။ ဟော. . . ခုချမ်းသာနေပြီ။ ဘာမှ ပူပင်စရာမရှိတော့ဘူး။ သောကဆို မြူမှုပင် မရှိတော့ဘူး။

အင်း. . . မီးဆိုတာ လောင်စာဘယ်လိုထည့်ထည့် တင်းတိမ်မှုမရှိဘူး။ သမုဒ္ဒရာကလည်း ရေဘယ်လိုဝင်ဝင် ရောင့်ရဲမှု မရှိဘူး။ ထို့အတူပဲ လောဘကြီးသူအဖို့ ဘယ်မျှချမ်းသာ ချမ်းသာ မရောင့်ရဲနိုင်သေးတာ အမှန်ပါ။

အဲ. . . ကျုပ်ဟာ လူပီသစွာ ဆင်းရဲခြင်းဒဏ်ကို ခါးစည်းခံနိုင်ပေမယ့် ချမ်းသာတဲ့ဒဏ်ကို

တောင့်မခံနိုင်ဘူး။ ဒီလိုဗျာ. . ချမ်းသာလာတော့ စည်းစိမ်ယစ်မူးသွားတယ်။ ဆင်းရဲမှုဒဏ်အမျိုး မျိုးကြုံရတော့ တစ်ကြိမ်ပြန်ဆင်းရဲမှာ စိုးရိမ်ပူပန်လာတယ်။ ဒါကြောင့်ရှိသမျှ စည်းစိမ်ကို အလဟဿမဖြုန်းတီးဘူး။ ကျစ်ကျစ်ကုတ်ကုတ် သိမ်းဆည်းတယ်။ ခြိုးခြံနိုင်သမျှ ခြိုးခြံတယ်။

ဒီလိုပြုမူနေထိုင်တော့ လူတွေကပြောကြပြန်တယ်။ ကပ်စေးနဲတယ်တဲ့။ အဟာ့ဟ. . . ပြောစမ်း. . . ပြောကြစမ်း။ ကပ်စေးနဲ ဟာဖြစ်လဲ။ ကိုယ်ရှိတဲ့ ငွေမပွန်းပဲ့အောင် စောင့်ရှောက်ရမှာ ကျုပ်တာဝန်ပဲကိုး. . . ။

"အလို. . . ဘာကိစ္စလဲဟေ့"

ကျုပ်ရဲ့ အစေအပါးတစ်ယောက်က မပြောမဆိုနဲ့ အိမ်ထဲဝင်လာလို့ မျက်နှာတင်းတင်းနဲ့မာန်လိုက်တယ်။ ဟုတ်တယ်လေ . . . အစေခံတွေကို ကျုပ်မခေါ်ဘဲ အိမ်ထဲဝင်ခွင့်မှ မပေးတာ။

"သူဌေးကြီးခင်ဗျာ. . . အိမ်ခြံဝမှာ ဧည့်သည်ရောက်နေပါတယ်"

"ဘာကွဲ့ ဘယ်ကဧည့်သည်လဲ. . . ဘာကိစ္စတဲ့လဲ။ ငါချိန်းထားတဲ့ ကုန်သည်တွေလဲ မရှိပါဘူး"

"ဟိုဒင်း. . . ကုန်သည်တော့ ဖြစ်ဟန်မတူပါဘူး။ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နဲ့ သူတောင်းစားပုံပါ"

"ဘာ. . . ဘယ်နှယ်ဟေ့. . . သူတောင်းစား ဟုတ်လား။ မင်းတို့ တော်တော်ခက်တဲ့ကောင်တွေ. . . ။ မိုးလင်းစ မင်္ဂလာယူချိန်မှာ ဒီသူတောင်းစား အဝင်ခံရလားကွ။ မင်းတို့ မောင်းမထုတ်ဘူးလား။ အလုပ်မလုပ်ချင်လို့ တောင်းစားတဲ့ အချောင်သမားကို ပီဋကယက ဘယ်တော့မှ မစွန့်ကြဘူးလို့ မပြောဘူးလား"

လောဘကြီးသူအဖို့ အလှူဒါန ပေးကမ်းလှူဒါန်းဖို့မလွယ်ဘူးဆိုတာ ကိုယ့်စိတ်ကိုယ်ပြန်ဆန်းစစ်မိလို့ သိလိုက်ပါတယ်။

"ပြောပါတယ် သူဌေး၊ သူတောင်းစားမဟုတ်ပါဘူးတဲ့။ သူဌေးမင်းရဲ့ သူငယ်ချင်းသန်းပါတဲ့"

"ဟေ. . . "

သန်းဆိုတဲ့ အသံကြားလိုက်တာနဲ့ ကျုပ်ပျာယာခတ်သွားတယ်။ တစ်နေ့မဟုတ်တစ်နေ့ သန်းရောက်လာလိမ့်မယ်လို့ ကျုပ်တွေးထားတယ်။ ဒီအတွက် စိတ်ပူနေတာလဲအမှန်။ သန်းလာရင် သူ့ငွေကုဋေလေးဆယ် ပြန်ပေးရတော့မယ်။

ရင်ထဲရှိတဲ့အတိုင်းပြောရရင် ဒီငွေကို ကျုပ်မပေးချင်ဘူး ကျုပ်အိတ်ထဲရောက်တဲ့ငွေကို ပြန်မထုတ်ချင်ဘူး။ ရယူချင်စိတ်သာ ရှိနေတယ်။

ဟော. . . ခုလာပြီဆိုတော့ ဘယ်လိုလုပ်မလဲ။ သူ့အနေအထားကလည်း စုတ်စုတ်ပြတ်ပြတ်ဆိုတော့ ကျုပ်လို ဆင်းရဲသွားပလားမသိဘူး။ ဆင်းရဲရင် တောင်းမှာသေချာတယ်။

ကျုပ်ဟာ လောဘစိတ်နဲ့ ငွေပြန်မပေးရေးကို အပူတပြင်း စဉ်းစားလိုက်တယ်။ ဉာဏ်နီဉာဏ်နက်တွေက ကျုပ်ခေါင်းထဲဝင်လာ လိုက်တာ စုံနေတာပဲ။ အဲဒီအထဲက အကောင်းဆုံးအစီအစဉ်ကို စဉ်းစားပြီး ပိပိရိရိ ပြုံးလိုက်တယ်။

"ကဲ. . . ဟော့။ တံခါးဖွင့်ပေးလိုက်"

* * *

သန်းဝင်အလာကို ကျကျနနထိုင်စောင့်နေမိတယ်။ ကျုပ်ကိုမြင်တော့ ဝမ်းသာတဲ့အမူအရာနဲ့ ပြေးလာပြီး. . .။

"အလိုလေး ဗိဋ္ဌိယရေ. . . မင်းနဲ့ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ပါ့မလားလို့ စိုးရိမ်လိုက်ရတာခုမှ စိတ်အေးသွားတယ်။ အလို မင်းသိပ်အခြေအနေ ကောင်းသလား. . .။ စီးပွားရေးဟန်တယ် ထင်ပ။ ဘယ်လိုလဲ လုပ်ငန်းတွေ အဆင်ပြေရဲ့မို့လား. . . "

"အင်း. . . ထင်သလောက်တော့ မဟုတ်ပါဘူး"

သူကဖက်လဲတကင်း ပြုံးပြုံးရယ်ရယ်နဲ့ နှုတ်ဆက်ပေမယ့် အကောက်ဉာဏ်ရှိတဲ့ ကျုပ်ကတော့ ပြုံးလိုစိတ်မရှိဘူး။ ဖြေလိုစိတ် မရှိဘူး။

"အဟ. . . ဟ။ ထင်သလောက် မဟုတ်ပါဘူးသာပြောတယ်။ အိမ်ကြီးက တခမ်းတနား။ ကော်ဇောတွေခင်းထားတာလဲ ခန်းလုံးပြည့်။ အင်း. . . အားနာစရာတောင် ကောင်းသကွာ။ ဒီလိုကော်ဇောမျိုးပေါ် ဖုန်ကပ်နေတဲ့ ငါ့ခြေနဲ့နင်းရတာ တယ်မနိပ်ဘူးဟေ့. . . "

"ကဲ. . . ဒါတွေထားတော့ လာရင်းပြောပါဦး"

ကျုပ်က သူ့ရဲ့ ဟိမဝန္တာချီးမွမ်းခန်းကို ဆက်နားမထောင်လိုဘူး။ မြင်သမျှ တွေ့သမျှ ချီးကျူးထောမနာ ပြုနေရင် ဆုံးမှာလည်း မဟုတ်ဘူး။ ကြာကြာကြည့်လေ . . ချမ်းသာမှုမြင်လေ. . . ခက်လေဖြစ်မယ်။ ဒါကြောင့် စကားဖြတ်လိုက်တယ်။

"အေး. . . ပြောရတာပေါ့ကွာ။ ငါ့စကားကြားရင် သူငယ်ချင်း သိပ်အံ့ဩသွားမယ်။ ထင်လဲ ထင်မိမှာ မဟုတ်ဘူး။ ငါ့ ဘဝဟာ မင်းလိုပဲ စီးပွားပျက်သွားပြီ သူငယ်ချင်း"

"ဩော်. . . "

အံ့ဩဟန် မပြဘဲ ဝတ်ကျေတမ်းကျေ အသံပြုလိုက်လို့ သန်ကြောင်သွားတယ်။

"ဘာလဲ မယုံလို့လား. . . ရာဇဂြိုဟ်က ဒီလာဖို့တောင် စားစရိတ် မနည်းလုပ်လာရတယ်။ မင်းဆီရောက်မှ တဝတနင် စားမယ်လို့ အားခဲလာတာဟေ့။ ဘာလဲ မင်းကွမ်းအစ်ကြီး လိုးထိုးပေးနေတာ ကွမ်းပဲကျွေးမလို့လား။ ဒါနဲ့ဖြစ်မလား သူငယ်ချင်းရ။ တို့မနက်စာတောင် မစားရသေးဘူး။ မင်းကျွေး

တာစားရင်း ငါ့ဇနီးကို ရထားကြိုခိုင်းလိုက်မယ်။ ဒီမယ်၊ မင်းသူငယ်ချင်းမက ပင်ပန်းဒဏ်မခံနိုင်ဘူး။ ဒါနဲ့ မြို့ပြင်ဇရပ်မှာ ထားရစ်ခဲ့တယ်။ ကဲကွာ. . . ဘာ စားရမလဲ။ တစ်ခုခုတော့ ကျွေးစမ်းပါဦး။ ဆာလွန်းလို့ အူလိမ်နေပြီ”

ကျုပ်က တရင်းတနှီးပြောနေတဲ့သန်ကို ခပ်စိမ်းစိမ်းကြည့် လိုက်တယ်။ သူတကယ်ဆာလာပုံပါ။ ထမင်းတစ်နပ်ကျွေးတာနဲ့ စည်းစိမ်ရစ်ပြီး အိမ်ပေါ်ကမဆင်းဘဲ နေမှာစိုးရတယ်။

“နေဦး. . . သန်မင်းပြောတာ ငါမရှင်းလို့။ မင်းဒီကို လာတာ ငါ့ဆီမှာတည်းဖို့လား”

“ရော. . . မင်းဆီမတည်းလို့ ဘယ်မှာတည်းရမလဲဟ။ ဗာရာဏသီမှာ ရင်းနှီးတဲ့သူဆိုလို့ မင်းပဲရှိတာ. . ”

ကျုပ်စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်တယ်။ “မဖြစ်ဘူးနဲ့တူတယ်” လို့ ကိုယ့်ကိုယ်ကို ပြောသလိုနဲ့ သူ့ကိုတုံ့ပြန်လိုက်တယ်။ ကျုပ်စကားကြောင့် သန်က ပါးစပ်အဟောင်းသားဖြစ်သွားရော. . . ။

“ဟုတ်တယ်. . . ဒီမှာတည်းလို့ မဖြစ်ဘူး။ ငါက လုပ်ငန်း ကိုင်ငန်းတွေနဲ့ အိမ်မြဲတာ မဟုတ်ဘူး။ အေး. . . မနက်စာ မစားရ သေးဘူးဆိုရင်လဲ ချက်ပြုတ်စားဖို့ ဖွဲတစ်ဆုပ်ပေးလိုက်မယ် ဟုတ်လား”

“အေးကွာ. . . သူငယ်ချင်းအတွက် ငါတတ်နိုင်တာ ဒါပဲရှိတယ်။ ကဲဟေ့ အစေခံတွေ ဘယ်သွားကြသလဲ. . . အဲဒီအထဲက ဖွဲတစ်ဆုပ် ယူခဲ့ကြစမ်း”

ကျုပ်က အိမ်စေတွေကို လှမ်းအမိန့်ပေးလိုက်တယ်။ ကျုပ် ရဲ့ရက်ရောမှုကို အံ့အားသင့်တဲ့မျက်နှာနဲ့ ပြန်ကြည့်နေတဲ့သန်ကို ခပ်တည်တည်ပဲ မျက်နှာလွှဲလိုက်ပါတယ်။

“နေ. . . နေဦး သူငယ်ချင်း။ ငါဆင်းရဲချိန်မှာ မင်းစေတနာမရှိလို့ အကူအညီမပေးချင်လဲနေပါ။ ဒါပေမယ့် ငါကူညီထားတဲ့ ကုဋေလေးဆယ်တော့”

“ဘယ်လို. . . သန်။ မင်းကငါ့ကို ကုဋေလေးဆယ် ပေးထားတယ်ဟုတ်လား။ ကျားသားမိုးကြိုးကွာ. . . မင်းလို လူဆင်းရဲက ငါလိုသူဌေးကို ကုဋေလေးဆယ်ပေးတယ်လို့ ကြားတဲ့လူယုံမတဲ့လား. . . အဟားဟား”

ကျုပ်ဟာ ကုဋေလေးဆယ် ပြန်မပေးရရေးအတွက် ခပ်တည်တည် ဘူးကွယ်လိုက်တယ်။ ကျုပ်ဆီက ဒီစကားမျိုးကြားမယ်မထင်တဲ့သန်ဟာ ဘာတစ်ခွန်းမှ မပြောနိုင်ဘဲ ကြောင်ကြည့်နေတယ်။ သူ့မျက်လုံးမှာ ဝမ်းနည်းမှု သင်္ကေတမျက်ရည်တွေ စီးကျလာတယ်။

“ခက်ပါတယ်. . . လူတွေဟာ စီးပွားရေးနဲ့ပတ်သက်ရင် လိမ်ညာရယူချင်တာ အလွန်ပဲ။ ယုတ္တိရှိမရှိ မစဉ်းစားတော့ဘူး”

ကျုပ်က ဣန္ဒြေကောင်းကောင်းနဲ့ ထပ်လောင်းကာ အပြစ်တင် စကားဆိုလိုက်ပြန်တယ်။

“သူငယ်ချင်းရာ. . . အဖြစ်မှန်ကို မင်းနဲ့ငါ့အပြင်သိတဲ့ သူတွေ အများကြီးရှိပါတယ်”

"တော်ပြီ သခ်။ ဟေ့. . . အစေခံတွေ. . . ဒီလူကို အိမ်ထဲက ဆွဲထုတ်သွားတော့"

ကျုပ်က ပြတ်ပြတ်တောင်းတောင်းပြောပြီး အိမ်ထဲဝင်ခဲ့တယ်။ စိတ်ဆိုးချင်ယောင်ဆောင်ပြီး လှည့်ထွက်ခဲ့တာဟာ အမှန်တရားကို ကျုပ် ကြာရှည်ရင်မဆိုင်ရဲလို့ပါ။

* * *

ညှိုးညှိုးငယ်ငယ်နဲ့ ပြန်သွားတဲ့ သခ်ကိုကြည့်ပြီး စိတ်မကောင်းတာတော့ အမှန်ပါ။ ကျေးဇူးရှိလို့ တုံ့ပြန်သင်တာလည်း အမှန်ပါ။ ဒါပေမယ့် လက်ထဲရောက်နေတဲ့ ကုဋေလေးဆယ်က အမှန်တရားကို ချေဖျက်လိုက်တယ်လေ။ လောဘစိတ်က မေတ္တာတရားကို ကန်ကျောက်ထုတ်ပစ်လိုက်တယ် ဆိုပါတော့။

တစ်နေ့လုံး သခ်မျက်နှာကို မြင်နေတယ်။ ဖွဲတစ်ဆုပ်ယူပြီး မလှမ်းချင်လှမ်းချင်ဟန်ဖြင့် ပြန်သွားတဲ့ သခ်ပုံရိပ်က ကျုပ်စိတ်ကို ခြောက်လှန့်နေသလိုပဲ။ ဒီလောက်ဆိုရင် မြို့ပြင်ရောက်ရောပေါ့။ ဖွဲနုတစ်ဆုပ်ကို ကြည့်ပြီး သူတို့လင်မယား ဝမ်းပန်းတနည်း ငိုနေရောပေါ့။ စိတ်တော့ မကောင်းစရာပါ။ ဒါပေမယ့် ကမ္ဘာမီးလောင်သားတောင်ချနင်းဆိုတဲ့ စကားလည်း ရှိသားပဲလေ။

"အလိုလေး. . . ဘာသံလဲဟ"

ဗာရာဏသီမြို့လယ်ဆီက မသဲမကွဲအော်ဟစ်သံကြောင့် ကျုပ်အတွေးရပ်သွားတယ်။ ကမ္ဘာပျက်သလို ဆူပွက်နေတဲ့အသံတွေကြောင့် ကျုပ်ရင်ထဲ သောကဝင်လာတယ်။ မြို့များပျက်လေရော့သလား။ မြို့ပျက်တယ် ဆိုရင်အခက်။ လူတွေ လုပ်ချင်သလိုလုပ်။ ဖျက်ချင်ရာဖျက် ဖြစ်ကြမှာ။ မင်းမဲ့စရိုက်နဲ့ ဖျက်ဆီးရင် ငါ့ စည်းစိမ်တော့ ပျက်စီးရချေရဲ့။

"ဟဲ့. . . ဘယ်သူရှိသတုန်း. . ဒီကို ခပ်မြန်မြန်လာစမ်း"

ကျုပ်ခေါ်လိုက်တာနဲ့ ကျေးကျွန်တစ်ယောက် အပြေးအလွှားရောက်လာတယ်။ ရိုကျိုးတဲ့ အမူအရာနဲ့ "အမိန့်ရှိပါ သခင်"လို့ ဆိုတယ်။

"ငါ ဘာမှမမိန့်ဘူး။ သိချင်တာပဲ ရှိတယ်။ မြို့လယ်က ကြားနေတာ ဘာသံတွေလဲ"

"မြို့လယ်က မဟုတ်ဘူးအရှင်. . . နန်းတော်တံခါးဝကဟစ်တိုင်မှာ စုရုံးအော်နေတာပါ"

"ဘာရယ်. . . ဟစ်တိုင်မှာအော်နေတယ်ဟုတ်စ။ နေ စမ်းပါဦး. . . အကြောင်းမရှိ အကြောင်းရှာ အော်နေတာ ဘာတွေလဲ"

". . . . . ."

ကျုပ်အမေးကို ပြန်မဖြေဘဲ ဦးစိုက်ခေါင်းငုံ့နေတဲ့အတွက် "ဟဲ့. . . ငါမေးနေတာ မကြားဘူးလား"လို့ အော်ပစ်လိုက်တယ်။

"မှန်ပ့ါသခင်။ ဟစ်တိုင်မှာ အော်နေတာ သခင့်အကြောင်းပါ"

"ဘာ. . . "

"လူယုတ်မာ ပီဋ္ဌိယကြောင့် တစ်ပါးသူ နစ်နာနေပါပြီတဲ့"

"ဟေ. . . ငါက လူယုတ်မာ။ ဘယ်ခွေးသားက ငါ့ကိုလူယုတ်မာလို့ ပြောတာလဲ။ ဗာရာဏသီသားတွေကို ငါက ဘာယုတ်မာသလဲ"

"သူဌေးသန်ဆီက ငွေတွေ လိမ်လည်ယူသွားပါသတဲ့"

"ဘယ်လိုကွ. . . ဟား. . . ဟား. . . ဟား ရာဇဂြိုဟ်သားသန်ထံကငွေကို ငါယူသတဲ့ ဟုတ်စ။ နေ. . . နေစမ်းပါဦး ငါယူတဲ့အကြောင်း ဘယ်သူပြောလဲ သန်လား. . . သူ့မယားလား. . . ဘာအထောက်အထားရှိသလဲ။ ဘယ်သူသက်သေရှိသလဲ။ ယုတ္တိမရှိတဲ့စကားကွာ"

"သက်သေခံဖို့ အော်နေတာက သန်ဆီကပါလာတဲ့ အလုပ်သမားတွေ သူဌေးရဲ့"

"ဟင်. . . "

ကျုပ်ဟာ ဒီစကားကြားလိုက်တာနဲ့ အရုပ်ကြိုးပြတ်လဲကျမတတ် ဖြစ်သွားတယ်။ ကျုပ်စိတ်တွေဟာ ဆောက်တည်ရာမရ လှုပ်ရှားကုန်တယ်။ ကျုပ် ဒါကိုမတွက်မိဘူး။ ကျုပ်တို့ အကြောင်းသိသူဟာ ဗာရာဏသီမှာ မရှိနိုင်ဘူးထင်ခဲ့တယ်။ သန်တို့ လင်မယား စွပ်စွဲရုံနဲ့ ဘာမှမဖြစ်နိုင်ဘူးလို့ လျော့တွက်ထားတာ မှားပြီ။ တစ်ချိန်ကကျုပ်ကို ကူညီဖို့ထည့်ပေးလိုက်တဲ့ သူ့ကျေးကျွန်တွေက ဒီအကြောင်း အကုန်အစင် သိနေတာပဲ။

* * *

အမှန်တရားဆိုတာ ကြာရှည်ဖုံးကွယ်လို့မရမှန်း ကျုပ်နားလည်သွားတယ်။ မင်းကျင့်တရားဆယ်ပါးနဲ့အညီ အုပ်ချုပ်တဲ့ ဗာရာဏသီမင်းက ကျုပ်တို့ဇနီးမောင်နှံကို ဆင့်ခေါ်လိုက်ပါပြီ။ ဒီကတည်းက ကျုပ်ဘဝပျက်စီးပြီဆိုတာ နားလည်လိုက်ပါပြီ။

ရှည်ရှည်ဝေးဝေးစစ်မနေဘဲ ကျုပ်အကြောင်းက ထင်းထင်းကြီးပေါ်နေတယ်။ ဟုတ်တာပေါ့လေ။ ကျုပ်ချမ်းသာလာခဲ့တာလည်း မင်းဧကရာဇ်အသိ။ ဆင်းရဲမွဲတေသွားတာလည်း အသိ။ တစ်ခါပြန်ချမ်းသာတာလည်း သိနေတော့ ဘူးခံငြင်းလို့ မရဘူးပေါ့။ မှန်ပါကြောင်း ဝန်ခံလိုက်ရတယ်။

ဒီအခါ ဗာရာဏသီမင်းက "ငါ့တိုင်းပြည်မှာ တရားသဖြင့် လုပ်ကိုင်စားသောက်တဲ့ သူတွေသာရှိတယ်။ မတရားသဖြင့် ဝိသမလောဘစိတ်နဲ့ စီးပွားရှာသူဆိုရင် ပြည်တွင်းမှာမထား။ ဖယ်ရှားလေ့ရှိတယ်။ သင်ပီဋ္ဌိယဟာ စောင့်ထိန်းအပ်တဲ့ လူ့ကျင့်ဝတ်ကို ဖောက်ဖျက်ရုံမက မိတ်ဆွေကောင်းတို့ရဲ့ ဝတ္တရားကို

အရှက်နည်းစွာ ကျူးလွန်သူဖြစ်တယ်။ အထူးသဖြင့် ဆင်းရဲမွဲတေချိန်မှာ စောင့်မကြည့်ရှုတဲ့ ကျေးဇူးရှင် အပေါ် ကျေးဇူးကန်းတဲ့အထိ မိုက်မဲခဲ့တယ်။ တကယ်တော့ သင်ဖြစ်လာတဲ့ စည်းစိမ်ဟာ သခ်ပစ္စည်းဖြစ်လို့ ကြွယ်ဝချမ်းသာမှုမှန်သမျှကို သခ်ကိုပေးစေ" လို့ အမိန့်ချမှတ်လိုက်တယ်။

ဒီအမိန့်ကြားလိုက်ရတော့ ကျုပ်ဟာ ရပ်တည်နေနိုင်စွမ်း မရှိတော့။ ငှက်ပျောပင်ကို ဓားက ပိုင်းချလိုက်သလို လဲပြိုကျသွားပါတယ်။ ကုဋေလေးဆယ်ကို ပြန်မပေးဘဲ ဖွဲတစ်ဆုပ်သာ ပြန်ပေးမိတဲ့ ကျုပ်ရဲ့ ဝိသမလောဘအမှားကို နောင်တရ ရပါပကော။ ။


ကျောင်းကြီး
ရှင်မ

# ကျောင်းကြီးရှင်မ

ဘုရားရှင်၏ ဒေသနာအဆုံးတွင် "ကြားကြားသမျှအမျှ . . . အမျှ. . . အမျှ. . . ယူတော်မူကြပါရှင်. . . " လို့ ပေးဝေလိုက်ချိန်မှာ သာဓုခေါ်သံက ဘဝင်တိုင်ညံသွားပါတယ်။ သာဓုလို့ တစ်ခွန်းခေါ်လေတိုင်း ကျုပ်ရင်မှာ သိမ့်ခနဲ၊ သိမ့်ခနဲတုန်ခါသွားတယ်။ သာဓုသုံးကြိမ်ခေါ်ပြီးချိန်မှာဖြင့် ကိုယ့်စိတ်ကိုတားဆီးနိုင်ခြင်း မရှိတော့ဘူး။

"လာကြစမ်း. . . မြေးတို့၊ လိုက်ခဲ့ကြစမ်းဟေ့. . . ဘွားဘွားလှူတဲ့ ကျောင်းကြီးရဲ့တင့်တယ်မှုကို ကြည့်ကြစမ်း၊ အဘွားဒါနအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြစမ်း"

ကျုပ်ဟာ အနီးဆုံးမြေးနှစ်ယောက်ကို လက်ဆွဲထလိုက်ရင်ပဲ ငါးသိတ်မှာ သိတဲ့ငါးတွေလို မြေးတွေ တစ်ပြုံတစ်မကြီးပါလာပါတယ်။

အင်း. . . ကျုပ်ဆိုတဲ့ ကျုပ်ကလည်း သားမြေးမြစ် အခြံအရံ ဘယ်လောက်များလည်းဆိုတာ ပြောရရင် အံ့သြကြမယ်။ ကျုပ်က သားဆယ်ယောက်၊ သမီးဆယ်ယောက်မွေးတော့ နှစ်ကျိပ်ပေါ့။ ရှင်မွေးလွန်းလို့တောင် အမည်ပေးရတာပလေ။ အဲဒီသားသမီး နှစ်ကျိပ်ကလည်း တစ်ဦးကိုနှစ်ကျိပ်စီမွေး သတော့။ အဲဒီမြေးနှစ်ကျိပ်ကလည်း သားသမီးနှစ်ကျိပ်မွေးပြန်ရော။ ဒီတော့ကျုပ်ရဲ့ မျိုးဆက်တွေ ဘယ်လောက်များမလဲ တွက်သာကြည့်။

အဲဒီသား၊ မြေး၊ မြစ်တွေခြံရံပြီး ကျုပ်ပြုတဲ့ကောင်းမှုအပေါ် ပီတိဖြစ်စေချင်လွန်းလို့ ကျောင်းကြီးကို လှည့်ပတ် ကြည့်မိတယ်။ ကြည့်နေရင်း. . . ကြည့်နေရင်း ပီတိအရှိန်က ထိန်းမနိုင်၊ သိမ်းမရ ဖြစ်လာပြီး ဥဒါန်းကျူးရင့်မိပါရော. . . ။

"အို. . . မြတ်သောဘုရားရှင်၊ ဘုရားတပည့်တော် မဟာနွယ်လုံးမွေ့လျော်ရာ ဝိဟာရကျောင်းကို ဘယ်သောအခါ လှူနိုင်ပါ့မလဲလို့ အမြဲမပြတ်တောင့်တခဲ့တာ ခုတော့ပြည့်စုံပါပြီ ဘုရား. . . "

"အို. . . ကိလေသာကုန်ခန်းမြတ်သောရဟန်းတို့၊ ဘုရား တပည့်တော်မဟာ နူးညက်ပျော့ပျောင်း ညောင်စောင်းအင်းပျဉ်၊ ဘုံလျှိုခေါင်းအုံးစတဲ့ ကျောင်းဘဏ္ဍာကို ဘယ်သောအခါ လှူဒါန်းရမလဲလို့ အမြဲမပြတ်တောင့်တခဲ့တာ ခုတော့ ပြည့်ပါပြီဘုရား. . . "

"အို. . . တန်ခိုးရှင်၊ နတ်ပြဟ္မာအပေါင်းတို့၊ ကျွန်ုပ်သည် သားငါးပွမ်းသော စာရေးတံဆွမ်း၊ ဘောဇဉ်ကို သံဃာတော်အရှင်မြတ်တို့အား ဘယ်သောအခါ လှူဒါန်းနိုင်ပါ့မလဲလို့ အမြဲမပြတ်တောင့်တခဲ့တာ ခုတော့ပြည့်ပါပြီ"

"အို. . . မိတ်ကောင်းဆွေမွန် သဒ္ဓါလွန်သည့် အရှင်အပေါင်းတို့၊ ငါသည် ထောပတ်၊ ဆီဦး၊ ပျားရည်၊ တင်လဲစသော ဆေးဝါးကို ဘယ်သောအခါမှ လှူဒါန်းနိုင်မလဲလို့ အမြဲမပြတ် တောင့်တခဲ့တာ ခုတော့ပြည့်ပါပြီ"

ကျုပ်ဟာ ပီတိအဟုန်နဲ့ တုန်တုန်ယင်ယင်ရေရွတ်ရင်း ဣန္ဒြေမထိန်းနိုင်ဘဲ ကိုယ်လှုပ်၊ ခေါင်းခါ ကမိတော့တယ်။

ကျုပ်သည်လို မြူးထူးပျော်ပါးစိတ်နဲ့ကတာကို တစ်ရံတစ်ခါမှ မမြင်ဖူးတဲ့ ရဟန်းရှင်လူတွေဟာ အံ့ဩတဲ့အကြည့်နဲ့ ကြည့်နေကြတယ်။ အချင်းချင်းလက်တို့ပြီး ဘယ်လိုလဲဟူတဲ့ အမူအရာနဲ့ မေးကြတယ်။ သူတို့အထင်က ဘဝင်လေဟပ်၊ စိတ်ဓာတ်ပျက်ယွင်း၊ ရူးသွပ်ခြင်းဖြစ်သွားပြီလို့ ထင်မှာပ။ သူတို့အထင် တကယ်တက်စင်အောင်လွဲတာတော့ ကျုပ်မှတစ်ပါး မြတ်ဘုရားသာ သိပါတယ်လေ. . . ။

ကျုပ်ရင်ထဲမှာ မပျော်မြူးဘဲနေမလား ရှင်တို့ရယ်. . . ။

ဘုရားသာသနာတော် အဓွန့်ရှည်ဖို့ တစ်နည်းတစ်လမ်းနဲ့ ထမ်းရွက်ခွင့်ရတာ ဘယ်အရာနဲ့ နှိုင်းယှဉ်မလဲ။

တကယ်တော့ ဒီလိုလှူဒါန်းနိုင်အောင် ကြိုးစားရတာ တော်ရုံတန်ရုံ အခက်အခဲမဟုတ်ပါဘူး။ ကျုပ်အဘိုးမဏ္ဍာက သူဌေးကြီးနဲ့ဖြစ်ဖြစ် ကျုပ်အဖေမနေဥယသူဌေးနဲ့ဖြစ်ဖြစ်နေရတယ် ဆိုရင် အခက်အခဲ ဆိုတာလည်း မရှိဘူး။ ကြောင့်ကြစရာလည်း မလိုဘူး။ သူကိုယ်တိုင်က ဘုရားရှင်ကို ကြည်ညိုတဲ့ ဗုဒ္ဓဘာသာဝင်တွေဆိုတော့ လှူမယ်ဆိုရင် တွန့်တိုမှာလည်းမဟုတ်ဘူး။ ပိတ်ပင်တားဆီးမှာလည်း မဟုတ်ဘူး။

ခုတော့ ကျုပ်နေရတာက ယောက္ခမမိဂါရအရိပ်၊ လင်သားပုဏ္ဏဝဒ္ဓန ဩဇာအောက်မှာပါ။ လင်သားနဲ့ ယောက္ခမကမချမ်းသာလို့တော့မဟုတ်ဘူး။ ကြွယ်ဝသူတွေပါ။ ဒါပေမယ့် သူတို့က အစေလကတိတ္ထိကို ဘုရားအမှတ်နဲ့ ကိုးကွယ်နေတဲ့ ဒိဋ္ဌိအယူရှိသူတွေ ဆိုတော့ မျက်နှာကြည့်နေရတာပေါ့။

တစ်ခုတော့ရှိပါတယ်။ သူတို့ ဘယ်အယူရှိရှိ ကျုပ်ကတော့ ဘုရားရှင်ကလွဲလို့ ကိုးကွယ်ရာ မမြင်ဘူး။ တရားတော်ကလွဲလို့ နာယူရန်မထင်ဘူး။ သံဃာတော်ကလွဲလို့ ဆည်းကပ်ရာ မမှတ်ဘူး။ ရတနာသုံးပါးအမြတ်ဆုံးထားလေတော့ လှူစရာမြင်ရင် လှူတာပါပဲ။ လှူဖို့လည်း မိဘပေးထားတဲ့ ပစ္စည်းဥစ္စာ အပြည့်အဝရှိပါတယ်။ ဒီတစ်သက်မပြောနဲ့ ဆယ်သက်လှူလို့မကုန်တဲ့ စည်းစိမ်ရှိပေမယ့် ဂိုဏ်းလွတ်မအောင် ရှောင်ရသေးဟယ်။ ငါ့ပစ္စည်း ငါလှူတယ်၊ ဘယ်သူကန့်ကွက်မလဲလို့ စိတ်ထင်ရာလုပ်ရင် ပြဿနာ နိုင်တယ်လေ။

ကျုပ်နဲ့ ပုဏ္ဏဝပုနတို့ လက်ထပ်တော့ ဖခင်မေနဥယ သူဌေးဆင်ပေးလိုက်တဲ့ မဟာလတာတန်ဆာ ကျုပ်မှာပါလာတယ်။ ဒီတန်ဆာဟာ ရွှေချည်၊ ငွေပြား၊ ကျောက်သံပတ္တမြားတွေနဲ့ ရက်လုပ်ထားတဲ့ တန်ဆာပါ။ အဖိုးကိုးကုဋေတစ်သိန်းထိုက်တဲ့ ဝတ်ရုံကြီးပေါ့။ ဒီဝတ်ရုံဟာ ကျုပ်ရဲ့အထိမ်းအမှတ်၊ ကျုပ်ရဲ့ ကိုယ်ပွား၊ ကျုပ် ရဲ့အမြတ်နိုးဆုံးတန်ဆာဆိုတာလည်း မှန်ပါတယ်။

ကျုပ်ဟာ မင်းပွဲသဘင်ကိုပဲ တက်တက်၊ မြို့လုံးကျွတ်ဆင်နွဲတဲ့ နက္ခတ်သဘင်ပဲ သွားသွား၊ သူဌေးသူကြွယ်တို့ လုပ်တဲ့ အထင်ကရပွဲတွေက ဖိတ်ဖိတ်၊ ဘုရားကျောင်းကိုပဲလာလာ အဲဒီတန်ဆာကို ဝတ်လေ့ရှိတယ်။ ဒီဝတ်ရုံဝတ်နိုင်လို့ ဂုဏ်တတ်တာလည်း အမှန်ပါ။ ဒါပေမယ့် ဂုဏ်ပါဝါ၊ အရှိန်ကျော်စောမှုအတွက် ဝတ်တာတော့မဟုတ်ဘူး။ မိဂုဏ်၊ ဖဂုဏ်၊ လင်သားဂုဏ်ကိုငဲ့လို့ ဝိသာခါဆိုတဲ့ အထိမ်းအမှတ်ဖြစ်စေချင်လို့ ဝတ်တာပါ။

အင်း. . . ဒီဝတ်ရုံဝတ်ပြီး ဘုရားကျောင်းသွားတယ် ဆိုပေမယ့် ဘုရားကျောင်းတော် ရောက်တဲ့ အထိတော့ မဝတ်ပါဘူး။ ဟုတ်တယ်လေ. . . ဘယ်မှာသင့်မလဲ။ ဝတ်ရုံကြီးတကားကားနဲ့ ဘုရား ရှင်ကို မလေးစားရာကျမှာပေါ့။ ဒါကြောင့် ကျောင်းနားရောက်တာနဲ့ ဝတ်ရုံကိုချွတ်ပြီး အလုပ်အကျွေး တစ်ယောက်ကိုပေးထားပါတယ်။

ဘုရားကျောင်းသွားရင် လှူဖွယ်ဆက်ကပ်၊ တရားဓမ္မ ကြားနာ၊ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းတော့ ကျောင်းဝေယျာဝစ္စလုပ်တာ ကျုပ်အလုပ်ပါ၊ ကျုပ်ကဦးဆောင်လုပ်ရင် နောက်ပါတွေကလည်း ဝိုင်းကူလုပ်ပါတယ်။

တစ်နေ့တော့ ကျောင်းဝေယျာဝစ္စလုပ်ရင်း အချိန်လင့်သွားတယ်။ အလုပ်ဇောနဲ့ နစ်မျောနေတော့ အချိန်မကြည့်မိဘူး။ ဒါနဲ့ကသုတ်ကရက်ပြန်လာလိုက်တာ ခရီးတစ်ဝက်ရောက်မှ မဟာလတာတန်ဆာကြီး ကျန်ရစ်တာ သတိရတယ်။ ကျုပ်ရဲ့ အလုပ်အကျွေးက သူ့အပြစ်နဲ့သူမို့ ပြန်ယူဖို့ အဆောတလျင် ပြေးပါတယ်။

အဲဒီအချိန်မှာ ဖျတ်ခနဲသတိရလိုက်တာက ကျောင်းမှာ ပစ္စည်းဥစ္စာကျန်ခဲ့ရင် အရှင်အာနန္ဒာ ကိုယ်တော်မြတ်က ကောက်သိမ်းလေ့ရှိပါတယ်။ အရှင်မြတ်လက်တော်နဲ့ထိခဲ့ရင် ဒီဝတ်ရုံဟာ

ကျွပ်မသုံးသင့်တော့ဘူး။ သူတော်စင်၊ သူတော်မြတ်တို့ လက်နဲ့ထိပြီးတဲ့ပစ္စည်းဟာ ကျုပ်တို့နဲ့မအပ်ရာဘူးလေ. . .။ ဒါနဲ့ ပြေးသွားသူကိုပြန်ခေါ်ပြီး ဒီအမှုမျိုးရှိ၊ မရှိစူးစမ်း။ ရှိခဲ့ရင် ဒီပစ္စည်းကိုလှူလိုက်တော့လို့ မှာလိုက်တယ်။

ကျုပ်စိတ်ထဲမှာ ကျိတ်ဆုတောင်းတာက အရှင်မြတ်လက်နဲ့ထိပါစေ. . . ကိုင်တွယ်မိပါစေလို့။ ဟုတ်တယ်လေ . . . ဒါမှ ကျုပ်ဒါနမြောက်မှာမို့လား. . .။

အဟင်း. . . ဟင်း။ လိုအင်ဆန္ဒပြည့်ဝသွားတဲ့ ကျုပ်အနေနဲ့ ဘယ်လောက်ဝမ်းသာပီတိဖြစ်ရတယ်ဆိုတာ တွေးသာကြည့် ပါတော့။

* * *

ကျုပ်ရဲ့ မဟာလတာတန်ဆာကြီးရောင်းပြီး လှူမယ်လို့ ဆုံးဖြတ်ပေမယ့် ကိုးကုဋေတန် ဒီတန်ဆာကို ဝယ်နိုင်သူ ဘယ်ရှိမယ်။ ဒီတော့ ကိုယ့်ပစ္စည်းကိုယ်ပြန်ဝယ်၊ ရလာတဲ့ ငွေတွေယူပြီး ကျောင်းထိုလား၊ ဘုရားရှင်ကိုအကြောင်းစုံရှင်းပြ၊ လေးပါးသော ပစ္စည်းအနက် ဘယ်အရာပေးလှူရပါမလဲလို့ လျှောက်လိုက်တယ်။

ကျုပ်ရဲ့ အတိတ်ကုပြုဖူးသည့် ကုသိုလ်၊ ပန်ဖူးသည့်ဆု၊ ယခုမျှော်မှန်းသည့်ဆန္ဒကို သိတော်မူသည့် မြတ်စွာဘုရားက "ချစ်သမီး သံဃာတော်များ သီတင်းသုံးဖို့ ကျောင်းဆောက်ပေတော့" လို့မိန့်တယ်။ ကျုပ်ဆန္ဒနဲ့ယင်၊ တစ်ထပ်တည်းရှိလိုက်တာနော်. . .။

အဟောဝတ၊ အလိုရှိတိုင်း ပြည့်ပြီဟလို့ ကြွေးကြော်ပြီး သာဝတ္ထိမြို့ရဲ့ အရှေ့တံခါးအနီးမှာ သင့်တင့်လျောက်ပတ်တဲ့မြေကို ကိုးကုဋေနဲ့ ဝယ်လိုက်တယ်။ တစ်ခါကျောင်းဆောက်ဖို့ အုတ်၊ သဲ၊ ကျောက်၊ သစ်သားတွေကို ကိုးကုဋေဖိုး ဝယ်လိုက်တယ်။

ကျုပ် အဲဒီလိုပြင်ဆင်နေတုန်း တစ်နေ့မှာတော့ ဘုရားရှင်ဒေသစာရီကြွဖို့ ရည်ရွယ်တာကိုတွေ့လိုက်တယ်။ ဘုရားရှင်အတွက်ရည်စူးပြီး ကျောင်းဆောက်ကာမှ တခြားတစ်ပါးကြွသွားဖို့ ပြင်တာ မြင်တော့ အူယားဖားယား ပြေးလိုက်သွားမိတယ်။

ဘုရားရှင် ဒေသစာရီကြွမယ်မှန်းသိတာက အမြဲမပြတ် ချဉ်းကပ်နေတာမို့ ဘုရားရှင်ရဲ့ အလေ့အထသိနေလို့ပါ။ ဘုရားရှင်ဟာ အနာထပိဏ်သူဌေးရဲ့ အိမ်ကဆွမ်းကို ဘုဉ်းပေးပြီးတိုင်း အရှေ့တံခါးကကြွပြီး ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးပါတယ်။ ကျုပ်အိမ်မှာ ဘုဉ်းပေးပြီးရင် တောင်တံခါးကထွက်ပြီး အနာထပိဏ်လှူတဲ့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးပါတယ်။ ဒီနေ့တော့ ထူးထူးခြားခြား မြောက်တံခါးဆီကြွသွားတော့ "ဆုတ်နစ်တော်မူပါဘုရား . . . ပစ္စည်းကိုစွန့်ပြီး ကျောင်းလှူမှာမို့ ဆိုင်းငံ့ပါဘုရား သို့မဟုတ်ရင်ဖြင့် သင့်မသင့်၊ ရာမရာ ဆုံးဖြတ်နိုင်တဲ့ ရဟန်းတစ်ပါးပါးကို ထားရစ်တော်မူပါလို့ လျှောက်ထားလိုက်

ပါတယ်" ဘုရားရှင်က "ဝိသာခါ နှစ်သက်ရာရဟန်းရဲ့ သပိတ်ကိုယူလော့" လို့မိန့်ပါတယ်။

မှန်ရာပြောရရင် တကာ၊ တကာမတိုင်း ချစ်ကြည်မြတ်နိုးတဲ့ ရှင်အာနန္ဒာမထေရ်ကို ပင့်ချင်ပါတယ်။ စိတ်ကူးလည်း ဝင်မိပါတယ်။ ဒါပေမယ့် ဆရာ၊ တကာ ချစ်မြတ်နိုးမှုနဲ့ ဒီကိစ္စ အမြန်မပြတ်နိုင်ဘူး။ တန်ခိုးဣဒ္ဓိပါဒ် ပြည့်စုံတဲ့ အရှင်မောဂ္ဂလ္လာန် ကိုယ်တော်ကို အမှီပြုရင် ငါ့အကြံအစည် အထမြောက်လိမ့်မယ်လို့ တွေးပြီး သပိတ်ကိုယူလိုက်ပါတယ်။

ကျုပ်ရွေးတာမှန်ကြောင်း နောင်မှပိုသိပါတယ်။ အရှင့် ဘုန်းတန်ခိုးကြောင့် ယူဇနာငါးဆယ်ခရီးက သစ်ဝါးတိုက်လှည်း နေ့ချင်းရောက်တယ်။ လှည်းသမားတွေကလည်း အပင်အပန်း မရှိပါဘူး။ လုပ်ငန်းဖင့်စေတဲ့ အနှောင့်အယှက်တွေလည်းမပေါ်ဘူး။ ကုန်ကုန်ပြောရရင် ဒီကျောင်းကြီး ဆောက်တဲ့အမှုလည်း ကိုးလသာ ကြန့်ကြာခဲ့ပါတယ်။

ကိုးလဆိုတဲ့ အတိုင်းအတာဟာ ကြာပေတယ် ဆိုနိုင်ပေမယ့် ကျုပ်ဆောက်တဲ့ကျောင်းကြီး ပြီးစီးမှုကမြန်ဆန်ပေတယ် လို့ပြောရမှာပါ။

ကျောင်းကြီးက ဘုံဆောင်ခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ကျောင်းကြီး။ ဘုံတစ်ဆင့်မှာ တိုက်ခန်းငါးရာပါတယ်။ နှစ်ဆင့်ဆိုတော့ အခန်းတစ်ထောင်ပေါ့။ သံဃာတော်တစ်ထောင်အထိ သီးသီးသန့်သန့် သီတင်းသုံးနိုင်ဖို့ ရည်ရွယ်ပါတယ်။ ရှစ်မင်းပယ်အကျယ်ရှိတဲ့မြေမှာ ပြာသာဒ်ကို ဆောက်စေတော့ သူ့ချည်းထီးထီး မသင့်ပြန်ဘူး။ ဒီတော့ ပြာသာဒ်ပတ်ပတ်လည်မှာ ကမ္မဋ္ဌာန်းတရားအားထုတ်ဖို့ စေင်းတန်းငါးရာ၊ ဇရပ်ငါးရာဆောက်စေပါ တယ်။

ကျုပ်ရဲ့ပြာသာဒ်ခံ့ညားလှပမှုကို ကြည့်ဦး။ ပြာသာဒ်ထိပ်မှာ နီသောရွှေအတိနဲ့ပြီးတဲ့ စုလစ်မွန်းချွန်လုပ်ထားတယ်။ နေခြည်အဖျန်းမှာ ရွှေရည်လျှမ်းလျှမ်းတက်နေတဲ့ ရွှေကျောင်းတော်ကြီးပါပဲ လေ. . . ။

ကျောင်းတော်ကြီး တည်ဆောက်ပြီးချိန်မှာပဲဘုရား ရှင်ပြန်ရောက်ပြီဆိုတာ ကြားရတော့ အပြေးအလွှားသွားပြီး "မြတ်သောဘုရားရှင်. . . တပည့်တော်မရဲ့ ကုသိုလ်ကောင်းမှု ပြည့်စုံပြီမို့ ပူဇော်ပွဲသဘင်ဆင်ယင်ပါရစေ၊ မိုးလေးလပတ်လုံး ဘုရားတပည့်တော်မရဲ့ကျောင်းမှာ သီတင်းသုံးတော်မူပါလို့ ပင့်လျှောက်လိုက်ပါတယ်" ဘုရားရှင်က သည်းခံတော်မူလို့ ဝမ်းသာပီတိဖြစ်လိုက်တာ ပြောမနေပါနဲ့တော့။

* * *

ကျုပ်ရဲ့ ရွှင်မြူးဝမ်းမြောက်ပုံကို မြင်ရတဲ့ရဟန်းပရိသတ်၊ လူပရိသတ်တို့က ရူးသွပ်လို့ သီဆိုအော်ဟစ်နေတယ်လို့ ထင်ကြတယ်။ ဒီတခါ ဘုရားရှင်က "မဟုတ်ပေဘူး။ ရှေးဆုတောင်းခြင်း ပြည့်လို့ အားရရွှင်မြူး၊ ဥဒါန်းကျူးပေတာလို့" မိန့်တော်မူတယ်။ အဘယ်အခါက ဘယ်ပုံဆုတောင်းလို့ပါလဲ

ဘုရားလို့ မေးလျှောက်ကြတော့ ကျုပ်ရဲ့ ရှေးရှေးဘဝက ဆုတောင်းခဲ့ပုံကို ပြန်ကြားရရော. . .။

ဒီလိုပါ။ ကမ္ဘာတစ်သိန်းအထက်မှာ ပဒုမုတ္တရဘုရားပွင့်တယ်။ ထိုဘုရားရှင်ရဲ့ အလုပ်အကျွေး ဒါယိကာမတစ်ယောက်ဟာ ရှစ်ပါးသောဆုတောင်းယူပြီး မိခင်အရာတည်ပြီး ပစ္စည်းလေးပါးနဲ့ နေ့ည မပြတ် ပူဇော်တယ်။ ဒီဒါယိကာမရဲ့ခင်ပွန်းဟာ အတူတကွ ကျောင်းသွားလေ့ရှိတယ်။ ဘုရားရှင်နဲ့ အကျွမ်းတဝင်ရှိတယ်။ ဒါကို မြင်ပြီး အားကျတဲ့တကာမဟာ ဘုရားရှင်ရဲ့ ရဟန်းတစ်သိန်း ကိုပင့်ဖိတ်၊ ခုနစ်ရက်ပတ်လုံး ဆွမ်းလုပ်ကျွေး၊ သင်္ကန်းလျာပုဆိုးလှူဒါန်းပြီး "တပည့်တော်မသည် ဤအလှူရဲ့ အကျိုးကြောင့် တစ်ပါးသော ဘုရားရှင်ထံဝယ် ရှစ်ပါးသောဆုကိုရလိုပါ၏။ မိခင်အရာ၌တည်၍ ပစ္စည်းလေးပါးဖြင့် အလုပ်အကျွေးပြုရာတွင် မြတ်သောသူဖြစ်ရပါလို၏" လို့ဆုတောင်းခဲ့တယ်။ ဒီကောင်းမှု ကြောင့် နတ်စည်းစိမ်၊ လူ့စည်းစိမ်အတန်တန်ရခဲ့ပြီး ခုအခါမှာ ဝိသာခါရယ်လို့ ဖြစ်လာပေတယ်တဲ့။

ကျုပ်ရဲ့ ရှေးဘဝအကြောင်း ဒီလိုကြားရတော့ "ဩော် . . . ငါ့ဆုတောင်းကောင်းပါဘိတော့၊ ကောင်းမြတ်ပါဘိတော့" လို့ ပီတိသောမနဿ ဖြစ်ရပါတယ်။

ဘုရားရှင်ရဲ့ သာသနာတော်အတွင်းမှာ ကျောင်းဒါယကာတွေ များပြားပါတယ်။ ဒီသာဝတ္ထိမှာ လည်း ဇေတဝန်ကျောင်းဒါယကာကြီး အနာထပိဏ်ရှိနေတယ်။ အနာထပိဏ် သူဌေးကြီးရဲ့ သဒ္ဓါကြီးမှု လည်း စံယူလောက်ပါတယ်။ နောက် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရဆိုလည်း ဝေဠုဝန်ကျောင်းကြီး လှူဒါန်းတဲ့ကျောင်းရှင်ပါ။ ကပိလဝတ်က နိဂြောဓမင်းသားဆိုလည်း နိဂြောဓရုံကျောင်းဆောက်လှူတယ်။ အနာဂါမ်ဖြစ်တဲ့ စိတ္တသူကြွယ်ကတော့ မာဂဝတိုင်း၊ မစ္ဆိကာသဏ္ဍရွာကြီးမှာ အမ္ဗာဋကကျောင်းတော်ကြီး ဆောက်လှူသူပါ။ အဲဒီလို ကျောင်းဒါယကာတွေကြားမှာ ထူးထူးခြားခြား ဒါယိကာမ တစ်ဦးတည်းပါခဲ့တယ် လေ . . . အဲဒါ ကျုပ်ဝိသာခါပေါ့။

လူတွေ ကျုပ်ကို ဓနဥ္စယသူဌေးသမီးလို့ အမွှမ်းတင်တုန်းက သိပ်မကြည်နူးဘူး။ အဲ. . . ပုဗ္ဗာရုံ ကျောင်းကြီးဆောက်လှူခဲ့လို့ ကျောင်းအစ်မကြီးဝိသာခါလို့ခေါ်တာတော့ ဝမ်းအသာဆုံးပဲ။ ကျုပ်ရဲ့ စေတနာ၊ ကျုပ်ရဲ့သဒ္ဓါ၊ ကျုပ်ရဲ့ဒါန အဲဒါတွေအကုန်လုံး သိမ်းခြုံပေါ်လွင်စေတဲ့ ဂုဏ်ပုဒ်ပဲမို့လား။

ကျောင်းအစ်မကြီး၊ ကျောင်းကြီးရှင်မကြီးလို့ တစ်ခွန်းခေါ်သံကြားလို့ ဖြစ်ရတဲ့ပီတိဟာ အဖိုးတန် ပတ္တမြားတွေ တောင်းနဲ့ခြင်ပြီးပုံပေးတဲ့ဝမ်းသာမှုထက် အဆတစ်ရာမက သာပါတယ်လို့ ပြောလိုက်ချင် တယ်။ ကျုပ်. . . အတောင့်တဆုံးဆုကြီးပဲလေ. . .။ ။

ကျမ်းကိုး

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဇိနတ္ထပကာသနီ ကိုမှီးပါသည်။

# အရှုံးမရှိ
# နိုင်သောအမြတ်



# အရှုံးမရှိ နိုင်သောအမြတ်

ကျုပ်တွေ့ဖူးတဲ့ လူတွေထဲမှာ ဒီလူကြီးက ဘုကလန့်အကျဆုံး။

အဟုတ်ဗျာ. . . ကြုံ ကြုံဖူးပါဖူး။ သူများက အဖြူဆို၊ သူက အမည်း။ အများကအဝိုင်းဆို သူကလေးထောင့်။ အများက လက်ညှိုးထောင်ခေါင်းညိတ်ရင် သူကခေါင်းခါ လက်ယမ်း၊ တကယ်ပြောတာ ဘယ်သူနဲ့မှ သဘောချင်းမတိုက်ဆိုင်ဘူး။

ဒါသူ့ညာဉ်ပဲဖြစ်မယ်။ မွေးကတည်းက ပါလာတဲ့ ဝါသနာဖြစ်မယ်။

လူဆိုတာက သူ့ဗီဇ၊ သူ့ဝါသနာရှိကြတယ်။ တချို့က ခပ်ရွှင်ရွှင်၊ ခပ်သောသော၊ ရယ်ရယ်မောမောနေတတ်တယ်။ တချို့ကျတော့ ခပ်အေးအေးအတွေးနဲ့ ငြိမ်နေတတ်တယ်။ တချို့ကျတော့ အလုပ်နဲ့လက်နဲ့မပြတ် လှုပ်ရှားနေတတ်တယ်။ တချို့ကျတော့ ပါးစပ်ကိုအအားမထား၊ ဆိတ်ကုက္ကိုသီးဝါးသလို စားနေတတ်တယ်။ လူအမျိုးမျိုး၊ ဝါသနာအမျိုးမျိုး၊ ဗီဇအမျိုးမျိုးပေါ့။

ဒီလူကြီးကတော့ ဘုသမားပဲ။ ဒါကျုပ်အမြင်ပြောတာ . . .။ တချို့ကတော့ ထွေလီကာလီပြောတတ်၊ မေးတတ်၊ စပ်စုတတ်တဲ့လူကြီး။ အနတ္တပုစ္ဆကကြီးလို့ဆိုတယ်။ လောကလူတွေပြောတဲ့စကား ခြောက်မျိုးရှိတယ်နော်. . .။စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်ဆိုတာလေ. . .။ ဟုတ်လည်းမဟုတ်။ သူလည်းမနာလို၊ အကျိုးလည်းမရှိတဲ့ စကားကတစ်မျိုး။ ဒုတိယက ဟုတ်တော့ဟုတ်တယ်၊ တစ်ပါးသူက မနာလို၊ အကျိုးမရှိတဲ့စကား။ နောက်တစ်ခုက ဟုတ်လည်းမဟုတ်၊ အကျိုးလည်းမရှိ သူတစ်ပါးနာလိုတဲ့စကား။ နောက်တစ်ခုက ဟုတ်လည်းဟုတ်တယ်၊ သူတော့နာလို၊ အကျိုး ကားမရှိတဲ့စကား။ ဒီလေးမျိုးက မပြောသင့်တဲ့၊ မပြောအပ်တဲ့ စကားလေးမျိုးတဲ့။

ကျန်နှစ်မျိုးက ဟုတ်လည်းဟုတ်တယ်။ အကျိုးလည်းရှိ၊ သူတော့မနာလိုတဲ့စကား။ ပြီးတော့

ဟုတ်လည်းဟုတ်၊ အကျိုးလည်းရှိ၊ သူလည်းနာလို။ ဒီနှစ်မျိုးကိုသာ သူတော်ကောင်းတွေ ပြောသင့်တယ်။ ပြောကြတယ်လို့ ဘုရားရှင်က ဆုံးမဖူးတယ်။

ဒီလူကြီးကတော့ ပယ်သင့်တယ်ဆိုတာမှ ရွှေပြောလားမသိဘူး။ ဟုတ်တာမဟုတ်တာ သူမစဉ်းစားဘူး။ စဉ်းစားစရာမလိုဘူးလို့ တွေးထားသလားတော့ မသိဘူး။ ပြောချင်တာပြောတယ်။ ပါးစပ်ထဲက တွေ့ကရာပြောတာ။ တစ်ဖက်သားလည်း နားခံနိုင်တာ၊ နားမခံနိုင်တာ သူ့အလုပ်မဟုတ်ဘူး။ စိတ်ထဲထင်ရာမြင်ရာ ပြောတော့တာပဲ။

ဝါသနာအရပြောတတ်တာထားပါ။ တစ်ဖက်သား မခံချင်အောင် စပ်စပ်စုစုမေးတတ်တာ ပိုဆိုးတယ်။

"ဒီမယ် ကိုရင်လေးရဲ့ မောင်ရင်ကို ကျုပ်မေးစမ်းပါဦးမယ်"

ဒါက ကျုပ်နဲ့တွေ့ရင် သူပြောတတ်တဲ့ ပလ္လင်ခံစကား။ ကိုင်း. . . မေးပုံကြည့်စမ်း။ အာလုတ်ပြုခေါ်ကတည်းက တစ်ဖက်သား အထင်သေး၊ အမြင်သေးတဲ့လေသံ။ စကားချီးကတည်းက အပေါ်စီးအသံနဲ့ လူကိုမတူသလို၊ မတန်သလို၊ အပေါက်မျိုးချိုးပြောတာ. . .။ စိတ်ထဲမခံချင်ဘူး။ ဘာမေးမှာလဲ . . . ခင်ဗျား မေးချင်တာမေးစမ်းလို့ ဘုဆတ်ဆတ်ပြန်ပြောချင်တာ အလွန်ပဲ။ ဒီလိုပြောရင် မင်းက ခပ်ရိုင်းရိုင်းပါလားလို့ အပြောခံရဦးမယ်။ ဘေးကကြားရင်လည်း မတော်တော့ အောင့်သက်သက်နဲ့ ကျိတ်ခံရတယ်။ တကယ်ပဲ ခံရခက်တယ်ဗျာ။

အင်း. . . ထားတော့။ ကျုပ်က ဘာကောင်မှမဟုတ်လို့ ဒီလိုအမေးခံ၊ အပြောခံရတာက အကြောင်းမဟုတ်ဘူး။ ဒီလူကြီးအကျိုးမဲ့ စကားမေးတတ်။ ပြောတတ်တာက ဘုရားရှင်လို ပုဂ္ဂိုလ်မျိုးတောင် အလွတ်မပေးဘူး။ လူနတ်ပြဟ္မာ သတ္တဝါအားလုံးက အရိုအသေထားတဲ့ မြတ်ဘုရားတောင် ရိုသေရမှန်းမသိဘူး။ သင်းက ဝါသနာအရ မေးကိုမေးရမှ နေကောင်းတဲ့ပုံမျိုး။

* * *

"အရှင်ဘုရား၊ ဘုရားတို့မည်သည် အကျိုးရှိရာတရားကိုပဲ ဟောတတ်သလား. . . အကျိုးမဲ့တဲ့၊ ပျက်စီးတတ်တဲ့ တရားရောဟောတတ်သလား. . . ဟောဖူးလား"

ကြည့်စမ်း။

ဒီလူကြီးမေးလိုက်တဲ့ စကားကို သေချာတွေးကြည့်စမ်း။

သံသရာရေအလျဉ်ကြောမှာ လူးလာဆန်ခတ်၊ မျောပါကျင်လည်နေရတဲ့သတ္တဝါတွေကို သံသရာတစ်ဖက်ကမ်း၊ နိဗ္ဗာန်ရွှေပြည်နန်းရောက်အောင် လမ်းညွှန်ဆုံးမနေတဲ့ မြတ်ဘုရားကိုမေးလိုက်တဲ့ စကားတဲ့။

မေးထိုက်၊ မမေးထိုက်ဆိုတာ ကျုပ်တို့လို အသုံးမကျတဲ့ လူတွေတောင်သိပါတယ်ဗျာ. . .။ ဘုရားရှင်က အကျိုးမဲ့တဲ့တရား ဟောမလား. . .။ ဒီမကောင်းမှုတွေမလုပ်နဲ့၊ လုပ်ရင်မကောင်းတာ ခံရမယ်။ ဒီအကျင့်တွေကိုကျင့်၊ ဒီပုံစံကျင့်ရင် နတ်ရွာ၊ နိဗ္ဗာန်ချမ်း သာရောက်မယ်။ အဲသလို ဆိုဆုံးမနေတဲ့ မြတ်ဘုရားက အကျိုးမဲ့တဲ့ တရားတွေဟောမလား။

ဒီလူ့ခွစာကြီးစကားကြားရတာ ရာဇဂြိုဟ်ပြည်သား တရားနာပရိသတ်တွေဟာ ဟင်ခနဲ အံ့အား သင့် ရေရွတ်ကြတယ်။ ဘယ်လိုမေးလိုက်ပါလိမ့်လို့ တီးတိုးရေရွတ်သူတွေလည်းရှိသေးတယ်။ အံ့သြ ဒေါသဖြစ်တဲ့အကြည့်နဲ့ ဝိုင်းကြည့်နေတုန်းမှာ သူက ထပ်မေးလိုက်ပြန်တယ်။

"ကျုပ်အထင်တော့ အရှင်တို့ဟာ အကျိုးစီးပွားဖြစ်မယ့် တရားကိုသာ သိမယ်ထင်တယ်။ ဟုတ်လား အရှင်ဂေါတမ။ စီးပွားဆုတ်ယုတ်ပျက်စီးမယ့် အကျိုးမဲ့တရားတော့ သိမယ်မထင်ပါဘူး"

မခိုးမခန့် ပြုံးစိစိအမူအရာနဲ့မေးနေတဲ့ အနတ္တပုစ္ဆကကို ကြည့်ပြီး ဒေါပွကုန်တယ်။ ဒီလူကြီးရဲ့ လည်ကုပ်ကိုဆွဲပြီး တရားမဏ္ဍပ်က ထုတ်ချင်သူတွေတောင် ရှိတယ်။ သဗ္ဗညုတဉာဏ်တော် ရှင်ဘုရားသခင် ကို သူမို့မေးဝံ့တယ်။ ဒါမလေးမစားလုပ်တာ။ ဒါပေမယ့် ဘုရားရှင်က ခွင့်လွှတ်တဲ့အကြည့်နဲ့ တစ်ချက် ကြည့်ပြီး ဖော်ရွေစွာမိန့်တယ်။

"အချင်း ပြဟ္မဏ၊ သင်ကား ဘာကိုရည်ရွယ်လို့ ဒီစကား မေးသလဲ၊ ငါဘုရားဟာ အကျိုးရှိတဲ့ တရားလဲသိတယ်။ အကျိုးမဲ့တဲ့ တရားလဲသိပါတယ်. . လောကမှာ ငါဘုရား မရှင်းနိုင်တဲ့ပြဿနာ မရှိပေဘူး. . . ပုဏ္ဏား"

"အို. . . ဟုတ်လား. . . အကျိုးမဲ့စေတဲ့တရားသိတယ်။ ဒါ အမှန်ပဲဆိုရင် အရှင်ဂေါတမအနေနဲ့ အကျိုးမဲ့ကြောင်း တရားဟောစမ်းပါ"

ဗုဒ္ဓေါ့။ သူ့စကားကြားပြီး ကယောင်ကတမ်း ရေရွတ်မိတယ်။ ဟုတ်ပါ့ဗျာ. . .။ အများက အကျိုးပွားစေမယ့် တရားနာချင်လို့ ဟောဒီဝေဠုဝန်ကျောင်းကိုလာကြတာ. . .။ ဘုရားရှင်ထံ လည်း ဒီတရားမျိုးကိုသာ အမြဲကြားရတာ. . .။ အများက အဖြူမြင်ချင်၊ သုခတွေ့ချင်၊ ကောင်းကျိုးချမ်းသာ ဖြစ်ချင်တယ်ဆိုမှ သင်းကအမည်း၊ ဒုက္ခတရား၊ အကျိုးမဲ့တာဟောစမ်းပါတဲ့။ ကိုင်း. . . ဘယ် လောက်ခွကျ သလဲ။ တော်တော် ကတ်သီးကတ်သတ်နိုင်တဲ့လူကြီး။

"ကောင်းပြီ. . . အချင်းပြဟ္မဏ။ ကြံကြီးစည်ရာမေးတတ်တဲ့ သင့်ကိုငါမိန့်တယ်။ သင်ဟာ လောကီမှာ ကြီးပွားချင်ရင်၊ လောကုတ္တရာချမ်းသာရချင်ရင် ခုပြောတဲ့အချက်တွေကိုရှောင်၊ အိမ်း. . . အကျိုးမဲ့ချင်ရင်တော့ ဒါတွေဆောင်ရမယ်. . . "

"မှန်ပါ. . . မှန်ပါ. . . အကျိုးမဲ့နိုင်တဲ့ တရားတွေက ဘာတွေပါလိမ့်"

"အိပ်ရာက နေမြင့်မှထခြင်းတစ်ပါး"

"ဩော. . . ဟုတ်ပြီ၊ အိပ်ရာကနေမြင့်မှထတာ ဝီရိယနည်းတာပဲ။ ဝီရိယနည်းတာနဲ့ သူများလို ရနိုင်တာမရဘူး။ ရသင့်သလောက် မရဘူး။ အခွင့်အရေးနည်းသွားတယ်။ ဟုတ်ပြီ၊ ဒါအကျိုး မဲ့စေတဲ့ တရားပဲ"

"ပျင်းရိဖင့်နွှေးခြင်းသည်လဲ တစ်ပါး"

"မှန်တာပေါ့. . . ပျင်းလို့ ဘာမှမလုပ်ရင် ဘာမှမဖြစ်လာနိုင်ဘူး။ အောင်မြင်ဖို့ အခွင့်အလမ်း နည်းသွားမယ်။ ဒါ သဘာဝကျပါတယ်။ မှတ်သားသင့်တဲ့တရားပါ။ ဆက်မိန့်ပါဦး"

"နောက်တစ်ခုက ရက်စက်ကြမ်းကြုတ်ခြင်းတစ်ပါး"

"ရက်စက်. . . အဲ. . . ကြမ်းကြုတ်၊ ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ ဒေါသဖက်တာပဲ။ ဒေါသ မပွားရင် အမှားများမယ်။ မှားပြီဆိုကတည်းက အမှန်လမ်းမရောက်တော့ဘူး။ ဒါဆို အကျိုးမဲ့စေတာပဲ သဘာဝကျပါတယ်"

"နောက်၊ စားသောက်မူးယစ်နေခြင်းတစ်ပါး"

"မှန်တာပေါ့၊ မူးယစ်သောက်စားနေသူဟာ ဆင်ခြင်တုံ တရားပျောက်သွားမယ်။ မဆင်မခြင်နိုင်ရင် အမှား၊ အမှန် မခွဲခြားနိုင်တော့ဘူး။ ဒါလဲ အကျိုးမဲ့နိုင်တာပဲ။ ဟုတ်ပြီ အရှင်ဂေါတမ ဆက်ဟောပါဦး"

"နောက်တစ်ခုက တစ်ယောက်တည်း ခရီးသွားခြင်းတစ်ပါး"

"ဘယ်လို၊ တစ်ယောက်တည်းသွား. . . ဟုတ်လားဘုရား၊ တစ်ယောက်တည်းခရီးသွားရင် ဘယ် လုံခြုံမလဲ။ အရေးဟဲ့၊ အကြောင်းဟဲ့ဆိုရင် ကူညီကယ်တင်မယ့်လူမရှိဘူး။ ဒါဆို အကျိုးမများနိုင်တာ အမှန်ပဲ"

"ဟုတ်တယ် ပြဟ္မဏ၊ နောက်ဆုံးအကျိုးမဲ့စေတဲ့ တရားကတော့ သူ့သားမယားအိမ်ဝင်ထွက်သွား လာ. . . သူ့ သားမယားနဲ့ ဆက်ဆံတာပဲ"

အနတ္တပုစ္ဆကပုဏ္ဏားကြီးဟာ ဘယ်သူမှမမေးဖူးတဲ့ အကျိုးမဲ့ပျက်စီးစေတတ်တဲ့ တရားမေးလာ တယ်။ တကယ့် လူကန့်လန့်၊ လူခွစာပါ။ ဒီလို ကန့်လန့်တိုက်မေးတာကိုပဲ ဘုရားရှင်က ဂရုတစိုက် ဖြေပါတယ်။ အတုမရှိ ပညာရှင်ဖြေတာကိုတောင် ဟုတ်၏၊ မဟုတ်၏၊ ဖြမ်နိုင်၊ မဖြစ်နိုင် ဝေဖန်ပြီးမှ ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံတယ်. . . ။

ဘုရားရှင်ရဲ့ စကားအဆုံးမှာ အနတ္တပုစ္ဆကဟာ သိပ်သဘောကျသွားပုံနဲ့ သာဓု. . . သာဓုလို့ အကြိမ်ကြိမ် ရေရွတ်နေတယ်။

တစ်ဖက်သားနဲ့ပြောဆိုတိုင်း အလိုမကျ၊ နှစ်သိမ့်လေ့မရှိ တဲ့ အနတ္တပုစ္ဆကဟာ ဒီတစ်ခါမှာတော့ တော်တော် နှစ်ခြိုက်သွားပုံပါပဲ။

"သာဓု၊ ဂဏာစရိယ။ ကောင်းလိုက်လေ. . . ဂဏာပါ မောက္ခရယ်. . . အရှင်ဘုရားဟာ

အကျိုးရှိတဲ့တရားသိသလို၊ ဟောနိုင်စွမ်းလဲရှိပါပေတယ်။ အဲ. . အကျိုးမဲ့တရား ခွဲခွဲခြားခြားသိပြီး ကျေနပ်လောက်အောင် အဖြေပေးနိုင်ပါတယ်။ ကျုပ်အမှန်အတိုင်းဝန်ခံပါမယ်။ ကျုပ်စိတ်သဘောနဲ့ ကိုက်ညီအောင် ဟောနိုင်စွမ်းရှိတဲ့အရှင်ဘုရားကို ကျုပ်ကျေးဇူးအထူးတင်ပါတယ်။ လေးစား ကြည်ညိုပါတယ် ဗုဒ္ဓ။

* * *

မှန်တာပြောရရင် ကျုပ်တို့ရာဇဂြိုဟ်ပြည်သားထဲမှာ အနတ္တပုစ္ဆာက အလိုကျအောင် ဖြေနိုင်သူမရှိဘူး။

ဒီလူကြီးက ဗဟုသုတလည်းရှိတယ်။ စာပေလည်း နှံ့စပ်တယ်။ လေ့လာစူးစမ်းတတ်တဲ့ စိတ်လည်းရှိတယ်။ ဒီတော့ ပြဿနာတစ်ခုပေါ်ပြီဆိုရင် ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်တယ်။ ဒါဒီလိုလား . . . ဟိုလိုရော မဖြစ်နိုင်ဘူးလား. . . အဲလိုဖြစ်ရင် ဘယ်လိုလုပ်မလဲ။ အဲဒီလို စောဒကတက်ကာ တက်ကာ မေးတတ်တယ်။ ကတ်သီးကတ်သတ်၊ နှိုက်နှိုက်ချွတ်ချွတ်မေးတာကို လိပ်ပတ်လည်အောင် မဖြေနိုင်တော့ အမေးအမြန်းထူရန်ကောလို့ သူ့ကိုအပြစ်မြင်တယ်။ အလားတူ လူကတ်၊ လူခွစာ၊ လူ့ကန့်လန့်လို့ သုံးသပ်ပစ်တယ်။

ဒီလူကြီးကို အများက ဒီလိုသုံးသပ်မှန်း သူလည်းသိတယ်။ ကွယ်ရာမှာ အပုပ်ချတာလည်း သူကြားတယ်။ အပုပ်ချချင်ချ၊ မချချင်နေ၊ သူအလိုမကျရင်တော့ တုံးပေကတ်သတ် တင်းခံနေတတ်တာ သူ့အကျင့်ပဲ။

ဟော. . . သည်တစ်ခါတော့ သူနှစ်ခြိုက်သွားပုံပဲ။ အလိုကျသွားတော့ ဘုရားရှင်ကို ချီးကျူးထောမနာပြုလိုက်တာ အလွန်ပဲ။

"အချင်းပုဏ္ဏား၊ သင်ဒီစကားမေးတာ အကြောင်းရှိမယ်၊ သင်ဘာအလုပ်နဲ့အသက်မွေးလဲ"

"မှန်လှပါဗုဒ္ဓ၊ ကျွန်ုပ်အလောင်းအစားနဲ့ အသက်မွေးပါတယ်. . . "

"ဩော်. . . ကစားသမားပေါ့၊ ဒါဆို သင်လောင်းကစားတာ ရှုံးလား၊ နိုင်လား. . . "

"မှန်ပါဗုဒ္ဓ၊ အလောင်းအစားမည်သည် ရှုံးချည်တစ်ခါ နိုင်ချည်တစ်လှည့်ပါ"

"ကောင်းပြီ. . . သင်ကစားလို့ နိုင်သည်ပဲထား၊ အဲဒီနိုင်မှုဟာမြဲလား. . . ထာဝရအနိုင်ရမလား"

"ဘယ်မှာနိုင်မလဲ. . . မြတ်စွာဘုရား၊ ကစားသမားဟာ နွဲ့သမားပါးလို ပိန်ချည်၊ ဖောင်းချည်ပေါ့"

"ဟုတ်ပြီ. . . ဒါဆို သင့်ဘဝမှာ အရှုံးမရှိဘဲ အနိုင်ရ တာမလိုချင်ဘူးလား"

"အမြဲ. . . အမြဲနိုင်တာ. . . ဟုတ်သလားဘုရား၊ ကောင်းလိုက်တာ မြတ်ဘုရား၊ အဲဒီဂါထာရှိရင် ချီးမြှင့်စမ်းပါ။ ကျွန်ုပ်လို အလောင်းအစားသမားဟာ ဒါမျိုးမလိုချင်ဘဲရှိမလားဘုရား၊ ဆေးဝါး

အစီအရင်ဆိုရင်လဲ ညွှန်းစမ်းပါ"

"ကောင်းပြီ ဖြဟ္မဏ၊ မှတ်လော့"

**-အတ္တဟာဝေ ဇိတံ သေယျော ယာစာယံ၊ ဣတရာ ပဇာ အတ္တဒန္တဿ ပေါသဿ၊ နိစ္စံသညာ ဘစာရိနော။**

**-နေဝဒေဝေါ နဂန္ဓဗ္ဗော၊ နမာရော၊ သဟဗြဟ္မုနာ၊ ဇိတံ အပရာဇိတံ ကယိရာ၊ တထာ ရူပ ဿဇန္တုနော။**

အနုတ္တပုစ္ဆက မှတ်သားနိုင်အောင် တစ်ပိုဒ်ချင်းမိန့်လိုက်တယ်။ ထာဝရအမြတ်ရစေနိုင်တဲ့ ဂါထာဆိုပြီး ပုဏ္ဏားကြီးက ထပ်ပြန်တလဲလဲ ရေရွတ်ရင်း စဉ်းစားဟန်ပြုတယ်။

အကြင်သူဟာ ကိလေသာတည်းဟူသော အောင်ခြင်းဖြင့် မိမိကိုယ်ကို အောင်မြင်ရင် ထိုအောင်မြင်မှုဟာ မြတ်သောအောင်မြင်မှုပင်။ ဤအောင်မြင်မှုကို ဆုံးရှုံးအောင် နတ်လည်းမတတ်နိုင်။ ဂန္ဓဗ္ဗလည်း မစွမ်းနိုင်။ မာရ်နတ်သည်လည်းကောင်း၊ ဗြဟ္မာကြီးသည်လည်းကောင်း မဖြိုဖျက်နိုင်။

အနက်ကိုပြန်ဆိုရင်း စဉ်းစားဟန်ပြုနေတဲ့ ပုဏ္ဏားကြီးဟာ တဖြည်းဖြည်းနားလည်သွားဟန်ဖြင့် လက်ရုံးဆန့်တန်း ကြုံးဝါးလိုက်တယ်။

"ဟုတ်ပြီ။ ငါအောင်ပြီ. . ဘုရားရှင်နဲ့တွေ့လို့ အမြတ်ဆုံး အောင်ပွဲတွေ တွေ့ပြီ။ ဒီအမြတ်ဟာ တစ်သက်လုံး မရှုံးနိုင်တဲ့ အမြတ်ပဲဟေ့"

အနုတ္တပုစ္ဆက ဘယ်ကလောက် ဝမ်းသာကြည်နူး ဖြစ်သွားမယ်ဆိုတာ ခန့်မှန်းမရဘူး။ ဘေးက နာနေတဲ့ ကျုပ်တို့ ရာဇဂြိုဟ်ပြည်သားတွေတောင် ကြည်နူးဝမ်းသာသွားရတယ်။ ဟုတ်တယ်လေ . . . အနုတ္တပုစ္ဆက အမေးအမြန်းထူလို့ တရားထူးတစ်ပုဒ် နာလိုက်ရတယ် မဟုတ်လား. . .။ ။

ကျမ်းကိုး

(၁)ဓမ္မပဒ၊ အနတ္တပုစ္ဆက ဗြဟ္မဏဝတ္ထု

(၂)ဒဂုန်ဦးစန်းငွေ၏ ဗုဒ္ဓကိုယ်တိုင်ဖြေကြားခဲ့ရသော မေးခွန်းနှင့်ပြဿနာများ


သန္တိသုခ

# သန္တိသုခ

"အား. . . ကျွတ်ကျွတ်၊ အလိုလေးလေး. . . သေသာသေလိုက်ပါတော့၊ မြန်မြန်သေ မြန်မြန်အေးတာပဲ"

ဝေဒနာဖိစီးနှိပ်စက်မှုဒဏ်မှ လွတ်မြောက်ရန် အကောင်းဆုံးနည်းလမ်းမှာ သေခြင်းဟုပင် တွေးပစ်လိုက်သည်။ ဝေဒနာကို ကြာရှည်မခံစားလိုတော့။

လူက လှဲလို့လည်းမရ၊ ထိုင်လို့လည်းမဖြစ်၊ လမ်းလျှောက်ဖို့ဝေးစွ။

ရုပ်ခန္ဓာက အများသူငါလို သုံးဆယ်နှစ်ကောင့သဖြင့် ဖွဲ့စည်းထားသည်ဆိုပေမယ့် ဘယ်အရာမှ အကောင်းပကတိမရှိတော့။ သွားလာလှုပ်ရှားဖို့ဖြစ်လာသည့် ခြေနှစ်ချောင်းကလည်း အသုံးမကျတော့။ လမ်းလျှောက်ဖို့မဆိုထားနှင့် ခန္ဓာဝန်ထမ်းပြီး မားမားမတ်မတ် ရပ်ဖို့ပင်မစွမ်းတော့။ ရပ်ရမည့် ဖဝါးနှစ်ဖက်တွင် အနာကြီးတွေပေါက်နေ၍ အထိအခိုက်မခံနိုင်။

လမ်းလျှောက်ဖို့အသုံးပြုရမည့် သည်ခြေထောက်တွေက သုံးစားလို့မရတော့။

လမ်းမလျှောက်နိုင်လျှင်ထား၊ ထိုင်နိုင်လျှင်တော်သေး။ တင်ပါးနှစ်ဖက်တွင် ပေါက်နေသော အနာတွေကြောင့် ထိုင်လို့လည်းမရ။ ဖြစ်လိုဖြစ်ငြား ကြိုးစားကြည့်မိသည်။ တင်ပါးနှင့်ကြမ်းပြင်ထိလိုက်သည်နှင့် "အောင်မယ်လေးဗျ" ဟု အထိတ်တလန့် ထအော်မိသည်။ အနာတည့်တည့် လက်ဝါးနှင့် အရိုက်ခံရသည့်နှယ် နာကျင်မှုဝေဒနာကြောင့် မျက်လုံးပင် ပြာဝေသွားသည်။

မထိုင်နိုင်ပြန်တော့ လှဲချလိုက်ရသည်။ ကျောနှင့် ကြမ်းပြင် ထိလိုက်မိချိန်မှာ မီးပွင့်သွားသလား အောက်မေ့မိသည်။

မငိုမိဘဲ မျက်ရည်ကျလာသည်။ မအော်ချင်ဘဲ စုတ်သပ်မိသည်။ မရည်ရွယ်ဘဲ အမေ့ကိုတမ်းတမိသည်။

လူတစ်ကိုယ်လုံး အနာတွေနှင့်ပြည့်နှက်နေ၍ ဘယ်နေရာမှ အကောင်းပကတိမရှိ။ အနာသစ်တို့က သွေးစိမ်းရှင်ရှင်ထွက်သကဲ့သို့ အနာဟောင်းတို့က ပြည်တစိုစို။ သွေးနှင့်ပြည်တို့ထွက်လာသည့် ပုပ်အဲ့အဲ့အနံ့ဆိုးကြောင့် မိမိကိုယ်တိုင်ပင် ပျို့အန်ချင်လာသည်။

"ဟဲ့. . . တိဿ၊ နင့်တစ်ကိုယ်လုံးလဲ ဘယ်နေရာကောင်းသေးသလဲ၊ ပကတိအနေအထားဘယ်နေရာရှိသေးသလဲ၊ ပုပ်ဆွေး ပျက်စီးနေတဲ့ နင့်ခန္ဓာကိုယ်ကြီးကို ဘယ်လိုပြုပြင်မလဲ၊ ပြုပြင်လို့ရောရမယ်ထင်သလား။ နေစမ်းပါဦး။ ဒီခန္ဓာအပုပ်ကောင်ကြီးကို နင်ဘာကြောင့် တွယ်ဖက်နေသေးလဲ တိဿ"

ခံစားနေရသော ဝေဒနာဆိုးတို့ကြောင့် ကိုယ့်ကိုယ်ကိုပြန်မေးမိသည်။ မသတိစရာ ဒီခန္ဓာကို ႐ှုန်းစက်ဆုပ်ပြီး "မြန်မြန်သာ သေလိုက်ပါတော့" ဟု တောင့်တမိသည်။

အမှန်လည်း အသက်ရှင်လိုစိတ်မရှိတော့။ တစ်ယောက်တည်းဒုက္ခဖြစ်၊ အထီးကျန်ရှင်သန်နေခြင်းထက်စာလျှင် သေရသည်ကကောင်းသေးသည်။

မိမိထံက ပုပ်အဲ့နံစော်နေသော ကိုယ်နံ့မခံနိုင်၍ သီတင်းသုံးဖော်၊ သီတင်းသုံးဖက်များလည်း ရှောင်သွားပြီ။ ကိုယ့်ကို ဥပေက္ခာပြုသွား၍ အစကတော့ ဒေါပွမိသည်။ မိတ်ကောင်းဆွေကောင်း မပီသသူတွေဟု သတ်မှတ်မိသည်။ သို့သော် ဒါကိုယ့်အမြင်၊ ကိုယ့် အတွေး၊ သူတို့ဘက်က တွေးကြည့်တော့လည်း စွန့်ပစ်သူတွေကို အပြစ်မတင်သာ။ သေလုနီးသော အကောင်ပုပ်ကို ဘယ်မှာဖက်တွယ်ချင်ကြမလဲ။ သည်အနိဋ္ဌာရုံကို ဘယ်ကြည့်ချင်ကြမလဲ။

ရောဂါစဖြစ်စကတော့ သူတို့လည်း တတ်စွမ်းသမျှ ကူညီကြပါသည်။

"အရှင်တိဿ၊ ရောဂါဖြစ်နေတာကို ပေါ့ပေါ့ဆဆမလုပ်နဲ့၊ ဆေးလူးသင့်လူး၊ သောက်သင့်သောက်၊ တစ်ခုခုတော့ လုပ်မှပေါ့။ ကြာရင်ပိုဆိုးနေဦးမယ် ကိုယ်တော်"

ဝေဒနာဖြစ်စက ဤသို့ ဝိုင်းသတိပေးကြသည်။

ဖြစ်စက တစ်ကိုယ်လုံး ယားဖုတွေပေါက်ပြီး ငြိမ်ငြိမ်မနေနိုင်။ ကုတ်လိုက်၊ ဖဲ့လိုက်၊ ညှစ်လိုက်နှင့် အနာတွေ ဖြစ်လာသည်။ သာမန်ယားနာဟုထင်၍ ခပ်ပေါ့ပေါ့နေမိသည်။ အနာတွေက တစ်စ တစ်စကြီးလာသည်။ မုန်ညင်းစေ့အရွယ်က ဆီးဖြူသီးလုံးပမာဏ အထိဖြစ်လာရုံမက ပြည်ပင်တည်လာသည်။

"အရှင်တိဿ. . . ကိုယ်တော်ကသိပ်ပေါ့တာကိုး။ အနာဆိုတာ မကြီးထွားခင် ကုရတယ်ကိုယ်တော်ရဲ့။ ကိုင်း . . . ကြည့်စမ်းပါဦး၊ ကိုယ့်တော့်အနာကြီးတွေက ကြောက်စရာကောင်းနေပြီ။ ဒီမယ်ကိုယ်တော်. . . အချိန်တွေဆွဲမနေနဲ့တော့ ဆရာဇီဝကဆီကို ပြေးတော့"

သီတင်းသုံးဖော်တွေက ဆရာဇီဝကထံ လမ်းညွှန်ကြသည်။ သာဝတ္ထိတွင် အကျော်ဇေယျ

ရှိလှသော ဆရာဇီဝကနှင့်ကုလျှင် ပျောက်မှာသေချာသည်။ ဆရာဇီဝကကလည်း ကုမပေးဘဲ နေမှာ မဟုတ်။ ဘုရားရှင်ကို ကြည်ညိုပြီး သာသနာ့အကျိုးကိုသယ်ပိုးနေသော ဥပါသကာကြီး။ ရဟန်းအရေး ဆိုလျှင် ဦးမလေးသောပုဂ္ဂိုလ်။ မိမိသာသွားပြလျှင် အရေးတယူရှိမှာအမှန်ပင်။ သို့သော် ကျွန်ုပ်က ပေါ့တီပေါ့ဆနေမိသည်။

ခုတော့ သီတင်းသုံးဖော်တွေက စွန့်သွားကြပေပြီ။

* * *

ဘုရားရှင်မိန့်ကြားတော်မူသော တရားတစ်ပုဒ်ကို အမှတ်မထင် သတိရသွားသည်။

"ရဟန်းတို့. . . ယုတ်စွအဆုံး လက်ဖျစ်တစ်တွက်မျှ ဖြစ်သော လူ့ဘဝကိုလဲ ငါဘုရားမချီးမွမ်း၊ မစင်သည် အနံ့အနည်းငယ်မျှဖြစ်သော်လဲ အနံ့ဆိုးသကဲ့သို့ ဘဝသည် ခေတ္တမျှပင်ဖြစ်စေ ဆင်းရဲ၏"

ဘုရားရှင် တရားမိန့်စဉ်က ပြတ်ပြတ်ထင်ထင်မမြင်ခဲ့။ ဆင်းရဲခြင်းဒုက္ခကိုမတွေ့ခဲ့။ မိမိအနေနှင့် ထားတော့ ကျိုကျိုတက်ချမ်းသာသော အနာထပိဏ်သူဌေးလို၊ ဝိသာခါကျောင်းအမလို ပုဂ္ဂိုလ်မျိုး လူ့ဘဝဖြစ် လာရသည်ကို ဆင်းရဲသည်ဟုဆိုမလား။ နတ်ဘုံနတ်နန်းတမျှ အိမ်ဂေဟာမှာနေပြီး ဆီဦးထောပတ်စားနေ သူ၊ အလုပ်အကျွေးပြုနေသူ ဝန်းရံနေသောဘဝ။

သည်အနေအစားမျိုး ဆင်းရဲသည်ဟုခေါ်မလား။ စားချင်တာစားရသည်။ ဝတ်ချင်တာဝတ်ရ သည်။ ကာမစည်းစိမ် အပြည့်ခံစားနေရသည်။ တာဝတိံသာနတ်ပြည်နှင့်မခြား လောကစည်းစိမ် ရှိနေသူ အဖို့ ဒုက္ခရှာစရာ အကြောင်းမရှိနိုင်။

ဤအတွေးကို ဝေဒနာမခံစားခင်က စိုးစဉ်းမျှမသိခဲ့။ အနာရောဂါနှိပ်စက်တော့မှ ဒုက္ခမြင်လာ သည်။ လူတစ်ကိုယ်လုံး အသုံးမကျ။ ပစ်ရတော့မည့် အခြေအနေသို့ရောက်မှ တရားသဘောကို ဆင်ခြင်မိသည်။

ဝေဒနာခံစားနေရချိန် သုသုမာဂီရိမြို့က နာကုလပိတာကို ဟောကြားခဲ့သော တရားကိုသွား သတိရသည်။

သုသုမာဂီရိသည် သာဝတ္ထိနှင့်အလှမ်းဝေးသည်။ တစ်ခါတွင် ဘုရားရှင်ဒေသစာရီကြွရင်း ထိုမြို့သို့ရောက်သွားသည်။ ဘုရားရှင်အား မြင်လျှင်မြင်ချင်း နာကုလပိတာသည် သားအမှတ်နှင့် အကျွမ်း တဝင် နှုတ်ဆက်သည်။ ကြည်ညိုသဒ္ဓါစိတ်နှင့် ဥပါသကာခံယူသည်။ ထိုနာကုလပိတာသည် ရက်သတ္တတစ် ပတ်မျှ နာမကျန်းဖြစ်၏။ ထိုကာလအတွင်း ဘုရားရှင်ထံရောက်မလာနိုင်။ အဖျားရောဂါက နလန်ထချိန် တောင်ဝှေးလေးဆွဲလျက် တလှုပ်လှုပ်နှင့်ရောက်လာသည်။ ခရီးရောက်မဆိုက်ပင် တန်ခိုးရှင် ဘုရားသခင် အား ချမ်းသာရာရကြောင်း တရားကိုညွှန်ပြခိုင်းသည်။ အနာရောဂါဖြစ်၍ တန်ခိုးနှင့် ငြိမ်းအေးစေလိုသော

သဘောဖြစ်သည်။

နာကုလပီတာ ပန်ကြားချိန်တွင် ဘုရားရှင်က "တကာကြီး ဤခန္ဓာကိုယ်သည် အမြဲတစေ နာနေ၏။ ထိမိရုံ နှင့် ကွဲအက်တတ်သော ငှက်ဥကဲ့သို့ဖြစ်၏။ အပြင်ကထိခိုက်မှု အရေအပြားပါး လွှာလွန်း၏။ ခန္ဓာကိုယ်ရထားသူတိုင်း "ငါကျန်းမာသည်။ အနာကင်းသူ" ဟု တစ်ခဏလေးပင် တွေးထင်စေကာမူ ဤအတွေးသည် အရူးတို့ အကြံအစည်သာဖြစ်သည်" ဟု မိန့်လေသည်။

ဘုရားရှင်ဟောကြားချိန်တွင် ချမ်းသာရေးတောင်းဆိုသော နာကုလပီတာလည်း ဂရုစိုက် နားထောင်ခဲ့သည်။ ကျွန်ုပ် တို့ကိုယ်တိုင်လည်း နားထောင်ခဲ့သည်။ သဘာဝယုတ္တိရှိသော ဥပမာပေးလျက် တရားပြ၍ နားလည်သဘောင်ယောင်။ သို့သော် တကယ်တမ်း နားမလည်သောကျွန်ုပ်တို့သည် အဖိုးတန် တရားကို နှလုံးမသွင်းနိုင်ခဲ့ပေ။

သို့သော်. . .

ကိုယ်တိုင် ဝေဒနာခံစားရမှ တရားရှင်ဗုဒ္ဓ၏ အဆုံးအမကို တစ်စတစ်စမြင်လာသည်။

ပါးလွှာသော အရေခွံတွေ စုတ်ပြတ်ပြီး အသားဆိုင်တွေပေါ်နေ၍ အထိအခိုက်ပင်မခံနိုင်။ ထိတိုင်းနာလာမှ ချမ်းသာမရှိ၊ ဆင်းရဲခြင်းအတိကို မြင်လာသည်။ တစ်ခဏတာ ဘဝကိုပင် ရွံရှာရမှန်းသိလာသည်။ မြန်မြန်သေ၊ မြန်မြန်အေးတာပဲဟူသော အတွေးတွေ ဝင်လာပေတော့သည်။

* * *

ကျွန်ုပ်တသသည် ဘုရားရှင်၏ သာသနာတော်အတွင်း ဝင်ခဲ့သည်မှာ ဘုရားရှင်အပေါ်ကြည်ညိုခြင်း၊ ဘုရားရှင် ဟောဖော် ညွှန်ပြ ဆိုဆုံးမသည့်တရားဓမ္မကို ယုံကြည်ခြင်း၊ သီတင်းသုံးဖော်ရဟန်းတို့ အမူအကျင့်ကို နှစ်သက်ခြင်းတို့ကြောင့်ဖြစ်သည်။

သာဝတ္ထိတွင် ထင်ရှားသောဂိုဏ်းဆရာကြီး ခြောက်ယောက်ရှိသည်။ ပူရာဏကဿပ၊ မက္ခလိဂေါသာလ၊ နာလပုတ္တစသည့် ပုဂ္ဂိုလ်ကြီးတွေသည် တစ်တောတစ်ကြက်ဖတွန်သည့်နှယ် ရှိကြသည်။ အခွန်မဆောင်ရတိုင်း ဝါဒသစ်ထူ၊ နောက်လိုက်စု၊ ဆရာကြီးတွေလုပ်နေကြသည်။ ဆရာတပည့် စည်းဝါးကိုက်ပြီး သူ့ဝါဒမှအကောင်း၊ အမှန်၊ တရားစစ်။ တခြားဝါဒကိုအညံ့၊ အမှားတရားဟုဆိုသည်။ အချင်းချင်း ဝိဝါဒစကား မပြစ်ဖြစ်အောင်လုပ်နေသည်။ သေသေချာချာဆန်းစစ်တော့ အသံသာကျွဲပြီး အကြောင်းတူတွေသာ။ ဘာဘာညာညာ နားရှုပ်အောင်ပြောနေပေမယ့် အရင်းစစ်တော့ အတ္တဝါဒီချည်းပင်။

သည်ပုဂ္ဂိုလ်တွေကြား အနတ္တဝါဒတံခွန်ထူလျက် ဗုဒ္ဓပေါ်ထွန်းလာတော့ မဇ္ဈိမတစ်ဝန်းလုံး တုန်လှုပ်သွားစေသည်။

ကျွန်ုပ်အနေနှင့် ဝါဒသစ်ဆိုပြီး မျက်စိမှိတ်ကြိုက်ခဲ့သည် တော့မဟုတ်။ သစ္စာလေးပါးတရားကို

ပြက်ပြက်ထင်ထင် မမြင်နိုင်သေးပေမယ့် ဝိုးတဝါးအသိကပင် အမှန်တရားဟု မြင်ခဲ့သည်။ ယထာဘူတကျသည့် အမြင်ဟုလည်းနားလည်ခဲ့သည်။ ငါကျင့်သလို ကျင့်. . . ဟု ရဲရဲဝံ့ဝံ့လမ်းပြခဲ့သော ဗုဒ္ဓ၏လမ်းညွှန်ချက်အတိုင်း ကျင့်ခဲ့၍ ဘဝပြတ်သွားသော ပုဂ္ဂိုလ်တွေလည်းရှိနေ၍ အမှန်လမ်းဟု ယုံကြည်ခဲ့သည်။

ရှေ့ကလမ်းဖောက်သွားသောပုဂ္ဂိုလ်တို့၏ နောက်ခြေရာခံလိုက်သည်မို့ ကြောင့်ကြစရာမလို၊ မှားစရာမရှိ။ သံသယစိတ်ကင်းကင်းနှင့် သာသနာတော်အတွင်း လှမ်းဝင်ခဲ့သည်။

သာသနာတော်အတွင်းဝင်သည့်အချိန်မှစ၍ တစ်စုံတစ်ခုသော အမှားမပြုမိဟု ကိုယ့်ကိုယ်ကိုထင်ထားသည်။ သို့သော် ဘယ်အချိန်၊ ဘယ်ဘဝက အမှားပြုမိခဲ့လေသည်မသိ။

မကောင်းမှုလုပ်လျှင် မကောင်းကံခံရမည်။ ဤသည်မှာ ဘုရားရှင်၏ အဆုံးအမဖြစ်သည်။ ကံ၊ ကံ၏အကျိုးကို ယုံကြည်သော ကျွန်ုပ်တို့အဖို့ ဘုရားရှင်စကားကို ယုံမှားစရာမရှိပေ။

"ငါ ဘယ်ဘဝက ဘာများလုပ်မိပါလိမ့်၊ သူတစ်ပါး အသက်ကို ရက်ရက်စက်စက် သတ်ခဲ့လို့လား . . . ဒါမှမဟုတ် တစ်ပါးသူကို အနာတရဖြစ်အောင်လုပ်ခဲ့တာလား. . . ဒါအဖြစ်နိုင်ဆုံးပဲ။ တစ်ချိန်ချိန်တုန်းက သူတစ်ပါးနာကျင်အောင်ပြုမိလို့ ခုအချိန်မှာ ဝဋ်ခံနေရတာ။ ငါဘယ်သူ့ကို ပြုမိပါလိမ့်။ သိများသိရင် တောင်းပန်ချင်စမ်းပါဘိ။ ဒိဗ္ဗစက္ခုဉာဏ်ရတဲ့ပုဂ္ဂိုလ်ဖြစ်ရင်တော့ ကောင်းသား။ အဲဒီဉာဏ်နဲ့ကြည့်ပြီး ဝဋ်ကျွေးပေးဆပ်ပါရဲ့။ အင်း . . . အရှင်အနုရုဒ္ဓ ကိုယ်တော်ရောက်လာရင်ကောင်းမှာ. . . အရှင် သာဆို မြင်နိုင်၊ သိနိုင်မှာ. . . အို. . . ဗုဒ္ဓဘုရားရှင်. . . ဘုရားတပည့်ကို လမ်းညွှန်တော်မူပါ။ ကယ်တင်တော်မူပါ။ အိုး. . . အလိုလေးလေး. . . ကျွတ်. . . ကျွတ်။

ကျွန်ုပ်တိဿသည် ကယောင်ကတမ်းအတွေးနှင့် စုတ်သပ်ညည်းညူမိသည်။ ထိုစဉ်သိမ်မွေ့သော ခြေလှမ်းနှင့် တစ်စုံတစ်ယောက် ချဉ်းကပ်လာမှန်းသိလိုက်သည်။ အနုရုဒ္ဓါကိုယ်တော်ကြီး များဖြစ်လေမလားဟု အားကိုးစိတ်နှင့် ငဲ့စောင်းကြည့်လိုက်သည်။

မြတ်စွာဘုရား. . . ။

ကျွန်ုပ်တို့၏ ဆရာအရှင်ဘုရားသခင်ကိုယ်တိုင် လဲလျောင်းရာ မီးတင်းကုပ်အတွင်း လာရောက်၍ အံ့သြခြင်း၊ ဝမ်းသာခြင်းကြီးစွာဖြစ်ရသည်။ ကျွန်ုပ်တို့သည် ရှိသမျှအားကို စုစည်းလျက် လက်အုပ်ချီရှိခိုးလိုက်သည်။

"နေသာသလိုသာနေ၊ ပူတိဂတ္တတိဿ"

နဂိုကတည်းက ကြည်ညိုသဒ္ဓါစိတ်ရှိသည့်ပြင် ကရုဏာထားမှု တွေ့လိုက်ရ၍ အတိုင်းအဆမရှိ ကြည်ညိုသွားသည်။ ဘုရားရှင်ကိုယ်တိုင် လာရောက်တွေ့ဆုံခြင်းသည်ပင် ရောဂါတစ်ဝက် သက်သာသည် ဟု ထင်မိသည်။

ဘုရားရှင်ကြွလာသည်နှင့် မထေရ်ကြီးတွေလည်း နေသာဟန်မတူ။ ဘုရားရှင်နောက်ပါးက

ဖဝါးခြေထပ်လိုက်ပါသော အရှင်အာနန္ဒာ၊ တရားစစ်သူကြီး အရှင်သာရိပုတ္တရာ၊ တန်ခိုးရှင်အရှင် မောဂ္ဂလ္လာန်၊ အရှင်အနုရုဒ္ဓါ၊ အရှင်ဥပါလိ စသည့် ပုဂ္ဂိုလ်ကြီးများ ကျွန်ုပ်အပါး ဝန်းရံနေကြပြီ။

"ချစ်သားတို့. ပူတိဂတ္တတိဿဟာ သင်တို့နဲ့သီတင်းသုံး ဖော်ဖြစ်တယ်။ တစ်ကျောင်းတည်းနေ၊ တစ်ရေတည်းသောက်တဲ့ ရဟန်းဖြစ်လျက် လျစ်လျူရှုခံရတာ စိတ်မချမ်းမြေ့စရာဘဲ။ သက်ရှိ ထင်ရှား ရှိနေဆဲ ရဟန်းအချင်းချင်း သင့်တင့်ညီညွတ်စွာမရှိ၊ ရိုင်းပင်းမှုမရှိရင် ငါဘုရားလွန်သော် သင်တို့ဘယ်လို နေကြမလဲ"

ကျွန်ုပ်အတွက်ကြောင့် အပြစ်မဲ့သော ရဟန္တာကြီးများ အဆုံးအမခံနေရ၍ စိတ်မကောင်းပါ။ ဘုရားရှင်အနေနှင့် ဤပုဂ္ဂိုလ်ကြီးများကို ဆူလိုစိတ်ရှိပုံမရပါ။ ကျွန်ုပ်နှင့် သီတင်းသုံးဖော်များကို အပြစ်တင်လို၍ ရဟန်းတော်အားလုံးကို သိမ်းကျုံးဆုံးမနေခြင်းဖြစ်မည်။

ကျွန်ုပ်တို့ ရဟန်းများအဖို့ တကယ်တမ်းအားကိုးနေရသည်က အချင်းချင်းသာ။ မိဘဆွေမျိုးတို့ အကူအထောက် မရနိုင်သည့်အခြေအနေကို အားလုံးနားလည်ကြသည်။ သို့သော် မသိတတ်မှုကို ဘုရားရှင်နှစ်ခြိုက်ပုံမရပေ။

"မှန်ပါဘုရား. . . တိဿမထေရ်မြတ်ကိုပြုစုဖို့ တပည့်တော်တာဝန်ဖြစ်ပါစေ. . . "

ကိုယ်တိုင်ရေနွေးသယ်ယူလာသော ဘုရားရှင်၏ အပြုအမူ မသင့်တော်မှန်း သဘောပေါက်သော အာနန္ဒာက ဦးဆုံးလျှောက်ထားသည်။

"ဘုရားရှင်ဘေးကသာ ကြည့်ရှုလမ်းညွှန်ပါ။ တိဿမထေရ်အနာကို တပည့်တော်ကိုယ်တိုင် သုတ်သင်ပါမယ်"

ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက အောက်ခြေသိမ်း အလုပ်တာဝန်ယူလိုက်၍ ကျန်ပုဂ္ဂိုလ်များ မနေသာတော့။ ရဟန်းတွေ ကျွန်ုပ်အပါးမှာ ဝန်းရံလာပြီး ဖေးဖေးမမ ထူသူထူ၊ ညစ်ပေနေသော သင်္ကန်းများကို လဲသူလဲ၊ သရက်ခေါက်ခွာပြီး ရေနွေးပြုတ် သူကပြုတ်၊ ထိုသရက်ခေါက်ပြုတ်ရေနှင့် ဖန်ဆေးပေးသူပေး။ အားလုံးက သူ့ထက်ငါ အလုအယက် ပြုစုကြသည်။ ရက်သတ္တပတ်နှစ်ပတ်ကျော်မျှ ပြုစုသူကင်းမဲ့ပြီး တသီးတခြားနေခဲ့ရသော ကျွန်ုပ်သည် ခုချိန်တော့ စောင့်ရှောက်မည့်သူတွေ ဝိုင်းဝိုင်းလည်။ ဩော် . . . ဘုရားရှင်တန်ခိုးကြောင့် ငါချမ်းသာရာရတာပါလားဟု တွေးလျက်ကြည်ညိုရပြန်သည်။

"ချစ်သား ပူတိဂတ္တ၊ သင့်ရဲ့ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသအစုနဲ့ အလျားတစ်လံ၊ အနံတစ်ထွာမျှသာရှိတဲ့ ဒီခန္ဓာအကောင်ပုပ်ဟာ ဝိညာဉ်ကင်းမဲ့သွားရင် သင့်ခန္ဓာဟာ အသုံးမကျတဲ့ထင်းပမာ မကြာခင် မြေပြင်မှာစွန့်ပစ်ရတော့မှာ တိဿ. . . "

"မှန်ပါ. . . ဗုဒ္ဓ"

အနာရောဂါဖိစီးမှုကြောင့် အော်ဟစ်ညည်းတွားနေသည့်ကျွန်ုပ်ကို ဘုရားရှင် တရားပြမှန်းသိလိုက်

သည်။ ခန္ဓာငါးပါးနှင့် ဖွဲ့စည်းထားသော ဤခန္ဓာကိုယ်ကို ငါဟုလည်းကောင်း၊ ငါ့ဟာဟု လည်းကောင်း မစွဲအပ်ကြောင်း ဘုရားရှင်ဟောလေ့ရှိ၏။ ဤသို့ အစွဲအလမ်းထားလျှင် ခန္ဓာကိုယ်၏ဖောက်ပြန်မှုအတွက် စိုးရိမ်တတ်ကြောင်း၊ ဝမ်းနည်းကြေကွဲတတ်ကြောင်း အကယ်၍ အစွဲအလမ်းမရှိက စိတ်ဆင်းရဲစရာမလို။ ကိုယ်ခန္ဓာက အမှန်နာဒပေမယ့် စိတ်ကမနာနိုင်ကြောင်း ဟောမြွက်ဖူးသည်။

ဤခန္ဓာ၌ အနာရခြင်းသည် ဖြစ်လာသမျှပျက်ရသော လမ်းကြောင်းအတိုင်း လျှောက်ခြင်းသာဖြစ်၍ ဝမ်းနည်းစရာမဟုတ်။ သမားရိုးကျအနာအဖြစ်အပျက်သာ။ ငါမနာချင်ဘူး ဟူ၍မရ။ သူမနာစေချင်ဟုလည်း မဖြစ်။ ဤအရာသည် တောင့်တစရာကောင်းသော အရာမဟုတ်။ အနတ္တတရားသည် အတ္တအလိုသို့ တစ်ရွေးသားမျှ လိုက်မည်မဟုတ်ပေ။ အတ္တဟူသောအကြောင်းကြောင့် ပေါ်လာသောစိတ် အနာသည် စိတ်ကိုမှီ၍ပေါ်လာခြင်းသာဖြစ်သည်။ နာသည်ဆိုလည်း ဤစိတ်သာ။ မနာဘူးဟူလည်း ဤစိတ်သာ။ စိတ်မနာလျှင် ကိုယ်ကအနာလည်း ကင်းစင်ပပျောက်သွားပေမည်။

ဤကား ဘုရားရှင်မိန့်ကြားခဲ့သော တရားစုဖြစ်သည်။

ငါဟူသော အစွဲမကျွတ်သေးသည့် ကျွန်ုပ်သည် ငါ့ခန္ဓာက နာကျင်လှချည့်ရဲ့ဟု ငါစွဲမကျွတ်၍ ခံစားနေရကြောင်း ပြက်ပြက်ထင်ထင် ထင်မြင်လာသည်။

**အစိရံ ဝတယံ ကာယော။**

**ပထဝိံ အဓိသေဿတိ။**

**ဆုဒ္ဓေါ အပေတ ဝိညာဏော။**

**နိရတ္ထံဝ ကလိင်္ဂရံ။**

ဤခန္ဓာ အကောင်ပုပ်သည် ဇီဝိချုပ်ဝိညာဉ်ကင်းသောအခါ အသုံးမကျသောထင်းကဲ့သို့ မြေပြင်မှာစွန့်ရအံ့ဟူသော ဘုရားရှင်၏ အဆုံးအမကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်လိုက်သည်။

အသိဉာဏ်ဝင်လာသည်နှင့် နာကျင်နေသောဝေဒနာများ ယူပစ်သလိုပျောက်သွားသည်။ ခန္ဓာကိုယ်ကို နှိပ်စက်နေသော အနာများက ပျောက်ကင်းသည်တော့မဟုတ်။ သို့သော်ဘုရားရှင်က ဖန်ရေဆေးပေးခြင်း၊ သက်နှီးခြောက်များနှင့်လဲလှယ်ပေးခြင်း၊ အနာမှယိုစိမ့်နေသော ပြည်တို့ကို သုတ်သင်ပေးခြင်း၊ ရေနွေးနှင့်အပူဓာတ်ပေးခြင်းကြောင့် ဝေဒနာလျော့ပါးသည်တော့အမှန်ပင်။ ထူးထူးခြားခြား သက်သာသွားစေသည်ကတော့ ကိုယ်သာနာစေပြီး စိတ်မနာရေး တရားပြသည့် ဗုဒ္ဓအဆုံးအမကြောင့် ဖြစ်သည်။

ကျွန်ုပ်သည် ယခုအခါတွင် ကိုယ့်စိတ်ကို ပိုင်ပိုင်နိုင်နိုင် စိုးမိုးနိုင်ခဲ့ပြီ။ အစိုးမရသော ဤခန္ဓာကိုယ်သည် အစဉ်အမြဲနာ၍ အစဉ်အမြဲပျက်စီးနေကြောင်း ဆင်ခြင်နိုင်သည်။ ရုပ်နာမ်ဓမ္မ သင်္ခါရ တို့၏ဖြစ်ပျက်အစဉ်ကို ရှုမြင်နိုင်ခဲ့၍ ဝေဒနာအားလုံး ချုပ်ငြိမ်းသွားခဲ့သည်။

ကျွန်ုပ်သည် ကိုယ်အနာ၊ စိတ်အနာကိုကုစားပေးခဲ့သော ဘုရားရှင်ကို လက်အုပ်ချီမိုး ရှိခိုးလိုက်သည်။

"မှန်လှပါဘုရား. . . တပည့်တော်တိသ္ အရာရာမြင်ပါပြီ၊ အစဉ်အမြဲ ပျက်စီးနေသော ခန္ဓာကိုယ်သဘောသိပြီမို့. နှစ်သက်ဖွယ်မရှိသည့် ဤခန္ဓာကိုယ်အား အသစ်တစ်ဖန်တည်ဆောက်ဖို့ တပည့်တော်မကြိုးစားတော့ပါ မြတ်ဘုရား"

ကျွန်ုပ်သည် စိတ်ထဲမှ ဘုရားရှင်အား လျှောက်ထားလိုက်သည်။ ကျွန်ုပ်၏လျှောက်ထားချက်ကို ဘုရားရှင်နှင့်တကွ ပဋိသမ္ဘိဒါရပုဂ္ဂိုလ်များ သိကြမှာအမှန်ပါ။

သေလျှင် သုံးစားမရသော ဤခန္ဓာကို အပြီးတိုင်ဖျက်သိမ်းခြင်းအားဖြင့် ငြိမ်းချမ်းမှုကို ကျွန်ုပ်ဆောက်တည်နိုင်ခဲ့ပါလေပြီ။ ။

ကျမ်းကိုး

ပူတိဂတ္တတိဿ ရဟန္တာမထေရ်ဝတ္ထုအား မှီငြမ်းဖွဲ့ဆိုသည်။


သံယောဇဉ်
ပန်းချီ မောင်ညီညီ

# သံယောဇဉ်

"ဘာ. . . ဘိက္ခုနီမက ကိုယ်ဝန်နဲ့ဟုတ်လား. . . "

အရှင်ဒေဝဒတ်၏ ဒေါသတကြီး အော်ဟစ်သံကား ဂယာသီသတစ်ခုလုံး တုန်လှုပ်သွားသလား ထင်ရသည်။ ဆရာသခင့်ဒေါသကို သိထားသော ဘိက္ခုနီများမှာ ကြောက်စိတ်ဖြင့် တုတ်တုတ်မျှမလှုပ်။

သည်အရေး ပေါ်ပေါက်ချိန်ကစပြီး ဘိက္ခုနီအကြီးအကဲများ ခေါင်းချင်းဆိုင် တိုင်ပင်ကြသည်။ အရှင့်ကို ဘယ်လိုလျှောက်ကြမလဲ. . . ဘယ်သူက လျှောက်တင်မလဲ. . . မတင်ဘဲ သိုဝှက်ထားကြမလား. . . သိုသိပ်ထားလို့ရော လုံခြုံမလားစသည့် အကြောင်းအရာတွေကို တိုင်ပင်ကြသည်။ ဆုံးဖြတ်ချက် မရကြ။ ပြဿနာထုပ်ကြီး သယ်ပိုးသွားရမည်ပင် မဝံ့အောင် ဖြစ်နေကြသည်။

အခြေအနေက အမှန်အတိုင်း မလျှောက်လို့ကလည်းမဖြစ်။ ပြဿနာကို သိုသိပ်ထားလျှင် တစ်နေ့နေ့တွင် ရှင်းရခက်မည်။

နောက်ဆုံးတွင် ဘိက္ခုနီအကြီး အကဲအားလုံးက ကာယကံရှင်ကို ခေါ်ပြီး ဆရာ့ရှေ့ဝင်မည်။ အမှန်ကို ဝန်ခံမည်။ ဆူလည်း အတူတူခံ၊ ငေါက်လည်း အညီအမျှခံ။

အပြစ်ရှိနေကြတော့ မဝံ့မရဲဝင် ခဲ့ပြီး ကြောက်ကြောက်ရွံ့ရွံ့ လျှောက်တင်လိုက်ရာ စကားမဆုံးမီပင် ထိတ်လန့်အံ့ဩသည့်လေသံနှင့် ထအော်လိုက်၍ အားလုံးခေါင်းငုံ့နေရတော့သည်။

"အလိုလေးလေး. . . မကြားဝံ့ မနာသာပါလား. . . နေ. . . နေ စမ်းပါဦး. . . မေးစမ်းပါရစေဦး၊ ဒီ . . . ဒီကိုယ်ဝန်က ဘယ်သူနဲ့ရတာလဲပြောစမ်း"

"မသိဘူးတဲ့ အရှင်. . . "

“ဟေ. . . မသိဘူး။ ဟုတ်ဗျာ . . . ကိုယ့်ဗိုက်မှာလွယ်ထားရတဲ့ ကိုယ်ဝန်က ဘယ်သူနဲ့ရမှန်းတောင် မသိဘူး. . ဟုတ်စ။ ဒီမယ်. . အရှင်မတို့. . . အရှင်မတို့ဟာ အမျိုးလေးပါး အရိုအသေခံနေတဲ့ ဘိက္ခုနီမတွေဆိုတာ သိပါရဲ့နော်. . . ’

“မှန်ပါဘုရား”

“မှန်နေလို့ မဖြစ်ဘူးအရှင်မတို့၊ ရဟန်းသံဃာတွေ သီတင်းသုံးနေတဲ့ ဒီကျောင်းမှာ ဒီပြဿနာမျိုးဖြစ်တာ တော်မလား. . . ဖြစ်တဲ့ပြဿနာက အသေးအမွှားလား၊ တွက်ကြ၊ ဒီပြဿနာရဲ့ တရားခံကို မဖော်ထုတ်လို့ ဖြစ်မတဲ့လား. . . ”

“မှန်လှပါဘုရား. . . ကာယကံ ရှင်ရဲ့အထင်ကတော့ လူဝတ်ကြောင် ဘဝတုန်းက သူ့ခင်ပွန်းနဲ့ ရလာတဲ့ ကိုယ်ဝန်လို့ ထင်ပါသတဲ့ ဘုရား”

“ထင်. . . ပါ. . . သ. . . တဲ့ ဟုတ်လား . . . ထင်လို့မရဘူးဗျ။ တရားခံရှာပြမှ ဖြစ်မှာပေါ့။ ဒါနဲ့ ဘာကြောင့်အခုမှ ဒီကိစ္စလျှောက်ရသလဲ”

“အပျိုဗိုက်ဆိုတော့ ရုတ်တရက် မပေါ်ဘူးဘုရား။ အခုမှ ထင်ထင်ရှားရှားပေါ်လာလို့ လျှောက်ထားရခြင်းပါ”

ဘိက္ခုနီများ လျှောက်တင်စကားကြားရသော် ရှင်ဒေဝဒတ် ဆောက်တည်ရာမရဖြစ်သွားသည်။ လာရောက်အသိပေး လျှောက်တင်သည့် ဘိက္ခုနီများကို စူးစူးရဲရဲကြည့်လိုက်၊ ဒေါသစိတ်နှင့် တက်ခေါက်လိုက်၊ ဆောက်တည်ရာမရ ယောက်ယက်ခတ် လမ်းလျှောက်လိုက်နှင့် ဂနာမငြိမ်အောင်ဖြစ်နေသည်။

ဆရာအရှင် ဒေါသဖြစ်နေပြီဆိုတော့ ဘိက္ခုနီတို့ တုတ်တုတ်မျှ မလှုပ်ဝံ့ကြ။

* * *

သည်ပြဿနာကို လျှောက်တင်လာလျှင် သည်သို့ကြုံကြရမည်မှန်းတော့ ကြိုသိနေသည်။

ကိုယ်က ပြဿနာဖြစ်ပြီဆိုတော့ ဆူလည်းခံ၊ ငေါက်လည်းခံ၊ ရိုက်မောင်းပုတ်မောင်းလုပ်လည်းငုံ့ ခံမည်ဟု တွေးထားသည်။

ကိုယ်တိုင်လည်း ဘာလုပ်ရမှန်း မသိတော့။

မိမိအနေနှင့် သာသနာတော်ကြီးကို ဖျက်ဆီးလိုသောအကြံ၊ မကောင်းသောစိတ်၊ မအပ်သော အမှုနှင့် သည်ပြစ်မှုကို ကျူးလွန်ခြင်းတော့မဟုတ်။ သာသနာတော်အပေါ် ယုံကြည်လွန်း၍ ဘိက္ခုနီပြုခဲ့ခြင်းဖြစ်သည်။

မိမိ၏ မိဘများမှာ သာဝတ္ထိက ချမ်းသာကြွယ်ဝသူတွေ။ တစ်ဦးတည်းသောသမီးဖြစ်၍ အစစအရာရာ အလိုလိုက်ခံရသည်။ တောင့်တကြောင့်ကြစရာမလိုအောင် ပြည့်စုံခဲ့သည်။ သို့သော် ဘဝဘဝက

အရဟတ္တဖိုလ် ဥပနိဿယရှိလာ၍ လောကီလူ့ဘောင်မှာနေလိုစိတ် အလျဉ်းမရှိ။ မြင်နေ၊ တွေ့နေရသော အရှင်မတို့နည်းတူ ရဟန်းပြုလိုသည်။ မျိုးရိုးအစဉ်အလာ စောင့်ထိန်းသည့် မိဘများက ခွင့်မပြုကြ။ မိဘတို့၏ တစ်ယူသန်စိတ်ကြောင့် အိမ်ထောင်မပြုလိုဘဲ ပြုခဲ့ရသည်။ အိမ်ထောင်ကျလာသော်လည်း လင်စိတ်၊သားစိတ်မရှိ။ လင်မယားအဖြစ် ပေါင်းသင်းနေရသော်လည်း စိတ်မပါ။ ကိလေသာစိတ်က ကုန်ခန်းနေ၍ ရဟန်းပြုခွင့်ရရေးသာ စောင့်နေမိသည်။

တစ်နေ့တွင် သည်အခွင့်အရေး ရလာသည်။

ထိုနေ့က နက္ခတ်သဘင်ပွဲကို အခြားဇနီးမောင်နှံများနည်းတူ မိမိတို့လည်း ဆင်နွှဲခဲ့သည်။ ပွဲလမ်းသဘင်သွားမည်ဆိုတော့ လင်သားလုပ်သူက အဝတ်အစား သစ်သစ်လွင်လွင်တွေ ဆင်ယင်လာသည်။ မိမိကတော့ အပျော်အပါးစိတ်ကုန်နေသူပီပီ မပြုမပြင်၊ မဝတ်မစားဘဲ ထွက်မိသည်။

မိမိအနေအထားကို မြင်လိုက်သော လင်သားလုပ်သူက "မင်းပုံစံက ဘယ်လိုလဲ၊ သူများတွေ လှလှ ပပ ဝတ်စားထွက်ချိန်မှာ မင်းက ဒီပုံစံနဲ့ ထွက်မလို့လား. . . ဘာလဲ ဝတ်စရာမရှိဘူးလို့ပြောချင်တာလား. . . မင်းအတွက် ပိုးဖဲကတ္တီပါ ကြိုက်ရာဝတ်နိုင်တာ အားလုံးသိတယ်။ ရှိရက်နဲ့ ဒီပုံထွက်လာတာ ငါ့ကိုရွဲ့တာမဟုတ်လား. . . " ဟု ဒေါသတကြီး ဆူတော့သည်။

သည်စကားကို ငံ့လင့်နေသော မိမိအနေနှင့် အကွက်ဝင်သည်မို့ ချက်ချင်းအဖြေပေးလိုက်မိသည်။

"အရှင့်သား. . . ကျွန်ုပ်ကိုယ်ဟာ တန်ဆာဆင်ရုံနဲ့ အဘယ် အကျိုးရှိမှာလဲ။ ဒီကိုယ်ဟာ အရိုးအကြောနဲ့ယှဉ်၊ အတွင်းအရေအသားတို့ကို အပကအရေပါးနဲ့ ဖုံးအုပ်ထားတာမဟုတ်လား. . . စဉ်းစားစမ်းပါ မောင်မောင်။ အသည်း၊ နှလုံး၊ အဆုပ်၊ ကျောက်ကပ်၊ နှပ်၊ တံတွေး၊ ချွေး၊ သလိပ်၊ သွေးတို့ပြည့်နေတဲ့ ဒီခန္ဓာ။ အူသိမ်၊ အူမအတွင်းမှာ မစင်တွေနဲ့ ပြည့်နေတဲ့ ဒီခန္ဓာ . . . ဒွါရကိုးပေါက်က စက်ဆုပ်ဖွယ်ရာ မစင်တွေ ယိုစီးနေတဲ့ ဒီခန္ဓာ . . . အဲဒီခန္ဓာကိုယ်ကို စန္ဒကူး၊ နံ့သာ၊ ကရမက်တွေလိမ်းခြယ်နေလို့ရော ဘာထူးမှာလဲ. . . ပတ္တမြားလည်ဆွဲတွေ ဆင်ယင်နေတော့ရော ဘာဖြစ်လာမှာလဲ. . .။ ဒီလိုဆင်ယင်တာဟာ မစင်ပြည့်အိုးကို အပြင်က ပန်းချီဆေးရေးတာနဲ့ ဘာထူးသေးလဲ. . . "

မိမိက ခန္ဓာနာမ်ရုပ်ကို ရွံ့ရှာစက်ဆုပ်တဲ့ အကြောင်းပြောလိုက်တော့ ဒေါသမျက်လုံးနဲ့တစ်ချက်ကြည့်လိုက်ပြီး "ဒါနဲ့များ ဘာဖြစ်လို့ ရဟန်းမ မလုပ်သလဲ ဗျာတို့ရယ် . . . " လို့ပြောလာသည်။ သည်ယုန်မြင်၍ သည်ချုံထွင်သော မိမိအနေနှင့် ကိလေသာစိတ်ကုန်ခန်းနေ၍ ရဟန်းပြုလိုကြောင်း ခွင့်တောင်းခဲ့သည်။ လင်သားခွင့်ပြု၍ ဘိက္ခုနီပြုခဲ့ပြီး ဆရာဒေဝဒတ်ကျောင်းရောက်ခဲ့သည် ခုတော့. . ဆရာဒေဝဒတ် ခေါင်းရှုပ်စရာဖြစ်ပြီ။

ဆရာဒေဝဒတ်အနေနှင့် ဒေါပွမည်ဆိုလည်း ပွစရာ။ ရာဇဂြိုဟ်မြို့တွင် ဘုန်းမီးနေလတောက်နေချိန် ဘာမဟုတ်သည့် ပြဿနာကြောင့် အများလက်ညိုးထိုးစရာ ဖြစ်တော့မည်။

"ရှင်ဒေဝဒတ်ကျောင်းက ဘိက္ခုနီမ ကိုယ်ဝန်ရှိသတဲ့. . . "

တခြားသာသနာက လက်ညှိုး ထိုးလျှင် ဆရာအရှင်ဘယ်လိုရှင်းမလဲ။ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကြားလို့လည်း မကောင်း၊ ပြောလို့လည်းမကောင်း။

မင်းဆရာဖြစ်နေသော ရှင်ဒေဝဒတ်ဘက်က ကြည့်လျှင်တပည့်ဖြစ်သူ အဇာတသတ်ကပင် အပြစ်တင် စရာဖြစ်နေသည်။

"ဘယ်လိုလဲဘုရား၊ အရှင်ဘုရား လမ်းညွှန်လို့ တပည့်တော်ကတော့ ခမည်းတော်ကိုလည်း အကျဉ်းထားလို့ထား၊ အစာငတ်ရေငတ် ထားလိုထား၊ ရာဇပြိုဟ်နန်းရအောင် ယူဆိုလို့ယူရ၊ သွန်သင်သမျှ လုပ်ခဲ့တဲ့ တပည့်မျက်နှာကို မငဲ့တော့ဘူးလား"

တပည့်ရင်း၊ တကာရင်း အဇာတသတ်မင်းက အပြစ်တင်လာနိုင်သကဲ့သို့ နောင်တော်ဘုရားရှင်က လည်း အပြစ်မတင်ဘဲ နေမလား။

သည်အတွေး တွေးမိလေလေ ဒေါပွလေလေဖြစ်နေပုံရသော အရှင်ဒေဝဒတ်က ရွှရှာစက်ဆုပ်လေ ဟန်ဖြင့်ကြည့်သည်။ တံတွေးနှင့်ပစ်ထွေးသည်။ ဒေါသတကြီးဖြင့် ကြမ်းပြင်ကို ဖနောင့်ပေါက်လျက် ကြိမ်းမောင်းသည်။

"မဖြစ်ဘူး. . . ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ ငါက ကျောင်းနာမည် ထွက်အောင်လုပ်နေချိန်မှာ ဒီပြဿနာမျိုးဖြစ်တာ လုံးဝလက်မခံနိုင်ဘူး။ ဒီမယ်အရှင်မတို့ သင်းကို သင်းယောက်ျားဆီပြန်ပို့လိုက်"

"အို. . . ဆရာအရှင်"

အရှင်ဒေဝဒတ်၏ ဆုံးဖြတ်ချက်ကြောင့် တစ်ကိုယ်လုံးတုန်လှုပ်သွားသည်။ မကြားဝံ့သည့်စကားကို ကြားလိုက်ရ၍ ခေါင်းနားပန်းကြီးကာ မူးမိုက်သွားတော့သည်။ သို့သော် တတ်နိုင်သမျှအားဆောင်၊ ကိုယ်ထိန်းလျက် လက်အုပ်ချီလိုက်သည်။

"မှန်လှပါဘုရား. . . သည်းခံနားဆင်ပါဘုရား. . . ဘုရားအရှင် တပည့်တော်ဟာ ရဟန်းဘဝ ရောက်ကတည်းက စောင့်ထိန်းရမယ့် ကျင့်ဝတ်အပြည့်ရှိပါတယ်။ သီလသိက္ခာစင်ကြယ်တာကို ဒီက ဘိက္ခုနီအားလုံးသိပါတယ်။ တပည့်တော်ရဲ့ စင်ကြယ်မှုကို နတ်ကောင်းနတ်မြတ်တွေ တိုင်တည်သစ္စာဆိုဝံ့ ပါတယ်"

"ဘာ. . . ဘယ်လို. . . ဒီဆင်ခြေကို ငါဘယ်လိုလက်ခံရမလဲ။ လက်တွေ့က ဗိုက်ပေါ်နေပြီလေ"

"အရှင်ဘုရားကြိုက်တဲ့ သစ္စာပေးပါ"

'မလိုဘူး။ သင်ဟာဒီနေ့ ဒီအချိန်ကစပြီး ရဟန်းမဟုတ်တော့ဘူး။ ငါ့ကျောင်းနဲ့မတန်တော့ဘူး။ သင့် အိမ်သာသင်ပြန်တော့"

အရှင်ဒေဝဒတ်က ဒေါသတရားနှင့်ဆုံးဖြတ်ပြီး ဥပေပက္ခာပြုသွားသည်။ တင်ပြချက်ကိုပင်

မစဉ်းစားတော့။ ရက်ရက်စက်စက် ဆုံးဖြတ်ချက်ချလိုက်မှုကြောင့် ဝမ်းနည်းကြေကွဲစွာငိုရင်း အကြီးအကဲ ဘိက္ခုနီတို့ခြေကိုဖက်လျက်တောင်းပန်မိသည်။

“အရှင်မတို့ တပည့်တော်မဟာ ဘိက္ခုနီဘဝ ရောက်ကတည်းက ဘယ်လိုနေထိုင်တယ်ဆိုတာ အရှင်မတို့သိပါတယ်။ ဒီကိစ္စဟာ ခုမှဖောက်ပြန်တာမဟုတ်ကြောင်း သစ္စာဆိုဝံ့ပါတယ်။ တပည့်တော်ဟာ ဘုရားရှင်သာသနာတော်ကို ယုံကြည်ပြီး ဘုရားရှင်ကို ရည်စူးပြီး ရဟန်းပြုခဲ့တာပါ။ တပည့်တော်မရဲ့ ပြဿနာကို ဘုရားရှင်ရဲ့ အဆုံးအဖြတ်နဲ့သာ အတည်ဖြစ်သင့်ပါတယ်။ တပည့်တော်မကို သနားရင် ဘုရားရှင်ရှိရာ သာဝတ္ထိကိုပို့ပေးကြပါ”

နောက်ဆုံး အားကိုးရာအဖြစ် ဘုရားရှင်ကို မှီခိုလိုက်သည်။ ဤကိစ္စတွင် ဒေါသတရားဖုံးလွှမ်းသော အရှင်ဒေဝဒတ်၏ ဆုံးဖြတ်မှုသည် အမှန်မဖြစ်နိုင်ဟု ယုံကြည်မိသည်။ အကယ်၍ ဘုရားရှင်က ဝိနည်းတော်နှင့် ဆန့်ကျင်၍ “ရဟန်း မဟုတ်တော့” ဟုဆုံးဖြတ်လျှင်လည်း ကံအကြောင်းတရားကိုသာ မှတ်ယူတော့မည်ဟု တွေးလိုက်ပေသည်။

* * *

ရာဇဂြိုဟ်မှ လေးဆယ့်ငါးယူဇနာကွာဝေးသော ဤခရီးကိုပင် ဇောကပ်နေ၍ ပင်ပန်းသည်မထင်မိ။ ဘုရားရှင်နှင့်တွေ့လျှင် ပြေငြိမ်းလိမ့်မည်ဟူသော အတွေးကြောင့် ကာယဒုက္ခရှိမှုကိုပင် အမှုမထားမိတော့။

သတ္တဝါအားလုံး၏ အတိတ်ဘဝ၊ အနာဂတ်ဘဝ ထွင်းဖောက်သိမြင်သော ဘုရားရှင်ကမူ မိမိ၏အဖြစ်ကို ဧကန်သိလိမ့်မည်။ ရှင်ဒေဝဒတ်ကဲ့သို့ တစ်ဖက်သတ် ဆုံးဖြတ်ချက်ချမည်လည်းမဟုတ်။ သည်အတွေးနှင့် ရောက်လျှင်ရောက်ခြင်း ဦးတင်လျှောက်ထားလိုက်သည်။

ဘုရားရှင်က အဖြစ်မှန်ကို သိသော်လည်း သာသနာပြင်ပက ပုဂ္ဂိုလ်တွေ မကဲ့ရဲ့စိမ့်သောငှာ ပရိသတ်အလယ်၌ ဆုံးဖြတ်ဖို့ စီစဉ်တော့သည်။

ဘုရားရှင်အမိန့်အရ ပသေနဒီကောသလမင်းကြီး၊ မဟာအနထပိဏ်သူဌေး၊ စူဠအနာထပိဏ်သူဌေး၊ ဝိသာခါစသည့် ထင်ရှားသည့်ပုဂ္ဂိုလ်များရှေ့တွင် “အရှင်ဥပါလိ ပရိသတ် လေးပါးရှေ့တွင် ဤရဟန်းငယ်မအမှုကို စီရင်လော့”ဟုမိန့်လိုက်သည်။

သည်ဆုံးဖြတ်ချက်ကိုကြားလိုက်ရတော့ ရင်ထဲပေါ့ပါးကြည်နူးသွားသည်။ အရှင်ဥပါလိက ဝိနည်းအရာ ဧတဒဂ်ရသည့် ပုဂ္ဂိုလ်ထူး။ အရှင်ဆုံးဖြတ်လျှင် အမှားအယွင်းမရှိနိုင်။ အကယ်၍ ရဟန်းမ မဟုတ်တော့ဟုဆုံးဖြတ်ဦး ကျေနပ်စရာပင်။

ကျောင်းအစ်မကြီးဝိသာခါကိုလည်း သံသယဖြစ်စရာမလို။ ဘုရားရှင်နှင့် သာသနာတော်ကို

အကြွင်းမဲ့ ယုံကြည်သောပုဂ္ဂိုလ်ကြီးဖြစ်၍ အလေးထားမည်။ သောတာပန်ပုဂ္ဂိုလ်ကြီးဖြစ်၍ ဣသာနှင့် မစ္ဆရိယ စိတ်ကင်းမည်။ မမှန်စကားဆိုမည်မဟုတ်။ သို့သော် မိမိအရေးနှင့် သာသနာအရေး ငဲ့ကြစတမ်း ဆိုလျှင် သာသနာတော်အရေး အလေးသာမည်မှာသေချာသည်။ မိမိကိုယ်တိုင်ကလည်း သန့်စင်သော သဒ္ဓါတရားနှင့်ဝင်ရောက်ခဲ့၍ မိမိသာမှားသည်ဆိုလျှင် တစ်ယောက်အတွက် သာသနာတော် မညစ်နွမ်းစေလို။

ဘုရားရှင်က အရှင်ဥပါလိကို တာဝန်ပေးသည်။

အရှင်ဥပါလိက ကျောင်းအစ်မကြီးကို တာဝန်ထပ်ဆင့်ပေးသည်။ ဤသည်မှာ သဘာဝကျသည်။ လင်ယူသားမွေးမှု အတွေ့အကြုံရှိပြီး အစစအရာရာ ဂယနဏနားလည်သော ကျောင်းအစ်မကြီးကို တာဝန်ပေးခြင်းမှာ  လူနာနှင့်ဆေးတည့် အောင်ပေးခြင်းသာဖြစ်သည်။

ကျောင်းအစ်မကြီးက စွပ်စွဲခံရသောမိမိကို ရဟန်းမတစ်ဦးအဖြစ် အသိအမှတ်ပြုလျက် ရိုရိုသေသေ မေးမြန်းသည်။

"အရှင်မ လက်ထပ်ရက် မှတ်မိပါသလား ဘုရား. . ."

"လူဝတ်ကြောင်ဘဝမှာ လင်ယောကျာ်းနှင့် ဆက်ဆံရေး မှတ်မိပါသေးလားဘုရား"

"အရှင်မရဲ့ ဓမ္မတာရက် မှတ်သားထားပါသလားဘုရား"

"ရဟန်းဘဝရောက်တဲ့ရက် မှတ်မိပါသလားဘုရား"

ကျောင်းအစ်မကြီးက တင်းတိမ်ကန့်လန့်ကာကာပြီး နှိုက်နှိုက်ချွတ်ချွတ်မေးသည်။ မိမိ၏လက်၊ ခြေ၊ ချက်၊ ဝမ်းအစရှိသည်တို့ကို အသေးစိတ်စစ်ဆေးပြီး လ၊ရက်တို့ တွက်ချက်သည်။ သားသမီး နှစ်ကျိပ်၊ မြေးလေးရာမွေးထားသော ကျောင်းအစ်မကြီးအနေနှင့် အဖြစ်မှန်ကို အကဲခတ် ဆုံးဖြတ်နိုင်သည်။

ဤကိုယ်ဝန်သည် လူဖြစ်စဉ်ကတည်းက တည်ခဲ့သောကိုယ်ဝန်ဖြစ်ကြောင်း"ခိုင်ခိုင်မာမာ" ဆုံးဖြတ်လိုက်သည်နှင့် ဝိနည်းအရာကျွမ်းသော အရှင်ဥပါလိက "အပြစ်မရှိ"ဟု ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်တော့သည်။

ဤဆုံးဖြတ်ချက်ကြားလိုက်ရသည့် တဒင်္ဂတွင် ဝမ်းနည်းဝမ်းသာ ဝေဒနာနှစ်ရပ် တစ်ပြိုင်နက်တည်း ခံစားလိုက်ရ၍ မူးမေ့မတတ်ပင်ဖြစ် သွားရတော့သည်။

* * *

မှန်သောစကားကိုဆိုရလျှင် ကိုယ်ဝန်သည်အဖြစ်နှင့် ဘိက္ခုနီမဘဝ ဘယ်လိုမျှမအပ်စပ်မှန်း နားလည်ပါသည်။ မိမိကိုယ်ကိုလည်း ရှက်မိပါသည်။ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ အပြစ်တင်ဝေဖန်သံတွေလည်းကြားနေရပါသည်။ သို့သော် အရှင်ဥပါလိ၏ ရဲဝံ့သော ဆုံးဖြတ်ချက်၊ ဘုရားရှင်ကိုယ်တိုင်က

"အမိကရုဏ်းကိုကောင်းစွာဖြေရှင်း ဆုံးဖြတ်အပ်ပြီ"ဟု ကောင်းချီးပေးခဲ့မှုကြောင့် ရန့်ကင်းကင်း၊ သံသယရှင်းရှင်း နေနိုင်သွားပါသည်။

သို့သော်အရှင်ဥပါလိကို ဘုရားရှင်က ကောင်းချီးပေးမှုကြောင့် မိမိတွင် တာဝန်တစ်ခုတိုးလာပြီဟု စိတ်ထဲက တွက်ဆလိုက်သည်။

"အသင် ဘိက္ခုနီမ သင့်သားကို ကောင်းစွာစောင့်ရှောက်လော့"

ဘုရားရှင်ကဤသို့ ထုတ်ဖော် မမိန့်မြွက်သော်လည်း မိန့်သည်ဟုပင် မိမိခံယူလိုက်သည်။ သားတည်း ဟူသော သံယောဇဉ်ဖွဲ့နှောင်ထား၍ အကျင့်သီလပိုင်း အတန်ငယ်လျော့နည်းခဲ့သည်ကိုတော့ ဝန်ခံရပါလိမ့်မည်။

ကိုယ်ဝန်ရှိစဉ်ကပင် ပြဿနာအမျိုးမျိုးသယ်လာသော သားလေးကို ခက်ခက်ခဲခဲမွေးဖွားခဲ့ရသည်။ သီတင်းသုံးဖော်တွေ စောင့်ရှောက်မှုကြောင့် ရှောရှောရှူရှူမွေးလိုက်သည်ကိုပင် ဝမ်းသာရပြန်သည်။

လင်ယူရမှာ ဝန်လေးကြောင့်ကြခဲ့သော မိမိသည် သားငယ်လေး မျက်နှာမြင်ရသော် ရင်းသွေးဟူက အသိကြောင့် ဘယ်အရာမှ စိတ်မဖြောင့်ပြန်။ နို့ဆာလို့ ငိုလျှင်လည်း ပူပန်ရ၊ သေးစိုလို့ ငိုလျှင်လည်း ပူပန်ရ၊ သားအတွက် ဘိက္ခုနီပရိသတ်တို့ အလုပ်ပို၊ စိတ်အနှောင့်အယှက်ဖြစ်ရ၍ စိတ်မကောင်း။ သည်သားကို အဘိုးအဘွားလက် ပြန်အပ်ဖို့ကလည်း ခက်နေပြန်သည်။ မခွဲနိုင်မခွာရက်အောင် သံယောဇဉ်တရားက နှောင်ဖွဲ့နေပြန်ချေသည်။

သို့သော် မမျှော်လင့်ဘဲ ပြဿနာအရပ်ရပ်ကို ဖြေရှင်းသွားနိုင်ပါသည်။

ထိုနေ့က သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလ ကျောင်းတော်သို့ရောက်လာချိန် သားလေးက သည်းသည်းထန်ထန် ငိုကြွေးနေသည်။ ကျောင်းတော်သို့လာတိုင်း တရားဟောကောင်းသော လုလ္လနန္ဒာ ဘိက္ခုနီမထံ တရားနာလေ့ရှိသော ဘုရင်ကြီးက သားအသံကြားသွားသည်။

"အလို. . . ကလေးငိုသံပါလား။ ဘယ့်နှယ်ဖြစ်သတုန်း၊ အရှင်မတို့ . . ဘိက္ခုနီကျောင်းနဲ့ ကလေးငိုသံနဲ့ ဘာဆိုင်သတုန်း"

"မှန်ပါတယ်၊ တကာတော်မင်းကြီး။ ဒီကလေးဟာ ဘိက္ခုနီမတစ်ယောက်ရဲ့ သားလေးငိုသံပါ"

"ဘယ်လို. . . ဘိက္ခုနီမကလေး . . . နားမရှင်းစရာပါလား"

မင်းကြီးစိတ်ထဲ ဒွိဟသံသယ ဖြစ်နေသည်ကို ဇာတ်ကြောင်းလှန် ရှင်းပြလိုက်ကြသည်။ အကျိုးအကြောင်းလိပ်ပတ်လည်သွားမှ တလောကကြုံတွေ့ရသောပြဿနာကြီးကို သတိရသွားဟန်ဖြင့် အံ့အားတသင့်ရေရွတ်သည်။

"အင်း. . . ဖြစ်မှ ဖြစ်တတ်ပလေ။ ကြုံမှကြုံတတ်ပလေ. . . ကောင်းပြီလေ. . . ဒါပေမယ့် ကလေးကို ဒီလိုထားလို့ မသင့်တော်ဘူးပ။ ကျောင်းတော်မှာသားငယ်ရှိ နေခြင်းထက် နန်းတော်ထဲမှာ

ရှိနေသင့်ပါတယ်။ ဒီသားငယ်ကို တပည့်တော်သားအရင်း အမှတ်ပြုပါမယ်"

ကောသလမင်းကြီးက မွေးစားမည်ဆို၍ အားလုံးကဝမ်းသာသွားသည်။ ကံကောင်းပေစွဟုဆိုကြသည်။

အများဝမ်းသာနေသော်လည်း မိမိကမူ ဝမ်းမသာနိုင်၊ သားကိုစွန့်ရေးခက်နေသည်။ မစွန့်လွှတ်လို့လည်းမဖြစ်။ အများအမြင်မတင့်တယ်။ အခြေအနေအရပ်ရပ် သုံးသပ်လျှင် သားဘဝကောင်းစားရေးဖြစ်၍ ဝမ်းနည်းစိတ်မျိုသိပ်လျက် မင်းကြီးလက်ကို အပ်လိုက်သည်။

သားလေးက ကံကောင်းလှသည်။

ဘုရင်မွေးစားသဖြင့် နေ့ချင်းညချင်း ဘုရင့်ရင်သွေး မင်းသားလေးဖြစ်သွားတော့သည်။။ ထိုအချိန်ကစ၍ နာမည်သစ်လည်း တွင်သွားတော့သည်။

ကုမာရကဿပ။

* * *

သားလေးက နန်းတော်ထဲ ရောက်သွားပြီး မိမိကနန်းရင်ပြင်တွင် ကျန်ရစ်သဖြင့် အနေဝေးသွားသော်လည်း သားသံယောဇဉ်ကြောင့် သောကရောက်နေမိသည်။ ခန္ဓာရုပ်က သောကကင်းသယောင်ဖန်ဆင်းထားပေမယ့် စိတ်ကညစ်ညူးနေမိသည်။ သားကိုတွေ့ချင်မြင်ချင်စိတ်က ဘယ်လိုပင် ထိန်းချုပ်ထားသော်လည်း ချုပ်တည်းမရအောင်ဖြစ်ရသည်။

သားကိုတွေ့ချင်ဇောနှင့် နန်းတော်ဝန်းကျင် တရစ်ဝဲဝဲလုပ်မိသည်။ သားစိတ်က နှိပ်စက်လွန်းလှပါဘိ။

သားသံယောဇဉ်ကြီးသော မိမိအဖြစ်သည် ဘုရားသမီးတော်အဖြစ် ခံယူထားပေမယ့် တကယ်တမ်း မဟုတ်မှန်း မိမိကိုယ်ကိုသိနေသည်။ တရားရှင်ဖြစ်သော အရှင်သာရိပုတ္တရာကိုယ်တော်ကြီး၏ တရားကိုလည်းနာဖူးသည်။ ဘိက္ခုနီတို့နှင့် အကျွမ်းတဝင်ရှိသောအရှင်အာနန္ဒာကိုယ်တော်ကြီး၏ ပဲ့ပြင်မှုလည်းရှိသည်။ သို့စဉ်လျက် တရားကိုမမြင်၊ သားခင်တွယ်စိတ်က ဒုက္ခပေးနေသည်။

တစ်နေ့တွင်မူ ဝမ်းသာစရာသတင်းတစ်ခု ကြားလိုက်ရသည်။ သားလေးကုမာရကဿပသည် မွေးစားဖခင်ကြီး ခွင့်ပြုချက်အရ သာသနာ့ဝန်ထမ်းဘဝကူးလာကြောင်းကို သတင်းသယ်လာကြသည်။ ဝမ်းသာမှုက ကြွေပြင် မထိန်းနိုင်။ သားရောက်သည်ဆိုသဖြင့် ဇေတဝန်ကျောင်းဆီ ဒုန်းစိုင်းခဲ့သည်။ သံဃာတွေကြား မဝံ့မရဲရှာမိသည်။

"ဘယ်တုန်း. . . အရှင်မ"

"ဩော်. . . အရှင်၊ အရှင် အာနန္ဒာကိုယ်တော်ကြီးပဲ၊ မှန်လှပါ တပည့်တော်မရဲ့သား. . . "

"အင်း. . . ကိုယ့်ဘဝကိုယ် မေ့နေသကိုး. . . မိမိက ဘိက္ခုနီမဖြစ်နေတာလဲ သတိပြုမှပေါ့ ကုမာရကဿပရဲ့ မယ်တော်ရဲ့"

"တင်. . . တင်ပါ့၊ သည်းခံတော်မူပါဘုရား. . သားလေး သာသနာ့ဘောင် ရောက်ကြောင်း ကြားရလို့ ကြည်ညိုချင်တာနဲ့ ပြေးလာမိတာပါဘုရား"

"ဟုတ်ပါပြီလေ. . . ကိုယ်ချင်းစာပါတယ်။ သတိလေးနဲ့တော့ ထိန်းမှာပေါ့။ ကဲ. . . ဒီမှာရှာမနေနဲ့။ အရှင်ကုမာရကဿပက လွတ်လွတ်လပ်လပ်တရားအားထုတ်ချင်လို့ ဘုရားရှင်ထံခွင့်တောင်းပြီး အန္ဓဝန်တောထွက်သွားပြီ"

"အို. . . အမှန်ပဲလား ဘုရား"

ခဲလေသမျှ သဲရေကျပေါ့လားဟူသော အတွေးကြောင့် အားပျက် စိတ်လျှော့လိုက်ရာ ယိုင်လဲလုမတတ် ဖြစ်သွားသည်။ မှန်ရာကိုဝန်ခံရလျှင် ဝမ်းနည်းစိတ်ဖြင့် ချုံးချငိုပစ်ချင်စိတ် ပင်ပေါ်သွားသည်။ သားဇောကြောင့် အများအပြုံအစုခံလာခဲ့သည်။ သားကမူ မိခင်စေတနာ၊ မိခင်မေတ္တာကို နားမလည်။ အသိအမှတ်မပြု။ သူ စိမ်းပြင်ပြင် ဆက်ဆံသွားလျှင် စိတ်ဆိုးဒေါသထမလို ဖြစ်ရတော့လေသည်။

* * *

သား၏သတင်းကို အမြဲနားစွင့်နေသော မိခင်အဖို့ သတင်းထူးတွေက မကြာမကြာရောက်လာသည်။

ဘိက္ခုနီတို့ကြားတွင် သား၏ ကောင်းသတင်းတွေက မကြာခဏကြားနေရသည်။ ချီးကျူးထောမနာ ပြုသံတွေကြားရတော့ မိခင်တစ်ယောက်အနေနှင့် ဝမ်းမသာဘဲမနေနိုင်။

တစ်ခါတစ်ခါတော့လည်း မိမိ၏ အဖြစ်သည်းနေမှုကို ဆင်ခြင်မိလာသည်။

"အင်း ငါဘာဖြစ်နေတာလဲ. . ဘာဖြစ်လို့ ဒီလောက်သံယောဇဉ်ကြီးရတာလဲ. . . ငါဟာ ရဟန်းဘဝကို မြတ်မြတ်နိုးနိုးတောင့်တခဲ့တယ်။ ကိလေသာစိတ်ကုန်ခန်းလို့ လင်သားကိုတောင် ယတိပြတ်ဖြတ်ပြီး သာသနာ့ဘောင်ဝင်ခဲ့တယ်။ ငါဘာကိုခင်တွယ်နေတာလဲ။ ဘာဖြစ်လို့ ဒီစိတ်မည်း စိတ်ညစ်တွေဖြစ်လာရတာလဲ။ အင်း. . . ဟုတ်ပြီ။ ဒါပဲဖြစ်မယ်။ ငါဟာရဟန်းပြုစက ရှင်ဒေဝဒတ်ကျောင်းမှာ အခြေတည်ခဲ့တယ်။ အစွဲအလမ်းကြီးတဲ့ အရှင်ထံနည်းခံခဲ့တော့ မရှိအပ်တဲ့တရားတွေ ငါ့မှာစွဲထင်လာခဲ့တာပဲ။ ဟုတ်တယ်။ ဒါအမှန်ပဲ။ ဒီအစွဲတွေ ငါဖြတ်မှဖြစ်မယ်။

သားတည်းဟူသော သံယောဇဉ်က သံသရာကို မပြတ်အောင် တုတ်နှောင်ထားမှန်း နားမလည်မိခဲ့။ သို့သော်. . . သည်ကြိုးကို ဖြတ်နိုင် မည့်အကြောင်းက သူ့အလိုလိုဖြစ်လာပေတော့မည်။

* * *

ထိုနေ့ကို ကောင်းကောင်းမှတ်မိနေသည်။ အသည်းခိုက်အောင် နာကျင်စေသည့်အဖြစ်မို့

မေ့နိုင်စရာလည်း မရှိ။

ထိုနေ့က မမျှော်လင့်ဘဲ သားနှင့်လမ်းမှ ပက်ပင်းတိုးသည်။ ဆွမ်းခံကြွလာသောသားကို မြင်လိုက်သည်နှင့် ကိုယ့်စိတ်ကို မထိန်းနိုင်။ ဣန္ဒြေပင်မစောင့်စည်းနိုင်။ သားချစ်ဇောနှင့် ပတ်ဝန်းကျင်ကို မေ့ပျောက်သွားသည်။

"သား. . . သားလေး. . ချစ်သားလေးကဿပ"

"မဖက်နဲ့ ဒါယိကာမကြီး။ ဒီအပြုအမူဟာ မသင့်တော်ပေဘူး။ ဦးပဥ္ဇင်းဟာ ဒါယိကာမကြီးရဲ့ သားမဟုတ်ဘူး"

သားကိုတွေ့သည်နှင့် အမှားအမှန်ကိုမဝေဖန်နိုင်။ မာတုကာမနှင့် ထိစပ်ခွင့်မရှိသော ရဟန်းဝိနည်းကိုလည်း မေ့သွားသည်။ ဘုရားရှင်၏ သားကို မိမိသားပင်ဟု ထင်လျက်ပြုမိရာ ပစ်ပစ်ခါခါ စကားနှင့် တုံ့ပြန်ခံလိုက်ရသည်။

"အို. . . ဘယ်လိုမိန့်တာလဲ သားတော်မောင်ရယ်. . . အမေဟာ ဒီဘဝမှာ ဒီသားတစ်ယောက်ပဲမွေးခဲ့သူပါ။ ငါ့သားကို ဘယ်လိုခက်ခက်ခဲခဲ မွေးခဲ့ရတယ်။ ဘယ်လိုပြဿနာ မျိုးစုံနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဘယ်လို စောင့်ရှောက်ခဲ့ရတယ်ဆိုတာ ငါ့သားသိမှာပါ။ ဒီကျေးဇူးတရားတွေကြောင့် မွေးမအေကို ရက်ရက်စက်စက် ဆက်ဆံလိုက်တာလား. . . "

"အမေတို့ သားတို့ဆိုတာ သံယောဇဉ်စကားတွေပါ"

"ဟုတ်တယ်လေ. . . သံယောဇဉ်စကားပါ၊ အမေက မင့်အမေ။ သားက အမေ့သား။ ဒီအမေက ဒီသားကို သံယောဇဉ်ရှိတာ ဆန်းသလားကွဲ့"

"မဆန်းတဲ့ ဒီစကားကို ဘာဖြစ်လို့ပြောချင်နေတာလဲ။ သံယောဇဉ် စိတ်တွေမဖြစ်သမျှ ကာလပတ်လုံး ဒါယိကာမကြီးရဲ့ ရင်ထဲမှာ ပရိဒေဝမီးဟုန်းဟုန်းတောင်နေမှာပါ"

"မှန်လိုက်လေသားရယ်. . . သားဆိုတဲ့ သံယောဇဉ်ကြောင့် အမေ့ရင်မှာ မီးဟုန်းဟုန်းတောက်နေတယ်။ ဒီမယ်သား ငါ့သားလက်နဲ့ အမေ့ရင်အစုံကို စမ်းကြည့်စမ်းပါ။ သောကမီးတွေ ဘယ်လောက်ပြင်းထန်နေတယ်ဆိုတာ သိသွားမယ်။ မှန်တာပြောရရင် ဒီလောကမှာ အမေချစ် စရာဆိုလို့ ငါ့သားပဲရှိတယ်။ ဒီမယ် . . . ကုမာရကဿပ။ ငါ့သား အမေ့ကိုနားလည်ပေးစမ်းပါ။ အမေမြတ်နိုးစရာ၊ အမေတွယ်တာစရာ၊ အမေ ယုယစရာ. . . "

"တော်တော့. . . "

သား၏ မာမာပြင်းပြင်းအော်လိုက်သံကြောင့် စကားတစ်ဝက်တစ်ပျက်နှင့် ရပ်သွားရပြီး အထိတ်တလန့် မော့ကြည့်မိသည်။ မမျှော်လင့်ထားသော ဆက်ဆံမှုကြောင့် တုန်လှုပ်ချောက်ချားသွားသည်။ သားလေးလို့ သူကယုယုယယ၊ ကြင်ကြင်နာနာခေါ်လိုက်လျှင် မယ်တော်ဟု တုံ့ပြန်လိုက်မည်ထင်ခဲ့သည်။

ထွေးထွေးပိုက်ပိုက် ရှိမည်ထင်ခဲ့ သည်။ သို့သော် မိမိကသာ ဖက်လဲတကင်း ရှိပေမယ့် သားကမူ သူစိမ်းပြင်ပြင်။ ဝမ်းနည်းစိတ်ကြောင့် မျက်ရည်ပင်လည်လာသည်။

"ပြောရက်လိုက်တာသားရယ် . . . မျက်နှာထိ၊ မျက်နှာထား တင်းတင်းမာမာနဲ့ မင်းမို့ပြောရက်ပလေ"

"ဟုတ်တယ် ပြောရလိမ့်မယ်။ အဲဒါဘာဖြစ်လို့လဲသိလား. . . အသက်အရွယ် ဒီလောက်ရှိနေပြီ၊ ဆံဖြူသွားကျိုးနေပြီ၊ သံယောဇဉ်မဖြတ်နိုင်ဘူး။ တရားမရနိုင်ဘူး။ ဒီလိုမိုက်တွင်းနက်နေတာ မုန်းလို့။ ဘာဖြစ်လို့ သား . . . သားနဲ့ တသားထဲ သားနေတာလဲ ပြောစမ်း. . . "

သားလေးက ဒေါ်နှင့်မာန်နှင့် ပြောပြီး မိမိကို ရှောင်လျက်ထွက်သွားသည်။ နောက်ကြောင်းကိုပင် တစ်ချက်မျှ ငဲ့စောင်းမကြည့်ဘဲ ရှေ့ဆက်လျှောက်သွားသော သား၏ ကျောပြင်ကို ကြည့်လျက်ငေးကြောင်နေမိသည်။ ရင်အုံကိုစုံကန်လိုက်သည့်နှယ် ခံစားလိုက်ရ၍ မျက်ရည်တို့က သူ့အလိုလို စီးကျလာတော့သည်။

မျက်ရည်တွေကြားက တစ်စတစ်စပျောက်သွားသော သားကို ကြည့်ရင်း ကိုယ့်ကိုယ်ကို ဆင်ခြင်မိလိုက်သည်။

"ဩော် . . . ငါတယ်မိုက်ပါလား။ သားဆိုတဲ့သံယောဇဉ်နဲ့ နေ့ညမပြတ် မျက်ရည်ကျခဲ့တဲ့ငါဟာ မိုက်တွင်းနက်သူပဲ။ ကြည့်စမ်း. . . သင်းကတော့ မိခင်ရယ်လို့ အမှတ်ရဟန် တောင်မပြဘူး။ ငါ့ကိုရှောင်ထွက်သွားလိုက်ပုံက စက်ဆုပ်ရွံ့ရှာတဲ့ အသွင်နဲ့။ သူစိမ်းပြင်ပြင် ဆက်ဆံလိုက်တာများ. . . လှည့်တောင်မကြည့်ဘူး။ ငါအမေလုပ်သူက ဒီလောက်ခင်တွယ်နေပေမယ့် သင်းက ဖြတ်နိုင်သကိုး. . . ။ ကောင်းတယ် . . . သိပ်ကောင်းတယ်။ မောင်ပဥ္စင်းက ဒီလောက်သံယောဇဉ်ပြတ်နိုင်လို့ မှ အမေကဘာဖြစ်လို့ မပြတ်နိုင်ရမလဲ"

မိမိကိုယ်ကိုဆုံးမလျက် ကျမျက်ရည်ကို လက်ခုံနှင့်ပွတ်သုတ်ပစ်လိုက်သည်။

မတွယ်တာအပ်သည်ကို တွယ်တာလျက် ပူဆွေးသောကရောက်ခဲ့မိသည်။ သူပဲ၊ ငါပဲ၊ သားပဲ၊ အမေပဲ ဟူသောပညတ်ကို ပရမတ်ထင်လျက် မဝေခွဲနိုင်အောင် အမိုက်တိုက် ဖုံးခဲ့မိသည်။ သတိထားဆင်ခြင်လိုက် သည်တွင် သားကအကြောင်းမဲ့ ပြောသွားခြင်း မဟုတ်မှန်း နားလည်လိုက်သည်။

"အင်း. . . မှန်လိုက်လေ မောင်ပဥ္စင်းရယ်. . . မောင်ပဥ္စင်းကသာ အမေရယ်ဆိုတဲ့အသိနဲ့ လိုက်လိုက် လျော့လျော့ဆက်ဆံနေရင် ဒီအသိဝင်လာမှာမဟုတ်ဘူး။ သားရဲ့ခြေအစုံကိုဖက်ပြီး မျက်ရည်ကျမိမှာ . . . ပူဆွေးသောကရောက်မိမှာ . . . သံယောဇဉ်ဖွဲ့နေမိမှာ အမှန်ပဲ။ ငါ့သားက ခုလိုဖြတ်တောက်ပြလိုက်မှ အမေဘာလုပ်ရမယ်ဆိုတာ နားလည်သွားတော့တယ်"

မိမိကိုယ်ကို ဆင်ခြင်လိုက်သည်နှင့် အမှန်တရားကို ပြတ်ပြတ်ထင်ထင် မြင်လာသည်။ စီးကျနေ

သော မျက်ရည်စကို ကိုယ်ရုံသက်န်းနှင့် အသာတို့သုတ်လိုက်ပြီး မပွင့်တပွင့် ပြုံးလိုက်သည်။ ထိုအပြုံးက ကျေနပ်သောအပြုံးမှန်း ရင်ထဲက သိလိုက်ပါပေသည်။

* * *

နောက်တစ်နေ့တွင် မောင်ပဥ္စင်းဆွမ်းခံကြွလေ့ရှိသောလမ်းက ဆီးကြိုစောင့်နေလိုက်သည်။

ဣန္ဒြေသိက္ခာအပြည့်နှင့် ခြသေ့် မင်းတို့ လှမ်းကြွပုံကြွချီလာသော သားမောင်ပဥ္စင်းကို မြင်သည်နှင့် ပုဆစ်ဒူးတုပ်ချလိုက်သည်။ လက်အုပ်ချီရှိခိုးရင်း သားတော်မောင်ကို ကြိုဆိုလိုက်သည်။

ဤအချိန်တွင် မိမိရင်ထဲ၌ သားဟူသော သံယောဇဉ်မရှိ။ သားဟူသော အမှတ်သညာလည်းမရှိ။ ဘုရားရှင်၏သား၊ ဝိနည်းတော်နှင့်အညီ ကြည်ညိုစရာကောင်းသော ရဟန်း၊ အမှန်လမ်းကို ရှေးရှုနေသော ယောကျ်ားမြတ်တစ်ဦးကိုကြိုဆိုသော သဘောဖြင့် ရှိခိုးလိုက်မိ သည်။

“မယ်တော်ကြီးကြည့်ရတာ ဒီနေ့မျက်နှာက ကြည်လင်လို့ပါလား။ ဧကန္တတော့ တရားထူးရသွားပြီနဲ့တူတယ်”

ဆန်းကြယ်သောစကားဆိုတတ် သည့်အရာတွင် ဧတဒဂ်ဘွဲ့ထူးရ ထားသော သားတော်အရှင်ကုမာရကဿပက မိမိကို နှုတ်ခွန်းဆက်သည်။ တစ်ဖက်သားနားဝင်အောင်၊ တရားရအောင် ဆုံးမတတ်သော သားကို မိခင်ဟူသောအစွဲဖြင့် ချီးကျူးခြင်းမဟုတ်ဘဲ ချီးကျူးဂုဏ်ယူမိသည်။ မိမိရင်ထဲက သံယောဇဉ်ကြိုးကိုပြတ်အောင် ဖြတ်နိုင်သောအရှင့် ကို ကျေးဇူးတင်မိသည်။

ဖော်ဖော်ရွှေရွှေ နှုတ်ဆက်နေသော သားကို သည်တစ်ခါတော့ စကားခွန်းတုံ့မဆိုဘဲ လက်အုပ်ချီ၍ သာနေလိုက်သည်။ မိမိ၏အတွင်းစိတ်ကို သိနေသောသားတော်မောင်က သာဓု. . . သာဓုဟု သုံးကြိမ်ဆို ချီးမြှင့်သွားလေတော့သည်။ ။

ကျမ်းကိုး
၁။ကျီးသဲလေးထပ်ဆရာတော် ဘုရားကြီး၏ ဇိနတ္ထပကာသနီ
၂။ဒီဃနိကာယ်၊သုတ် မဟာဝါပါဠိ တော်
၃။ဓမ္မပဒ၊ အတ္ထဝဂ်တို့ကိုမှီငြမ်း ရေးဖွဲ့ပါသည်။


နိဝဏ္ဍတို့ကျဆုံးခန်း

# နိဂဏ္ဍာတို့ ကျဆုံးခန်း

"မင်းသား. . . သင် ကျော်ကြားလိုသလား. . . ဇမ္ဗူဒိပ်ကျွန်းတစ်ခုလုံး ပေါ်လွင်ချင်သလား. . . "

ကွန်နိုပ်ကို လက်သိပ်ထိုးခေါ်ပြီး နှစ်ကိုယ်ကြား နှစ်နားကပ်မေးသည့် အရှင်နိဂဏ္ဍာကို စူးစမ်းသည့် အကြည့်နှင့် ကြည့်လိုက်သည်။ ပညာအရှိန်အဝါနှင့် ဆရာတစ်ဆူလုပ်နေသော နိဂဏ္ဍာကို ကွန်နိုပ်အထင်မသေးပါ။ "ငါ့မှာ ထုံးဖွဲ့နှောင့်ယှက်တတ်သော ကိလေသာမရှိ၊ အာသဝေါတရား ကင်းစင်သူ ဖြစ်သည်" ဟု ဝန်ခံထားသူဖြစ်သည်။ နိဂဏ္ဍာဖခင်သည် ဇမ္ဗူတစ်ခွင် ထင်ပေါ်ကျော်ကြားသော ဝါဒရှင် ဖြစ်သည်။ သူ့အမိသည်လည်း ဝါဒနှင့် ထင်ရှားသူ ဖြစ်သည်။ ဝါဒငါးရာစီ တတ်ထားသော သူတို့နှစ်ယောက် ဆုံမိချိန် သူသာငါနိုင် ပြိုင်ကြသည်။ အရှုံးအနိုင်မရှိ အဆင့်တူကြသည်။ ဤတွင် လိစ္ဆဝီမင်းသားတို့က အချင်းချင်းစုံဖက်ပေး၍ ဆရာသခင်အဖြစ် တင်မြှောက်ကြသည်။ အရှင်နိဂဏ္ဍာသည် မိဘနှစ်ပါးမှပါလာသော ဝါဒငါးရာစီဖြင့် ဝါဒတစ်ထောင်တတ်သော ပဏ္ဍိတ်ဖြစ်လာသည်။ နိဂဏ္ဍာသည် ဆရာတစ်ဆူအဖြစ် ဇမ္ဗူတစ်လွှားလုပ်လာရာ ခေတ်ပြိုင်ဆရာကြီးများနှင့်အတူ ထင်ရှားခဲ့သည်။

ပညာရှိကို ဆည်းကပ်သော ကွန်နိုပ်သည် နိဂဏ္ဍာ၏တပည့်အဖြစ် အလိုအလျောက်ရောက်ခဲ့သည်။

ဆရာရင်း နိဂဏ္ဍာက တစ်မူခြားနားသည့် အမေးစကားကြောင့် ကွန်နိုပ်စိတ်ဝင်စားသွားသည်။

"ဆရာ ဘယ်လိုမိန့်လိုက်တာလဲ။ ဒီလောကမှာ မပေါ်လွင်၊ မထင်ရှားလိုသူရှိလား. . . အဲဒါဆို ဒီလူဟာ ပုထုဇဉ်မဖြစ်နိုင်တော့ဘူး"

ကွန်နိုပ်စကားကြောင့် အရှင်နိဂဏ္ဍာက မိန့်မိန့်ကြီး ပြုံးလိုက်သည်။ ကွန်နိုပ်ဘဝ၊ ကွန်နိုပ်အခြေအနေ သိထားသော အရှင်သည် ကွန်နိုပ်ဆန္ဒကို ရိပ်စားမိပုံရသည်။ တွေးခေါ်ဆင်ခြင်နိုင်သော ပုဂ္ဂိုလ်တစ်ယောက်

အနေနှင့် သည်လက္ခဏာကို အထူးလေ့လာစရာ မလိုပါ။

ကျွန်ုပ်သည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏ သားတော်ဖြစ်သော်လည်း နောင်တော်အဇာတသတ်၏ အရိပ်က လွှမ်းမိုးနေ၍ မထင်ပေါ်ပေ။ နောင်တော်မှာ တောင်ညာစံဒေဝီ ဝေဒေဟီမိဖုရားကြီး၏ သားတော်ဖြစ်၍ ဖခင်နန်းရိပ် ဆက်ခံခွင့်ရှိသူ ဖြစ်သည်။ သဘာဝကပေးသော အခွင့်အရေးက သာလွန်သည့်ပြင် နောင်တော်၏ ပြတ်သားသော ရပ်တည်မှု၊ ရဲရင့်တက်ကြွသော စိတ်ဓာတ်၊ လုပ်ရဲကိုင်ရဲသော သတ္တိတို့ကြောင့် နောင်တော်ကို ကျော်တက်ဖို့က မလွယ်ပေ။ ရာဇသွေးပါသူဖြစ်ငြားလည်း မိဖုရားငယ်တစ်ပါး သားမျှသာဖြစ်သော ကျွန်ုပ်မှာ ပေါ်လွင်မှုမရှိပေ။

လောဘတဏှာကို ပယ်သတ်နိုင်ခြင်း မရှိသေးသော ပုထုဇဉ်ပီပီ ရရှိနေသော အဆင့်ထက် တစ်ဆင့် မြင့်လိုသည်။ သာမန်မင်းသားတစ်ပါးဘဝထက် ရာဇဂြိုဟ်ပြည့်ရှင်ဟု ဘိသိက်သွန်းခံ မင်းတစ်ပါးဖြစ်လိုသည်၊ ဖြစ်နိုင်လျှင် စကြဝဠာတစ်တိုက်လုံး စိုးမိုးအုပ်ချုပ်သည့် စကြာမန္ဒာတ်မင်းဖြစ်လိုသည်။ ဤသို့ဖြစ်လာအောင် ပထမအဆင့်အနေနှင့် ကျွန်ုပ် အဘယမင်းသားကို ရာဇဂြိုဟ်ပြည်သားတို့ သတိထားဖို့လိုသည်။ အလေးဂရုပြုဖို့လိုသည်။ အများ၏ထောက်ခံအားပေးမှုလိုသည်။

ကျွန်ုပ် ကျော်ကြားချင်သည်မှာ အဆန်းမဟုတ်ပါပေ။

* * *

ကျွန်ုပ်ကို ရာဇဂြိုဟ်ပြည်သားတွေ သတိပြုမိသော အချက်တစ်ခုတော့ရှိသည်။ သည်ကိစ္စအတွက် အကောင်းမြင်သူတွေရှိသလို ကွယ်ရာတွင် မျက်နှာမဲ့သူတွေလည်း ရှိသည်။

သည်အကြောင်းကို လူအများ စိတ်ဝင်စားသည်တော့အမှန်။ ဒါကလည်း ကျွန်ုပ်ကြောင့်မဟုတ်။ သာလာဝတီကြောင့်သာ။

ကျွန်ုပ်တို့ ဇမ္ဗူဒီပါကျွန်းတွင် ဂုဏ်တုဂုဏ်ပြိုင် အလေ့အထ ရှိသည်။ သူ့တိုင်း၊ ကိုယ့်တိုင်း အဆန်းတကျယ်ရှိမှုကို ဂုဏ်တင်သည်။

လိစ္ဆဝီတိုင်းသားတို့၏ ဝေသာလီမြို့မှ အမ္ဗပါလီပြည့်တန်ဆာမသတင်းကို ကုန်သည်များက ယူလာသည်။ တစ်ပြည်လုံး၏ အချောဆုံး၊ အယဉ်ဆုံး၊ မာယာအတတ်အကျွမ်းဆုံး မိန်းကလေးကို အများပိုင် ပြည့်တန်ဆာဘွဲ့နှင်းအပ်သည်။ ငွေကြေးချမ်းသာသူ မင်းညီမင်းသား၊ သူဌေးသူကြွယ်များသာ ပျော်ပါးနိုင်သည်။ အခကြေးငွေနှင့်ပျော်ပါးရသည်။ အမ္ဗပါလီသတင်းကြားရတော့ ကျွန်ုပ်တို့ ရာဇဂြိုဟ်သားတွေကလည်း အားကျမခံ ပြုသည်။ အချောအလှ၊ အများသဘောကျသည့် သာလာဝတီကို ပြည့်တန်ဆာ ခန့်ခဲ့သည်။

သာလာဝတီကို စုံမက်သူတွေက အနမတဂ္ဂ။ သို့သော် သတ်မှတ်ကြေးက များလွန်း၍ အိမ်ရိပ်ကို ပင် နင်းနိုင်သူ ရှားသည်။ ကြင်လိုပါလျက် ကြင်ရေးခက်သော သာလာဝတီပင်။

ကျွန်ုပ် အဘယကုမာရမှာ မွေးရာပါ အခွင့်အရေးကြောင့် သာလာဝတီနှင့် နီးစပ်ခွင့်ရသည်။ မင်းသားဟူသော အရှိန်အဝါနှင့် ငွေကြေးပြည့်စုံမှုကြောင့် သာလာဝတီ၏ အချစ်ကို ရခဲ့သည်။ နှစ်ဦး နှစ်ဖက် မည်သို့ပင် စုံမက်စေကာမူ ကျွန်ုပ်နှင့် သာလာဝတီကြား ပိုင်းခြားထားသော လူမှုတံတိုင်းကြီးကြောင့် ဘိတ်တခိုးအချစ်ဖြင့်သာ နှစ်သိမ့်ခဲ့ရသည်။

ကျွန်ုပ်နှစ်ဦးသား အချစ်နယ်ကျွံမှုကြောင့် သားလေးတစ်ယောက် ထွန်းပေါက်ခဲ့ရသည်။ သာလာဝတီအနေနှင့် ပြည့်တန်ဆာဖြစ်နေ၍ သားသမီးမွေးဖို့မလျော်သလို ကျွန်ုပ် အဆင့်အတန်းက သာလာဝတီနှင့် ပေါင်းဖက်၍ သားသမီးထွန်းကားသည်ဟု အဖြစ်မခံနိုင်။ သာလာဝတီက သူ့အစီအစဉ်နှင့် သားငယ်ကို ကျွန်ုပ် အိမ်တော်နား ပစ်ထားခဲ့သည်။ ယင်းသားကို ကျွန်ုပ်ကပင် ကောက်ယူမွေးစားခဲ့သည်။ ကျွန်ုပ် နှင့် သာလာဝတီတို့ သားမှန်း အများကသိပေမယ့် တရားဝင်မပြောဝံ့ကြ။

မည်သို့ပင်ဖြစ်စေ သည်သားဇီဝကသည် တိုင်းလုံးကျော်သမားတော်ကြီးအဖြစ် ထင်ရှားခဲ့သည်။ သည်သားကြောင့် ကျွန်ုပ်အဘယမင်းသား အထိုက်အလျောက် ထင်ရှားခဲ့သည်မှာအမှန်။ သို့သော် ကိုယ်ပိုင် အလင်းရောင်မရှိသော အရာသည် အများအသိအမှတ် အပြုမခံရ၍ ကျွန်ုပ်ကိုယ်စွမ်းကိုယ်စနှင့် ထင်ရှားလိုသည်။

ထိုအချိန် ဆရာနိဂဏ္ဍာက မေးလာသည်။ ကျွန်ုပ်စိတ်မဝင်စားဘဲ မနေနိုင်တော့။

*　　　*　　　*

"မင်းသား. . . သင်ထင်ရှားလိုရင် ရဟန်းဂေါတမကို ပြဿနာတင်မေးလော့"

"အို. . ."

ကျွန်ုပ် မျှော်လင့်တကြီးနှင့် ဆက်လာမည့် အကြောင်းခြင်းရာကို ငံ့လင့်နေစဉ် ဆရာနိဂဏ္ဍာ မိန့်လိုက်ပုံကြောင့် အံ့အားသင့်သွားသည်။ ဘုရားရှင်ကို ပြဿနာတင်ရမတဲ့။

လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံနေရသောမြတ်ဘုရား။ တရားအပေါင်းကို ကိုယ်တိုင်ထိုးထွင်းသိမြင်ခဲ့သော မြတ်ဘုရား။ အသိဝိဇ္ဇာတရားနှင့် အကျင့်စရဏတရားပြည့်စုံသော မြတ်ဘုရား။ အကျိုးရှိသောတရားစကားသာ မိန့်ကြားတတ်သောမြတ်ဘုရား။ မယဉ်ကျေးသေးသော လူနတ်အပေါင်းကို ဆုံးမချေချွတ်ရာ အတုမရှိသောမြတ်ဘုရား။ သစ္စာလေးပါးတရားကို ကွဲပြားခြားနားသိတော်မူသော မြတ်ဘုရား။ ဂုဏ်တော်ကိုးပါး၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်

မြတ်ဘုရားကို ပြဿနာတင်ရမည်ဆိုရ၍ အံ့သြသွားသည်။ ဤအမှုသည် ကျွန်ုပ်မစွမ်းဆောင်နိုင်သော အမှု။

မြတ်ဘုရားကို ဝါဒရေးရာနှင့် တိုက်ပွဲဝင်နေကြသည်ကို ကျွန်ုပ်သိသည်။ ပုရာဏကဿပ၊ မက္ခလိဂေါ သာလ၊ သိဥ္စည်းဆရာကြီးများသာမက ကျွန်ုပ်ဆရာနိဂဏ္ဌာကိုယ်တိုင် တိုက်ခိုက်နေသည်ကို ကျွန်ုပ် အသိ။ နောက်မှာ ပွင့်လာသူ၊ ငယ်ရွယ်သူဟူသော အထင်သေး၊ အမြင်သေးစိတ်ဖြင့် ဝါဒတင် တိုက်ပွဲဆင်ရာ အရှုံးနှင့်သာ ရင်ဆိုင်ရမှန်း ကျွန်ုပ်သိထားသည်။

"ဆရာ. . . ဒီကိစ္စကို ကျွန်ုပ် ဘယ်လိုလုပ် တင်နိုင်မှာလဲ"

"အဟ၊ နိဂဏ္ဌာတပည့်လုပ်ပြီး ညံ့လှချည်လား မင်းသားရယ်. . . ဒီမယ် အဘယ. . . သင် မထင်ပေါ်ချင်ဘူးလား"

"ထင်. . . ထင်ပေါ်ချင်တာတော့ ပြောဖို့လိုမလားအရှင်။ ဒါပေမယ့် မြတ်ဘုရားကို ဘယ်လိုပြဿ နာတင်မလဲ။ အသိရော. . . အကျင့်ပါ ဆိုစရာမရှိတဲ့ မြတ်ဘုရားကို ဘယ်မှာ အပြစ်ပြောလို့ရမလား"

"အေး. . ဒါဟာ မင်းသားရဲ့ နုန်နဲ့မှု ထုတ်ပြတာပဲ။ ဒီမယ်. . . မင်းသား. . သင့်နောင်တော် အဇာတသတ်လောက် သင်ကအစွမ်းအစ မရှိဘူး။ ဒါဟာ မင်းသားရဲ့ ချို့ယွင်းချက်ပဲ"

"ဒီအတွက် ဝန်ခံပါတယ် အရှင်"

"အိန်း. . . ငါ့တပည့်လုပ်နေတဲ့ သင်မင်းသားကို ဒီလိုညံ့ဖျင်းသူ အဖြစ်မခံနိုင်ဘူး။ သင်. . . အရောင်အသွေး တောက်ပြောင်အောင် ငါက အရောင်တင်ပေးမယ်. . . "

"အရှင်က သွန်သင်ရင်တော့ ကျွန်ုပ်လုပ်ဝံ့ပါတယ်"

"ဒါပေါ့ မင်းသားရဲ့. . . နိဂဏ္ဌာကို အားကိုးစမ်းပါ။ ဂေါတမရဟန်း ပရိသတ်အလယ် မဟာ အရှက်ကြီးရအောင် ကျွန်ုပ်အကြံထုတ်တာကြာပြီ။ ဘယ်လမ်း၊ ဘယ်အကွက်က အချက်ကျကျ နှက်ရမလဲ လို့ ကျိတ်ကြံနေတာ လေးလရှိပြီ။ ဒီနေ့တော့တွေ့ပြီ"

"အဟုတ်လား. . . အရှင်"

"မင်းသားကို ကျွန်ုပ် လိမ်မလား. . . ဒီမယ် သင်မင်းသား။ သင်က နန်းညွန့်နန်းလျာ။ ပြီးတော့ ဂေါတမကို ကြည်ညိုနေတဲ့ ဗိမ္ဗိသာရမင်းကြီးရဲ့သား။ တစ်ခါ အများလေးစား ခံနေရသူ။ ဒီအခွင့်အရေးဟာ အများအာရုံစိုက်စရာ ဖြစ်မနေဘူးလား. . . "

"ဒါတော့ အမှန်ပဲ အရှင်"

"ဟုတ်တယ်၊ ဒီအခွင့်အရေးနဲ့ ဘုရားရှင် တရားပလ္လင်တက်နေချိန်မှာ သင်က မေးရမယ်။ ဒီမေးရမယ့် စကားကို ငါလေးလကြံဆထားတာ။ ဒီမယ်မင်းသား. ․ . မြတ်ဘုရားကို "အရှင် သူတစ်ပါး မနှစ်သက်သော စကားကို ပြောသလော" လို့မေးရမယ်"

"ပြောတယ်ဆိုရင်. . . "

"ဒါဆို အရှင်ဘုရားဟာ ပုထုဇဉ်နဲ့ ဘာခြားနားလဲ။ လူတို့ ကိုးကွယ်ဆည်းကပ်ရာပုဂ္ဂိုလ်က ဒီစကားမျိုးပြောတာ သင့်မလားလို့ ပုတ်ခတ်ရုံပဲ"

ကျွန်ုပ်သည် ဆရာနိဂဏ္ဍကို တလေးတစား ကြည့်လိုက်သည်။ သာမန်လူတို့ မကြံဆသည်ကို ကြံဆ။ မတွေးမိသည်ကို တွေးတတ်ပုံကြောင့် ချီးကျူးလိုက်မိသည်။

"နေဦးဆရာ. . . ငါဟာ ဒီစကားမျိုး မပြောဘူး၊ မဆိုဘူးဆိုရင်ရော. . . "

"အဲဒါ ပြဿနာရဲ့ အဓိကသော့ချက်ပဲ မင်းသားရဲ့။ ကျွန်ုပ် လေးလလုံးလုံး ကြံစည်ခဲ့တာ ဒီအချက်ပဲ။ မင်းသား သင့်နောင်တော်နဲ့ ရှင်ဒေဝဒတ်ပေါင်းပြီး ကြံစည်ခဲ့တဲ့ကိစ္စ ပြန်စဉ်းစားစမ်း"

ကျွန်ုပ်စိတ်ထဲ ဘယ်လိုမှ တွေးမထားသော ပြဿနာကို ချက်ချင်းနားလည်သွားခဲ့သည်။ အံ့ဩစရာ နိဂဏ္ဍာ အရှင်မြတ်ပါပေလား. . . ။

*　　　*　　　*

ဗုဒ္ဓသာသနာတော်အတွင်း ပေါ်ပေါက်ခဲ့သော ဒေဝဒတ်အရေးက ရာဇဂြိုဟ်ပြည်တွင် ဟိုးလေးတကျော် ဖြစ်ခဲ့သည်။

ဒေဝဒတ်သည် ဗုဒ္ဓ၏ယောက်ဖတော် သကျသာကီဝင် မင်းသားတွေနှင့်အတူ ရဟန်းပြုလာသူ။ သို့သော် ဒေဝဒတ်သည် အဆာကျယ်၏။ လောဘသက္ကာရ များ၏။ အတုအပ ဂုဏ်ဒြပ်ကို မက်မော၏။ ဘုန်းတန်ခိုးပညာအရာ ဧတဒဂ်ရသော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကို ဣသာမစ္ဆရိယစိတ်ဖြင့် ပခုံးချင်း ယှဉ်ခဲ့သည်။ တန်ခိုးကြီးလိုမှုကို ရယူချင်သော ရှင်ဒေဝဒတ်သည် မိမိမှာရှိသော လောကီအဘိညာဉ်ကို အသုံးပြုလျက် အဇာတသတ်ကို သိမ်းသွင်းခဲ့သည်။ မလိမ်မိုး မလိမ္မာ မင်းသားငယ်ကို အသုံးချလျက် ရှင်တော်ဗုဒ္ဓ ကျဆုံးအောင် ကြိုးပမ်းခဲ့သည်။

ကျွန်ုပ်နောင်တော် အဇာတသတ်သည် ကျွန်ုပ်ထက် အသိဉာဏ် နည်းသည်ကို သူ့လုပ်ရပ်ကြည့်မှ သိသည်။ နောင်တစ်ချိန် ဧကန်မင်းဖြစ်မည်မှန်း သိနေလျက် အချိန်မတန်မီ ဖခမည်းတော်ကို လုပ်ကြံခဲ့သည်။ သောတာပန်ပုဂ္ဂိုလ်ကြီးကို လုပ်ကြံခဲ့ခြင်းကြောင့် နောင်တော်ကို ပြည်သူတစ်ရပ်လုံး ရွံမုန်းခဲ့သည်။ သို့သော် ဤလုပ်ရပ်ကို နောက်ကွယ်မှ ကြိုးကိုင်ခဲ့သူမှာ ရှင်ဒေဝဒတ်ဖြစ်ကြောင်း သိလာ၍ သက်သာရာရခဲ့သည်။

ရှင်ဒေဝဒတ်သည် အဆာကျယ်သူ ဖြစ်သည့်အလျောက် မြတ်ဘုရားကိုယ်စား သံဃာတွေ အုပ်ချုပ်ခွင့်တောင်းခဲ့သည်။ ထိုအခါ မြတ်ဘုရားက "ခေဠာသကနှပ်တံတွေးစားသူကို ငါပရိသတ်အပ်ရန်

အကြောင်းမရှိ" ဟု ပြတ်ပြတ်သားသား မိန့်ကြားခဲ့သည့်အပြင် မောင်းမဲခဲ့သည်။ သံဃာ့ပရိသတ်အကြား အရှက်တကွဲ အကျိုးနည်းအောင် ရှုတ်ချခဲ့၍ ဒေဝဒတ် စိတ်အနာကြီး နာသွားသည်။ အဇာတသတ်မင်းသားနှင့် ပူးပေါင်းလျက် ဘုရားရှင်ကိုသတ်ရန် အမျိုးမျိုးကြံစည်ခဲ့သည်။ အမျိုးမျိုးလုပ်ကြံ၍ မအောင်မြင်သည့်အခါ သံဃာကိုသင်းခွဲရန် ကြံစည်ပြန်သည်။ ဤတွင် မြတ်ဘုရားက "အပါယ်ကိုကျမည့်သူ" ဟု မိန့်ကြားခဲ့သည်။

ဆရာနိဂဏ္ဍာ ရည်ရွယ်မိန့်ကြားသည်မှာ ဤကိစ္စဖြစ်သည်။

"မြတ်ဘုရားက သူတစ်ပါး မနှစ်သက်သော စကားမဆိုဟု မိန့်ခဲ့သည်။ သို့ဖြစ်လျှင် ဒေဝဒတ်ကို အပါယ်ကျမည်၊ တစ်ကမ္ဘာပတ်လုံးဆင်းရဲမည်၊ ကုစား၍မရနိုင်ဟု မိန့်သည်မှာ အဘယ်နည်း. . . သေမည့်သူကိုအားမပေး၊ အားပေးစကား မဆိုဘဲ မင်းသေမှာ. . . သေပြီး ဒုက္ခရောက်ဦးမှာဟုပြောသည်ကို နာသူက နှစ်သက်မည်ထင်လား. . . "

ဆရာနိဂဏ္ဍာ ချည်နှောင်ရစ်ပတ်လိုက်ပုံက အုံ့ဩစဖွယ်၊ ကြောက်မက်ဖွယ်ကောင်းလှ၏။ အစွန်းနှစ်ဖက် မလွတ်နိုင်သော စကားကို ကြံဆတတ်ပုံမှာ လေးစားစရာပင်။ သည်အမေးသာရှိလျှင် လည်ချောင်းတွင် သံခက်ရင်းခွစူးသည်နှင့် မခြားရှိမည်။ စူးခွကို မျိုချ၍လည်း မရ။ ထွေးထုတ်၍လည်း မဖြစ်။ မထွေးနိုင် မမျိုရက် အခက်ကြုံရမည်ကို ကျွန်ုပ် နားလည်လိုက်သည်။ ကျွန်ုပ်ဝမ်းပန်းတသာ လက်မြှောက်ဟစ်ကြွေးလိုက်သည်။

"အရှင်ဂေါတမကို ကျွန်ုပ် ပြဿနာတင်မယ်"

* * *

ကျွန်ုပ် အဘယသည် ဗုဒ္ဓကို အပုတ်ချ၊ ပြဿနာတင်ရန် ကြံသော်လည်း စကားအသွားအပြန်ကို အတန်တန် ချင့်ချိန်မိသည်။

မြတ်ဘုရားသည် သူတစ်ပါး မနှစ်သက်သောစကား၊ မကြားလိုသောစကား၊ အခံရခက်သော စကား၊ ဆဲရေးမှုအကျုံးဝင်သောစကားကို ပြောလေ့မရှိ။ ထိုအလေ့အထ မရှိကြောင်း အများသူငါ သိထားသည်။ သို့ဆိုလျှင် မပြောဟုပင် မြတ်ဘုရားက မိန့်ကြားလိမ့်မည်။ ထိုအခါ ကျွန်ုပ်စွဲချက်တင်ဖို့အရေး လမ်းခင်းပေးသလို ရောက်လာပေတော့မည်။

အပိုင်အနိုင် ချုပ်နှောင်ထားသည့်စကားနှင့် ထိုးစစ်ဆင်ရမည်ဆိုသော်လည်း ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာဆိုသကဲ့သို့ ဝါဒစစ်ပွဲ အလီလီအောင်ပွဲဆင်ခဲ့သော မြတ်ဘုရားဖြေကြားချက်အရ ကျွန်ုပ်အပေါ် ပြန်မပတ်လာဟု မဆိုနိုင်။

သည်အရေး တွေးမိသော ကျွန်ုပ်သည် မြတ်ဘုရားကို စကားစစ်ဆင်ရန် နေရာကောင်း၊ အခြေ

အနေကောင်း၊ အချိန်အခါကောင်း ရွေးဖို့လိုကြောင်း စဉ်းစားလာမိသည်။

"ဘုန်းတော်ကြီးသော မြတ်ဘုရား၊ မနက်ဖြန် တပည့်တော်ရဲ့ ဆွမ်းဘုဉ်းပေးဖို့ သံဃာသုံးပါးနှင့် ကြွရောက်တော်မူပါ"

အကြံသမား ကျွန်ုပ်က ပင့်လျှောက်သည်တွင် "ကောင်းပြီမင်းသား"ဟူသော အဓိပ္ပာယ်ဖြင့် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်သည်။

ကျွန်ုပ်အိမ်ပြန်လာပြီး ပြုဖွယ်အစီအစဉ်တွေ ဆော်ဩလိုက်သည်။ တစ်ဖက်သားကို မကောင်းကြံသူအနေနှင့် ကိုယ့်ဘက်က တာလုံအောင်ပြင်ဆင်ရေးမှာ အရေးကြီးသည်။ အကယ်၍ စကားနှင့်ရစ်ပတ်လာလျှင် အလွယ်တကူထနိုင်အောင် စီစဉ်ရပြန်သည်။ ဘုရားရှင်ကြွလာလျှင် သားငယ်ကို ပေါင်ပေါ်တင်ပြီး ချဉ်းကပ်မည်။ ပြဿနာတင်လာလျှင် သားငယ်ကို မငို၊ ငိုအောင် ဆိတ်ဆွဲမည်။ ကလေးကို အကြောင်းပြုလျက် စကားစဖြတ်လျှင် ပြဿနာမတင်နိုင်ဟု တွေးမိသည်။

အဘက်ဘက်က ပြင်ဆင်ပြီးသည်နှင့် ကျွန်ုပ်က ပြဿနာတင်မေးလိုက်သည်။

"အဘယမင်းသား၊ သင်မေးသောပြဿနာက မနှစ်လိုဖွယ်စကား မမိန့်ကြားဟုလည်းကောင်း၊ မိန့်သည်ဟုလည်းကောင်း တထစ်ချ မပြောနိုင်။ အကျိုးရှိမည် မြင်လျှင် မိန့်ဆို၏။ အကျိုးမရှိဟု မြင်လျှင် မမိန့်ဆို"

ဘုရားရှင် ဖြေလိုက်ပုံကြောင့် ကျွန်ုပ်ပင် တုန်လှုပ်ချောက်ချားလျက် ကြက်သေသေသွားသည်။ ဤပြဿ နာကို ဆရာနိဂဏ္ဌသည် လေးလတာမျှ အပန်းတကြီး ကြံစည်ထားခဲ့သည်။ သူ့အကြံအစည်ကို ဂဃနဏ ရှင်းပြလျက် ပြောရမည့်စကားကို သွန်သင်ခဲ့သည်။ ဆရာသင်ပြသည်ကို ကျွန်ုပ်လည်း ဆန်းစစ်ကြည့်သည်။ သာမန်ဉာဏ်ပညာရှိရုံဖြင့် အဖြေမသိနိုင်သော ပြဿနာကို ဘုရားရှင်က တစ်မုဟုတ်ချင်း ဖြေ ရှင်းလိုက်သည်။

"အံ့ဩဖွယ်ကောင်းပါဘိ။ ထူးခြားမှုရှိပါဘိ။ သုဂတဂုဏ်နှင့်ပြည့်စုံသောမြတ်ဘုရား . . . ဤပြဿနာ တစ်ခုတည်းနှင့်ပင် တက္ကတွန်းတွေအားလုံး ပျက်သုဉ်းခဲ့ပါပြီ"

"သင်မင်းသား ဘာကြောင့် နိဂဏ္ဌတွေ ပျက်စီးရဘိသနည်း"

ကျွန်ုပ်သည် ဘုရားရှင်၏ အမေးကို မဖြေဘဲမနေနိုင်တော့။ ဝါဒရေးရာ စစ်ပွဲအတွက် နိဂဏ္ဌကြီး လေးလပတ်လုံး ကြံစည်ခဲ့ပုံ၊ ပြဿနာတင်ရန် ကြံစည်ခဲ့ပုံ၊ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် အားထုတ်ပုံတို့ကို ဖွင့်ဟဝန်ခံလိုက်သည်။

ကျွန်ုပ် ဤသို့ ဝန်မခံဘဲ မနေနိုင်တော့။ ပညာအရာကြီးမားသော မြတ်ဘုရား၏ အရှိန်အဝါကို ကျွန်ုပ် ခံညားလေးစားမိသည်။ ဘုရားရှင် အပေါ်ကို မကြည်ညိုဘဲ မနေနိုင်တော့သဖြင့် ကြည်ညိုစိတ်ဖြင့် မှန်ရာဝန်ခံလိုက်မိတော့သည်။

"ကောင်းပြီ မင်းသား၊ ဥပမာ ထားမေးပါမည်။ သင့်အယူအဆ၊ သင့်အတွေးကို သဘောကျသလို ဖြေပါ"

"မှန်ပါ မြတ်ဘုရား"

"သင့်ပေါင်ပေါ်ရှိနေတဲ့ သင့်ကလေးက သစ်စ၊ ဒါမှမဟုတ် အိုးကွဲစ၊ ဒါမှမဟုတ် ပုလင်းစ တစ်ခုခုကို ခံတွင်းသွင်းမိတယ်ဆိုပါတော့။ ဒီလိုဖြစ်ရင် သင်ဘယ်လို လုပ်မလဲ"

"မြတ်ဘုရား. . . ကလေးခံတွင်းထဲက သစ်စကို ထုတ်ပစ်ပါမယ် ဘုရား"

"အကယ်၍ လွယ်လင့်တကူ ထုတ်မရရင်ရော. . . "

"လွယ်လင့်တကူ ထုတ်လို့မရရင် ကလေးမလှုပ်နိုင်အောင် ချုပ်နှောင်ပြီး စူးနေတဲ့ သစ်စထွက်လာအောင် လုပ်ရပါလိမ့်မယ်။ အဲဒီလို အကြမ်းပတမ်းလုပ်လို့ သွေးထွက်သည်ပဲ ဖြစ်ဖြစ်၊ မခံနိုင်အောင် ငိုသည်ပဲဖြစ်ဖြစ်၊ သစ်စရအောင်တော့ လုပ်ရပါလိမ့်မယ် ဘုရား. . . . "

"မင်းသား. . . သင့်အပြုအမူဟာ သင့်သားအပေါ် ရက်စက်လွန်းလှချည်လား. . . "

"ဒါ ရက်စက်တာ မဟုတ်ပါဘုရား. . . သားသမီးကို ချစ်လွန်းလို့၊ မေတ္တာကြီးမားလွန်းလို့ ခံစားရတဲ့ ဝေဒနာသက်သာအောင် ပြုမူခြင်းသာပါ"

"မှန်ပါတယ် အဘယမင်းသား၊ ငါဘုရားဟာ ဒေဝဒတ်အပေါ် ကရုဏာထားလို့ အပါယ်ကျမည့်သူလို့ သုံးခဲ့တယ်။ ဒီစကားက သူ မနှစ်သက်မှာ သေချာတယ်။ ဒါပေမယ့် ဒီစကားဟာ မှန်လည်းမှန်၊ အကျိုးလည်းရှိတဲ့ စကားဖြစ်တယ်။ ဒီစကားမျိုး ငါဘုရားပြောလေတယ်"

"မှတ်သားဖွယ်ရှိပါဘုရား. . . တပည့်တော် ဆင်ခြင်ဉာဏ်ပွားနိုင်အောင် မိန့်ကြားတော်မူပါ"

"ကောင်းပြီ မင်းသား။ ငါဘုရားဟာ မှန်လဲမှန်၊ အကျိုးလဲရှိ၊ သူတစ်ပါးလဲ နှစ်သက်တဲ့ ဒါန၊ သီလနှင့်ဆက်စပ်တဲ့ စကားမျိုးကိုလဲ ပြောပေတယ်"

"ကောင်းမြတ်လှပါတယ် မြတ်ဘုရား"

"သို့ပေမယ့် ငါဘုရားဟာ ဒုသီလပုဂ္ဂိုလ်တွေ ပြောလေ့ပြောထ ရှိတဲ့ စကားလေးမျိုးကိုတော့ ဘယ်သောအခါမှ မပြောဘူးမင်းသား. . . "

"ဒုသီလပုဂ္ဂိုလ်တွေ ပြောလေ့ရှိတဲ့ စကားလေးမျိုး မှတ်သားပါရစေဘုရား"

"ကောင်းစွာနာလော့. . . အဘယမင်းသား။ မှန်လဲမမှန်၊ အကျိုးလဲမရှိ၊ သူတစ်ပါးလဲ မချစ်မနှစ်သက်သော စကားကတစ်ရပ်။ မှန်တော့မှန်တယ်၊ အကျိုးတော့မရှိ၊ သူတစ်ပါးလဲ မနှစ်သက်တဲ့ စကားကတစ်ရပ်။ မှန်တော့ မှန်တယ်၊ အကျိုးလဲမရှိ၊ သူတစ်ပါးနှစ်သက်တဲ့ ဗေဒင်၊ ကျမ်းဂန်အလာအတိုင်း စီရင်ရတဲ့ ပါဏာတိပါတကံပြုခြင်းဟာ နတ်ရွာသုဂတိလားတယ်လို့ ဆိုတဲ့စကားမျိုး"

"ယဇ်ပူဇော်စေမျိုးလား ဘုရား"

"မှန်တယ် အဘယ။ နောက်ဆုံးတစ်ချက်က မှန်ပင်မှန်ငြားလဲ၊ သူ တစ်ပါးနှစ်သက်သော်လဲ၊ အကျိုးမရှိ တဲ့ အချစ်ဆိတ်သုဉ်း အမုန်းပွားစေတဲ့ ကုန်းစကားမျိုး ငါဘုရား မပြောကြားဘူး"

"သာဓု. . . သာဓု. . . သာဓုပါ မြတ်ဘုရား။ အရှင်ဘုရားမိန့်ကြားလိုက်တာ တစ်သက်တာ မှတ်သားနာယူဖွယ်ပါပဲ ဘုရား။ ဘုရားတပည့်တော် ဦးခိုက်ပါတယ်။ နှစ်လိုဖွယ် အဖြေကို ရုတ်ခြည်း တုံ့ပြန်နိုင်တဲ့ အတွက် အံ့ဩတုန်လှုပ်မိပါတယ်။ နိဂဏ္ဌတွေ ရက်ရှည်လများ ကြံစည်ထားသမျှဟာ မိုးကြိုး စက်နဲ့ ခွင်းလိုက်သလို တစ်ချက်တည်းရှင်းသွားလို့ အလေးအမြတ် ပူဇော်အပ်ပါဘုရား"

ကျွန်ုပ်သည် တစ်ကြိမ်တည်းနှင့် ပင် မြတ်ဘုရားအပေါ် ယုံကြည်ကိုးစားသွားမိသည်။ ကျွန်ုပ်တစ် သက်တာလုံး ကိုးကွယ်ဆည်းကပ်ခဲ့သော နိဂဏ္ဌများသည် ဘုရားရှင်နှင့်ယှဉ်လျှင် ပညာအရာ၌ ဆီးစေ့နှင့် မြင်းမိုရ်တောင် ကွာသကဲ့သို့ ကွာ ကြောင်း သိလိုက်သည်။ ကိုးကွယ် ဆည်းကပ်ရာ အမှန်ကို ရှာတွေ့ပြီဟု စိတ်ထဲက သိလိုက်သည်နှင့် ကျွန်ုပ် ရှိခိုးလိုက်သည်။

"မှန်ပါ မြတ်ဘုရား။ အရှင်သည် ကျွန်ုပ်အဘယ၏ မှီခိုရာ ဖြစ်ပါတော့။ အရှင့်သာသနာတွင် မှီလျက် ဖဝါးခြေထပ်၊ တရားမြတ်ကျင့်သူ ရဟန်းတို့သည် ကျွန်ုပ်ကိုးစားရာ ဖြစ်ပါတော့၊ ဖြစ်ပါရစေတော့ မြတ်ဘုရား"

ကျွန်ုပ်သည် ထိုနေ့ ထိုအချိန်ကစ၍ နိဂဏ္ဌတို့ဝင်လာမည့် တံခါးကို ပိတ်ဆို့လိုက်ပြီး ဘုရားရှင်နှင့် ရဟန်းများအတွက် တံခါးဟင်းလင်း ဖွင့်ထားလိုက်သည်။ ကျွန်ုပ်သည် ထိုအချိန်မှစ၍ ဖခမည်းတော် လှူထားရာ ဝေဠုဝန်ဆီသို့သာ ခြေဦးလှည့်မိတော့၏။ ။

**ကျမ်းကိုး**

**မင်းကွန်းဆရာတော်ဘုရားကြီး ၏ မဟာဗုဒ္ဓဝင်ကို မှီးပါသည်။**

# သောကကင်းငြိမ်း ရင်မီးသိမ်းချိန်



# သောကကင်းငြိမ်း ရင်မီးသိမ်းချိန်

ကျွန်ုပ်ရဲ့ သုဒတ္တဆိုတဲ့ ငယ်နာမည် ပျောက်နေပြီ။

သူဆင်းရဲ ဖုန်းတောင်းယာစကာတွေ ဝမ်းမီးငြိမ်းအောင် ပို့ဖဆောင်သူဆိုပြီး ခေါ်ကြတာက အနာထပိဏ်ကတဲ့။ သဘောကျပါတယ်။ အများက သူတို့လိုလားလို့ ခေါ်ကြတာ ခေါ်ပါစေ။ ဒါက ကျွန်ုပ်ကို လေးစားဂုဏ်တင်တာပဲ မဟုတ်လား. . .။

ကျွန်ုပ်အနေနဲ့တော့ ဒီနာမည်တွင်လာပါစေဆိုတဲ့ အာသီသနဲ့ ပေးလှူခဲ့တာ မဟုတ်ပါဘူး။ စေတနာသဒ္ဓါတရား သက်သက်ပါ။ ကျွန်ုပ်ဘိုးဘွားလက်ထက် ဟိုဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်ကတည်းက ကြွယ်ဝချမ်းသာတဲ့စည်းစိမ်က နည်းလား. . .။ ကျွန်ုပ်တစ်သက်မဟုတ်ဘူး။ သားသမီး၊ မြေးမြစ်ဆွေခုနစ်ဆက် ထိုင်စား။ ပစ္စည်းဥစ္စာ ဒီလောက်ရှိနေတာ ဘာလုပ်မလဲ။ အကျိုးရှိရှိ သုံးရမှာပေါ့။ မရှိဆင်းရဲသားတွေ ဝေမျှပေးရမှာပေါ့။ ဟုတ်တယ်လေ. . . သူတို့တစ်တွေ ထမင်းတစ်လုတ်အတွက် ခက်ခဲနေချိန်မှာ ကျွန်ုပ်က ဆီဦးထောပတ်စားပြီး အရသာခံနေလို့ တော်မလား။

ဒီရည်ရွယ်ချက်နဲ့ လှူဒါန်းနေတဲ့ ကျွန်ုပ်အဖို့ သဒ္ဓါစိတ် ပိုလျှံတက်လာအောင် ဖြစ်လာပြန်တယ်။ ပုံအောလှူချင်စိတ်ရှိအောင် ဖြစ်လာတယ်။ ဒီလိုပါ. . .။

ကျွန်ုပ် သုဒတ္တဟာ ရာဇဂြိုဟ်သူဌေး ဝိသာလရဲ့ နှမသုမနဒေဝီနဲ့ အိမ်ထောင်ကျခဲ့တယ်။ နှစ်အိမ်တစ်အိမ် ဆွေမျိုးရင်းချာဖြစ်လာတော့ အသွားအလာ၊ အဝင်အထွက် များလာတယ်။ ဟိုတုန်းကလည်း ကုန်သွယ်ရင်း ရာဇဂြိုဟ်ကို ရောက်လေ့ရောက်ထရှိပါတယ်။ သုမနဒေဝီနဲ့ အိမ်ထောင်ကျတော့ ရွှေလမ်းငွေလမ်း ပိုပေါက်သွားတာပေါ့။

အဲ. . ဒီတစ်ခါက် ရာဇဂြိဟ်ကို လာမိတာ ကျွန်ုပ်အတွက် ထူးထူးခြားခြားဒး အမြတ်ရတာပဲ။ သုံးလောကထွတ်တင် ဘုရားရှင် ပွင့်နေပြီ. . . ဆိုတဲ့ ယောက်ဖ ဝိလာသစကား ကြားလိုက်ကတည်းက ရင်အစုံလုံး ပီတိသောမနဿတွေ ဖုံးသွားတယ်။ ဘုရားတု၊ ဘုရားယောင်တွေကြားက ဘုရားစစ်စစ် ဖူးခွင့်ရပြီဆိုတော့ ဝမ်းမမြောက်ဘဲ နေမလား. . . ။ လူ့ဘဝဖြစ်ရကျိုးနပ်ပဟေ့လို့ ကြွေးကြော်မိသည်ထိ ဝမ်းသာခဲ့တယ်။

ပြောရရင် ဘုရားရှင်တရားတော်နာပြီးကတည်းက ကိုးကွယ်ရာအစစ်တွေ့ပြီလို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့်လည်း ဘဝတစ်သက်တာလုံး ဆည်းကပ်ကိုးကွယ်ခွင့်ပြုပါ။ ဘုရားရှင်ရဲ့ ဥပသကာအရင်းလို့ သတ်မှတ်ပါလို့ လျှောက်တင်မိတယ်။ ဒါတင်မကသေးဘူး။ အဲ. . . ပြောရရင် လောဘကြီးတယ်လို့ ဆိုကြမလား မသိဘူး။ ဘုရားရှင်ထံ တစ်ရံမပြတ် ဆည်းကပ်ချင်တဲ့ ကျွန်ုပ်ဟာ သာဝတ္ထိမှာ သီတင်းသုံးဖို့ ပင့်လျှောက်လိုက်တယ်။ ဒါကို ဘုရားရှင်က ခွင့်ပေးသနားလိုက်တော့ "ငါဟဲ့. . . အနာထပိဏ်။ ကံပွင့်လို့ လှူခွင့်ကြုံရတာပဲ" ဆိုပြီး ငါးဆယ့်လေးကုဋေကုန်ကျတဲ့ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လှူပစ်လိုက်တယ်။

ကျောင်းဒါယကာကြီးဖြစ်တဲ့ ကျွန်ုပ်ဟာ အဲဒီအချိန်ကတည်းက ဘုရားရှင်နဲ့တကွ သံဃာတွေကို ပစ္စည်းလေးပါး မကြောင့်ကြအောင် လှူဒါန်းခဲ့တယ်။ နိစ္စဓူဝ အလုပ်အဖြစ် ဘုရားရှင်ရဲ့ အလုပ်အကျွေးတာဝန် ယူခဲ့တယ်။ အရင်တုန်းက အနာထပိဏ်. . . အနာထပိဏ်လို့ ခေါ်ကြတာ ကြည်နူးတယ် ဆိုပေမယ့် ခုပြောင်းခေါ်ကြတဲ့ ဥပသကာကြီးဆိုတဲ့ နာမည်လောက် ကျွန်ုပ် မနှစ်ခြိုက်ဘူး။ မမက်မောဘူး။ အဟုတ်. . . . ။

*　　　　*　　　　*

"သမီးကြီး. . . ဆွမ်းကိစ္စ အားလုံး စီစဉ်ပြီးပြီလား. . . "

"ဟုတ်ကဲ့. . . အဖေ၊ သမီး စီစဉ်နေပါတယ်။ လိုအပ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ဆီဦးထောပတ်ထုတ်ပေးဖို့ ဘဏ္ဍာစိုးကြီး ကာဠုကဏ္ဍီကို ညွှန်ပြီးပါပြီ။ ဟင်းအမယ် ဝယ်ခြမ်းထားဖို့လဲ ပြောပြီးပါပြီ"

"အို. . . မိုက်လိုက်တာ သမီးရယ်. . . ဒီကိစ္စက ခိုင်းပြီးပြီ၊ ညွှန်ပြီးပြီဆိုရုံနဲ့ ဖြစ်မလားကွဲ့။ သမီးကိုယ်တိုင် ဦးဆောင်လုပ်ရမယ့်အလုပ်လေ. . . တကယ်လို့ ကာဠုကဏ္ဍီ မေ့လျော့၊ ပေါ့ဆနေရင် ဘယ်လိုလုပ်မလဲ။ ဘုရားရှင်နဲ့ သံဃာတော်တွေ ဆွမ်းကိစ္စ မကြောင့်ကြစေချင်လို့ စီစဉ်ကာမှ အလွဲလွဲ အချော်ချော်ဖြစ်ရင် ဘယ်ကောင်းတော့မလဲ။ ဒီမယ်. . . သမီး၊ လှူရေးတန်းရေးကိစ္စကို အဖေကိုယ်တိုင် ဝင်ပါနေစရာ မလိုဘူး။ ရှိတဲ့စည်းစိမ် ကုန်ချင်ကုန်ပစေ၊ လှူသာလှူလို့ ပြောထားပြီးသား။ အေး. . . မင့်အမေ

ကိုယ်တိုင် မီးဖိုချောင်ဝင်စရာလည်း မလိုဘူး။ သမီးကြီးကို အားလုံးမျက်နှာလွှဲထားတာက ကုသိုလ်ရစေချင်လို့။ ပြီးတော့ . . . သမီးက အရွယ်ရောက်ပြီ။ တစ်နေ့ကျရင် အိမ်ထောင့်တာဝန်ယူ ရမယ်။ စီစဉ်ညွှန်ကြားနိုင်ရမယ်။ အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဖြစ်ဖို့ ခုကတည်းက အလေ့အကျင့်မရှိရင် နောင်ဘယ်တော့ဖြစ်လာမလဲ။ အဖေပြောတာ နားလည်တယ်နော်. . . ”

“စိတ်ချပါ အဖေရယ်. . . သမီး အားလုံး စီစဉ်ထားပြီးပါပြီ။ သမီးကိုယ်တိုင်လဲ ဘုရားရှင်ကပ်လှူမယ့်ဆွမ်းမှာ ဖုန်၊ ခဲ၊ သလဲကင်းစင်အောင်၊ ကျောက်စရစ်ခဲ၊ စပါးလုံးတွေ မပါအောင် ဝင်ရွေးပေးနေလို့ပါ”

ကျွန်ုပ်က သမီးကြီး မဟာသုဘဒ္ဒ ပေ့ါပေ့ါဆဆ ပြုမည်စိုး၍ သတိပေးခြင်း ဖြစ်ပါတယ်။ သမီးကြီးအနေနဲ့လည်း ဂရုစိုက်မှန်းတော့ သိပါတယ်။

ကျွန်ုပ်ဟာ ဇေတဝန်ကျောင်းကြီး လှူပြီးကတည်းက သံဃာတော်များ ပစ္စည်းလေးပါးနဲ့ ပတ်သက်လို့ ကြောင့်ကြငြိုငြင်မှု မဖြစ်စေချင်ဘူး။ အထူးသဖြင့် ဆွမ်းကိစ္စအတွက် မပင်ပန်းစေချင်ဘူး။ ဒါကြောင့် ငါးရာသောရဟန်းတွေကို စာရေးတံ ဆွမ်းမပြတ်လှူဒါန်းတယ်။ ဒါတင်မကဘူး ငါးရာသော ပက္ခိကဆွမ်းလည်း လှူတယ်။ ပြီးတော့ အိမ်ဦးမှာပင့်ကျွေးတဲ့ ငါးရာသော ဓုရဘတ်ဆွမ်းလည်း လှူတယ်။ ဒီကိစ္စတွေဟာ ကျွန်ုပ်ရဲ့ နေ့စဉ်ကောင်းမှုကုသိုလ်တွေပါ။

အဲ. . . တစ်ခါတစ်ရံမှာ သာဝတ္ထိကိုကြွလာတဲ့ အာဂန္တုရဟန်းတွေ ရှိတတ်ပါတယ်။ ဘုရားသာသနာထွန်းကားတဲ့အရပ်၊ ဘုရားရှင်ရှိတဲ့အရပ်ဖြစ်ပြီး အာဂန္တုရဟန်း ဆွမ်းမရဘူးဆိုတာ မဖြစ်စေချင်လို့ အာဂန္တုကဆွမ်းလည်း လှူပါတယ်။ ကျွန်ုပ်အနေနဲ့ ရဟန်းသံဃာတွေ ဘာလိုအပ်လဲဆိုတာ အမြဲကြည့်နေတယ်။ အချိန်နဲ့ ဘုဉ်းပေးရတဲ့ရဟန်းတွေ ဆွမ်းကြောင့် မကြောင့်ကြစေချင်ဘူး။ ဒါကို အမြဲဂရုပြု စောင့်ကြည့်နေတော့ ဂိလာနရဟန်းတွေအတွက် ဆောင်ရွက်ဖို့ မြင်လာပြန်တယ်။

အဲဒီ ပုဂ္ဂိုလ်တွေ စောင့်ရှောက်တဲ့ ရဟန်းတွေအတွက် ဂိလာနပဋ္ဌာကဘတ်ဆွမ်းစီစဉ်လိုက်ပြန်တယ်။ ဒီတော့ ကျွန်ုပ်အိမ်မှာ ရဟန်းသံဃာပြတ်တယ်ကို မရှိဘူး။ သင်္ကန်းရောင်နဲ့ ဝင်းထိန်နေတယ်။

ကဲ. . . တွေးသာကြည့်။

ဆွမ်းကိစ္စတစ်ခုတည်းနဲ့ ကျွန်ုပ်အိမ်မှာ ဘယ်လောက်အလုပ်ရှုပ်မလဲ။ ဒါတွေမြင်လို့ သမီးကို သတိပေးနေရတာပါ။

ပြောသာ ပြောရတာပါ ကျွန်ုပ်ရဲ့ သူငယ်ချင်းကာဠုကဏ္ဏီအနေနဲ့ ဒါကို အလေးအနက်ထားပါတယ်။ ကျွန်ုပ် စိတ်ဆင်းရဲမှာ သူ မမြင်ချင်ဘူး။ ဒါကြောင့် အလစ်အဟကို မခံဘူး။

“ဟဲ့. . . ဘာလုပ်နေကြတာလဲ. . . ဟိုကလေးမ ဘာကို ငိုင်ကြည့်နေတာလဲ. . . ဘာဘာညာညာနဲ့ အော်လိုက်၊ ငေါက်လိုက် စီစဉ်နေတာ မြင်ရတွေ့ရပါတယ်။

အင်း. . . ဘာပဲပြောပြောလေ. . ဒါကုသိုလ်ရေးပဲ။ ကျွန်ုပ်က ငွေအားစိုက်လှူတယ်။ သူတို့က လုပ်အားဒါနပြုတယ်။ အတူအမျှ ကုသိုလ်ရကြတာပါ။

တကယ်တော့ ပြောသာပြောနေတာပါ။ သမီးကြီးမဟာသုဘဒ္ဒါရဲ့ သဒ္ဓါစိတ်က ကျွန်ုပ်ထက် မလျော့တာအမှန်ပါ။ ဘုရားရှင်ကို ဖူးရကတည်းက ကြည်ညိုစိတ်ရှိမှန်း သိတယ်။ တရားကို နာရကတည်းက ကြည်ညိုစိတ်တက်မှန်း သိတယ်။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆကင်းကွာနေတာ ကျွန်ုပ်အသိပဲ။ ဒီဆွမ်းကိစ္စကြောင့်တော့ သောတာပန်ဖြစ်နေတဲ့ သမီးကြီးကို လှည့်ကြည့်စရာ မလိုပါဘူးလေ. . .။

* * *

သမီးကြီး မဟာသုဘဒ္ဒ အိမ်ထောင်ကျပြီးနောက် သျှောင်နောက်ဆံထုံးပါ ဖြစ်သွားတော့ ဒီတာဝန်တွေ သမီးလတ် စူဠသုဘဒ္ဒါပေါ် ရောက်လာတယ်။ သမီးလတ်ကလည်း တော်ရှာပါတယ်။ ပြောစရာမလိုသလောက်ပါပဲ။

“သမီးကိုတော့ အဖေ အထူးသင်နေဖို့ မလိုပါဘူး။ အစ်မကြီးရှိစဉ်ကတည်းက ကူညီလုပ်ကိုင်ပေးနေတော့ ဘာတွေ ဘယ်လို စီစဉ်ရမယ်ဆိုတာ ငါ့သမီး သိပြီးသားပါ”

“စိတ်ချပါ ဖေဖေရယ်. . . အဖေနဲ့အမေ အိမ်ဦးခန်းမှာ အေးအေးဆေးဆေးထိုင်နေ။ ဘုရားရှင်ကြွလာမှ တရားနာ။ ဆွမ်းကိစ္စ မချွတ်ယွင်းရအောင် သမီးစီစဉ်ပါမယ်”

“သာဓုဗျာ. . . သာဓု။ အဖေ့သမီးတွေကိုတော့ အထူးစီစဉ်ညွှန်ပြနေဖို့ မလိုပါဘူး။ အဖေ့ကြောင့်ကြတာက သားကြီးကာလအတွက်ပဲ”

“အို. . အဖေကလဲ၊ မောင်ကြီးကာလက အရင်လို မဟုတ်တော့ပါဘူး”

“အေးပါ. . . ဒါကြောင့် စိတ်ချမ်းသာနေရတာပေါ့”

မှန်ပါတယ်။ တစ်ချိန်တုန်းက သားကြီးကာလအတွက် ပူပန်ရတာ မပြောပါနဲ့တော့။ ကျွန်ုပ်ကိုယ်တိုင်က ဘုရားတကာ၊ ကျောင်းတကာ၊ အလှူရေစက် လက်နဲ့မကွာသူ၊ သူတော်ကောင်းတရားထုံမွှေ့သူ။ အဲ. . . ကျုပ်သားကျတော့ လူပေလူတေ။

ဒီကလေးက ပြောရင်တော့ ဟုတ်ကဲ့ပဲ။ မျက်နှာလွှဲလိုက်တာနဲ့ ထင်ရာစိုင်း၊ ထင်ရာလုပ်တော့တာပဲ။ ငွေကြေးကလည်း ကြောင့်ကြစရာမလို၊ စီးပွားဥစ္စာရှိဖို့မလိုတော့ သူက သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ပျော်ပါးနေတာပဲ။

တေသလား. . . ပေသလားမပြောနဲ့။ ကြွေဝိုင်းဆို မထတော့ဘူး။ အပျင်းပြေကစားတာ ဘာမှမပြောလိုပေမယ့် ငွေကြေးနဲ့ အလောင်းအစားလုပ်တာတော့ တယ်သဘောမကျချင်ဘူး။ နိုင်တော့ နိုင်လို့

ဆိုပြီး သောက်လား. . . စားလား။ တရုန်းရုန်း တဝုန်းဝုန်း။ ရှုံးတော့ အိမ်က မအေ မနေရဘူး။ နောက်နေ့ကစားဖို့ ငွေတောင်းတာလေ. . .။ တစ်ဦးတည်းသော သားဆိုတော့ မအေကြီးက အလိုလိုက်ထားပြန်တော့ ဆိုးမှဆိုးဗျာ. . .။

ကျောင်းတကာကြီးသား ဆိုပေမယ့် ဇေတဝန်ကျောင်းတစ်ခေါက် မရောက်ဖူးဘူး။ အိမ်ကို သံဃာတွေကြွလာလည်း သူနဲ့မဆိုင်သလိုဘဲ။ ဟဲ့. . . ကာလ. . . ဝတ်ချလေ. . . အရှင်အာနန္ဒာကို ရှိခိုးလေ ဆိုမှ ဝတ်ကျေတန်းကျေ ရှိခိုးတယ်။

သားဆိုးသားမိုက်ကို ဘယ်လိုဆုံးမရမလဲ စဉ်းစားနေတာကြာပြီ။ အတွေးအမျိုးမျိုးပေါ်ပေမယ့် ဆုံးမဖို့ အထမမြောက်ခဲ့ဖူး။ စဉ်းစားရင်းနဲ့ ဒီနေ့တော့ အကြံတစ်ခု ပေါ်လာတယ်။

"သား. . . မင်းငွေလိုချင်သလား"

"တကယ်လား အဖေ. . . လိုချင်တာပေါ့ အဖေရာ"

ချမ်းသာကြွယ်ဝသူဖြစ်ပေမယ့် ငွေကိုအသုံးနဲ့အဖြုန်း ခွဲခြားထားတော့ ကာလ ဖြုန်းတာ လက်မခံဘူး။ ငွေနဲ့ပတ်သက်ရင် ရော့ဟဲ့၊ အင့်ဟဲ့လို့ မလုပ်ဖူးတော့ ငွေလိုချင်သလားလို့ မေးတဲ့ ကျွန်ုပ်ကို အံ့သြနေတယ်။

"မင်းကို ငွေတစ်ရာ ပေးမကွာ. . ."

"ဗျာ. . . တစ်ရာ၊ တကယ် တစ်ရာပေးမှာလား အဖေ။ ဝမ်းသာလိုက်တာ အဖေရာ။ ဒါဆို ပေးဗျာ။ ကျွန်တော်ငွေလိုနေတာနဲ့အတော်ပဲ"

"အဟဲ. . . တကယ်ပေးမှာပါ။ ဒါပေမယ့် မင်းတစ်ခုတော့ လုပ်ပေးရမယ်"

"ဟာဗျာ. . . အဖေကလုပ်ပြီ။ ငွေလေး ဒီလောက်ပေးတာနဲ့ ခိုင်းစရာလူတွေ တစ်ပုံကြီးပါ"

"အေး. . . ခိုင်းစရာရှိတာတော့ အမှန်ပဲ။ ဒါပေမယ့် ငွေကို အလုပ်မလုပ်ဘဲ ဘယ်ကရမလဲ သားရဲ့။ မင်းလုပ်ရမယ့် အလုပ်က ခက်ခက်ခဲခဲလဲ မဟုတ်ဘူး။ ပင်ပင်ပန်းပန်းလဲ မရှိဘူး"

"ပြော. . . ကျွန်တော်ဘာလုပ်ပေးရမှာလဲ"

"ဟုတ်ပြီ. . . မင်းကို ငွေတစ်ရာ ပေးမယ်။ ဒီအတွက် မင်းက ဘုရားကျောင်းတော်ကို အဖေနဲ့ လိုက်ခဲ့ရမယ်"

"ဗျာ. . ."

ဘုရားကျောင်းလိုက်ရမယ်ဆိုရုံနဲ့ တီကိုဆားနှင့်တို့သလို တွန့်သွားတဲ့ကာလကို ကြည့်ပြီး စိတ်ထဲ ကပြုံးမိတယ်။ ငွေတစ်ရာလိုလားနေမှန်းသိတဲ့ ကျွန်ုပ်က ဘုရားကျောင်းခေါ်နေတော့ ငြင်းဖို့ခက်နေတယ်။ မကောင်းတဲ့အလုပ်မဟုတ်တော့၊ ဟင့်အင်းဗျာ. . . လို့ ပြောဖို့ခက်နေတယ်။

"အဖေ. . . တကယ်ပေးမှာနော်. . . ကျောင်းလိုက်ခဲ့ရင် ပြီးရောမို့လား"

"အေး. . . ဟုတ်တယ်။ ကျောင်းတော်မှာ တစ်ရက်လိုက်နေရင် ငွေတစ်ရာပေးပြီးသား"

ဒီလိုနဲ့ သားကလေးကို ဘုရားကျောင်းတော် အပါခေါ်ခဲ့တယ်။ မလာစဖူး အလာထူးတဲ့သားကို ကြည့်ပြီး အရှင်အာနန္ဒာကိုယ်တော်ကြီးက ဖော်ရွေစွာ နှုတ်ဆက်တယ်။ ဘုရားရိပ်၊ တရားရိပ်၊ ကျောင်းရိပ်ရဲ့ အေးချမ်းမှုရှိပုံကို လိုက်ပြတယ်။

ပြောရရင် အဲဒီနေ့က တစ်နေ့လုံး ကျောင်းမှာနေဖြစ်တယ်။ စိတ်ပါလို့ဖြစ်စေ. . . မပါလို့ဖြစ်စေ နေသင့်နေအပ်တဲ့အရပ် နေပြီဆိုတော့ ဝမ်းသာစရာပေါ့။ နောက်တစ်ကြိမ်ကျတော့ ဘုရားရှင်ဟောတဲ့ တရားတစ်ပါဒရရင် ငွေတစ်ထောင်ပေးမယ်လို့ စည်းရုံးလိုက်ပြန်တယ်။ ဒါပေမယ့် ဒီတစ်ကြိမ်တော့ ကာလ ကြိုးစားပမ်းစားလုပ်ပါတယ်။ ငွေတစ်ထောင်ဆိုတဲ့ ပမာဏကြည့်ပြီး သားကာလ ကျွန်ုပ်ထံက ငွေတစ်ထောင်မယူတော့ဘူး။ ဘုရားရှင်ရဲ့တရားကို နာရပြီးကတည်းက အမြင်မှန်၊ အကျင့်မှန်သွားတဲ့ ကာလဟာ အခုတော့ လူကောင်းလေးဖြစ်နေပါပြီ။

သမီးလတ်စူဠသုဘဒ္ဒါက သူ့အစ်ကိုဘက်က တာဝန်ယူပြောနေတာကြည့်ပြီး ရင်ထဲကြည်နူးသွားတာအမှန်ပါ။ အင်းလေ. . . သားကောင်းသမီးကောင်းတွေရဲ့ မိဘဖြစ်ရတော့ စိတ်မချမ်းသာဘဲ ဘယ်ရှိမလဲ။

* * *

ဆွမ်းကိစ္စကို သမီးတွေနဲ့ လွှဲရတဲ့အကြောင်းထဲမှာ ကျွန်ုပ် မအားလပ်တာလည်း ပါသဗျ။ သာဝတ္ထိမြို့မှာ လှူရေးတန်းရေး၊ သာရေးနာရေးရှိရင် ကျွန်ုပ်မပါလို့ မဖြစ်ဘူး။ သူဌေးကြီး ကြွပါဦး. . . ကျွန်မတို့ကို စီစဉ်ညွှန်ကြားပါဦး. . . သံဃာတော်တွေ ဆက်ကပ်ဖို့ ဒါများသင့်မလား. . . ဘုရားရှင် ကြွလာအောင် ပင့်ပေးပါဦး. . . ရှင်သာရိပုတ္တရာကိုယ်တော်ကြီးရဲ့တရား နာချင်ပါတယ်။ သူဌေးကြီးကပဲ ပင့်လျှောက်ပေးပါ. . . .။ အကြောင်းအမျိုးမျိုးနဲ့ လာအပူကပ်တော့ မျက်နှာလွှဲနေလို့ မရတော့ဘူးလေ။

ဟုတ်ပါတယ်။ ဘုရားကိစ္စ၊ သံဃာကိစ္စသိသူက ကျွန်ုပ်နဲ့ ကျောင်းအစ်မကြီးဝိသာခါပဲ ရှိတယ်မဟုတ်လား. . .။ ဘုရားရှင် ဘာနှစ်သက်တယ်၊ ရဟန်းတွေ ဘာအလိုရှိတယ်ဆိုတာ ကျွန်ုပ်တို့လောက် ဘယ်သူသိမလဲ။

တကယ်တမ်းစဉ်းစားကြည့်. . . .။ ရဟန်းသံဃာဆိုတာ ဘာစားချင်တယ်. . . ဘာရချင်တယ် . . . ဘာဖြစ်ချင်တယ် ဖွင့်ဟသင့်မလား. . .။ ဆိုပါတော့ အချိုဘုဉ်းပေးချင်တဲ့ အာသီသဖြစ်ချိန် အချဉ်လှူလို့ အာသီသပြေမလား. . .။ အခါးခံတတ်လိုချိန် အငန်ကပ်တော့ သဟဇာတဖြစ်မလား. . .။ ကိုယ်တော်တွေအနေနဲ့ ဘာလေးဘယ်လို စီစဉ်ကပ်စမ်းပါ တကာမကြီးလို့ ပြောမှာ မဟုတ်ဘူး။ ပြောလည်း

မပြောအပ်ဘူး။ ဒီတော့ အာသာဆန္ဒ ဘယ်မှာပြည့်မှာလဲ. . . ။

ကျွန်ုပ်တို့ကတော့ ကျောင်းကိုနေ့စဉ် ဝတ်မပျက်ရောက်နေတယ်။ သံဃာတွေနဲ့လည်း အကျွမ်းတဝင်ရှိတယ်။ အရိပ်အကဲလည်း ဖမ်းတတ်တယ်။ ပြီးတော့ နွေမှာ ဘယ်ဟာသင့်တယ်၊ ဆောင်းမှာ ဘာသစ်သီးဝလံ မှီဝဲသင့်တယ်၊ မိုးမှာတော့ ဘယ်အစားအစာမျိုးမှ ဆေးဖက်ဝင်တယ်။ ဒီလိုသိနေတော့ သင့်ရာစီစဉ် ကပ်လှူတတ်တယ်။ ရဟန်းကိစ္စနဲ့ ပတ်သက်လို့ ဂဃနဏသိကြတော့ အရေးပေါ်ပြီဆို ကြွပါဦးလို့ ဖိတ်ကြားတယ်။ သာဝတ္ထိတစ်ပြည်လုံးက အကူအညီတောင်းနေတော့ အိမ်ကပ်ရတယ်ကို မရှိဘူး။ ဆွမ်းကိစ္စကို သမီးတွေနဲ့ပဲ လွှဲထားတော့တယ်။

သမီးလတ် စူဠသုဘဒ္ဒါ အိမ်ထောင်ကျပြန်တော့ ဒီကိစ္စက အငယ်ဆုံးမ သုမနတာဝန်ဖြစ်လာပြန်တယ်။

ဒီသမီးနဲ့ပတ်သက်လို့တော့ ကြောင့်ကြစရာ မလိုပါဘူး။ နှစ်ရှည်လများ လုပ်ကိုင်လာတဲ့ကိစ္စဆိုတော့ သမီးလေးလည်း အကျွမ်းတဝင်ဖြစ်နေပြီ။ သူ့အစ်မတွေ ရှိစဉ်တုန်းက ပံ့ပိုးကူညီရုံဆိုတော့ သူ့အဖို အချိန်အားနေတယ်။ တရားဓမ္မကို အစဉ်နှလုံးသွင်းရတယ်။ ကိုယ့်သမီးမို့ ကိုယ်ပြောတာ မဟုတ်ဘူး။ သမီးရဲ့ သဒ္ဓါစိတ်ဟာ တကယ့်ကိုထူးခြားပါတယ်။

"သူငယ်ချင်း. . . မင့်စိတ်ထဲ အနှောင့်အယှက် မဖြစ်နဲ့နော်။ သမီးလေး အသည်းအသန် ဖြစ်နေတယ်. . . အဲဒါ. . ."

"ဘာ. . . ဘာပြောတယ် ကာဠကဏ္ဏိ။ သမီးသုမန အသည်းအသန်ဖြစ်နေတယ် ဟုတ်လား. . နေပါဦး. . . ငါထွက်လာတုန်းက အကောင်းပကတိပါ"

သူငယ်ချင်း ကာဠကဏ္ဏိ ရေးကြီးသုတ်ပျာ လိုက်လာပြီး တီးတိုးပြောတော့ ကျွန်ုပ်အံ့သြသွားတာ အမှန်ပါ။ မနက်က ဆွမ်းကိစ္စ စီစဉ်နေတာ တွေ့ခဲ့သေးတယ်။ သူ့ဦးကြီး ကာဠကဏ္ဏိကို ဘာတွေဘယ်လိုချက်၊ ဘယ်ဟင်းအမယ် ဘယ်လိုစီစဉ် စသဖြင့် ပြောဆိုနေတာ တကယ့် အိမ်ရှင်မကြီး တစ်ယောက်လို။

ဒီကိစ္စ မဟုတ်ဘဲ လာပြောမှာတော့ မဟုတ်ဘူး။ ကာဠကဏ္ဏိကိုယ်တိုင် ဒီသမီးလေးကို သံယောဇဉ်ကြီးပြီးသား။ သူ့သမီးအရင်းနှင့်မခြား ချစ်ခင်သူ။ သမီးဇာနှင့် အပြေးရောက်လာပြီ ဆိုကတည်းက အရေးကြီးနေမှန်းကို မှန်းဆရပါတယ်။

"သမီးလေး ကျန်းမာရေးမကောင်းတာ မင်းလဲသိတာပဲ သုဒတ္တ၊ ဒါပေမယ့် တို့သမီးလေးက သူ့အရေးထက် သံဃာ့အရေး အလေးထားတော့ နာလို့နာတယ် မပြောဘူးလေ. . ."

"အဲဒါ အမှန်ပဲ ကာဠကဏ္ဏိ။ သမီးစိတ်ဓာတ် ငါသိတယ်။ ကဲ. . . ဒီမှာပြောနေလို့ မထူးဘူး။ တို့ ခပ်မြန်မြန် ပြန်ကြရအောင်"

သမီးဇော်နှင့် ခပ်လောလော ပြန်လာခဲ့တယ်။ ဒီအချိန်မှာ သူ့အမေ ဘယ်လောက် သောက ဗျာပါဒ ရောက်နေမယ်ဆိုတာ တွေးမိတယ်။ အိမ်မှာတစ်ဦးတည်း ကျန်နေတဲ့ သမီးလေးသာ တိမ်းပါးသွားရင် အမြဲကြည့်နေတဲ့ ကြေးမုံပြင် ကျကွဲသွားသလို ရှိတော့မှာပါ။

ကျွန်ုပ် အိမ်ခန်းထဲ လှမ်းဝင်လိုက်တာနဲ့ ခုတင်ပေါ် ပက်လက်ကလေးဖြစ်နေတဲ့ သမီးကို မြင်လိုက်ရတယ်။ ဝမ်းနည်းစိတ်က ရင်ကို ဆို့တက်သွားမတတ်ဘဲ။

"သ. . . သမီးလေး. . . သမီးလေး သုမန"

ကျွန်ုပ်ရဲ့ ကြေကွဲဆို့နစ်တဲ့အသံဟာ စီးချက်မမှန်မကန် ခုန်ထွက်လာတယ်။ ကျွန်ုပ်အသံ ကြားလိုက်တာနဲ့ သမီးက မျက်နှာလေး အသာအယာလှည့်ပြီး အားနည်းဖျော့တော့တဲ့ အကြည့်နဲ့ လှမ်းကြည့်တယ်။

မြတ်စွာဘုရား. . .။ ငါဟာ တာဝန်မဲ့တဲ့ ဖခင်တစ်ယောက် ဖြစ်နေပါပေါ့လား. . . .။

ကိုယ့်သမီးရဲ့ ကျန်းမာရေး အခြေအနေတောင် လှည့်မကြည့်ဖြစ်အောင် လျစ်လျူရှုနေပါလား။ ကြည့်စမ်းပါဦး. . .။ အသားအရေလည်း သွေးမရှိအောင် ဖျော့တော့နေပြီ။ ကျုံလှီလိုက်တာကလည်း အရိုးပေါ် အရေတင်။ သည်အသွင်ကိုပင် ဂရုမပြုမိတဲ့ ငါဟာ တာဝန်မဲ့လှပါလား. . .။

"သမီး. . . သမီးနေသာရဲ့လား. . . "

"ဘာအတွက် စိုးရိမ်နေတာလဲ မောင်လေး. . . "

ဟင်. . .။

သမီးရဲ့ တုံ့ပြန်စကားကြောင့် နှုတ်ကပင် ယောင်ထွက်သွားပြီး ကာဠကဏ္ဍီကို လှမ်းကြည့်လိုက်တယ်။ သမီးငယ်အဖြစ်ကို မရှုစိမ့်ဟန်ဖြင့် မျက်နှာလွှဲပြီး နေပါတယ်။

ကျွန်ုပ်ကိုပင် အဖေမှန်း မသိတော့အောင် အသိတရားချို့တဲ့သွားတဲ့ သမီးအဖြစ်ကို ကြည့်ပြီး တုန်လှုပ်သွားတယ်။

"သမီး. . . အဖေလေ. . . သမီးအဖေ သုဒတ္တ။ မှတ်မိလား. . . "

"အစ်မ မှတ်မိပါတယ် ငါ့မောင်. . . "

"အို. . . သမီးရယ်. . .။ ဘာတွေ ကယောင်ကတမ်း ဖြစ်နေရတာလဲ။ ငါ့သမီးဟာ ကုသိုလ်ကောင်းမှု နေ့တိုင်းပြုသူပါ။ တရားဘာဝနာနဲ့ ထုံမွမ်းနေသူပါ။ ပြီးတော့ သီလရှိသူလေ. . . . သတိလက်လွတ် မဖြစ်ပါနဲ့"

"အစ်မ ယောင်ယမ်းခြင်း မဟုတ်ပါဘူး မောင်ငယ်. . . "

"အို. . . ကလေးရယ်။ သေခြင်းတရားကို ကြောက်ရွံ့နေတာများလား. . . ကောင်းရာမွန်ရာ လုပ်သူဟာ ကောင်းမွန်တဲ့ ဘုံဘဝကိုရောက်တယ်လို့ မြတ်ဘုရား ဟောထားတယ်လေ. . . "

"မစိုးရိမ်ပါနဲ့ ငါ့မောင်။ သေခြင်းတရားကို ငါမကြောက်ပါ။ ဖြစ်လာရင် ပျက်ရမယ့် ဓမ္မတာ အစ်မသိထားပြီးသားပါ။ ငါ့မောင် မစိုးရိမ်ပါနဲ့ ။ သေခြင်းတရားကို အစ်မ ရဲရဲရင့်ရင့် ရင်ဆိုင်ဝံ့ပါတယ်"

ကျွန်ုပ်ဟာ တစ်ခါဖူးမျှ မဖြစ်ဖူးသော ပရိဒေဝမီး လောက်မြိုက် ခံစားလိုက်ရပါတယ်။ ဘုရားသာသနာတော်တွင်း လူဖြစ်လာသော ကျွန်ုပ်တို့အဖို့ အရထူးတယ်။ ဘဝကူးကောင်းအောင် သဒ္ဓါ၊ သီလ ပြည့်စုံအောင် နေရမယ်။ ရလာတဲ့ အခွင့်အရေးကို အမိအရဖမ်းယူရမယ်လို့ ခံယူပြီး တတ်စွမ်းသမျှ ဖြည့်ဆည်းခဲ့တယ်။ ကျွန်ုပ်လိုပဲ သားသမီးတွေကိုလည်း သွန်သင်ဆုံးမခဲ့တယ်။ ဖခင်ကိုယ်တိုင် ရှေ့က လမ်းပြပါလျက် သမီးငယ်လေး လမ်းပျောက်သွားတာကို ယူကျုံးမရ ဖြစ်ရပါတော့တယ်။

"သမီး. . . "

သမီးလေး တရားနှလုံးသွင်းပါလို့ သတိပေးမလို့ ခေါ်လိုက်ချိန်မှာပဲ ကျွန်ုပ်သမီးလေး တိမ်းပါးသွားတယ်။

*  *  *

သမီးအတွက် ရတက်မအေးနိုင်တဲ့ ကျွန်ုပ်သုဒတ္တဟာ အသုဘကိစ္စပြီးတာနဲ့ ဘုရားရှင်ထံ အရောက်သွား လျှောက်ထားလိုက်တယ်။

"ဒါယကာ သူဌေးကြီး၊ ဘာကြောင့်များ သမီးအတွက် ပူပင်နေရသလဲ။ သတ္တဝါမှန်ရင် မလွဲဧကန် သေရမှာ မဟုတ်ပေဘူးလား. . . "

"မှန်ပါ မြတ်ဘုရား။ မရှောင်လွှဲနိုင်တဲ့ ဒီတရားကို တပည့်တော် ဆင်ခြင်မိပါတယ်။ ဒါပေမယ့် တပည့်တော်ရဲ့ သမီးလေးဟာ သတိကို မဇာရှုနိုင်ဘဲ ဖောက်လွဲဖောက်ပြန် သေလွန်ရလို့ သောက ဖြစ်ရတာပါ ဘုရား. . . "

"သင့်သမီးငယ် ကယောင်ကတမ်းပြောတယ်ဆိုတာ ဘယ်လိုလဲ"

ကျွန်ုပ်ဟာ သမီးနဲ့ ကျွန်ုပ်ပြောခဲ့သမျှကို တစ်ခုမကျန် လျှောက်လိုက်တယ်။ သမီးလေး သာသနာတော်ကို ယုံကြည်ပုံ၊ သဒ္ဓါတရားထက်သန်ပုံ၊ သီလစောင့်ထိန်းပုံတွေကိုပါ စီကာစဉ်ကာ လျှောက်မိပြန်တယ်။

"ဒါယကာ၊ သင့်သမီးက ယောင်ယမ်းပြောနေခြင်း မဟုတ်ပါ"

"ဟုတ်ရဲ့လား ဘုရား။ မယောင်ယမ်းဘူးဆိုရင် ဘုရားတပည့်တော်ကို မောင်လေး. . မောင်လေး လို့ ဘာကြောင့်ခေါ်ရလဲ ဘုရား။ ဖခင်ကို ဖခင်မှန်းမသိတော့အောင် ဖောက်ပြန်တာ ဘာကြောင့်လဲ ဘုရား"

"ဒါယကာ၊ သင့်သမီးသုမနဟာ သင့်ထက်မင်္ဂဖို ကြီးပေတယ်။ သင်သူဌေးက သောတာပန် အဆင့်သာရှိပေမယ့် သုမနက သကဒါဂါမ်အဆင့်ရောက်နေပြီဖြစ်တယ်။ မင်္ဂတို့ဖြင့်ကြီးပေတဲ့ သင့်သမီး က သင့်ကို မောင်ငယ်လို့ခေါ်တာ အမှန်တရားပေပဲ"

"ဒါအမှန်ပဲလား ဘုရား. . . သို့ဆိုရင် သမီးငယ်ဟာ ဘယ်ဘုံရောက်နေပါလဲ ဘုရား"

"ဒါယကာ သူဌေး။ သင့်သမီးသုမနဟာ တုသိတာနတ်ပြည်မှာ ရောက်နေပြီဖြစ်တယ်"

"အဟုတ်ပဲလား မြတ်ဘုရား။ တပည့်တော်သမီးဟာ လူ့ရပ်လူ့ရွာမှာနေစဉ်က ချမ်းသာသုခ အပြည့်အဝရှိခဲ့သလို တမလွန်ဘဝရောက်ရချိန်မှာ နတ်ရွာနန်း စံမြန်းရတယ်ဆိုလို့ ဝမ်းမြောက်ပီတိဖြစ် ရပါတယ်။ မှန်ပါ မြတ်ဘုရား. . . လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်က သမီးအတွက် သောကမီးတောက်လို့ ခန္ဓာကိုယ်တစ်ခုလုံး မီးဟုန်းဟုန်း တောက်မတတ်ဖြစ်ခဲ့ရပါတယ်။ ကောင်းသတင်းကို ကြားလိုက်ရတော့ သောကမီးငြိမ်းပြီး ရင်အစုံကို သီတာရေစင်ဖျန်းလိုက်သလို လန်းဆန်းသွားရပါတော့တယ်။ တပည့်တော် စိတ်ချမ်းမြေ့ရပါပြီ ဘုရား"

ကျွန်ုပ် သုဒတ္တဟာ ရင်ထဲပေါ့ပါးသွားသလို စိတ်နှလုံးရွှင်လန်းသွားတာ အမှန်ပါ။ ဒါကြောင့် လည်း ဘုရားဂုဏ်တော်ကို အထပ်ထပ်ချီးကျူးရင်း အခါခါဦးနှိမ်ချမိပါတယ်။ ကျွန်ုပ် ဦးပြန်မော့ချိန်မှာ တော့ ဘုရားရှင်က လေးနက်ထူးခြားတဲ့ ဓမ္မတရား ထပ်မံချီးမြှင့်လိုက်ပါတယ်။ ဒီတရားနာလိုက်ရတဲ့ အခါမှာတော့ သောကဟူသမျှ မြူမျှမကျန်အောင် ရှိသွားပါတော့တယ်။

"ဒါယကာ သူဌေးကြီး။ ကုသိုလ်ကောင်းမှုပြုသူဟာ ခုဘဝမှာလဲ နှစ်သက်ရွှင်လန်းစံမြန်းရတယ်။ တမလွန်ဘဝမှာလဲ စံမြန်းရတယ်။ ပစ္စုပ္ပန်၊ တမလွန် နှစ်ဘဝလုံး ရွှင်ပြုံးပြီး နှစ်သက်စံမြန်းရတယ်။ ငါသည် ကုသိုလ်ကောင်းမှုပြုခဲ့သည်ဟု နှစ်သက်ရွှင်လန်း၍ သေရွာပြောင်းကြွ သုဂတိလားရလျှင်လဲ လွန်စွာရွှင်လန်းရပေတယ်" ။ ။

**ကျမ်းကိုး**

**ဓမ္မပဒ ယမကဝဂ်၊ ၁၃ ခုမြောက်၊ သုမနဒေဝီဝတ္ထုကို မှီးပါသည်။**



# အနန္တတန်ခိုးရှင်

"တပည့်တို့. . . "

ထည်ဝါအောင်မြင်သည့် အဂ္ဂိဒတ္တအသံက ဂုရုကုလတစ်ခွင်လုံး သိမ့်သိမ့်တုန်အောင် ဟိန်းထွက်သွားသည်။

ဇရာဒုဗ္ဗလအရွယ်ရောက်ပြီဖြစ်၍ ရုပ်ခန္ဓာက အဘက်ဘက်မှ ကျားကန်ထားသည့်အိမ်အိုကြီးနှယ် ယိမ်းယိုင်နေသော်လည်း သဒ္ဒအသံကမူ အခေါပဏီတပ်ကြီးကို အုပ်ချုပ်သော စစ်သူကြီးနှယ်အောင်မြင်ဆဲ။

တပည့်တို့ဟု အာလုတ်ပြုသံကြောင့် အားလုံးကမျက်တောင်မခတ် စူးစိုက်ကြည့်ရင်း ဘာပြောလေမလဲဟု ငံ့လင့်နေကြသည်။

သူတို့အားလုံးသည် ဆရာအဂ္ဂိဒတ္တကို အထင်တကြီး ရှိကြသည်။ ဆရာက သာမန်ပုဂ္ဂိုလ်မဟုတ်။ တစ်ချိန်က ကောသလတိုင်းကို အုပ်ချုပ်သော မဟာကောသလမင်းကြီး အားထားရသည့်ပဏ္ဍိတ်ကြီး။ တိုင်းရေးပြည်မှုအစုစု၊ မင်းမှုရေးရာအဖြာဖြာတွင် အဂ္ဂိဒတ္တမပါလျှင်မပြီး။ အရှင်က အကြံတောင်းလျှင် လောကရေး၊ ဓမ္မရေးကြည့်လျက် အကြံပြုရသည်။ အဂ္ဂိဒတ္တအကြံပြုသည့်အတိုင်း အမှုစီရင်လေ့ရှိ၍ နန်းတွင်း၊ နန်းပြင်တွင် ဩဇာအရှိန်အဝါရှိသော ပုဂ္ဂိုလ်ကြီး ဖြစ်ခဲ့သည်။

မဟာကောသလမင်းကြီး နတ်ရွာစံသော် သားတော်ပသေနဒီကောသလမင်း နန်းတက်သည်။ နန်းတက်ဘိသိက်မင်္ဂလာဆင်ယင်ချိန် အမှုထမ်းတို့ကို သင့်တော်သည့် ရာထူး၊ ဌာနန္တရ၊ အဆောင်အယောင်များ ချီးမြှင့်ခဲ့သည်။ အဂ္ဂိဒတ္တလည်း နေရာမပျက် ဆက်လက်အမှုထမ်းခွင့်ရခဲ့သည်။

ပုရောဟိတ်ရာထူး ဆက်ခံခွင့်ရ၍ ဝမ်းမြောက်ကြည်နူးရသော်လည်း စဉ်းစားဖို့တော့လိုသည်ဟု

အဂ္ဂိဒတ္တ တွေးမိသည်။

မတွေးလို့မဖြစ်။ ပသေနဒီကောသလမင်းက မင်းပျိုမင်းလွင်။ အားခွန်ဗလ ပြည့်စုံတက်ကြွသည့် အရွယ်။ မင်းဆရာအဂ္ဂိဒတ္တက အိုမင်းရွတ်တွနေပြီ။ အားအင်ဆုတ်ယုတ်နေပြီ။ မင်းနှင့်ဆရာပရော ဟိတ်အသွင်က မလိုက်ဖက်။ ခပ်ရိုင်းရိုင်းပုံနှိုင်းရလျှင် နွားပျိုနွားပေါက်လေးနှင့် နွားအိုရွတ်တွကြီးကိုထမ်းပိုး တစ်ခုတည်း ယှဉ်တွဲရုန်းစေသည်နှင့် တူနေသည်။ မင်းပျိုမင်းလွင်ကရှေ့ရောက်နေပြီး အဘိုးအိုပညာရှိက နောက်ကျန်ရစ်တော့မည်။

အဂ္ဂိဒတ္တအနေနှင့် အခြားတစ်ချက်လည်း စဉ်းစားမိသည်။ ပြဟ္မဏတို့၏ အစဉ်အလာ ဘဝ သတ်မှတ်ချက်အရ သူ့အရွယ်ကခုနစ်ဆယ်ကျော်၊ ရှစ်ဆယ်အတွင်း၊ ဝါနပဌပိုင်းရောက်ပြီ။ ရသေ့ရဟန်းပြု တောထွက်၊ တရားကျင့်ချိန်။ သူ့အရွယ်သည် မဟာပြဟ္မာကြီးကို မြင်အောင် ကြည့်ရမည့်အချိန်။ သူ့အရွယ် နှင့် လက်ရှိလုပ်ရမည့်အလုပ်က သဟဇာတ မဖြစ်။

ပြဟ္မဏတို့ ထုံးတမ်းစဉ်လာအရ ငယ်ရွယ်စဉ်က ပညာရှာခဲ့သည်။ သာမ၊ ယဇု၊ ဣရု၊ အာတပ္ပန ဟူသော ဗေဒင်လေးပုံသင်ခဲ့သည်။ ပြဟ္မစရိယလုပ်ငန်းစဉ်အရ အပြစ်ကင်းစွာ နေထိုင်ခဲ့သည်။ သူသည် အသက် ၂၅ နှစ်အရွယ် ထမ်းဆောင်ရမည့်တာဝန်ကို အောင်မြင်အောင်ထမ်းရွက်ခဲ့ပြီးဖြစ်ပေသည်။

တစ်ဖန် ဂဟဌပိုင်းတွင် ထမ်းဆောင်ရမည့် အိမ်ထောင့်တာဝန်ကျေခဲ့သည်။ သန်မာသော ယောကျ်ားတစ်ယောက်ထမ်းရွက်ရမည့် မျိုးဆက်သစ်ထိန်းသိမ်းရေးတာဝန် ကျေခဲ့ပြီ။ မိသားစုအပေါ်၊ ဆွေမျိုးစုအပေါ် တာဝန်ကျေရုံမက နိုင်ငံ့တာဝန်ကျေပွန်ပြီဖြစ်ရာ အရွယ်၏တောင်းဆိုမှုအရ အနား ယူသင့်ပေပြီ။

ယနေ့ အဂ္ဂိဒတ္တထမ်းဆောင်သင့်သည့်တာဝန်က ရသေ့ရဟန်းပြုလျက် တောရပ်မှီရေးသာ။

သည်အတွေးဝင်လာသော အဂ္ဂိဒတ္တသည် ပသေနဒီကောသလမင်းကြီးကို ပန်ကြားလိုက်သည်။ အရှင့်အနေနှင့် လွယ်လင့်တကူခွင့်မပြုလိုသော်လည်း ကျိုးကြောင်းပြမှုက ဆီလျော်နေတော့ "ပဏ္ဍိတ်ကြီး ဆန္ဒအတိုင်းပြုပါ" လို့ ခွင့်ပြုခဲ့သည်။

အရှင်ခွင့်ပြုချက်ရသည်နှင့် အဂ္ဂိဒတ္တရသေ့အသွင် ပြောင်းလဲလိုက်သည်။ တရားဓမ္မရှာမှီးဖို့ တော ရိပ်ခိုဝင်ခဲ့သည်။ ထင်ရှားသည့် ပဏ္ဍိတ်ကြီးဖြစ်သည့်အလျောက် တပည့်ခံလိုသူတွေက ဖဝါးခြေထပ် ကပ်လိုက်လာတော့သည်။

အဂ္ဂိဒတ္တနှင့်နောက်လိုက်တစ်သောင်းတို့သည် သူတို့အတွက် ပဋိရူပဖြစ်မည့်အရပ်ကို ရှာဖွေကြ သည်။ အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကုရုတိုင်းဟူသော တိုင်းသုံးတိုင်းဆုံရာအရပ်ကို သူတို့၏ ဂုရုကုလအဖြစ် ရွေးလိုက်သည်။

အဂ္ဂိဒတ္တသည် ဝါနပဌအရွယ် ကျင့်ကြံရမည့် လုပ်ငန်းစဉ်အရ တပည့်များကို ပညာသင်ကြားပေး

ခြင်း၊ တရားနည်းလမ်းပြခြင်း၊ ကိုယ် တိုင်ကျင့်ကြံခြင်းပြုသည်။ ဝိဇ္ဇာနှင့် စရဏနှစ်မျိုးစလုံး ထမ်းဆောင်ရမည့် အဂ္ဂိဒတ္တအဖို့ လွယ်သည်တော့မဟုတ်။

သို့သော် အဂ္ဂိဒတ္တ ကျေကျေနပ်နပ် တာဝန်ယူလိုက်ပေသည်။

*　　　　*　　　　*

"အို. . တပည့်အပေါင်းတို့၊ ငါတို့ဟာ ဒီဂုရုကုလမှာရောက်ရှိနေတာ အကြောင်းမဲ့မဟုတ်ပေဘူး၊ ပြဟ္မဏတွေရဲ့ ထုံးတမ်းစဉ်လာအရ ဝါနပဋ္ဌတာဝန်ထမ်းရွက်ဖို့ ဖြစ်တယ်။ ဒီတော့ ကိုယ့်ရည်မှန်းချက်အပျက်မခံကြနဲ့၊ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်မှာ အကျင့်စရဏပိုင်းကို ထူထောင်ကြ"

ဆရာအဂ္ဂိဒတ္တက အားလုံးကို တစ်ချက်လွှမ်းခြုံကြည့်လိုက်ပြီး အောင်မြင်တက်ကြွသည့်အသံနှင့် လမ်းညွှန်လိုက်၍ စိတ်ဝင်တစား နားစွင့်နေကြသည်။

"အချင်းတပည့်တို့၊ ငါတို့ရဲ့ အန္တိမရည်မှန်းချက်ဟာ မဟာပြဟ္မာကြီးကို မြင်ဖို့မဟုတ်လား. . . "

"အမှန်ပါပဲဆရာအရှင်. . . "

"အိန်း. . . မဟာပြဟ္မာမြင်ခြင်းဆိုတာ ကသိုဏ်းပေါက်ခြင်းပဲ။ ဒီတော့ကသိုဏ်းအကျင့်အားထုတ်ရမယ်။ပထဝီကသိုဏ်းအားသန်သူက ပထဝီကသိုဏ်း ရှုပါ။ အာပေါကသိုဏ်းအားသန်သူကလည်း အာပေါကသိုဏ်း ကျင့်ပါ။ မိမိရဲ့ ကျင့်စဉ်မှန်ရင်၊ ပေါက်သွားရင် လောကကြီးတစ်ခုဟာ တစ်ခုတည်း၊ တစ်ဆက်တစ်စပ်တည်း ဖြစ်သွားလိမ့်မယ်"

ဆရာအဂ္ဂိဒတ္တက သူမျှော်မှန်းသော ပြဟ္မာကြီးမြင်ရေးလမ်းစဉ် အောင်မြင်ဖို့နည်းညွှန် လိုက်သည်။ ပြဟ္မာမြင်ခြင်းဟူသည် ကသိုဏ်းပေါက်ခြင်းဟု ခံယူထားသည်။ အမှန်အားဖြင့် ဈာန်သမာပတ်ရခြင်းပင်။ ဤသို့သမာပတ်ရခြင်းကိုပင် လွတ်မြောက်ခြင်းဟု မှတ်ထင်ထားပေသည်။

"အို. . . တပည့်အပေါင်းတို့ သင်တို့ဟာ ပြဟ္မာကြီးမြင်အောင် ကျင့်ကြံတဲ့အခါမှာ ဝိတက်မများဖို့ အလေးဂရုပြုရမယ်။ ဝိတက်ဆိုတာ ကြံစည်မှုပဲ၊ တစ်နည်းပြောရရင် ဒါဟာစိတ်ကူးမှုပေါ့။ စိတ်ဆိုတာ လွင့်မျောတဲ့ သဘောရှိတယ်။ တစ်စုံတစ်ခုကနေ အခြားတစ်စုံတစ်ခုကို ရောက်သွားနိုင်တာ စိတ်ပါပဲ။ တပည့်တို့ သင်တို့ဟာ ဟောဒီဂုရုကုလမှာ ရှိနေပေမယ့် သင်တို့ရဲ့စိတ်က ကောသလကို ရောက်ချင်ရောက်မယ်၊ အိမ်ပြန်ရောက်သူတွေရှိချင် ရှိမယ်၊ တချို့ကျတော့ အိမ်မှာကျန်ရစ်တဲ့ ပုဏ္ဏေးမဆီရောက်နေကောင်း ရောက်နေလိမ့်မယ်. . . "

ဆရာအဂ္ဂိဒတ္တစကားကြားလိုက်တော့ ရသေ့အပေါင်းက မလုံမလဲမျက်နှာနှင့် အချင်းချင်းကြည့်ကြသည်။ သူတို့ဆရာက သူတို့နှလုံးသားကို ထွင်းဖောက်မြင်နေပါကလားဟု အံ့အားသင့်ကုန်သည်။ မှန်ပါသည်။ ကာမဂုဏ်အာရုံတရားတွေကို နှစ်ရှည်လများ ခံစားလာခဲ့သော သူတို့သည် ရုတ်တရက် ကာမဂုဏ်

စိတ်ကိုဖျောက်ဖျက်၍မရသေးပေ။ ရသာတဏှာကို မက်မောခဲ့သော သူတို့သည် မြေပြင်ပေါ် လွင့်စဉ်ကျသွားသော ပျားရည်တစ်စက်ကို အဆုံးရှုံးမခံနိုင်၍ လျှာနှင့်ကုန်းလျက်သကဲ့သို့ မက်မက်မောမောလျက်နေလိုဆဲပင်။

"တပည့်အပေါင်းတို့၊ သင်တို့ရဲ့အာရုံမှာ ကာမဂုဏ်နဲ့ ပတ်သက်တဲ့ အတွေးဝင်လာရင် အဆိပ်ကောင် ကိုယ်ပေါ် တွယ်တက်သလို ဖယ်ထုတ်ပစ်ပါ။ ဒီကာမဂုဏ်တရားဟာ သင်တို့ကို ကောင်းကျိုးချမ်းသာဖြစ်ဖို့ အကြောင်းမရှိဘူး။ ဒီကာမဂုဏ်တရားဟာ ရအောင်ရှာရာမှာလဲ ဒုက္ခ၊ စောင့်ရှောက်ရာမှာလဲ ငြိမ်းချမ်းရေး မရ၊ ပျက်စီးပြန်တော့လဲ သောကရောက်ရပြန်ရော၊ ဒီတရားဟာ ရပြန်တော့လဲ ရောင့်ရဲမှုမရှိဘူး။ ဒီကာမဝိတက်မပွားအောင် စကတည်းက အမြစ်ဖြတ်သုတ်သင်ပစ်လိုက်ပါ"

ဆရာအရှင်က လူကိုနှိပ်စက်သည့် ကာမဂုဏ်တရား အမြစ်တွယ် မရှင်သန်အောင် ညွှန်ပြဆုံးမသည်။ စိတ်ကို ဟိုဟိုသည်သည် မရွေ့လျားအောင် သတိဆိုသည့်ချည်တိုင်မှာ ခိုင်ခိုင်မြဲမြဲ တုတ်နှောင်ခိုင်းသည်။ သူတို့သည် စက္ခုကြွနေ့ခြေချ၊ ကိုယ်ကိုမတ်မတ်ထား၊ မတုန်မလှုပ် ကျောက်ရုပ်နှယ်ပြုပြီး သတိတရားနှင့်ထိန်းချုပ်လိုက်သည်။

ဂုရုကုလတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

လေတိုးသဖြင့် သစ်ရွက်ချင်း ထိခိုက်သံနှင့် ကျေးငှက်ကလေးများ အော်မြည်သံကလွဲ၍ တခြားဘာသံမျှ မကြားလောက်အောင် ဆိတ်ငြိမ်နေသည်။

ပြင်ပ ဗဟိဒ္ဓသဏ္ဍာန်ငြိမ်သက်သော်လည်း သူတို့၏အတွင်းစိတ်များ ရွေ့လျားနေသည်ကို သူတို့ကလွဲပြီး အခြားသူမသိနိုင်။ သို့သော် လူ့သဘော၊ လူမနောနားလည်သော ဆရာအဂ္ဂိဒတ္တက အကဲခတ်မိသည်။

"အချင်းတို့. . . ငါတို့ ပြဟ္မဏများဟာ ရိုးသားမှုကိုအရင်းခံကြတယ်။ အမှားပြုမိရင်လဲ အမှန်ဝန်ခံတတ်တယ်၊ ဒီနေရာမှာ. . . "

ဆရာအဂ္ဂိဒတ္တက စကားမဆက်သေးဘဲ သူ့တပည့်များကို လွှမ်းခြုံကြည့်လိုက်သည်။ သူ့စကားအမြဲနားထောင်သည့်တပည့်များကို တင်းကျပ်သည့်ပညတ်ချက်နှင့် စည်းကမ်းသတ်မှတ်ဖို့သင့်မသင့် တွေးလိုက်သည်။ မိမိကိုယ်ကိုပင် ထိန်းချုပ်ဖို့ ခက်ခဲရကား စည်းကမ်းမထားလျှင် လူအများထိန်းချုပ်ဖို့ လွယ်မည်မဟုတ်။ စည်းကမ်းကလနားမထားသော အဖွဲ့အစည်းသည် အကွပ်မဲ့ကြမ်းနှယ် ပရမ်းပတာဖြစ်တတ်သည်ကို မြော်မြင်မိသည်။

"ဒီနေရာမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောတရားကိုပြောလိုတယ်။ တို့များဟာ သူတော်ကောင်းတွေ ကျင့်စဉ်အတိုင်း အားထုတ်နေတယ်ဆိုပေမယ့် ညစ်ညမ်းတဲ့အတွေးနဲ့ ပျက်ပြားတဲ့ စိတ်ထားတွေမရှိဘူးလို့ မပြောနိုင်ဘူး၊ ဆိုလိုတာက သူတော်ကောင်းအသွင်ဆောင်နေပြီး သူ့ယုတ်မာအကျင့်ကျင့်သူမရှိဘူးလို့

ဘယ်သူမှ မပြောနိုင်ဘူး”

ဆရာ့စကားကြားတော့ တုန်လှုပ်ကုန်သည်။ ဘယ်သူ့ကိုများ အပြစ်တင်လေသလဲ. . . ငါ့များလား. . . သူ့များလား. . . ဟူသော အတွေးနှင့် တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်ကြသည်။

“အိန်း. . . ဖောက်ပြန်တဲ့အတွေး၊ အလုပ်ကို အများကသိနိုင်ပေမယ့် မနောကံနဲ့ ကျူးလွန်တာကတော့ မိမိကလွဲပြီး ဘယ်သူမှမသိနိုင်ဘူး။ ဘယ်လိုပဲကျူးလွန်ကျူးလွန် အပြစ်ဟာ အပြစ်ပဲ။ ဒီတော့ ရိုးသားမှုအခြေခံတဲ့ ငါတို့ပြဟ္မဏတွေဟာ မနောကံနဲ့ကျူးလွန်မိရင်လဲ ဝန်ခံရဲတဲ့ သတ္တိရှိရမယ်. . . ”

“ကျွန်ုပ်တို့မှာရှိပါတယ် ဆရာ”

“ကောင်းပြီ. . . ရှိတယ်လို့ဝန်ခံတဲ့ အမောင်တို့ကို ငါဆရာယုံလိုက်မယ်။ အကယ်၍ သင်တို့စိတ်မှာ မိစ္ဆာဝိတက်တစ်ခုခု ကျူးလွန်ခဲ့ရင် ကိုယ့်ကိုယ်ကို ဒဏ်တပ်တဲ့အနေနဲ့ သဲပုံပေတော့”

“သဲ. . . သဲပုံ”

“ဟုတ်တယ်၊ သင်တို့ရဲ့ စိတ်မှာ ကာမဝိတက်ပွားမိရင်၊ ဒါဟာအပြစ်၊ အဲဒီအပြစ်ကိုဝန်ခံ၊ အများမြင်သာအောင် ကိုယ့်ကိုယ်ကိုဆုံးမ။ ဒဏ်ခတ်တဲ့အနေနဲ့ ဟောဒီ ဂုရုကုလ တလင်းပြင်မှာ သဲတစ်ပုံတစ်ပုံ လာပုံပေတော့”

သူတို့၏ ဆရာအဂ္ဂိဒတ္တ၏ အမြော်အမြင်ကြီးစွာနှင့် အကျင့်သိက္ခာပိုင်း မြှင့်တင်ပုံကြားလိုက်ရ၍ ကြက်သီးဖြန်းဖြန်းထသွားရတော့သည်။

*　　　*　　　*

အဂ္ဂိဒတ္တနှင့် သူ့တပည့်အပေါင်းသည် မြင့်မြတ်သောအကျင့်လမ်းနှင့် ပြဟ္မာကြီးမြင်အောင်ကြိုးစားကြသည်။

ကသိုဏ်းပေါက်အောင် စိတ်ကိုတည်ငြိမ်မှုရရန် နည်းမျိုးစုံနှင့် ကြိုးစားကြသည်။

သူတို့စိတ်ကို ထိန်းချုပ်သည့်ကြားက ကာမဝိတက်က ပြေးပြေးဝင်လာနှောင့်ယှက်နေသည်။ ဝိတက်မပွားစိမ့်သောငှာ ကာမဝိတက်ဝင်လာသည်နှင့် စိတ်ကိုအခြားတစ်ပါး လွှင့်ထုတ်လိုက်သည်။ စိတ်ကိုအနားမပေး။ ပြိုင်မြင်းတစ်ကောင်ကို အထိန်းအကွပ်မရှိလွှတ်ပေးသကဲ့သို့ လွှတ်ပေးလိုက်သည်။ မြင်းရိုင်းတစ်ကောင်နှယ် ကဆုန်ပေါက်ပြေးလွှားသွားပုံမှာ ပရမ်းပတာနိုင်သွားတော့၏။

ကျင့်ပုံကျင့်နည်း မမှန်ကန်ကြောင်း ချက်ချင်းနားလည်လိုက်သည်။ ဝင်လာသော ကာမဝိတက်ကို ဘေးပထုတ်နိုင်သော်လည်း အခြားအခြားသော ဝိတက်များက အလုအယက်ဝင်လာတော့သည်။ စိတ်ကို လွတ်လွတ်လပ်လပ်လွှတ်ပေးခြင်းသည် နည်းမမှန်ကန်ဟုတွေးလျက် ထိန်းချုပ်နည်းပြောင်းလဲလိုက်သည်။

ပျံ့လွင့်သောစိတ်ကို ဘယ်မှ ရုန်းမထွက်နိုင်အောင် အတင်းအဓမ္မ ချုပ်ထိန်းလိုက်သည်။

လွတ်လပ်မှုကို ထိန်းချုပ်ခံရသော စိတ်သည် မခံမရပ်နိုင်သဖြင့် ထွက်ပေါက်ရှာဖို့ အသေအလဲကြိုးစားမှု ခံရပြန်သည်။

စိတ်ကိုလွတ်လွတ်လပ်လပ် လွတ်ပေးခြင်းသည်လည်းကောင်း၊ အတင်းအဓမ္မချုပ်နှောင်ထားခြင်း သည်လည်းကောင်း နည်းမှန်မဟုတ်၊ စနစ်မကျ၊ သဘာဝလွန်လုပ်ရပ်ဖြစ်မှန်းသိလာသည်။ ဤနည်းနှစ်ခုလုံး သည် ဝိတက်ပွားစရာသာဖြစ်ကြောင်းနားလည်ခဲ့သည်။

အကျင့်မှားနေသော အဂ္ဂိဒတ္တနှင့်သူ့တပည့်များသည် ဝိတက်ကို မထိန်းချုပ်နိုင်ကြ။ ကာမဝိတက် မထိန်းနိုင်သူက သူ၏ရိုးသားမှုကို အရင်းခံလျက် သံဒဏ်ခတ်သည်။ ဩော်. . . သူ့မှာဝိတက်မစင်ပေပဲ ကိုးဟု တွေးစဉ်ပင် ကိုယ်ကိုယ်တိုင်က အမှားပြုမိ၍သံဒဏ်ခတ်ရပြန်သည်။ တစ်ယောက်သံပုံလို့မပြီးခင် အခြားတစ်ယောက်က သံလာပုံသည်။ တစ်ယောက်ထွက်ရုံရှိသေး။ အခြားတစ်ယောက်က သံထမ်းဝင် လာပြန်သည်။ တစ်ယောက်ပြီးတစ်ယောက် ရိုးသားမှုပြုကြရာ ဂုရုကုလ တလင်းပြင်တွင် သံပုံကြီးတစ်ခု ဘွားခနဲပေါ်လာတော့ပေသည်။

* * *

လောကသစ္စာတရားရှာသင့်လျက် ပြဟ္မာကြီးမြင်ရေးသာ အာရုံစိုက်နေကြသော အဂ္ဂိဒတ္တနှင့် သူ့ နောက်လိုက်များသည် တကယ်တော့ ဈာန်သမာပတ်အကျင့်ကို အမြတ်ဆုံးအကျင့်ဟု လွဲမှားစွာသိ နေခြင်းဖြစ်သည်။

ကသိုဏ်းဝန်းပေါက်ခြင်းဟူသည် လောကနှင့်မိမိတသားတည်းဖြစ်နေခြင်းပင်။ ဤသို့ ထင်လာ၊ မြင်လာခြင်းမှာ စိတ်ကို သတိနှင့်ထိန်းချုပ်နိုင်၍ သမာဓိခိုင်ပြီး ဈာန်ရခြင်းသာဖြစ်သည်။

ဤဈာန်ရရေးပင် သူတို့အဖို့ အပန်းတကြီးဖြစ်နေကြသည်။ စိတ်ကိုလွှတ်ထားခြင်း၊ စိတ်ကိုထိန်း ချုပ်ခြင်းဟူသော အစွန်းရောက်တရားတွေနှင့် နည်းမှားကျင့်နေခြင်းသာဖြစ်သည်။ သူတို့သည် စိတ်ကို သတိနှင့်ထိန်းချုပ်ရမှန်း နားမလည်ကြ။ စိတ်သွားတိုင်းသတိက ကပ်လိုက်ဖို့လိုမှန်းမသိကြ။

အမှန်က အဂ္ဂိဒတ္တနှင့် သူ့နောက်လိုက်များသည် အမှန်တရားကို ရှာဖွေတွေ့ထားသော ဘုရားရှင် ရှိနေပါလျက် ဘုရားရှင်ထံတပည့်ခံဖို့ဝန်လေးနေကြသည်။ သူတို့သည် မြင့်မြတ်သော ပြဟ္မာကြီးလောက် မမြင့်မြတ်ဟု မှတ်ယူနေကြသည်။

ဗုဒ္ဓက ရုပ်နာမ်ဓမ္မသင်္ခါရ၊ ရုပ်သည် အနိစ္စ၊ ရုပ်သည်ဒုက္ခ၊ ရုပ်သည်အနတ္တဟု ဟောမိန့်နေရာ သူတို့ကိုးကွယ်သော ပြဟ္မာကြီး၏ အတ္တဝါဒီနှင့်လုံးလုံးဆန့်ကျင်နေမှုကိုလည်း အလိုမကျဖြစ်ရသည်။

အာယုသက်တမ်းရှည်လျားသည့် ပြဟ္မာကြီးအနေနှင့် အနိစ္စတရားကို အမှန်ဟုမမှတ်ယူ။ ပဋိ သန္ဓေနေခြင်း၊ သေခြင်းကိုကပ်ကမ္ဘာနှင့်ရှည်အောင် ကင်းကွာနေ၍ နိစ္စဟုသာ ထင်မှတ်နေသည်။

မှန်ပါသည်။ သူတို့ကိုးကွယ်သော ပြဟ္မာကြီးက သက်တမ်းရှည်လှ၏။ ဤသည်မှာလည်း သူ၏ ကုသိုလ်အကျိုးဆက်ကြောင့်ဖြစ်သည်။ လူဖြစ်ခဲ့စဉ် အနှစ်တစ်သိန်းမျှ ရသေ့ရဟန်းပြု၍ လောကီစျာန် သမာပတ်လေ့ကျင့်ခဲ့သည်။ ခန္ဓာကြွေသောအခါ ဝေဟပ္ဖိုလ်ဘုံတွင် ပြဟ္မာဖြစ်လာသည်။ ဤဘုံတွင် မဟာကပ်ကမ္ဘာငါးရာလုံး ပြဟ္မာ့ချမ်းသာခံစားခဲ့ရသည်။ ယင်းမှတစ်ဖန် စုတေပြန်သော် ခြောက်ဆယ့်လေးကမ္ဘာသက်တမ်းရှည်သော သုဘကိဏ်ဘုံ၌ ဖြစ်ပြန်သည်။ ထိုမှ တစ်ဖန်ရှစ်ကမ္ဘာရှည်ကြာသော အာဘဿရာပြဟ္မာဘုံ၌ ဖြစ်ရပြန်သည်။ ဤသက်တမ်းအတိုင်း ပြဟ္မာ့စည်းစိမ်ခံစားနေ၍ ပဋိသန္ဓေနေရမှုကို မမှတ်မိနိုင်တော့ပေ။ ပြဟ္မာဘုံရောက်ခြင်းသည် နိစ္စတရားဟု မှတ်ယူနေတော့သည်။

အင်္ဂုဒတ္တသိထားသော ပြဟ္မာကြီးသည် မအို၊ မနာ၊ မသေဟု သဘောသရုပ်ဆောင်နေရာမှ ဗုဒ္ဓရှင်တော်ဟောသော အနိစ္စတရားကို လက်မခံနိုင်။ သစ္စာလေးပါးတရားကိုလည်း အမှန်ဟုလည်းမထင်။ ဇာတိမာန်တက်နေသော အင်္ဂုဒတ္တအနေနှင့် ပြဟ္မာကြီးမြင်ရေးသည်သာ အကျင့်မှန်ဟုခံယူထားပေသည်။

သို့ဖြစ်၍လည်း ကသိုဏ်းတရားအားထုတ်ခဲ့သည်။ အားထုတ်မှုနည်းမမှန်တော့စိတ်က တည်ငြိမ်မှု မရနိုင်။ အာရုံတွေထွေပြားလျက် အမှားပြီးအမှားဆင့်လေရာ ဂုရုကုလတွင် သဲပုံကြီးသာ ကြီးသထက် ကြီး၍လာတော့သည်။

အင်္ဂုဒတ္တတို့ ဆရာတပည့်တွေပုံထားသော သဲပုံကြီးက တောင်ပို့ကြီးသဖွယ်ဖြစ်လာရာ အမှီရှာနေသော အဟိဆတ္တအတွက် အလောတော်ဖြစ်လာသည်။

အဟိဆတ္တနဂါးမင်းသည် သဲတောင်ကြီးကို အပိုင်စားယူလိုက်သည်။ ထိုသဲတောင်ကြီးကို ကိုယ်လုံးနှင့်ရစ်ပတ်ပြီး အတင့်အတယ်စံပယ်သည်။ သူ၏စွမ်းပကားတွေကို အမျိုးမျိုးအဖုံဖုံထုတ်ပြလျက် သူ့ကို မနှောင့်ယှက်ဝံ့အောင် ဟန့်တားခဲ့သည်။

ကြီးမားသောကိုယ်ထည်၊ ထက်မြက်သောအစွယ်၊ ပြင်းထန်သောအဆိပ်၊ အစွမ်းထက်သော နဂါးမျက်စောင်းကြောင့် အဟိဆတ္တကို ထိပါးဖို့နေနေသာသာ အပါးချဉ်းကပ်ဖို့ပင် မဝံ့အောင်ရှိနေသည်။

တစ်ချိန်က ပြဟ္မာကြီးသာ တန်ခိုးရှင်ဟုထင်ခဲ့သော အင်္ဂုဒတ္တနှင့် သူ့နောက်လိုက်များသည် အဟိဆတ္တကိုလည်း ကိုးကွယ်ရာဟု မှတ်ယူရတော့သည်။

*　　　*　　　*

"ချစ်သားမောဂ္ဂလန်၊ ဂုရုကုလကိုသွားပြီး အင်္ဂုဒတ္တနဲ့ သူ့နောက်လိုက်တွေကို ကယ်တင်ပေတော့"

သတ္တဝါအပေါင်းတို့၏ချမ်းသာမှုကို အစဉ်ရှေးရှုသောမြတ်ဘုရားသည် တန်ခိုးဇောဒဂ်ရ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကိုမိန့်ကြားသည်။ သဗ္ဗညုတဉာဏ်တော်ရ ဘုရားရှင်ဖြစ်သည့်အလျောက် သတ္တဝါတို့၏ ဉပနိဿယကိုမြင်၏။ ဣန္ဒြေအနုအရင့်ကိုသိ၏။ ဆုံးမနည်းပေးရမည့် လမ်းစဉ်ကို

နားလည်၏။ အင်္ဂုဒတ္တနှင့်သူ့နောက်လိုက်များသည် မဂ်ဖိုလ်ကိုမြင်၊ နိဗ္ဗာန်ဝင်မည့် ပဋိသမ္ဘိဒါလေးပါး နှင့်ပြည့်စုံသော ရဟန္တာများဖြစ်မည်ကိုသိ၍ ရှင်မောဂ္ဂလာန်အား တာဝန်ပေးလေ၏။

"မှန်ပါမြတ်ဘုရား. . . အင်္ဂုဒတ္တအား အဘယ်တရားနဲ့ဆုံးမရပါမလဲ"

"ချစ်သားမောဂ္ဂလာန်. . . အင်္ဂုဒတ္တဟာ ဇာတိမာန်တက်နေသူဖြစ်တယ်။ သည်အစွယ်ကျိုးရင် အမြင်မှန်ရောက်ပေလိမ့်မယ်. . . . "

"လမ်းညွှန်ပါမြတ်ဘုရား"

"ချစ်သားနာလော့။ ငါဘုရား သစ္စာလေးပါးတရားသိပြီး ဗောဓိဉာဏ်ရစက သင့်နောင်တော်များ ဖြစ်တဲ့ ဥရုဝေလကဿပညီနောင်တွေဟာ မိစ္ဆာဒိဋ္ဌိအယူနဲ့ ရသေ့ရဟန်းပြုနေကြတယ်. . . "

"မှန်ပါ မြတ်ဘုရား. . . "

"ဥရုဝေဠညီနောင်ဟာ အမျိုးမာန်၊ ဇာတိမာန်တက်ပြီး သူတို့သာ တရားမှန်သိတယ်၊ အကျင့် မှန်သိတယ်၊ သူတို့သာ ရဟန္တာဖြစ်တယ်လို့အထင်ရှိတယ်။ သို့ပေမယ့် သူတို့ဟာ ဘာမဟုတ်တဲ့ ရေနတ် နဂါးကို တန်ခိုးရှင်အမှတ်နဲ့ အင်္ဂုဒတ္တတို့လို ကိုးကွယ်ကြတယ်။ ဒီဥရုဝေလနဂါးဟာ အစွမ်းထက်တယ်။ ဒါပေမယ့် ငါဘုရားနဲ့တွေ့တော့ ရိုကျိုးသွားတယ်။ သူတို့ကိုးကွယ်တဲ့ နဂါးကြီးဟာ ရေမြွေတစ်ကောင်ပမာ ငါ့သပိတ်တွင်းမှာ ငြိမ်သက်တာမြင်ရတော့ ဥရုဝေဠညီနောင်တွေ အမြင်မှန်ရကုန်တယ် ချစ်သား. . . မောဂ္ဂ လာန်"

"ဘုရားတပည့်တော်ပြုရမည့် ကိစ္စနားလည်ပါပြီဘုရား. . . "

တန်ခိုးဧတဒဂ်ရ အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးသည် ဘုရားရှင် အားအရိုအသေပြု လက်အုပ်ချီ ရှိခိုးပြီး ဂုရုကုလကိုကြွခဲ့သည်။

ဂုရုကုလရောက်လျှင် အချိန်လင့်၍ တစ်ညတာမျှ သီတင်းသုံးခွင့် ပြုဖို့ အင်္ဂုဒတ္တကိုပန်ကြားသည်။ အရှင်မောဂ္ဂလာန်သည် ဗုဒ္ဓ၏ အဂ္ဂသာဝကကြီးမှန်းသိထား၍ လက်ခံလိုစိတ်မရှိကြ။ ဧည့်သည်ကို နှင် ထုတ်လျှင်လည်း ရိုင်းပျရာကျမည်မို့ ခွင့်ပြုဖို့ခက်နေကြသည်။

"အင်္ဂုဒတ္တ၊ သင်သဘောတူလျှင် ဟောဒီသဲပုံမှာဖြစ်ဖြစ်၊ တစ်ည သီတင်းသုံးခွင့်ပြုပါ"

"ဘယ်လိုရဟန်းကြီး၊ ဒီသဲပုံမှာ တစ်ညသီတင်းသုံးမယ် ဟုတ်စ။ အဟဟ. . . ကောင်းပါ့ဗျာ. . . နေချင်သပဆိုနေစမ်းပဗျာ. . . သင်နေဝံ့ရင် တစ်ညမဟုတ်ဘူး။ တစ်သက်လုံးနေနေ ကြိုက်သလောက်သာ နေပါ။ ဪ. . . ဒါနဲ့တစ်ခုတော့ အသိပေးထားမယ်နော်. . . ဒီသဲပုံမှာ တန်ခိုးအင်မတန်ကြီးတဲ့ အဟိ ဆတ္တနဂါးမင်းနေတယ်။ ဒီနေရာက သူပိုင်နေရာဗျ။ အဲ. . . သူ့နေရာဝင်လုလို့ နဂါးမင်းကရန်ပြုရင် တော့"

"ကိစ္စမရှိပါ အင်္ဂုဒတ္တ၊ သင်တို့သာခွင့်ပြုရင်နေပါမယ်. . . "

"အလို. . . ရဟန်းကြီးပြောနေတာ တကယ်လား. . . ကျုပ်တို့ခွင့်ပြုရင်နေမယ်ပေါ့။ နေပါဦး ရဟန်းကြီးရဲ့ နဂါးမျက်စောင်းအကြောင်း သုံးပါးမရွေးဘူးဆိုတာ ကြားဖူးပါစ"

"အဟိဆတ္တအတွက်မစိုးရိမ်ပါနဲ့၊ အဂ္ဂိဒတ္တ၊ သင်တို့ ခွင့်ပြုရင်တော်ပါပြီ"

အဂ္ဂိဒတ္တနှင့်သူ့နောက်လိုက်များသည် ဗုဒ္ဓအနွယ်ဟူသည့်အမြင်၊ မိမိကိုယ်ကို အထင်ကြီးနေသူဟူသည့်အတွေး၊ မလေးမစား စကားဆိုဝံ့သူဟူသောအသိနှင့် ဖြစ်ချင်ရာဖြစ်ပစေတော့ဟူ၍ ခွင့်ပြုလိုက်သည်။ စိတ်ထဲကလည်း နောက်နေ့နံနက်တွင် မီးသွေးတုံးဖြစ်နေမည့် အလောင်းတစ်လောင်းသင်္ဂြိုဟ်ဖို့ပေါ်လာပြီဆိုပြီး သဘောကျနေကြသည်။

အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးသည် အဟိဆတ္တစံရာ သဲပုံထက် ဝံ့ဝံ့ရဲရဲတက်လိုက်သည်။ အဟိဆတ္တသည် အရှင့်ကိုမြင်သည်နှင့် ဒေါသထွက်သွားသည်။ ဂုရုကုလတွင် သီတင်းသုံးသည့် ရဟန်းတိုင်းက သူ့အပါးမချဉ်းဝံ့ကြဘဲ သူစိမ်းရဟန်းတစ်ပါးက ကျူးကျော်ဝင်လာ၍ အမျက်ထသွားသည်။ ကြီးစွာသော ပါးပျဉ်းမိုးလျက် ပေါက်သတ်အံ့ဟု ရွယ်သည်။

အဟိဆတ္တက အပေါ်စီးက ပေါက်သတ်အံ့ဟုမိုးချိန် အရှင်မောဂ္ဂလာန်ကတန်ခိုးတော်နှင့် ကြီးစွာသော ကိုယ်ကိုဖန်ဆင်း၏။ နဂါးမင်းက အစွမ်းကုန်ပါးပျဉ်းထသော်လည်း အရှင့်ကိုမမိုးနိုင်။ ဤတွင် နဂါးမင်းဒေါသထလျက် အခိုးလွှတ်၏။ အရှင်ကပိုပြင်းသော အခိုးနှင့်တုံ့ပြန်၏။ နဂါးမင်းက ပြာကျစေနိုင်သော မျက်စောင်းပြု၏။ အရှင်ကစျာန်သမာပတ်ဝင်စားလျက် တေဇောကသိုဏ်းဝင်စား၏။ နဂါးမင်းသည် တန်ခိုးစွမ်းအားရှိသမျှထုတ်လျက် အရှင့်ကိုသတ်ရန် ကြံသော်လည်း မအောင်မြင်၍ လက်လျှော့အရှုံးပေးလိုက်၏။ ခွင့်လွှတ်ပါရန်အနူးအညွတ် ပန်ကြားလျှောက်ထားပြီး ကိုယ်ကိုခုနစ်ပတ်ခွေ၊ ပလ္လင်ကဲ့သို့ပြုလျက် အရှင့်ကို သီတင်းသုံးစေတော့၏။

* * *

"ဟယ်. . ."

"အို. . အံ့ဖွယ်သရဲ ထူးကဲပါဘိ"

"ကြည့်. . . ကြည့်ကြ၊ ကြည့်ကြစမ်းပါဦး၊ ငါတို့နဂါးမင်းက ဟိုကိုယ်တော်ကြီးကို ရိုကျိုးပူဇော်နေပါလား"

အဂ္ဂိဒတ္တနှင့် သူ့တပည့်များသည် အရှင်မောဂ္ဂလာန်ကို အလွန်အထင်ကြီး လေးစားကုန်တော့သည်။ သူတို့ ကြောက်ရွံ့ကိုးကွယ်နေသောနဂါးက အရှင်မောဂ္ဂလာန်ကို ဦးနှိမ်ကန်တော့ရသည်ကို မယုံကြည်နိုင်ကြပေ။

"အသင်အဂ္ဂိဒတ္တ၊ သင်တို့ အဟိဆတ္တနဂါးဟာ နန္ဒောပနန္ဒနဲ့စာရင် စပါးကြီးမြွေနဲ့မြက်လျှောမြွေ

အရှယ်သာရှိမယ်။ နန္ဒောပနန္ဒသည်ပင် ငါ့ကိုအရှုံးပေးရတာ အဟိဆတ္တကို ဘာမှုစရာလိုမလဲ. . . ”

“ဟုတ်လားဘုရား. . . အလိုလေးလေး တန်ခိုးကြီးပါပေ့ ကိုယ်တော်ရယ်၊ အစကဒီလိုမှန်းသိလို့ မလေးမစားပြုမိတာ ခွင့်လွှတ်ပါ”

“ငါခွင့်လွှတ်ပါတယ်. . . ဪ. . . အဂ္ဂိဒတ္တ၊ ဟိုမှာငါတို့မြတ်ဘုရားကြွလာပေတယ်၊ သင်တို့ဖူး ခွင့်ကြုံ လို့ ဖူးရတာ. . . အားလုံးဖူးကြပေတော့”

အဂ္ဂိဒတ္တနှင့်သူ့နောက်လိုက်တွေ၏ ဣန္ဒြေအနုအရင့်ကို ချင့်ချိန်သိသောမြတ်ဘုရားသည် နောက်ပါသံဃာများနှင့်တကွ ဂုရုကုလကိုကြွလာသည်။ ဘုရားရှင်ကြွလာသည်နှင့် အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးက နဂါးမင်းရင်ခွင်ထက်ကဆင်းလျက် ထိခြင်းကြီးငါးပါးနှင့် ရှိခိုးလိုက်သည်။

အဂ္ဂိဒတ္တနှင့်သူ့နောက်လိုက်တို့သည် အံ့ဩထူးဆန်းမှုကို တစ်ခုပြီးတစ်ခုမြင်ရ၍ အံ့အားသင့်ကာ ကြက်သေသေနေသည်။ ပထမဦးဆုံးအံ့ဩမှုမှာ သူတို့ကိုးကွယ်သည့် နဂါးထက် တန်ခိုးကြီးသောအရှင်မောဂ္ဂလာန်ကို တွေ့ရ၍ဖြစ်သည်။ တစ်ဖန် သူတို့အထင်ကြီးနေသူက ဂေါတမဗုဒ္ဓကိုဖူးမြင်လိုက်သည်နှင့် ကပျာကယာထ၊ ဝတ်ရုံသက်န်းကို အကျအနပြင်၊ ထိခြင်းကြီးငါးပါးနှင့် မြတ်ဘုရားကိုကန်တော့သည်ကို တွေ့လိုက်ရသည်။ တန်ခိုးရှင်တွေထက် အမြတ်ဆုံးတန်ခိုးရှင်မှန်း သိလိုက်ရသည်။

အတ္တဝါဒီတွေကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင် အနတ္တတရားဟောကြားသည့်ဗုဒ္ဓသည် တန်ခိုးအကြီးဆုံးပုဂ္ဂိုလ်မှန်း သိလိုက်သည့်အချိန်တွင် သူတို့အားလုံးဒူးတုပ်ထိုင်ချမိသည်။ အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးက ဦးချလိုက်ချိန်တွင် သူတို့အားလုံးကလည်း အလိုလိုဦးညွတ်မိရက်သား ဖြစ်သွားကြပေတော့သည်။ ။

ကျမ်းကိုး-

**ဆရာဦးရွှေအောင်၏ “*ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့*”ကိုမှီးသည်။**


သာသနာ့ အားမာန်

# သာသနာ့အားမာန်

သာဝတ္ထိမြို့တောင်တံခါးက တစ်အုပ်ပြီးတစ်အုပ်ထွက်လာသည့် မြို့သူမြို့သားတွေကိုငေးကြည့်နေမိသည်။ သူတို့အသွင်အပြင်က တည်တည်ငြိမ်ငြိမ်။ သူတို့လှုပ်ရှားမှုက အေးအေးချမ်းချမ်း။ လှုပ်ပေါ်လော်လည်မှုကင်းပြီး ဣန္ဒြေသိက္ခာရှိရှိ သတိတရားလက်ကိုင်ထားသွားနေပုံက ကျွန်ုပ်အမြင်မှာ ပို၍ဆန်းကြယ်နေတော့သည်။

မြို့တွင်းကထွက်လာသော သူတို့က အားလုံးက လက်ချည်းသက်သက်တော့မဟုတ်။ တချို့က ယွန်းအုပ်နီကြီးတွေ ရွက်လာသည်။ အချို့က ဟင်းခွက်မျိုးစုံတင်ထားသည့် ယွန်းဗန်းကြီးတွေရွက်လာသည်။ အချို့ကမူ မှည့်ရွှဲနေသည့် ရာသီပေါ်သီးနှံတွေယူလာသည်။

ထိုသာဝတ္ထိပြည်သူတွေသည် မြို့မှထွက်ပြီး ဇေတဝန်ဥယျာဉ်ဆီ တန်းတန်းမတ်မတ်ဝင်၍ဝင်၍သွားကြသည်။ တစ်ဖွဲ့ပြီးတစ်ဖွဲ့ဝင်သွားကြသူတွေက အပြန်တွင်မူ သယ်သွားသော စားသောက်ဖွယ်တွေပါမလာတော့။

သူတို့ဘယ်သွားကြတာလဲ။ ဘာလုပ်ကြတာလဲ။ ဥယျာဉ်ထဲပျော်ပွဲစားထွက်ကြတာလား။ ဒီလိုတော့ ဟုတ်ဟန်မတူ။ သူတို့အသွင်အပြင်က ပေးလားဝါးလား၊ အပျော်အပါးလုပ်ဖို့ လာကြဟန်မတူ။ တစ်စုံတစ်ခုအပေါ် အလေးအနက်ထား၊ တလေးတစားဟန်ဖြင့် ချဉ်းကပ်လာပုံမျိုးဖြစ်သည်။

နံနက်ပိုင်းတွင် လူအုပ်ကြီးကို ငေးကြည့်မိသော ကျွန်ုပ်သည် ထိုမြင်ကွင်းမျိုးကို နေ့လယ်ပိုင်းတစ်ကြိမ်၊ ညနေစောင်းတစ်ကြိမ် ထပ်တွေ့ရပြန်သည်။ နေ့လယ်ပိုင်းတွင် အဖျော်ရည်မျိုးစုံဖြင့်သယ်လာကြပြီး ညနေပိုင်းတွင်မူ ပန်း၊ ဆီမီး၊ အမွှေးတိုင်တွေ ယူဆောင်လာကြသည်ကို တွေ့ရသည်။

ရောက်စနေ့က တွေ့ရသောမြင်ကွင်းဆန်းကြောင့် ကျွန်ုပ်သတိမထားဘဲ မနေနိုင်တော့။ သူတို့လာကြဦးမလားဟု စောင့်မျှော်နေမိသည်။

လူတစ်စုသည် မနေ့ကပုံစံအတိုင်း သာဝတ္ထိမြို့တောင်တံခါးမှ ထွက်လာကြသည်။ ကျွန်ုပ်တို့ ခေတ္တစခန်းချနေသည့် လှည်းအုပ်ကြီးတွေဘေးက ဖြတ်သွားကြသည်။ ကျွန်ုပ်တို့ကိုကျော်ပြီး အနောက်ယွန်းယွန်းဘက် ချိုးကွေ့လျက် ဇေတဝန်ဥယျာဉ်တွင်း ဝင်သွားကြသည်။

ဥယျာဉ်အတွင်းဝင်သွားသူတွေ ငေးကြည့်နေရာမှ အမှတ်တမဲ့ လှည့်ကြည့်လိုက်သည်။ သာဝတ္ထိမြို့တောင်တံခါးပေါက်က နောက်ထပ်လူစုတွေထွက်လာပြန်ချေပြီ။

*　　　　*　　　　*

"ဒီ. . . ဒီမယ်၊ ဟိုဒင်းဗျာ. . . ခဏလောက်ပြောကြစမ်းပါ။ အခု နောင်ကြီးတို့ ဘယ်သွားကြမှာလဲ၊ အဲ. . . ဘာလုပ်ကြမှာလဲ။ ဩော်. . စိတ်. . . စိတ်မရှိပါနဲ့နော်။ ခုလို မေးတာ ဘာအကြောင်းမှ မဟုတ်ဘူး။ ကျုပ်သိချင်နေလို့ပါ"

ကျွန်ုပ်က ရှေ့ဆုံးက ဦးဆောင်လာသောပုဂ္ဂိုလ်ကြီးရှေ့ရပ်ပြီး စိတ်လှုပ်ရှားစွာနှင့်မေးလိုက်မိသည်။ ကျွန်ုပ်အမေးကြားလိုက်ရသော ပုဂ္ဂိုလ်ကြီးက မျက်မှုန်တစ်ချက်ကြုတ်ကြည့်လိုက်သည်။ ခဏအကြာတွင် ကရုဏာသက်သောအကြည့်ဖြင့်ကြည့်ပြီး နှုတ်ခမ်းတွန့်ရုံပြုံးလိုက်သည်။

"ဧည့်သည်တွေထင်တယ်"

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်။ ကျုပ်ဟာ သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမက ကုန်သွယ်ရင်းရောက်လာတာပါ"

"ဩော်. . . အင်း ဒါကြောင့်ကိုး"

"ဟုတ်ကဲ့ခင်ဗျ"

"ဒီလို ကိုရင်ရဲ့။ ကျုပ်တို့ခုသွားမှာ ဇေတဝန်ဥယျာဉ်ကို"

"ဟုတ်ကဲ့. . . အဲဒီကိုသွားနေမှန်းတော့ သိပါတယ်။ အဲဒီဥယျာဉ်ထဲမှာဘာကြည့်စရာများရှိလို့လဲ။ ပွဲလမ်းသဘင်တွေ ဟုတ်ဟန်မတူဘူး။ အဲ. . . ဒါကမှန်းဆတာပါ။ ဟုတ်တယ်လေ. . . ပွဲလမ်းသဘင်ဆိုရင် ပျော်ပျော်ပါးပါး၊ ဟေးလားဝါးလားရှိကြမယ်လေ. . . ခုဟာက"

ကျွန်ုပ်နှင့် စကားပြောနေသောပုဂ္ဂိုလ်ကြီးကပြုံးလျက် ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူ့နောက်ပါးက၊ လိုက်လာသူတွေက စကားပြောနေသည်ကို အနှောင့်အယှက်မပေးလိုဟန်ဖြင့် ရှောင်တက်သွားကြသည်။ ပုဂ္ဂိုလ်ကြီးက ဇေတဝန်ဆီသို့ ဦးတည်နေသော လူတွေကို မေးဆတ်ပြလိုက်ရင်း. . .

"ကျုပ်တို့ဘုရားရှင်ဆီ သွားကြတာ"

"ဗျာ. . ."

"သုံးလောကထွတ်တင် ဘုရားရှင်ဖူးကြမလို့လေ. . ."

"ဗျာ. . . ဘုရားရှင်. . . ဟုတ်ပါသလားခင်ဗျာ"

ပုဂ္ဂိုလ်ကြီးထံက မထင်မှတ်သည့်စကားကြားလိုက်ချိန်တွင် အိပ်နေချိန်ရေနွေးပက်ခံရသူနှယ် တုန်လှုပ်လန့်ဖျပ်သွားသည်။ တဒင်္ဂမျှ အေးစက်တောင့်တင်းသွားသည်။ တအံ့တဩရေရွတ်မိရာ ပုဂ္ဂိုလ်ကြီးက အသေအချာထပ်ဖြေလိုက်၍ ရင်ထဲတွင် ပီတိလုံးကြီး တလိပ်လိပ်တက်သလိုဖြစ်သွားတော့သည်။

"ဒီလိုကိုရင်ရဲ၊ အရဟံတစ်ဆူ၊ သယမ္ဘူဦးကိုင်၊ တုနှိုင်းမမြင်တဲ့ ဘုရားရှင်ဟာ ခပ်သိမ်းသော သတ္တဝါတွေကို လောကီလောကုတ္တရာအကျိုးနှစ်ဖြာအတွက် ဟောဒီလူ့ပြည်၊ နတ်ရပ်လောကဓာတ်အတွင်းမှာ ပွင့်ထွန်းနေပြီလေ"

"ဘုရား. . . ဘုရားပွင့်ပြီပေါ့။ ဒါအသေအချာပဲလား နောင်ကြီး။ ကျုပ်တို့ကြားနေတဲ့ ကောလဟာလကတော့ ကြာပြီဗျနော်. . . အဲ၊ ဒီကောလာဟလကို အကြောင်းပြုပြီး ဟိုကဒီကပေါ်လာတဲ့ ဘုရားတွေလဲ ဒုနဲ့ဒေးဗျနော်. . . ကျုပ်လဲ ဘုရား. . . ဘုရားဆိုတိုင်း သူများရှားလို့ သွားရှားမိသဗျ၊ တကယ်တမ်းသွားဖူးတော့မှ ဘုရားတုတွေချည်း တွေ့နေရသဗျ"

ကျွန်ုပ်က လက်တွေ့ကြုံနေရသော အဖြစ်အပျက်အမှန်အတိုင်း ပြောလိုက်မိသည်။ ကျွန်ုပ်စကားကို ကြားသောပုဂ္ဂိုလ်ကြီးက ပိပိရိရိတစ်ချက်ပြုံးလိုက်ပြီး ဟက်ခနဲ ခြောက်ခြောက်သွေ့သွေ့ရယ်လိုက်သည်။

"အဟက်. . . ကိုရင်က အတုနဲ့ညားပေါင်းများတော့ မယုံမရဲဖြစ်နေမှာပေါ့။ ဒီမယ်ကိုရင်လေး. . . မဂ်လေးတန်၊ ဖိုလ်လေးတန်ဆိုတဲ့ နိဗ္ဗာန်ပရိယတ္တိတရားဆယ်ပါးသော မြတ်ဓမ္မကို ရှေးကမကြား၊ မနာရနိုင်တာအမှန်ပဲ။ ခုတော့ဘုရားရှင်အစစ် ဧကန်ပေါ်ပကွဲ့။ သတ္တဝါအပေါင်းကို လူနတ်နိဗ္ဗာန်သုံးတန် ချမ်းသာရအောင် ပို့ပေးနိုင်တဲ့တရားရှိပကွဲ့။ အဲဒီတရားဟောနိုင်တဲ့ ပုဂ္ဂိုလ်မြတ်က ဟောဟိုဇေတဝန်ဥယျာဉ်ထဲမှာရှိနေသကွဲ့"

"တကယ်. . . တကယ်ပဲလားခင်ဗျား"

"ဩ. . ကိုရင်က မယုံဘဲကိုး။ အေးလေ. . . မကြုံဖူးတော့ မဟုတ်ဘူးထင်တာပ။ မနာဖူးတော့ မယုံနိုင်အောင်ရှိတာပ။ ကဲလေ. . . မောင်ရင်မယုံလဲရှိစေတော့ ကျုပ်တို့ သွားလိုက်ဦးမယ်၊ ခွင့်ပြုပ"

ကျွန်ုပ်ကိုနှုတ်ဆက်ပြီး ရှောင်ထွက်လိုက်သည့်ပုဂ္ဂိုလ်ကြီးကို မဝံ့မရဲလက်တားလိုက်သည်။

"နေ. . . နေပါဦး၊ ခဏလေးသည်းခံပါဦး၊ ကျုပ်ပြောတဲ့စကားကို ဘယ်လိုမှသဘောမထားပါနဲ့ဗျာ။ ဟိုဒင်း. . . ကျုပ်က သုနာပရန္တတိုင်းက ဒီကိုမကြာမဏရောက်ရောက်နေတော့ ဘုရားဆိုတဲ့

ပုဂ္ဂိုလ်ဆန်းတွေ ခဏခဏကြုံရတယ်။ တချို့က လောကီအာရုံ ကာမဂုဏ်ခံစားမှုမှန်သမျှဖြတ်တယ်။ တွယ်တာမှုကင်းအောင်နေတယ်ဆိုပြီး ဝတ်လစ်စလစ်နဲ့နေကြတယ်။ မြင်လို့မတော်၊ ကြည့်လို့မကောင်းတဲ့ အသွင်နဲ့မြင်ရသူတွေက ဘုရားဆိုတော့ ကျုပ်စိတ်ထဲ သံသယရှိပါတယ်"

"ကိုရင် ကျုပ်တို့ဘုရားရှင်ဖူး ဖူးလား"

"ဘယ့်နှယ်ဗျာ. . . ခုမှကြားရတာ ဘယ်မှာဖူးရမှာလဲ"

"ဒီမယ်ကိုရင် ကျုပ်တို့ဘုရားရှင်က သကျပုတ္တ၊ အမျိုးမြတ်တဲ့ပုဂ္ဂိုလ်၊ တင့်တယ်တဲ့ အသရေရှိတယ်။ ယောကျာ်းမြတ်တို့ လက္ခဏာကြီးငယ်နဲ့လဲ ပြည့်စုံတယ်။ ဣန္ဒြေသိက္ခာလဲရှိတယ်။ တည်ငြိမ်တဲ့အမူအရာလဲရှိတယ်။ အိုကွယ်. . . ဘုရားရှင်ရဲ့ အသရေတော်ကိုပြည့်စုံအောင် ကျုပ်မပြောတတ်ဘူး။ လက်တွေ့ဖူးကြည့်မှ သိမယ်ကိုရင်။ ကဲကဲ. . . ကျုပ်လဲ အချိန်လင့်ပြီ . . . သွားခွင့်ပြုဦး"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ သြော် ခဏ. . . ခဏလေးဗျာ၊ နောင်ကြီးတို့ ဘုရားရှင်ကို ကျုပ်ရောဖူးလို့ရသလား"

"ကိုရင်ဘယ်လိုပြောတာလဲ။ ဘုရားရှင်ပွင့်တော်မူတာ ဝေနေယျ သတ္တဝါအားလုံးအတွက်ကွဲ့။ ဘယ်သူမဆိုဖူးနိုင်တယ်၊ ဘယ်သူမဆို တရားနာနိုင်တယ်။ ဘယ်သူမဆို ဆည်းကပ်ကိုးကွယ်နိုင်တယ်ကိုရင်ရေ"

"ဒါဆို ကျုပ်လိုက်ပါရစေ"

အကျိုးအကြောင်းသိလိုက်ရသော ကွန္ဒပ်သည် ဘုရားရှင်ကို ဖူးတွေ့ချင်စိတ်ကို ဟန့်တားပိတ်ဆို့နိုင်စွမ်း မရှိတော့။ သာဝတ္ထိပြည်သူတွေနှင့် ဇေတဝန်ကျောင်းတော်ဆီကို ခပ်သွက် သွက်လှမ်းဝင်မိပေတော့သည်။

* * *

ပြင်ပကကြည့်တော့ စိမ်းညို့မှိုင်းဝေနေသော ဥယျာဉ်ကိုကြည့်ပြီး သာမန်ဟုသာတွက်မိသည်။ ဇေတမင်းသားထံက အသပြာငွေ ဆယ့်ရှစ်ကုဋေပေးဝယ်သည်ဟုတော့ သဲ့သဲ့ကြားမိသည်။ ဥယျာဉ်တစ်ခုကို ဆယ့်ရှစ်ကုဋေပေးဝယ်ရအောင် ဘယ်လောက်များတန်ကြေးရှိလို့လဲ။ ဘာသီးပင်၊ စားပင်တွေရှိလို့လဲဟု ကုန်သည်ပီပီ ကုန်သည်တွက် တွက်မိသည်။ အပြင်ပန်းအမြင်က မတန်လောက်ဟုထင်ခဲ့သော ကွန္ဒပ်သည် ခမ်းနားထည်ဝါသော ဇေတဝန်ကျောင်းကြီးမြင်ရတော့ အံ့သြသွားသည်။

"ဒီကျောင်းတော်ကြီးက အနာထပိဏ်သူဌေးဆောက်လှူတာလေ"

ကွန္ဒပ်ကို ဦးဆောင်ခေါ်လာသော ပုဂ္ဂိုလ်ကြီးက ဘုံဆောင်၊ ပြာသဒ်တွေနှင့် အဆန်းတကြယ်

ဆောက်ထားသည့် ကျောင်းကြီးကို ညွှန်ပြလိုက်သည်။ သဒ္ဓါတရားထက်သန်သည့် အနာထပိဏ်သူဌေး၏ အလှူအတွက် ရင်ထဲကသာခုခေါ် လိုက်မိသည်။ တစ်ဆက်တည်းမှာပင် ကျွန်ုပ်စိတ်ထဲ၌ သည်လိုကျောင်းမျိုးကြီး ဆောက်လှူချင်စိတ်ဖြစ်သွားတော့သည်။

တရားဟောရာဓမ္မာရုံအတွင်း ကျွန်ုပ်တို့ဝင်သွားချိန်တွင် သာဝတ္ထိမြို့သား တရားနာပရိသတ် အမြောက်အမြားကိုတွေ့လိုက်ရသည်။ ကျွန်ုပ် မမှန်းဆထားသည့်အရေအတွက်ဖြစ်သည်။ အားလုံးက တစ်နေရာတည်းကို မျက်နှာမူလျက် လက်အုပ်ချီ ငြိမ်သက်စွာထိုင်နေကြသည်။ ပရိသတ်ဤမျှများပြားသော်လည်း ချေသံ၊ ဆတ်သံ၊ ခြေဆစ်လက်ဆစ်ချိုးသံ၊ ချောင်းဆိုးသံပင်မကြားရ။ ပရိသတ်ကင်းမဲ့နေသော ဓမ္မာရုံကြီးအလား ထင်ရသည်။ ဆိတ်ငြိမ်မှုက ကျွန်ုပ်ကိုခြောက်လန့်သွားစေသည်။ စိုးရွံ့သိမ်ငယ်စွာဖြင့် လူအုပ်နောက်ပိုင်းက အသာအရာဝင်ထိုင်လိုက်သည်။

ဗုဒ္ဓါသနဓမ္မပလ္လင်ထက်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေသော ဘုရားရှင်ကိုဖူးလိုက်ရသည်နှင့် ကြက်သီးမွေးညင်းထသွားသည်။ ပင်လုံးကျွတ်ပွင့်နေသော ပန်းပင်ကြီးနှယ် တင့်တယ်ကျက်သရေရှိသော ရူပကာယတော်ကို ဖူးလိုက်ရ၍ မခံစားရဖူးသော ပီတိအဟုန်ရှိသွားသည်။ ကျွန်ုပ်သည် ဘုရားရှင်ကို ရှေးအခါက မဖူးမြင်ဘူးသော်လည်း ယောကျ်ားမြတ်လက္ခဏာနှင့်ပြည့်စုံသောပုဂ္ဂိုလ်မှာ ဘုရားကလွဲ၍ အခြားမဖြစ်နိုင်ဟု အလိုလိုသိလိုက်သည်။ ကျွန်ုပ် လက်အစုံက အလိုလို နဖူးထက်တင်မိရက်သားဖြစ်သွားတော့သည်။

ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ။

ကျွန်ုပ်သည် ဘုရားရှင်၏ ရူပကာယတော်ကို မြင်လိုက်ရုံဖြင့် ဘုရားစစ်၊ ဘုရားမှန်ဖြစ်ကြောင်း စိတ်ထဲကသိလိုက်သည်။ သို့ဖြစ်၍လည်း ရင်ထဲကတီးတိုးရေရွတ်လိုက်မိသည်။

ဘုရားရှင်သည် စက္ခုကြွေကိုချထားရာမှ ပရိသတ်ကို လွှမ်းခြုံလျက် ကရုဏာမျက်လုံးဖြင့် တစ်ချက်ကြည့်လိုက်သည်။ ဝေနေယျသတ္တဝါမှန်သမျှ သားတော်ရာဟုလာနှင့် မခြားကရုဏာထားတော်မူသော ဘုရားရှင်သည် သံသရာဝဲဩဃတွင်းက ကယ်တင်လိုသော စေတနာရှိကြောင်း ကြည့်ရုံဖြင့်သိလိုက်သည်။

ကျွန်ုပ်သည် နားစည်အတွင်း တလိမ့်လိမ့်ပြေးဝင်လာသော ဘုရားရှင်၏ တရားသံကို အာရုံပြုမိသည်။ ကရဝိတ်သံ၊ ကြိုးကြာသံနှယ် ငြိမ့်ညောင်းသာယာသည့်အသံက ကျွန်ုပ်နှလုံးသားကို ဖမ်းစားထားချေပြီ။

သတ္တဝါဟူသမျှ သံသရာခရီးသည်တွေ ဖြစ်ကြသည်တဲ့။ ခရီးသည်တို့၏ ထုံးစံအတိုင်း ဟိုဘဝရောက်လိုက်၊ ဒီဘဝရောက်လိုက်၊ ဟိုဘုံရောက်လိုက်၊ ဒီဘုံရောက်လိုက်နှင့် မရပ်မနားတရစပ်ပြေးလွှားနေရသည်တဲ့။ အဝိဇ္ဇာမောဟ၊ တဏှာလောဘမကင်းသမျှ လူ့ဘဝဖြစ်လိုက်၊ နတ်ဘဝဖြစ်လိုက်၊ ဗြဟ္မာဘဝဖြစ်လိုက်၊ တိရစ္ဆာန်ဘဝဖြစ်လိုက်နှင့် သံသရာလည်ကြရသည်တဲ့။ သည်သံသရာခရီးဟာ

ဘယ်တော့၊ ဘယ်အချိန်အဆုံးသတ်မလဲ၊ သမ္မာသမ္ဗောဓိဆု၊ ပစ္စေကဗောဓိဆု၊ အဂ္ဂသာဝက၊ မဟာသာဝကဆု စသဖြင့်ပါရမီဖြည့်ကြပြီး အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရ၍ နိဗ္ဗာန်ရောက်မှသာ သံသရာအလည်ရပ်ကြမည်တဲ့။ ဒီလို သံသရာခရီးသွား သတ္တဝါများအနေနဲ့ မပင်မပန်း၊ ချမ်းချမ်းသာသာနဲ့ ခရီးသွားနိုင်အောင်၊ သံသရာခရီးကထွက်မြောက်နိုင်အောင်၊ နိဗ္ဗာန်သို့အမြန်ရောက်အောင် ကိုယ်ပိုင်ဥစ္စာ ပါရမီရိက္ခာဖြည့်ရမည်တဲ့။ ကိုယ်ပိုင်ဥစ္စာရိက္ခာပါမှ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိရှိပေမည်တဲ့။

စပါး၊ ရွှေ ငွေ ပုလဲ ပတ္တမြား၊ အဝတ်အစား၊ တိုက်တာခြံမြေ၊ ကျွန်အမှုလုပ်၊ အခိုင်းအစေတွေဟာ ကိုယ်ပိုင်ဥစ္စာမဟုတ်ဘူးတဲ့။ ဒီဥစ္စာတွေက ပစ္စုပ္ပန်ဘဝမှာသာ ပိုင်ဆိုင်ခွင့်ရှိပြီး သေရင်ယူမသွားနိုင်ဘဲ ထားရစ်ခဲ့ရတယ်တဲ့။ မိမိအတွက် အရိပ်ပမာ၊ ထက်ကြပ်မကွာလိုက်မည့် ဥစ္စာက ဒါနအမှု၊ သီလအမှုသာ ဖြစ်တယ်တဲ့။ ယခုဘဝကောင်းကျိုးလုပ်ရင် နောင်ဘဝမှာ ကောင်းရာခံစားရမည်။ မကောင်းမှုလုပ်ရင် မကောင်းကျိုးခံရမည်။ ဒါကြောင့် ကောင်းကံဖြစ်အောင် ကောင်းမှုဥစ္စာ သယ်သွားကြရပေမယ်တဲ့။

ဘုရားရှင်ဟောကြားသည်က ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံအာဒီနဝကထာ၊ နေက္ခမ္မေ အာနိသံသကထာ၊ စတုသစ္စကထာတို့ကို တစ်ဆင့်ပြီးတစ်ဆင့်ဆက်စပ်ဟောသွားသည်။

ဒါန၊ သီလအမှုပြုလျှင် လူချမ်းသာ၊ နတ်ချမ်းသာရနိုင်ကြောင်း တရားနာလိုက်ရတော့ ပုထုဇဉ်လူသားပီပီ ချမ်းသာရာကို မျှော်မှန်းမိသည်။ လက်ရှိကျွန်ုပ်တို့ ရုန်းကန်နေရသည်မှာ ချမ်းသာကြောင်းပင် မဟုတ်လော. . .။ လူ့ဘဝလူ့စည်းစိမ်အပြည့်ခံစားချင်၍ ဟိုဝေးလံသည့် သုနာပရန္တတိုင်းကပင်. . မဇ္ဈိမဒေသအထိ ကုန်သွယ်ဖို့ရောက်လာခဲ့သည်။ သည်ကပြန်သွားလျှင် ရွှေ၊ ငွေ၊ဥစ္စာတွေယူသွားမည်။ ဤပစ္စည်းများ အရင်းအနှီးလုပ်လျက် နောက်ထပ်ရွှေ၊ ငွေတိုးပွားအောင် ကြံဆောင်ဦးမည်။ စည်းစိမ်ချမ်းသာအတွက် ကျွန်ုပ်ရှာဖွေသော ဤပစ္စည်းများကို ကျွန်ုပ် ဘယ်အတိုင်းအတာထိ ပိုင်ဆိုင်မလဲ။ ကျွန်ုပ်တစ်သက်တာထက် ပိုမပိုင်ဆိုင်နိုင်။ ကျွန်ုပ်မိဘများကိုပြန်ကြည့်။ သူတို့ပိုင်ပစ္စည်းများကို ယူဆောင်မသွားနိုင်သည်မှာ အထင်အရှား။ သံသရာတွင် ချမ်းချမ်းသာသာနေနိုင်အောင် ကိုယ်ပိုင်ဥစ္စာစုဆောင်းသင့်သည်မှာ အမှန်ပင်။

ဒါန၊ သီလ၊ သဂ္ဂကထာနာရစဉ်က ဤအတွေးရှိခဲ့သော်လည်း ကာမာနံ အာဒီနဝကထာ ဟောလိုက်ချိန်တွင် စောစောက သာယာနေမှုများ ပျောက်သွားရပြန်သည်။ ကာမဂုဏ်တို့၏ အပြစ်ကိုထုတ်ပြလိုက်သဖြင့် လှမ်းလက်စခြေထောက်သည် မြွေတစ်ကောင်တွေ့သည့်နှယ် တွန့်သွားသည်။

လူ့စည်းစိမ်၊ နတ်စည်းစိမ်ဟူသည် အသားမကပ်သော အရိုးခြောက်ကို ကိုက်နေသည့်ခွေးနှင့် မခြားတူသည်ဟု မိန့်လိုက်၍ အထိတ်တလန့်ဖြစ်သွားသည်။

ဘုရားရှင် ဥပမာပေးပုံက ထင်လွယ်မြင်လွယ်ပေသည်။

အသားမကပ်သည့် အမဲရိုးတွေ့သောခွေးသည် အသားမရှိမှန်းသိ ၏။ သို့သော်ထိုအရိုးကိုပင်

တကျွတ်ကျွတ်မြည်အောင်ကိုက်နေသည်။ ကိုက်ရင်းကိုက်ရင်း ပါးစပ်ကကျသွားသော သွားရည်ကြောင့် အရိုးတွေနူးသွားစေသည်။ ဤတွင် အသားနံ့လေး စဥ်းငယ်ထွက်လာသည်။ အသားစိုင်ဖြစ်လာနိုးဖြစ်လာ နိုးဖြင့်ကိုက်ရင်း အောက်သွားတွေ ကြွေကုန်သည်။ သွားတွေနာကုန်၍ စိတ်မောကိုယ်ပန်းစွာဖြင့် ကောက်ရိုး ပုံထက်ခွေနေလိုက်သည်။ အမောပြေချိန်တွင် ထိုအရိုးနားပြန်လာပြီး တစ်ခါထပ်ကိုက်ပြန်သည်။ အရသာ ထူးမရှိသော်လည်း ထိုအရိုးကိုပင် ခုံခုံမင်မင်ကိုက်နေတတ်သောခွေးနှယ် သတ္တဝါတွေသည် ကာမဂုဏ် ကို တွယ်ဖက်နေကြသည်။ အချည်းနှီးသောဘဝကို ခုံမင်နေကြသည်။

ကျွန်ုပ်သည် ဘုရားရှင်၏တရားကို အနုလုံပဋိလုံဆင်ခြင်စဉ်းစားလိုက်သည်။ ကျွန်ုပ်တွယ်တာနေ သောဘဝ၊ ကျွန်ုပ်မက်မောနေသော စည်းစိမ်ဥစ္စာတို့၏အပြစ်ကို ထင်ထင်ရှားရှားမြင်လိုက်ရတော့သည်။

* * *

"မြတ်ဘုရား၊ တပည့်တော်ပုဏ္ဏကို သာသနာတော်ထဲဝင်ခွင့်ပြုပါ"

ကျွန်ုပ်မဟာပုဏ္ဏသည် ဘုရားရှင်တရားကို နာလိုက်ရသည်နှင့် မိမိလုပ်ရမည့်အလုပ်ကို ပြတ်ပြတ် ထင်ထင်မြင်လိုက်သည်။ သို့ဖြစ်၍ ဘုရားရှင်နှင့်သံဃာများကို နောက်နေ့၌ ဆွမ်းစားကြွဖို့ ပင့်ဖိတ်လိုက် သည်။

လှည်းစခန်းတွင် ဆွမ်းအမှုပြုပြီး တစ်ဖန်တရားနာရပြန်သည်။ ပထမအကြိမ် တရားနာစဉ်က တည်းက ကျွန်ုပ်တို့ရပ်တည်နေရသော ဘဝအပေါ် သံဝေဂဖြစ်မိသည်။ ကာမတဏှာကြောင့် ဖြစ်လာ ရသည့် ဘဝအပြစ်ကို မြင်လာသည်နှင့် ထွက်လမ်းကိုကြည့်မိသည်။ တစ်ခုတည်းသောထွက်လမ်းက ရဟန်း ခံပြီး မြတ်သောတရားကျင့်ဖို့လိုကြောင်း မြင်လာမိသည်။

ကျွန်ုပ်၏ ခွင့်ပန်မှုကိုလက်ခံလိုက်သည်နှင့် ကျွန်ုပ်သည် လှည်းသားငါးရာထံပြန်ပြေးလိုက်သည်။

"ကိုင်း. . . မိတ်ဆွေတို့၊ ကျုပ်တော့ ဒီပစ္စည်းတွေကိုစွန့်လိုက်ပြီ။ ဒီမယ်၊ ဟောဒီကျုပ်ပိုင်တဲ့ ပစ္စည်းတွေကို ခင်ဗျားတို့လဲသုံး၊ ကျုပ်ညီ စူဠပုဏ္ဏလဲပေး၊ ကျုပ်ကတော့ ဒီမဏ္ဍိုမှာ ရဟန်းပြုနေတော့မယ်"

ကျွန်ုပ်စကားကြောင့် လှည်းသားငါးရာဟာ အံ့ဩသည့်အမူအရာနှင့်ကြည့်နေသည်။ ရုတ်တရက် ဘာပြောရမှန်းသိပုံမရကြ။ ကျွန်ုပ် စိတ်သဘောထားသိနေသော လှည်းသားငါးရာသည် တောင်းပန်ခြင်း လည်းမပြု။ တားမြစ်မှုလည်းမရှိ။ စိတ်အားငယ်သည့်အသွင်နှင့် သုနာပရန္တတိုင်းကိုပြန်သွားကြတော့သည်။

ကျွန်ုပ်သည် ဘုရားရှင်ကိုကြည်ညို၍၊ ဘုရားရှင်သာသနာတော်ကို ယုံကြည်၍၊ ရဟန်းတရား မြတ်နိုး၍ ဘုရားရှင်အရိပ်ကိုခိုဝင်ခဲ့သည်။ ဘုရားရှင်လမ်းညွှန်သည့်အတိုင်း ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်ခဲ့သည်။ တစ်ယောက်တည်းကြံ့ချိုနှယ် ကျင့်ကြံခဲ့သည်။ ကိလေသာမှန်သမျှ ခန်းခြောက်စေသည့်

လို့လပြုခဲ့သည်။ သတိတရားလက်ကိုင်ထားလျက် နိဗ္ဗာန်ရောက်ကြောင်း တရားအားထုတ်ခဲ့သည်။

သို့သော်. . .

ကျွန်ုပ်နှင့်ရဟန်းတရား အလှမ်းကွာနေသလားမသိ။ အမှန်ကိုမြင်၍ အကျင့်မြတ်ကို အားထုတ်သော်လည်း တရားမမြင်နိုင်အောင်ဖြစ်နေတော့သည်။

ကျွန်ုပ်ဆင်ခြင်လိုက်သည်။ ရဟန်းတရားကျင့်သူအတွက် သပ္ပာယလေးပါးမျှဖို့လိုသည်။ ဥတုသပ္ပာယ၊ အာဝါသသပ္ပာယ၊ ပုဂ္ဂလသပ္ပာယ၊ ဘောဇနသပ္ပာယလေးပါးမမျှခြင်းသည် ကျွန်ုပ်ရဟန်းတရားမရခြင်း၏ အကြောင်းဖြစ်သည်ကို မြင်လိုက်သည်။

သပ္ပာယလေးပါးတွင် ကျွန်ုပ်အတွက် ပုဂ္ဂလသပ္ပာယလည်းပြည့်စုံသည်။ ဘုရားရှင်၏ သာသနာတော် ဝင်လာကြသောပုဂ္ဂိုလ်များသည် သူတော်စင်များသာဖြစ်သည်။ သူတော်ကောင်းတရားမွေးသူများဖြစ်သည်။ ကောင်းရာကိုသွန်သင်၊ ကောင်းရာကိုညွှန်ပြ၊ ကောင်းရာကိုလုပ်သူများဖြစ်၍ ညီညွတ်မှုရှိသည်။ ပုဂ္ဂလအနှောင့်အယှက်ကင်းသည်မှာ အမှန်ပင်။

အာဝါသသပ္ပာယအနေနှင့်လည်း ချို့တဲ့ခြင်းမရှိ။ ဇေတဝန်ကျောင်းတော်ကြီးက ကျွန်ုပ်တို့ရဟန်းများအတွက် အပြည့်စုံဆုံးသော အာဝါသပင်။ သို့ဆိုလျှင် ဘောဇနသပ္ပာယ ချို့တဲ့လေသလား။ အနာထပိဏ်လို သောတာပန်ဥပါသကာ၊ ဝိသာခါလို သောတာပန်ဥပါသိကာရှိသော ဤအရပ်တွင် ဘောဇနအတွက် ပူပင်စရာမရှိ။အဟောဝတပြည့်စုံပေသည်။

ကျွန်ုပ်၏အလုပ်ကို အနှောင့်အယှက်ပေးနေသည်က ဥတုသပ္ပာယပင်။ သုနာပရန္တတိုင်းတွင်နေခဲ့သော ကျွန်ုပ်သည် ပူလောင်ခြင်းပြင်းပြသော မဇ္ဈိမဒေသတွင် စိတ်ညစ်ညူးစရာဖြစ်နေသည်။ အပူဒဏ်နှိပ်စက်လွန်း၍ ကြာကြာမထိုင်နိုင်။ ချွေးတလုံးလုံးဖြစ်နေ၍ သမာဓိလည်းမရ။

ရဟန်းတရားအားထုတ်၍မရသော ကျွန်ုပ်သည် ဘယ်သို့ဆောင် ရွက်ရမည်ကို နည်းလမ်းရှာလိုက်သည်။

အကောင်းဆုံးနည်းက ဇာတိမြေသုနာပရန္တတိုင်းကို ပြန်ရုံကလွဲလို့ အခြားမရှိတော့။

* * *

ကျွန်ုပ်သည် သင်္ကန်းကို သေသပ်ကျနအောင် ပြင်ဆင်ဝတ်ရုံလိုက်ပြီး ဘုရားရှင် သီတင်းသုံးရာ ဂန္ဓကုဋီတိုက်သို့ ချဉ်းကပ်လိုက်သည်။

"ဘာအကြောင်းရှိလဲ အရှင်ပုဏ္ဏ"

ကျွန်ုပ် ဂန္ဓကုဋီအနားချဉ်းကပ်မိသည်နှင့် အရှင်အာနန္ဒာကိုယ်တော်ကစူးစမ်းသည်။ ဤအမူက

အလုပ်အကျွေးရဟန်း၏ တာဝန်ပေပဲလေ။ ကိုယ့်လိုအပ်ချက်လျှောက်တင်ရမှာပ။

"တပည့်တော်ဘုရားရှင်ထံက တရားတောင်းချင်လို့ပါ"

"ထူးခြားလှချည်လား ရှင်ပုဏ္ဏရဲ့"

"မှန်ပါကိုယ်တော်. . . ဒီမဇ္ဈိမဟာ တပည့်တော်နဲ့ဥတုသပ္ပာယမမျှလို့ သုနာပရန္တကိုပြန်လိုပါတယ်။ ဒါကြောင့် ဘုရားရှင်ထံက အဆုံးအမခံယူချင်ပါတယ်"

"အာနန္ဒာ. . . ပုဏ္ဏကို ငါဘုရားထံခေါ်ရစ်ခဲ့ပါ"

ကျွန်ုပ်နှင့် အရှင်အာနန္ဒာ အမေးအဖြေပြုနေသည်ကို ကြားပုံရသော ဘုရားရှင်က မိန့်လိုက်သည်။ အခွင့်ထူးရပြီမှန်းသိလိုက်၍ မိမိကိုယ်ကို သေသပ်အောင် တစ်ကြိမ်ပြန်ပြင်လိုက်သည်။ ကိုယ်ကိုယို့၊ လက်အုပ်ချီလျက် ဂန္ဓကုဋီအတွင်း လှမ်းဝင်လိုက်သည်။

"ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူတဲ့မြတ်ဘုရား. . . တပည့်တော်ကျင့်ကြံအားထုတ်ဖို့ တရားအကျဉ်းဟောတော်မူပါ"

ကျွန်ုပ်သည် ဘုရားရှင်ရှေ့ မှောက်ရောက်သည်နှင့် ကျို့ကျို့ယို့ ယို့ထိုင်လိုက်သည်။ လက်အုပ်ချီမိုးကန်တော့လိုက်သည်။ ကျွန်ုပ်လာရင်းအကြောင်းကို သိနေသောဘုရားရှင်အား လိုရင်းအချက်သာလျှောက်လိုက်သည်။

"ချစ်သားပုဏ္ဏ၊ သင့်လိုအပ်ချက် ပြည့်စုံအောင်လျှောက်ပါဦး"

"မှန်ပါမြတ်ဘုရား၊ တပည့်တော်ပုဏ္ဏဟာ မြတ်ဘုရားတရားနာယူပြီး ကြံ့ချိန့်ယ် တစ်ပါးတည်းအားထုတ်လိုပါတယ်။ ဒါကြောင့် ဆိတ်ငြိမ်ရာအရပ်ကိုချဉ်းကပ်ချင်ပါတယ်။ မှန်ပါဘုရား။ အဲဒီလိုချဉ်းကပ်ပြီးရင် ကိလေသာသူပုန်ရန်ကို မထကြွနိုင်အောင် ဝီရိယတရား လက်ကိုင်ထားပါမယ်။ သတိတရားနဲ့လဲ ယှဉ်တွဲနေပါမယ်။ ပြီးတော့ ပညာတရားအသုံးချကာ နိဗ္ဗာန်ရောက်ရာရောက်ကြောင်းလုံ့လပြုချင်ပါတယ်"

"သာဓု ပုဏ္ဏ၊ သာဓု. . . သာဓု၊ ချစ်သားပုဏ္ဏ သတိထားပြီးမှတ်သားပါ။ ငါဘုရားဟာ နိဗ္ဗာန်ရောက်ကြောင်း ကျင့်ကြံသူမှန်သမျှ ချီးမြှောက်လေ့ရှိတယ်။ အမှန်လမ်းကိုလဲ ပြဩန်လေ့ရှိတယ်။ ချစ်သားပုဏ္ဏ စက္ခုဝိညာဉ်လို့ခေါ်တဲ့ မြင်သိစိတ်ဖြင့် သိအပ်သော ရူပါရုံရှိ၏။ တပ်မက်ဖွယ်ကောင်းတဲ့ အဆင်းရူပါရုံကို တဏှာရာဂနဲ့ နှစ်သက်ခဲ့ရင် တဏှာလောဘဖြစ်တတ်ပေတယ်။ ဒါဆိုရင် ဒုက္ခဖြစ်ရောပဲ။ ချစ်သားပုဏ္ဏ အဲဒီနှစ်သက်စွဲမက်စရာ ကောင်းတဲ့ရုပ်ဟာ မမြဲတရားလို့ မှတ်။ ရုပ်ဟာ အနိစ္စလို့မှတ်တာနဲ့ နှစ်သက်ခြင်း၊ စွဲမက်ခြင်းဖြစ်မလာနိုင်ဘူး။ ဒါဆိုရင်ဒုက္ခဖြစ်စရာ အကြောင်းလဲမရှိတော့ဘူး. . ."

ဘုရားရှင်ထံက တရားအကျဉ်းတောင်းလိုက်ရာ တစ်ချက်တည်းနှင့်ပင် သစ္စာလေးပါးတရားမြင်အောင် ဟောလိုက်သည်။ ဝေနေယျသတ္တဝါတို့ကို သံသရာက လွတ်ရာလွတ်ကြောင်း ဟောဖော်ဆုံးမရာ

တွင် နည်းပရိယာယ် အကုန်အစင်သိသော မြတ်ဘုရားကို စိတ်ထဲက ချီးကျူးလိုက်မိသည်။ အလိုလိုလည်း ဦးညွှတ်မိရက်သား ဖြစ်သွားတော့သည်။

* * *

"ချစ်သား. . . ငါဘုရားရဲ့ တရားနာကြားပြီးတော့ ဘယ်အရပ်သွား အားထုတ်နေမလို့လဲ"

ကျွန်ုပ်ဦးညွှတ်ရာက ခေါင်းအထူလိုက်တွင် မြတ်ဘုရားကမေးလိုက်တော့သည်။ သည်အမေးကြားလိုက်တော့ ကျွန်ုပ် ရင်ထဲပီတိဖြစ်လိုက်သည်မှာ အလွန့်အလွန်ပင်။

မှန်ရာကိုဝန်ခံရလျှင် ကျွန်ုပ်လို သာမန်ပုထုဇဉ်ရဟန်းတစ်ပါးကို ဘုရားရှင်က ဂရုပြုလိမ့်မည် မထင်မိ။ ရဟန်းအထောင်အသောင်းရှိသော သာသနာတော်တွင် အညတရ ရဟန်းတစ်ပါးလျော့နည်းသွားခြင်းအတွက် ပိုးနံ့သာကောင် ခြေတစ်ဖက်ပြုတ်သည်နှင့်သာတူသည်။ အကြောင်းထူးမရှိနိုင်။ သို့သော် ဘုရားရှင်ကမူ ဤသို့သော အသေးအမွှားကိစ္စကိုပင် အလေးဂရုပြုချေသည်။

"ဘုန်းတော်ကြီးသော မြတ်ဘုရား၊ တပည့်တော် သုနာပရန္တတိုင်းမှာ ဝိပဿနာတရားအားထုတ်ပါမယ်"

ကျွန်ုပ်၏ခြသေ့်ဟောက်သကဲ့သို့ သီဟနာဒစကားကြားလိုက်သည်နှင့် ကရုဏာသက်သော အကြည့်နှင့် တစ်ချက်ကြည့်သည်။

"ချစ်သား၊ ဤသုနာပရန္တတိုင်းသားတို့ဟာ ကြမ်းတမ်းကြတယ်။ ရုန့်ရင်းကြတယ်။ သင့်အတွက် သပ္ပာယဖြစ်ပါ့မလား. . . "

ဘုရားရှင်က ကျွန်ုပ်အတွက် ကြောင့်ကြဟန်တူပေသည်။ အမှန်ဆိုရလျှင် ထိုအချိန်က သုနာပရန္တတိုင်းတွင် ဘုရားသာသနာမရောက်သေး၊ တရားဓမ္မမသိသေး။ သုနာပရန္တတိုင်းသားတို့သည် သူတော်ကောင်း စိတ်မမွေးကြသေးပေ။ သာသနာတော်အတွင်းရောက်နေသော ကျွန်ုပ်တို့ကို မြင်လျှင် ရိုသေကိုင်းညွတ်ရမှန်းသိမည်မဟုတ်။ ရဟန်းဟု အသိအမှတ်ပြုမည်လည်းမဟုတ်။ ဖန်ရည်ဆိုးအဝတ်ကို ဝတ်ရုံထားသော ကျွန်ုပ်သွင်ပြင်ကိုကြည့်ပြီး အံ့သြကြမည်။ ထူးဆန်းကြမည်။ အသွင်မတူ၍ အရိုင်းအစိုင်းဟု ထင်ကောင်းထင်မည်။ ကျရောက်နိုင်သည့် အန္တရာယ်မြင်၍ ဘုရားရှင်က သတိပေးခြင်းဖြစ်ပေသည်။

"မှန်ပါမြတ်ဘုရား၊ သာသနာမထွန်းကား၍ စိတ်ထားရိုင်းပျနေသူတွေကို သူတော်ကောင်းတရားထုံမွှေ့အောင် သွန်သင်ချင်ပါတယ်"

"ကောင်းပါဘိ ရှင်ပုဏ္ဏ။ ဒါပေမယ့် သုနာပရန္တတိုင်းသားတွေက ဝိုင်းဆဲကြမယ်၊ ခြိမ်းခြောက်ကြ

မယ်ဆိုရင် သင်ဘယ်ပုံလုပ်မလဲ”

“မြတ်ဘုရား၊ သူတို့တစ်တွေ ဆဲရေးချင် ဆဲရေးပါလိမ့်မယ်။ ဒါပေမယ့် သူတို့တစ်တွေလက်နဲ့မပုတ်ခတ်ကြတော့ တော်ပါပေတယ်။ လိမ္မာကြပါတယ်လို့ တပည့်တော် သဘောပိုက်ပါမယ်. . . ”

ကျွန်ုပ်အဖြေကြားလိုက်သော ဘုရားရှင်သည် နှစ်ခြိုက်သောအပြုံးတစ်ချက် ပိရိစွာပြုံးလိုက်သည်။ ကောင်းပါဘိရှင်ပုဏ္ဏဟူသော အကြည့်နှင့် တစ်ချက်ကြည့်လိုက်သည်။

“ချစ်သား ပုဏ္ဏ။ တကယ်လို့များ သုနာပရန္တတိုင်းသားတွေက ကိုယ်ထိလက်ရောက်စော်ကားလာရင်ရော ဘယ်လိုသဘောထားမလဲ”

“မှန်ပါမြတ်ဘုရား။ သုနပရန္တ တိုင်းသားတွေ တော်ပါပေတယ်။ လိမ္မာရေးခြားရှိပါပေတယ်။ အလွန့်အလွန် စိတ်နှလုံးကောင်းကြပေတယ်။ သူတို့ဟာ လက်နဲ့သာပုတ်ခတ်ကြတယ်၊ ခဲနဲ့မပစ်တာ တကယ်တော်ပါတယ်လို့သဘောထားပါမယ်”

“တကယ်လို့ခဲနဲ့ပစ်ရင်ကော”

“မှန်ပါ တုတ်နဲ့မရိုက်သေးတော့ တော်ပါပေတယ်လို့ နှလုံးပိုက်ပါမယ်”

“တကယ်လို့များ တုတ်နဲ့ရိုက်ရင်ကော”

“ဓားနဲ့မခုတ်သေးတာ တော်သေးတယ်။ လိမ္မာကြပါပေတယ်လို့ သဘောထားပါမယ်’

“ ချစ်သားပုဏ္ဏ၊ ဓားနဲ့ခုတ်ရင်ကော”

“မှန်လှပါ၊ သုနာပရန္တတိုင်းသားတွေ လိမ္မာတယ်လို့ပဲ တပည့်တော် မြင်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ဓားနဲ့ခုတ်ရုံသာခုတ်ပြီး တပည့်တော်ကို မသတ်ကြတော့ လိမ္မာတယ်လို့မြင်ရမှာပါ”

“ချစ်သားပုဏ္ဏ၊ တကယ်လို့များ အဲဒီတိုင်းသားတွေက သင့်ကိုသတ်ခဲ့ရင်ရော”

ဘုရားရှင်က အဆုံးစွန်သော အခြေအနေကိုကြုံခဲ့ရင် ဘယ်ပုံရင်ဆိုင်မည်။ ဘယ်သို့စိတ်ထားမည်ကို သိလိုဟန်တူပေသည်။ ကျွန်ုပ်သည် သာသနာတော်အပေါ် သဒ္ဓါယုံကြည်စိတ်ဖြင့် ရဟန်းပြုလာခဲ့ရာ သေခြင်းတရားကို အမှန်ကြောက်၍ဖြစ်သည်။ ဘဝများစွာဖြစ်ခြင်း၊ ပျက်ခြင်းနှင့်ရှောင်ကွင်းမရသည့် သံသရာခရီးသည်ဖြစ်၍ သေခြင်းတရားဆုံရသည်မှာ ဓမ္မတာဖြစ် သည်။ ရှောင်လွှဲမရသော ဤသေခြင်းကို အဆုံးသတ်ချင်သည်။ သေခြင်းကင်းသောနိဗ္ဗာန်ကို မျက်မှောက်ပြုချင်သည်။ သို့ဖြစ်၍ သေခြင်းတရားကို အဖန်ဖန်သိနားလည်ရန် အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့သည်။ အသက်ထင်ရှားရှိစဉ်ပင် မိမိတို့၏ ဤခန္ဓာကိုယ်ကို သုသာန်တစ်စ သင်္ချိုင်းဝက အသုဘကောင်ကြီးကဲ့သို့ ရှုရှာစက်ဆုပ်ခဲ့သည်။ တွေးလေတွေးလေ သံဝေဂရစရာတွေ ပေါ်ပေါ်လာသည်။

ကျွန်ုပ်သည် ခန္ဓာ့ဝန်ထမ်းရခြင်းကို စက်ဆုပ်၍ ရဟန်းတရားအား ထုတ်နေရာ တရားမရနိုင်ဘဲ ဖြစ်နေသည်။ သုနာပရန္တတိုင်းသွားခဲ့လျှင် ရဟန်းတရားအားထုတ်နိုင်မည်ဟု ထင်ခဲ့သည်။

ကျွန်ုပ်မတွေးမိ၊ မထင်မိ၊ မမြင်မိသောအကြောင်းကို ဘုရားရှင်က သတိပြုမိသဖြင့် အမေးရှိလာသည်။

"ဘုန်းတော်ကြီးသောမြတ်ဘုရား၊ သာသနာတော်မှာ တရားအားထုတ်ရင်း ငြီးငွေ့လို့ ကိုယ့်လည်ပင်းကို ဓားနဲ့လှီးခဲ့တဲ့ အရှင်ဝက္ကလိမထေရ်၊ ဂေါဓိကမထေရ်၊ ဆန္နမထေရ်တို့ရှိဖူးပါတယ်။ ခန္ဓာ့ဝန်မထမ်းချင်လို့ ပြုမှားမိတာပါ။ သုနာပရန္တတိုင်းသားတွေက တပည့်တော်ကို ဓားနဲ့ခုတ်သတ်မယ်ဆိုရင်ကျေနပ်စရာပါဘုရား။ ဘာဖြစ်လို့လဲဆိုတော့ ရွံ့ရှာစက်ဆုပ်ဖို့ကောင်းတဲ့ ဒီခန္ဓာကိုယ်ကို လှီးဖြတ်ဖို့တပည့်တော် ဓားမရှာရတော့ပါ။ သုနာပရန္တတိုင်းသားတွေ ကျေးဇူးကြောင့် ဒီကိစ္စပြီးငြိမ်းရမှာမို့ လိမ္မာကြပါပေတယ်လို့ တပည့်တော်သဘောထားပါမယ် . . . "

"သာဓု . . ချစ်သားပုဏ္ဏ။ သာဓု ကောင်းပေစွ၊ သာဓုကောင်းပေစွ"

"မိမိစိတ်ကိုဆုံးမပြီး ခန္တီတရား၊ အဒေါသတရားလက်ကိုင်ထားနိုင်ရင် သင်ဟာ သုနာပရန္တတိုင်းမှာသာသနာပြုဖို့အစွမ်းရှိပေပြီ။ သွားချိန်ကြရင် ကိုယ့်အထာကိုယ်သိပေပြီ"

ဘုရားရှင်က ကျေကျေနပ်နပ်ခွင့်ပြုလိုက်သဖြင့် စိတ်လက်ရွှင်လန်းသွားသည်။ ဘုရားရှင်အားကန်တော့ပြီး ဂန္ဓကုဋီတိုက်ကဆင်းခဲ့သည်။ အတူလိုက်လာသော ရှင်အာနန္ဒာကိုလက်အုပ်ချီလျက် နှုတ်ဆက်လိုက်သည်။

ကျွန်ုပ်ရှင်ပုဏ္ဏသည် ဆောင်ယူဖွယ်ရာဖြစ်သော သပိတ်သင်္ကန်းကိုပြင်ဆင်ပြီး သီတင်းသုံးဖော်ရဟန်းတို့ကို နှုတ်ဆက်လိုက်သည်။ ရက်မျှားစွာအတူသီတင်းသုံးခဲ့သောရဟန်းများက ဇေတဝန်ကျောင်းပေါက်ထိ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ ကျွန်ုပ်သည် ဇေတဝန်ကျောင်းတော်ကြီးဆီကို နောက်ဆုံးကြည့်ပြီး ဘုရားရှင်ရှိရာကို ဦးတိုက်လိုက်သည်။ ထို့နောက်ကျွန်ုပ်တစ်ပါးတည်း သုနာပရန္တတိုင်းဆီ ရှေးရှုထွက်ခဲ့ပေတော့သည်။ ။

**ကျမ်းကိုး-**

**သီတဂူအရှင်ဉာဏိဿရ၏ ပုဏ္ဏောဝါဒသုတ္တန်တရားတော်အား မှီးပါသည်။**



# ဝဋ္ဋိတိုင်းသားတဲ့ဟော့

မိမိကိုယ်ကို ဝဋ္ဋိတိုင်းသားလို့ ခံယူရတာ ကျွန်ုပ်တို့ ဂုဏ်ယူတယ်။

မဇ္ဈိမမှာ တိုင်းကြီးဆယ့်ခြောက်တိုင်းရှိတယ်။ ကာသိနဲ့ကောသလ တိုင်းနှစ်တိုင်းပေါင်း အုပ်ချုပ်တဲ့ ပသေနဒီကောသလ၊ အင်္ဂနဲ့ မဂဓကို ပေါင်းအုပ်ချုပ်တဲ့ ဘုရင်ဗိမ္ဗိသာရ။ ဒီပုဂ္ဂိုလ်တွေက အများလေးစားခဲ့ရတယ်။ မလ္လနဲ့အဝန္တိကတိုင်းသားတွေဟာလည်း အထိုက်အလျောက် အရှိန်အဝါ ရှိကြတယ်။ ကျန်တိုင်းသားတွေက သူလိုကိုယ်လိုပဲဆိုတော့ မှုစရာမလိုပါဘူး။

ပြောရရင် ဘုရင်ပသေနဒီကောသလနဲ့ ဘုရင်ဗိမ္ဗိသာရဟာ အင်အားကောင်းတဲ့ ပဒေသရာဇ်မင်းပီပီ နယ်ချဲ့ချင်တဲ့စိတ်၊ အနိုင်ယူချင်တဲ့စိတ်၊ အင်အားအသုံးပြုပြီး ဗိုလ်ကျချင်တဲ့စိတ်တွေ ရှိကြတယ်။ ဒီတော့ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ရှိတဲ့ ကျွန်ုပ်တို့နဲ့ ထိပ်တိုက်ရင်ဆိုင်ရတာပဲ။

ဘာပဲပြောပြော ကျွန်ုပ်တို့ဟာ အမျိုးမာန်ရှိသူတွေ။

ဒီစိတ်ဓာတ်ကိန်းအောင်းအောင်လည်း ကျွန်ုပ်တို့ ဘိုးဘွား၊ ဘီဘင်တွေက သွန်သင်ကြတယ်၊ ဟော့. . . တို့က လိစ္ဆဝီတွေကွ၊ မျိုးရိုးစဉ်လာအရ သွေးရဲသူတွေဟော့၊ ဘယ်သူရှေ့မှ ဒူးမထောက်ဘူး။ ဘယ်သူ့ထံမှ လက်မဖြောက်ဘူး။ အဲဒါ လိစ္ဆဝီပဲလို့ ပြောတတ်ကြတယ်။

**နောက် အဘိုးကြီးအတ္တဒတ္တပြောတဲ့ ဝေသာလီတည်ပုံလည်း ကျွန်ုပ်တို့ရင်ထဲမှာ စွဲနေတယ်။ အတ္တဒတ္တဟာ ကျွန်ုပ်တို့လိစ္ဆဝီတွေရဲ့ နာယက၊ ဂဏအဖွဲ့အစည်းရဲ့ သမ္မတ။ သူဟာ သမာဓိရှိတယ်။ တည်ကြည်တယ်။ တော်တိမှန်ကန်တဲ့အယူ ရှိတယ်။ ချင့်ချိန်တိုင်းထွာနိုင်တဲ့ ဉာဏ်ပညာ ရှိတယ်။ ဒါကြောင့် ကျွန်ုပ်တို့ လိစ္ဆဝီတိုင်းက အဘိုးကြီးကို ရိုသေတယ်။ အလေးအနက် ထားတယ်။**

အဘိုးကြီးပြောပြတဲ့ ဝေသာလီဟာ လွမ်းမောစရာလိုလို၊ တမ်းတစရာလိုလို ရှိပါပေတယ်။

အဘိုးကြီးက ပုံပြင်သမားတို့ ပြောလေ့ပြောထရှိတဲ့ စကားအတိုင်း ဗာရာဏသီပြည်မှာ ဗြဟ္မတ်မင်းကြီးစိုးစံစဉ်ကလို့ အစချီတယ်။ အဲဒီမင်းကြီးရဲ့ မိဖုရားခေါင်မှာ ပဋိသန္ဓေစွဲပြီး ဆယ်လမြောက်တော့ မွေးသတဲ့။ အဲ. . . မွေးဖွားတာဟာ သမားရိုးကျ မဟုတ်ဘူးနော်. . . သားလေးဖြစ်ဖြစ်၊ သမီးလေးပဲဖြစ်ဖြစ် ဖွားရိုးဖွားစဉ်ဆိုရင် မထူးဆန်းဘူးပေါ့။ မိဖုရားကြီးဖွားတာက ခေါင်ရန်းပန်းကဲ့သို့ ခြင်းခြင်းနီနေတဲ့ သားတစ် တစ်စိုင်ဆိုပဲ။ ဒီလိုလည်းဖြစ်ရော မိဖုရားကြီး ထိတ်လန့်စိုးရိမ်သွားတယ်။ ဒီအကြောင်းသာမင်းကြီးသိသွားရင် အရှက်ဒေါသဖြစ်ပြီး အရာကျမှာ စိုးရိမ်သွားတယ်။ ဒီတော့ အဲဒီသားတစ် တစ်စိုင်ကိုမြေအိုးထဲထည့်၊ မင်းမျိုးမင်းနွယ်မှန်းသိအောင် မင်းဝတ်လက်စွပ်ကိုပါထည့်ပြီး ဂင်္ဂါမြစ်ထဲ မျှောလိုက်သတဲ့။

အင်း. . . အကြောင်းဆက်ချင်တော့ အဲဒီမြစ်ရဲ့ အကြေအရပ်မှာ ရသေ့တစ်ပါးဟာ တောရပ်မှီသီတင်းသုံးနေသတဲ့။ အထက်အညာက မျှောပါလာတဲ့ အိုးလေးတွေ့တော့ ထူးသဟဲ့ဆိုပြီး ဆယ်ယူလိုက်တယ်။ ဒီတော့ အံ့ဩစရာ အခြင်းအရာတွေ့ပြီး စဉ်းစားသတဲ့။

"အင်း. . . ဒီသားတစ်ဟာ အနံ့လဲမထွက်၊ မပုပ်လဲမပုပ်၊ ဥတုဇရုပ်ဖြစ်နေတာပဲ။ ရှေးရှေးက ကြမ္မာကြောင့် မပွင့်သေးတာ ဖြစ်မယ်"

ဒီလိုတွေးပြီး သန့်စင်တဲ့နေရာမှာ သိမ်းထားတယ်။ လခွဲကြာတော့ အဲဒီသားတစ်ဟာ အသားနှစ်စိုင် ဖြစ်လာတယ်။ နောက်လခွဲကြာတော့ သားတစ်က ဦးခေါင်း၊ ခြေ၊ လက် ပေါ်လာတယ်။ နောက်လခွဲကြာတော့ ရုပ်ဆင်းရူပကာ ချောမောတဲ့ သားပျို့နဲ့ သမီးပျိုလေး ဖြစ်လာသတဲ့။

အဘိုးကြီးပြောတဲ့ ဇာတ်လမ်းက စိတ်ဝင်စားစရာ ဘယ်လောက်ကောင်းလဲ။ မဖြစ်စဖူး ထူးကဲဆန်းကြယ်တဲ့ အဖြစ်ဆိုတော့ ကျွန်ုပ်တို့ စိတ်ဝင်စားတာ အမှန်ပဲ။

ဆိုပါတော့။ အဲဒီ ကလေးနှစ်ယောက်ကို နို့ချိုတိုက်ပြီး ရသေ့ကြီးက မွေးခဲ့တယ်။ ဒီသူငယ်နဲ့ ဒီသူငယ်မအဆင်းက ဘယ်လောက်များ ထူးခြားလည်းဆိုရင် သူတို့ကိုယ်မှာ အရေလွှာမရှိသလို ဝမ်းထဲဝင်သမျှ အတိုင်းသားမြင်နေရတယ်တဲ့။ ဒါကိုအစွဲပြုပြီး လိစ္ဆဝီလို့ အမည်တွင်သတဲ့။

ကိုင်း. . . လိစ္ဆဝီမျိုးနွယ်ဖြစ်ရတာ ဒီတစ်ချက်နဲ့တင် ဂုဏ်ယူစရာမကောင်းဘူးလား။ ထားဦး. . . ။ ဆက်ပြောဦးမယ်။

ကလေးနှစ်ယောက်ကို မွေးရတဲ့ရသေ့ဟာ သံယောဇဉ်ကြောင့် သောကဗျာပါဒ များရတယ်။ တရားအလုပ်တောင် ကောင်းကောင်း မလုပ်နိုင်တော့ဘူး။ ဒါကိုမြင်တဲ့ ရွာသားတွေက "အရှင်. . . သားမွေးရတာ ကြောင့်ကြကြီးပါပေတယ်။ ရဟန်းတရားသာ အားထုတ်ပါ။ ဒီကလေးတွေကြီးပြင်းအောင် ကျွန်ုပ်တို့ စောင့်ရှောက်ပေးပါမယ်"လို့ တောင်းဆိုသတဲ့။

ဒီတော့ ရသေ့က-

"သင့်ပေတယ်။ သင်တို့ ဂရုစိုက် စောင့်ရှောက်ပါ။ သည်ကလေးတွေဟာ ဘုန်းရှင်၊ ကံရှင်တွေ ဖြစ်တယ်။ အရွယ်ရောက်ရင် သင်တို့မောင်နှမကို ထိမ်းမြားပေးလိုက်။ ပြီးတော့ မင်းကြီးဆီက မြေတောင်း၊ မြို့ရွာတည်၊ ဘိသိက်သွန်းပြီး မင်းပြုပါစေ။ ကောင်းကျိုးပြုပါလိမ့်မယ်" လို့ ကြိုတင်နိမိတ်ဖတ်သတဲ့။

ဆိုပါတော့. . .။ ရွာသားတွေဟာ ကလေးတွေကို စောင့်ရှောက်လာတာ အရွယ်ရလာတယ်။ ရပ်ထဲရွာထဲမှာ ကစားဖော်တွေနဲ့ ကစားရင် ခိုက်ရန်ဒေါသဖြစ်လေ့ရှိတယ်။ အဲဒီလိုဖြစ်တိုင်း ခြေမြန်လက်မြန်ပြုတတ်တော့ ကလေးတွေဟာ ငိုရတာချည်းပဲ။ ဒီလို ငိုပြန်လာတဲ့ သားသမီးတွေကို မြင်ရတဲ့ မိဘတွေက "သင်းတို့ မောင်နှမ မိတဆိုး၊ ဖတဆိုးဖြစ်ပေမယ့် လက်ရဲဇက်ရဲ ညှဉ်းဆဲတတ်တယ်။ အရိုင်းအစိုင်းတွေ၊ သင်းတို့ကို အပေါင်းအသင်းမလုပ်နဲ့။ ဝေးဝေးနေကြလို့ ဆုံးမတတ်တယ်။ ဒီစကား၊ ဒီသညာကိုစွဲပြီး ကျွန်ုပ်တို့နေရပ်ကို ဝဇ္ဇီတိုင်းလို့ခေါ်သတဲ့။

အဟက်. . . ဘယ်သူတွေက ဘယ်လိုရှုတ်ချရှုတ်ချ၊ အပြစ်တင်တင် ကျွန်ုပ်တို့ကတော့ ဒီအမည်ရတာ ဂုဏ်ယူတယ်။ ဟုတ်တယ်လေ. . . တစ်ဖက်သားနဲ့ ရင်ဆိုင်ရင် လက်မြန်ခြေမြန် အနိုင်ယူတတ်တဲ့ အကျင့်ဟာ အရှုံးပေးပြီး ငိုရှိုက်ပြန်လာတာနဲ့စာရင် မကောင်းဘူးလား။ ဒါမှလည်း ဝဇ္ဇီတိုင်းသားဟေ့ဆိုရင် အားလုံးက လန့်ဖျားသွားမယ်လေ. . .။

* * *

အဘိုးကြီးအတ္ထဒတ္ထ ပြောပြတဲ့ပုံပြင်ဟာ တကယ်တမ်း ဟုတ်ချင်လည်းဟုတ်မယ်။ မဟုတ်ချင်လည်းမဟုတ်ဘူး။ ဒါပေမယ့် အမှန်အကန် တစ်ခုတော့ရှိတယ်။ ဘာလည်းဆိုတော့ ကျွန်ုပ်တို့မိဘတွေဟာ ဝဇ္ဇီတိုင်းသား စိတ်ဓာတ်ရှိအောင် ငယ်ငယ်ကတည်းက လေ့ကျင့်ပေးခဲ့တယ်။

ကျွန်ုပ်တို့ကို ဖွားပြီဆိုကတည်းက လူကြီးတွေ ပထမဆုံးလေ့လာတာ ယောကျ်ားလား. . . မိန်းမလေးလား. . . အဲဒါ ပထမပဲ။

မိန်းကလေးဆိုရင် ရုပ်ချောမှု ရှိမရှိ၊ လှပပြေပြစ်မှု ရှိမရှိ။ နောက်တစ်ဆင့်ကြည့်တယ်။ လိစ္ဆဝီပြည်သူဟာ ချောရမယ်။ ဇမ္ဗူမှာတစ်လူလို့ ပြောလောက်အောင် ဖြစ်နေရမယ်။ အဲဒီလိုဖြစ်မှ လိစ္ဆဝီလို့ သတ်မှတ်ချင်တယ်။ အင်း. . . မဇ္ဈိမတစ်လွှားမှာ အချောအလှတို့ စံထားရတဲ့ အမ္ဗပါလီဆိုတာ ရှိနေတော့ ဖြစ်နိုင်ရင် မိန်းကလေးတိုင်း အမ္ဗပါလီလို ထင်ရှားစေချင်တယ်။

အဲ. . . ကျွန်ုပ်တို့ ယောကျ်ားသားတွေကတော့ ချောဖို့၊ လှဖို့ထက် ကြံ့ခိုင်သန်မာဖို့၊ ယောကျ်ားပီသဖို့ သူရသတ္တိရှိဖို့ လိုလားကြတယ်။ ဟုတ်တယ်လေ. . . ယောကျ်ားသားမှန်ရင် ဝဇ္ဇီရဲ့ စစ်သားကောင်း

ဖြစ်ရမယ် မဟုတ်လား။ နိုင်ငံကာကွယ်ဖို့ တာဝန်ယူရမယ် မဟုတ်လား။ ပျော့တိပျော့ပျောင်း၊ နွဲ့တိ နွဲ့နှောင်းယောကျာ်းက ဘယ်လိုလုပ် အားကိုးရမလဲ။

ဒီနေရာမှာ လိစ္ဆဝီမိဘတိုင်းမှာ တူညီတဲ့အချက် ရှိတယ်။ သားယောကျာ်းလေး မွေးလာရင် အနာဂတ်တိုင်းပြည်ကာကွယ်ဖို့ ကြံ့ခိုင်သန်စွမ်းအောင် ပြုစုပျိုးထောင်ပေးတယ်။ ကျွန်ုပ်တို့ မတ်တတ်ရပ်စဘဝပျိုးကတည်းက ဒီအလေ့အကျင့် လုပ်ပေးတယ်။ တခြားတိုင်းသားတွေက ကိုယ့်သားသမီးကို ခြေထောက်စမ်းရင်း "ရပ်နိုင်ပြီ. . . ရပ်နိုင်ပြီ"လို့ လက်ခုပ်တီးအားပေးတယ်။ ကျွန်ုပ်တို့ အမေတွေက သည်လို မပြောဘူး။ "ရပ်. . . ရပ်ထား. . . တောင့်ထား. . . ရင်ကော့ . . . လက်ဆန့်" လို့ အမိန့်သံနဲ့ အားပေး ကြတယ်။ အမိန့်သံနဲ့ အားပါပါ ခိုင်းတတ်တယ်။ ငယ်ငယ်ကတည်းက အမိန့်သံနာခံလာရတဲ့ ကျွန်ုပ်တို့ ဟာ ဒီအသံမျိုးပဲ ကြားချင်တယ်။ နားဝင်ချိုတယ်။

နောက်ပြီး ကျွန်ုပ်တို့ သွားသွားလာလာ၊ လှုပ်လှုပ်ရှားရှား လုပ်နိုင်ပြီဆိုရင် ခွန်အားသုံးတဲ့ အလုပ်တွေခိုင်းတယ်။ ကစားရင်တောင် ပျော့ပျောင်းတဲ့ကစားနည်းများ မကစားရဘူး။ ကျွန်ုပ်တို့ မိဘတွေက ငယ်ရွယ်စဉ်ကတည်းက နပန်းသတ်ခိုင်းတယ်။ လက်ဝှေ့ထိုးခိုင်းတယ်။ တုတ်၊ ဓားလက်နက်နဲ့ ယှဉ်ပါးအောင် ကျင့်ခိုင်းတယ်။

နပန်းသတ်ရာမှာလည်း အစတော့ ရွယ်တူ၊ တန်းတူ၊ ဒေါက်တူချင်းလုံး ခိုင်းတယ်။ တစ်ယောက်ကိုတစ်ယောက် ပြိုလဲသည်အထိ နပန်းသတ်တာမျိုးကို သိပ်သဘောကျတယ်။ ရှုံးလို့ငိုရင် "မင်း. . . လိစ္ဆဝီမဟုတ်ဘူးလား. . . အရှုံးပေးခြင်းနဲ့ ငိုရှိုက်ခြင်းဟာ လိစ္ဆဝီတွေရဲ့ နီတိကျမ်းမှာ မရှိဘူး။ ချက်ချင်း အငိုတိတ်" လို့ ဆုံးမတတ်တယ်။ အဲဒီလို ရွယ်တူချင်း သတ်ဖြတ်ပြီးရင် ကိုယ့်ထက် ခွန်အားဗလကြီးသူကို ခံသတ်ခိုင်းတယ်။ ခွန်အားမမျှလို့ မသတ်ဝံ့ဝံ့၊ သတ်ဝံ့ဝံ့အမူအရာမျိုးပြရင် သိပ်စိတ်ဆိုးတယ်။ "လိစ္ဆဝီဟာ ဘယ်လိုလူမျိုးမှ မကြောက်ရဘူး။ အားသာသူကို အနိုင်ယူတဲ့ နည်းပရိယာယ်တို့ လိစ္ဆဝီမှာ ရှိတယ်။ အဲဒီ အတတ်ရအောင်သင်၊ နိုင်အောင်လုပ်"လို့ အမိန့်ပေးတယ်။

ကျွန်ုပ်တို့ မိဘတွေက အဲလို လူစားမျိုးတွေ။ ဒီတော့ သတ်ရပုတ်ရတာ ဝါသနာပါနေတာ ဆန်းသလား။ အနိုင်မခံ အရှုံးမပေးစိတ်မွေးတာ ထူးသလား. . . . တစ်ဖက်သားနဲ့ ရဲရဲဝံ့ဝံ့ နောက်မတွန့်တဲ့ ခြင်္သေ့စိတ်မွေးတာ ဆန်းသလား။

ကျွန်ုပ်တို့ မိဘတွေ ပြောလေ့ပြောထရှိတဲ့ စကားတစ်ရပ်ရှိတယ်။

"မင်းတို့ကို သူရဲကောင်း သားသမီးထင်လို့ အမေတို့နို့ကို တိုက်တာ. . . သူရဲဘောကြောင်သူဟာ အမေတို့နို့နဲ့ မတန်ဘူး။ ဒီတော့ အမေနို့ဂုဏ်သိက္ခာကို ထောက်ရမယ်" တဲ့။

ကျွန်ုပ်တို့ ဆယ့်သုံးလေးနှစ်သားရောက်တော့ လိစ္ဆဝီမင်းသား မဟာလိထံ သွားရတယ်။

မဟာလိမင်းသားက ကျွန်ုပ်တို့ လိစ္ဆဝီတွေရဲ့ ဒိသာပါမောက္ခပဲ။ မင်းသားကိုယ်တိုင် တက္ကသီလာမှာ ပညာသင်ခဲ့တယ်။ အဋ္ဌာရသ ဆယ့်ရှစ်ရပ် ကုန်စင်အောင်တတ်ပြီး ဝေသာလီပြန်ရောက်တော့ ဂဏလွှတ်တော်ရှေ့မှာ သူ့အစွမ်းကိုပြတယ်။ ဓားရေး၊ လှံရေး၊ လေးအတတ်တွေကို ပြတာပေါ့။ သူတတ်ထားတဲ့ ပညာကုန်ကိုပြရင်း မင်းသားမျက်လုံး ကွယ်သွားတယ်။ ဒုက္ခိတဖြစ်သွားပေမယ့် မင်းသားပညာကို မလေးမစား မလုပ်ဝံ့ဘူး။

သူ့ရဲ့ အတတ်ဟာ သာမန်ပညာရပ်မဟုတ်မှန်း သိသွားတဲ့ဂဏလွှတ်တော်က အဖိုးတစ်သိန်းထွက်တဲ့တံခါးကို အပိုင်စားပေးတယ်။ အဲဒီတံခါးမှာ အိမ်ဆောက်ပေးပြီး တင့်တင့်တယ်တယ် ထားတယ်။ လိစ္ဆဝီတွေရဲ့ ချစ်စရာကောင်းတဲ့ဓလေ့ဟာ အဲဒါပဲ။ သူရဲကောင်းတစ်ဦး အတိဒုက္ခရောက်သွားရင် နွားအိုဘေးမဲ့ပေးသလို ပစ်မထားဘူး။ ချီးမြှောက်သင့်တာထက် ပိုမြှောက်စားတယ်။

မဟာလိရဲ့တာဝန်က ကျွန်ုပ်တို့ကို အတတ်သင်ပေးဖို့ပဲ။ သူတတ်ထားတဲ့ အဋ္ဌာရသ ဆယ့်ရှစ်ရပ်ကို ဖြန့်ဖြူးခြင်းဖြင့် လိစ္ဆဝီသူရဲကောင်းတွေ မွေးထုတ်ပေးဖို့က သူ့တာဝန်ပဲ။

ဆရာ အရှင်မဟာလိက တာဝန်ကျေပါတယ်။ မျက်မမြင်ဒုက္ခိတ ဖြစ်နေပေမယ့် သူ့ကိုယ်ပွားလိစ္ဆဝီသားတွေကို မွေးပေးနိုင်တယ်။ ဒါကြောင့် လိစ္ဆဝီမှာ သူရဲကောင်းမရှားဘူး။ စမ်းရေအိုင်လို အမြဲရေပြည့်နေတယ်။

ဆရာ မဟာလိ ဆုံးမတဲ့ စကားတစ်ခုရှိတယ်။

"ပြည်သူပြည်သားတွေဟာ ဒီဂဏအုပ်ချုပ်ရေးအတွက် ဘာမဆို အသာတကြည်စွန့်လွှတ်နိုင်ရမယ်။ ဝေသာလီဂဏနိုင်ငံရဲ့ အောင်မြင်မှုဟာ ပြည်သူပြည်သားတွေရဲ့ အကျင့်စရိုက်ပေါ်မှာ မူတည်နေတယ်။ စည်းလုံးမှုပေါ်မှာ ရပ်တည်နေတယ်။ ပြည်သူတွေ ညီညွတ်နေသမျှ ဘယ်ရန်ကိုမှ ကြောက်ရွံ့စရာမလိုဘူး။ ဒါကြောင့် စည်းလုံးကြ၊ ညီညွတ်ကြ"

*  *  *

ကျွန်ုပ်တို့ လိစ္ဆဝီလူမျိုးဖြစ်ရလို့ ဂုဏ်ယူတာဟာ ညီညွတ်တဲ့ ဂဏအုပ်ချုပ်ရေးကြောင့်ပဲ။

ဇမ္ဗူဒိတ်ကျွန်းအလုံးကိုကြည့်။ ကျွန်ုပ်တို့ ဝဇ္ဇီတိုင်းလို စနစ်ကျတဲ့၊ လွတ်လပ်တဲ့ အုပ်ချုပ်ရေးစနစ်ဘယ်မှာမှ မရှိဘူး။

ကျွန်ုပ်တို့ ဝဇ္ဇီတိုင်း၊ ဝေသာလီမြို့မှာ ခုနစ်ထောင်၊ ခုနစ်ရာ၊ ခုနစ်ဦးသော ရာဇာတွေရှိတယ်။ သူတို့ဟာ ပြည်သူတွေရဲ့ ကိုယ်စားလှယ်ပဲ။ တစ်နည်းပြောရရင် အုပ်ချုပ်သူမင်းပဲ။ ဒီပုဂ္ဂိုလ်တွေဟာ

ဂဏ အုပ်ချုပ်ရေးကို ထိန်းချုပ်ထားတယ်။ သူတို့ဟာ တစ်ယောက်ထက်တစ်ယောက် နိမ့်ကျမှုလည်း မရှိဘူး။ မြင့်တဲ့သဘောလည်း မရှိဘူး။ အားလုံးအညီအညွတ် စည်းဝေးတယ်။ အညီအညွတ်တိုင်ပင်တယ်။ ဆုံး ဖြတ်တယ်။

သူတို့ဟာ တစ်ဦးကိုတစ်ဦး ဆန့်ကျင်မှုလည်း မရှိဘူး။ ဖယ်ရှားမှုလည်း မရှိဘူး။ ဒီပုဂ္ဂိုလ်တွေဟာ ဝေသာလီတိုင်းပြည်သားတိုင်းကို လေးစားတယ်။ ဂုဏ်တင်လေ့ရှိတယ်။ နှုတ်ရေးကျွမ်းသူက နှုတ်မှုအလုပ်လုပ်တယ်။ လက်ရေးကျွမ်းသူက လက်မှုအလုပ်လုပ်တယ်။ ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်တာကလွဲပြီး ဘယ်ကသာတယ်၊ ဘယ်သူက မြတ်တယ်ဆိုတဲ့ အမြင်မရှိကြဘူး။

ဝေသာလီမှာ ရာဇာခုနစ်ထောင်ကျော်ရှိတယ်။ အဲဒီထဲက တစ်ယောက်ကိုရွေးပြီး နာယကတင်တယ်။ အလှည့်ကျထမ်းရွက်ရတဲ့ ဒီနာယကတာဝန်ဟာ အလုပ်ပိုများ၊ တာဝန်ပိုကြီးတာကလွဲလို့ ကျန်တဲ့ ရာဇာတွေနဲ့ ဂုဏ်ဒြပ်မခြားနားဘူး။

ဂဏအုပ်ချုပ်ရေးယန္တရားတွင်းက နိုင်ငံရပ်ခြားနဲ့ ဆက်သွယ်ဖို့ အဖွဲ့တစ်ဖွဲ့ ရွေးထားတယ်။ လိစ္ဆဝီမင်းသားကိုးဦးပါတဲ့ အဖွဲ့ပဲ။ ဂဏအုပ်ချုပ်ရေးမှာ "အဋ္ဌကုလသဘာ"ခေါ်တဲ့ အဖွဲ့တစ်ခု ရှိသေးတယ်။ အဲဒီအဖွဲ့ဟာ တရားရေးအတွက် အမြင့်ဆုံးအဖွဲ့ပဲ။ ဒီတရားရေးအဖွဲ့ ဆုံးဖြတ်ရင် အတည်ဖြစ်ပြီ။

ဂဏလွှတ်တော်မှာ အဖွဲ့ဝင်တွေဟာ သဘောထားကွဲလွဲမှု၊ ဆန္ဒမတူညီမှုမျိုးကြုံရတတ်တယ်။ ဒီလိုကြုံရင် သူမှန်တယ်။ ငါမှန်တယ်လို့ အငြင်းပွားကြတယ်။ တစ်ဖက်နဲ့တစ်ဖက် အထောက်အထား၊ အကိုးအကားတွေနဲ့ ငြင်းခုံတတ်ကြတယ်။ ရှေးအစဉ်အလာ နီတိအကိုးအကားနဲ့တင်သူတင်သလို၊ ပစ္စုပ္ပန်အခြေအနေ၊ ဘဝနဲ့ ဟပ်စပ်တင်ပြကြတယ်။ အငြင်းအခုံပြင်းထန်ပေမယ့် အများဆန္ဒအရ ဆုံးဖြတ်အတည်ပြုပြီးရင် ယင်းဆုံးဖြတ်ချက်ကို ကန့်ကွက်ခြင်း၊ ဆန့်ကျင်ခြင်း မပြုကြဘူး။ ဒါဟာ ဂဏအုပ်ချုပ်ရေးရဲ့ ချစ်စရာကောင်းတဲ့ အလေ့အထပဲ။

ကျွန်ုပ်တို့ ဝဇ္ဇီတိုင်းသားဖြစ်ရလို့ ဂုဏ်ယူတာ အဲဒီအချက်က အဓိကပဲ။ ဒီစနစ်ဟာ ဘယ်တိုင်းဘယ်ဌာနမှာမှ မရှိဘူး။

* * *

ကျွန်ုပ်တို့ လိစ္ဆဝီတွေဟာ ငယ်ငယ်ကတည်းက လေ့ကျင့်ပျိုးထောင်ထားတော့ ကျန်းမာရေးချို့တဲ့သူ မရှိသလောက်ရှားတယ်။ လိစ္ဆဝီတစ်ရာမှာ ရှစ်ဆယ်ဟာ အားကောင်းမောင်းသန်၊ အရပ်ထွားထွားကျိုင်းကျိုင်း၊ ကိုယ်နေကိုယ်ဟန် ပြေပြစ်သူတွေချည်းပဲ။ ကျန်တဲ့နှစ်ဆယ်က အရွယ်မရောက်သေးသူနဲ့ အဘိုးအိုများပဲ ဖြစ်တယ်။

ကျွန်ုပ်တို့ ဘိုးဘွား၊ မိဘတွေ၊ ဆရာသမားတွေက အထပ်ထပ် ကြပ်မတ်သွန်သင်ထားတော့ စစ်ကိုအမြဲတောင့်တတယ်။ ရန်သူကို ရင်ဆိုင်ဖို့ ဝန်မလေးဘူး။ ဂဏာလွှတ်တော်က စစ်ချီတံပိုးခရာသံ ထွက်လာရင် အားလုံးလက်နက်ကိုင်ထွက်လာရမှ ကျေနပ်တယ်။ စစ်ဘေးကင်းတဲ့အချိန်တောင် ကျွန်ုပ်တို့ အအားမနေတတ်ဘူး။ တောလည်ပြီး သားကောင်ကိုပစ်ခတ်ရမှ ကျေနပ်တယ်။ ဒါကြောင့် ကျွန်ုပ်တို့ ဓားတွေဟာ သွေးမစွန်းတဲ့ရက်ကို မရှိဘူး။ သွေးဟာ ကျွန်ုပ်တို့ အနှစ်သက်ဆုံးအရောင်။ စစ်မြေပြင်ဟာ ကျွန်ုပ်တို့အကြည့်ချင်ဆုံး ပန်းချီကား။ ရန်သူကို ချေမှုန်းခြင်းဟာ ကျွန်ုပ်တို့ အမက်မောဆုံးအလုပ်လို့ ပြောရင် ရပါတယ်။

ကျွန်ုပ်တို့ လိစ္ဆဝီတွေ အမြတ်နိုးဆုံးမှာ လွတ်လပ်မှု ဖြစ်တယ်။ ကျွန်ုပ်တို့ကို ချုပ်ချယ်တာ၊ လွှမ်းမိုးတာ၊ နိုင်ထက်ကလူပြုတာ မုန်းတယ်။ လွတ်လပ်မှုကို မြတ်နိုးတာနဲ့အမျှ ကျွန်ုပ်တို့ဟာ အပျော်အပါးနဲ့ ကာမဂုဏ်ခံစားမှုကိုလည်း နှစ်ခြိုက်တယ်။ ဒါကြောင့် စစ်အေးတဲ့အချိန်မှာ ပွဲလမ်းသဘင်၊ အလောင်းအစား၊ ကစားခုန်စားနဲ့သာ ပျော်မွေ့နေတတ်တယ်။

ဒီဝါသနာ၊ ဒီအမူအကျင့်၊ ဒီစရိုက်ရှိလို့ ကျွန်ုပ်တို့ဟာ စည်းကမ်းမဲ့တဲ့လူမျိုးလို့တော့ မထင်ပါနဲ့။ ကျွန်ုပ်တို့ဟာ ဘဝကို ပိုင်းခြားတတ်တယ်။ အချိန်ကို ဇယားနဲ့ချ အသုံးပြုတတ်တယ်။ စနက်ကျခြင်းဟာ ကျွန်ုပ်တို့ လိစ္ဆဝီတွေရဲ့ ဂုဏ်သိက္ခာပါ။

* * *

မဇ္ဈိမဒေသမှာ တိုင်းကြီးဆယ်ခြောက်တိုင်းရှိတဲ့အနက် ကျွန်ုပ်တို့နဲ့ မလ္လသာ ညီညွတ်တဲ့ အုပ်ချုပ်ရေးရှိတယ်။ ကျန်တိုင်းတွေက ပဒေသရာဇ် ဧကရာဇ်အုပ်ချုပ်ရေး ရှိနေတယ်။ ဒီတော့ ပဒေသရာဇ်တို့ရဲ့ ဉာဉ်ဆိုးအတိုင်း နယ်ချဲ့ဝါဒကို အသုံးချ ချင်ကြတယ်။ မဂဓဟာ တိုင်းကြီးပြည်ကြီးတစ်ခု။ ကျွန်ုပ်တို့ ဝဇ္ဇီနဲ့စာရင် ကျွဲလူးအိုင်နဲ့ မဟာသမုဒ္ဒရာလို့ အကျယ်အဝန်း ကွာတယ်။ မဂဓဘုရင်ဗိမ္ဗိသာရဟာ လက်နက်စွမ်းအား၊ လူစွမ်းအားအသုံးချပြီး အင်္ဂတိုင်းကို ကျူးကျော်သိမ်းပိုက်ခဲ့တယ်။

ကောသလတိုင်းဟာလည်း မဂဓနည်းတူ တိုင်းကြီးပဲ။ မဟာကောသလမင်းကြီးဟာ ကာသိကို ကျူးကျော်သိမ်းပိုက်ပြီး နယ်ချင်းပေါင်းစပ်လိုက်တယ်။ မိမိရဲ့တန်ခိုး အရှိန်အဝါကို ပြချင်လို့ နယ်ချဲ့ပေမယ့် အဲဒီကျွန်ပြုခံရတဲ့လူတွေက ကျေနပ်လား၊ နှစ်ခြိုက်လား၊ လက်ခံလား ထည့်မတွက်ဘူး။ အဆိုးဆုံးကတော့ ခွဲခြမ်းစိတ်ဖြာပစ်တတ်တယ်။ ကောသလမင်းကြီးရဲ့ သမီးတော်ဝေဒေဟီနဲ့ မဂဓပြည့်ရှင် ဗိမ္ဗိသာရ လက်ထပ်တော့ ကာသိကို လက်ဖွဲ့ခဲ့တယ်။ တိုင်းပြည်ကို လက်လွှဲလက်ပြောင်း လုပ်ချင်သလိုလုပ်တယ်။ သက်မဲ့ပစ္စည်းကို ပေးပစ်သလို လုပ်တတ်တာ ပဒေသရာဇ်တွေရဲ့ အကျင့်ပဲ။

မဂဓပြည့်ရှင် ဘုရင်ဗိမ္ဗိသာရဟာ အဆာကျယ်တဲ့ မင်းတစ်ပါးပဲ။ သူ့မှာ မာဂဓရှိနေပြီ။ အင်္ဂရှိနေပြီ။ ဟော. . . ကာသိပါ ရနေပါပြီ။ ဒါမကျေနပ်နိုင်သေးဘူး။ ကျွန်ုပ်တို့ ဝဇ္ဇီဘက် မျက်စောင်းထိုးလာတယ်။

မဂဓဘုရင် ဘယ်ခြေလှမ်းရင် ဘယ်စခန်းမြန်းချင်လို့ဆိုတာ ကျွန်ုပ်တို့ မသိဘဲ နေမလား။

သိုးသားစားချင်တဲ့ ခြသေ့်ဟာ အပြစ်မရှိ အပြစ်ရှာတတ်သလို မဂဓဘုရင်က အပြစ်ရှာတယ်။

နံနက်လင်းရင် စစ်တလင်းမှာ ဗျူဟာကျင်းတာ ကျွန်ုပ်တို့အလုပ်။ ဓားရေး၊ လှံရေးပြတာ ကျွန်ုပ်တို့အလုပ်။ ရန်သူနဲ့ယှဉ်ပြိုင်တိုက်ရင် ဘယ်လိုခုခံမယ်။ ဘယ်ပုံထိုးခုတ်ရမယ်။ ဘယ်နည်းဆုတ်ခွာရမယ်ဆိုတဲ့ စစ်နည်းဗျူဟာကျင့်တာ ကျွန်ုပ်တို့အလုပ်။ ဒီလိုလေ့ကျင့်တာကိုပဲ ရန်စဖို့ စစ်ပြင်တယ်ဆိုပြီး မဂဓတွေ ချီလာတယ်။

ပတ်ဝန်းကျင်ကမြင်ရင် ကြည့်ကောင်းအောင်၊ ကြားရင် နားဝင်ချိုအောင် စကားသုံးပေမယ့် မဂဓဘုရင် ဘာရည်ရွယ်မှန်း ကျွန်ုပ်တို့သိတယ်။ ဒီတော့ ဒိုင်း၊ လှံ၊ လေး၊ မြားကိုင်ပြီး နယ်စပ်စည်းရိုးပေါ်က အသက်စွန့်ခုခံပစ်လိုက်တယ်။ မဂဓစစ်သားတွေဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်တဲ့ ကျွန်ုပ်တို့ လိစ္ဆဝီတွေရဲ့ ဓားသွားအောက်မှာ အသက်ပေးသွားရတယ်။ နောက်ဆုံးတော့ အလောင်းတွေထားရစ်ပြီး မဂဓကို ရှက်ဖွယ်လိလိ ဆုတ်သွားရတယ်လေ. . .။

နှစ်ပေါင်းတစ်ရာ့ငါးဆယ်လုံးလုံး ဂဏအုပ်ချုပ်ရေးရဲ့အောက်မှ စည်းစည်းလုံးလုံးရပ်တည်နေခဲ့တဲ့ ကျွန်ုပ်တို့ လိစ္ဆဝီတွေကို မဂဓတိုင်းသားတွေ အခဲမကျေတာဟာ ကျွန်ုပ်တို့သိတယ်။ အတွင်းကျိတ်ကြံနေတာလည်း ကျွန်ုပ်တို့ရိပ်စားမိတယ်။

မဂဓဘုရင် ဗိမ္ဗိသာရ နတ်ရွာစံပြီး စစ်လိုလားတဲ့ အဇာတသတ်နန်းတက်လာတော့ ကျွန်ုပ်တို့အပေါ် ရန်ငြိုး ပိုထားလာတယ်။

အဲဒီအချိန်မှာ နှစ်နိုင်ငံနယ်နိမိတ်ပြဿနာ ပေါ်လာပြန်တယ်။

ဒီလိုပါ. . .။

ဂင်္ဂါမြစ်ရဲ့တောင်ဘက်ကမ်းမှာ ပါဋလိဆိုတဲ့ ရွာတစ်ရွာရှိတယ်။ ဒီရွာဟာ အဇာတသတ်မင်းပိုင်မြေရဲ့ မြောက်ဘက်အစွန်ဆုံးလည်း ဖြစ်တယ်။ ပါဋလိရွာရဲ့ ယူဇနာတစ်ဝက်ကို ကျွန်ုပ်တို့ လိစ္ဆဝီတွေကပိုင်ပြီး တစ်ဝက်ကိုတော့ မဂဓတွေက ပိုင်ပါတယ်။

မြစ်ကမ်းမှာရှိတဲ့ ဒီ ပါဋလိရဲ့ ထူးခြားချက်ကတော့ တောင်ကျချောင်းရေလာရင် အဖိုးမဖြတ်နိုင်တဲ့ ကျောက်မျက်တွေ ပါလာလေ့ရှိတယ်။ အဲဒီကျောက်မျက်တွေကို မင်းဘဏ္ဍာအဖြစ် ရွာလူကြီးက သိမ်းတယ်။ နှစ်ဖက်တိုင်းပြည်က မင်းမှုထမ်းတွေရင် အပ်နှံတယ်။ အညီအမျှ ခွဲဝေယူစေတယ်။ ဒါရွာလူကြီးအလုပ်ပါ။ ဒါပေမယ့် နေရာတကာမှာ လက်ဦးလေ့ရှိတဲ့ ကျွန်ုပ်တို့ လိစ္ဆဝီတွေဟာ အဲဒီကျောက်မျက်

တွေကို အကုန်ယူတတ်ပါတယ်။ ဒါတစ်ဖက်သားကို ရန်စတာ မဟုတ်ပါဘူး။ ကျွန်ုပ်တို့ ပိုင်ဆိုင်ခွင့်ရှိတယ်လို့ ယူဆလို့ လုပ်တာပဲ။ ဒါကို မဂဓဘုရင် အဇာတသတ်က ဒေါသူပုန်ထပြီး သူရဲ့ အခေါပဏီတပ်ကြီးနဲ့ ချီလာတယ်။ သူ့သဘောက မဂဓစစ်တပ်ကြီးနဲ့ ကျွန်ုပ်တို့ ဝဇ္ဇီတိုင်းကို မှုန့်မှုန့်ညက်ညက် ကျေအောင် ချေမှုန်းပစ်မယ်ပေါ့လေ. . . ။

အဟက်. . . ရယ်စရာတော့ ကောင်းသားဗျ။ အင်အားနဲ့ခြိမ်းခြောက်ရင် ကျွန်ုပ်တို့ လိစ္ဆဝီတွေ ကြောက်လိမ့်မယ်၊ ဒူးထောက်အညံ့ခံလိမ့်မယ်လို့ အဇာတသတ်ထင်ပုံရတယ်။ သူ့ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးလက်ထက်ကတည်းက နိုင်အောင်မတိုက်နိုင်တာ သင်းကျမှ နိုင်မတဲ့လား. . . ။

ဆင်းတပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်တွေ အလုံးအရင်းနဲ့ ချီလာတဲ့မဂဓတွေ ဂင်္ဂါမြစ်ကူးတာနဲ့ ကျွန်ုပ်တို့ တစ်ဟုန်ထိုး ဝင်တိုက်လိုက်တယ်။ ဓားချင်းထိခိုက်သံ၊ ဒိုင်းချင်းရိုက်ခတ်သံတွေဟာ ဂင်္ဂါလွင်ပြင်တစ်ခုလုံး ဖုံးအုပ်သွားတယ်။ လူလုံးကြီးနဲ့ဖိဖိပြီး နင်းခြေဖို့ ကြိုးစားတဲ့မဂဓတွေဟာ ကျွန်ုပ်တို့ ဓားသွားအောက်မှာ လည်ပြတ်ကုန်ကြတာပါပဲ။

အရှုံးနဲ့အဆုံးသတ်သွားတဲ့ မဂဓစစ်သည်တော်တွေဟာ ပြည်တော်ပြန်မလှ၊ မျက်နှာမပြဝံ့အောင် ရှိသွားပေမယ့် ကျွန်ုပ်တို့ လိစ္ဆဝီတွေကတော့ အောင်ပွဲခံတဲ့စည်သံ၊ စောင်းသံတွေနဲ့ ကလို့၊ ခုန်လို့၊ ပျော်မြူးလို့လေ။

*　　　*　　　*

စစ်ရှုံးတဲ့ မဂဓတိုင်းသားတွေ လက်လျှော့ အရှုံးပေးသွားလိမ့်မယ်လို့ ကျွန်ုပ်တို့ ဘယ်တုန်းကမှ မမျှော်လင့်ဘူး။

အဇာတသတ်ဟာ မင်းပျိုမင်းလွင်။ ထက်မြက်တယ်။ တက်ကြွတယ်။ ရဲရင့်ဖျတ်လတ်တယ်။ စိတ်လိုက်မာန်ပါလုပ်တတ်တယ်ဆိုတာ ကျွန်ုပ်တို့ သိထားတယ်။ ဒီအရည်အချင်းတွေဟာ စစ်ပွဲတစ်ပွဲရဲ့ အောင်နိုင်ရေးအတွက် လိုအပ်ချက်တစ်ရပ် ဖြစ်တာတော့ မှန်တယ်။ ဒါပေမယ့် ရာနှုန်းပြည့် မပြည့်စုံသေးဘူး။

ကျွန်ုပ်တို့ အလေးဂရုထားရမှာက သူ့ရဲ့နန်းရေးဝန်ကြီး ဝဿကာရပဲ။

ဝဿကာရက ကျွန်ုပ်တို့ အလေးထားရမယ့် ပုဂ္ဂိုလ်တစ်ယောက်ဆိုတာ ဘယ်တော့မှ မမေ့ဘူး။

ဝဿကာရဟာ မြော်မြင်ဉာဏ်ရှိတယ်။ စူးစမ်းဆင်ခြင်တတ်တယ်။ နိုင်ငံရေး ပရိယာယ် ရှိတယ်။ ကြောက်စရာအကောင်းဆုံးက သူ့ရဲ့ ကောက်ကျစ်စဉ်းလဲမှုပဲ။

ကျွန်ုပ်တို့ အထောက်တော်တွေရဲ့ သတင်းပို့ချက်အရ ဝဿကာရအမတ်ကြီးဟာ ဘုရားရှင်

ကို ချဉ်းကပ်သတဲ့။ ဒါဟာ ထူးခြားတဲ့အ ပြုအမူပဲ။ သူဟာ အယူသီးတဲ့ ဗြဟ္မဏတစ်ဦး။ ဒီပုဂ္ဂိုလ်က ဘုရားရှင်အပါးချဉ်းကပ်တယ်ဆိုတာ သာမန်ကိစ္စ မဟုတ်မှန်း ရိပ်မိပါတယ်။

"မဂဓဘုရင်မင်းကြီး စေလွှတ်လိုက်တဲ့အတွက် တပည့်တော်ဖူးတွေ့ဖို့ လာခဲ့ပါတယ်။ ဒီအခွင့် အရေးကို စောင့်မျှော်နေတာ ကြာပါပြီ။ အရှင်ဘုရားကို ဖူးချင်လွန်းလို့ လာတာပါဘုရား"

ဝဿကာရဟာ မမှန်ကန်တဲ့ စကားသုံးပြီး အလိုက်သင့်လျှောက်လိုက်တယ်။ ဒီအခါ အပါးမှာ ရှိနေတဲ့ ရှင်အာနန္ဒက "လာရင်းကိစ္စလျှောက်ပါ။ မင်းကြီးက ဘာကိစ္စ စေလွှတ်သလဲ" ဟု ကြားဝင်မိန့် လိုက်တယ်။

"မှန်ပါ မြတ်ဘုရား၊ မဂဓဘုရင်ကြီးဟာ ဝေသာလီဂဏနိုင်ငံကို ကြိမ်ဖန်များစွာ အားထုတ်ပေမယ့် မအောင်မြင်ပါဘူး။ ဘယ်အစွမ်းက ဒီဂဏနိုင်ငံကို မနိုင်အောင် ဖန်တီးနေတာပါလဲ အရှင်ဘုရား"

အင်မတန်စင်ကြယ်သော၊ လွန်စွာရိုးသားသော နှလုံးသားရှိတဲ့ဗုဒ္ဓကို ပရိယာယ်နှင့်မေးလျှောက် တာပါ။ ဘုရားရှင်ဘို့မည်သည် မှန်ကန်တဲ့ စကားဆိုလေ့ရှိသော်လည်း တစ်ပါးသူ အကျိုးယုတ်စေတဲ့ စကား ရှောင်ရှားတတ်တာ ဓမ္မတာပါပဲ။ ဝဿကာရအမေးကို သွယ်ဝိုက်ဖြေပုံနဲ့ အာနန္ဒာကို ဦးတည် မိန့်ပါတယ်။

"ချစ်သား အာနန္ဒာ၊ ဝဇ္ဇီတိုင်းသားတွေဟာ စည်းဝေးတိုင်ပင်လေ့ ရှိသလား. . . ညီညွှန်းပြီးမှ အမှု လုပ်လေ့ ရှိလား။ သင် ဘယ်လိုကြားလဲ"

"တပည့်တော် ဒီအတိုင်းကြားပါတယ်"

"ချစ်သားအာနန္ဒာ. . . ဝဇ္ဇီတွေဟာ စိတ်တူသဘောတူ စည်းဝေးကြ၊ ညီညွှန်းကြ၊ စည်းကမ်း ဥပဒေ အတိုင်း နည်းလမ်းတကျလုပ်နေသမျှ ပျက်စီးခြင်းမမြင်။ တိုးတက်နေပေလိမ့်မယ်"

ဗုဒ္ဓ၏မိန့်ကြားချက် ကြားလိုက်ရတဲ့ ဝဿကာရဟာ ရတနာသိုက်ဖွင့်နိုင်တဲ့ အဖိုးတန် သော့ရလိုက် သလို ကြည်နူးသွားတယ်။ သူ့ဦးနှောက်ထဲမှာလည်း အလင်းရောင်တစ်ခု လက်ခနဲပြေးဝင်သလို ရှိသွားပါ တယ်။

"ချစ်သား အာနန္ဒာ၊ ဝဇ္ဇီတွေဟာ သတ်မှတ်ထားတဲ့ ဥပဒေ၊ စည်းကမ်းကို မထေမဲ့မြင် မပြုဘူး။ ရှေးထုံးအစဉ်အလာ မဖောက်ဖျက်ဘူးလို့ သင်ကြားဖူးလား"

"မှန်ပါ မကြားဖူးပါ ဘုရား"

"ချစ်သား ဒီအပြုအမူရှိနေရင် ဝဇ္ဇီတွေဟာ တိုးတက်နေမှာအမှန်ပဲ"

"ချစ်သားအာနန္ဒာ၊ ဝဇ္ဇီတွေဟာ ဆရာသမားတွေရဲ့ ဆုံးမစကားနားထောင်ကြတယ်။ ဆရာကို ပူဇော်ကြတယ်လို့ ကြားဖူးလား"

"ဒီအတိုင်း အမှန်ကြားမိပါ ဘုရား. . . "

"ချစ်သား ဒီအပြုအမူရှိသမျှ ဝဇ္ဇီတွေဟာ ကြီးပွားနေမှာ သေချာတယ်။ ချစ်သားအာနန္ဒာ၊ ဝဇ္ဇီ တွေဟာ မိန်းမသားတွေကို စော်ကားမော်ကား မလုပ်ဖူးလို့ရော ကြားဖူးလား"

"မှန်ပါ. . . ဝဇ္ဇီတွေဟာ အကျင့်စာရိတ္တ မြင့်မြတ်ကြပါတယ်။ မိန်းမသားတွေကို အမိလို၊ နှမသားချင်းလို တန်ဖိုးထားတာကြောင့် စော်ကားမှု မရှိပါဘူးဘုရား"

"ချစ်သား. . . ဝဇ္ဇီတိုင်းသားတွေဟာ ဒီကျင့်ဝတ် လိုက်နာနေသမျှ ကြီးပွားတိုးတက်လိမ့်မယ်။ သူတို့ကို ဘယ်သူမှ အနိုင်တိုက်နိုင်လိမ့်မယ် မဟုတ်ဘူး"

"ချစ်သားအာနန္ဒာ။ ဝဇ္ဇီတွေဟာ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ မိမိနိုင်ငံကို ပြင်ပက ရဟန္တာ အရှင်မြတ်တို့ကြွလာရင် စိတ်ချမ်းသာအောင် ဖန်တီးတယ်။ ပူဇော်သက္ကာပြုတယ်လို့ သင်ကြားဖူးပါသလား. . . "

"မှန်ပါ. . . တပည့်တော် ကြားဖူးပါတယ် မြတ်ဘုရား"

"ချစ်သား ဝဇ္ဇီတွေဟာ ဒီအစဉ်အလာကို ထိန်းသိမ်းသမျှ ကြီးပွားလိမ့်မယ်။ သူတို့ကို ဘယ်သူမှ အနိုင်တိုက်လို့ မရနိုင်ဘူး"

နိုင်ငံရေးပရိယာယ်ကြွယ်ဝတဲ့ အမတ်ကြီး ဝဿကာရဟာ ကြီးပွားရာ ကြီးပွားကြောင်းတရားကို ကြားလိုက်ရတာနဲ့ ဝဇ္ဇီတို့ရဲ့ ဆုတ်ယုတ်နိုင်မှု လမ်းစမြင်လိုက်လို့ ကြည်နူးသွားတယ်။ ရှေ့ဇာတ်လမ်း ဘယ်ပုံခင်းရမယ်ဆိုတာ တွေးနေမိတယ်။

ထိုအချိန်မှာ ဘုရားရှင်က "ပြဟ္မဏအမတ်ကြီး" ဟု ခေါ်လိုက်၍ တုန်လှုပ်သလို ဖြစ်သွားတယ်။

"အမတ်ကြီး ငါဘုရားဟာ တစ်ခါက ဝေသာလီမှာ သီတင်းသုံးခဲ့တယ်။ အဲဒီတုန်းက ဇ္ဇီတိုင်းသားတွေကို အပရိဟာနိယဓမ္မတရား ခုနစ်ပါးကို ဟောပြောခဲ့တယ်။ ဝဇ္ဇီတိုင်းသားတွေဟာ ငါ ညွှန်ပြတဲ့ တရားခုနစ်ပါးလိုက်နာနေသမျှ ကြီးပွားမယ်။ သူ့တို့ကို အကျိုးမဲ့အောင် ဘယ်သူမှ လုပ်နိုင်မှာ မဟုတ်ဘူး. . အမတ်ကြီး"

ကျွန်ုပ်တို့ အထောက်တော်မတွေထဲက ဝဿကာရရဲ့ ခြေပုန်းခုတ်ပုံ၊ ဘုရားရှင်က အပရိဟာနိယ တရား ခုနစ်ပါးဟောပုံကြားလိုက်ရတော့ လက်သီးလက်မောင်းတန်းမိတယ်။ မြတ်ဘုရား မိန့်ကြားချက်ဟာ ဘယ်နည်းနှင့်မှ မမှားနိုင်ဘူး။ ကျွန်ုပ်တို့ ဝဇ္ဇီတိုင်းသားတွေ စည်းရုံးနေသမျှ၊ ညီညွတ်နေသမျှ၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်ခင်မြတ်နိုးနေသမျှ ပြည်ပရန်ကို စိုးရိမ်စရာ မရှိဘူး။ ကျွန်ုပ်တို့အားဟာ ကျွန်ုပ်တို့ ဝဇ္ဇီပြည်တွင်းမှာပဲ ရှိတယ်မဟုတ်လား။

ကျွန်ုပ်တို့ဟာ လွတ်လပ်တဲ့ ဂဏလွှတ်တော်ကို တက်ရောက်ပြီး ညီညွတ်သွေးစည်းရေးတရားကို ကျယ်ကျယ်ပြန့်ပြန့် ပြောမိတယ်။ ကျွန်ုပ်စကားအဆုံးမှာတော့ ဂဏလွှတ်တော်က တက်လာတဲ့ ရာဇာခုနစ်ထောင်ကျော်က အားမာန်ပါတဲ့ ကြွေးကြော်သံနဲ့ ဟစ်ကြွေးလိုက်ပါတယ်။

"ဝဇ္ဇီတိုင်းသားတဲ့. . . ဟေ့"။ ။

ကျမ်းကိုး

-ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဇိနတ္ထပကာသနီ။

-မဟာပရိနိဗ္ဗာသုတ်တို့ကို မှီးပါသည်။

# ဗုဒ္ဓစာဥယျာဉ်



မောင်ဆန္ဒ (လယ်ဝေး)